# ဝိပဿနာရှုပုံတော်

ဟိတေဝသီနုလ

ဝင်းမော်ကွန်း
စာပေဖြန့်ချိရေး

အမှတ် (၅၀၁) ကုန်သည်လမ်း ရန်ကုန်မြို့

ပထမ အကြိမ်

၁၉၇၈ ခု၊ ဇန္နဝါရီလ

အုပ်ရေ ၂၀၀၀

အဖုံးရိုက် စာလာမောင်ဝင်း

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် ( ၁၀၁၃၅ )

ထုတ်ဝေသူ ။ ။ဦးတင်မောင် (ဝင်းမော်ဦးစာပေ) [၀၂၂၃-မြဲ]
အမှတ် ၅၀၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဦးခင်ဝင်း သူရိန်ပုံနှိပ်တိုက် [၀၁၄၁၅ မြဲ] အမှတ်
၁၃၊ ရေကျော် ဝတ်ကျောင်းလမ်း၊ ရန်ကုန်မြို့။

တအုပ် ၊ ၁၂

# ဝိပဿနာရှာပုံတော်

၁၀၆၂၈

## ဝိပဿနာရှုပုံတော်

# သံလျင်တောရ နည်းနိဿယများ

## နိဒါန်း

‘သိ သို့မဟုတ် လူသား’ ဤအမည် (၂)ခုသည် ညီမျှခြင်း သင်္ချာကို ပြသည်။ တူမျှသော အဓိပ္ပါယ်ကို ဆောင်သည်။ တသားတည်းဖြစ်နေသော အခြေအနေကို ဖော်ညွှန်းသည်။ မှန်ပါသည်။ မြန်မာလို ‘လူ’ဟူ၍ ခေါ်တွင်ခြင်းကို ပါဠိလို ‘မနုဿ’ဟူ၍ ခေါ်တွင်သည်။ မနုဿ၌ မန တပုဒ်၊ ဥဿ တပုဒ်၊ ထို ၂ ပုဒ်တို့ သဒ္ဒါနည်းအားဖြင့် သမာသ်စပ်စပ် ထားခြင်း ဖြစ်သည်။ ‘မန’ ပုဒ်က ‘သိ’ဟူသော အဓိပ္ပါယ်ကို ဖော်ပြ သည်။ ‘ဥဿ’ ပုဒ်က ‘များခြင်း၊ ကြွယ်ဝခြင်း’ ဟူသော အဓိပ္ပါယ်ကို ဖော်ပြသည်။ ၂ ပုဒ်တွဲစပ်သော် ‘မနုဿ’ ‘လူ ဟူသည်’ အသိများသူ၊ အသိကြွယ်ဝသူ သတ္တဝါပင် ဖြစ်ချေ

သည်။ ယင်း အဓိပ္ပါယ်မှတပါး အခြားသော အဓိပ္ပါယ်ကို မရနိုင်ဘော့ချေ။ ယင်းအတွက် လူ့ဘုံသည် 'သိဘုံ'ပင် ဖြစ်သည်၊ လူသားဟူသည် 'သိသူ'ပင် ဖြစ်သည်။

ထိုထို သတ္တဝါတို့၏ မှီတင်းကျက်စားရာဖြစ်သော နေရာကို 'ဘုံ'ဟူ၍လည်း ခေါ်သည်။ 'စကြာဝဠာ'ဟူ၍လည်း ခေါ်သည်။ အမျိုးအစားအားဖြင့် ရေတွက်သော် ဘုံအားဖြင့် ဘုံ(၃၁)ဘုံ ရှိသည်။ စကြာဝဠာအနန္တ၊ သတ္တဝါအနန္တ ရှိကြပေသည်။ ထို ၃၁ ဘုံ အနန္တတွင် ကျက်စားလျက်ရှိကြသော သတ္တဝါအနန္တကို စုသိမ်း၍ ရေတွက်မည်ဆိုလျှင် ၇ မျိုးသာရှိသည်။ ဗြဟ္မာ၊ နတ်၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ ငရဲဟူ၍ ၇ မျိုးသာ ရှိတော့သည်။

ထို ၃၁ ဘုံ အနန္တအနက် 'သိဘုံ'ဟူသော အမည်ကို ရရှိနိုင်သော ဘုံသည် 'လူ့ဘုံ'တခုတည်းသာ ရှိသည်။ ထို ၇မျိုးသော သတ္တဝါ အနန္တအနက် 'သိသူ'ဟူသော အမည်ကို ရနိုင်သော သတ္တဝါသည် လူသား 'သတ္တဝါတမျိုး' တည်းသာ ရနိုင်သည်။ ယင်းမှတပါး သိဘုံနှင့် သိသူအမည်ရနိုင်သော အခြားသော ဘုံ၊ အခြားသော သတ္တဝါဟူ၍ မရှိနိုင်တော့ပါပေ။

အဘယ်ကြောင့်ဆိုသော် ၃၁ ဘုံ အနန္တအနက် လူ့ဘုံသည် သိစရာအများဆုံးဘုံအဖြစ် ခိုင်မာစွာ တည်ရှိနေပြီး၊ ၇ မျိုးသော သတ္တဝါ အနန္တအနက် လူသားသတ္တဝါသည် ထို သိစရာအများဆုံးကို အမျိုးမျိုးသော နည်းဖြင့် သိရမှု အခြေအနေအခွင့်အရေး အများဆုံး ရရှိနေကြ၍ သိဘုံနှင့် သိသူအဖြစ် လူ့ဘုံနှင့် လူသား သတ္တဝါက သီးခြားခံယူပြီး ဖြစ်နေသော

ကြောင့် ဖြစ်သည်။ တနည်းအားဖြင့် လူတွေနေသောနေရာကို 'လူ့ဘုံ'ဟူ၍ ခေါ်ဆိုသကဲ့သို့ ထိုလူတွေဟူသည့် မနုဿအရ သိသူတွေ အမည်ရ၍ သိသူတွေနေသော နေရာကို 'သိဘုံ'ဟူ၍ ခေါ်ဆိုနိုင်တော့သည်။

လူ့ဘုံသည် သိဘုံ အမည်ရသည့်အတိုင်း သိစရာတွေ အများဆုံး ရှိနေသည်ဖြစ်ရာ ထို သိစရာတွေကို အဘယ်မျှ လောက် ရှိသည်ဟူ၍ သချာဘပ်၍ ရေတွက်မည်ဆိုသော် သချာ တပ်၍ မပြနိုင်လောက်အောင် များပြား လွန်းလှပေသည်။ တနည်းဆိုသော် သိစရာ အသင်္ချေအနန္တပင် ရှိနေပေသည်။ လူသားသတ္တဝါသည် သိသူဟူ၍ အမည်ရသည့်အတိုင်း ထို သိစရာ အသင်္ချေအနန္တတွေအနက်က ထိုထို သိစရာတွေကို မိမိတို့၏ အခြေအနေအားလျော်စွာ သိနေသမျှလည်း သိနေရ၊ သိနိုင်သမျှသည်း သိနိုင်အောင် ကြိုးစားနေကြရသည်ဖြစ်ရာ ကြိုးစားချက်နှင့် အောင်မြင်မှု ရလာချက်အပေါ် မူတည်ပြီး ထိုထို နာမဝိသေသ ဘွဲ့ထူး၊ ဂုဏ်ထူး၊ အမည်ထူးကို ရရှိလာခဲ့ကြသည်။

ထိုအနက် သိစရာ ဟူသမျှတို့ကို အကြွင်းမရှိ သိလာနိုင်သူသည် 'ဗုဒ္ဓ'ဟူသော ဘွဲ့တံဆိပ်ကို ခတ်နှိပ်နိုင်သွားတော့သည်။ 'ဗုဒ္ဓ'ဟူသော အမည်သည် ပါဠိလိုဖြစ်ရာ မြန်မာလို 'သိသူ' ပင် ဖြစ်သည်။ ထိုသည့် ဗုဒ္ဓပုဒ်မှ ထွက်လာသော သိသူသည် မနုဿပုဒ်မှ ထွက်လာသော သိသူအရနှင့် ဒႆိပ္ပါယ် အနှစ် သာရချင်း လားလားမျှ မဆိုင်ပေ။ မနုဿပုဒ်မှ ထွက်လာ

သော သိသူအရနှင့် အဓိပ္ပါယ် အနှစ်သာရချင်း လားလားမျှ မဆိုင်ပေ။

မနုဿပုဒ်မှ ထွက်လာသော သိသူသည် လူတိုင်းနှင့် ဆက်ဆံသော လူဖြစ်ခွင့်ရလာသူ မှန်သမျှတို့၏ အခြေခံနေမျိုးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဗုဒ္ဓပုဒ်မှ ထွက်ပေါ်လာသော သိသူသည် 'သဗ္ဗညုတဉာဏ်' သိစရာဟူသမျှကို တနည်းအားဖြင့် အလုံးစုံကို အကြွင်းအကျန်မရှိ သိသူမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဗုဒ္ဓမှတပါး ကျန်သော ပုဂ္ဂိုလ်မှန်သမျှတို့သည် သိစရာတွေ မြောက်များစွာ ကျန်ရှိနေမည်ဖြစ်ရာ သိနိုင်သမျှ သိနိုင်အောင် ကြိုးစားနေကြရဦးမည်သာ ဖြစ်သည်။

တဖန် ကြွင်းကျန်သော လူသားပုဂ္ဂိုလ်တို့၏ ကြိုးစားချက်နှင့် အောင်မြင်မှု ရလာချက်အပေါ် မူတည်ပြီး ထိုထို နာမဝိသေသ ဘွဲ့ထူး၊ ဂုဏ်ထူး၊ အမည်ထူးကို ရရှိလာချက်တို့၌

> ပစ္စေကဗုဒ္ဓါ ဟူ၍ရင်း၊ ရဟန္တာ ဟူ၍ရင်း၊ လောကီစျာန်အဘိညာဉ်ရသူ ဟူ၍ရင်း၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန် ဟူ၍ရင်း၊ ဘာသာရေးခေါင်းဆောင် ဟူ၍ရင်း၊ နိုင်ငံရေးခေါင်းဆောင် ဟူ၍ရင်း၊ သိပ္ပံပညာရှင် ဟူ၍ရင်း၊ ဒဿနိကဗေဒ ပညာရှင် ဟူရင်း၊ စိတ္တဗေဒ ပညာရှင် ဟူ၍ရင်း၊ စစ်ဗိုလ်ချုပ်ကြီး ဟူ၍ရင်း၊ လွှတ်လပ်ရေး ပိသုကာ ဟူ၍ရင်း၊ စီးပွားရေး ပါရဂူ ဟူ၍ရင်း၊ ဓနရှင် ဟူ၍ရင်း၊ အာဏာရှင် ဟူ၍ရင်း၊ ပါမောက္ခ ဟူ၍ရင်း၊ သူပုန် ဟူ၍ရင်း၊ ယဉ်

ကျေးသူ ဟူ၍၎င်း၊ ငိုင်းစိုင်းသူ ဟူ၍၎င်း၊ လိမ္မာသူ ဟူ၍၎င်း၊ မိုက်သူ ဟူ၍၎င်း-

စသည်ဖြင့် ဘွဲ့ထူး၊ ဂုဏ်ထူး၊ အမည်ထူးများ ရရှိသွားကြတော့သည်။ ယင်းမှာ လူ့ဘုံခေါ် သိဘုံ၊ လူသားခေါ် သိသူ အရမှ အသီးသီး ထွက်ပေါ်သွားကြခြင်း ဖြစ်သည်။

တနေ့တနေ့ လူတဦးတယောက်တည်းက သိစရာတွေကို အိပ်ပျော်နေချိန်မှတပါး တသိထဲ သိနေရသော သိသိ နေမှုတို့သည်ပင် အလွန်မြောက်များစွာ ရှိနေလေသည်။ ထိုသို့ပင် ရှိလင့်ကစား တဦး၏သိမှုမျိုးနှင့် တဦး၏သိမှုမျိုးတို့သည် တူညီခြင်း ရှိမနေပေ၊ အမျိုးမျိုးအပုံပုံ အဆန်းဆန်း အပြားပြား ကွဲလွဲလျက် ရှိကြသည်။ အရာဝတ္ထုတခုကို လူအများ ယှဉ်ပြိုင်၍ ကြည့်မြင်ကြရာ၌ပင် အရာဝတ္ထုက တခုတည်း ဖြစ်လင့်ကစား ကြည့်မြင်မိကြသူအများ၌ တဦးနှင့်တဦး အသိခြင်း တူညီသင့်မှ တူညီကြပေသည်။ သိပုံသိနည်းချင်း၊ အတိမ်အနက်၊ အလေးအပေါ့ အယူအဆ ကွာဟနေတတ်ပေသည်။

ယင်းကဲ့သို့ လူသားတို့လောက၌ တဦးနှင့်တဦး မတူညီသော သိမှုတွေ သိချင်ကြသည်။ တဦး၏သိမှုကို တဦးက သိချင်လာကြသည်။ အရှင်းဆုံးဆိုသော် လူသည် လူ့အကြောင်းကို အသိချင်ဆုံးပင် ဖြစ်တော့သည်။

သို့ဖြစ်၍ ဝတ္ထု၊ စာပေ၊ အတ္ထုပ္ပတ္တိစာပေ၊ နိုင်ငံရေးစာပေ၊ ဘာသာရေး စာပေ စသည်ဖြင့် သိမှုအကြောင်း၊ သို့မဟုတ် လူ့အကြောင်းကို ရေးသားထားသော စာအုပ်စာတမ်း အမျိုးမျိုးတွေ ထွက်ပေါ်လာခဲ့ရသည် မဟုတ်ပါလား။

သိဘုံနယ်တွင် နေထိုင်ကြရသော သိသူတို့သည် သိသူအချင်းချင်း တဦးနှင့်တဦး တဦး၏ သိပုံသိနည်းကိုတဦးက သိချင်ကြ၊ သိလိုကြ၊ သိနိုင်အောင် ကြိုးစားကြ၊ သိခံချင်ကြသည်မှာ သိလောက၏ ဓမ္မတာပင် ဖြစ်နေချေသည်။

ယင်းကဲ့သို့ သိချင်ကြနှင့် သိစေချင်ကြ ၂ ခုကြားထဲ၌ သိရှိရမည့် သိစရာတို့သည် အကြမ်းအားဖြင့် တွက်ချက်သော် ဤသို့ ဖြစ်လာနိုင်သည်။

လူသား သို့မဟုတ် သိသူ၊ ထို ၂ ခု၌ 'သား'နှင့် 'သူ' ကို ဖြုတ်လိုက်လျှင် 'လူ' သို့မဟုတ် 'သိ' တလုံးတည်းသာ ရှိတော့သည်၊ 'လူ'နှင့် 'သိ'သည် ညီမျှခြင်းကို ပြနေသည်ဖြစ်၍ သိ' ကို မူဘည်ထားကာ ယင်း သိတလုံးထည်းမှ ထွက်လာမည့် သိစရာများကို ဆွဲထုတ်ကြည့်ရမည် ဖြစ်သည်။

ထိုအခါ သိထဲမှ ထွက်ပေါ်လာသည့် သိစရာတို့သည်

လုပ်ရှားရုန်းကန် သိ၊ ပြောဆိုသိ၊ ကြံစည် သိ တွေ့ကြုံသိ၊ ခံစား သိ၊ တွေးခေါ်မြော်မြင် သိ၊ အတိတ်ဖြစ်ရပ် ပြန်လှန် သိ၊ ပစ္စုပ္ပန်ဖြစ်ရပ် တွန်းလှန်သိ၊အနာဂတ်ရေး မြော်မြင်သိ၊ ကျဉ်းမြောင်းသိ၊ ကျယ်ပြန့်သိ၊ စိတ်ကူးယဉ် သိ၊ ပေါ့ပေါ့သိ၊ လေးလေးသိ၊ ဆင်းရဲသိ၊ ချမ်းသာသိ၊ ရိုးရိုးသိ၊သာမညသိ၊ ဆန်းဆန်းသိ၊ ထူးခြားသိ၊ စူးစမ်းသိ၊ လေ့လာသိ၊ ထိုးထွင်းသိ၊ကျေးဇူးသိ၊ကျေးဇူးကန်းသိ၊ ယဉ်ကျေးသိ၊ ရိုင်းစိုင်းသိ၊ မိုက်သိ၊လိမ္မာသိ၊ တီထွင်သိ၊ ကြံဆသိ၊စွန့်စားသိ၊ ဗဟုသုတနည်းပါးသိ၊ နိုင်ငံရေးသိ၊ ဘာသာရေးသိ၊ ဝါဒရေးသိ၊ အနုလောမသိ၊

ဝိဇ္ဇာရာမိသိ၊ပဋိပက္ခသိ၊ ဝိသမလောဘသိ၊သမလောဘသိ၊
အဇ္ဈတ္တသက်သက်သိ၊ပရတိတသက်သက်သိ၊ဒေါသဖက်သိ၊
မေတ္တာဖက်သိ၊ အရပ်သိ၊ အမြတ်သိ၊ လူကြီးသိ၊ ခလေး
သိ၊ စီးပွားရေးသိ၊ အကျိုးရှိသိ၊ အကျိုးမဲ့သိ။

စသည့် အကြမ်းစားအနေဖြင့် သိတလုံးထဲက သိစရာတို့သည် မြောက်များစွာ ထွက်ပေါ်နိုင်တော့သည်။

တဖန် သိသဲ့ အချက်ကြီး သုံးချက်သည် မားမားကြီးဘည်ရှိနေပြန်သည်။ ယင်းမှာ

သိချင်တာရယ်၊

သိနေတာရယ်၊

သိသင့်တာရယ်၊

ဟူသော အချက်ကြီးသုံးချက်ပင် ဖြစ်လေသည်။

ထိုသုံးချက်တွင် နံပါတ်တစ် 'သိချင်တာရယ်' အချက်၌ ကောင်းမှု၊ မကောင်းမှု၊ အနှစ်သာရရှိမှု၊ မရှိမှု၊ ချမ်းသာမှု၊ ဆင်းရဲမှု၊ အကျိုးရှိမှု၊ မရှိမှု စသည့် အကောင်းအဆိုး ၂ မျိုးလုံး ပါဝင်လျက်ရှိသည်။

သို့ရာတွင် ကောင်းမှုထက် မကောင်းမှုက ပို၍ ဖုံးလွှမ်းဖွယ်ရှိသည်။ အနှစ်သာရရှိမှုထက် အနှစ်သာရ မရှိမှုက ပို၍ ဖြစ်ပွားလာဖွယ် ရှိသည်။ ချမ်းသာမှုကို ပေးစေသည်ထက် ဆင်းရဲမှုကို ပေးစေသည်က ပို၍ များပြားလာဖွယ် ရှိသည်။ အကျိုးထက် အပြစ်က ပို၍ ကြီးထွားလာဖွယ်ရှိသည်။

အကြောင်းကား သိချင်တာ၌ စည်းကမ်း၊ ကုလားနား၊ ဘောင်၊ အတိုင်းအတာ၊ အထိန်း၊ အကွပ် ရှိမနေသောကြောင့်

ဖြစ်သည်။ ယင်းအတွက် ပဌမ သိအချက်ကို စေ့စေ့စပ်စပ် ရှောင်ရှား နိုင်လျှင် ကောင်းသည်ဟူ၍ သိထားမှု ထို သိထားချက်သည် ကောင်းမြတ်သည်သာ ဖြစ်ပေမည်။

နံပါတ် ၂ ဖြစ်သော 'သိနေတာရယ်' အချက်၌ ဒိဋ္ဌဓမ္မ လက်တွေ့ မျက်မှောက် တွေ့ကြုံခံစားနေရသမျှပင် ဖြစ်သည်။ ထို သိနေချက်သည် မိမိအခြေအနေအားလျော်စွာတွေ့ကြုံလာသောလောကခံ အချက်များပင် ဖြစ်သည်။ သိချင်တာကို သိနေရမှုလည်း ပါချင်ပါမည်၊ မသိချင်တာကို သိနေရမှုလည်း ပါချင် ပါမည်။ သိသင့်သည်ကို သိနေရမှုလည်း ပါချင် ပါမည်။ မသိသင့်သည်ကို သိနေရမှုလည်း ပါချင် ပါမည်။ ချမ်းသာမှုနှင့် ပတ်သက်သော တွေ့ကြုံရမှုကို သိနေရချက်လည်း ပါချင်ပါမည်။ ဆင်းရဲနှင့် ပါတ်သက်သော တွေ့ကြုံရမှုကို သိနေရချက်လည်း ပါချင် ပါမည်။ အနှစ်သာရရှိမှုကို သိနေရမှုလည်း ပါချင် ပါမည်။ အနှစ်သာရမရှိမှုကို သိနေရမှုလည်း ပါချင် ပါမည်။ အကျိုးဖြစ်ထွန်းလာမှုကို သိနေရမှုလည်း ပါချင် ပါမည်။ များစွာသော အကျိုးမဲ့နှင့် ရင်ဆိုင်တိုးဝေ့ သိနေရမှုလည်း ပါချင် ပါမည်။ ဖြစ်ပျက်လာသော လောကခံအတိုင်း ဖြစ်သည်။

မည်သို့ပင်ဆိုစေ နံပါတ် ၂ ဖြစ်သော သိနေတာမှ သည် ထက်သည် ကောင်းမွန်သော အချက်တွေကို သိနိုင်သမျှ သိနိုင်အောင် ကြိုးစားလျှင် ကောင်းသည်ဟု သိထားမှုကို သိထားချက်သည် ကောင်းမြတ်သည်သာဖြစ်သည်၊

နံပါတ် ၃ ဖြစ်သော 'သိသင့်တာရယ်' အချက်၌ ကောင်းမှုတွေကိုသာ၊ အပြစ် ကင်းတာတွေကိုသာ၊ အဓိပ္ပာယ်ရှိတာတွေ

ကိုသာ၊ အနှစ်သာရ ရှိတာတွေကိုသာ၊ အကျိုးရှိတာတွေကိုသာ၊ အကျိုးစီးပွား ဖြစ်ထွန်းနိုင်သော နည်းတွေကိုသာ၊ ချမ်းသာနိုင်သော နည်းတွေကိုသာ၊ ရွေးချယ်ပြီး သိနိုင်သမျှ သိနိုင်အောင် ကြိုးစားယူရသော သိမှုတွေသာ ပါဝင်သည်။

အကောင်းအဆိုး ထို ၂ မျိုးတွင် အဆိုး လုံး၀ မပါဲ အကောင်းသက်သက်သာ ပါဝင်ပေသည်။ အကြောင်းကား (သိသင့်တာ၌) 'သင့်' ဆိုသည့် အတိုင်း စည်းကမ်း၊ ကုလားနား၊ ဘောင်၊ အတိုင်းအဘာ၊ ပမာဏ၊ အဆုံး၊ အပိုင်းအခြား၊ အထိန်း၊ အကွပ်တို့ သိပ်သိပ်သည်းသည်း၊ ကျစ်ကျစ် လစ်လစ်၊ စနစ်တကျ ရှိနေသောကြောင့် ဖြစ်သည်။ ယင်းအတွက် (သိသင့်တာ တွေကို) ရွေးချယ်ပြီး၊ သိနိုင်သမျှ သိနိုင်အောင် ကြိုးစားလျှင် ကောင်းသည်ဟု သိကြမှု ထို သိကြချက်သည် ကောင်းမြတ်သည်သာ ဖြစ်ပေသည်။

သိသင့်တာကို သိအောင် ကြိုးစားယူကြရာ၌ မိမိ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကိုသာ အဓိကထားပြီး သိအောင်လုပ်မှုမျိုး၊ လူအများ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကို အဓိကထားပြီး သိအောင် လုပ်မှုမျိုး ဟူ၍ ၂ မျိုး ရှိလာသည်။ ထိုအနက် မိမိ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကိုသာ အဓိကထားပြီး လုပ်နိုင်ကြသူတို့အဖို့ လူနှင့်တူသော အလုပ်ကိုသိအောင် လုပ်နိုင်ပါပေသည်ဟူ၍ ချီးကျူးရုံမျှတပါး ထိုထက်ပို၍ချီးကျူးခြင်းငှာ မသင့်လျော်တော့ပေ။

လူအများ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကိုသာ အဓိကထားပြီး သိသင့်တာကို သိအောင် လုပ်နိုင်ကြသူတို့ကိုမူကား

လူနှင့်တူသော အလုပ်ကို သိအောင် လုပ်နိုင်ပါပေသည်ဟူ၍ ချီးကြူးနိုင်ရုံတင်မက တခေတ်တွင် တယောက်၊ တနိုင်ငံတွင် တယောက်၊ တကမ္ဘာတွင် တယောက် ဆိုသလောက်အောင် ချီးကြူးနိုင်သည်အထိ ဖြစ်ပေါ်လာနိုင်သော အခြေအနေ ရှိနေပေသည်။

မှန်ပါသည်။ လူအများ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကို အဓိကထားပြီး သိသင့်တာကို သိအောင် လုပ်နိုင်ကြသူတို့ သိမှုတို့သည်သူတပါးတို့ထက်ထူးချွန်ပြီး အဆင့်အတန်း ပိုမို လွန်ကဲ နေတတ်သည်။ ပိုမို ကြီးကျယ်နေတတ်သည်။ ပိုမို မြင့်မြတ်နေတတ်သည်။

ထိုအခါ 'သိ'သည် သာမညသိအနေတွင် မရှိတော့ပဲ 'မဟာသိ' ဟူသော ဝိသေသဂုဏ်ထူးအဆင့်သို့ ကူးပြောင်းလာခဲ့သည်။ ယင်း 'မဟာသိ' ခေါ် ကြီးကျယ်မြင့်မြတ်သောအသိကို ပိုင်ပိုင်ရရှိလိုက်သည်ဟုဆိုလျှင် 'သိသူ'သည် သာမညသိသူအဆင့်တွင် ရှိမနေတော့ပဲ 'မဟာသိသူ'အဆင့်သို့ ကူးပြောင်းသွားတော့သည်။ ယင်းနှင့် တပြိုင်နက် လူသားသည်လည်း သာမညလူသားအဆင့်တွင် ရှိမနေတော့ပဲ 'မဟာလူသား' ကြီးကျယ်မြင့်မြတ်သော လူသားအဆင့်သို့ ကူးပြောင်းသွားတော့သည်။

ပုံစံအားဖြင့် ဂေါတမဗုဒ္ဓလောင်း သုမေဓာရှင်ရသေ့သည် ထိုဘဝကစပြီး ဂေါတမဗုဒ္ဓဟု အမည်တွင်လာသည်အထိ ကမ္ဘာတွေ လေးသင်္ချေနှင့် တသိန်းတိုင်အောင် သိသင့်တာကို သိအောင် ကြိုးစားခဲ့သည်။ သူ၏ ကြိုးစားမှုသည် မိမိ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကို အဓိကထားပြီး သိအောင်လုပ်သော

ကြိုးစားမှုမျိုး မဟုတ်ပေ။ လူအများ၏ အကျိုးစီးပွားနှင့် ချမ်းသာရေးကို အဓိကထားပြီး သိအောင်လုပ်သော ကြိုးစားမှုမျိုး ဖြစ်သည်။

ယင်းအတွက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း သိသင့်တာကို သိအောင် ကြိုးစားခဲ့ရာတွင် ထိုထိုဘဝတို့၌ လူသားအဖြစ်နှင့် ရပ်တည်လာခဲ့ရာ၌ သူ၏ သိမှုသည် တပါးသူတို့ထက် ထူးချွန်ပြီး ကြီးကျယ်မြင့်မြတ်ခဲ့ပေသည်။ ထိုအခါ 'မဟာလူသား' ဟူသော ဝိသေသဂုဏ်ထူးသည် အလိုအလျောက် အမည်တွင်လာခဲ့တော့သည်။

လေးသင်္ချေနှင့်ကမ္ဘာတသိန်းစေ့၍ သိဒ္ဓတ္ထမင်းသားဘဝနှင့် တောထွက်ခါ ဘုရားအဆင့်သို့ ရောက်သွားသော အခါ၌မူကား မဟာလူသား'အမည်ပျောက်ခါ၊ဗုဒ္ဓ၊ဂေါတမဗုဒ္ဓ၊သမ္မာသမ္ဗုဒ္ဓ၊ တထာဂတ၊ ဂုဏ်ထူးအဆင့်သို့ ရောက်ရှိသွားတော့သည်။ ဤသည်မှာ အများအကျိုးရှိရေးအတွက် သိသင့်တာကို သိအောင် ကြိုးစားမှုနှင့် မဟာလူသားတို့၏ ဆက်သွယ်မှုသဘော ဖြစ်သည်။

လူ့လောက၌ သိသင့်တာကို သိအောင် ကြိုးစားယူကြရသော အချက်တို့သည် မြောက်များစွာရှိသည်။ ထိုအနက်'ဗုဒ္ဓဝါဒ'သည်လည်း တခု အပါအဝင်ဖြစ်သည်။ မှန်ပါသည်။ ဗုဒ္ဓပွင့်ပေါ်လာခြင်းသည် ဗဟုဇနဟိတာယလူအများအကျိုးစီးပွားအလို့ငှာ ဗဟုဇနသုခါယ၊ လူအများ ချမ်းသာခြင်းအလို့ငှာ ပွင့်ပေါ်လာခြင်းဖြစ်၍ ဗုဒ္ဓဝါဒသည် သိသင့်သောဝါဒတခု အဖြစ် အခိုင်အမာ ရပ်တည်လျက်ရှိနေကြောင်း ထင်ရှားလှပေသည်။

ယင်းအတွက် စာရေးသူသည် ဗုဒ္ဓဝါဒကို ခြေခြေမြစ်မြစ် တိတိကျကျ မှန်မှန်ကန်ကန် သိရှိနိုင်ရေးနှင့် ပတ်သက်ပြီး ထိုထို ဤဤ အရပ်ဒေသသို့ ရောက်ခဲ့သည်။

ထိုအခါ မမျှော်လင့်ပဲနှင့် 'မဟာလူသား ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ် ကျော်တပါး'နှင့် တွေ့တွေ့ဆိုင်ဆိုင် အံ့ဩဖွယ်ရာ အမှတ်မထင် သွား၍ တွေ့ကြုံရခဲ့ပေသည်။

ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓဝါဒကို တိတိကျကျသိအောင် ကြိုးစား ထားပြီးသူလည်း ဖြစ်သည်။ သူ သိရှိထားသည်ကို သူတပါးတွေ သိအောင်လည်း ဆောင်ရွက်ပေးနေသူလည်း ဖြစ်သည်။ ဗုဒ္ဓ၏ ကျေးဇူးတော်ကို ပီပြင်စွာ သိရှိထားသူလည်းဖြစ်သည်။ ပီပြင် စွာ သိရှိသည့်အတိုင်း ဗုဒ္ဓ၏ ကျေးဇူးတော်ကို ပြတ်သားစွာ ဆပ်နေသူလည်း ဖြစ်သည်၊ ဗုဒ္ဓ၏သာသနာသုံးရပ်ကို အရှည် သဖြင့်တည်တန့်နိုင်သမျှ တည်တန့်သွားအောင်စင်မှန်စွာ လုံ့လ ပြုနေသူလည်း ဖြစ်သည်။ လူအများအား ကယ်တင်နိုင်ရေး အတွက် ဇွဲနဘဲကြီးစွာ ရှေ့ရှု အားထုတ်နေသူလည်း ဖြစ်သည်။ ဗုဒ္ဓဝါဒ လမ်းကြောင်းအတိုင်း ချွတ်ချော်လွဲမှားခြင်းမရှိအောင် ရိုးသား၊ ဖြောင့်တန်းတည့်မတ်စွာ လျှောက်နေသူလည်း ဖြစ် သည်။

ထိုသည့် ပုဂ္ဂိုလ်၏ အသိသည် မည်မျှကြီးကျယ်နေမည်နည်း။ ထိုသည့်ပုဂ္ဂိုလ်၏ အသိသည် မည်မျှ မြင့်မြတ် နေမည်နည်း။ ယင်းသို့ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ဘာတွေကို သိသနည်း။ ဘာလို သိသနည်း။ ဘာလို့သိသနည်း။ တဖန် ဘုရားရှင်မှတပါး ကျန် ပုဂ္ဂိုလ်အားလုံးတို့သည် အလုံးစုံ ပြည့်စုံသည်မရှိ 'လို'မည်ချည်း

ဖြစ်ကြရာ၊ ထိုပုဂ္ဂိုလ်မှာ ဘာ လိုသနည်း။ ယင်းအချက်တို့မှာ သိသင့်သော အချက်တွေ ဖြစ်ပေရာ သိသင့်သည်ကို သိနိုင်ကြအောင် ဤစာအုပ်ကို ရေးဖြစ်ခြင်း ဖြစ်တော့သည်။

ဤစာအုပ်ကို ရေးဖြစ်ရခြင်းအကြောင်းမှာ စာရေးသူသည် အစက ဤစာအုပ်ကိုရေးရန် လုံးဝ မစဉ်းစားမိခဲ့ပေ။ စဉ်းစားခဲ့သည်မှာ တမျိုးတဖုံ ဖြစ်ခဲ့ပေသည်။

စာရေးသူသည် ၁၃၃၂ ခု၊ သီတင်းကျွတ်သလောက်ကစ၍ ဗုဒ္ဓဝါဒကို ဇောက်ချ လေ့လာခဲ့သည်။ ၁၃၃၃ ခု၊ သီတင်းကျွတ်လ၊ တနှစ်အပြည့်တွင် မိမိသိလိုသော ဗုဒ္ဓဝါဒကို စနစ်တကျ တိကျမှန်ကန်စွာ သိရှိခွင့် ရခဲ့သည်။

ထိုအခါမှစ၍ စာရေးသူ စာရေးသားရန် ပြင်းထန်လာခဲ့သည်။ ဗုဒ္ဓဝါဒကို မိမိလောက် သဘောမပေါက်သူတွေ များစွာပင် ရှိပေဦးမည်။ထိုပုဂ္ဂိုလ်တွေအား မိမိကဲ့သို့ သဘောပေါက်စေလိုသောဆန္ဒသည် တနေ့တခြား ပြင်းပြလာခဲ့သည်။

ယင်းမှ အခြေခံကာ စာပေရေးသားပြုစုခြင်း အလုပ်ကို လုပ်တော့မည်ဟု ဆုံးဖြတ်ချလိုက်သည်။ ထိုအခါ စာရေးဟန် အသွင်ကို မည်ကဲ့သို့ ဖန်တီးရမည်နည်း။ ထိုပြဿနာ ဝင်ရောက်လာသည်။ လူတိုင်းလည်း ဖတ်ပျော်သောသဘော ရှိရမည်။ လူတိုင်းလည်း သိလွယ်နိုင်သော ဝေါဟာရမျိုး ဖြစ်ရမည်။ ထိုသို့ ရေးသားရမှု ကောင်းလေစွဟူ၍ သဘောပေါက်လာသည်။

အမှန်တော့ ဗုဒ္ဓဝါဒကို လူတိုင်းလည်း ဖတ်ပျော်အောင် လူတိုင်း သိလွယ်နိုင်သော ဝေါဟာရမျိုးလည်း ဖြစ်အောင်

ရေးသားရသော အလုပ်သည် လွယ်ကူလှသည်တော့ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဝါဒသည် နူးညံ့သိမ်မွေ့နက်နဲသောဝါဒလည်း ဖြစ်၍ ထိုဝါဒကို ဖေါ်ပြသောစာပေမှာလည်း ရှေးခေတ်သုံး မာဂဓဘာသာ၊ ပါဠိစကားလည်း ဖြစ်နေသောကြောင့် ဖြစ်သည်။

မည်သို့ပင် ဖြစ်စေတော့ စာရေးသူသည် မိမိသဘောပေါက်ထားသော ဗုဒ္ဓဝါဒကို မိမိကဲ့သို့ သဘောပေါက်နိုင်စေရေးအတွက် စာရေးဟန်အသွင်ကို လူတိုင်းဖတ်ပျော်နိုင်သော အသွင်မျိုး ဖန်တီးမိပြီး စာရေးသားချက်ကို လူတိုင်း သိလွယ်နိုင်လောက်သော ဝေါဟာရမျိုးဖြင့် ကြိုးစားပန်းစား ရေးသားမိခဲ့ပေပြီ။

ဤစာအုပ်သည် စာရေးသူ၏ ခရီးသွားမှတ်တမ်းသက်သက်ဖြစ်သည်။ ဗုဒ္ဓဝါဒကို ဇောက်ချလေ့လာခဲ့စဉ် တနှစ်အတွင်း မျက်စိ၊ နား၊ ကိုယ် တို့ဖြင့် တွေ့ကြုံခဲ့ရသမျှ၊ ခံစားခဲ့ရသမျှ၊ သိရှိခဲ့ရသမျှကို အရှိကို အရှိအတိုင်း ပီပြင် ရှင်းလင်း၊ ရိုးသားစွာ ဖေါ်ထုတ်လိုက်သော စာအုပ်ပင်ဖြစ်သည်။ အပိုအလို မပါရှိပေ။

ယင်းအတွက် ဤစာအုပ်သည် စာရေးသူ၏ လူ့ဘဝသက်တန်း ၂၇ နှစ်အတွင်းတွင် အဓိပ္ပာယ်အရှိဆုံး၊ အနှစ်သာရအရှိဆုံး၊ လှုပ်ရှားရုန်းကန်ချက်၊ ကြိုးစားချက်ကိုသာ ရွေးချယ်ဖေါ်ထုတ်ထားသည်ဖြစ်၍ စာရေးသူ၏ အကာအခွံတွေကို ဖယ်ထုတ်ခါ အဆီအသားတွေကိုသာ စုသိမ်း၍ ဖေါ်ပြထားသော စာအုပ်ဖြစ်သည်ဆိုလျှင်လည်း မမှားတန်ကောင်းပါပေ။

လူ့ဘုံခေါ် သိဘုံတွင် လူသားခေါ် သိသူတို့သည် သိသင့်တာတွေကို သိနိုင်သမျှသိအောင်ကြိုးစား၊ အားထုတ်၊ လှုပ်ရှားရှန်းကန်ကြရရိုး ဓမ္မတာရှိသည်။ ဗုဒ္ဓဝါဒသည်လည်း သိသင့်သောအချက်ကြီးတချက်အဖြစ် ခိုင်မာစွာ တည်ရှိနေလေသည်။ ထိုသည့် သိသင့်တာကို သိစေချင်သဖြင့် စာဖတ်သူတို့ သိနိုင်ကြအောင် စာရေးသူသည် စာရေးဟန်ကို ဖတ်ပျော်သောအသွင်ကို ဖန်တီးပြီး၊ သိလွယ်သောဝေါဟာရမျိုးဖြင့် ကြိုးကြိုးစားစားရေးသားပြီးပေပြီ။

စာဖတ်သူတို့က ဤစာအုပ်တအုပ်လုံးကို သေချာကျနစွာဖတ်ပြီးကြသောအခါ၌ ဤစာအုပ်သည် ဖတ်ပျော်သောသဘောလည်းရှိသည်။ နားလည်လွယ်၊ သိလွယ်သော ဝေါဟာရမျိုးလည်း ဖြစ်သည်ဟူ၍ ယူဆခဲ့ပါသော် စာရေးသူသည် စာပေနယ်သို့ ဝင်ရောက်နိုင်ရေးအတွက် ကြိုးစားအားထုတ်လာခဲ့ရချက်သည် ယခုအခါ စာပေနယ်ထဲသို့ ပထမဆုံး ခြေလှမ်းတလှမ်းကို ကောင်းစွာချခဲ့နိုင်သော အနေဖြင့် ပထမဆုံး အောင်မြင်မှုရသည်ဟူ၍ အတိုင်းမသိ ကြည်နူး နှစ်သက် ဝမ်းမြောက်မဆုံး ဖြစ်ရမည်ဖြစ်ပါကြောင်း စာဖတ်သူတို့အား စာရေးသူအပေါ် မေတ္တာသက်နိုင်ကြအောင် ကြိုတင်၍ သတိပေးအပ်ပါသည်။ ဤစာအုပ်လည်း အလွန်တရာ သိမ်မွေ့ ခက်ခဲ နက်နဲသော ဗုဒ္ဓဝါဒကို ဖေါ်ထုတ်ထားသော စာအုပ် ဖြစ်လင့်ကစားဖတ်ပျော်သော သဘော ရှိမရှိ နားလည်နိုင်၊ သိလွယ်နိုင်သော

ဓါဟာရမျိုး ဟုတ် မဟုတ် စိစစ်နိုင်ကြအောင် ခတ်သွက်သွက်ကလေး တဖက်မျက်နှာကို ကူးပြောင်း၍ ဖတ်ရှုလိုက်ပေတော့။

× × ×

စာဖတ်သူတို့နှင့်တကွ စကြာဝဠာ အနန္တရှိ သတ္တဝါ အနန္တတို့သည် ကိုယ်ကျင့်တရားများ ကောင်းမွန် ပြည့်စုံကြပြီးလျှင် ကိုယ်စိတ်နှစ်ဖြာ ကြည်သာအေးမြ ကျမ္မာ ချမ်းသာ ကြပါစေ ကုန်လော။

ဟိတေသီ—နေလ

ဘုရား-တရား-သံဃာ-ရတနာ မြတ်သုံးပါးတို့အား
တုပ်ပျပ်ဝပ်လျှိုး ရှိခိုး ကန်တော့ပါ၏။

[ ၁ ]

# ရန်ကုန်မှ ယံလျှင်သို့ တနေ့တာခရီး

၁၃၃၆-ခု သီတင်းကျွတ်လဆုတ် (၁၀)ရက်
၁၉၇၄-ခု နိုဝင်ဘာလ (၉)ရက်၊ စနေနေ့။

ကျွန်ုပ်ကား စနေသား သိုက်ဖွား ဖြစ်သည်။ ဗေဒင်ကျမ်းစာများက 'စနေသား သိုက်ဖွား သည် အကြံအစီများ၏' ဟု ဟောညွှန်ထားသည်။ ထိုဟောညွှန်ချက်သည် ကျွန်ုပ်အတွက် ဖြစ်တန်ရာသည်။ အကြောင်းကား ကျွန်ုပ်သည် အာမှန်ပင် အကြံအစီ များလှသောကြောင့် ဖြစ်သည်။ ကျွန်ုပ်၌ ရည်ရွယ်ချက်

စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ရှိသည်။ ထိုရည်ရွယ်ချက်သည် သေးသေးသိမ်သိမ် ရည်ရွယ်ချက် မဟုတ်ပေ။ အလွန် ကြီးမားသော ရည်ရွယ်ချက်ကြီးဖြစ်သည်။

ထိုရည်ရွယ်ချက် အကောင်အထည် ဖေါ်ဆောင်နိုင်ရေး အတွက် ကျွန်ုပ် တတ်သမျှ၊ မှတ်သမျှ၊ အခွင့်အရေး ပေးသမျှ အစွမ်းကုန် ကြိုးစားကြည့်သည်။ မရ။အောင်မြင်ခြင်း၏ အရိပ် အရောင်မျှကိုလည်း မတွေ့။ တွေ့တော့မလိုလိုဘာလိုလိုနှင့်အပြီး သတ် ဝေး၍ ဝေး၍သာ သွားလေသည်။ ထိုတွင်မက ကျွန်ုပ် အား ကဲ့ရဲ့သူ၊ ရှုံ့ချသူ၊ ပျက်ရယ်ပြုသူ၊ မုန်းတီးသူတွေသာ တနေ့တခြား တိုးပွားလာချက်နှင့် ကြုံတွေ့နေရလေသည်။

ငယ်သည်၊ ကြီးသည်၊ ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည် ကျွန်ုပ် မစဉ်းစားနိုင်။ မစဉ်းစားမိ။ စဉ်းလည်း မစဉ်းစားလိုပေ။ စဉ်း စားနိုင် စဉ်းစားမိ၊ စဉ်းစားလိုသောအရာကား ကျွန်ုပ်လုပ်လို သော အလုပ်ကို လုပ်ဆောင်ခွင့် ရရေးပင် ဖြစ်သည်။ ထိုစဉ် အခါက ကျွန်ုပ်၏ လုပ်ငန်းတွင် အကူအညီ၊ အထောက်အပံ့၊ နည်းပေးလမ်းညွှန်၊ ပေးနိုင်၊ အားပေးနိုင်သူဟူ၍ တစုံတဦးမျှ မရရှိခဲ့ပေ။ မရရှိလျှင်လည်း ရှိပါစေတော့။ ကျွန်ုပ်ထိုက်နှင့် ကျွန်ုပ်ကံ။ ဝမ်းမနည်းမိ၊ အားမငယ်မိ။ ဖြေသိမ့်နိုင်ပေသေး သည်။ ဖြေမသိမ့်နိုင်သည်မှာတော့ ‘မကူညီချင်လျှင်နေ၊ မနှောင့် ယှက်ပါနှင့်’ ဟူသော မြန်မာဆိုရိုးစကားကဲ့သို့ ကျွန်ုပ်အား ဝိုင်းဝန်း၊ ဖိနှိပ်၊ နှိမ်နင်း၊ အညွန့်ချိုး၊ ကဲ့ရဲ့၊ ပျက်ရယ်ပြု၊ နှောက်ယှက်သူတွေအတွက် ဖြစ်သည်။ ယင်းအတွက် ကျွန်ုပ်၏ ရင်တွင်း၌ အမျက်ထွက်မှုဒေါသ၊ တွေဝေမှုမောဟ၊ စိုးရိမ်မှု သောက၊ စိတ်ဆင်းရဲမှု၊ ဒေါမနဿတို့နှင့်တကွ ခံပြင်းစိတ်၊

မကျေနပ်စိတ်၊ ရန်ငြိုးဖွဲ့စိတ် စသော မီးတို့သည် တဟုန်းဟုန်း လောင်ကျွမ်း ရှို့မြှိုက်လေတော့သည်။

ကျွန်ုပ်အလုပ်အတွက် ဆန္ဒစောမှုက အလွန် ကြီးထွားနေသည်။ လုပ်ခွင့် အခြေအနေကသည်း အရိပ်အရောင်မျှ ယှက်သန်းမလာပေ။ ဖွဲမီး လောင်စွဲသကဲ့သို့ ရင်တွင်းမှ အပူမီးတို့သည် တချိန်ထက်တချိန်၊ တနေ့ထက်တနေ့၊ တမြေ့မြေ့တိုးပွားအောင် ကျွမ်းလာသည်။ သည်အတိုင်းဆိုပါက ကျွန်ုပ်ရင်ကွဲ၍ သေပွဲဝင်ရန်သာ ရှိတော့သည်။ ကျွန်ုပ် သည်ကဲ့သို့အဖြစ်မျိုး အဖြစ်မခံနိုင်ပေ။ အချိုးအနှိုး သေခြင်းမျိုး အသေမခံနိုင်ပေ။ ဘဝတခုကို အဓိပ္ပာယ်မဲ့အဆုံးသတ်ခြင်းမျိုး အဆုံးသတ်မခံနိုင်ပေ၊ ရှေးဦးစွာ ဤအပူမီးတွေ အေးငြိမ်းသွားအောင် ပြုလုပ်ရပေမည်။ ထို့နောက် ခိုင်ခန့်၊ လေးနက်၊ တည်ကြည်နိုင်သော သမာဓိကို ခမ်းမြူထူထောင်ရပေမည်။ ထို့နောက် ဆင့်တက်ပြီး ကျွန်ုပ်လုပ်ငန်းအတွက် ဦးနှောက်အေးအေး၊ ခေါင်းအေးအေး၊ စိတ်အေးအေး ထားပြီး အအေးသုံးမျိုးကို မိတ်ဖွဲ့ကာ မနေသမီစပ်ကြား တဖြေးဖြေး တဆင့်စီတဆင့်စီ ပြုလုပ်ရပေဦးမည်။

ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသကဲ့သို့ ကျွန်ုပ်၏အပူမီး အေးငြိမ်းရေးအတွက် တခုတည်းသော နည်းလမ်းသည် ဗုဒ္ဓ၏ တရားဓမ္မမှတပါး အခြား မရှိတော့ပြီဟူ၍ သဘောပေါက်မိသည်။ ထိုတရားဓမ္မသည် ဝိပဿနာ၊ တရား ဓမ္မဖြစ်သည်။ ဖြစ်နိုင်လျှင် ချက်ချင်းပင် တောထွက်၍ တရားအားထုတ်လိုက်ချင်သည်။ သို့သော် ဝါတွင်းကာလ အချိန်သမယဖြစ်၍ သီတင်းကျွတ်သည် အထိ သည်းခံစောင့်ဆိုင်ရပေဦးမည်။

ဤအချိန်၌ ကျွန်ုပ်သည် ရန်ကုန်မြို့ သိမ်ဖြူဈေးအနီး သိမ်ကုန်း ကျောင်းတိုက် မေဓာရုံသီကျောင်းတွင် ခေတ္တစခန်းချ ဝါဆိုလျက်ရှိနေသည်။

ဘုရားရှင်တဆူ ပွင့်ပေါ်လာမှ သိခွင့်ရသော ဝိပဿနာတရားကို တကယ်တန်း ကျင့်သုံးတော့မည်ဟု ဆိုသောအခါ ကျွန်ုပ်ရင်မောရပြန်သည်။ အဘယ်သို့ ကျင့်သုံးမည်နည်းဟူသော ပြဿနာများသည် ကျွန်ုပ် ဦးနှောက်ထဲသို့ အပြေးအလွှား ဝင်ရောက်လာသည်။ ထိုစဉ်က ကျွန်ုပ်သည် ဓမ္မာစရိယတန်းကို သုံးနှစ်မျှ ဝင်ရောက်ပြီးနေပြီ ဖြစ်ပြီး သုံးနှစ်လုံးပင် တကျမ်းမျှမစွဲပဲ ကျဆုံးခဲ့သည်။ သို့ဖြစ်သော်လည်း ဓမ္မာစရိယ အရည်အချင်းသူများတကာနည်းတူ တတ်ကျွမ်းသည်ဟု ယုံကြည်ခဲ့သည်။ယင်းသို့ ဖော်ပြခြင်းသည် ကျွန်ုပ်ဂုဏ်ကို ကာကွယ်ဖာထေးလို၍မဟုတ်ပေ၊ ဓမ္မာစရိယမျှဖြင့် ဝိပဿနာတရား ကျင့်သုံးနည်းကိုအလျဉ်းမသိရှိခဲ့ပေဟူသော အချက်ကို ဖော်ပြဝန်ခံခြင်းသာ ဖြစ်သည်။ ယင်းသို့ဆိုလျှင် ကျွန်ုပ်ဆရာ ရှိရာပေမည်။ နေရာရှာရပေမည်။ ယင်းအတွက် ကျွန်ုပ်ကြားဘူးထားသော ဆရာများမှာသဲအင်းဂူဆရာတော်၊မဟာစည်ဆရာတော်၊ ကသစ်ဝိုင်ဆရာတော်၊ ဥာဏစာဂီဆရာတော်၊မိုးကုတ်ဝိပဿနာ၊ မင်းကွန်းဝိပဿနာ၊ ဟံသာဝတီဆရာတော်၊ စွန်းလွန်းဝိပဿနာ၊ ကန်ကြီးဝိုင်းဆရာတော်များ ဖြစ်ကြသည်။ ဆရာမပြလျှင် ငါးပိဖုတ်တောင် နည်းမကျဆိုရိုးစကားအတိုင်း တဦးဦးကိုတော့ ဆရာတင်ရပေတော့မည်။

ကျွန်ုပ်ငယ်စဉ် ၁၂ နှစ်သားအရွယ်ကစပြီး ဤအသက်အရွယ်ထိ လောကုတ္တရာစာပေခေါ် ဘုန်းကြီး စာပေဘက်တွင်

သာ ကျက်စားလာခဲ့သည်။ ယင်းအတွက် ပရိယတ်အစွဲသည် ကျွန်ုပ်၌ ခိုင်မြဲစွာရှိသည်။ ဗုဒ္ဓသာသနာတော်တွင် ပရိယတ် ပဋိပတ်၊ ပရိဝေဓဟူ၍ သာသနာသုံးရပ် ရှိသည်။ ထိုအနက်က ဝိပဿနာအလုပ်သည် ပဋိပတ္တိသာသနာ့ အလုပ်သက်သက် ဖြစ်သည်။ ထိုအလုပ်သည် ဗုဒ္ဓထုတ်ဖော်ထားသောအလုပ်ဖြစ်သည်။ ထိုအလုပ်ကို စနစ်တကျ လုပ်ကိုင်နိုင်ရန် လုပ်ထုံးလုပ်နည်းများသည် ဗုဒ္ဓ ၄၅–ဝါ ကာလပတ်လုံး ဟောကြားထားသော တရားမွေများကို စာပေအဖြစ် အက္ခရာတင်ရှိထားသော ဗုဒ္ဓစာပေခေါ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တွင် အပြည့်အစုံပါရှိသည်။ ယင်းသည် ပရိယတ်သာသနာဖြစ်၍ ထိုပရိယတ်သာသနာ၌ ဝိပဿနာကျင့်နည်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများကို သဒ္ဒါအားဖြင့်ရင်း၊ အနက်အားဖြင့်ရင်း၊ ၂ ခုလုံးအနေဖြင့်ရင်း၊ အပြည့်အစုံ ဖော်ထုတ်ထားလေသည်။

ယင်းအတွက်ဝိပဿနာအလုပ်ခေါ် ပဋိပတ်အလုပ်ကို ကျင့်သုံးရာ၌ ဆရာလုပ်သူ နည်းပေးလမ်းညွှန်ပေးသော ပုဂ္ဂိုလ်သည် ဗုဒ္ဓစာပေခေါ် ပရိယတ်အကိုးအကားနှင့် တိကျစွာ လမ်းညွှန်ပြသနိုင်မှု၊ ထိုပုဂ္ဂိုလ်ကို ကျွန်ုပ် ဆရာတင်နိုင်မည်ဖြစ်သည်။ ယင်းကဲ့သို့ ကျွန်ုပ်၌ ပရိယတ်စွဲရှိနေသည်ဖြစ်ရာ ကျွန်ုပ်၏ ဓမ္မာစရိယတန်း၊ ပရိယတ်ပညာအရည်အချင်းသည် ဤလောကီဒေသ ဝေဘန်နိုင်၊ စိစစ်နိုင်၊ ပိုင်းခြားနိုင်ပေသေးသည်။ ယင်းသို့ဖြင့်ကျွန်ုပ်မှာ ဆရာရှာရေးကိစ္စ၌ သို့လော သို့လော မဝေခွဲနိုင် ဖြစ်နေရသည်။

တနေ့သောအခါ ကျွန်ုပ်နှင့် ငယ်သူငယ်ချင်းလည်းဖြစ်၊ တရပ်ထဲသားလည်းဖြစ်၊ တကျောင်းထဲထွက်လည်း ဖြစ်၊ ဆရာ

တူ တပည့်လည်းဖြစ်သူ အရှင်မာလာဝံသသည် စာရွက်တရွက် ကိုင်၍ ကျွန်ုပ်ထံသို့ ရောက်ရှိလာသည်။ သူသည် သိမ်ဖြူလမ်း ပညာရာမိကမဟာ (အေ) တိုက်တွင် နေထိုင်သူဖြစ်သည်။ ကျွန်ုပ်တို့ သိမ်ကုန်းကျောင်းနှင့် သိပ်မဝေးလှပေ။ သူက ကျွန်ုပ်ဆီသို့ ထိုစာရွက်ကို လှမ်းပေးပြီး ဆိုလေသည်။

'ကိုယ့်လူ ဘာမှတွေဝေ ငေးငိုင်စဉ်းစားမနေနဲ့။ ကိုယ့်လူ ရှာနေတဲ့ ဆရာရော နေရာရော တွေ့ပြီ။ အဲဒီကိုသာ ကြွပေတော့။ ရော့၊ ဒီစာရွက်ဖတ်ကြည့်' သူထိုးပေးလာသောစာရွက်ကိုကျွန်ုပ် ကဗျာကရာ ဆွဲယူ ကြည့်လိုက်သည်။ စာရွက် ခေါင်းစဉ်၌ "သဒ္ဓမ္မတ္ထယ၊ ပဏ္ဍိတစာမေးပွဲ ကြော်ငြာ"ဟူ၍ တပ်ထားသည် ဖြစ်ရာ ကျွန်ုပ် မျက်လုံးပြူးသွားသည်။ 'စာမေးပွဲနှင့်ငါနဲ့ ဘာဆိုင်သလဲ' ဟူ၍ အတွေးပေါက်မိသည်။ သို့သော် အောက်ပါ စာကြောင်းကို ဖတ်မိလိုက်သောအခါတွင်မူကား ကျွန်ုပ်တကိုယ်လုံး ဘာကြောင့်ရယ်မသိ ဖရဏာပီတိ ဝမ်းဆီထိသို့ တစိမ့်စိမ့် ကြက်သီးတဖြန်းဖြန်းနှင့် နှစ်သိမ့် ကြည်နူးမှုတွေ ထူးခြားစွာ ဖြစ်သွားသည်ကို ပြောမယုံနိုင်လောက်အောင် အံ့သြဖွယ်ရာ တွေ့ရသည်။ အကြောင်းကား စာမေးပွဲကြော်ငြာနှင့်အတူ တရားမေ့နှင့် ပတ်သက်သော စာကြောင်းကိုပါ တွေ့လိုက်ရ၍ ဖြစ်သည်။

# ဝတ္တုလိ သုတ်

၁။ တရားမှန်ကို (သမ္မာပညာဖြင့်) မြင်နိုင်လျှင်တရားမှန်နှင့် ဘုရားမှန်ကိုပါ မြင်ပါတော့သည်။

၂။ တရားမှားကို (သဒ္ဓါဖြင့်) အမှန်ဟု ထင်နေလျှင် တရားစစ်နှင့် ဘုရားစစ်ပါ ကွယ်တော့သည်။

ထိုစာလေးကြောင်းသည် ကျွန်ုပ်၏ ခန္ဓာတကိုယ်လုံး သိမ့်ကနဲ စိမ့်ကနဲနေအောင် ကိုင်လှုပ်နိုင်စွမ်း ရှိလှ၍ ကျွန်ုပ်အတွက် အလွန်ထူးခြားသော စာကြောင်းများ ဖြစ်နေရာ စာတရွက်လုံး ဆုံးအောင် သုံးလေးခေါက်မျှ ဖတ်ပြီးသည်ဟုဆိုလျှင်ကျွန်ုပ်မှာ အားရဝမ်းသာစွာဖြင့်

'ဒီဌာနကို ဘယ်လိုခေါ်သလဲ။ ဘယ်မှာရှိသလဲ။ ရန်ကုန်နဲ့ ဘယ်လောက်ဝေးသလဲ။ ရန်ကုန်မှာပဲရှိသလား'

စသော မေးခွန်းတွေကို ဗလုံးဗထွေး မေးမိပါတော့သည်။ အရှင် မာလာဝံသက ကျွန်ုပ်၏ဖြစ်ရပ်ကို သဘောကျသွားဟန် တူသည်။ ခပ်ပြုံးပြုံးလုပ်လျက်

'သံလျင် တောရ ဆိုတာ မကြားဘူးဘူးလား။ ရန်ကုန်နဲ့ တဖက်ကမ်း သံလျင်မှာ ရှိတယ်လေ'

ကျွန်ုပ်က အလောသုံးဆယ်နိုင်သလောက် သူက အေးဆေးစွာ ပြောနေလေသည်။ ယင်းသို့ဖြင့် ကျွန်ုပ်သည် ထိုဌာနကိုသွားရောက် စုံစမ်းလေ့လာရန် ဆုံးဖြတ်လိုက်ပါသည်။ အချိန်ကြာကြာ ဆိုင်းငံ့နေသည်တော့ မဟုတ်ပေ။ နက်ဖြန် နံနက်စောစော သွားရောက်ကြမည်ဖြစ်သည်။ အရှင်မာလာဝံသ ပြန်သွားသည့်တိုင် ဘာကြောင့်ရယ်မသိ၊ ကျွန်ုပ်စိတ်ထဲ အမျိုးအမည်မသိသော ခံစားချက်ကို ခပ်မြက်မြက် ခံစားနေရခြင်းနှင့်အတူ 'သံလျင်တောရ၊ သံလျင်တောရ' ဟူ၍ အထပ်ထပ် ရေရွတ်နေမိတော့သည်။ ဤအမည်ကို ကျွန်ုပ်ဘဝတသက် ယခုအကြိမ်သည် ပထမဆုံးအကြိမ် ကြားဘူးရခြင်း ဖြစ်ပေသည်။

အရှင် မာလာဝံသနှင့် ကျွန်ုပ်တို့ နံနက် ၇-နာရီခွဲ သဘော်ခေါက်နှင့် သံလျင်ဘက်သို့ ထွက်လာခဲ့ကြသည်။ သီတာ ၁ သဘော် ရန်ကုန် သီတာဆိပ်ကမ်းက ခွာသည်ဟုဆိုလျှင် ကျွန်ုပ်တို့နှင့်အတူ ဇင်ယော်ငှက်လေးများလည်း အပြေးအလွှား လိုက်ပါလာကြသည်။ သဘာဝအလျောက် ပျော်ရွှင်မြူးတူးနေကြသော သူတို့ဘဝကိုကြည့်ပြီး တမျိုးတမည် ကြည်နူးမိရသည်။ ဇင်ယော်ငှက်ကလေးများသည် အစာအတွက် လိုက်ပါလာခဲ့ကြသည် ဖြစ်ရာ အစားအစာ မစားရမှန်းသိကြသောအခါ၌ သူတို့

လိုရာခရီး ပျံသန်းသွားကြတော့သည်။ သူတို့ဘဝသည် ပေါ့ပါးသော တာဝန် ရှိလေသည် ဟူ၍ သဘောပေါက်မိသည်။ ဗုဒ္ဓက ‘ရဟန်းဘဝဟူသည် ငှက်ကဲ့သို့ အတောင်သားလျှင် ဝန်ရှိရမည်’ ဟူ၍ မိန့်မြွက်ထားရာ ‘ငါလည်း သိဘင်းကျွတ်လျှင် ဗုဒ္ဓမိန့်မြွက်ချက်အတိုင်း လိုက်နာ ကျင့်သုံးကြည့်မည်’ ဟူ၍ ဆုံးဖြတ်မိပါတော့သည်။

ရှေးဦးစွာ ကျွန်ုပ်တို့ သံလျင်ဈေးအနီး ကြံ့ခိုင်ရေးလမ်းနေ သူကြီးဟောင်း ဦးချစ်ထွန်းအိမ်သို့ ဝင်ရောက်ကြသည်။ ဝင်ရောက်ရခြင်းအကြောင်းမှာ ဦးချစ်ထွန်းနှင့်သိ၍ မဟုတ်ပေ။ ကြော်ငြာစာရွက်တွင် ဦးချစ်ထွန်းလိပ်စာ ပါရှိသောကြောင့် ဖြစ်သည်။ ထိုပြင်တဝလည်း သံလျင်တောရမရောက်ခင် သံလျင်တောရကျောင်းကို စုံစမ်းလိုသည်ကတကြောင်း၊ ကျွန်ုပ်တို့ တခါဘူးမှမရောက်ဘူးသော သံလျင်တောရကိုလိုက်ပို့စေလိုသည်က တကြောင်းမို့ ဝင်ရောက်ရခြင်း ဖြစ်သည်။

သူကြီးဦးချစ်ထွန်းမှာ ရောင်ကြီးဗွေနှင့် ခေါင်းပေါင်းနှင့် ခန့်ငြား ဝဖိုင့်သူတဦးဖြစ်သည်။ စကားပြောကောင်းသူလည်း ဖြစ်သည်။သူနှင့်နာရီဝက်နေ့ စကားပြောကြစဉ်အတွင်း၌ ဝိပဿနာနှင့်ပတ်သက်၍ ခေတ်ကြီးလေးပါးကို ဦးစားပေး ပြောကြောင်း တွေ့ရလေသည်။ ကိုးကားပြောကြားသော ဆရာဝါဒအဖြစ် သံလျင်တောရ ဆရာတော်အယူအဆနှင့် လယ်တီဆရာတော် ဒီပနီကျမ်းစာများကို ကိုးကား ပြောဆိုသည်။ များသောအားဖြင့် လယ်တီဆရာတော် ဒီပနီကျမ်းစာကို အများဆုံး ကိုးကားပြောသည်။ကျွန်ုပ်သည် ဤပုဂ္ဂိုလ်သည် လယ်တီဆရာတော်

၏ တပည့်ရင်းများ ဖြစ်လေသလားဟူ၍ပင် အတွေးဝင်မိသည်။ သို့သော်မဟုတ်ပေ။ စာကိုဖတ်ပြီး ဒီပနီစွဲ စွဲနေသူတဦးသာ ဖြစ်ကြောင်း နောင်အခါမှ သိရသည်။

သူကြီးဦးချစ်ထွန်း ပြောကြားချက်အရ သံလျင်တောရသည် အလွန်တောကျသည်။ အစားအသောက် အနေအထိုင် ဆင်းရဲသည်။ နံနက်အာရုံတွင် ယာဂုသောက်ရပြီး နေ့လည်တွင် ကိုယ့်ဆွမ်းကိုယ် ခံစားရသည်။ အမြဲနေသော သံဃာသည် တောထွက်ကြီးနှစ်ပါး သုံးပါးမျှသာ ရှိသည်ဟုဆိုသည်။ အခြားသံဃာတွေမှာ အမြဲနေကျရိုးမရှိ၊ ၁၅ ရက်တန်သည်၊ တလတန်သည်၊ တရား လာအားထုတ်ကြပြီး ပြန်သွားကြသည်။ အထွက်အဝင် အသစ်အဟောင်း ပြောင်းလဲနေသည်။ တောကျောင်း တောဘုန်းကြီးဆိုတော့ မြို့ကသံဃာတွေဘယ်မှာလာနိုင်ကြမည်နည်း။ လာလည်း ကြာကြာ ဘယ်မှာ နေနိုင်ကြမည်နည်း ဟူ၍ဆိုသောအခါ အမှန်အတိုင်းဆိုရပါမူ ကျွန်ုပ်အတော်လေး စိတ်ပျက်သွားမိသည်။ တောထွက်ကြီးတွေနှင့် ကျွန်ုပ်အတူတူ နေထိုင်လို့ဖြစ်ပါမည်လော။ တောထွက်ကြီး နှစ်ပါး၊ သုံးပါးနှင့်နေသော သံလျင်တောရ ဆရာတော် တောဘုန်းကြီးသည် စာတတ်ပေတတ်မှ ဟုတ်ပါ၏လော စသော အတွေးတွေ တသီကြီး တွေးမိသည်။ သို့နှင့်ပင် သူကြီးဦးချစ်ထွန်းအိမ်မှ သံလျင်တောရသို့ ဦးချစ်ထွန်းနှင့်အတူ ခြေလျင်လာခဲ့ကြရာ မိနစ် ၂၀ ခန့်အကြာ သံလျင်တောရသို့ နံနက် ၉ နာရီခွဲကျော်တွင် ရောက်ရှိခဲ့ကြသည်။

သံလျင်တောရဆရာတော်ကို ဖူးတွေ့ရသည့်ကာလ အရပ်တော်မှာ ၆ ပေခန့် ရှိမည်ထင်သည်။ အရပ် ထောင်ထောင်မောင်းမောင်း ခြေတန်လက်တန်ရှေသည်။ အသားမှာ မဖြူမညိုဝါဝင်းစိုပြေသော အသားတော်ရှိသည်။ မျက်နှာတော်မှာ ကြည်လင်ဘည်ငြိမ် အေးမြနေသည်။ ဝသည်ဟု မဆိုနိုင်သော်လည်း တကိုယ်လုံးခြုံကြည့်လျှင် ခန့်ငြားလေးစားဖွယ် ကြည်ညိုဖွယ်အသွင်ကို ဆောင်နေသည်။ အတန်ကြာမျှ ရုပ်ရည်တော်ကို ကြည်ညိုမိနေပြီး စောစောက အထင်အမြင်သေး စိတ်တို့သည် ယူပစ်လိုက်သလို ဘယ်ဆီသို့ ပြေးလွှား ပျောက်ကွယ်လေသည် မသိ ကြည်ညိုစိတ် လေးစားစိတ် အားထားစိတ်များ တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်နှင့်အညီ ဤပုဂ္ဂိုလ်အား အမှန်ပင် ပညာရှိ သူတော်ကောင်း ဖြစ်နိုင်သောက်ပေသည်ဟူ၍ အတွေးဝင်မိတော့သည်။

'ကိုယ်တော်လေးများ အလည်သလာခဲ့ကြသလား။ ဟိုဘက်ကမ်းက ကူးလာခဲ့ကြတယ် ထင်တယ်'ဟူ၍ သံလျင်တောရဆရာတော်က စတင်နှုတ်ခွန်းစကား ဆိုလာလေသည်။

'မှန်ပါ။တပည့်တော်တို့ ဟိုဘက်ကမ်းက ကူးလာခဲ့ကြပါတယ်ဘုရား။ ဒီကိုလာတဲ့ကိစ္စက အလည်သက်သက်ရယ်လို့တော့ မဟုတ်ပါဘူးဘုရား။ ဝိပဿနာတရား ကျင့်သုံးချင်လို့ ဝိပဿနာတရားနဲ့ပတ်သက်လို့ စုံစမ်းရအောင် လာခဲ့ကြပါတယ်ဘုရား'

ကျွန်ုပ်က ရိုသေစွာ လျှောက်ထားလိုက်ပါသည်။

'ဘယ်လိုများ စုံစမ်းသိလို့သလဲ'ဟူ၍ ထပ်ဆင့် မေးလာသော အခါ ကျွန်ုပ်က 'တပည့်တော်တို့ဟာ ပရိယတ်သမားတွေဖြစ်

ပါတယ်၊ ဝိပဿနာတရား အားထုတ်တဲ့အခါ စာနဲ့ပေနဲ့ကိုက်မှ လဲ အားထုတ်ချင်ပါတယ်ဘုရား'

ဟူ၍ ဒဲ့ဒိုးကြီးလျှောက်မိလျက်သား ဖြစ်သွားတော့သည်။ ပြီးခါမှ ငါပြောလိုက်ထာ လွန်များသွားသလား၊ ရိုင်းများ နေသလားဟူ၍ အားတောင့်အားနာ ဖြစ်သွားမိသည်။

'ခုလို အလုပ်တခုလုပ်မယ်ဆိုရင် မလုပ်ခင် စုံစမ်းလေ့လာ တာဟာ ကောင်းပါတယ်။ ကိုယ်တော်လေးများ စာနဲ့ ပေနဲ့ ကိုက်မကိုက်သိချင်ရင် ရန်ကုန် မင်္ဂလာသုခမင်္ဂလာဒွိတက္ကသိုလ်မှာ စာချဘုန်းကြီးဖြစ်တဲ့ သိရေမဏိဘုံ့ရ အရှင် ဥာဏမဥ္ဇူကို သိ တယ်မဟုတ်လား။ သူ့ဆီလဲ့သွားပြီး မေးမြန်းကြည့်နိုင်တယ်။ ပြီးတော့ ကိုယ်တော်လေးများ တရားလာအားထုတ်တဲ့အခါကျ ဘော့ဘယ်ကျမ်းဂန်အရ ဘယ်လိုဘယ်လိုအားထုတ်တယ်ဆိုတာ ကျမ်းဂန်ကိုပါပြမယ်။ ဒီမှာ ပိဋကတ်တော်တွေ အစုံ ရှိတာဘဲ။ ဟိုမှာကြည့်ပါလား'ဟူ၍ လက်ညှိုးထိုးပြရာ ကျွန်ုပ်တို့မျက်လုံး တို့က ထိုပြရာနေရာသို့ ချက်ခြင်း ရောက်သွားတော့သည်။

ဟုတ်ပါသည် ဆဋ္ဌမမူ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် စာ အုပ်တွေ တပုံတပင်ကြီး တွေ့မြင်ရသည်။ တဆက်တည်း ဟိုဟို ဒီဒီ အကဲခတ်ကြည့်ရှုရာ အဖိုးတန် ပစ္စည်းပစ္စယဟူ၍ ထိုစာအုပ် မှတပါး ပြောပလောက်အောင် အခြား အဖိုးတန်ပစ္စည်းများ မတွေ့မြင်မိပေ။ ယင်းအတွက် ပို၍ ကျွန်ုပ်လေးစားမိသည်။ ကျွန်ုပ်ယူဆချက်၌ တရားပြဆရာသည် ပစ္စည်းလာဘ်လာဘ ပေါများနေလျှင် ဤဆရာသည် သိပ်နေရာမကျသေးဟူ၍ ယူဆ ထားသည်။ ဆက်လက်၍ ဆရာတော်အမိန့်ရှိပြန်သည်။

'ပဋိပတ် လုပ်လာပြီဆိုရင် ပရိယတ်ပညာဘက်မှာ ပိုပြီးအမြင်ကျယ်လာတယ်၊ လေးနက်လာတယ်၊ ပါဠိပိဋကတ်စာတွေကို ကြည့်တတ်လာတယ်၊ သဒ္ဒါပညာကို ပိုမိုသဘောပေါက်လာတတ်တယ်'

ထိုစကားကိုတော့ကျွန်ုပ်အလွန်သဘောကျနှစ်ချိုက်မိသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ကိုယ်တိုင်ကလည်း ပဋိပတ်လုပ်လျှင် သမာဓိသည် ခိုင်ခန့်သော သမာဓိဖြစ်လာမည်။ ထိုသမာဓိသည် ထူးခြားသော စွမ်းရည်သတ္တိရှိရမည်။ ထိုသမာဓိဖြင့် ပရိယတ် ပညာကို ကောင်းစွာ ထိုးဖေါက် သိရှိနိုင်မည်ဟု သဘောပေါက်ထားသောကြောင့်ဖြစ်သည်။ယင်းသို့ဖြင့် ၁၀နာရီခွဲပြီဖြစ်ရာ ဆွမ်းစားနီးပြီဖြစ်၍ ဆရာတော်သည် ရေချိုးရန် ကြွသွားလေသည်။

ဆရာတော် ရေချိုးနေစဉ်တွင် ကျွန်ုပ်တို့နှစ်ယောက်တည်း လွတ်လပ်စွာ ရှိကြသည်၊ ကျွန်ုပ်တို့ကျောင်းထဲတွင် လိုက်လံကြည့်ရှုသည်။ ကျောင်းမှာ နှစ်ထပ်တိုက် ကျောင်းကလေးဖြစ်သည်။ ပေ ၄၀၊ ပေ ၃၀ လောက် ရှိပေမည်၊ မီးဖိုချောင်တွင် ကပ္ပိယဒါယကာတဦး ရေနံဆီ မီးဖိုတလုံးနှင့် အလုပ်လုပ်နေသည်ကို တွေ့ရသည်။ ခေါင်းရင်းဘက်တွင် ဘုရားဆောင် သီးသန့်တဆောင်ရှိသည်။ ဆရာတော်သည် ဘုရားကို အလွန်ကြည်ညိုလေးစားကြောင်း သတိပြုမိသည်၊ ဘုရားရှေ့၌ အနံ့နှစ်တောင်၊ အလျား တလန်ကျော် စာပွဲနှစ်လုံး တွေ့ရသည်။ ထိုအပေါ်၌ ဘုရားကို လှူဒါန်းထားသော သစ်သီးမျိုးစုံ၊ မုန့်မျိုးစုံ၊ ပန်းမျိုးစုံကို လှူဒါန်းထားသည် တွေ့ရသည်။ စာပွဲနှစ်လုံး

အပြည့်ဖြစ်သည်။ ငှက်ပျောသီး၊ အဖီးလိုက်၊ မုံ့သေတ္တာလိုက်၊ သစ်သီးဆိုလျှင် ကွဲကော်သီး၊ ဒူးရင်းသီး စသည် အလုံးလိုက် တွေ့ရသည်။ ထိုနောက် ဟိုဘက်ဒီဘက် နံရံများတွင် ဆရာတော် ကိုရင်ဝတ် ပဥ္စင်းဝတ် ဓာတ်ပုံများ၊ ဆရာတော်ဓာတ်ပုံများ၊ မှန်ကြီးမှန်သေးများနှင့် ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ထိုဓာတ်ပုံများသည် သူ၏ ကိုယ်ရေးသမိုင်းဝင် ဓာတ်ပုံများအဖြစ် ရိုက်ကူးထားကြောင်း သတိပြုမိသည်။ တနေရာတွင် အင်္ဂလိပ်လို ရေးသားထားသော နံရံကပ်စာတစ်ရွက်ကို တွေ့ရသည်။ထိုအခါကျွဲဆရာတော်သည်အင်္ဂလိပ်လိုလည်း တတ်ဟန်တူသည်ဟူ၍ ကျွန်ုပ်စဉ်းစားမိသည်။ ကျွန်ုပ်တို့ ထိုစာကြောင်းကို သွားကြည့်ကြသည်။

'ဦးမာလာ ဘာတွေရေးထားတာလဲ၊ ဘာသာပြန်ပြစမ်းပါ

ဦးမာလာသည် အဘန်ကြာမျှ စူးစိုက်ဖတ်ရှုကြည့်ပြီးလျှင်

'အကုန်လုံးတော့ ဘာသာမပြန်တတ်ဘူး တပည့်တော်သိတာ အနည်းအကျဉ်းလောက်တော့ ပါတယ်'

'သိသလောက်ပေါ့ ဦးမာလာ၊ ဦးမာလာ သိသလောက် ဘာသာပြန်ပြစမ်းပါ' ဦးမာလာ ဘာသာပြန် ပြချက်များ အနက်က ကျွန်ုပ်ယနေ့တိုင် မှတ်မိသောအချက်မှာ

သင်သည် သင်၏ရန်သူလည်း ဖြစ်နိုင်သည်။
သင်၏ မိတ်ဆွေလည်း ဖြစ်နိုင်သည်။
ထိုနှစ်ချက်တွင် သင်သည် ကိုယ့်ကိုယ်ကို
ရန်သူဖြစ်အောင် မလုပ်မိပါစေနှင့်
မိတ်ဆွေဖြစ်အောင်သာ ပြုလုပ်မိပါစေ။

ထိုစာတမ်းများသည်သည်း ကျွန်ုပ်ဘဝင်ကို ခတ်သဲသဲ ခိုက်မိစေပြန်သည်။ မှန်ပါသည်။ ကျွန်ုပ်တို့လူသားတို့သည် ကိုယ့်ကိုယ်ကို မိတ်ဆွေဖြစ်အောင် လုပ်မိခြင်းထက် ရန်သူဖြစ်အောင် လုပ်မိခြင်းက များတော့သည်ဟူ၍ အတွေးပေါက်မိသည်။ ယင်းသို့ဖြင့် ဆွမ်းစားချိန်တွင် ဆရာတော်ကြီးနှင့် တဝိုင်းတည်း စားကြရသည်။ ဆရာတော်ကြီးနှင့် ကျွန်ုပ်တို့နှစ်ပါး ဆွမ်းစားဝိုင်းထိုင်၍ များမကြာမီ နောက်ထပ်နှစ်ပါး သက်တော်ကြီးကြီးမားမား ရောက်ရှိလာကြသည်။ သူတို့သည် ဆွမ်းမစားမီ ဘုရားနှင့် ဆရာတော်ကြီးအား ဦးသုံးကြိမ်စီချပြီးမှ ဆွမ်းစားဝိုင်း ထိုင်ကြသည်။ ကျွန်ုပ်ကတော့ မှတ်ချက် ချလိုက်ပါသည်။ သူကြီး ဦးချစ်ထွန်းပြောသော တောထွက်ကြီးနှစ်ပါးသုံးပါးဆိုသည်မှာ ဤပုဂ္ဂိုလ်တွေ ဖြစ်ရပေမည်။ တောထွက်ကြီးတွေက သူတို့ဆရာတော်တော့ သူတို့ ရှိသေလေးစားကြသားပဲဟူ၍ပင် ဖြစ်သည်။ သို့သော် ကျွန်ုပ်တွေးထင်မှု မှားယွင်းကြောင်း နောင်အခါမှ သိရသည်။ ထိုပုဂ္ဂိုလ်နှစ်ပါးမှာ တောထွက်ကြီးတွေမဟုတ်ပဲ ထေရ်ကြီးဝါကြီးတွေ ဖြစ်ကြသည်။

တပါးမှာ အထက်အညာ ဆိမ်းကံရွာက မြင်းခြံဆရာတော်ဖြစ်ပြီး တပါးမှာ သံလျင်ကမ်းနား ဗိုလ်ကုန်းကျောင်းတွင် သီတင်းသုံးသော ဗိုလ်ကုန်းဆရာတော်ဖြစ်သည်။ သူတို့နှစ်ပါးလုံး တရားလာအားထုတ်ကြသည်ဟု သိရသည်၊ မြင်းခြံဆရာတော်မှာ သုံးနှစ်ခန့်ပင်ရှိပြီး တိုက်အုပ်ဘုန်းကြီး ခန့်ထားသည်ဟု သိရပေသည်။ ထိုနေ့က ဟင်းလျာများ တော်တော်လေးဖွယ်ဖွယ်ရာရာ စုံလင်ပေသည်။ သူကြီး ဦးချစ်ထွန်း ပြော

သလောက် မဆိုးလှဟု ထင်မိသည်။ ရန်ကုန်တွင် ကျွန်ုပ်တို့ ဤမျှလောက်တောင် မစားကြရပေ။

'ရန်ကုန်မှာတော့ ဆန်ကောင်းကောင်း စားကြရမှာပေါ့' ဆွမ်းစားရင်း ဆရာတော်ကြီးက ဆိုသည်။

'မှန်ပါ။ ဆန်ကောင်းကောင်းစားရပါတယ်ဘုရား။ ဆွမ်းခံရတဲ့ ဆွမ်းတွေ ကောင်းပါတယ်ဘုရား'ဟူ၍ ကျွန်ုပ်က ပြန်လည်လျှောက်တင်လိုက်ရသည်။

ထိုစဉ်က ရန်ကုန်ဆွမ်းသည် အမှန်လည်း ကောင်းပါသည်။ ကျွန်ုပ်သည် ကျောက်မြောင်း၊ ပုဇွန်တောင်၊ တောင်ညွန့်၊ ရေကျော်တို့ကို အလှည့်ကျဆွမ်းခံထွက်သည်ဖြစ်ရာ ထိုမှ ရလာသော ဆွမ်းလေးတွေသည် ဖွေးဖွေးဖြူ ကော့ပျံလျက်ရှိခဲ့သည်။ ယခုသုံးဆောင်နေရသော ဆွမ်းတွေထက် သာပေသည်။

'တပည့်တော်တို့ သိတင်းကျွတ်လျှင် ဆရာတော်ဆီလာပြီး တရား လာအားထုတ်ပါမယ် ဘုရား'

ဆွမ်းစားပြီး ထိုစကားကို လျှောက်တင်၍ ကျွန်ုပ်တို့ ပြန်လာခဲ့ကြတော့သည်။

[ ၂ ]

# ရကုန်မှ ရန်ကုန်သို့ ရှစ်ရက်ခရီး

၁၃၃၂ ခု၊ သီတင်းကျွတ်လဆန်း(၉)ရက်၊ ည ၁၂ ချက်တီးကျော်တွင် သိမ်ကုန်းကျောင်းမှ ရန်ကုန်ဘူတာကြီးသို့ ထွက်ခဲ့သည်။ မော်လမြိုင်စာပို့ရထားသည် နံနက် ၄ နာရီ ၄၅ မိနစ်တွင် စထွက်ခွာပေမည်။ ထိုရထားကို စီးနင်းလိုက်ပါရန်ဖြစ်သည့် ကျွန်ုပ်အား အမျှင်မာလာဝံသပင်လိုက်၍ ပို့ပေးသည်။ ငယ်စဉ် ၁၄ နှစ်သား အရွယ်ကစပြီး ၁၀ နှစ်ကျော်နေပျော်ခဲ့သော ရန်ကုန်ရွှေမြို့တော်ကြီးနှင့် ခွဲခွာရတော့မှာပါတကားဟူသော အသိဝင်လေတိုင်း ကျွန်ုပ်၏ရင်ဝတွင် ခံစားချက်မျိုးစုံ ပြည့်လျှမ်းကြီးစိုးလာသည်။

ခံစားချက်ဒွန်ဒယ်သည် အင်အားမသေးသိမ်လှ။ အလွန် ကြီးမားနေသည်။ ကျွန်ုပ်၏ ရင်ဘတ်ဘခုသုံး အဝတ်နဲ့နာနာစီးထားသကဲ့သို့ တင်းကြပ်လွန်းလှသည်။ ကျွန်ုပ်ရန်ကုန်မှ အခြားတပါး

သော အရပ်သို့ ခရီးများစွာ ထွက်ခဲ့ဘူးသည်။ သို့သော် ဤတခေါက်လောက် ဘယ်အခါမှ ခံစားချက် မပြင်းထန်ခဲ့ဘူးပေ။ ရှေးရှေးခရီးစဉ်နှင့် ယခု ခရီးစဉ်မှာ အဓိပ္ပာယ် အနှစ်သာရချင်း မိုးနှင့်မြေလောက် ကွာဟ၍ ထိုသို့ ဖြစ်တန်ကောင်းပေသည်။

သီတင်းကျွတ်လဆန်း (၉)ရက်နေ့ ကျွန်ုပ် တောထွက်မည်ဟူသော သတင်းသည် ကျွန်ုပ်ပတ်ဝန်းကျင်တွင် လှိုင်းထနေသည်။ ထိုသတင်းကိုလည်း ကျွန်ုပ် စောစီးစွာကပင် ပြောကြားထားသည်။ သို့သော်ဘယ်အရပ်၊ ဘယ်ဒေသ၊ ဘယ်သို့ သွားမည်ဆိုသည်ကို အရှင်မာလာဝံသကစ၍ ဘယ်သူမှ မသိပေ။အားလုံးကိုတော့ ၆-လကြာမည်၊ တပေါင်းလ ရန်ကုန်ပြန်ရောက်မည် ဟူ၍တော့ အသိပေးထားပေသည်။

အမှန်တော့ ယခုကိစ္စသည် ကျွန်ုပ်ဘဝတခုလုံးတွင် အစွန်းစားဆုံး စွန့်စားမှုမျိုးဖြစ်သလို မိမိရပ်မြို့သဖွယ်လည်း ဖြစ်နေသော ကျွန်ုပ် အလွန်လည်း ပျော်ရွှင်နှစ်သက်မှုရှိနေသော ရန်ကုန် ရွှေမြို့တော်ကြီးနှင့် လပေါင်းများစွာ ကင်းကွာနေတော့မည်ဟူသော အချက်ကို ကျွန်ုပ်ကိုယ်တိုင်လည်း မသိရှိပေ။

အမှန်တကယ် သီတင်းကျွတ်သည်မှာ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့ဖြစ်သည်။ ရဟန်းတော်များအနေဖြင့် ထိုအခါမှသာ မိမိတို့သွားလိုရာ သွားနိုင်လေသည်။ သီတင်းကျွတ်လဆန်း (၉)ရက်သည် ဝါမကျွတ်သေးပေ။

သို့သော် 'လဆန်း (၉)ရက် ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ' ဟူသော ဝိနည်းကံဒေသနာစာဆိုအတိုင်းဝါတွင်း၌ အကြောင်းကိစ္စ ကြီးငယ်ရှိ၍ ခရီးသွားလိုသော် ဝါပန်ပြီး (၇)ရက်အထိ

သွားလာခွင့်ရှိသည်၊ ယင်းအတွက် လဆန်း(၉) ရက် ဝါပန်ခရီး ထွက်ကြသော ရဟန်းတော်များအဖို့ လပြည့်လျှင် (၇)ရက် စိ သွားသည်။ လပြည့်ကျော်တရက်နေ့၌ ဝါကျွတ်ပြီဖြစ်၍နောက် ထပ် ဝါပန်စရာ မလိုတော့ပေ။ ရောက်ရာအရပ်မှ ပြန်လိုက ပြန်၊ သွားလိုက သွားလိုရာ သွားနိုင်တော့သည်။ ယင်းနည်းဖြင့် ကျွန်ုပ် ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။

ကျွန်ုပ်၏ခရီးအစဉ်မှာ ရွှေဥဒေါင်း တောကျောင်းတကျောင်း တွင်ဘလခန့်ပရိဝတ်ဆောက်တည်ရန်ဖြစ်သည်။ပရိဝတ်ဆောက် တည်နေစဉ် အခါအတွင်းမှာလည်း လိုအပ်သော သမာဓိကို စိတ်ဖော်လက်အား ထူထောင် မွေးမြူရန် ရည်ရွယ်ချက်လည်း ပါသည်။ ထိုကိစ္စ ပြီးစီးမှ သံလျင်တောရတွင် ဝိပဿနာတရား အားထုတ်ယူရန်ဖြစ်သည်။

ရဟန်းတော်များ ပရိဝတ်ဘည်ဆောက်ရခြင်း အဓိပ္ပာယ် သည် ညစ်ထေးသော သီလများ စင်ကြယ်သွားအောင် သီလ ဆေးခြင်း ဖြစ်သည်။ တနည်းအားဖြင့် ကျရောက်သော အပြစ်၊ ဒေါသ၊ အာပါတ်များ ပျောက်အောင် အာပါတ်ကို ကုစား ခြင်း ဖြစ်သည်။

မှန်ပါသည်။ ရဟန်း ၊ ဘုန်းကြီးမှန်လျှင် အာပါတ်သည် သင့်ရစမြဲ ဖြစ်သည်။ အာပါတ်မသင့်သော ဘုန်းကြီး၊ ရဟန်း ဟူ၍ တပါးမျှ မရှိပေ။ အာပါတ်မသင့်သူသည် ဘုန်းကြီး၊ ရဟန်းမဟုတ်သူရင်လည်း ဖြစ်ရမည်။လူဝတ်ကြောင်သော်လည်း ဖြစ်ရမည်။ ဘုရားသော်လည်း ဖြစ်ရမည်။ ပါရာဇိက ကျနေသူ လည်း ဖြစ်ရမည်။ နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ ယက္ခတ်၊ နတ်

သိကြား သော်လည်း ဖြစ်ရမည်။ အဆုံးစွန် ကိုလေသာ ကုန်ခမ်း၊ ရဟန္တာ အရှင်မြတ်များတောင်မှ အစိတ္တက အာပါတ်မျိုး သင့်ပေသေးသည်။

ရဟန်းတော်များ၌ ဘုရားရှင်၏ ဝိနည်းဒေသနာတော် ပညတ်ချက်အရ စောင့်ထိန်းရမည့် သိက္ခာပုဒ်မှာ အကျဉ်းအား ဖြင့် ၂၂၇–ပါးရှိပြီး အကျယ်အားဖြင့် ကုဋေများစွာရှိသည်။

ထိုသိက္ခာပုဒ်များကို ဖောက်ဖျက်ကျူးလွန်သော ရဟန်းမှန်သမျှ သင့်ရောက်ရသော အာပါတ်တို့သည် (၇)ပါးရှိသည်။

ယင်းမှာ ပါရာဇိက၊ သံဃာဒိသိသ်၊ ပါစိတ်၊ ထုလ္လစည်း၊ ပါဋိဒေသနိယ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိများ ဖြစ်ကြသည်။

အကြီးဆုံးအာပါတ်သည် ပါရာဇိက အာပါတ်ဖြစ်သည်။ ၎င်းအာပါတ်သင့်သူ ရဟန်းတော်များအဖို့ ကုစား၍ မရတော့ပေ။ တခါတည်း ရဟန်းဘဝက ဆုံးရှုံးသွားရသလို ဒီဘဝတွင်လည်း ဘယ်တော့မှ ရဟန်းခံ၍ ရဟန်းပြန်မဖြစ်တော့ပေ။ သေသောသူ ပြန်မရှင်နိုင်သကဲ့သို့ဖြစ်သည်။ ထိုမှကြွင်းသော အာပါတ်များကို ကုစား၍ရသည်၊ သံဃာဒိသိသ် အာပါတ်မှတပါး ကြွင်းသောအာပါတ်ကို ဒေသနာခံ၊ ဒေသနာကြားအနေဖြင့် ကုစား၍ရသည်။ သံဃာဒိသိသ်အာပါတ်ကိုကား ထိုမျှကုစားရုံနှင့် လုံးဝမပျောက်ပေ။

ပါရာဇိကအာပါတ်ပြီးလျှင် အကြီးဆုံးအာပါတ်သည် သံဃာဒိသိသ်အာပါတ်ဖြစ်သည်။ ထိုအာပါတ်ကို ပရိဝတ်ဆောက်တည်ခြင်းဖြင့် ကုစားရသည်။ ပရိဝတ်ဆောက်တည်ခြင်း ဟူ

သည် သံဃာက ဒါက္ခတ်ခြင်း သဘောဖြစ်သည်။ သံဃာ အလည်မှ ခေတ္တအကြဉ်ခံလိုက်ရခြင်း သဘောဖြစ်သည်။

ထိုသဘောသည် အနည်းဆုံး (၇)ရက်နေရသည်။ သံဃာ ဒိသိသ်ကိုစားရာ၌ လုပ်ဆောင်ရမည့် အပိုင်းသုံးပိုင်းရှိသည်။ (၁) ပရိဝတ် ဆောက်တည်ခြင်း၊ (၂) မာနတ် ကျင့်ခြင်း၊ (၃) အဗ္ဘာန်သွင်းခြင်းဟူ၍ ဖြစ်သည်။ ပရိဝတ်ဆောက်တည်ရာ၌ ၁–ရက်မှ တလ ၂–လ စသည်ဖြင့် အပြစ်အားလျော်စွာ သံဃာများနှင့် ဆက်ဆံချခြင်း မရှိပဲ တပါးတည်း နေရသည်။

ထိုကိုစ္စပြီးလျှင် မာနတ် (၆)ရက် ကျင့်ရသည်။ မာနတ် ကျင့်ခြင်းဟူသည် ထိုသဘောပင်ဖြစ်သည်။ သံဃာများ ကျေနပ်နှစ်သက်အောင် အပို ၆-ရက် ထပ်မံကျင့်ရခြင်းဖြစ်သည်။ ထိုကိုစ္စပြီးမှ အဗ္ဘာန်သွင်းရသည်။ အဗ္ဘာန်သွင်းခြင်းဟူသည် သံဃာများ ကျေနပ်မှုရရှိသွားပြီဖြစ်၍ အနည်းဆုံး သံဃာထု အပါး ၂၀-က သိမ်ထဲတွင် ရဟန်းခံသကဲ့သို့ ဉာတ်ကမ္မဝါများ ဖြင့် ရွတ်ဖတ်ပြီး သံဃာဘောင်သို့ ပြန်သွင်းကြောင်း သူတို့ကဲ့ သို့ သံဃာအဖြစ် အသိအမှတ်ပြုကြောင်း လက်ခံခြင်းပင် ဖြစ် သည်။

ရဟန်းတော်များ သံဃာဒိသိသ် အာပါတ်သင့်ရခြင်းဟူသည် အမျိုးသမီးများအား ကိုင်မှု၊ တွယ်မှု၊ သုံးသပ်မှုစသော သိက္ခာ ပုဒ်များကို ကျူးလွန်မိကြသောကြောင့် ဖြစ်သည်။ ကျွန်ုပ်သည် ရန်ကုန်မှာအနေကြာ၍ ရေမြေဒေသအလိုက်၊ ဘောပွဲကြည့်ခြင်း ရုပ်ရှင်ကြည့်ခြင်း၊ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၊ ညဈေးတန်း

စသော လူစည်ကားရာ၌ တိုးဝှေ့ခြင်းစသည်တို့ကို အကြိမ် များစွာ ပြုလုပ်မိသည်။

ယင်းသို့ပြုလုပ်ရာ၌ အမျိုးသမီးများနှင့် တိုးမိတိုက်မိ ပွတ်သပ်မိမှုများ ကျေနပ်ရှိသည်။ ယင်းအတွက် အာပတ်ကား နေနေမည်မဟုတ်။ သင့်မည်သာဖြစ်သည်။ ထို အာပတ်ဖြင့် ပရိယတ်နယ်ပယ်လောကတွင် အမှုမဲ့အမှတ်မဲ့ သဘောထားနေ၍ ဖြစ်သော်လည်း ပဋိပတ်နယ်ပယ်တွင်ကား ထိုသို့မနေရပေ။

အကြောင်းကား ဝိပဿနာတရားကို တကယ်ကျင့်သုံးတော့မည်ဆိုသောအခါ ထိုအာပတ်သည် ကျွန်ုပ်အား များစွာ စကားပြောလာတော့သည်။ ကျမ်းဂန်များတွင် အာပတ် (၇) ပါးအနက်၊ အသေးစားဖြစ်သော ဒုက္ကဋ်အာပတ်သည်ပင်လျှင် မကုစားက ဈာန်၊ မဂ်၊ ဖိုလ်တို့၏ အန္တရာယ်ကို တားမြစ်သည်ဟု ဆိုထားသည်။

ထိုသံသယသည် ကျွန်ုပ်အား အကြိမ်များစွာနှိပ်စက်ခဲ့သည်။ ထိုသံသယ ကင်းပျောက်သွားရေးအတွက် ကျွန်ုပ်ယခုကဲ့သို့ ရှေးဦးစွာပရိဝတ်ဆောက်တည်ခြင်းကို ရွေးချယ် လုပ်ကိုင်လိုက်ခြင်းဖြစ်သည်။

အမှန်တော့ ကျွန်ုပ် ဤမျှ ငယ်ရွယ်သူဘဝနှင့် ဝိပဿနာတရားကို ကျင့်သုံးရန် ဘယ်တုန်းကမှ ယောင်လို့တောင် စိတ်ကူးထဲ မထည့်မိခဲ့ပေ။ ပရိယတ်နယ်တွင် တဖက်သတ်အစွဲသန်ခဲ့သည်။ ယခုလည်း သန်နေဆဲပင်ဖြစ်သည်။

ဝိပဿနာ တရားအားထုတ်ခြင်း၊ အလုပ်ဟူသည် ကျွန်ုပ်ကဲ့သို့ ငယ်ရွယ်သူတို့၏ အလုပ်မဟုတ်ပေ။ အသက် (၆၀)ကျော်

(၇၀)ကျော် အဖိုးအဖွားတို့၏ အလုပ်သာဖြစ်သည်ဟူ၍ ယူဆခဲ့သည်။ သို့သော် အခြေအနေက ကျွန်ုပ်အား တရားဘက်သို့ အတင်းအဓမ္မ တွန်းပို့လိုက်သည်။

ယခုဖြစ်ရပ်သည် မမျှော်လင့်သော အကြောင်း၊ မမျှော်လင့်သော ဖြစ်ရပ်ဖြစ်နေရုံမက ပြောင်းလဲမှု အခြေအနေသည် မြန်ဆန်လွန်းလှပေသည်၊ လူ့ဘဝလောက ဆိုသည်မှာလည်း အေးဆေးတည်ငြိမ် ရပ်တန့်နေ၍မရ။ တွေ့ကြုံလာရသော အခြေအနေအားလျော်စွာ ရှင်းရ၊ကန်ရ၊ လှုပ်ရှားကြရစမြဲပင် မဟုတ်ပါလား။

၁၅-မိနစ်မျှ လျှောက်လာသည်ဟုဆိုလျှင် ကျွန်ုပ်တို့ ဘူတာကြီးသို့ ရောက်ခဲ့ကြသည်။ အခါတိုင်းဆိုလျှင် ဤအချိန်သည် ရထားတွဲထိုးထားခပြီ ယခုအချိန်၌ကား ရထား၏ အရိပ်အရောင်မျှကိုပင် မတွေ့ရသေးပေ။

မော်လမြိုင်လမ်းသွား ခရီးသည်လူထုကြီးသည် ရထားကို တခဲနက် စောင့်မျှော်နေကြသည်။ ကျွန်ုပ်တို့နှစ်ယောက် အခြားရထားတွဲတတွဲပေါ်၌ အေးဆေးစွာ စကားပြောကြသည်။တနာရီခွဲသည့်တိုင် ရထားတွဲမထိုးလေသည်နှင့် ကျွန်ုပ်အားလိုက်ပို့သူ အရှင်မာလာဝံသအား အားတောင့်အားနာ ဖြစ်လာသည်။

'ကဲ၊ ဦးမာလာ ပြန်ပေတော့။ ရထားတော်တော်နဲ့ တွဲထိုးပုံ မပေါ်သေးဘူး။ သိပ် အိပ်ရေးပျက်နေလိမ့်မယ်'

ကျွန်ုပ်အသံက အနည်းငယ် တုန်ရီသွားသည်ကို သတိပြုမိသည်။

'ဦးဇင်း၊ အစစသတိဝီရိယရှိပါ။ ဦးဇင်းလုပ်ငန်းတွေ အောင်မြင်ပေါက်ရောက်ပါစေ။ အောင်မြင်အောင်လဲ ကြိုးစားပါ။ ပြီးတော့ ရောက်ရာအရပ်ကလဲ ကျိုးကြောင်းလဲ စာထဲ့ပေါ့။ ဦးဇင်းရည်ရွယ်ချက်တွေ တနေ့မအောင်မြင် တနေ့ အောင်မြင်လေ့မှာပေါ့။ ဦးဇင်းဘာမှ စိတ်ပျက် ဝမ်းနည်းစရာ မရှိပါဘူး။ ကြိုးစားခြင်းရဲ့အဆုံးဟာ အောင်မြင်ခြင်းရဲ့ ပန်းတိုင်ပေါ့ဦးဇင်း'

သူက ကျွန်ုပ်၏ ဖြစ်ရပ်တွေကို ကွင်းလုံးကျွတ် သိထားသူပီပီ အားပေးရှာပေသည်။

'အောင်မြင်ရမှာပေါ့ ဦးမာလာ။ အောင် မြင် ရမှာ ပေါ့၊ ကြိုးစား ဘုရားတောင်ဖြစ်သေးတာဘဲ။ ယောကျ်ားပဲ။ ဘာလို့ မအောင်မြင်ရမှာလဲ'

ပြန်သွားလေပြီဖြစ်သော ဦးမာလာ၏ကျောပြင်ကို မျက်စေ့တဆုံးကြည့်ပြီး ကျွန်ုပ် စိတ်မာန် တင်းသွားမိသည်။ စိတ်နဲ့ ကြုံးဝါးမိလိုက်ပေသည်။

နှစ်ချက်ခွဲပင် ကျော်ပေပြီ။ ရထားကား တွဲမထိုးသေးပေ။ လူထုကြီး ရုတ်ရုတ်သဲသဲ လှုပ်ရှားလာလေပြီ။ ပါးစပ်က မကျေနပ်သံတွေ ဟိုမှသည်မှ ပွင့်အံထွက်လာလေပြီ။ ထိုအခိုက်ရထားတစင်း တွဲထိုးလာသည်။ စာပို့ရထားအမှတ်နှင့် အပြေးအလွှားအလုအယက် ရထားပေါ် တက်ကြသည်။ မဟုတ်ဟု ဆိုသောအခါ အပြေးအလွှား ဆင်းကြရပြန်သည်။ ယင်းကဲ့သို့ ဒီရထားဟုတ်နိုး ဟိုရထားဟုတ်နိုး ရထား ၃စင်းမြောက်အထိ၊ အပြေးအလွှား တက်လိုက် ဆင်းလိုက်အဖြစ်နှင့် ကျွန်ုပ်မှာ ကြုံတွေ့နေရသည်။

ပျော်စရာ ကောင်းသည်ဟု ဆိုရမည်လား။ စိတ်ညစ်စရာ ကောင်းသည်ဟု ဆိုရမည်လား။ ကျွန်ုပ်မှာ ပျော်စရာ စိတ်ညစ်စရာအဖြစ် မစဉ်းစားနိုင်။ နေရာတနေရာရဘို့ အရေးကြီးသည်။ လူပုဂ္ဂိုလ်အနေဖြင့် နေရာမရလျှင် အကြောင်းမဟုတ်ပေ။ ဘုန်းကြီးရဟန်းအနေဖြင့် နေရာမရဘဲ လူခြေရင်းဖတ်မှာ ဖြစ်သလို လိုက်ရခြင်းသည် အလွန် ရှုပ်ပျက်လှသည်၊ ယင်းအတွက် ကျွန်ုပ်မှာ လူထုကြီးနည်းတူ နေရာတနေရာရရေး အတွက် အပြေးအလွှား လုယက်နေကြရသည်။

သုံးနာရီပင်တိုးပြီ။ ယနေ့တိုင် ရထားတွဲမထိုးလေသောအခါ လူထု၏မကျေမနပ်သံလှုပ်ရှားသံတို့သည် ပိုမိုကြီးထွားလာသည်။ ထိုအခါမှ သက်ဆိုင်ရာတို့သည်လည်း မျက်လုံးပြူးလာကာ စိစဉ်ကြတော့သည်။ သူတို့အချင်းချင်း ပွက်လောရိုက်သံ ကြားလာရသည်။ ကျွန်ုပ်သည် ဘူတာကြီးအစွန်ဆုံး တနေရာက ရထားရုံတွင် ခုမှ ရထားတွဲထိုးရန် အူရားဖားရား ပြင်ဆင်နေသော လူတွေကိုကြည့်ပြီး စောင့်စားနေသည်။ ထိုအခိုက် ရထားဘူတာရုံက လူသုံးလေဦး ပြန်လာကြသည်ကို တွေ့ရသည်။ ရထားရဲအရာရှိတွေ ဖြစ်ဟန်တူသည်။ သူတို့ ပြောဆိုကြသော စကားကို ကြားလိုက်ရသည်။

'ဘယ်နှယ်ကွာ နေ့တိုင်း ၁၁ နာရီ ၁၂ နာရီ တွဲထိုးနေပြီး ဒီနေ့ကျမှ ဘာလို့ နောက်ကျရတာလဲ၊ သူတို့ပြောထားသားပဲ စောစောစီးစီး တွဲထိုးပါလို့။ ခရီးသည်တွေ ဘယ်လောက် ဒုက္ခရောက်သလဲ၊ စောစောစီးစီး တွဲထိုးထားတော့ ခရီးသည်တွေ အေးအေးဆေးဆေး ရထားထဲထိုင်နေနိုင်တာပေါ့'

ထိုစကားအဆုံး၌ သူတို့သည် ကျွန်ုပ်မကြားလောက်သော နေရာကို ရောက်ရှိသွားပေပြီ။ 'သူတို့ပြောတာ ဟုတ်ပေသားပဲ ရထားမောင်းသမားတွေ အလည်ကျူးနေလို့လား၊ အိပ်ပျော်နေလို့လား၊ ဘာဖြစ်လို့ပါလိမ့်' ဟူသော အတွေးတို့သည်လည်း တသီကြီး တွေးမိပါတော့သည်။

၃ နာရီခွဲကျော် ၄ နာရီထိုးလုတွင်ဘော့ စာပို့ရထားကြီး အမှန်ပင် တွဲထိုး၍လာခဲ့ချေပြီ။ ပစ္စည်းပစ္စယဟူ၍ အပိုအဆာ ဘာမှမပါသော ကျွန်ုပ်တယောက်တည်းသမားအဘို့ နေရာတနေရာတော့ ခတ်ချောင်ချောင် ရလိုက်ပါတော့သည်။

ယခုမှ ကျွန်ုပ် ဟင်းချနိုင်ပါတော့သည်၊ ကျွန်ုပ်သွားလိုသော ခရီးကို ဧကန်သွားရတော့မည်ဟု ယုံကြည်မိသည်။ ကျွန်ုပ်နေရာယူထားသော တွဲတတွဲလုံး လူတွေ ပြွတ်သိပ်ကြပ်နေပေပြီ။

လူများသည်နှင့်အမျှ အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြသော စကားသံများမှာလည်း စီစီညံနေသည်။ မှောင်ခိုအကြောင်း၊ လမ်းသရဲအကြောင်း၊ ဆိုးသွမ်းလူငယ်အကြောင်း၊ အလစ်သုတ်သမားအကြောင်း၊ အရက်သမား အကြောင်း၊ ဖဲသမားအကြောင်း စုံလှတော့သည်။ ကျွန်ုပ်တို့တွဲ၌ မီးမရှိ၍ တတွဲလုံး အမှောင်ယှက်သန်းနေသည်။ဘူတာကြီးကမီးရောင်များကြောင့် တဦးနှင့်တဦး ရေးရေးကလေးမျှ မြင်ရရုံရှိသည်။ ယင်းသည်ပင် စကားပြောကြသူတို့ လွတ်လပ်စွာပြောဆိုနိုင်အောင် ဖန်တီးသယောင် ရှိနေသည်။

အသံဗလံမျိုးစုံတို့ကား ကျွန်ုပ်နားထဲတွင် ကျယ်လောင်စွာကြားနေရသည်။ ကြားရသမျှ ကျွန်ုပ်စိတ်ဝင်စားစရာ တခုမှ

မပါ၍ ထိုအသံများကို အာရုံမပြုမိပေ။ ကျွန်ုပ်မှာ တယောက်တည်းသမားဖြစ်၍ စကားပြောစရာလူ မရှိသည်ကတကြောင်း အိပ်ရေးပျက်သည်ကတကြောင်း နံရံကိုမှီ၍ ဘာမှတွေးတောစဉ်းစားမနေနိုင်။ စိတ်ချလက်ချ အိပ်ငိုက်မိတော့သည်။

မြန်းကနဲသော် အိပ်မပျော်သေးပေ။ အသံများကို ကြားနေရဆဲပင် ဖြစ်သည်။ ထိုအနက် အသံတသံသည် ကျွန်ုပ်နားထဲကို စွတ်စွတ်ရွတ်ရွတ် ဝင်ရောက်လာသည်။ ထိုအသံသည် အခြားသော အသံတွေကို လွှမ်းမိုးနိုင်သည်ဟု ထင်သည်။ ဘာကြောင့်ရယ်မသိ။ ထိုအသံကို ကျွန်ုပ်စိတ်ဝင်စားသလို ဖြစ်လာမိသည်။ သတိပြုလာမိသည်။ အိပ်ငိုက်နေရင်းမှ မျက်စိကိုမှိတ်ခါ အလိုလိုနားစွင့်မိလျက်သား ဖြစ်နေသည်။

တိုက်တိုက်ဆိုင်ဆိုင် အခြားသော စကားသံများ လျော့နည်းသွားသည်။ ထိုအခါ ထိုအသံသည် ပြတ်သားရှင်းလင်းစွာ ပေါ်ထွက်လာသည်။ စကားသံကို ကြားရခြင်း လူရွယ်ဘယောက်နှင့် အမေအိုတယောက် ဖြစ်တန်ကောင်းပေသည်။

'အမေရာ အမေ့ကြည့်ရတာ ပင်ပန်းလှပါပြီ၊ အေးအေးလူလူအနားယူပါတော့၊ အမေ့အရွယ်က တရားရိပ်သာသွားပြီးတရားအားထုတ်လို့ ကောင်းပါပြီ။ အမေ့သားသမီးတွေ အရှိသားပဲ၊ သူတို့ကို အကူအညီခိုင်းပေါ့၊ ကျွန်တော်တို့လဲ တတ်နိုင်သမျှကူညီမယ်လေ'

လူရွယ်ကကရုဏာသံပါပါနှင့် ခပ်ကျယ်ကျယ်ပြောနေသည်။ အသံကိုကြားခြင်းဖြင့် အသက် ၃၀ ခန့်တွင် ရှိလိမ့်မည်ဟူ၍ ကျွန်ုပ် ခန့်မှန်းမိသည်။

'အမေက သားသမီးတွေကူညီခိုင်းရမယ် ဟုတ်လား၊ ဝေးပါ သေးလူလေးရာ၊ ဝေးပါသေး၊ အမေ့မှာ ခြေနဲ့လက်နဲ့ ဘာမှ မချွတ်ယွင်းသေးဘူး။ အားလုံးပြည့်စုံတယ်။ လုပ်နိုင် ကိုင်နိုင် သေးတယ်။ အမေ ဘယ်သူ့မှ အားမကိုးဘူး။ ကိုယ့်ကိုယ်ကို အားကိုးတယ်။ သားသမီးက မိဖကို ကျွေးမွေးနိုင်တယ်ဆိုတာ ရှားသွားကလား။ သူတို့ သားသမီးတွေနဲ့ သူတို့တောင် အနိုင်နိုင် စားရသောက်ရတာ၊ မိဖကသာ မသေမချင်း သားသမီးတွေကို ကြည့်ရှုရတာပါ လူလေး။ လူလေးပြောတာ ခဏပန်းတော့ ဟုတ်ပါတယ်။ ကြာရှည်ကျတော့ စုစု ဆောင့်ဆောင့်တွေ ဖြစ်လာကြမှာ၊ ဒါလိုမျိုးတွေဖြစ်လာရင်၊ သေတာတောင် အသေဖြောင့်နိုင်မှာ မဟုတ်ဘူး။ အမေလုပ်နိုင်ပါသေးတယ်။ အမေ့အတွက် ပူမနေပါနဲ့'

၎င်းအသံက ကျွန်ုပ်နားထဲသို့ တလုံးချင်း ထိုးဖေါက်ဝင်လာ သည်။ အသံမှာ ကြည်လင် ပြတ်သားလှသည်။ အသံရှင်သည် လူမှုရေး သုခ ဒုက္ခ အဝဝကို အတော်များများ ခံစားဘူးပုံ ရသည်။ လူ့လောက၏ ဖြစ်ပျက်တတ်သော သဘောကို ကောင်း စွာ နားလည်ထားပုံ ပေါ်သည်။ အသက် ၅၀ ထက်မနည်း၊ ၆၀ ထက် မကျော်သေးဟူ၍ ခန့်မှန်းမိသည်။ ထိုသည့် အမေ အိုသည် လောကဓံ တရားကို ရင်ဆိုင်နိုင်စွမ်း ရှိသည်ဟူ၍ ကျွန်ုပ် တွေးထင်နေမိသည်။

'ဒါတော့ ဒါပေါ့ အမေရာ။ ဒါပေမဲ့ ကျွန်တော်က အမေ့ ကို ငဲ့ညှာပြီး ပြောနေတာပါ'

'ဒီလောက် ပြောပြရတာပဲ ကျေးဇူးတင်ပါတယ်ကွယ်။ အမေ့အတွက်တော့ မပူပါနဲ့။ အမေလုပ်နိုင်တဲ့ လုပ်မယ်။ ဒီအထဲက ထိုက်သင့်သလောက် စုဆောင်းပြီး တရားရိပ်သာ ဝင်မယ်ဆိုတာ အမေ့မှာ ရည်ရွယ်ချက် ရှိပြီးသား။ တခုတော့ရှိတယ် လူလေး၊ လူလေးပြောတော့ အမေလဲပြောဦးမှာပေါ့၊ အရေးကြီးတာက တရားရိပ်သာ ဝင်တာ မဝင်တာထက် လူဟာ ကိုယ်ကျင့်တရားကောင်းဖို့ အရေးကြီးတာကွဲ့။

ကိုယ်ကျင့်တရားကောင်းတဲ့လူဆီမှာ ကုသိုလ်ရယ်၊ ပညာရယ် ဥစ္စာစီးပွားရယ်၊ ဒီသုံးခု တခုခုဟာ အမြဲတမ်း ရှိနေတယ်။ ကိုယ်ကျင့်တရား မကောင်းတဲ့ လူဆီမှာ ကုသိုလ်လဲမရှိဘူး၊ ပညာလဲ မရှိဘူး၊ စီးပွားဥစ္စာလဲ မတည်မြဲဘူး။ အမေ့မှာ ကိုယ်ကျင့်တရား ရှိတယ်ဆိုတာ လူလေး အသိပဲ။ ဒါကြောင့်မို့ ဒီနေ့အထိ အမေဘယ်သူ့မှ အားမကိုးရပဲနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နေနိုင်ခဲ့တယ်။ နောက်ထပ်က လူလေးတို့သာ ခက်တယ်။

အရက်မသောက်နဲ့၊ ဖဲမရိုက်နဲ့လူလေး။ အရက် သမား၊ ဖဲသမား၊ ကစားသမားဆိုတာ ကိုယ်ကျင့်တရားတွေပျက်စီးနေတဲ့ လူတွေပဲ။ တခြား မကြည့်နဲ့၊ အမေ့တူ မောင်ထွန်းခင်ကြည့် သိန်းထီ ၃-၄ ခါပေါက်တယ်။ ကုသိုလ်ကံလေးကတော့ အကျိုးပေးသားပဲ။ ဒါပေမဲ့ အရက်သောက်ပြီး ကိုယ်ကျင့်တရားတွေ ပျက်စီးနေတော့ ခု ဆင်းရဲနေလိုက်တာ ကုန်း ကောက်စရာ တောင် မရှိတော့ဘူး'

ကိုယ်နှင့် ဘာမဆိုင် ညာမဆိုင် ထိုစကားမျိုး ပြောနေသူ အမေအိုကို ကျွန်ုပ်လေးစားနေမိသည်။ 'အမေအို ကျမ္မာပါစေ၊ ချမ်းသာပါစေ'ဟူ၍လည်း သူတော်ကောင်း စကားကို အမှတ်မထင် အခိုက်အတန့် နာလိုက်ရသော ကျေးဇူးဖြင့် မေတ္တာပို့မိပေသည်။

အချိန်မှာ ၄ နာရီ၊ ၄၅ မိနစ် ဖြစ်ပြီဖြစ်၍ ရထားကြီး စတင်ထွက်ခွာမှု ပြုနေပေပြီ။ ကျွန်ုပ်မှာ အိပ်ငိုက်ရင်း ရထားခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရပေပြီ။

၉ နာရီခန့်တွင် တောင်စွန်း ဘူတာသို့ ရထားကြီး ဆိုက်သည်။ ကျွန်ုပ်၏ ခရီးသွားလက်မှတ်သည် ဤဘူတာတွင် လမ်းဆုံးနေသဖြင့် ဆင်းသက်လိုက်ရသည်။

'ဦးဇင်း မြင်းလှည်းစီးမလား'

မြင်းလှည်းဆရာတဦးကကျွန်ုပ်အား ဆီးကြိုလာသည်။ ကျွန်ုပ်မှာ မြင်းလှည်စီးရန် အစီအစဉ်မရှိပေ။ ဆီးကြိုလာသူက ဆီးကြိုလာပြီ ဖြစ်၍

'စီးမယ်၊ ဗိုလ်ထွန်းကြည် ကျောက်တိုင်အနီး၊ ဝိဇိတာရုံကျောင်း ဘယ်လောက်ပေးရမလဲ'

'တကျပ်'

ကျွန်ုပ် မြင်းလှည်းပေါ် တက်လိုက်သည်။ မြင်းလှည်းဆရာက မြင်းကို ကြိမ်တို့ပေးလိုက်သည်ဟုဆိုလျှင် ခတ်သော့သော့ကလေး ကျွန်ုပ်အား ဆွဲခေါ် သွားလေသည်။ ဤမြင်းကား ကျွန်ုပ်သွားလိုရာကို ပို့ဆောင်ပေးနေပြီ ဖြစ်သည်။ အကယ်၍ နိဗ္ဗာန်ကိုတခါတည်း ဆွဲခေါ်သွားလျှင် ဒီ ကောင်းသား။ ပိန်လို

နေသော မြင်းကလေးကိုကြည့်ပြီး ကရုဏာ သက်မိသည်။ စီးရသူ ကျွန်ုပ်အတွက် သက်သာမှု ရှိသော်လည်း သူ့တွင် သက်သာ မည် မဟုတ်ပေ။ သူတို့ဘဝ သူတို့အခြေအနေသည် လူခိုင်း သမျှလုပ်၊ လူကျွေးသမျှစား၊ လူပြုသမျှ နေရသော ဘဝပေ တကား။

ရှည်လျားလှစွာသော ဘဝသံသရာ ကျင်လည်ခဲ့စဉ်အတွင်း ငါသည်လည်း ဤကဲ့သို့ မြင်းဘဝမျိုး ကြိမ်ဖန်များစွာ ဖြစ်ခဲ့ ဘူးပေမည်။ ဤသို့လည်း လူပေါင်း မြောက်များစွာကိုပို့ဆောင် ဘူးပေမည်။ ကျွန်ုပ် သံဝေဂဖြစ်မိသည်၊ နောင်သံသရာတွင် ဤကဲ့သို့ ဘဝမျိုးသို့ ထိုးမကျသွားအောင် ကြိုးစားရပေတော့ မည်။ လူ့ဘဝနှင့်စာသော် တိရစ္ဆာန်ဘဝသည် အလွန် အောက် တန်းကျ၍ အလွန်ဆင်းရဲလှပေတကား။ ယခုတော့ တိရစ္ဆာန် ဖြစ်နေ၍ အခွင့်အရေး ဆုံးရှုံးရသည်။

အမှန်စင်စစ် လူအသိနှင့် ရှုမြင်သော် လူဘဦးတယောက်ကို သူ သွားလိုရာသို့ ကူညီ ပို့ဆောင်ပေးသော လုပ်ငန်းသည် အလွန် မွန်မြတ်ကောင်းမွန်သော ကုသိုလ်ရေးလုပ်ငန်း ဖြစ် သည်။ အကယ်၍ ဤမြင်းသည် လူသားတဦး ဖြစ်နေပါက အဘယ်မျှ ကုသိုလ်ရပေမည်နည်း။

ဤဟာကား ကုသိုလ်ရေး၊ ဤဟာကား အကုသိုလ်ရေး ဟူ၍လည်း လုံးဝ မသိပေ။ လူခိုင်းလျှင် လုပ်ပေမည်။ လူမောင်း လျှင် သွားပေမည်။ လူကျွေးလျှင် စားပေမည်။ ငါ ပို့ဆောင်

ပေးနေသူကား သူတော်ကောင်း ဟူ၍လည်း နားမလည်။ သူယုတ်မာဟူ၍လည်း မသိ။ သူမသိသော်လည်း ကိုယ်က သိ၍ ပေမည်။

'အိုမြင်းကလေး ယခုကဲ့သို့ ငါ့အား ပို့ဆောင် ပေးသည့်အတွက် နောင် ဘဝသံသရာတွေမှာ မြင်းဘဝကျွတ်ပြီး လူ့သူတော်ကောင်းဘဝသို့ ရောက်ပါစေ' ကျွန်ုပ် သွက်လိုက်လှဲလှဲ ဆုတောင်းမေတ္တာပို့လိုက်ပေသည်။

ကျောင်းတွင်းသို့ ရောက်သည့်ကာလ ကျွန်ုပ် ရင်မောရပြန်သည်။ ကျွန်ုပ်တွေ့လိုသော ကျောင်းထိုင် ဘုန်းကြီး ဦးဝိစာရသည် မနေ့ကပင် သူ့ဇာတိ ကျီးပင်စုကျေးရွာသို့ ကြွသွားသည်ဟု ဆိုသည်။ သူသည် ကျွန်ုပ်မိတ်ဆွေ ဘုန်းကြီး ဖြစ်သည်။ ကျွန်ုပ်ထက် ငါးဝါကြီးသည်။ သူ ခြေမျာ်းတတ်မှန်းသိ၍ နေ့ဝင်မှီလာခဲ့သည်။ ဝါတွင်းတုန်းကလည်း သူ့ထံ ကြိုတင်၍ စာ ရေးထားသေးသည်။ သို့တိုင် လွဲဖြစ်အောင် လွဲသေးသည်။

(၇) ရက်ခန့် ကြာမည်ဟုဆိုသည်။ ထိုအခါမျိုး၌ အချိန်၊ နာရီ၊ ရက်တို့သည် ကျွန်ုပ်တွင် အလွန်တန်ဖိုးရှိနေသည်။ ဤမျှ အထိ ကျွန်ုပ်သူ့ကို မစောင့်နိုင်ပေ။ သို့ဖြစ်လျှင် ကျွန်ုပ် ဘာ လုပ်ရမည်နည်း။ သူ့ဆီကိုလိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ သို့သော် သူ့ဇာတိရွာ ဘယ်ဆီ ဘယ်ဒေသမှာ ရှိမှန်း ကျွန်ုပ် အလျဉ်းမသိ၊ တဦးဦးကိုတော့ ဖြစ်တွဲနည်းနှင့် လိုက်ပို့ခိုင်းရန် မင်ရှိတော့သည်။

တော်ပေသေးသည်။ ကျွန်ုပ် ညမအိပ်ရ။ နေ့လည် ၁နာရီ ခန့်တွင် မော်လမြိုင်ဘက်မှ လော်ကယ်ရထားတစီး လာရန် ရှိ

သည်။ ထိုရထားနှင့် လိုက်ရမည်ဖြစ်သည်။ ဦးဝိစာရ၏ ဦးလေးတော်သူ တဦးက လိုက်ပို့ပေးမည်ဟု ဆိုသည်။ ဤ ဒါယကာကြီးကို ကျွန်ုပ် ယခုမှ သိရှိရသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က ဤကျောင်း၌ ကျွန်ုပ် နေခဲ့စဉ်က ဤဒါယကာကြီး မရှိသေးပေ။ ဤ ရောက်လာသည်မှာ ၂ နှစ်ခန့်သာ ရှိသည်ဟု ဆိုသည်။

အစက ကျီးပင်စုကျေးရွာမှာ နေသူဖြစ်သည်။ ဦးဝိစာရ ခေါ်ဆောင်မှုအရ ကျောင်းနားက ခြံတခြံဝယ်ပြီး ခြံစိုက်စားသည်ဟု သိရသည်။ ဤကျောင်း၌ ကျွန်ုပ် တလကျော်နေထိုင်ခဲ့ဘူးသည်။ ထိုစဉ်က စာသင်တိုက်ကလေး ဖြစ်သည်။ ကိုရင် ၁၃ ပါးလောက် ရှိသည်။ အားလုံးပင် ကျီးပင်စုရွာသားတွေဖြစ်ကြသည်။ စာသင်တိုက်တည်ထောင်ခါစ ဖြစ်၍ ဦးဝိစာရက စာတဝါလောက် ကူညီချပါဟု ဆိုသည်။ အချင်းချင်း ကူညီရမည့်တာဝန်ရှိ၍ ကျွန်ုပ်ကသည်း ချပေးမည်ဟု ဝန်ခံချက်ပေးသည်။ သို့သော် တလကျော်မျှသာ ချပေးနိုင်ခဲ့သည်။ ဝါမဆိုဖြစ်ခဲ့ပေ။

အကြောင်းကား ရန်ကုန်မြို့ ပုဇွန်တောင် ဆုတောင်းပြည့်ပါဠိတက္ကသိုလ် ကျောင်းတိုက်ရှိ ကျွန်ုပ်၏ ဆရာရင်းဖြစ်သော စာချကထိက အရှင်ဇာနဥာဏ က ကျောင်းတိုက်၏ အရေးကြီးသော သာသနာရေးကိစ္စကြောင့် ကျွန်ုပ်အား အရေးတကြီးပြန် ခေါ်ယူသောကြောင့် ဖြစ်သည်။

ရောက်သည့်အခိုက် ကျွန်ုပ် ကျောင်းအခြေအနေကို လှည့်လာကြည့်သည်။ တစကောခန့်ရှိ ကျောင်းတွင်း၌ ဘောင်ထန်းအများဆုံး ရှိသည်။ အနန်းပင် ၃၀ ကျော်ရှိသည်။ ကျောင်းလေး သုံး

ကျောင်းရှိသည်။ ယင်းမှာ ဟိုတုန်းကအတိုင်း ဖြစ်သည်။ ပြောင်းလဲခြင်းမရှိပေ။ သုံးနှစ်အတွင်း သက်မဲ့အရာဝတ္ထုတို့သည် ဤအတိုင်းပင် ရှိနေသေးသည်ကို သတိပြုမိသည်။ ထူးထူးခြားခြား ပြောင်းလဲ သွားသည်ကား သက်ရှိ လူသားများပင် ဖြစ်သည်။ စာသင်တိုက်လေးလည်း ပျက်သုဉ်းသွားလေပြီ။

ကျွန်ုပ်၏ တပည့်များသည်လည်း အားလုံး လူဝတ်လဲကုန်ကြပြီဟု ဆိုသည်။ လူဝတ် မလဲပဲ ကျန်နေသေးသည်မှာ ကိုရင်ကေသဝ ဖြစ်သည်။ သူသည် အသက်အငယ်ဆုံး ဖြစ်သည်။ ဝဝတုတ်တုတ် ချစ်စရာကောင်းသည်။ တခါတခါ ဥစ္စာစောင့်ဝင်သလို ရောဂါမျိုး ဖြစ်တတ်သေးသည်။

ပြီးလျှင် ကျောင်းခေါင်းရင်းတွင် ဖိုထိုးရုံ တွေ့ရသည်။ မိတ်ဆွေ ဦးဝိစာရတား ဖိုထိုးလျက်ရှိနေပြီကော 'ကာယသိဒ္ဓိ' အတွက် ထိုးသည်ဟု သိရသည်။ ကာယသိဒ္ဓိ ပြီး၊ မပြီးတော့ မသေချာပေ။ သေချာသည်မှာ မွဲမှာကတော့ သေချာသည်။ ဖိုထိုးသူများသည် အောင်မြင်သူ အလွန်နည်း၍ မွဲသူသာအလွန်များပေသည်။ သူလည်း သူ့ရည်ရွယ်ချက်နှင့်သူ ရှိပေလေမပေါ့။

မော်လမြိုင်မှ ထွက်လာသောလော်ကယ်ရထားသည် တနာရီခွဲလောက်တွင် တောင်စွန်းဘူတာသို့ ဆိုက်ရောက်လာသည်။ ရထားတစီးလုံး လူတွေ ဝန်ထုပ်ဝန်ပိုးတွေနှင့် ပြွတ်သိပ် ကြပ်နေသည်။

ကျွန်ုပ်တို့ ၂ ဦးသည် ရထားပေါ်သို့ အပြေးအလွှား တက်ကြရသည်။ အပေါက်ဝတွင် လူတွေ အထုပ်အပိုးတွေက တပုံဘပင်ကြီးပိတ်ဆို့ ထားရုံထားသည်ဖြစ်၍ လွယ်လွယ်ကူကူတက်၍

မရပေ။ ရှေ့တွဲ ပြေးတက်၍လည်း မရ၊ နောက်တွဲ ပြေးတက်၍လည်းမရ၊ အလည်တွဲ တက်ပြန်လည်းမရ၊ မတတ်သာသော အဆုံး၌ အနည်းငယ် ချောင်သော တွဲတတွဲပေါ်သို့ ကျွန်ုပ်က ညာဘက်အပေါက်၊ ဒါယကာကြီးက ဘယ်ဘက်အပေါက်က အတင်း တိုးဝှေ့တက်ရတော့သည်။

ရန်ကုန်ကအလာတုံးက နေရာရသော်လည်း သည်တခါတော့ နေရာ မရတော့ပေ။ ရထားထဲရောက်အောင်ပင် အတော်လေး ကြိုးစားပန်းစား တိုးဝှေ့လာရသည်။ မတ်တပ်ပင် မနဲရပ်နေရသည်။ ရထားထွက်၍ ပတ်ဝန်းကျင်ကို ကြည့်ရာ၊ ကျွန်ုပ် အနီးတဝိုက်၊ ကျွန်ုပ်ကဲ့သို့ မတ်တပ်ရပ်နေရသော အမျိုးသမီးထုကို တွေ့ရသည်။ ထိုအခါ ကျွန်ုပ် ရှုံးတိုးရှုန့်တန့် အမှန်ပင် ဖြစ်နေသည်။ ယင်းသို့ ဖြစ်နေရင်းမှ ကျယ်လောင်စူးရှသော မိန်းမကြီးသံ တသံကြောင့် ကျွန်ုပ်မျက်နှာကို မီးစနှင့် ဆောင့်ထိုးလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

'ဘုန်းကြီး ရှေ့ကိုကြွ၊ အဲဒီမှာ မိန်းမတွေချည်းပဲ၊ တခါထဲ ဘုန်းကြီးတွေကလဲ မိန်းမတွေထဲပဲ တိုးနေတာပဲ'

ကျွန်ုပ် မျက်လုံးတွေ ပြာဝေသွားသည်။ တကိုယ်လုံး ထူပူသွားသည်။ ပြောမပြနိုင်လောက်အောင်လည်း ရှက်သွားသည်။ ကျွန်ုပ် ဘယ်သူ့ကိုမှလည်း မကြည့်ရဲ၊ ဘယ်သူ့ကိုမှလည်းမမြင်၊ အော်ပြောလိုက်သူ အမျိုးသမီးရုပ်ရည် ဘယ်သို့ရှိလေသည်ဟူ၍လည်း မသိ။ ကျွန်ုပ်ခြေလှမ်းများက အလိုလို ရှေ့ကို တိုးသွားနေမိသည်။ ဘယ်နေရာမှာ ရပ်မည်ဟူ၍ ကျွန်ုပ်မှာ အစီအစဉ်မရှိ၊ တိုးမြဲ တိုးသွားနေသည်။ ကျွန်ုပ်ရှေ့တွင် မတ်တတ်ရပ်နေသူ

အပေါင်းက ကျွန်ုပ်ကို ဘယ်လိုထင်ကြတယ်မသိ၊ ကျွန်ုပ်လာသော် အားလုံး လမ်းရှံပေးကြသည်။ ဘေးတိမ်းပေးကြသည်။ ထိုအခိုက် ဒကာတဦးက ထလာသည်။

'အရှင်ဘုရား၊ ဒီကို ကြွပါဘုရား'

သူက ကျွန်ုပ်လက်မောင်းကိုကိုင်၍ သူထိုင်နေရာအရှေ့ခေါ်သွားသည်။ သူ့ခေါင်းတွင် ပတ်ထားသော မျက်နှာသုတ်ပုဝါကို ခင်းပေးသည်။ ထိုနေရာတွင် ကျွန်ုပ်ထိုင်ချလိုက်သည်။ ငါးမိနစ်လောက်ကြာမှ ကျွန်ုပ် အားလုံးကို သတိပြုမိနိုင်တော့သည်။

ကျွန်ုပ်ကို နေရာထိုင်ခင်းပေးသူသည် မွန်အမျိုးသားတဦးဖြစ်သည်။ "ကတိုး"ရွာကဟု သိရသည်။ ရထားတတွဲလုံးတွင် ဗမာတွေ အများကြီးရှိသည်။ ကျွန်ုပ်အား မည်သူမှ အရေးစိုက်မိကြဟန် မတူ၊ နေရာပေးလေသူ ထိုဒါယကာကြီးအား ကျွန်ုပ်ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်မိသည်။ ကျေးဇူး ဆပ်စရာအဖြစ် 'ကျန်းမာပါစေ၊ ချမ်းသာပါစေ'စသော မေတ္တာမှတပါး ကျွန်ုပ်မှာ အခြားပေးစရာမရှိ၊ မေတ္တာကိုသာ အထပ်ထပ် ပွားများပေးမိတော့သည်။

များသောအားဖြင့် မွန်တွေသည် ဗမာတွေထက် ရဟန်းသံဃာများကို လေးစားကြည်ညိုကြသည်၊ ဘာသာရေး ကိုင်းရှိုင်းကြသည်။ ကျွန်ုပ်သည် မွန်ရွာတွေ ရောက်ဘူးသည်။ ဘုန်းကြီးကို တွေ့လျှင် မြင်ရာအရပ်၊ ဝန်ထုပ်ဝန်ပိုးတွေ ထမ်းရွက်လျက် ရှိစေကာမူ အားလုံးထိုင်ပေးကြသည်။ သူတို့တတွေ 'ရိုး' ကြ ပေသကိုး။

ကျွန်ုပ်ရှေ့တွင် မြန်မာအမျိုးသမီးကြီး ထိုင်လျက်ရှိသည်။ သူ့ဘေးနားက ခြင်းထဲတွင် လိမ္မော်ရည် ၂ ပုလင်း တွေ့မိသည်။ ကျွန်ုပ်ရေဆာနေသည်။ ထိုလိမ္မော်ရည်ကို ကျွန်ုပ် သောက်ချင်စိတ် ရှိနေသည်။ အတန်ကြာသော် ထိုအမျိုးသမီးသည် လိမ္မော်ရည်တပုလင်း ဆွဲထုတ်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်စိတ်ထဲက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ဒါငါ့လျှုတော့မှာပဲဟူ၍ ထင်သည်။ ငါ့တော့ ကောန် သောက်ရတော့မည် ဟူ၍ ယူဆလိုက်သည်။

ထိုအမျိုးသမီးသည် လိမ္မော်ရည်ပုလင်းကို ကိုင်ပြီး အဖုံးကို ဖွင့်သည်။ ကျွန်ုပ်ကို တချက်စေ့ကြည့်သည်။ ပြီးလျှင် သူ့ဟာသူ အားရပါးရ မော့သောက်လေတော့သည်။ ကောင်းပေစွ၊ ကောင်းပေစွ။ ဘုန်းကြီးကို ရှေ့ကင့်တိတ်တိတ်ထားပြီး သောက်မှ သောက်ရက်ပလေ ဟူ၍ ကျွန်ုပ် မှတ်ယူမိသည်။ အမှန်မှာ ကျွန်ုပ် အတွက် မှားသွားခြင်း ဖြစ်သည်။ ကျွန်ုပ် ကိုယ်တိုင်ကလည်း ဘုန်းကြီးတွက် တွက်လိုက်မိသကို။

'ဦးဇင်း ရောက်ပြီ၊ ဆင်းမယ်ဘုရား'

ဒကာကြီးက ဆင်းဆို၍ ဆင်းလိုက်ရသည်။ ဘယ်ဘူတာမှန်းတောင် အမှတ်မထားလိုက်ပေ။ ဘူတာမှ လက်ျာဘက် ဝါးသုံးပြန်လောက် သွားမိသောအခါ စစ်တောင်းမြစ်ကို တွေ့ရသည်။ ကမ်းနားတွင် လှေ ငါးဆယ်ခန့်ရှိသည်။ လှေစီးရန် စောင့်နေကြသည်။ ကျွန်ုပ် လှေစီးရပေဦးမည်။ ယနေ့ခရီး ဘယ်ခါ ဆုံးမည်နည်း။

တနေ့တည်း ရထား ၂ တန် စီးခဲ့ရပြီ။ ယခု လှေဘတန်စီးရဦးမည်။ ကျွန်ုပ်ကို လိုက်ပို့သော ဒါယကာကြီးသည် ကျိုးပင်စုသွားမည့် အမျိုးသမီးသုံးယောက်ကို ကျွန်ုပ်အား အပ်၍ ထိုနေရာမှ ပြန်သွားလေသည်။

အမျိုးသမီးသုံးယောက်တွင် တယောက်သည် အသက် ၄၀ ခန့် အမျိုးသမီးကြီးဖြစ်သည်။ မပိန်မဝ အသားညိုသည်။ ကျန် ၂ ယောက်မှာ လုံမပျိုများ ဖြစ်ကြသည်။ တယောက်မှာအသက် ၂၀ အရွယ် ရှိသည်။ လူကောင်ကြီးသည် ဝတုတ်သည်။ အသားမဲသည်။ ကျန်တယောက်မှာ အသက် ၁၆နှစ်ခန့် ရှိမည်။ မဖြူမညို စိုပြေသော အသားအရေ ရှိသည်။ တောသူဖြစ်၍ မြို့သူတော့လောက် မချောမလှဟူ၍ ဆိုရပေမည်။ သို့သော် ကြည့်ပျော် ရှုပျော်တော့ ရှိသည်။ ခေတ်စကားနှင့်ဆိုသော် လုံးကြီးပေါက်လှမျိုး ဖြစ်သည်။

လူလုံလောက်သောအခါ၌ ကျွန်ုပ်တို့အားလုံး လှေဆိသို့ သွားကြရသည်။ လှေမှာ ရေစပ်နဲ့ ဝါး ၆ ပြန်လောက် နေရာတွင် ဆိုက်ထားသည်။ ကမ်းနားစပ်အထိ ကပ်၍မရပေ။ သောင်ခံနေသောကြောင့် ဖြစ်သည်၊ စစ်တောင်းမြစ်သည် သဲသောင်အထွန်းများသော မြစ်တမြစ် ဖြစ်သည်ဟူ၍ သတိပြုမိသည်။

လှေကြီးဆီအရောက် ရေကို ခါးဘဝက်ကျော်အထိ မနဲပင်ကူးခတ်သွားရသည်။ ကြီးကြီး၊ ငယ်ငယ်၊ မိန်းမ၊ ယောကျ်ား အားလုံးလိုလို လုံချည်မသွားကြရသည်။ ယောကျ်ားများ ခါးတောင်းကျိုက်၍ သွားသော်လည်း အကြည့်ရ မဆိုးလှပေ။ မိန်းမများ ဒူးလှန်ပေါင်လှန် သွားသည်မှာ အကြည့်ရမတော်

ဟု ထင်မိသည်။ သူတို့အနေဖြင့် ရိုးနေကြသော်လည်း ကျွန်ုပ်အနေဖြင့် ဆန်းနေသည်။ ရဟန်းပီပီ မကြည့်လို မမြင်လိုသော်လည်း လွဲရှောင်မရ။ ကြည့်မိလျက်သား ဖြစ်ရသည်။

ဖွေးဖွေးဖြူနေသော မိန်းမတို့၏ ခြေသလုံးသား၊ ပေါင်သားများသည် လျှပ်စီးလက်သကဲ့သို့ ရေထဲတွင် ထင်းကနဲ၊ ထင်းကနဲ ဖြစ်နေသည်။ သူတို့မှာ ငိုး၍ ကိစ္စမရှိသော်လည်း ကျွန်ုပ် သူတို့ကဲ့သို့ လူရှေ့သူရှေ့တွင် ဒူးလှန်ပေါင်လှန် မကူးရဲပေ။ မိန်းမကလေးတွေထက် ရဟန်း ကလေးတွေက ပို၍ ကြီးမားရသည်။ မိန်းမတို့ကလေးတွေက ရှေပေးလို့မရဆိုလျှင် ရဟန်းကလေးတွေကပတ္တမြား ပေးလို့ မရဟူ၍ဆိုရပေမည်။ ကျွန်ုပ် အနည်းငယ်မျှ မလှန်။ သည် အတိုင်း ကူးသည်။

'ဦးဇင်း၊ သင်းပိုင် နဲ့နဲ့ မပါဘုရား။ သင်္ကန်းတွေ ရေစိုကုန်လိမ့်မယ်' ဒကာတယောက်က အော်ပြောသည်။

'စိုပေ့စေ၊ ကိစ္စမရှိပါဘူး'

ကျွန်ုပ်က ခပ်တိုတိုပင် ပြန်ပြောလိုက်သည်။ ထိုအခိုက် ခါးတောင်းကျိုက် ကူးခတ်နေကြသော ယောကျ်ားတွေအနက် ဗလကောင်းကောင်း ဒကာတယောက် ကျွန်ုပ်ထံသို့ ကူးလာသည်။ ပြီးလျှင် မပြောမဆို ကျွန်ုပ်ကျိုင်းကြား ၂ ဘက်ကို ကိုင်၍ မြှောက်ချီလိုက်သည်။ ကျွန်ုပ်အမျိုးမျိုး တောင်းပန်သည်။ မရ။ သည်တော့လည်း ပင်ပန်း စိုစွတ်ရခြင်းမရှိပဲ လှေပေါ်သို့ရောက်သွားရသည်။

လှေမှာ လှေကြီးဖြစ်သော်လည်း လူနှင့်လှေနှင့် မမျှပေ။ လှေတစီးလုံး ပြွတ်သိပ်ကြပ်နေသည်။ မှောက်သွားလျှင် ဒုက္ခဟူ၍ပင်

စိုးရိမ်မိသည်။ သည့်လိုနှင့် တနာရီကျော်ကြာ လှော်ခတ်လာခဲ့ရာ တဖက်ကမ်းသို့ ချောချောမောမော ရောက်ရှိလာပြန်သည်။

ကုန်းကြောင်း တနာရီကျော်ကြာ သွားရဦးမည်ဟုဆိုသည်။ ကုန်းကြောင်း သွားရလျှင် ကျွန်ုပ် မသက်သာပေ။ ကျွန်ုပ်၏ လက်ဆွဲအိတ်ထဲ၌ အခြားပစ္စည်းများ မပါသော်လည်း ဝိပဿနာနှင့် ပတ်သက်သော စာအုပ် ၄-၅အုပ် ပါလာသည်။ စာတအုပ်လျှင် လက်သုံးလုံးခန့်တူသည်။ ထုံးစံအတိုင်း ဘုန်းကြီးစာအုပ် ဟူသည် ထူလဲထူ၊ ကြီးလဲကြီးသည်သာ ဖြစ်သည်။ ခဏတဖြုတ် ဆွဲနိုင်သော်လည်း ကြာရှည်ဆွဲလေ စာအုပ်တွေက လေးလေ ဖြစ်သည်။ ထိုသို့ ကျွန်ုပ် အသက်ရှူ ကြပ်နေသည့် အခိုက် လုံးကြီးပေါက်လှ တကာမလေးက

‘ဦးဇင်း၊ အဲဒီ လက်ဆွဲအိတ် ပေးပါ။ တပည့်တော်မ ယူမှါမယ်’ ပြောပြောဆိုဆို လာယူ လေသည်နှင့် ကျွန်ုပ် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။

‘အေးဟယ်။ အများကြီး ကျေးဇူးတင်တယ်။ အဲဒီအထဲမှာ လောကုတ္တရာ တရားစာအုပ်တွေပဲ။ နင် စေတနာထားတတ်ရင် အများကြီး ကုသိုလ်ရပါတယ်။ တရားရတနာတွေ သယ်ဆောင်နေရတယ်လို့ သဘောထားပေါ့’

ကျွန်ုပ်က သယ်ဆောင်နေရသူ ပို၍ ကုသိုလ်ရအောင်၊ လေးနက် သွားအောင်ဆိုပြီး တကယ့် စေတနာ အရင်းခံနှင့် ဝမ်းပန်းတသာ ပြောလိုက်မိသည်။ ဒါကို သူက ဘယ်သို့ သဘောပေါက်သွားသည်မသိ။ သူ့ကို ကျီစယ်နေသည်ဟူ၍ ထင်သလားမပြောတတ်။ ကျွန်ုပ်အား ရိသဲ့သဲ့ မျက်လုံး၊ အပြုံး၊ အမူ

အယာတွေ ပြနေ တော့သည်။ ကျွန်ုပ်မှာ သူ့ကိုပဲ ပြန်၍ ပြုံးပြရတော့မလိုလို၊ ဘာလိုလိုဖြစ်နေပြီး 'ခက်ခဲရချည်ရဲ့'ဟု ၍သာ ညည်းတွားမိတော့သည်။

'ခုခေတ် မိန်းကလေးများ တော်တော်ခက်သည်' ဘုန်းကြီး ပေမဲ့ ရှောင်ချင်မှ ရှောင်သည်။ နောက်ချင်လျှင် နောက်တတ်သည်။ ပြောင်ချင်လျှင် ပြောင်တတ်သည်။ ကြိုက်ချင်လျှင် ကြိုက်တတ်သည်၊ စမ်းချင်လျှင် စမ်းတတ်သည်။ တကယ် ကြိုက်ချင်၍ ကြိုက်သည်ဆိုလျှင် ရှိစေတော့၊ အချစ်မှာ မျက်စေ့မပါ၍ အပြစ်မဆိုသာ။ ခက်သည်မှာ နောက်တတ်၊ ပြောင်တတ် စမ်းတတ်ခြင်းပင် ဖြစ်သည်။

လွန်ခဲ့သော ငါးနှစ် ကျွန်ုပ် ရဟန်းနှစ်ဝါရလောက်က ဖြစ်သည်။ ထိုစဉ်က ကျွန်ုပ် ပုဇွန်တောင် ဆုတောင်းပြည့်ကျောင်းတိုက်မှာ နေသည်။ ည ဘုရားဝတ်တက်ပြီးတိုင်း ကျွန်ုပ် ပုဇွန်တောင် ပန်းခြံဒေါင့်ဘက်သို့ လမ်းလျှောက်လေ့ ရှိသည်။ တနေ့သော အခါ၌ ကျွန်ုပ်တဦးတည်း လမ်းလျှောက်ထွက်ခဲ့သည်။ ပန်းခြံဒေါင့်လောက်အရောက်တွင် ကျွန်ုပ်ရှေ့က မိန်းမပျို လေးငါးဦးကို ကျော်တက်လိုက်သည်။ ထိုအခါက သူတို့က ကျွန်ုပ်အား တီးတိုးတဖုံ၊ ကျယ်ကျယ်လေးတမျိုး နောက်ကနေ အချင်းချင်း ပြောသလို ပြောကြသည်။

'ဘုန်းကြီးကတုံး လူဖြစ်ရှုံး၏။ ဘုန်းကြီးကတုံး လူဖြစ်ရှုံး၏' ထပ်တလဲလဲ ပြောပြီး ရီကြသည်။ ကျွန်ုပ် ကျောချမ်းမိသည်။ 'တယ် အတင့်ရဲတဲ့ မိန်းခလေးတွေပါတကား' စိတ်ထဲက ထင်မိသည်။ သူတို့က လေးငါးယောက်။ ကျွန်ုပ်က တယောက်တည်း။

သူတို့နှင့် ပြန်လှန် ချေပနေ၍ မဖြစ်ပေ။ ကျွန်ုပ် သူတို့နှင့် အမြန်ဆုံး ကင်းလွတ်သွားအောင် သုတ်ချေတင်ရတော့သည်။ ယင်းကိုပင် သူတို့ သဘောတွေ့ကြဟန် တူသည်။ တခစ်ခစ် ရီကျန်ခဲ့ကြလေသည်။

ကျွန်ုပ်တို့ ရေးအတော်လေး ပေါက်လာသည်။ မှည့်ဝင်းစပြုနေပြီဖြစ်သော လယ်တောကြီးတွေကြားမှ ဖြတ် သွား၊ နေရသည်မှာ တမျိုး ဒရသာရှိသည်။ ကျွန်ုပ် လက်ဆွဲအိတ်ကို ယူသော တောသူ လုံမပျိုကလေးသည် အခြား လူအုပ်တွေနှင့် မသွား ကျွန်ုပ်နှင့်ပင် နီးကပ်စွာ သွားသည်။ တခါတခါ ကျွန်ုပ်ရှေ့မှ သွားသည်။ တခါတခါ ကျွန်ုပ်နောက်မှ လိုက်သည်။ ရှေ့ဆုံးက အမျိုးသမီးကြီးတဦး ပါနေ၍ တော်သည်ဟု ထင်ရသည်။

သို့နှင့် ကျွန်ုပ်တို့သုံးယောက်က တအုပ်စု သွားနေသလို ဖြစ်နေသည်။ သွားနေရင်းမှ မိန်းခလေးက ကျွန်ုပ်အား ဟိုမေးဒီမေး မေးသည်။ စကားမရှိ စကားရှာပြောသည်။ ကျွန်ုပ်မှာ သူနှင့် အလိုက်သင့်အလျှောသင့်ပင် ပြောနေရသည်။

ကျွန်ုပ်အိတ်ကို ကူညီသာ ယူဆောင်ရသော ကျွန်ုပ် ကျေးဇူးရှင် မဟုတ်ပေဘူးလား။ သူ ကျေနပ်အောင်တော့ ကျွန်ုပ် လုပ်ရသေးသပေါ့။ တခါတခါ ကျွန်ုပ်က အရွှန်းဖောက် ရယ်မောစရာ ပြောလေလျှင် သူမက ဟက်ဟက်ပက်ပက် အူလှိုက်သဲလှိုက် ရယ်တတ်သည်။ သူ ရယ်လျှင် ရှေ့က အမျိုးသမီးကြီးကလည်း ကူညီသာ ရယ်တော်ရသည်။ သည်တော့ ပြောရသူ ကျွန်ုပ်မှာ ပို၍ အားရှိလာသည်။ ပျော်မွေ့လာသည်။ နှစ်သိမ့်လာသည်။

ခရီးသွားရတာ မောပန်းရမှန်းတောင် မသိပေ။ မျှားရည်ဆမ်း ခရီး သွားမျိုးနှင့် တူနေသည်။ တခါသော် ရွာတရွာနားသို့ ရောက်လာသည်၊

'ကောင်မလေး ရှေ့ကရွာ ဘာရွာလို့ခေါ်တယ်တဲ့လဲ'

ကျွန်ုပ်က သိချင်၍ မေးလိုက်မိသည်၊

'အော်၊ အဲဒီရွာလား အဲဒီရွာက "သားပြို"ရွာလို့ ခေါ်တယ် တဲ့ရှင့်'

သူက ကျွန်ုပ်အား ဘုန်းကြီးတပါးဟူ၍တောင် မှတ်ရဲ့လား မပြောတတ်ပေ။ ခပ်ထေ့ထေ့ ဖြေကြားသည်။

'ဘာ၊ 'အပျိုရွာ' ဟုတ်လား၊ တယ်ကဗျာဆန်ပါလား၊ ဒါဖြင့် နောက် တွေ့မယ့်ရွာဟာ 'လူပျိုရွာ' ဖြစ်မှာပေါ့'

အမှန်ပင် ကျွန်ုပ်နားထဲ 'အပျိုရွာ' ကြား၍ ထိုသို့ပြောလိုက် ခြင်းဖြစ်သည်။ သူမမှာ ကျွန်ုပ်ပြောစကားကို သဘောကျစွာ တခစ်ခစ် တဟားဟား အားရပါးရ ရယ်သည်။ ပြီးလျှင်

'ဘယ်က'အပျိုရွာ'ရမှာလဲ 'သားပြိုရွာ'ဆိုနေမှ ကြံကြံ ဖန် ဖန် ပြောလဲပြောတတ်တဲ့ဆရာကြီး'

သည်လိုနှင့် ကျွန်ုပ်တို့ ၂ယောက်မှာ တဦးနှင့်တဦး ပြောရဲ ဆိုရဲ ဖြစ်လာသည်။ ရင်းနှီးသထက် ရင်းနှီးလာသည်။ ဒီအချက် ကိုတော့ ကျွန်ုပ် ကောင်းကောင်းကြီး သတိပြု မိနေသည်။ အတွေးအတောတို့သည် ကျွန်ုပ် ဦးနှောက်ထဲသို့ အမှတ်မထင် ဝင်ရောက်လာသည်။

'အစ္စသူ ရေဝါ၊ ပရသူ ရေဝါ၊ တကာမ ဖြူဖြူလေးဟာ' မရခင် မယူသေးပါ၊ ရရင် ယူပြေးမှာ'

ကျွန်ုပ် ဆုတောင်းပြည့်နေစဉ်က ကျွန်ုပ်၏ စာသင်ဘက် ဦးဇဝန မကြာမကြာ ရွတ်ဆိုတတ်လေ့ရှိသော ယိုလကင်္ာ ကလေးကို ပြန်လည်သတိပြုမိလိုက်သည်။ ကျွန်ုပ်က ကိုယ့်ကိုယ်ကို မေးမြန်း ကြည့်လိုက်သည်။ 'မင်းမရလို့မယူတာလား၊ ရရင် ယူမှာလား' ထို မေးခွန်းအတွက် တိကျသောအဖြေ ထွက်မလာပေ။ ဇဝေဇဝါ ဖြစ်နေသည်။ ဝိုးတဝါး ဖြစ်နေသည်။ ယင်းသို့ ဖြစ်နေခိုက် မေးခွန်းတခု ထပ်မံလာပြန်သည်။

'အော်၊ ဒါကတော့ သူမို့လို့ အဖြေရခက်နေတာပေါ့လေ။ ကဲ၊ ဒါဖြင့် မြို့သူ သူဌေးသမီး ချောချောလှလှကွာ ရရင် ယူမလား။ မင်း ပင်ပင်ပန်းပန်း၊ ဘာမှ လုပ်မစားရဘူး။ တာဝန်ခံတယ်။ ဘယ့်နှယ်လဲ'

ကျွန်ုပ် ငိုင်ကျမိသည်။ ခေါင်းရှုပ်သွားမိသည်။ နောက်ဆုံးတော့ ကျွန်ုပ်မျက်နှာကို တင်း၊ စိတ်ကိုတင်း၍ အတင်းအဓမ္မ အဖြေပေးလိုက်ရတော့သည်။

'မယူဘူး၊ မယူဘူး၊ ရလဲမယူဘူး။ မရလဲ မယူဘူး။ ငါ့ရဲ့ အဖိုးမဖြတ်နိုင်တဲ့ ရည်ရွယ်ချက်နဲ့ မိန်းမနဲ့မလဲနိုင်ဘူး။ မိန်းမလိုချင်တဲ့ရောဂါနဲ့ သေချင်သေသွားပေစေ။ မယူဘူးကွ၊မယူဘူး

ကျွန်ုပ်ဘယောက်တည်း စိတ်ထဲက အတင်း နင်းကန်ကြုံးဝါး လိုက်မိသည်။ တကယ် မတွေ့သေးလို့ ကြုံးဝါးနိုင်သည်လား မပြောတတ်ပေ။ တကယ်တွေ့လျှင် ဘယ်သို့ နေမည်မသိ။

'ဦးဇင်း ဘာတွေစဉ်းစားနေတာလဲ၊ တပည့်တော်မတို့ရွာ ရောက်တော့မယ်။ ဟောဟိုရှေ့က ရွာဟာ တပည့်တော်မတို့ ရွာပဲ'

အကောင်မလေး ညွှန်ပြရာသို့ ကြည့်လိုက်သည်။ ဝင်လုဆဲ နေရောင်အောက်တွင် ရွာကို ဝိုးတဝါးသာ မြင်တွေ့ရသည်။ သည်လိုနှင့် ကျွန်ုပ်တို့ ကျီးပင်စုရွာကို ငိုးစိုန်းခိုန်း ချုပ်မှ ရောက်ရှိလာတော့သည်။

ကျီးပင်စုရွာတွင် ကျွန်ုပ် ဦးဝိစာရ နောင်တော်အိမ်တွင် အိပ်ရသည်။ ဦးဝိစာရကလည်း ထိုအိမ်တွင်ပင် တည်းသည်ဟု သိရသည်။ သို့သော် ဦးဝိစာရကို မတွေ့ရပြန်ပေ။ အခြားရွာ တရွာသို့ သွားနေသည်။ သူ့အဒေါ်နေမကောင်း၍ သတင်း သွားမေးသည်ဟုဆိုသည်။ တရက် ၂ရက်ကြာ ပြန်လာလိမ့်မည် ဟူ၍ သူ့နောင်တော်က ပြောသည်။ ပေါက်တဲ့နဖူး မထူးပြီ။ သူ့အား ဤရွာကနေပြီး မတွေ့တွေ့အောင် စောင့်ဆိုင်းနေရန် ပင် ရှိတော့သည်။

ထိုအိမ်၌ သူတို့လင်မယား နှစ်ယောက်နှင့် ခလေး လေး ယောက်ရှိသည်။ အိမ်မှာ သွပ်မိုး တထပ်အိမ်မြင့် ဖြစ်သည်။ နံနက် အာရုံတွင် ကျွန်ုပ်အား ငါးပုဘ်ခြောက်ဆီဆမ်း၊ ပဲပြုတ် ဆီဆမ်း၊ ဘဲဥကြော်နှင့် အာရုံဆွမ်း ကပ်ကြသည်၊ ကျွန်ုပ်က ညကြီးမင်းကြီး ရောက်လာ၍တခြောင်းညက အလ္လာပသလ္လာပ စကားပြောတာ အတော်လေး ညဉ့်နက်မှ အိပ်စက်ကြရသော ကြောင့် တကြောင်း၊ အခြား ဟင်းလျာများ မပါသည်ကို သည်းခံပါဟူ၍ အိမ်ရှင်များက ဆိုကြသည်။ အာရုံဆွမ်း စား ပြီး၍ အတန်ငယ်ကြာသောအခါ၌ ဦးဝိစာရ နောင်တော်အား

'ကျွန်ုပ်ကို ဘုန်းကြီးကျောင်းကို လိုက်ပို့ဗျာ။ ကျုပ် ဘုန်း ကြီးကျောင်းမှာပဲ တချင်တယ်'

တောင်းပန်သောအနေဖြင့် ပြောလိုက်မိသည်။ ကျွန်ုပ် အိမ်၌ တဲရန် စိတ်မပါပေ။ တဲရသူ ဘုန်းကြီးတွင်လည်း လွတ်လပ်မှု မရှိ။ လူတွေမှာလည်း လွတ်လပ်မှုမရှိ။ နှောက်ဖေးနှောက်ဖီ သွားရတာကစ ခက်သည်။ သူလည်း အားနာရသည်။ ကိုယ်လည်း အားနာရသည်။ အနေရအထိုင်ရလည်း ကျဉ်းကြပ်သည်။ ပြီးလျှင် ခလေးတွေ တသောသောနှင့် ဆူဆူညံညံ ရှိလှသည်။ ဘုန်းကြီးသည် ဘုန်းကြီးကျောင်း တဲခြင်းသာလျှင် အလွတ်လပ်ဆုံး၊ အကောင်းဆုံး၊ အတင့်တယ်ဆုံးဖြစ်သည်။

'ဦးဇင်း၊ အိမ်မှာ ဘာပြုလို့လဲဘုရား။ အားနာလို့လား။ အားနာစရာ မရှိပါဘူး။ တပည့်တော်တို့က အားနာရမဲ့ လူတွေမှ မဟုတ်ပဲ။ ကိုယ့်ကျောင်းမှာ နေသလို လွတ်လွတ်လပ်လပ် နေပေါ့'

ဦးဝိစာရ နှောင်တော် ဒကာမက ပြောသည်။ ပြီး ဦးဝိစာရ နှောင်တော်က ဆက်ပြောလာသည်။

'ဦးဇင်း ကျောင်းတဲတာကတော့ ဟုတ်တယ်။ ဒါပေမဲ့ ဦးဇင်း စိတ်ညစ်ရမှာ'

'ဘာဗျ၊ ကျုပ် စိတ်ညစ်ရမယ် ဟုတ်လား။ ဘာပြုလို့လဲ'

ကျွန်ုပ် မျက်လုံးမျက်ဆံ ပြူးသွားရသည်။ 'ဒီလူ ဘယ်လို ပြောလိုက်တာပါလိမ့်'

ဟူ၍လည်း ဇဝေဇဝါ ဖြစ်သွားရသည်။ ညစ်မဲ့ ညစ် အိမ်မှာ တဲရင်သာ စိတ်ညစ်ရမှာပေါ့။ ဘာလို့ ကျောင်းမှာတဲရင် စိတ်ညစ်ရမှာလဲဟု ကျွန်ုပ် တွေးနေလေသည်။

ဒကာမှာ ပြောသင့် မပြောသင့် ချိန်ဆနေသည်နှင့် ကျွန်ုပ်က ထပ်၍

'ပြောပါအုံးဗျာ။ ကျောင်းတဲတာနဲ့ ဘာလို့ စိတ်ညစ်ရမှာလဲ'

တွန်းပေးလိုက်ရသည်။

'ဦးဇင်းကိုတော့ ပြောရမဲ့ ဦးဇင်းဖြစ်နေလို့ ပြောပါမယ်ဘုရား။ ကျောင်းထိုင်ဆရာတော်က သူ့ကျောင်းမှာ အာဂန္တုဘုန်းကြီး တည်းခိုတာ မကြိုက်ဘူး ဘုရား။ တည်းခိုဘူးသူတိုင်း အာဂန္တုဘုန်းကြီးတွေဟာ တရက်က ၂ရက်ပြင် မကြာဘူး။ စိတ်ညစ်ပြီး မြန်မြန် ပြန်ပြေးရော'

'ကျောင်းထိုင်ဆရာတော်က အာဂန္တုဘုန်းကြီး တည်းခိုတာ မကြိုက်ဘူး။ အော်၊ ဒီလိုလား'

ဘယ်လိုမှ မဓမ္မာ်လင့်သော စကားကို ကြားလိုက်ရ၍ ကျွန်ုပ် လွန်စွာ အံ့သြသင့်သွားမိသည်။ တုန်လှုပ်သွားမိသည်။

'အာဂန္တုမပြောနဲ့ သူ့ကျောင်းက အခန်းနေ ဘုန်းကြီးတွေ ဦးပဥ္စင်း၊ ကိုရင်တွေ၊ ကျောင်းသားတွေတောင် အိပ်ချိန်ကြရင် သူ့ကျောင်းမှာ မအိပ်ရဘူး။ သူတပါးတည်း အိပ်တယ်။ ည (၇)နာရီဆိုရင် တံခါးပိတ်ထားတော့တာပဲ။ ပြီးတော့ ကျောင်းက အကြီးကြီးဘုရား။ သံဃာတရာလောက်ကို ချောင်ချောင်နေနိုင်တယ်။ တိုင်ပေါင်း (၁၀၀)တိုင်ရှိတယ်'

'ဒါဆို အကြောင်းရှိလေမယ် ထင်တယ်'

ကျွန်ုပ်က တစုံတရာ သက်ာမကင်း ဖြစ်လာသည်။

‘အကြောင်း ရှိပါတယ်ဘုရား။ သူက သူ့ ကျောင်းကြီးကို သိပ် အစွဲအလန်း ကြီးနေတာ။ တစုံတဦးက လုသွားမှာ သိပ် ကြောက်တယ်။ တနေ့တနေ့ ကျောင်းကိုဘဲ သနေတာပဲ။ ပြီး တော့ အသက်ကလဲ ၇၀ ကျော်တော့ တခါတခါ ငယ်မူပြန် တယ် ဘုရား။ ငယ်မူပြန်ပြီဆိုရင် ရောက်လာသမျှ ဒကာတွေ ပြောတော့တာပဲ။ သူ့ကျောင်းကြီးဟာ ဘုရားလက်ထက်က ဘုရားရှင်သီတင်းသုံးတဲ့ ဇေတဝန်ကျောင်းကြီးနဲ့ တူပုံ။ သူ့ ကျောင်း ခေါင်းရင်းတဝိုက် သစ်ပင်ပန်းမာလ်တွေစိုက်ထားတာ ရှိတယ်။ အဲဒါဟာ ဝေဿန္တရာမင်းကြီး တောထွက်တဲ့ ဥယျာဉ် နဲ့ တူပုံတွေ ပြောတော့တာပဲ’

‘တခါကလဲ တပည့်တော်တို့ ရွာဖျားက ဦးဖိုးမှန်ဆိုတဲ့လူကို သူက မေးတယ်’

‘ဟေ့ ၊ ဖိုးမှန်။ ငါ့ကျောင်းက ဇေတဝန်ကျောင်းနဲ့ မတူ ဘူးလား’

ဆရာတော်က အဲဒီလိုမေးတော့ ဦးဖိုးမှန်ဆိုတဲ့ လူက ကိုယ့် ဆရာသမားပဲ အလိုက်သင့် ပြန်ပြောလိုက် ပြီးရော။ သူကလဲ ပွင့်ပွင့်သမားဆိုတော့

‘တပည့်တော် ဘယ်သိမလဲ။ ဘုရားလက်ထက်က ဇေတဝန် ကျောင်း တပည့်တော်မှ မမြင်ဘူးပဲနဲ့’

‘အဲဒီလိုလဲ ပြောလိုက်ရောဦ ပဥ္စင်း ဆရာတော်ကတောင်ဝှေး ဆွဲလိုက်လို့ ဦးဖိုးမှန် မနဲ ထွက်ပြေးလာရတယ်’

ထိုသို့ပြောအပြီး သူတို့လင်မယားမှာ တဝါးဝါး ပွဲကျနေ ပြီး ကျွန်ုပ်လည်း သူတို့နှင့်အတူ ရယ်မောမိပါ တော့သည်။

သို့နှင့်ကျွန်ုပ်မှာ ကျောင်းတွင်တဲရင် အငြိအငြင်ကို လက်လျှော့လိုက်ရတော့သည်။

ကျွန်ုပ်ရောက်နေသည်ဟူသော သတင်းကြားချက်အရ ကျွန်ုပ်၏ တပည့်ဟောင်း ရှင်လူထွက်တော့ တဦးပြီးတဦး ရောက်လာကြသည်။ သူတို့ကို မြင်တွေ့ရတော့ ကျွန်ုပ် တအားဘက်ရသည်။ သူတို့တတွေက ဝမ်းပန်းတသာ ဆီးကြို နှုတ်ဆက်ကြသည်။ သူတို့ တတွေ၏ အူလှိုက်သဲလှိုက် စေတနာသည် ကျွန်ုပ်၏ ဘဝင်အသဲကို အထူးပင် ရွှင်နှုးစေလေသည်။

'တပည့်တော်တို့အိမ်လဲ ကြွပါအုံးဘုရား။ တပည့်တော်တို့ အိမ်လဲ ကြွပါအုံးဘုရား'

တဦးနှင့်တဦး အားကျမခံ အလုအယက် ပင့်ကြသည်။

'ကြွတာပေါ့ကွာ။ ဘယ်သူ့အိမ် အရင် ကြွရမှာလဲ'

ကျွန်ုပ်က တွေးတိုးမြမ်း မေးလိုက်သည်။

'တပည့်တော်အိမ် အရင်ကြွပါဘုရား။ တပည့်တော်အိမ် အရင် ကြွပါဘုရား'

အပြိုင်အဆိုင် ပင့်နေကြပြန်သည်။

'ဖြေးဖြေးလဲ လုပ်ကြပါကွာ။ မင်းတို့အိမ်တွေ အကုန်ရောက်ချင် ပြီ ရောမဟုတ်လား။ သူ့အိမ်တော့ အရင်ကြွမယ်။ ငါ့အိမ်တော့ အရင်မကြွဘူး။ ဒီလိုတော့ မလုပ်ကြနဲ့နော်'

သူတို့အားလုံး ငြိမ်သက်နေကြသည်။ ရှေးဦးစွာ အကြီးဆုံး ကိုရင်လူထွက် မောင်တင်အေးအိမ်သို့ လိုက်လာသည်။ ကိုရင်ဝတ်နှင့်တုံးက သူ့ဘွဲ့မှာ နန္ဒ ဖြစ်သည်။ သူကား အသက်နှင့် မလိုက်အောင် လူကောင်ကြီးထွားလွန်းလှသည်။ ကျွန်ုပ်နှင့်အတူ

ကျန် တပည့်ဘပန်းတွေလည်း လိုက်ပါလာကြသည်။ လာရာ လမ်းတလျှောက် ရွာအခြေအနေကို အကဲခတ် လေ့လာကြည့်သည်။

အစိုးရ မူလတန်းကျောင်း ရှိသည်။ အိမ်ခြေ နှစ်ရာကျော်လောက် ရှိမည်။ အိမ်များမှာ စနစ်တကျ ဆောက်လုပ်ထားသည်များ မဟုတ်ပေ၊ အလျဉ်းသင့်သလို ဆောက်လုပ်ထားသည်။ သွတ်မိုး ပျဉ်ထောင်အိမ် သုံးပုံ တပုံခန့်လောက်ရှိသည်၊ သင့်တင့်သော အိမ်များပေတည်း။ တဲပုတ်သာသာ အိမ်များကိုလည်း အနည်းအကျဉ်း တွေ့ရသည်။ ယင်းကို ကြည့်ခြင်းဖြင့် ထိုရွာသည် လူမှုရေး၊ စီးပွားရေးတို့၌ ကျေးရွာအလျောက် မဆိုးလှဟု ဆိုရမည်ဖြစ်သည်။

'ရန်ကုန်မှာ ဦးဇင်း ကျောင်းထိုင်နေပြီလား၊ တပည့်တော်တို့ ရန်ကုန်မှာ သိပ်နေချင်တယ်။ ဦးဇင်း ကျောင်းထိုင်ရင် တပည့်တော်တို့ ကိုရင်ပြန်ဝတ်မယ်'

ရွာရိုးလျှောက်ရင်း ရှင်ဝါယမလူထွက်မောင်လှရွှေကဆိုလာသည်။

'ဒီလိုဆို တပည့်တော်တို့လဲ ကိုရင်ပြန်ဝတ်မယ်'

တဦးက ဆိုသော် ကျန်အားလုံးကလည်း ဆိုလာကြသည်။

သူတို့တတွေ၏ ထိုစကားကို ကြားသော် ကျွန်ုပ် ရင်ဆို့သွားရသည်။ စိတ်မကောင်းဖြစ်ရသည်။ 'သူတို့တတွေ၏ ဘဝသည် ရောင်ချာချာ ဖြစ်နေလေပြီ'ဟူ၍ မှတ်ထင်မိသည်။

'ရန်ကုန်မှာ ကျောင်းထိုင်နိုင်ဘို့ နေနေသာသာ ငါ့ဘဝ ငါတောင်ဘယ်ရောက်လို့ ဘယ်ပေါက်လို့၊ ဘယ်မှာနေလို့ ဘယ်

သွားလို့ ဘယ်သောင်ကမ်း ဆိုက်မှန်းမသိတဲ့ ဘဝမျိုး၊ ဖြစ်နေ တယ်ပေါ့'ဟူ၍ ရင်နင့်စွာပင် ပြောလိုက်ရတော့သည်။

သို့နှင့် မောင်တင်အေးအိမ်သို့ ရောက်လာခဲ့ကြသည်။ မောင်တင်အေးအိမ်ကား ရှေးအိမ်ဟောင်းကြီးဖြစ်သည်။ ခိုင်ခန့် ကောင်းမွန်လှသည်။ တောအိမ်နှင့် မတူပဲ မြို့အိမ်နှင့် တူနေ သည်။ နေ့ဆွမ်းကို ထိုအိမ်၌ပင် စားရသည်။ စားကောင်း သောက်ဖွယ် စုံလင်လှသည်။

ကျွန်ုပ် အနှစ်သက်ဆုံးကား ဆွမ်းဖြစ်သည်။ ဆွမ်းမှာ ကော ပျံ့စင်းနေသည်။ ဖွေးဖွေးဖြူနေသည်။ အနံ့ ကြိုင်လှိုင် မွှေးနေ ပေသည်။ ပုသိမ်မွှေးဆန်ဟူ၍ ခေါ်သည်ဟု သိရသည်။ ကျွန်ုပ် တသက် ဤလောက်ကောင်းသော ဆန်၊ ဤတကြိမ် ပဌမဆုံး စားဘူးခြင်း ဖြစ်ပေသည်။

ထိုညတွင် ကျွန်ုပ်သည် ထိုအိမ်၌ပင် အိပ်သည်။ နောက်ည တွေမှာလည်း ထိုအိမ်၌ပင်အိပ်တော့သည်၊ အိပ်ရခြင်းအကြောင်း ကလည်း ရှိသည်။ ထိုအိမ်သည် ကျယ်သည်းကျယ်သည်။ အခြားသော အိမ်တွေနှင့်လည်း ကွာဝေးသည်။ တိတ်လည်း တိတ်ဆိတ်သည်။ လွတ်လပ်မှုလည်း ရှိသည်။ ကိုယ့်တပည့် အိမ်လည်း ဖြစ်နေသည်၊ ခလေးသူငယ်သည်းမရှိပေ။ လူလည်း နည်းသည်။ စုစုပေါင်းမှ သုံးယောက်ပဲ ရှိသည်။

မောင်တင်အေးရယ်၊ သူ့အမရယ်၊ သူ့အမေရယ်၊ ဒါပဲရှိ သည်။ မောင်တင်အေးအဖေမှာ ခရီးထွက်နေသည်ဟုသိရသည်။ ကျွန်ုပ်အပေါ် တအိမ်သားလုံး လိုက်လှဲစွာ ရှိကြသည်။ မောင်တင်အေးအမေမှာ အသက် ၅၅ နှစ်လောက် ရှိပေမည်။

ဝဝတုတ်တုတ် ခန့်ခန့်ငြားငြား ရှိသည်။ မောင်တင်အေးအမေမှာ အသက် ၂၇ နှစ်လောက် ရှိပေမည်။ ကျွန်ုပ်ထက် တနှစ် နှစ်နှစ်လောက် ကြီးမည်ထင်သည်။ ချောမောသူတယောက် ဖြစ်သည်။ ကိုယ် အချိုးအစားမှာ ခေတ်စကားနှင့်ဆိုသော် ငရုံ့ကိုယ်မျိုး ဖြစ်သည်။ အနီးစပ်ဆုံး ရုပ်ရှင် မင်းသမီး မြင့်မြင့်ခိုင်နှင့် တူလေသည်။ နေ့ဆွမ်းတွင် တပည့်တပန်းအိမ်တွေကို လိုက်၍ တလှည့်စီ စားရသည်။ သည်လိုဆိုတော့လည်း တပည့်တပန်းမွေးသော အလုပ်သည် မဆိုးလှဟု ထင်မိသည်။

ညဘက်တွင် တပည့်တွေ ကျွန်ုပ်ဆီလာ၍ စကားစမြည်ပြောကြသည်။ များသောအားဖြင့် ကျွန်ုပ်က ပြောရသည်သာ များသည်။

'ဦးဇင်း ပုံပြောပါ၊ ရိစရာ ပြောပါ'

တက်လာသည်ဆိုလျှင် ထိုကလေးက စတင်လာကြသည်။ ကျွန်ုပ် သူတို့နှင့် တောင်စွန်းနေစဉ်က ဥပုသ်နေ့၊ စာဝါနားသော ညတွင် အပျင်းပြေ ပုံတိုပတ်စ ရိမောစရာ ပြောခဲ့ဘူးသည်။ ဒါကို သိပ်သဘောကျသည်။ ယခုတိုင် သူတို့ စွဲမှတ်နေတုံး ရှိသေးသည်။

မင်းတို့ကို ပြောစရာ ကုန်ပြီကွ၊ ငါ့မှာ ပြောစရာမရှိတော့ဘူး၊ ငါသိသမျှ မင်းတို့ ပြောပြီးသွားချည်းပဲ'

တခါတခါပြောလျှင် အနည်းဆုံး ၄၊ ၅၊ ၆ပုံ ပြောရသည်။ ကြာတော့ ပြောစရာမရှိပေ။ ပြောစရာမရှိတိုင်း သူတို့ကို ကျွန်ုပ် ထိုအတိုင်း ပြောရသည်။

‘ဟင့်အင်း ပြောရမယ်၊ မပြောရင် ဦးဇင်း မအိပ်ရတော့ဘူး မှတ်’ ကျွန်ုပ်က ထိုသို့ ငြင်းကွယ်တိုင်း သူတို့က ထိုသို့ အကြပ်ကိုင်လေ့ ရှိသည်။ သည်တော့ ကျွန်ုပ် ကြားဘူးသမျှ၊ သိဘူးသမျှ၊ အစွန်းကုန် ကြံရ ဖန်ရပြန်တော့သည်။ ကျွန်ုပ် ထိုသို့ ကြံဖန်နေပြီဆိုလျှင် သူတို့အားလုံး ကျွန်ုပ်ရှေ့တွင် မှောက်သူမှောက်၊ ပက်လက်လှန်သူလှန်နှင့် ငြိမ်သက်နေကြသည်။ နားစွင့်နေကြသည်။ ကျွန်ုပ်က ပြောစရာတခု ရလာပြီဖြစ်၍ ပြောရန်ဟန်ပြင်လိုက်သည်၊ သူတို့ ခေါင်း ထောင်လာကြသည်။

‘ဟိုး ရှေးရှေးတုံးက ပေါ့ကွာ အရူးကြီးတယောက် ရှိတယ်ဘဲ့ သိလား။ အဲ ခု ပြောမှာက ပုံပြင်မဟုတ်ဘူးကွ၊ တကယ့်ဖြစ်ရပ် တကယ့် ဖြစ်ရပ်’

ကျွန်ုပ်က မျက်နှာတည်တည်နှင့် ပြောနေသည်။ သူတို့က ကျွန်ုပ်ပါးစပ်ကို ဝိုင်းအုံ ကြည့်နေကြသည်။

‘အဲဒီအရူးက ပဲခူးမှာဆိုပဲ၊ တခါထဲ အရူးက လူသွားလမ်းမတခုကို ကန့်လန့်ဖြတ်ပြီး ဝါးလုံးတလုံး ချထားတယ်၊ ချထားပြီး သူက လမ်းအစွန်ကနေ ဒါးရှည်ကြီးတလက်ကိုင်ပြီး လာသမျှလူတွေကို....

‘ခင်ဗျားတို့ သတ္တိရှိရင် ဒီဝါးလုံးကို ကျော်ရဲကျော်ကြည့်၊ ဆိုပြီး တကြုံးဝါးထဲ ကြုံးဝါးနေတာကို၊ ဒါနဲ့လာသမျှလူတွေ အရူးရဲ့ဒါးကြီးကို ကြောက်တာနဲ့ မကျော်ရဲကြဘူး ပေါ့ကွာ။ ကွေ့ရှောင်ပြီး သွားကြတယ်၊ စိတ်ထဲမှာတော့ အတော်မခံချိ မခံသာ ဖြစ်ကုန်ကြတာပေါ့၊ ဒါနဲ့ ဗလကောင်းကောင်း လူတယောက်က တယ် ဒီအရူးက လူပါးဝတယ်ဆိုပြီး၊ သူ့ကိုယ်သူ

ရဲဆေးတင်လာပါလေရော၊ အဲဒီဝါးလုံးနားရောက်တော့ အရှုး ကနေ ထုံးစံအတိုင်း လှမ်းပြီးပြောလိုက်တယ်။ ခင်ဗျား သတ္တိ ရှိ ကျော်ရဲကျော်ကြည့်၊ ကျော်ရဲ ကျော်ကြည့်၊ ခေါးကြီးကို မြောက်ထားလို့ပေါ့ကွာ၊ အရှုးနဲ့ အဲဒီလူနဲ့ကလဲ နှစ်လန်လောက် ကွာနေတယ်။ ဒါနဲ့ အဲဒီလူကြီးဟာ ဗြုန်းကနဲ မကျော်ရဲသေး ဘူးကွဲ့၊ အရှုး အခြေအနေကို ကြည့်နေသေးတယ်။ အရှုးကလဲ မျက်လုံးမျက်ဆန်ပြူးပြီးကြည့်နေတယ်။ အဲဒီလူကြီးကလဲ အရှုး ကို ကြောက်တယ် မကြောက်တယ် တကိုယ်လုံး ချွေးသီး ချွေး ပေါက်တွေ ကျနေတာပဲ။ မခံချင်လွန်းလို့ ရဲဆေးတင်မဲ့သာ တင်လာရတာ သူ့ကိုလဲ ကြောက်တာပေါ့၊ နောက်ဆုံးတော့ အဲဒီလူကြီးက မျက်စေ့မှိတ်ပြီး ဖြစ်ချင်ရာဖြစ်ရောဆိုပြီး ဟိုဘက် ကို ကျော်လိုက်ရော ပြီးတော့ ပါးစပ်ကလဲ ကြုံးဝါးလိုက်သေး တယ်’

‘ကျော်တော့ ဘာဖြစ်သလဲကွ’

‘အသက်စွန့်ပြီး ပြောလည်းပြော ကျော်လည်း ကျော်လိုက် တာကိုး။ သည်တော့ အရှုးကတခါထဲ့ အဲဒီလူကြီးကို’

‘ကျော်တော့ဘာဖြစ်ရမလဲ ဟိုဘက်ရောက်တာပေါ့’

လို့ ပြောလိုက်ဆိုပဲ၊ကျွန်ုပ်စကားအဆုံး၌ တအိမ်လုံး တဝါးဝါး တဟားဟား ပွဲကျသွားပါတော့သည်။ သည်လိုနှင့် ကျွန်ုပ်မှာ ပျော်ရွှင်မှု ဖြစ်နေရာ၊ လာရင်း ကိစ္စတောင် မေ့ပျောက်သလို ရှိလာတော့သည်။ သို့သော် ကျွန်ုပ် မေ့ပျောက်၍ မဖြစ်ပါ။ ဦးဝိစာရမလာခင်စပ်ကြား ထိုက်သင့်သလိုစခန်းသွား ပျော်မွေ့ နေရခြင်းပင်ဖြစ်သည်။

နောက်တနေ့ နံနက်တွင် ကျွန်ုပ်သည် မောင်တင်အေး ခေါ်ပြီး ကျောင်းထိုင်ဆရာတော်အား သွား၍ ဖူးမျှော် ကန်တော့သည်။ ဆရာတော် ဘွဲ့အမည်မှာ ဦးနန္ဒိယဖြစ်သည်။ ကျွန်ုပ်ကို တွေ့မြင်သော် ဆရာတော်ကြီး မျက်နှာမှာ မှုံတေတေ ဖြစ်နေသည်။ အရပ်မှာ ငါးခပေခန့်လောက် ရှိမည်ဖြစ်သည်။ မပိန်မဝ၊ မဖြူမညို၊ သူ့ရုပ်ရည်နှင့်သူ ကြည့်၍မဆိုးလှပေ၊ ကျွန်ုပ်က ဦးသုံးကြိမ်ချလိုက်ပြီး

တပည့်တော် ဦးဝိစာရရှိမိတ်ဆွေပါဘုရား။ သူ့ဆီကို ကိစ္စတခုနဲ့လာပါတယ်ဘုရား။ သူ့နေခင်တော်အိမ်မှာ ခဏ တည်းခိုပါတယ်ဘုရား။ ခုဒီလာတာ ဆရာတော်ကို ဖူးမျှော်ရအောင်နဲ့ ဆရာတော်ကျောင်း နံမည်ကြီးလို့ ကြည့်ချင်၍ လာပါတယ်ဘုရား'

ကျွန်ုပ်က သူ့အကြောင်းသို့ သိထားသူပီပီ လက်အုပ်ချီ၍ ရိုသေစွာ အလျှင်အမြန် လျှောက်ဘင်လိုက်ရသည်။ သို့မဟုတ် သူ့ကျောင်းတည်းရန် လာသည်အထင်နှင့် ကျွန်ုပ်ကို ဘုတောက် ပြောလွှတ်ချင် ပြောလွှတ်နေပေဦးမည်။

ထိုအခါမှ ဆရာဘော်ကြီး မျက်နှာ ကြည်လင် လာပြီး၊ ဖော်ရွှေကောင်းမွန်စွာ လက်ခံစကား ပြောလေ တော့သည်။ ထိုတွင်မက ရေနွေးကြမ်းတွေ မုန့်တွေပါ ချ၍တည်တော့သည်။ သူ့ကျောင်းက အမှန်ပင် ကြီး ကျယ် ခန်း နား လှပေ သည်။ ကျောင်းတခုလုံးလည်း ပြောင်လက် မျောမောနေသည်။ သူ့အခန်းနှင့်သူ စနစ်တကျ ရှိလှသည်။ ခေါင်းရင်းတွင် ဘုရားခန်း သီးသန့်တခန်း၊ ၎င်းရှေ့တွင် တရားခန်း၊ ၎င်းရှေ့တွင် သံဃာ

ခန်း သူ့အဆင့်နှင့်သူ သုံးခန်း သီးသန့်ရှိသည်။ သံဃာ့ခန်း ရှေ့ကမူ ဒကာဒကာမတွေ တက်နိုင်သောအခန်းဟူ၍ ဆရာတော် ကြီးက ရှင်းပြသည်။ လူတွေအနေဖြင့် ထိုအခန်းက ကျော်၍ သံဃာအခန်းတို့ကို တက်ရောက်ခြင်းမရှိရပေ။ ပြီးလျှင် ကျောင်း ဘယ်ဘက်တွင် ဆရာတော်နေသော အခန်းနှင့် ညာဘက်တွင် ပျံလွန်တော်မူပြီး ဖြစ်သော သူ့ဆရာတော်အခန်း ဖြစ်သည်။ ဆရာခန်းကို သူကိုယ်တိုင် ရှင်းသည်။ ကုတင်၊ စောင်၊ မွေ့ယာ စသည်အားလုံးရှိသည်။ ဘယ်သူမှမနေရပေ။ သူ့ဆရာကိုတော့ တကယ်ပင် ရှိသေလေးစား လှပါကလားဟူ၍ သတိပြုမိသည်။ တကျောင်းလုံးတွင် ကျွန်ုပ်သဘောအကျဆုံးသည် ဘုရားခန်း ဖြစ်သည်။ ဘုရားခန်းသည် အလွန်အမင်း သားနား သပ္ပါယ် ရှုချင့်စဖွယ်အတိ ဖြစ်နေသည်။

ဤလောက် ရှုချင်ဖွယ်ရှိသော ဘုရားခန်းမျိုး ဤတကြိမ်သာ မြင်ဘူးရပေသည်။

'ဆရာတော် ဘုရားခန်းက တယ်ခန်းနားပါလား ဘုရား။ ဒီလို ဘုရားခန်းမျိုး တပည့်တော် ဒီတခါပဲ တွေ့ဘူးသေးတယ်'

ကျွန်ုပ်စိတ်ထဲရှိတဲ့အတိုင်း အမှန်ပင် ဖွင့်ဟ ချီးကျူးမိလိုက် ပေသည်။ ထိုအခါ ဆရာတော်သည် အလွန်ဝမ်းမြောက် ဝမ်း သာဖြစ်ပြီး သူကိုယ်တိုင်ပင် ကျွန်ုပ်အား ဘုရားခန်းသော့ကို ဖွင့် ပြပြီး၊ အသေအချာ လိုက်လံပြသသည်။ ထိုတွင်မကာ တကျောင်း လုံး သူ့အခန်းပါမကျန်ပြသပေတော့သည်။ ပြီးလျှင် သူ့ခေါင်း ရင်းဘက်ကို လက်ညှိုးထိုး၍

‘ဆရာတော် အဲဒီနေရာကို သေသန္တရာမင်းကြီး တောထွက်တဲ့အခါနေတဲ့ဥယျာဉ်မျိုးလိုဖြစ်အောင် လုပ်မလို့မှန်းထားတယ်။ ခု ပဲ ပန်းပင် သစ်ပင်တွေနဲ့ အတော်လေး စိုပြေနေပြီကွဲ့.’

ဆရာတော်က အားရပါးရ ဆိုနေပါတော့သည်။

‘မှန်ပါဘုရား၊ ခုတောင် အတော်လေး သရုပ်ပေါ်လာပါပြီ၊ နောက် ၂ နှစ်လောက်ဆိုရင်တောင် ဆရာတော် အဲဒီမှာ တနန်းဆောက်ပြီး၊ တရားဓမ္မကျင့်သုံးနိုင်တန်ကောင်းပါတယ်’

ကျွန်ုပ် အလိုက်သင့်ပင် ပြန်လည် လျှောက်တင် နေရသည်။

‘အေးပေါ့ကွယ်၊ အေးပေါ့၊ တပည့်တော်လဲ ကိုယ်တော်ပြောသလို မှန်းထားပြီးသားပဲ၊ ပြီးတော့ ဒီကျောင်းကြီးဟာလဲ ဇေတဝန်ကျောင်းကြီးနဲ့ ပုံစံတူဆောက်ထားတာကွဲ့.’

ကျောင်းဘက်လှည့်၍ ဆိုလာပြန်ချေပြီ၊ ကျွန်ုပ်မှာ ရုတ်တရက်သော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ နောက်မှ သတိရလာပြီး

‘မှန်ပါ၊ မြတ်စွာဘုရားရဲ့ ဇေတဝန်ကျောင်းဆိုပြီး တပည့်တော် ပုံဘာပုံတွေတွေ့ဘူးတယ်ဘုရား၊ အဲဒီပုံနဲ့ ဆရာတော့်ကျောင်းနဲ့ဟာ အတော်ကို တူတယ်’

အဟုတ်ပင် ကျွန်ုပ်တွေ့ဘူးသောပုံနှင့် ဆင်ဆင်တူ၍ ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။ ပြောအပြီးတွင် ‘ကြာကြာနေ၍မဖြစ်ချေတော့ပြီ’ဟူ၍ ကျွန်ုပ် စဉ်းစားမိပြီး ပြန်ရန်အတွက်ဝတ်ချလိုက်တော့သည်။ သို့သော် သူက အားရပါးရ အဆက်မပြတ် ပြောနေသဖြင့် ကျွန်ုပ်မှာ အောင့်သက်သက်နှင့် နားထောင်နေရတော့သည်။ ထိုနောက် သူကိုယ်တိုင်ပင်သူ့ ကျောင်း-

မှာ ရေမိုးချိုးသွားပါ ဆိုလာသည်။ ပြီး သူကိုယ်တိုင် ဆပ်ပြာ ခွက် ရေချိုးခွက်တွေ ယူပေးပြီး သူချိုးသော ရေချိုးခန်းမှာပင် ကျွန်ုပ်ကို ချိုးခိုင်းတော့သည်။ ဆွမ်းကိုတော့ သူကျောင်းမှာ မစားခဲ့တော့ပေ။ မောင်တင်အေးအိမ်မှာ အဆင်သင့် ပြင်ထား ပြီးဖြစ်ကြောင်း လျှောက်ထားပြီး ပြန်လာခဲ့ရတော့သည်။

'ဦးဇင်း တော်တော် ကုသိုလ်ကံကောင်းတယ်၊ ဆရာတော် ဟာ ဘယ်အာဂန္တုမှ ဦးဇင်းလောက် ပေါ်ပေါ်ရွှေရွှေ လက်ခံ စကားမပြောဘူးဘူး'

လမ်းတွင် မောင်တင်အေးက အံ့ဩစွာ ပြောဆိုလာသည်။

'အိုကွာ၊ ဒါက သိပ်မဆန်းပါဘူး၊ သူတို့က ခေတ်မှ မသိ ကြပဲ'ဟူ၍ ကျွန်ုပ်က ခပ်ပြုံးပြုံးပင် ပြောလိုက်မိသည်၊ လူအမျိုး မျိုး၊ နတ်အမျိုးမျိုး၊ ဘုရားရှိခိုးအမျိုးမျိုး ရှိကြသည်ပင် မဟုတ် ပါလော၊ ရှေ့ရှောက်ပြီး လူလုပ်ရန် အများကြီး ကျန်နေသေး သည်။ သည်ထက် ဆန်းကျယ်သော လူအမျိုးမျိုး တွေ့ရမည်မှာ သေချာပေသည်။ ဒါတွေက မဆန်းပေ။ ဆန်းသည်မှာ ဤမျှ ကြီးမားသော ကျောင်းကန်ကြီးသည် လူသားတို့အား တစုံ တရာ အကျိုးဖြစ်ထွန်းရာ ဌာနအဖြစ် ရပ်တည်ခွင့် ရှိမနေသည် ကိုသာ ကျွန်ုပ် အသဲ နာမိပေတော့သည်။

တညနေတွင် ပျင်းပျင်းရှိသည်နှင့် ရွာပြင်လယ်ကွင်းစပ်သို့ ကျွန်ုပ်တယောက်တည်း လမ်းလျှောက်ထွက်ခဲ့သည်။ အတန်ငယ် သွားမိသော် ၁၀ နှစ်ခန့်ရှိ ကလေးငယ်တယောက်ကို တွေ့ရ သည်။ သူ့လက်တွင် လောက်လေးဂွတလက် ကိုင်ထားသည်။ အင်္ကျီမပါ၊ ပုဆိုးစုတ်ကလေး ဝတ်ထားသည်။ တကိုယ်လုံးတွင်

ဂျီးအထပ်ထပ်ရှိသည်။ ပုဆိုးစုတ်တွင်လည်း ညစ်ထေးပေကျန်လျက်၊ ရှင်မြင်ရုံနှင့် ဆင်းရဲ၊ နွမ်းပါးရှာသူကလေးဖြစ်ကြောင်း အလွယ်တကူ ခန့်မှန်းမိလိုက်သည်။ ရုပ်ကလေးကတော့ သနားကမား။ ကျွန်ုပ်ကို မြင်သော် သူသည် ထိုင်၍ ရှိခိုးသည်။ ကျွန်ုပ်က သူ့အနားသို့ တိုးကပ်သွားပြီး

'အကောင်လေး၊ မင်း ဒီရွာသားလား'

သူက ခေါင်းငြိမ့်ပြသည်။

'မင်း ကျောင်းနေသလား'

'ဟင့်အင်း၊ မနေဘူး'

'မင်းအရွယ်မျိုးဆိုတာ ခုလို လောက်လေးဂွ မကိုင်ရဘူးကွ၊ ကျောင်းနေရတယ်၊ လူများခလေးတွေ ကျောင်းနေတာ မင်း မတွေ့ဘူးလား၊ မင်း သူတို့လို ကျောင်းမနေချင်ဘူးလား'

'ကျွန်တော် သိပ်နေချင်တယ်၊ အမေနဲ့ အဖေကမှ မထားတာ'

ကျွန်ုပ် ပင့်သက်ချမိသည်။ ဤခလေး၏ မိဖတို့သည် မူလတန်း ပညာရေးလောက်ပင် မထားနိုင်လောက်အောင် ဆင်းရဲကြသလား၊ အသိတရားပင် ခေါင်းပါးလွန်းကြ၍လား၊ အစိုးရကလည်း တတ်နိုင်သမျှ လုပ်ပေးနေသားပဲ ဟူ၍ တွေးမိကာ ခလေးအပေါ် ကရုဏာ သက်မိသည်။

'ပေးစမ်း မင်းလက်'

ကျွန်ုပ်က သူ့ညာလက်ကိုဆွဲ၍ လက်ဝါးပြင်လက္ခဏာကို ကြည့်လိုက်သည်။ ဂျီးတွေကို မနဲပင် ပွတ်တိုက်ကြည့်ရသည်။ ပညာရေးလမ်းကြောင်းနှင့် စနေဂြိုဟ်ခုံအားကောင်းနေသည်ကို

တွေ့ရသည်။ ပညာကို ကောင်းစွာသင်ရက ထူးချွန်စွာ တတ်မြောက်နိုင်သည်ကို ကျွန်ုပ် အကဲခတ်မိသည်။ ဤခလေး၏ရှေ့ရေး ဘဝလမ်းကြောင်းကို တည့်မတ်ပေး၊ ဖြောင့်တန်းပေးမည့်သူရှိက ဤခလေးသည် ကေန်ပင် လူတော်လူကောင်းတယောက်ဖြစ်နိုင်သည်။ သည်အတိုင်း ပေါက်လွှတ်ပဲစားသွားပါက တလွဲတွင် ဆံပင် ကောင်းချေတော့မည်။ မကောင်းမှု ဒုစရိုက်ဘက်တွင် ထူးချွန်ပြောင်မြောက်သူတဦး ဖြစ်ချေတော့မည်။ ခလေးဘဝ၏ ရှေ့ရေးကို စိုးရိမ်မိတော့သည်။

မြန်မာပြည်တွင် ဤကဲ့သို့ ကျောမွဲ ဆင်းရဲသားကလေးတွေ အမြောက်အများပင် ရှိနေမည်ဖြစ်သည်။ တနေ့သောအခါတွင် ကျွန်ုပ်ရည်ရွယ်ချက်လုပ်ငန်း အကောင်အထည်ပေါ်လာသောအခါ၌ ဤကဲ့သို့ ကလေးဘဝတွေကို ကယ်ဘင်နိုင်ပေလိမ့်မည်။ ကျွန်ုပ်၏အဓိက ရည်ရွယ်ချက် လုပ်ငန်းများတွင် ဤလုပ်ငန်းသည်သည်း တခုအပါအဝင်ဖြစ်သည်။ သူတို့၏ အခြေအနေအလိုက် တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ သာသနာရေး၊ ဘာသာရေးဖက်တို့တွင် ထူးချွန်အောင် ပြုလုပ်ပေးရမည် ဖြစ်သည်။ ယခုတော့ ကျွန်ုပ်တို့သည်ပင် ရည်ရွယ်ချက်ဆိုတဲ့ ပင်လယ်သမုဒ္ဒရာထဲမှာ ကမ်းမမြင်၊ လမ်းမမြင်၊ မျောပါနေရသည့်အတွက် ဘယ်သောင်ဆိုက်၍ ဘယ်ကမ်းကပ်မည်ပင် မခန့်မှန်းနိုင်တဲ့ ဘဝမျိုး ဖြစ်နေသဖြင့် ဤကလေးကို သနားလျက်ဥပေက္ခာ ပြုရတော့သည်။

'ဒေါ့ကွာ၊ လောက်လေးဂွမကိုင်ရဘူး သိလား၊ သူ့အသက်သူ့အပက်ဆိုတာလဲ မညှင်းဆဲကောင်းဘူး၊ ကျောင်းမနေရလဲ

စာဖတ်တတ်အောင်တော့ ကြိုးစားပေါ့ကွာ၊ ပြီးတော့ မိုက်တဲ့ လူတွေနဲ့ မပေါင်းနဲ့၊ လိမ္မာတဲ့လူတွေနဲ့သာပေါင်း သိလား’

ခလေးကတော့ ခေါင်းငြိမ့်ရှာပါသည်။ ကျွန်ုပ်မှာ ထိုမျှသာ ပြောပြီး ခလေးနှင့် လမ်းခွဲထွက်လာခဲ့ရတော့သည်၊ ကျွန်ုပ်၏ ရည်ရွယ်ချက်လုပ်ငန်း ဘယ်အခါလုပ်ခွင့်ရမည်နည်းဟူ၍တွေးမိ တိုင်း ကျွန်ုပ်မှာ ရင်လှိုင်းထရသည်။ ကျွန်ုပ်ကား အမှန်ပင်ရည် ရွယ်ချက် သမုဒ္ဒရာထဲတွင် မျောပါနေရသူတဦး ဖြစ်နေသည်။ ကိုယ့်ဆုတောင်းနှင့်ကိုယ် ခံရဦးပေပေါ့၊ ဘယ်အခါ၌ ကမ်းကို ကပ်မည်နည်း၊ ကမ်းမကပ်နိုင်ခင်တွင်ပင် နစ်မြုတ်သွားပေမည် လော။ ကပ်လိုလျှင်လည်းကပ်၊ မြုပ်လိုလျှင်လဲမြုပ်၊ မသေ မချင်း ကူးခတ်ရမည့်တာဝန်ကား ကျွန်ုပ်၏ တခုဘည်းသော တာဝန်သာ ဖြစ်ချေတော့သည်။

သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့သို့ရောက်လာပေပြီ၊ ကျွန်ုပ် ညှာရွာသို့ ရောက်လာခဲ့သည်မှာ ငါးရက်မြောက်ပြီ ဖြစ်သည်။ ထိုအခါမှ ရွှေကိုယ်တော်အရှင်မြတ် ရောက်ရှိလာတော့သည်။ ရောက်လာခြင်းပင် ကျွန်ုပ်၏ လိုရင်းကိစ္စကို ပြောကြားရသည်၊ တိုင်ပင်နှီးနှောရသည်။ သူ့ဆရာရင်းဖြစ်သော ညှာ ကျီးပင်စု ကျောင်း၌ မဖြစ်နိုင်ဘူးလားဟုမေးသော် သူက သိပ်အဆင်ပြေ မှာ မဟုတ်ဘူးဟု ဆိုသည်။ သို့ဖြစ်လျှင် ညှာရွာနှင့် မနီးမဝေး တွင် ‘ကန်ကြီးဝိုင်တောရ’ ကမ္မဋ္ဌာန်းကျောင်းတကျောင်း ရှိလေ သည်။ ကန်ကြီးဝိုင်ဆရာတော်သည် ညှာနယ်မြေတဝိုက် အလွန် နာမည်ကြီးနေသည်။ သဲအင်းဂူဆရာတော်ကဲ့သို့ပင် တောထွက်

ဖြစ်ပြီး တရားထူးရရှိထားသည်ဟူ၍ ကျော်ကြားနေပေသည်။ ဦးဝိစာရ ခနောင်တော်ဖြစ်သော သီရိပဝရမွောဧရိယနှင့်သူ၊ ပိဋကဒီဃ ဘာဏကဘွဲ့ ၂မျိုးရ ဦးအာစယသည်ပင် ထိုကန်ကြီးဝိုင် ဆရာတော်၏ တပည့်ဖြစ်သည်ဟု သိရသည်။

ကန်ကြီးဝိုင်ဆရာတော် အထူး နာမည်ကြီးခနေချက်တခုမှာ သူ့ထံမှ တရားယူ၍ သူ့တရားကို ကျင့်သုံးနေသော ယောဂီပုဂ္ဂိုလ်တို့သည် သူ့ရှေ့တွင်ဖြစ်စေ၊ သူ့ကွယ်ရာတွင်ဖြစ်စေ၊ ထိုသူ၏ စိတ်ကို အာရုံပြုလိုက်က အလုံးစုံသိသည်ဟု ဆိုသည်။ ယော ဂီပုဂ္ဂိုလ်တို့သည် သူပေးထားသော တရားပေါ်တွင် စိတ်ရောက်လျှင် ရောက်ခနေသည်။ စိတ်မရောက်ပဲ အခြားတပါးဘယ်အရာကို စိတ်ကူးနေသည်။ တရားလမ်းကြောင်းမှ လွဲချော်နေသည်။ စသည် သိသည်ဟု ဆိုလေသည်။ ထိုဆရာတော်ကို လွန်ခဲ့သော သုံးနှစ်ခန့်က ဇင်းကျိုက်က ကမ္မဋ္ဌာန်းကျောင်းတကျောင်းတွင် တခါ ဖူးမြင်ခဲ့ဘူးသည်။ ထိုစဉ်က ရုပ်ကလန္ဒြေသမ္ပတ္တိ ကြည်ညိုဖွယ်ရှိခကြောင်း သတိပြုမိခဲ့သည်။ ‘ထိုကန်ကြီးဝိုင်တောရ၌ တချက်နုတ် ၂ချက်ပြုတ်အခနေဖြင့် ပရိဝတ် ဆောက်တည်ရင်း ကမ္မဋ္ဌာန်းပါ အားထုတ်ရသော် သာ၍ မကောင်းပေဘူးလား’ ဟူ၍ ဆိုသောအခါ ဦးဝိစာရက ‘ပရိဝတ် ဆောက်တည်ရေးကိစ္စနှင့် ပတ်သက်ပြီး ဝိနည်းကံစာပေကိစ္စ သူတို့ဘာမှ နားလည်ကြမှာ မဟုတ်ဘူး။ အားလုံး စာတလုံး ပေတလုံး မတတ်။ တောထွက်ကြီးတွေချည်းပဲ’ ဟူ၍ ဆိုသောအခါကျွန်ုပ်မှာ ခဲခလေသမျှ သဲရေကျသလို ဖြစ်သွားရပြန်သည်။တောင်စွန်း

သူ့ကျောင်းမှာလုပ်ဖို့ အခြေအနေကလည်း ကျွန်ုပ်မှာ တဖက်က တရားအားထုတ်မည့် ကိစ္စ ရှိနေပြန်၍ ကောင်း၊ကောင်းအဆင်မပြေ ရှိနေပြန်သည်။ နောက်ဆုံးတော့ သူက အဆင်ပြေဆုံးနေရာကို ကျွန်ုပ်အား ညွှန်ကြားတော့သည်။

'ဒါဖြင့် ဒီလိုလုပ်လေ ဦးနိုပုဏ၊ ရန်ကုန် မြောက်ဥက္ကလာ ရွှေဥမင်တောရကိုသွား။ အဲဒီမှာ ဆရာတော် ဦးသောဘိတလ္လ ရှိတယ်။ တပည့်တော်နဲ့ ဆရာတပည့်လိုလဲ ရင်းနှီးတယ်။ ညီအကိုလိုလဲ ခင်မင်တယ်။ သူတို့လဲ မကြာမကြာ ပရိဝုဏ် ဆောက်တည်လေ့ရှိတယ်။ ဦးနိုပုဏ အလိုဆန္ဒအတိုင်း အားလုံး ပြည့်စုံပါလေ့မယ်။ တပည့်တော်တော့ ကိုယ်တိုင် လိုက်မပို့နိုင်ဘူး။ စာရေးပေးလိုက်မယ်'

ထိုအစီအစဉ်ကို ကျွန်ုပ် ရာနှုန်းပြည့် ကျေနပ်နှစ်သိမ့်စွာ လက်ခံမိသည်။ ဆုတောင်းပြည့်နေစဉ်ကပင် ရွှေဥမင်တောရ၏ ကောင်းသတင်းကို အဆိုက်အလျောက် ကြားဘူးထားသည်။ ကျွန်ုပ် ပျော်မွေ့လှသော ရန်ကုန်မြို့ကြီးလည်း ဖြစ်၊ ပရိဝုဏ်လဲ ဆောက်တည်ရ၊ ကမ္မဋ္ဌာန်း၊လဲ ထိုင်ရ။ အဘယ်မှာ ကျွန်ုပ် သဘောမကျပဲ ရှိနိုင်လေမည်နည်း။ နက်ဖြန် သိတင်းကျွတ် လပြည့် မဟာပဝါရဏာနေ့ ဖြစ်သည်။ ရဟန်းသံဃာများ ပဝါရဏာ ပြုကြရပေမည်။ ပဝါရဏာအပြီးတွင် သွားနိုင်ရန် စီစဉ်ရပေတော့သည်။

ညတွင် ကျွန်ုပ်တို့ ၂ပါးလုံး မောင်တင်အေး အိမ်တွင်ပင် အိပ်ကြသည်။ မအိပ်ခင် ညဦးဖက်တွင် ဦးဝိစာရနှင့် မောင်တင်အေး 'သိုင်း'ကစားကြတော့သည်။ ဦးဝိစာရက မောင်တင်

အေးကို သင်ပြပေးသောအနေဖြင့် ကစားခြင်းဖြစ်သည်၊ လက်သိုင်း၊ ဒုတ်သိုင်း၊ ဒါးသိုင်း၊ တကွက်သိုင်း၊ ၂ကွက်သိုင်း၊ ၄-ကွက်သိုင်း၊ ၈ ကွက်သိုင်း၊ ဒါး ၂လက်သိုင်း စသည်ဖြင့် သူတို့၏ ပြောဆိုချက်များကို ကြားနေရသည်။ ဒုတ်သိုင်းများ ရိုက်ကြသောအခါ၌ ဒုတ် ၂ချောင်းထိသွားတိုင်း ဖြောင်းကနဲ၊ ဖြောင်းကနဲ အသံသည် တအိမ်လုံးတွင် ဆူညံနေသည်။ ဒုတ်မပါ လက်ချီးသက်သက် ကစားရာ၌မူကား 'ဟေ့၊ ဟေ့၊ ဟေ့'ဟူသော တဦးနှင့်တဦး ညာသံပေးသံ၊ ခြိမ်းချောက်သံတို့သည် တအိမ်လုံး ပွက်လောရိုက်နေသည်။ မောင်တင်အေးမှာဦးဝိစာရထက် ခန္ဓာကိုယ် ကြီးထွားသူဖြစ်သော်လည်း ဆရာဘုန်းကြီး ဖြစ်နေသည့်အတွက် ဦးဝိစာရက 'ဟေ့' ဟူ၍ ခြိမ်းချောက်လိုက်တိုင်း ကြောက်လန့်နေသည်ကို သတိပြုမိသည်။ ယင်းသည်ပင် တမျိုးကြည့်၍ ကောင်းနေသည်။ မောင်တင်အေးအမေနှင့် အမမှာ မျက်လုံးအကြောင်သားကလေးနှင့်ကြည့်နေကြသည်၊ အထူးအားဖြင့် မောင်တင်အေးအမမှာ ကေသီခါးတွင်ပတ်၍ ဒေါမာန်ပါပါ သိုင်းကွက်နင်းနေသူ တောင်စွန်း ဝိဇ္ဇာတရုံဆရာတော်အား မျက်တောင်မခတ် စူးစိုက်ကြည့်နေသည်။ အထင်သေးသော ကြည့်ခြင်းမျိုးမဟုတ်။ အထင်ကြီးသော ကြည့်ခြင်းမျိုးဟူ၍ ကျွန်ုပ် သတိပြုမိသည်။

ကျွန်ုပ်နှင့် သုံးနှစ်ခန့် ခွဲခွာနေစဉ်အတွင်း ဤပညာတွေကို ဦးဝိစာရသည် ဘယ်အခါ၊ ဘယ်မှာ သွားသင်၊ ဘယ်လိုသင်၍ ဘယ်လို တတ်နေမှန်း ကျွန်ုပ်မစဉ်းစားတတ်အောင်ဖြစ်နေသည်။ တခါက ဒါးနှစ်လက်သိုင်းတွင် သူ သင်ပေးလိုက်သော တပည့်

နှစ်ယောက် ရန်ကုန်တွင်သွား၍ပြိုင်ရာ ရွှေတံဆိပ် ရလာသည်ဟု ဆိုသည်။ အခြားကျေးရွာတွေဘော့ မပြောတတ်ပေ။ ဤကျေးပင်စု ကျေးရွာတွင်ကား သိုင်းပညာသည် အတော်လေး ခေတ်စားနေသည်ဟု ဆိုရမည်ဖြစ်သည်။ မိုးလင်းသည်ဟုဆိုလျှင် လူလတ်ပိုင်းနှင့် လူရွယ်ပိုင်း ကလေးသူငယ်များကစ၍ သိုင်းစကားပြောကာ သိုင်းကွက်နင်းနေကြသည်ကို တွေ့ရသည်။ ဦးဝိစာရကို ကျွန်ုပ် အမှန်ပင် အံ့ဩမိသည်။ သိုင်းပညာကို တတ်နေရုံမက ဖိုလ်ထိုးပညာကိုလည်း တတ်နေပေပြီ။ သူ၏ ကာယသိဒ္ဓိ လုပ်ငန်းသည် အတော် အောင်မြင်နေပြီဟု ဆိုသည်။

သူသည် ကာယသိဒ္ဓိဓာတ်လုံးများကို ပြုလုပ်နိုင်ပြီဟုဆိုသည်။ ရန်ကုန်တွင်သွားရောင်းလျှင် တလုံး ၅ဝဝိ၊ ၁ဝဝဝိ၊ ရသည်ဟု ဆိုသည်။ အများဆုံး စစ်ဗိုလ်စစ်သားတွေ ဝယ်ကြသည်ဟုသူက အားရပါးရဆိုသည်။ ပြီးတော့ သူကိုယ်တိုင် လက်တွေ့ စမ်းပြသည်။ သူက ကျွန်ုပ်အား မောင်းချဓားတချောင်း ထုတ်ပေးသည်။ ပြီး သူက လက်သီးကို နှာနှာဆုပ်ထားသည်။ ကျွန်ုပ်အား ကြိုက်သလို ထိုးခိုင်းသည်။ သို့သော် ကျွန်ုပ်မထိုးရဲ။ ထိုးရဲသော သတ္တိသည်း ကျွန်ုပ်မှာမရှိပေ။ မတော်တဆတော်တဆ သွေးထွက်သံယိုဖြစ်သွားမှာ ကျွန်ုပ် စိုးရိမ်သည်။ ကျွန်ုပ် မထိုးရဲသော် သူက မောင်းချဓားနှင့် သူ့ကိုယ်သူ ထိုးပြသည်။ အရှိန်ဘယ်လောက်ပြင်းတယ် မပြင်းတယ်တော့မသိ၊ ဒုတ်-ဒုတ် မြည်သံတော့ ကြားရသည်။ အသားထဲ စူးဝင်သွားခြင်းတော့မရှိပေ။

တော်ပါတော့၊ တော်ပါတော့’ဟူ၍ ကျွန်ုပ်က သူ့လက်ကို ဆွဲထားရသည်။ပြတဲ့လူကပြနေသော်လည်း ကျွန်ုပ် ကြည့်တဲ့လူက

မကြည့်ရဲပေ။ အသဲယားသည်။ ကျွန်ုပ်အနေဖြင့် ထိုကိစ္စမျိုးကို ယုံကြည်သည်လည်းမဟုတ်။ မယုံကြည်သည်လည်းမဟုတ်။ သူ့ဝါသနာနှင့်သူ ကိုယ့်ဝါသနာနှင့်ကိုယ်၊ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ် သွားကြရမည်သာ ဖြစ်ကြပေသည်။

ဤာနေ့ ကျီးပင်စုကျောင်းဝင်းတဝိုက်၊ လူပရိသတ်၊ ရဟန်းပရိသတ်တို့ဖြင့် စုံစုံလင်လင် စည်စည်ကားကား ရှိကြပေသည်။ ကျောင်းကြီးပေါ်တွင် အမျိုးသားများက ရဟန်းသံဃာများကို ဆွမ်းကျွေးရန် ပြင်ဆင်နေကြသည်။ရဟန်းသံဃာများက သိမ်ထဲတွင် ပဝါရဏာပြုရန် စုဝေးနေကြသည်။ အမျိုးသမီး ကြီးငယ်လတ်တို့ကမူ ကျောင်းကြီးရှေ့မျက်နှာစာတွင် ပဝါရဏာပြုပြီး ထွက်လာကြမည့် သိမ်ဆင်းသံဃာတော်တို့အား ဆွမ်းလောင်းရန် စောင့်ဆိုင်း နေကြသည်။ သူတို့၏လက်ထဲ၌ မိမိတို့ စေတနာသဒ္ဓါတတ်စွမ်းသည့်အလျောက် ဖရောင်းတိုင်၊ ဆပ်ပြာ၊သကြားလုံး၊ မုန့်ဖက်ထုတ်၊ ငှက်ပျောသီး၊ ယမ်းမီးခြစ်၊ ဆေးလိပ်စသည်တို့ကို ကိုင်ဆောင်ထားကြသည်။

'သံဃံဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ၊ သုတေနဝါ၊ ပရိသင်္ကယဝါ၊ ဝဒန္တုမံအာယသ္မန္တော၊ အနုကမ္ပံ၊ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ'

သာဓု၊ သာဓု၊ သာဓု၊ အကြီးအမှူး သံဃာထေရ်ဖြစ်သော ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယက စတင်၍ သုံးခေါက်ဆိုလိုက်သည်။ ကျန်သောသံဃာများက သာဓုသံ သုံးကြိမ် မြိုင်မြိုင်ခေါ်ကြသည်။ ပဝါရဏာပြုကြသူ သံဃာပေါင်း အားလုံး ၄၀

ခန့်ရှိသည်။ထေရ်စဉ်ဝါစဉ်အလိုက် တပါးစီဆိုကြရသည်။ရဟန်း သံဃာများ ပဝါရဏာပြုခြင်းဟူသည် တပါးနှင့်တပါး ဖိတ်ကြားခြင်းဖြစ်သည်။

'သံဃာတော် အရှင့်မြတ်တို့ဘုရား၊ အရှင်ဘုရားတို့အား တပည့်တော် ဖိတ်ကြားပါ၏။ တပည့်တော်သည် ဗုဒ္ဓ၏ အာဏာဒေသနာတော်ဖြစ်သော ဝိနယပညတ်ချက်အရ၊ ရဟန်းဖြစ်လာသူဖြစ်သည်။ ရဟန်းဖြစ်သည့် နေ့မှစ၍ ဗုဒ္ဓ၏ သာသနာ့ဝန်ထမ်း ရဟန်းမြတ်အဖြစ် ခံယူရပါသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော် များသည် 'ဝိနယောနာမ သာသနဿ အာယု' ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သည် ဟူသော ဒေသနာတော်အတိုင်း ဝိနည်းဥပဒေကို လိုက်နာကြ ရပါသည်။ ရဟန်းသီလ စင်ကြယ်အောင် ကျင့်သုံးကြရပါသည်။ ရဟန်း သိက္ခာ မကျိုးပေါက် အောင် စောင့်ထိန်း ကြရပါသည်။ အကယ်၍ တပည့်တော်သည် ဘုရား ပညတ် ထားသော ဝိနယ ဥပဒေကို ချိုး ဖေါက် သည်။ ရဟန်း သီလ အညစ်အကြေးအစွန်းအထင်း အပြစ်အနာအဆာရှိသည်၊ရဟန်းသိက္ခာ ကျိုးပေါက် ပျက်စီးသည်ဟူ၍ အရှင်ဘုရားတို့ မျက်စေ့နဲ့ တပ်အပ်သေချာ မြင်သော်ငြား၊ ထိုသို့မဟုတ် နားဖြင့် ဆတ်ဆတ်ကြားသော်ငြား၊ ထိုသို့မဟုတ် ယုံမှားသံသယရှိသော်ငြား၊ တပည့်တော်ကို အစဉ်သနားသောအားဖြင့် သတိပေးကြပါ၊ ဆိုဆုံးမကြပါ၊ ပြောဆိုကြပါ။ အရှင်ဘုရားတို့အား တပည့်တော် ဖိတ်ကြားထားပါတယ်ဘုရား'

တပါးနှင့် တပါး ယင်းသဘောမျိုး ဖိတ်ကြား ကြွခြင်းကို ပဝါရဏာပြုသည်ဟုခေါ်သည်။ ထိုအခါ ကျန် သံဃာများက ယင်းကို အသိအမှတ်ပြု လက်ခံ အတည်ပြုသော အနေဖြင့် 'ကောင်း၏၊ ကောင်း၏၊ ကောင်း၏' ဟူ၍ သာဓု သုံးကြိမ် ခေါ်ဆိုကြရသည်။ ထိုကဲ့သို့ အကြီးဆုံးမထေရ်ကြီးကစပြီးတပါး စီဆိုလာခဲ့သည်ဖြစ်ရာ၊ ၇ ပါးမြောက်တွင် ကျွန်ုပ် ဆိုရသည်။ ထိုစဉ်က ကျွန်ုပ်မှာ ရဟန်း ၆ ဝါမျှသာရှိသေးသည်။ သို့ပင် ဖြစ်သော်လည်း ကျန်သောသံဃာ ၃၁ ပါးကျော်မှာ သက်တော် ၆၀၊ ဝါဘော်တစ် ဆိုသကဲ့သို့ ကျွန်ုပ်အောက် ဝါငယ်သူ တောထွက်ကြီးတွေ ဖြစ်ကြတော့သည်။ ကျွန်ုပ်အပြီး ထိုတောထွက် ရဟန်းပုဂ္ဂိုလ်တွေအလှည့်၌မူကား အချို့မှာ ထိုမျှ စာနှစ်ကြောင်းလောက်ကိုပင် ချောမောစွာ မရပဲ အထစ်ထစ် အငေါ့ငေါ့ အိုးနင်းခွက်နင်း ဖြစ်နေသည်။ ထိုအခါ ကျီးပင်စုဆရာတော်က လှည့်တဲ့ပြီး

'အရှင်ဘုရားတို့၊ အပြင်မှာ ဒကာ ဒကာမတွေက လှူဖွယ် တန်းရပ်တွေနှင့် အရှင်ဘုရားတို့ကို လှူဘို့ တန်းဘို့ စောင့်နေကြပါတယ်ဘုရား၊ အင်း၊ အင်း၊ အင်း' ညည်းတွားတော်မူလေသည်။ ကျွန်ုပ် များစွာ စိတ်မကောင်းဖြစ်မိသည်။

သူတို့တတွေသည် ကျွန်ုပ်ကဲ့သို့ သာမည ဘုန်းကြီးတွေ မဟုတ်၊ ကျောင်းထိုင်ဘုန်းကြီးတွေ ဖြစ်ကြသည်။ ဗုဒ္ဓ၏ဝိနည်း ဒေသနာတော်တွင် ကျောင်းထိုင်နိုင်သော ဘုန်းကြီးအင်္ဂါများ ပညတ်ထားချက်ရှိသည်။ အနည်းဆုံး ရဟန်းဝါ ဆယ်ဝါရရှိထားသူဖြစ်ရမည်။ ရဟန်းနှင့်ဆိုင်ရာ ဝိနည်းကံ ဒေသနာတော်

တွေကို ကောင်းစွာ နားလည်ထားရမည်။ မိမိကိုယ်တိုင်လည်း လိမ်မာယဉ်ကျေးအောင် ဆုံးမနေသူဖြစ်ရမည်။ ဒကာဒကာမတို့ အားလည်း လိမ်မာယဉ်ကျေးအောင် ပြုလုပ်ပေးနိုင်စွမ်းရှိရမည်။ ရုပ်–နာမ် ပိုင်ပိုင်လည်း ဟောတတ်ရမည်။ ယင်းမှာ ဝိပဿနာ တရားကို ကောင်းစွာ ဟောပြောပြသ ညွှန်ကြားနိုင်ရမည်ဟု ဆိုလိုပေသည်။ ထိုအင်္ဂါများနှင့် ဘယ်နှစ်ချက်များ ကိုက်ညီ သနည်းဆိုသော် တချက်မှ မကိုက်ညီပေ။ ရဟန်းတဝါရနှင့် ကျောင်းထိုင်သည်။ ၂ ဝါနှင့် ကျောင်းထိုင်သည်၊ တောလက် ကျေးရွာတွင် ကျောင်းထိုင်နေကြသော ပုဂ္ဂိုလ်တို့သည် များ သော အားဖြင့် 'ဝုဍ္ဎပဗ္ဗဇိတ'ခေါ် အသက်ကြီးမှ ရဟန်းဖြစ်သူ၊ တောထွက်ရဟန်းတွေသာ များသည်။ ထိုရဟန်းတွေအနက် ဆယ်ဝါရသူ ရှားလှသည်။ အချို့က လူ့ဘဝမှာ ထင်ရာမြင်ရာ လုပ်လာပြီး အာခြေအနေမလှသဖြင့် ဤတနေ့ ရဟန်းပြုသည်။ နက်ဖြန် ကျောင်းထိုင်သည်ဆိုသလို ဖြစ်နေသည်။ ထိုရဟန်း တွေ အဖွဲ့ထိုင်ကားယား၊ ထကားယား၊ သွားကားယား၊ နေ့ ကားယား၊ ပြောကားယားတွေသာ ဖြစ်ပေလိမ့်မည်။

တောလက်ကျေးရွာများတွင် ထိုကဲ့သို့ ရဟန်းတွေ ကျောင်း ထိုင်သဖြင့် တောလက်ကျေးရွာ ဒကာဒကာမတွေ သနားဖွယ် ကောင်းလှသည်။ သူတို့တတွေသည် ဘာမဆို ဘုန်းကြီးကို အားကိုးကြသည်။ ဆရာလိုတမျိုး၊ မိဖလိုတသွယ်၊ ဘုရင်လို တဖုံ၊ မိမိတို့ ချွေးနဲ့ သွေးနဲ့ ရင်းယူထားရသော မရှိမဲ့ရှိမဲ့ပစ္စည်း ပစ္စယတွေကို ဖဲ့၍ဖဲ့၍ ပူဇော်ကြသည်။ ပသကြသည်။ ကျောင်း ကြီးကန်ကြီးတွေကို ဆောက်လုပ် လှူဒါန်းကြသည်။ ထိုကဲ့သို့

လူ့ဘဝက ထင်ရာမြင်ရာလုပ်လာပြီး ယနေ့ သက်န်းဆီး၊ နက်ဖြန် ကျောင်းထိုင်ကြသူတို့အဖို့ 'ထိုကျောင်းကြီးတန်းကြီးတွေ၌ အချောင်ထိုင်၊ ထိုဒကာဒကာမလှူဒါန်းသမျှ အချောင်စား၊ အချောင် ယူတတ်ကြရုံမှတပါး တောလက်ကျေးရွာ၏ ဖွံ့ဖြိုးမှုကိုလည်း မလုပ်၊ လုပ်လည်းမလုပ်တတ်၊ ဒကာဒကာမတို့အား အသိဉာဏ်ကိုလည်းမပေး၊ ပေးလည်းမပေးတတ်။ လိမ်မာယဉ်ကျေးအောင်လည်း လုပ်မပေးတတ်။ ယင်းသို့ဖြင့် ဘုန်းကြီးဟူသည် လူသေ၍ အသုဘချသောအခါ၌ သရဏဂုံတင်ရေး၌သာ အသုံးကျတော့သည်ဟူ၍ အဓိပ္ပာယ်ရောက်တော့သည်။ ယင်းသို့ဖြစ်သဖြင့် ဗုဒ္ဓ၏ သာသနာတော်လည်း ညှိုးမှိန်သည်။ ဒကာဒကာမတို့မှာလည်းးများစွာ နစ်နာလေသည်။ ယခုဘောင် ဒီလောက် ဖြစ်နေလျှင် နောင် ဆယ်နှစ်ခန့်ကြာလျှင် မည်သို့ရှိမည်နည်း။ အမျိုးဘာသာ သာသနာအတွက် မတွေးဝံ့အောင်ပင် ဖြစ်ရတော့သည်။

အခြေအနေပေးလာသော တနေ့တွင် ထိုကိစ္စတွေကို ပြုပြင်ရန် ကျွန်ုပ်၌ ရည်ရွယ်ချက်ရှိသည်။ ကျွန်ုပ်၏ အဓိက ရည်ရွယ်ချက် လုပ်ငန်းတို့တွင် ထိုလုပ်ငန်းသည်လည်း အဓိက ပါဝင်နေပြန်သည်။ တောလက်ကျေးရွာတွင် ကျောင်းထိုင်နေ၊ ကျောင်းထိုင်ကြမည့် ပုဂ္ဂိုလ်တို့အား စား၊ ဝတ်၊ နေရေး တာဝန်ယူပြီး ဖိလ တန်သည်၊ တနှစ်တန်သည်၊ အထူးသင်တန်း ပေးပေမည်။ စားရေး၊ ဝတ်ရေး၊ နေရေးကို ချမ်းသာအောင် ဖန်တီးနိုင်လျှင် ဤသင်တန်းကို မတက်ရောက်နိုင်ရန် အကြောင်းမရှိပေ။ ကျေးရွာ ဖွံ့ဖြိုးအောင်မည်ပုံလုပ်ရမည်။မည်သို့စည်းရုံးရမည်။ ကဇလး

သူငယ်များကို ဘယ်ကဲ့သို့ပညာ ပေးရမည်၊ လူကြီး၊ လူကြီး အလျောက်၊ လူလတ် လူလတ် အလျောက်၊ လူငယ် လူငယ် အလျောက် အသိဥာဏ်ကျယ်အောင် ကိုယ်ကျင့်တရားကောင်း အောင်၊ လိမ္မာယဉ်ကျေးအောင် မည်ကဲ့သို့ ပြုလုပ်ကြရမည်။ စသော သင်တန်းများကို စနစ်တကျ ပေးရမည်ဖြစ်သည်။ထိုကဲ့သို့ အချို့လူပုဂ္ဂိုလ်များ လုပ်ကြသည် မှန်သော်လည်း လူနှင့် ဘုန်းကြီးသည် အခြေအနေ၊ အချိန်အခါ၊ သြဇာသက်ရောက်မှုကစ၍ အစစ ကွာခြား သည်မို့ ဘုန်းကြီး လုပ်လျှင် မဖြစ် နိုင်စရာ အကြောင်း မရှိပဟူ၍ ယုံကြည်မိပေသည်။

ညနေ သုံးနာရီခွဲလောက်တွင် ကျွန်ုပ် ကျိုးပင်စုရွာမှ ထွက် လာခဲ့သည်။ ခရီးဖော် ဒကာတဦးနှင့် လိုက်လာခဲ့သည်။ ထို ဒကာက ကျွန်ုပ်အား 'ညောင်ခါးရှည်' ဘုတာသို့ အရောက် ပို့ ပေးပေမည်။ ထိုမှတဆင့် ရန်ကုန်ကိုဆက်၍ ရထားစီးရန် ဖြစ် သည်။ လမ်းတွင် ချောင်းတချောင်း တွေ့ရသည်။ ချောင်းမှာ သိပ် မကြီးလှပေ။ ရေကျချိန်တွင် လှေမပါဘဲ ကူးလို့ရသည်ဟု ဆိုသည်။ ယင်းမှာ နွေအခါ ကာလမျိုး ဖြစ်ပေမည်။ ယခု ရေ တက်နေပြီဖြစ်၍ ဟိုဘက်ကမ်းကို လှေနှင့် ကူးခဲ့ရသည်။ ကမ်းသို့ ရောက်သည်ဟုဆိုလျှင်တဝီဝီ တဝေါဝေါ မြည်လာသောအသံကို ကြားရသည်။

'ဟောဗျ။ ဒါ ဘာသံလဲ'

ကျွန်ုပ်က အံ့သြစွာ မေးလိုက်မိသည်။

'ဒါ ဒီရေတက်လာပြီ ဦးဇင်း။ မြန်မြန်လာ၊ မြန်မြန်လာ။ တော်လေးကြာ ဟောဒီ ကွင်းတပိုက် အားလုံး ရေတွေပြည့်ကုန်မှာ'

ဒကာက ပြောပြောဆိုဆို ရှေ့မှ သုတ်သုတ်သွားသည်။ ကျွန်ုပ်မှာလည်း ဘုမသိ ဘမသိ အထိတ်ထိတ် အလန့်လန့် နောက်က သုတ်သုတ် လိုက်သည်။ ယင်းကဲ့သို့ သုတ်ခြေတင်ရင်းမှ နောက်ကို လှည့်ကြည့်လိုက်ရာ လှေသမားလည်း ဟိုဘက်ကမ်း ရောက်ရေးအတွက် အတင်းနင်းကန် လှော်ခတ်နေသည်ကို တွေ့လိုက်ရသည်။ ဒီရေတက်လာသံ ပီပြင်သထက် ပီပြင်လာသည်။ အတန်ငယ်သွားမိသောအခါ ကျွန်ုပ်တို့လာရာ ကွင်းတလျှောက်ကို ကြည့်လိုက်ရာ ရေများ ပြည့်လျှံနေပြီကို ရင်သပ်ရှုမော တွေ့လိုက်ရတော့သည်။ ကျွန်ုပ်မှာ 'မျက်လှည့် ပြသကဲ့သို့' ဖြစ်သွားရသည်။

'ဒီရေအလား တနေ့တခြား တိုးပွားနိုင်ကြပါစေ'ဟူ၍ကျွန်ုပ်ကိုယ်တိုင်လည်း အခါခါ ဆုပေးခဲ့ဘူးသည်။ တပါးသူတို့ဆုပေးသံ များကိုလည်း အကြိမ်ကြိမ် ကြားဘူးပေသည်။ သို့ဖြစ်ငြားလည်း 'ဒီရေ'၏ အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ခဲ့ပေ။ စာတွေ့နှင့် နားတွေ့အနေလောက်နှင့် ဒီရေ၏ အဓိပ္ပာယ်ကို မှန်းဆသိရှိခြင်း ဖြစ်သည်။ 'ဒီရေဆိုဘာ ရေတက်တာကို ပြောကာဘဲ' ဟူ၍သာလျှင် သာမည မှတ်ထင်ခဲ့သည်။ ယခုတော့ 'ဒီရေကို' မျက်မြင် တွေ့လိုက်ရပြီဖြစ်၍ ဒီရေဆိုတာ ဒီလိုပါလား ဟူ၍ ကောင်းစွာ သဘောပေါက်ရတော့သည်။ ဒီရေ၏ အရှိန်အဟုန်သည် အလွန် အားကောင်းသည်။ အလွန်မြန်ဆန်သည်။ ဒီရေတက်လာသည်နှင့်အတူ တဝီဝီ တဝေါဝေါ အော်မြည်သံသည်

ကြောက်ခမန်းလိလိ ဖြစ်သည်။ တော အတောအတွင်း မြေနိမ့်ကွင်းပြင်များကို လွှမ်းမိုးသွားနိုင်စွမ်း ရှိသည်၊ ဒီရေတက်လာမှုသဘောကို ဥပမာ ပြုရသော် အမုန်ယစ်သော ဆင်ပြောင်ကြီးအော်မြည်တမ်းလျက် အဝေးမှ ပြေးလာနေသကဲ့သို့ ဖြစ်ပေသည်။

'ဒီရေအလား တနေ့တခြား တိုးပွား နိုင်ကြပါစေ'

ယခုအချိန်မှစ၍ နောက်နောင်ကို ဆုပေးတိုင်း ကျွန်ုပ်၏ ဆုပေးချက်သည် ရွှေကထက် ပို၍လေးနက်နေမည်မှာ သေချာနေပေသည်။

နေဝင်လုဆဲတွင် တောကြီးရွာသို့ ရောက်လာသည်။ ထိုရွာသည် အိမ်ခြေသုံးဆယ် ခန့်လောက်သာ ရှိသည်။ ညဘက်တွင် တောကြီးဘုန်းကြီးကျောင်းတွင်သွား၍ အိပ်ရသည်။ ကျောင်းကိုတွေ့သော် ကျွန်ုပ်အံ့အားသင့်ရသည်။ ရွာမှာ ရွာသိမ်ရွာသေးဖြစ်သည်။ တဲပုတ်သာသာအိမ်တွေများသည်။ ကျောင်းမှာကားရွာနှင့်မလိုက်အောင် ကြီးကျယ်ခန့်နားနေသည်။ နတ်လမ်းတွေရှိသည်။ ကျောင်းသုံးကျောင်းရှိသည်။ သိပ်မကြီးသော်လည်းခေတ်မှီသေသပ်သည်။ မြို့ကျောင်းမျိုးဆန်သည်။ ပဍ္စင်းကိုရင်ဆယ်ပါးခန့်ရှိသည်။ထိုကျောင်းမှာရွှေကျင်ကျောင်းဖြစ်ကြောင်းသိရသည်။ ကျွန်ုပ်လာခဲ့သော ကျီးပင်စုကျောင်းမှာ သုဓမ္မာဂိုဏ်းဖြစ်သည်။ဂိုဏ်းချင်းမတူပေ။ကျွန်ုပ် ဆွမ်းစဉ်က တောကြီးဆရာတော်ကို မဖူးမျှော်ခဲ့ရပေ၊ ရန်ကုန် ကျောက်ကုန်းတောရမေဓိနီကို ကြွသွားသည်ဟုဆိုသည်။ ထိုကျောင်း သည်လည်းရွှေကျင်ကျောင်းပင် ဖြစ်သည်။ တောကြီး ဆရာတော်သည်

ကျောက်ကုန်းတောရ မေဓိနီတွင် ဩဝါဒါစရိယ ဆရာတော် တပါးဖြစ်ကြောင်းသိရသည်။ တောကြီးကျောင်းက ပဥ္စင်းငယ် သာမဏေတို့သည် မေဓိနီကျောင်းတွင် စာသင်ကြခြင်း များပေ သည်။

ထိုကျောင်း၌အိပ်ခဲ့စဉ်က ကွန်မြူနစ်တောပုန်း ဘဝကနေ ရဟန်းဖြစ်လာသူ ဦးပဥ္စင်းတပါးကို တွေ့ခဲ့ရသည်။ အရွယ်က အသက် ၃၀ ကျော်လောက်ရှိသည်။ သူပြောပြချက်အရ သူ့ ဘဝသည်စုံလှသည်။ကွန်မြူနစ်သူပုန်လည်း လုပ်ဘူးသည်။အလံ နီထဲလည်း ရောက်ဘူးသည်။ ကေအင်ဒီအိုထဲတွင်လည်း နေဘူး သည်။ အစိုးရတပ်ထဲလည်း ဆောင်ရွက် ဘူးသည်။ သို့သော် လည်း ဘယ်ဝါဒမှ ယုံကြည်၍မဟုတ်၊ ဟန်မည်ထင်၍ လုပ် ကြည့်ခြင်းဖြစ်သည်ဟု ဆိုသည်။ မဟန်တဲ့အပြင် ဒုက္ခအမျိုးမျိုး တွေ့ရ၍၊ နောက်ဆုံး ကွန်မြူနစ်သူပုန်ကနေ၊ ယခုကဲ့သို့ သာ သနာ့ဘောင်ရောက်လာသည်ဟု ဆိုသည်။ ဗုဒ္ဓဝါဒ အပေါ်မှာ ကော ဘယ်လိုယုံကြည်မှုရှိသနည်းဟု မေးကြည့်ရာ၊ ဘယ်လိုမှ မယုံကြည်ဘူး ဟန်မယ်ထင်၍ ဝင်ခြင်းဖြစ်သည်ဟုဆိုသည်။ ဤသို့ ပုဂ္ဂိုလ်များ ဗုဒ္ဓသာသနာတော်တွင် မြောက်များစွာရှိပေလိမ့် မည်။ ထိုပုဂ္ဂိုလ်အား မှန်ကန်သော လမ်းကြောင်းသို့ ရောက် အောင် ပြုပြင်ပေးနိုင်လျှင် တော်ပေမည်၊ သို့မဟုတ်လျှင် ဗုဒ္ဓ သာသနာ၏ အန္တရာယ်သည် မသေးငယ်ကြောင်း ထင်ရှားနေပေ မည်။

နံနက် အာရုံဆွမ်းစားပြီးတွင် ကျွန်ုပ်သည် ညောင်ခါးရှည်သို့ ဒကာပို့ဆောင်မှုအရ ရောက်ရှိလာပြီး ထိုမှတဆင့် ပဲခူးနှင့်ရန်ကုန်

သို့ ရထားနှစ်တန်စီး၍ တပါးတည်း ပြန်လာရတော့သည်။ တိုးကြောင်ကလေးဘူတာသို့ မရောက်ခင်လေးတွင် ဒကာနှစ်ဦး ပြောလိုက်သောစကားကို ကျွန်ုပ်ကြားလိုက်ရသည်မှာ

'အေးကွာ၊ ဘုန်းကြီးတွေက ဒါန၊ သီလ၊ လောက်ပဲ ဟောနေကြတယ်၊ ဒါတွေက သံသရာလည်မဲ့ တရားတွေကွ၊ ဝိပဿနာတရားကို မဟောကြဘူး၊ ငါတို့က ဝိပဿနာတရားမှ နာချင်တာ၊ ငါတို့ရဲ့စိတ်တွေက အဆင့်အတန်းမြင့် ဘုန်းကြီးတွေဟောတာက အဆင့်အတန်းနိမ့်၊ တခါလာလဲဒါန၊ တခါလာလဲသီလ၊ ကြာတော့ နားကိုညည်းရော'

'အိုကွာ၊ ဝိပဿနာတရားကို သူတို့မှ မဟောတတ်ပဲ။ ဒါန၊ သီလနဲ့လောက်ကိုသာ ဟောမှာပေါ့။ ဒါက သူတို့ရဲ့စားပေါက်ကွ ဟား ဟား ဟား'

ကျွန်ုပ်မှာ အဘော်လေး ရင်လေးသွားမိသည်။ ဤဒကာတို့ကား တဘက်စွန်းသို့ ရောက်လွန်းနေပြီဟူ၍လည်း မှတ်ချက်ချမိသည်။ ဘုန်းကြီးတွေ တိုက်ရိုက်ထိခိုက်နေသည်ဖြစ်၍လည်း၊ မခံချင်စိတ် ဖြစ်သွားမိသည်တော့ အမှန်ပင်ဖြစ်သည်။ ယင်းသို့ဖြင့် ရန်ကုန်နှင့်ဝေးရာသို့ လွင့်ခဲ့ရာ ၈ ရက်မြောက်တွင် ရန်ကုန်သို့သာ ပြန်ရောက်ရှိလာတော့သည်။

[ ၃ ]

# ရွှေဥမင်တောရတွင်

ရန်ကုန်ဘူတာကြီးမှအဆင်းတွင် ကိုယ့်ကိုယ်ကို ရုပ်ရှင်ထဲက ဇာတ်လိုက်စုံထောက်ကဲ့သို့ သဘောထားရသည်။ မျက်စေ့ကိုဖွင့် နားကိုစွင့်ရသည်၊ မျက်လုံးက လျင်မြန်ဖြတ်လတ်စွာ ပတ်ဝန်းကျင်ကို ကြည့်ရသည်။ ဤအချိန်အခါသည်၊ ကျွန်ုပ်အားသိသူ တစုံတယောက် တွေ့မြင်မခံနိုင်သော အချိန်အခါ ဖြစ်သည်။ အကယ်၍ တစုံတဦး တွေ့မြင်သွားသော် ကျွန်ုပ်၏ ကိစ္စသည် လေးနက်မှုမရှိပဲ ပေါ့ရှတ်ရှတ် ဖြစ်သွားဖွယ်ရှိသည်။ ကျွန်ုပ်၏ ပတ်ဝန်းကျင် အားလုံးက ကျွန်ုပ်တောထွက်သွားပြီဟူ၍ နားလည်ထားကြသည် မဟုတ်ပါလား။

ကျွန်ုပ်၌ ဝါသနာတခုရှိသည်။ အလုပ်တခုလုပ်လျှင် ပြတ်ပြတ်သားသား လုပ်တတ်သည်။ တန်ဘိုးထားလုပ်တတ်သည်။ ထိုအလုပ်၌ ယုံကြည်မှုပြင်းထန်စွာ ထားတတ်သည်။ ပြီးလျှင်

အများအကျိုးနှင့် တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ဆက်သွယ်နေသော အလုပ်များ ကိုသာ ဝါသနာ ပါသည်။ ယင်းမှတပါး အခြားအလုပ်မှန်သမျှ အလျဉ်းဝါသနာပါခြင်း မရှိပေ၊ ပြီး ခေတ်တူ နာမ်တူ ဆေးဘက်ယူ ဆိုသကဲ့သို့ အများအကျိုးတွင် တကယ့်စေတနာမေတ္တာသဒ္ဒါဖြင့် လုပ်ဆောင်နေသူမှန်သမျှကိုလည်း ကျွန်ုပ် အလွန်တန်ဘိုးထားလေ့၊ လေးစားကြည်ညိုလေ့ ရှိပေသည်။ အလုပ်တခုလုပ်ရာ၌ ယုံကြည်ချက် ပြန်းထန်မှုသည် အဓိကအခရာဖြစ်သည်။ ယုံကြည်ချက်ပြင်းထန်မှုသည် ဟင်းခတ်ဆားနှင့် တူသည်ဟူ၍ ကျွန်ုပ် နားလည်ထားသည်။

ဆားမပါသောဟင်းသည် ပေါ့ရှတ်ရှတ်နိုင်သကဲ့သို့ ယုံကြည်ချက် ပြင်းထန်မှုမရှိသူတို့၏ လုပ်ရပ်၊ ကိုင်ရပ်၊ အပြောအဆို၊ အနေအထိုင် အသွားအလာတို့သည်လည်း ပေါ့ရှဲရှတ်နိုင်တတ်သည်။ လေးနက်မှု ရှိမနေတတ်ပေ။ တည်ကြည်မှုရှိမနေတတ်ပေ။ ခိုင်မြဲမှု ရှိမနေတတ်ပေ။ ယုံကြည်မှုပြင်းထန်ချက်ရှိသူတို့၏အလုပ်အကိုင်၊အပြောအဆို၊ အနေအထိုင်၊ အသွားအလာတို့ကား ထိုသို့မဟုတ်ပေ။ လေးနက်မှုရှိသည်။ တည်ကြည်မှုရှိသည်။ဂုဏ်ဒြဲရသည်။ခိုင်မြဲမှုရှိသည်။ ယင်းမှာကျွန်ုပ်၏မပြောင်းလဲသော သဘောထားပင် ဖြစ်ခဲ့တော့သည်။

ကျွန်ုပ်သက်န်းကိုရုံလိုက်ပြီး လည်ပတ်ကိုပါးစပ်နှင့်နှာခေါင်းဖျားအထိ လုံအောင်ဖုံးထားလိုက်သည်။ မတော်ဘဆ၊ တော်တဆ အသိဘဦးမြင်လျှင် ပြုန်းကနဲမမှတ်မိအောင်နှင့် ရှောင်တိမ်းနိုင်အောင် ဖြစ်သည်။ သေချာသောက်သော အခါ၌

မင်္ဂလာဒုံ ကျိုက္ကလဲ့သို့သွားမည့် မြို့ပတ်ရထားသို့ ကူးပြောင်း တက်လိုက်သည်။ မြောက်ဥက္ကလာပ ဘူတာသို့ ရောက်သည်ဟု ဆိုလျှင်ပင် ကျွန်ုပ်ဆင်းသက်လိုက်သည်။ အချိန်မှာ ညနေစောင်း ငါးနာရီခန့် ရှိပေပြီ။ ဘူတာမှ လက်ျာဘက်ရှေ့သို့ ဝါးသုံးပြန် ခန့် သွားမိသည်ဆိုလျှင် ရွှေဥမင်တောရဟူသော ဆိုင်းဘုတ်စာ တမ်းကို တွေ့ရသည်။ ထိုစာတမ်းသည် ညနေစောင်းနေရောင် အောက်တွင် ဝင့်ကြွားစွာ တောက်ပနေသည်။ ကျွန်ုပ်အားအပြုံး ဖြင့် ဆီးကြိုသလိုရှိသည်။ ကျောင်းတွင်းသို့ ဝင်မိသောကာလ၊ ကျောင်းတွင်းအခြေအနေကို လေ့လာကြည့်လိုက်သည်။

တကျောင်းလုံး ဘာသံမှမကြားရ။ တိတ်ဆိတ် ငြိမ်သက်နေ သည်။ လူသွားလူလာ၊ လူသံ၊သူသံ မြင်ရကြားရခြင်း မရှိပေ။ တရားဓမ္မနှင့် နေပျော်ကြဟန် တူပေသည်။ ကျောင်းထဲသို့ ခြေ တလှမ်းစီ တိုးလာမိသည်နှင့်အမျှ ကျွန်ုပ်၏တသက်တွင် တခါမျှ မကြုံတွေ့ဘူးသေးသော မြေကြည်လင်သော အရသာများသည် ကျွန်ုပ်၏ကိုယ်တွင်းသို့ တစိမ့်စိမ့် တဖိမ့်ဖိမ့် ထိုးဖေါက်ဝင်ရောက် လာသည်။ ဝါဂွမ်းစိုင်ထဲသို့ဆီကိုလောင်းထည့်သကဲ့သို့ ဖြစ်သွား ရသည်။

ဗုဒ္ဓ၏ တရားအရိပ်အရှိန်သည် ကျွန်ုပ်အား ရောင်ပြန်ဟပ် လေပြီကော၊ တသက်လုံး လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီး၊ ရာဂမီး၊ ဒေါမနဿမီး၊ သောကမီး၊ စတောက်လောင် ခံနေရသူတို့နှင့်လည်း ပေါင်းသင်းဆက်ဆံလာခဲ့ရသည်။ ကျွန်ုပ် ကိုယ်တိုင်လည်း ထိုမီးတွေ လောင်ကျွမ်းခံလာခဲ့ရသူ ကျွန်ုပ်အဖို့ ယခုကဲ့သို့ တရားဓမ္မနယ်ဖြစ်သော ရွှေဥမင်တောရသို့ ဝင်လျှင်

ဝင်မိခြင်း ထူးထူးခြားခြား မြေချမ်းသာသော အရသာကို ခံစားရခြင်းသည် မထူးဆန်းပါတကားဟူ၍ နောက်မှတွက်မိတော့သည်။ အရိပ်ထဲက အရိပ်တကာတို့တွင် ဗုဒ္ဓ၏ တရားခမ္မ အရိပ်သည် မြေချမ်းသာဆုံးဖြစ်သည်။ ဗုဒ္ဓ၏ တရားခမ္မကျင့်သုံးရာ ဌာနသည်ပင် ဤမျှမြေသည်ဆိုက ဗုဒ္ဓ၏တရားသည် မည်မျှ မြေမည်နည်း။

'မြတ်စွာဘုရား တပည့်တော် ဒုက္ခသယ် အပူသည်ပါဘုရား။ တပည့်တော် ငမိုက်သားကို ကယ်မတော်မူပါဘုရား'

စိတ်ထဲမှ ပတ္ထနာပြုရင်း ရွှေဥဒင်ဘောရ ဆရာတော်ဦးကောသလ္လ ခြေတော်ရင်းသို့ ရောက်ခဲ့ရပါတော့သည်။

ကျွန်ုပ် ဦးသုံးကြိမ်ချပြီးသောအခါ ဆရာတော်ကို မော်ဖူးမိသည်၊ အသားမှာ ဖွေးဖွေးဖြူနေသည်။ သင်္ကန်းညိုညို ဝတ်ရုံထားသည်ဖြစ်၍ ပို၍ပေါ်လွင်သည်။ ပိန်ပိန်ပါးပါး သွယ်သွယ်ပြောင်းပြောင်း သိမ်မွေ့နူးညံ့သော ရုပ်ရည်တော်ရှိသည်။

တကယ်မှ တကယ့်ကမ္မဋ္ဌာန်းရုပ်ပီသပါပေသည်။ သူ့ရုပ်ရည်ဘော်ကို ဖူးခတွေ့ရသည်မှာ မျက်စေ့ပသာဒ မြေလှသည်။ သူ့အသံကိုကြားရသည်မှာ နားပသာဒ ချိဆိမ့်လှသည်။သူ၏ အသံဘော်သည် တကယ့်ကို ဂရုဏာသံ မေတ္တာသံ သူတော်ကောင်းသံ ပီသလှပေသည်။

ကျွန်ုပ်ရောက်ခိုက် ဆရာတော်သည် ခတ်ရွယ်ရွယ် ဇနီးမောင်နှံနှစ်ဦးနှင့် စကားပြောဆိုနေသည်ကိုတွေ့ရသည်။ကျွန်ုပ်က ပါးစပ်က ဘာမှလျှောက်မထားသေးပဲနှင့် ဦးဝိစာရ ပေးလိုက်သောစာကို ထိုးကပ်လိုက်သည်။ ဆရာတော်က စာကိုဘတ်ပြီး

ခဏလေး နေပါအုံးဆိုသည်နှင့် စောင့်စားနေရသည်။ ဆက်လက်၍ ဆရာတော်က ညွှန်သည်ဇနီးမောင်နှံနှစ်ဦးကို ဩဝါဒပေးနေသည်။

'ဘုန်းကြီးဆီကို ခဏခဏလာရမယ်၊ ကိုယ့်ဆရာသမားမို့ မသွားရင်မကောင်းဘူး သွားမှကောင်းမယ်။ လှူဖွယ်ဝတ္ထုတွေနဲ့ လက်ဆောင်တွေနဲ့ လှူဒါန်းရမယ်။ ဒီလိုဆိုလိုတာ မဟုတ်ဘူးနော်။ ကုသိုလ်ဆိုတာ စိတ်စေတနာ ထားတတ်ရင် ဘယ်နေရာမျိုးမဆို ကုသိုလ်ရနိုင်ပါတယ်။ ကျောင်းကန်ဘုရားကို သွားလာရမှတင် မဟုတ်ပါဘူး၊ စိတ်စေတနာလေးတွေကို ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း ထားတတ်ရင် ဘယ်မှာမဆို ကုသိုလ်ရနေတာပဲ။

ဒါဆို လင်နဲ့မယားလဲ တယောက်နဲ့တယောက် အပြစ်မမြင်နိုင်ဘူး၊ ကိုယ့် လုပ်ငန်း ကိုင်ငန်းတွေမှာလဲ အပြစ်မြင်နိုင်မယ် မဟုတ်ဘူး။ စိတ်စေတနာဖြူစင်သန့်ရှင်းရင် တဖက်သားကိုအပြစ်မမြင်ဘူး။ အပြစ်မမြင်ရင် တဦးနှင့်တဦး ဆက်ဆံရေးဟာ ပြေလည်တယ်၊ ပြေလည်ရင် ချမ်းသာတယ်၊ ချမ်းသာရင် ကုသိုလ်ပဲ၊ ဘုန်းကြီးပြောတာ သဘောပေါက်တယ်နော်'

တွေတွေခြင်းကြားရသော ဆရာတော် ဩဝါဒကို ဇနီးမောင်နှံ သဘောကျမကျတော့ မသိပါ။ ကျွန်ုပ်အနေဖြင့်ကား အဖိုးမဖြတ်နိုင်သော စကားကို ကြားရလေပြီဟူ၍ ထင်နေမိသည်။ ထိုဇနီးမောင်နှံ ပြန်သွားပြီးသည့်နောက် 'ခရီးပန်းလာတယ် နားလိုက်ပါအုံးလေ ညကျမှ အေးအေးဆေးဆေး ဆွေး

နေ့းကြမယ်' မိန့်ကြားပြီး ကပ္ပိယဒကာ တဦးခေါ်ကာ ကျွန်ုပ် နေရန် ကျောင်းကို ညွှန်ကြားပေးလေသည်။

ကျောင်းမှာတပါးနေသော သစ်သား သွပ်မိုးကျောင်းလေး ဖြစ်သည်။ အထဲမှာ ကုတင်တလုံးရှိသည်၊ ကုတင် ပေါ်တွင် ခေါင်းအုံးနှစ်လုံးရှိသည်။ အိပ်ယာခင်းရှိသည်၊ ဗန္ဒုလစောင် အကောင်းစားတထည်ရှိသည်။ ကုတင်ညာဘက် ခေါင်းရင်း အပေါ်နားတွင် စာအုပ် ပစ္စည်းပစ္စယ ထည့်ထားသော ဘီဒို တလုံးရှိသည်၊ ကုတင်ခြေနားတွင် ပက်လက်ကုလားထိုင်တလုံး ရှိသည်။ အပေါ်မျက်နှာကျက်တွင် လျှပ်စစ်မီးချောင်းတခုနှင့် မီးသီးတလုံးရှိသည်။ အပြင်တွင် မီးသီးတလုံးနှင့် မျက်နှာသစ် ရန် ကိုယ်လက်ဆေးကြောနိုင်ရန် ရေဘုံဘိုင်တခုရှိသည်။နေရေး အတွက် ဘာလိုသေးသနည်း။ ဘာမှ မလိုတော့ပေ။ အားလုံး ပြည့်စုံနေပြီ။ နေရေးသုခ ရှိလှပေသည်။

ကျွန်ုပ် ကုလားထိုင်ပေါ်တွင်၊ ခြေပစ်လက်ပစ် ထိုင်လိုက် သည်။ ပါးစပ်မှလေကို 'ဟူး' ကနဲ မှုတ်ထုတ်လိုက်သေးသည်။ ပြီးလျှင် မျက်လုံးကိုမှိတ်၍ အားရပါးရ မှိန်းနေလိုက်တော့ သည်။ အတွေးတွေသည် ကျွန်ုပ်၏ ဦးခေါင်းထဲသို့ တလှစ် လှစ်ဝင်ရောက်လာသည်။

ယခုအခါတွင်ငါကား အရှင်လဘ်လဘ်နတ်ပြည်ကိုရောက်နေရပြီ ဟူ၍ ကိုယ့်ကိုကိုယ်မှတ်ထင်နေသည်။ယခုကျွန်ုပ်၏ အသက်သည် နှစ်ဆယ့်ငါးနှစ်ပြည့်၍ နှစ်ဆယ့်ခြောက်နှစ်ထဲသို့ ရောက်နေပြီ ဖြစ်သည်။ ဤအတွင်း လွန်ခဲ့သော အတိတ်ကာလ နေလာခဲ့ရ သမျှကို ပြန်လည် သုံးသပ်ကြည့်သည်။

ကျွန်ုပ်၏မိခင်သည် သံတွဲခရိုင် ဂွမြို့သူ ဖြစ်သည်။ ဘခင်သည် ကျောက်ဖြူသား ရခိုင်စစ်စစ်ဖြစ်သည်၊ အစိုးရလခစား ကျောင်းဆရာ ဖြစ်သည်။ အဖေရဲ့အဖေသည် ဗြိတိသျှအစိုးရလက်ထက်က မြေတိုင်း အင်စပက်တော်ဟု သိရသည်။ ကျွန်ုပ်ကို မွေးဖွားပြီး သုံးနှစ်အကြာတွင်ဘောင်ကုတ်မြို့တွင်ဆုံးသွားသည်ဟုသိရသည်။ အဖေက ခုနှစ်နှစ်အရွယ်က ဆုံးသွားသည်။ ထို အတောအတွင်း ကျွန်ုပ်သိသမျှသည် တနေရာတည်း၌ နေရာအတိအကျ မနေရဘဲနှင့် ဟိုပြောင်းဒီရွှေ့ လုပ်ရသည်။ တမြို့မှတမြို့ တရွာမှတရွာ ပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။ တရွာတည်းပင် တအိမ်မှတအိမ်သို့ ပြောင်းရွှေ့ရသေးသည်။

ခေတ်က ခေတ်ကောင်းဟု မဆိုနိုင်ပေ။ ဂျပန်ပြေးဆဲ အင်္ဂလိပ်ဝင်ဆဲ အခါမျိုးဖြစ်သည်။ မြန်မာပြည် လွတ်လပ်ရေးရအောင် မြန်မာတမျိုးသားလုံး ကြိုးစားနေရဆဲ၊ လှုပ်ရှားနေရဆဲအခါမျိုး ဖြစ်သည်။ ခေးပြ သူခိုး၊ တောကြောင်တွေ သောင်းကြမ်းနေဆဲအခါမျိုး ဖြစ်သည်။

ထိုကဲ့သို့ ဘဝသံသရာလှိုင်းတံပိုးကြမ်းကို စုန်ချီဆန်ချီကူးခတ်လာခဲ့ရာမှ တဆယ့်နှစ်နှစ်သားအရွယ် အရောက်တွင်ဂွမြို့ကင်းရုံးကျောင်းတွင် ကိုယ်ရင်ဝတ်နှင့်နေခဲ့ရတော့သည်။ ထိုကျောင်း၌ သုံးနှစ်ခန့် နေခဲ့ရသည်။ ထို နေခဲ့စဉ်တွင် ခေါင်းအုံးစုတ် ဖျာစုတ်နှင့် ဂျပိုးတသောသောနှင့် ဖြစ်သလို အိပ်ခဲ့ရသည်။ နေခဲ့ရသည်။ စာကို ငယ်သံပါအောင် ကုန်းအော်ကျက်ခဲ့ရသည်။ ငယ်ဆရာ၏ ရက်စက်သော ကြိမ်ဒဏ်ကို မှိတ်ကြိတ်ခံခဲ့ရသည်။

တဆယ့် လေးနှစ်တွင် ရန်ကုန် ဆုတောင်းပြည့်ကျောင်းသို့ ရောက်ခဲ့ရသည်။ စာသင်တိုက် ဖြစ်၍ အများနှင့် ဗလုံးဗထွေး ဖြစ်သလို အိပ်ရသည်မှာ အထူး ပြောစရာမလိုတော့ပေ။ ယင်းကဲ့သို့ နေခြင်းမျိုးဖြင့် နှစ်ဆယ့် ခြောက်နှစ်လုံးလုံး လွန်ခဲ့သော နာရီပိုင်းအထိ နေလာခဲ့ရာမှ ယခုအချိန်တွင် ယခုကဲ့သို့ အနေမျိုးနှင့် ကြုံတွေ့လိုက်ရခြင်းသည် ကျွန်ုပ်အတွက် အဘယ်မျှ နတ်ပြည်ကို မရောက်ဘဲ ရှိနိုင်ပါမည်နည်း။

အရိပ်ထဲ ခိုနားပြီးခါမှ နေပူထဲကို ဖြတ်သန်းလာခဲ့ရသော သူသည် အပူကို ပို၍ ပူမှန်းသိလေသကဲ့သို့ရင်း၊ တဦးနှင့်တဦး ခိုက်ရန်ဖြစ်၍ ရိုက်နှက်ကြ ဆဲဆိုကြသော ဒေါ်ဇာရေဒေါ်ဇာချက်တို့သည် ထိုအခိုက်၌ ပူမှန်း နာကျင်ရမှန်း သိပ်မသိသေးဘဲ သွေးအေးလာပါမှ တစိမ့်စိမ့် ပို၍ပို၍ ဒေါ်ဇာပြင်းထန်ချက်ကို သိ၍လာရသကဲ့သို့ရင်း၊ ရှေးက ကျွန်ုပ်နေလာခဲ့စဉ်၌ ထိုအပူကို ပူသယ်ဟူ၍ သိပ်မသိခဲ့ဘဲ ထိုအပူတို့ကို ယခုမှ ကြောက်ခမန်းလိလိ တုံလှုပ် ခြောက်ခြားဘွယ်ကောင်းလှသော အပူမျိုးတွေ ဖြစ်နေသည်ကို ကောင်းစွာ သဘောပေါက် သိ၍လာရတော့သည်။

ညရှစ်နာရီကျော်လောက်တွင် ဆရာတော်ခေါ်၍ ကျွန်ုပ် သွားရသည်။ ဆရာတော်၏ ကြည်လင်သော မျက်နှာကို မြင်သော် ကျွန်ုပ် ဘဝင်အေးမြရသည်။ ဆရာတော်က တခါမှ မတွေ့မမြင်ဘူး မကြားဘူးသည်လည်းဖြစ်သော ဘယ်ချောင်ကြို ချောင်ကြားက ဘယ်ပုံ ဘယ်နည်း ရောက်လာသည် မသိသော ကျွန်ုပ်လို လူတယောက်ကို ဤသို့ ဆိုပေသည်။

'ယခုလို ငယ်ငယ်ရွယ်ရွယ်နှင့် သိလစင်ကြွယ်ချင်တယ်ဆိုတာ တပည့်တော်တို့ ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပါတယ်။ သာသနာပြု၊ သာသနာပြုဆိုတာ ကိုယ့်ကိုယ်ကို အရင် သာသနာပြုတာ၊ မှန်မြတ်သင့်လျော်တယ်။ဘယ်လိုမှ မမှားနိုင်ဘူး။ ဘုရားမှန်သမျှ၊ သူတော်ကောင်းမှန်သမျှ ကြိုဆို ကြိုက်နှစ်သက်တဲ့ အလုပ်ဘဲ။ ဦးပဥ္စင်းဆန္ဒ ပြည့်စုံအောင် တပည့်တော် တတ်နိုင်သမျှ အကူအညီပေးပါ့မယ်။ ဘာမှ အားမငယ်ပါနဲ့'

ကျွန်ုပ်မှာ ပြောမပြနိုင်လောက်အောင်ပင် နားချမ်းသာ၊ စိတ်ချမ်းသာမှု ရသွားပါသည်။ ဆရာက တပည့်တဦးကို ပြောနေခြင်းမျိုးနှင့် မတူဘဲ အလွန်တရာ အတိ ဒုက္ခ အမျိုးမျိုးရောက်နေသော ညီငယ်တယောက်ကို ခတ်သိ အဆင်းသိ၊ အကိုကြီးအယောက်ကချော့ချော့မော့မော့ ဖြောင့်ဖြောင့်ဖျဖျ အားပေးပြောဆိုနေသည်နှင့် တူနေပေသည်။ ဒီတခါတွင် ငါ့ကို ဘုရားရော၊ သိကြားရော ဝိုင်းမနေကြသည်ဟူ၍ ထင်မှတ်ပေသည်။ ဆရာတော်က တရက်နှစ်ရက်နေပြီးမှ လုပ်ငန်း စကြတာပေါ့ ဆိုသည်နှင့် ကျွန်ုပ်လုပ်ငန်း နောက် တရက် နှစ်ရက်ကြာမှ စဖြစ်ပေတော့သည်။

နံနက်အာရုံတွင် ယာဂုသောက်ရသည်။ယာဂုဆိုသော်လည်း ယာဂုကြီးမဟုတ်ပေ။ ချိုချင်ခဲဘွယ် စုံလှပေသည်။ ယာဂုနှင့်သောက်ရန် ငပိကြော်၊ ငါးကြော်၊ ငါးခြောက်ဖုတ် ဆီဆမ်းပါပြီး၊ မုံ့ ဆီကျော်၊ ကာဖီ, ဘီစကွတ်မုံ့ မျိုးစုံ ပါရှိသည်၊ ထိုအခါမှပင် ကျောင်းရှိ သံဃာအစုံအလင်ကို တွေ့ရတော့သည်။ ကျွန်ုပ်အပါအဝင်ဆရာတော်နှင့်ပါအားလုံးခြောက်ပါးရှိသည်။

သူတို့အားလုံးပင် ကျွန်ုပ်ထက် ဝါကြီးသူ၊ အသက်ကြီးကြသူတွေ များ ဖြစ်ကြပေသည်။

'တပည့်တော်ဟာ အရိုင်းအစိုင်း တောထဲက လာခဲ့ရသူ တယောက် ဖြစ်ပါတယ်ဘုရား။ အရှင်ဘုရားတို့ကို နောင်တော် လို၊ ဆရာသမားလို အားကိုးပါရစေဘုရား။ အစားအသောက်၊ အနေအထိုင်၊ အပြောအဆို၊ အသွားအလာမှစပြီးအမြင်မတော် ရင်၊ ချွတ်ယွင်းဒါတွေရင် တပည့်တော်ကို အစစ သွန်သင်ဆုံးမ ပြုပြင်ပေးကြပါဘုရား'

သူတို့အားလုံးကို ကြိုတင်လျှောက်ထားလိုက်ရသည်။ အား လုံးကို ဆရာတင်ရသည်။ အားလုံးသော ပုဂ္ဂိုလ်တို့၏ တပည့် အဖြစ်ကို ခံယူရသည်။ ယခုမှ တရားရိပ်သာသို့ ပုပ္ပလောင် လောင် ရောက်လာသော ကျွန်ုပ်လို လူရိုင်းတယောက်အဖို့ ဤ ကျောင်းတိုက်ထဲသို့ ကျွန်ုပ်ထက်အရင် ရောက်နှင့်နေကြသော တွေ့သမျှ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့အား လေးစားရမည်သာ ဖြစ်သည်။ ရိုသေရမည်သာ ဖြစ်သည်။ သူတို့ ဆိုဆုံးမသမျှ နာ ယူရမည်သာ ဖြစ်သည်။

'ဦးပဥ္ဇင်း၊ ဒါက နေကထိုင်၊ ဆွမ်းစားပဲသွားသွား၊ တရား ထိုင်ပဲသွားသွား၊ ဆရာတော်ခေါ်လို့ပဲသွားသွား၊ အဲဒီနေကထိုင် ကိုယူသွား။ ထိုင်တိုင်းနေကထိုင်ခင်းပြီးမှထိုင်။ ရေချ ဒါကသပိတ်၊ ယာဂုပဲသောက်သောက်၊ ဆွမ်းပဲစားစား အဲဒီနှစ်ခုကိုယူသွား။ ရေချ သက်န်းက တစုံ၊ အပိုအမို ဝတ်ဖို့ပြုဖို့၊ ပြီးတော့ လိုအပ် တာလဲ ပြောပေါ့။ တော်တော်လေးကြာ ကြေးမောင်းခေါက် လေ့မယ်။ အဲဒီအခါ မဟာရုံကို တရားထိုင်ဖို့ကြွ။ တရားထိုင်ပြီး

တအောင့်တနားနေပြီး တန်း ဆွမ်းခံသွားရမယ်။ ပြီး သတိပေး ထားရအုံးမယ်။ သွားတဲ့ လာတဲ့အခါမှာပြာလောင်ပြာလောင် မသွားနဲ့၊ ဣန္ဒြေရရသွား။ ဟိုကြည့် ဒီကြည့် မကြည့်နဲ့။ သတိ အမြဲ ရှိပါစေ'

ဦးပဉ္ဇင်း ဦးကေလာသက ကျွန်ုပ်နေသောကျောင်းကို လာ ပြီး ပေးသင့်ရာတွေကို ပေးသွားသည်။ မှာသင့်ရာတွေကို မှာ သွားသည်။ အရာရာမှာ စည်းစနစ် ကျလှပေသည်။ ရွှေကျင် လည်း ဖြစ်ပြန်၊ တရားရိပ်သာလည်း ဖြစ်ပြန်တော့ စည်းစနစ် ကျမှု အထူးပြောဖွယ် မလိုတော့ပေ။

တရားထိုင်ရန် မမှာရုံသို့ ကျွန်ုပ် ရောက်သွားသည်ဟု ဆို လျှင်ယောဂီဒါယကာဒါယကာမတို့၏လေးဝေါင်သံညီညီသံပြိုင် ရွတ်ဆိုနေကြသော မေတ္တာပို့သံကို ကြားရသည်။ ရှေးဦးစွာ ဒကာတဦးကမေတ္တာဘာဝနာပွားများကြစို့ခင်ဗျားဟူ၍ ဆော် ဩလိုက်သည်။

ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ ချမ်းသာကိုယ် စိတ် မြဲပါစေ။

မြင်ဘူး၊ မမြင်ဘူး၊ နှစ်ဦးများစွာ သတ္တဝါ ချမ်းသာကိုယ် စိတ် များပါစေ။

ဝေးနေ၊ နီးနေ၊ နှစ်တွေများစွာ သတ္တဝါ ချမ်းသာ ကိုယ် စိတ် မြဲပါစေ။

လန့်တတ်၊ မလန့်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

ကြီး၊ ငယ်၊ လယ်၊ လတ်၊သုံးရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

ရှည်၊ တို၊ သယ်၊ လတ်၊ သုံးရပ်များစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

စသည် ပွားများသည်။ ထို့နောက် ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဘာဝနာများကို ပွားများကြသည်။ နောက်ဆုံးတွင်

တရပ်ရပ်တွင် တယောက်မြင်၊ မာန်ဝင်ထေမဲ့ ကင်းပါစေ။

တယောက်သူကား တယောက်အား၊ လှည့်စားအပြု ကင်းပါစေ။

ကိုယ်၊ နှုတ်၊ စိတ်ထင့်၊ဒေါသဖြင့်၊ ပြုကျင့်ဆင်းရဲ ကင်းပါစေ။

မြတ်စွာဘုရား၊ မြတ်စွာဘုရား၊ မြတ်စွာဘုရား၊သာဓု၊သာဓု၊ သာဓု။ သာဓုသံ မြင့်မြင့်ခေါ်ပြီး ခဏအကြာတွင် ဆရာတော် ကြွလာပါသည်။ ဆရာတော် အထဲသို့ ရောက်သောအခါ၊ ဒကာ တဦးသည် တံခါးထရျပိတ်သည်။ ရှိသမျှတံခါး အားလုံး ပိတ် ထားတော့သည်။ လူဝင်လူထွက် မရှိတော့ပါပေ။ လူထိုင်ကြ သောနေရာတို့သက် တထွာကျော်ခန့်မြင့်သော ခေါင်းရင်းဘုရား ခေရှတွင် သံဃာများ နေရာယူထားကြသည်။ လက်ျာဘက်တွင် ဆရာတော်ကထိုင်ပြီး၊ ကျန်သံဃာများက အစဉ်လိုက် တန်းထိုင် ကြသည်။

သံဃာနောက်က အမျိုးသားများ၊ အမျိုးသားနောက်က၊ အမျိုးသမီးများ၊ စုစုပေါင်း ၄၀ ကျော် ၅၀ ခန့် ရှိပေသည်။

ရှေးဦးစွာဆရာတော်ကငါးမိနစ်ခန့်ဩဝါဒပေးသည်။ ပြီးလျှင် မျက်နှာလေး တည်တည်ကြည်ကြည် စိတ်ကလေး ကြည်ကြည် လင်လင်၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပြီး၊ မိမိရဲ့ ရှုကွက် အပေါ်မှာ သတိ အသိကပ်ပြီး၊ တရား ရှုပွားနိုင်ကြပြီ ဟူ၍၊ အချက်ပေးသည်။

ဆရာတော်အသံက ညင်သာလှသည်။ ကြည်ကြည် လင်လင် ရှိသည်။ ဖြေးဖြေးသက်သာ တိုးတိုးတိတ်တိတ် ပြောသော်လည်း ပေ ၅၀၊ ပေ ၃၀ ခန့်ရှိသော ဓမ္မာရုံဘုလုံး ပီပြင်ပြတ်သားစွာ ကြားရသည်။ ယင်းမှာ တံခါး ပိတ်ထားသည့်ပြင် လေလုံနေ သည်ကတကြောင်း၊ ခေတ်မှီ မိုက်ခွက်များ စပီကာများနှင့်ပြော ဆိုသည်ကတကြောင်းမို့ ကြားရခြင်း ဖြစ်နိုင်ပေသည်။ ဓမ္မာရုံ တခုလုံးတွင် အပ်ကျသံကစ၍ ပြတ်သားစွာ ကြားနိုင်လောက် သည်။ ပကတိ တိတ်ဆိတ် ငြိမ်သက်နေသည်။ အားလုံးသော ယောဂီများသည် ကျောက်ရုပ်များ ချထားသည့်အလား တုတ် တုတ်မျှမလှုပ်၊ တရားအားထုတ်လျက် ရှိနေကြပေပြီ။

ကျွန်ုပ် ဘာတရား အားထုတ်ရပေမည်နည်း။ ဆရာတော်က လည်း ကျွန်ုပ်အား ဘယ်ကဲ့သို့ တရားရှုပွားရမည်ဟူ၍ တရား ရှုပွားနည်းကို မပေးပါ။ ကျွန်ုပ်ကလည်း တရား ရှုပွားပုံ နည်း လမ်းကို မတောင်းမိ။ တခုဘော့ရှိသည်။ ဆရာတော် အနေဖြင့် ယောဂီပုဂ္ဂိုလ်တို့သည် ဘယ်တရားကိုသာ ရှုပွားရမည်၊ ဘယ် တရားကို မရှုပွားရဟူ၍ ပညတ်ချက် မရှိပေ။ ထိုထို ဝါဒအရ မိမိတို့ အလေ့အလာများကို ရှုပွားလိုက ရှုပွားနိုင်သည်။ ဤ

ရောက်လာလျှင် ဤဘုရားသာ ရှုပွားရမည်ဟူ၍ မပညတ်ထား ပေ။ သဘာဝထားကြီး မြင့်မြတ်သော လုပ်ရပ်ပါပေ။

တသက်လုံး တစက္ကန့်ပြည့်အောင် တရား အားမထုတ်ခဲ့ ဘူး သော ကျွန်ုပ်သည် ခန္ဓာကိုယ်ကတော့ သူများဘကာ နည်းတူ ငြိမ်သက်လျက် ရှိပါသည်။ သို့သော် စိတ်ကတော့မူ ဟိုရောက် ဒီရောက် ရောက်နေသည်၊ လောဘအာရုံ၊ ဒေါသအာရုံ၊မောဟ အာရုံ စသော ထိုထို ကိလေသာအာရုံတို့၌သာ ပျော်မွေ့ကျက် စားလာသော စိတ်ကို ယခုမှ ဂမူးရှူးထိုး ဖမ်း၍ အဘယ်မှာရနိုင် မည်နည်း။

ကျွန်ုပ်၏စိတ်တို့သည် ထိုထိုအာရုံတို့သို့ အပြေးအလွှားရောက် နေသည်။ သတိပြု၍ တတ်နိုင်သမျှစိတ်ကို ဖမ်းဆီး ချုပ်နှောင် ကြည့်သည်။ မရပေ။ အာရုံတခု ရောက်၍ ဆွဲခေါ် လာလျှင် အခြားအာရုံတခုသို့ ရောက်သွားပြန်သည်။ ယင်းအာရုံမှ ဆွဲ ခေါ်သွားပြန်လျှင်လည်း၊ အခြားအခြား အာရုံသို့ တခုပြီးတခု ရောက်နေတော့သည်။ ဖြတ်ကနဲ တခန်းပြီးတခန်း လျှင်မြန်စွာ ပြသနေသော ရုပ်ရှင်ဆလိုက်မီးပြကွက်နှင့် တူနေ တော့သည်။

ဘေးကကြည့်လျှင်တော့ တကယ့် ဝါရင့်နေသော ယောဂီ တဦးဟု ထင်မှတ်နိုင်ပေသည်။ တင်ပလ္လင်ခွေထားသည်။ ကိုယ် ကို ဖြောင့်မတ်ထားသည်။ လက်နှစ်ဖက်ကို တင်ပလ္လင်ပေါ်တွင် ယှက်ထားသည်။ ကွေးထားသော ဒူးကိုပင် ပျဉ်ပြားနှင့် ကပ် အောင် နှစ်ဖက်လုံး ထိထားသည်။

ငါ ဘာလုပ်ရမည်နည်း။ အာနာပါနကို လုပ်ရမည်လော၊ ဝိတက်များသူသည် အာနာပါန ကမ္မဋ္ဌာန်းနှင့် သင့်လျော်သည်

ဟူ၍ ကျမ်းဂန်များတွင် ဖတ်ဖူးသည်။ သို့သော် အာနာပါန သည် ဝိပဿနာမဟုတ်၊ သမထဖြစ်သည် ဟူ၍ နားလည်ထား သည်။ အိုးထထ ဝိဝိအာနာပါနပဲ လုပ်တော့မည်ဟူ၍ ဆုံးဖြတ် လိုက်သည်။

တခါ ပြဿနာဝင်လာသည်။ အသက်ကို ပြင်းပြင်း ရှူရ မည်လော၊ ဖြေးဖြေး ရှူရမည်လော၊ မပြင်းမဖြေး ရှူရမည် လော၊ ပြင်းချင်လည်းပြင်း၊ ဖြေးချင်လည်းဖြေး၊ ဖြစ်ချင်ရာ ဖြစ် စေတော့ ထွက်လေဝင်လေကိုသာ နှာခေါင်းထဲ စိတ်ထားပြီး၊ မှတ်တော့မည်ဟူ၍ ဆုံးဖြတ်လိုက်ပြန်သည်။

သုံးလေးကြိမ်မျှ ထွက်လေဝင်လေကို မှတ်ကြည့်သည်။ နှာ ခေါင်းထဲက တဂျစ်ဂျစ် မြည်လာသည်။ ကျွန်ုပ် နှာစီး လျက်ရှိနေသည်ကို ခုမှ သိရှိရသည်။ ဆက်လုပ်လေ တဂျစ်ဂျစ် မြည်သံက ကျယ်လာလေဖြစ်သည်။ ဘေးပုဂ္ဂိုလ်တွေ ကြားကုန် မှာ စိုးရိမ်လာမိသည်။ ကြာသော် နှပ်ပါထွက်လာမည့် အခြေ မျိုး ဖြစ်နေသည်။ ယင်းသို့ဖြင့် အာရုံတခုသည် ကျွန်ုပ် ဦး နှောက်ထဲသို့ ကဆုန်ပေါက် ဝင်ရောက်လာပြန်သည်။

ကျွန်ုပ် ဆုတောင်းပြည့်နေစဉ်က ဖြစ်သည်။ အသက် ၃၀ ခန့် ကိုတင်လှဆိုသော ကျောင်းသားကြီးတယောက် ရှိသည်။ တခါသော် ဆုတောင်းပြည့်ဆရာတော်က သူ့အားခေါ် ကာ တရားထိုင်ခိုင်းသည်။ အာနာပါနကို လုပ်ခိုင်းသည်။ သူကာ ငြင်းဆိုသော်လည်း မရ။ ဆရာတော်က ဇိကုဟ် နတ်ပြည်တင် သကဲ့သို့နည်းနည်းပါးပါး ပါရမီအထုံပါမှ ပါစေတော့ဟူ၍ သဘောထားဟန်တူသည်။ အတင်းထိုင်ခိုင်းသည်။

'တင်ပလ္လင်ခွေထိုင်ကွ၊ မျက်စေ့ကိုမှိတ်ထား၊ အသက် ပြင်းပြင်းရှူ၊ စိတ်ကို ရှူနေတဲ့နေရာမှာထား အခြား စိတ်မရောက်စေနဲ့' ဆရာတော်က နည်းညွှန်သည်။ ကိုဘင်လှမှာ မထိုင်ချင် ထိုင်ချင် အောင့်သက်သက်နှင့် ထိုင်ရပြီး စိတ်မှာ မကျေမနပ် ဖြစ်လာ၍ မျက်လုံးကို မှိတ်၊ တင်ပလ္လင်ခေါက်၍ ရှူးရှဲ ရှူးရှဲ ဟူ၍ အတင်းနင်းကာန် ရှူတော့သည်။

'အဲ၊ ဟုတ်ပြီ။ အဲဒီလိုမှပေါ့၊ ရှူး ပြင်းပြင်းသာရှူ' ဆရာတော် အားပေးသည်။ နှစ်မိနစ်ခန့် ထိုသို့ ပြင်းပြင်း ရှူရှိုက်လုပ်သည်ဟုဆိုလျှင် တကိုယ်လုံးတွင် ချွေးသီးချွေးပေါက် ထွက်လာသည်။ နှာခေါင်းထဲမှ နှာရည်ယိုလာသည်။ နှပ်ပါ ထွက်ကျလာသည်။ ကိုတင်လှက ထိုအရာတွေကို သုတ်သင်ရန် လက်လှုပ်လိုက်သည်။ 'မသုတ်နဲ့ကွ၊ ကိုယ့်အလုပ်သာ ဆက်လုပ်၊ သူ့ဟာသူ ဘယ်လိုဘဲနေနေ၊ နေပေ့စေ' ကိုယ့်အလုပ်သာ လုပ်မြဲလုပ်၊ အရှိန်ပျက်သွားမယ်' ဆရာတော်က ဟန့်တားလိုက်သည်ဖြစ်၍ ကိုတင်လှမှာ မသုတ်ရပဲ ရှူးရှဲလုပ်မြဲလုပ်နေရသည်။

နှာရည်နှင့်နှပ်တို့သည်အပေါ်နှုတ်ခမ်းသားမှတဆင့် ပါးစပ်ထဲသို့ ရောက်လာသည်။ ထိုအခါ ကိုတင်လှသည် ဘယ်လိုမှ နေ၍လို့ မရတော့သည်နှင့် မျက်စေ့ကို မှိတ်လျက်ပင် ညာဘက်လက်ဖြင့် နှပ်ကို ဆွဲယူလိုက်ခါ တအားကုန် ခါထုတ်လိုက်သည်။ နှပ်သည် အရှိန်ပြင်းစွာ ဆရာတော်ဘေးနားက ဝိုးကနဲ ဖြတ်သန်းသွားပြီး အုတ်နံရံတွင် ဘတ်ကနဲ သွားကပ်နေသည်။

'အယ်၊ ဒီကောင် သွား သွား မြန်မြန်သွား'

ဆရာတော် နှင်ထုတ်လေသည်။ ကိုတင်လှ လျှင်မြန်စွာ ထ ပြေးသွားတော့သည်။ ကျွန်ုပ်မှာ ထွက်လေဝင်လေ လုပ်နေရင်းမှ ထိုကဲ့သို့ ကိုဘင်လှ ပြန်ပြောချက်ကို ကြားရောင်လာမိပြီး တယောက်တည်း ပြုံးလိုက်မိသည်။ ထိုနောက် တစုံတယောက် မြင်သွားလျှင် မတော်ပါဘူးဟူ၍ ကိုယ့်ကိုယ်ကို လိပ်ပြာမလုံ ဖြစ်လာကာ ပြုံး၍ ကူးခြေဆယ်ပြီး ထွက်လေကိုပင် ပြန်၍ မှတ်ပြန်သည်။ တဂျင်ဂျင်မြည်သံက ထွက်ပေါ်လာစမြဲ ဖြစ်သည်။ ဇွဲနဘဲနှင့်ပင် မှန်မှန် ပြုလုပ်သည်။

၁၅–မိနစ်ခန့်ရှိလျှင် ခြေကျင်လာသည်။ ဒူး ပေါင် ညောင်း ကိုက်လာသည်။ တစထက်တစ ပိုမို ပြင်းထန်လာသည်။ စိတ်က ထွက်လေ ဝင်လေပေါ် ကောင်းစွာမရောက်နိုင်တော့ပေ။ ဆိုးသထက် ဆိုးလာသောအခါ၌ တင်ပလ္လင်ကို ပြန်၍ပင် ပြင်ထိုင်လိုစိတ် ဆန္ဒ ပြင်းပြလာသည်။ သို့သော် ပြင်လည်း မထိုင်ရဲပေ။ သူတပါးသိသွားမည်ကို စိုးရိမ်သည်။ ဘေးလူ အနှောင့်အယှက် ဖြစ်သွားမည်ကို ပူပန်မိသည်။ ယင်းသို့ဖြင့် မျက်နှာ ရှုံ့ကာ မဲ့ကာ ပေတေပြီး ထိုင်နေရသည်။ တရားအာရုံလည်း ဘယ်ရောက်လို့ ရောက်သွားမှန်း မသိသည် အဆုံးတွင်တော့

'ရွှေဥမင် တောရဆရာတော် ဦးကေသဝလ္လ ကျမ္မာချမ်းသာပါစေ၊ ယောဂီများ ကျမ္မာချမ်းသာပါစေ' စသည်ဖြင့် မေတ္တာပို့သောဘက်သို့ အလိုလို ဦးလှည့်မိသွား ဖြစ်သွားတော့သည်။ အချိန်စေ့၍ တရားရပ်နားသည့်အခါ ခြေကျင်မှုမှာ အလွန်ပြင်းထန်လှသည်ဖြစ်၍ တော်တော်နှင့် ထ မသွားနိုင်ပဲ ရှိပေတော့သည်။

တရားထိုင်ပြီး၍တအောင့်လောက် အကြာတွင် တန်း ဆွမ်းခံ ထွက်ရသည်။ ဆရာတော်မှလွဲ၍ ကျန် သံဃာအားလုံး ထွက် ကြရသည်။ တခါတခါ ဆရာတော်ပါ လိုက်သေးသည်။ ဆွမ်း ခံ သွားရ၍ ပင်ပန်းခြင်း မရှိပါပေ။ အပူရှိန် မပြင်းခင် နံနက် ၇-နာရီ ထွက်ရခြင်းဖြစ်သည်။ အသွားအပြန် အားလုံးမှ ၄၅ မိနစ်ခန့် ကြာပေသည်။ သံဃာတွေက ဆွမ်းချည်းသက်သက်သာ ခံယူရပြီး ဆွမ်းဟင်းကို ကျောင်းသားက ယူဆောင်လေသည်။

နေ့လည် ဆယ်နာရီခွဲတွင် နေ့ဆွမ်း စားရသည်။စားကောင်း သောက်ဖွယ် ဟင်းလျာ စုံလင်လှသည်။ ဆွမ်းခံရ ဟင်းထက် ကျောင်းက ချက်ကပ် ဟင်းလျာများက ပို၍ များပေသည်။ နံနက်၊ နေ့၊ စားရေးမှာလည်း ပြည့်ပြည့်စုံစုံ ရှိလှပေသည်။ စတ်ရေးအနေဖြင့်လည်း ကျောင်းရှိ သံဃာအားလုံးကို လိုအပ် သော ပစ္စည်းလေးပါးမှန်သမျှ ကျောင်းက အလုံးစုံ တာဝန်ယူ ထားမှု ရှိပေသည်။ ဤကျောင်း၌ နေသမျှကာလပါတ်လုံး သံဃာတော်များသည် ငွေကိုင်သုံးစွဲခြင်း စသော နိဿဂ္ဂိထိုက် သော ဝိနည်း မှန်သမျှ လုံးဝ ကိုင်တွယ်သုံးစွဲခြင်း မရှိရပေ။ ဝိနည်းတော် သိက္ခာပုဒ်ကို အလွန် လေးစား ရှိသေရသည်။

ကျွန်ုပ် ရောက်စ၌ ကျွန်ုပ်ဝတ္ထုငွေ ၁၅—ကျပ် ကျန်နေ သေးသည်။ ယင်းကို ဒါယကာအား အပြီးတိုင် အပ်နှင်းလိုက်ရ သည်။ အကယ်၍ မြို့ထဲသို့ဖြစ်စေ၊ ရပ်ဝေးသို့ဖြစ်စေ၊ ခရီးသွား လိုပါမူ ကပ္ပိယဒကာတို့က သွားလိုရာသို့ ရထားလက်မှတ်ခ ပေးလိုက်မည်ဖြစ်သည်။ ယင်းသို့ဖြင့် ရွှေဥမင်တောရတွင် စား

ဝဘ်နေရေးသည် ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ အေးအေး ဆေးဆေး ကျစ်ကျစ်လစ်လစ် စည်းစနစ်ကျကျ ရှိလှကြောင်း ထင်ရှားလှပေတော့သည်။

နေ့လည် ၂–နာရီမှ ၃–နာရီထိ တကြိမ် တရားထိုင်ရသည်။ ည ၇–နာရီဘွင် သံဃာများသာ စုပေါင်း ဘုရားဝတ်တက်မှု ပြုကြရသည်။ ယင်းတို့မှာ နေ့စဉ် ပြုလုပ်ရသော ကျင့်ဝတ်များ ဖြစ်သည်။ တရက်ထက်တရက် ကြာလာသောအခါ၌မူ ကျွန်ုပ် မှာ အစကလောက် ထိုကျင် ညောင်းညာ ကိုက်ခဲခြင်းများ မရှိတော့ပေ။ ကျင့်သားရလာသည်။ စိတ်လည်း တည်ငြိမ်မှု ရှိလာလေသည်။ ထိုမှတပါး ထူးခြားသော တရားများ မတွေ့ရ သည်ဘော့ အမှန်ဖြစ်ပေသည်။ ရွှေဥမင်တောရ ဆရာတော်၏ ဟောပြောချက် ဩဝါဒပေးချက်၊ ဆုံးမချက်များကိုသာ နာခံ မှတ်သားရတော့သည်။

သုံးရက်မြောက်သော ကာလ၌ ကျွန်ုပ် စတင်၍ ပရိဝတ် ဆောက်တည်ရတော့သည်။ ဒီစကာ ကျွန်ုပ် တလ မှန်းထား သည်။ ယခု သုံးရက်သာ ဆောက်တည်ရတော့သည်၊ ရွှေဥမင် တောရ ဆရာတော်အပါအဝင် ဆရာတော်ကြီးနှစ်ပါးက တလ အထိ ဆောက်တည်ရန် မလိုပေ။ တရက်နှစ်ရက် ဆောက်တည် လျှင် မိမိ စင်ကြယ်လိုသော သီလ စင်ကြယ်သည်သာဖြစ်သည် ဟူ၍ နှစ်ရက်ဆက်တိုက် ကျမ်းဂန်အမျိုးမျိုးနှင့် ညှိနှိုင်း ပြသည် ဖြစ်၍ နောက်ဆုံးတွင် ကျေနပ်စွာ လက်ခံလိုက်ရတော့သည်။

ပို၍အဆင်ပြေသည်မှာလည်း၊ သထုံလည်ဝန်ကျောင်း စာချ ဘုန်းကြီးလုပ်ဘူးသူ ဝါတော် ၂၀ရ ဦးဥာဏကလည်း သူလည်း

ပရိဝတ် ဆောက်တည် ချင်သည် ဆိုသည်နှင့် အပေါ် ရတော့သည်၊ ပရိဝတ် ဆောက်တည် ရာ၌ နိက္ခိတ္တဝတ် (ချ၍ ဝတ်ဆောက်တည်ခြင်း) အနိက္ခိတ္တဝတ် (မချပဲ ဝတ်ဆောက်တည်ခြင်း) ဟူ၍ ၂မျိုးရှိသည်။ ထိုနှစ်ခုအနက် ကျွန်ုပ်တို့သည်၊ချ၍ ဆောက်တည်သော နိက္ခိတ္တဝတ်ကို ဆောက်တည်ကြသည်။

အာရုံမတက်ခင် အားလုံး သံဃာများထကြရသည်။ တနေရာတည်းတွင် စုဝေးကြရသည်၊ ကျောင်းရှိ သံဃာ အားလုံး တပါးမကျန် စုံညီသည့်ကာလ ထိုသံဃာတို့အား 'တပည့်တော်တို့သည်၊ များစွာသော သံဃာဒိသိသ်အာပါတ်တွေ သင့်မိ၍ ဝတ်ဆောက်တည်ရခြင်း ဖြစ်ကြောင်း၊ ထို ဝတ်ကို သံဃာတွေထံမှ တောင်းခံပြီး ဖြစ်ကြောင်း' စသည်ဖြင့် ရှိခိုးဦးတင်လျှောက်တင်ရသည်။

အကယ်၍ ဤကဲ့သို့ စုဝေး ကြရောက် မလာ ကြသော် ကျောင်းတွင်းရှိ သံဃာအားလုံး၊ သူတို့ရှိရာ နေရာသို့ လိုက်ပါသွား၍ လျှောက်တင်ရသည်။ တခါတလေ မလျှောက်ထားမိပါက ဝတ်ဆောက်တည်သော ကိစ္စ ပျက်ပြားလေသည်။ ယင်းကဲ့သို့ဝတ်ဆောက်နေသော ပုဂ္ဂိုလ်ကိုဒါဏ်သားဟူ၍ခေါ်သည်။ ဒါဏ်သား အဖြစ် ရှိနေစဉ်တွင် ကိုယ့်ထက် ဝါကြီးကြီးငယ်ငယ် သံဃာမှန်သမျှကိုရှိခိုးဦးတင်ရိုသေလေးစားကြရသည်။ သူတို့နှင့် ရှေ့ကကဲ့သို့ အရောတဝင် ရောနှောဆက်ဆံ ပေါင်းသင်းခွင့် မရှိရတော့ပါပေ။ အာရုံတက်သောအခါ ဝတ်ကို ချထားလိုက်ရသည်။ ထိုအခါမှ ရှေ့ကကဲ့သို့ သံဃာများနှင့် ရောနှောဆက်ဆံခွင့်ရှိသည်။

ဤအလုပ်သည် ကိုယ့်အတွက်နှင့် သံဃာများပါ မသက်သာသော အလုပ်ပါတကားဟူ၍ တွေးမိသည်။ 'ဗုဒ္ဓ၏ ဝါဒလမ်းစဉ်သည် အလွန်သိပ်သည်း ကျစ်လစ် ခိုင်မြဲသချော စည်းစနစ်ကျနသော သိမ်မွေ့နူးညံ့ ပြေပြစ်လှသော ဝါဒလမ်းစဉ်ပါတကား' ဟူ၍ သတိပြုမိသည်။ဗုဒ္ဓ၏ သာသနာ့ ဘောင် သို့ဝင်ရောက်လာသူမှန်သမျှ အမိအဖ ညီအကို မောင်နှမ ဆွေမျိုးသားချင်း များနှင့် ကင်းကွာနေကြသူပ်ပီ ဗုဒ္ဓကို ဖခင်အရာထား၍ ဗုဒ္ဓ၏ အဆုံးအမဖြစ်သော ဝိနယနှင့် ဓမ္မကို မိခင်အရာထားကာ ညီအကိုသားချင်းအဖြစ် နေထိုင်ကျင့်သုံး ကြရသည်။

အသက်ကြီးမှုကို ပဓါနမပြုရပဲ ဗုဒ္ဓ သာသနာသို့ အရင်ရောက်နှင့် သူကိုနောက်မှ ရောက်ကြသူများက အစ်ကိုသဖွယ်သဘောထားကာ ရှိခိုးရသည်။ ရိုသေရသည်။ လေးစားရသည်။ မင်းမျိုး သူဌေးမျိုး သူကြွယ်မျိုး သူဆင်းရဲမျိုးဟူ၍ လုံးဝမရှိတော့ပေ။ ဗုဒ္ဓ၏ သားတော် ရဟန်းတော် ဟူသော အမည်တမျိုးတည်းသာ ရှိတော့သည်။ ယင်းအတွက် ရဟန်းတော်အချင်းချင်း၊ ကူညီကြရသည်။ စောင့်ရှောက်ကြရသည်။ တပါး၏ သီလစင်ကြယ်မှုကို အခြားသော သံဃာတော်က ဝိုင်းဝန်းကူညီပေးကြသည်။ ပြုပြင်ပေးကြရသည်။

ယင်းသို့ဖြင့် ကျွန်ုပ်သည် ပရိဝတ်သုံးရက်၊ မာနတ်ခြောက်ရက်၊ ပေါင်း ၉ ရက်အထိ နှစ်ဆင့် ဒိုစ္စ ချောမောစွာ ပြီးဆုံးခဲ့ပေပြီ။ အဗ္ဘာန်သွင်းရန် ကိစ္စကျန်ရှိနေသေးသည်။ ယင်းမှာ အနည်းဆုံး သံဃာအပါး ၂၀ ရှိမှ ကိစ္စပြီးမည်ဖြစ်၍ ဆရာ

တော်က တပတ်လောက် နေပြီးမှ လုပ်ကြတာပေါ့ ဆိုသည်နှင့် အေးဆေးစွာ နေရတော့သည်။

တန်ဆောင်မုန်း လဆန်း သုံးရက်နေ့ နေ့လည် တရားထိုင်ပြီး သုံးနာရီကျော်တွင် အဗ္ဗာန် သွင်းရန် ကျောက်ကုန်းတောရ မေဓိနီ စာသင်တိုက်သို့ လာခဲ့ကြသည်။ ဆရာတော် ဒကာတဦး၏ ကိုယ်ပိုင်ကားကလေးတစင်းနှင့် ဖြစ်သည်။

ထိုကျောင်း တိုက်၌ သံဃာ ၁၀ ကျော်ရှိ၍ သံဃာ ၂၀ လောက်မှာ ဘာမှ ခဲယဉ်းခြင်း မရှိတော့ပေ။ သံဃာ ၂၀ ကျော်လောက်က ကျွန်ုပ်တို့ ဝတ်ဆောက်တည်ပြီးကြသူ နှစ်ပါးအား ဥတ်ကမ္မဝါစာများဖြင့် သီလ စင်ကြယ်သွားသူ အဖြစ် ရဟန်းကောင်း ရဟန်းမြတ် အဖြစ်ဖြင့် သံဃာဘောင်သို့ ပြန်သွင်းကြောင်း အသိအမှတ် ပြုကြသည်။ ပြီးလျှင် ရွှေဥမင် ဆရာတော်က စာသင် သံဃာများအား အမိန့်ရှိလေသည်။

'အရှင်ဘုရားတို့ သီလစင်ကြယ်လိုလျှင် မခဲယဉ်းကြောင်း၊ အကူအညီပေးမည်ဖြစ်ကြောင်း၊ မိမိတို့၏စိတ်ထဲ၌ သိပ်ခက်ခဲ၊ တာဝန်ကြီးနေသည်ဟုထင်ပြီး အာပါတ်ကို မကုစားပဲ မနေသင့်ကြောင်း၊ ဤပုဂ္ဂိုလ်သည် အစဉ်ာ ပရိဝတ်တလ၊ ဆောက်တည်မည်ဆိုပြီး မှန်းလာကြောင်း၊ ယခု သုံးရက်နှင့် ကိစ္စပြီးကြောင်း၊ အာပါတ်စင်ကြယ်ဘို့ရာ အတွက် မခဲယဉ်းကြောင်း' ကျွန်ုပ်ကို သက်သေထူ၍ အမိန့်ရှိလေသည်။

ကျောင်းကို ည ၆ နာရီ ကျော်လောက်တွင် ပြန်လည်ရောက်ရှိလာသည်။ ကျွန်ုပ်၏ပရိဝတ် ဆောက်တည်ခြင်း ကိစ္စ အလုံးစုံ ချောမော ပြေပြစ်စွာ ပြီးဆုံးပြီဖြစ်၍ ကျွန်ုပ် 'ဟင်းကန်

သက်မ ချနိုင်ကာ စိတ်လက်ပေါ့ပါး ရှင်လန်းသွားပါလေတော့သည်။ ယင်းအတွက် ကျွန်ုပ် သွားလိုက သွားနိုင်ပြီ ဖြစ်သော်လည်း တလ၊ မှန်းထားချက် ရှိသည့်အတိုင်း တလပြည့်အောင်တော့ နေလိုက်ပေဦးမည် ဟူ၍ ဆုံးဖြတ်လိုက်မိသည်။

ပြီးသည့်အထိပင် ကျွန်ုပ် အာနာပါနနှင့် မေတ္တာ ဘာဝနာကိုသာ မှန်မှန်ပွားများနေခဲ့သည်။ ဆရာတော်ကလည်း ဘာတရား ထိုင်ပါဟူ၍ နှုတ်မဟခဲ့ဘူးပေ။ ဘာတရား ထိုင်သနည်း ဟူ၍လည်း မမေးခဲ့မိပေ၊ တရားတိုက်ထဲ ရောက်တုံး ထူးထူးခြားခြား ဖြစ်အောင် တရားကို ကြိုးစားအားထုတ်သွားပါ ဟူ၍သာ မကြာခဏ တိုက်တွန်းလေ့သာ ရှိခဲ့သည်။

ယင်းမှာ ဆရာတော်၏ မေတ္တာ၊ ကရုဏာနှင့် အလိုက်သိတတ်မှုပင် ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ် ယူဆမိသည်။ လူပုဂ္ဂိုလ်၊ ရဟန်း ပုဂ္ဂိုလ်၊ တကျောင်းလုံးပင် ကျွန်ုပ်အား ချစ်ခင်ကြင်နာကြပေသည်။ ကျွန်ုပ်၏ အာနာပါန တန်ခိုးကြောင့်လော၊ မေတ္တာ ဘာဝနာ တန်ခိုးကြောင့်လောတော့ မပြောတတ်ပေ။ တခု ထူးသည်မှာ မည်သူကမှ ကျွန်ုပ်အား၊ ဘာတရားထိုင်ပါ၊ ဘာတရားထိုင်သနည်းဟူ၍ မဖွင့်ဟကြ၊ ကျွန်ုပ်ကလည်း မည်သူမှ တရားဘယ်လိုထိုင်ကြသနည်း၊ ဘယ်လိုထိုင်ရသနည်း မမေးမိခဲ့ပေ။ သို့သော် တဦးသော ပုဂ္ဂိုလ်ကတော့ ကျွန်ုပ်အား တခါ ညွှန်ပြဘူးပေသည်။ ထိုပုဂ္ဂိုလ်မှာ ကျွန်ုပ်နှင့် ဝတ်အတူဆောက်တည်သူ ဦးဥက္ကာဖြစ်သည်၊ သူက

"ကိုယ့်ကျောင်း ကိုယ့်တယောက်ထဲနေတဲ့အခါမှာ မတ်တပ်ရပ်ပြီး ညာဘက်လက်ကို တန်းထားပြီးလျှင် အောက်ကို

ဖြေးဖြေးချင်း ချ။ အပေါ်ကို ဖြေးဖြေးချင်း ပြန်ထောင်''ဟူ၍ ညွှန်ကြားသည်။ ထိုအခါ ကျွန်ုပ်က

'ဦးပဥ္စင်း အဲဒါ ဘယ်ဘုရားဟောကျမ်းဂန်အရ လုပ်ပါသလဲ' ဟူ၍ မေးသောအခါ ငြိမ်သွားလေသည်။ နောက်ကို ကျွန်ုပ်အား ဘယ်တော့မှ မညွှန်ကြားတော့ပေ။ တခါလည်း သူက ကျွန်ုပ်အား မေးဘူးလေသည်။

'အရှင်ဘုရား သောတာပန် ဖြစ်ချင်လို့ ဝိပဿနာတရားကို အားထုတ်တာလား။ နိဗ္ဗာန်ကို လိုချင်လို့ တရားအားထုတ်တာလား'

'တပည့်တော် ခုဘုရားအားထုတ်တာ သောတာပန်ဖြစ်ချင်လို့လဲ မဟုတ်ပါ၊ နိဗ္ဗာန်ကို လိုချင်လို့လဲ မဟုတ်ပါ၊ တပည့်တော်မှာ အပူတွေရှိတယ်၊ ဒီအပူတွေ ငြိမ်းသွားဘို့ရန်အတွက်အားထုတ်ခြင်း၊ ဖြစ်ပါတယ်ဘုရား'လို့ ပြန်လျှောက်မိလိုက်သည်။ အမှန်လည်း ကျွန်ုပ် ယခု တရားအားထုတ်ရေး ကိစ္စသည် အပူတွေ ငြိမ်းမှု ရသွားအောင် အဓိက အားထုတ်ခြင်း ဖြစ်သည်။ သောတာပန်ဖြစ်လို၍ နိဗ္ဗာန်ရောက်လို၍ မဟုတ်ပေ။

'ဒါဖြင့် အရှင်ဘုရား ဆုကြီးပန်လား'သူက မေးပြန်သည်။

'မဟုတ်ပါဘုရား၊ ဒါပေမဲ့ တပည့်တော် ဒီဘဝတွင်မှာပဲ အများအကျိုးနဲ့ ပတ်သက်လို့ တပည့်တော် လုပ်ချင်တာလေးတွေ ရှိတယ်။ အဲဒါက မဂ်ဖိုလ်နိဗ္ဗာန်လမ်းကြောင်းနဲ့ တလွဲစီဖြစ်နေတော့ အဲဒီဘက်ကို စိတ်မရောက်နိုင် ဖြစ်နေပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ရေး ကျင့်တယ်ဆိုတာက ကိုယ် တဦးတည်းအကျိုးအတွက်ပါ ဘုရား၊ အဲဒါကို ဇောက်ချလုပ်နေရင် တပည့်တော်

လုပ်ချင်သေးတဲ့ အများအကျိုး ဇောက်ချ လုပ်နိုင်မှာ မဟုတ် ပါဘူး ဘုရား။ အများအကျိုးဘက် စိတ်ရောက်နေသမျှလဲ ကိုယ်ကျိုး သက်သက်ဖြစ်တဲ့ နိဗ္ဗာန်သွားရေးကို ကျင့်သုံးနိုင်မှာမဟုတ် ပါဘူးဘုရား။

'ဒါ့ပြင့် ဝိပဿနာတရားကိုတိတိကျကျ ဒီလောက်ကြီး စစ်စစ်ဆေးဆေး ဘာလို့လုပ်နေရသလဲဆိုရင် ကိုယ်လုပ်တဲ့ အလုပ်ဟာ တနေ့ လူများတကာလဲ့ ဆရာလုပ်သင့်ရင် လုပ်ရ၊ ပြသင့်ရင် ပြရ၊ ညွှန်ကြားရမှာ ဖြစ်တော့ ကိုယ်လုပ်တဲ့ အလုပ်ဟာ အလွဲအမှား မဖြစ်ပဲ၊ မှန်မှန်ကန်ကန် တိတိကျကျ ဗုဒ္ဓဝါဒနဲ့ ကိုက်ညီဘို့ အလွန်အရေးကြီးတယ် ယူဆတာနဲ့ စစ်စစ်ဆေးဆေး နှိုင်းနှိုင်းချိန်ချိန် လုပ်ရတာပါ ဘုရား၊ ကိုယ်မှားတာက ဒီလောက် အရေးမကြီးလှဘူး၊ ကိုယ်တယောက်လောက်ပဲခံရမှာ။ ကိုယ်နဲ့ ပတ်သက်ပြီး လူပေါင်းမြောက်များစွာပါ မှားသွားကြရင် မလွယ်ဘူး ဘုရား'

ကျွန်ုပ်၏ သဘောထားကို ရှည်လျားစွာ လျှောက်မိတော့သည်။ သူ သဘောကျ မကျတော့ မသိပေ။ တစုံတရာ ပြန်မပြောတော့ပဲ ငြိမ်သက်လေးနက်စွာ စဉ်းစားလေတော့သည်။ အတော်လေးကြာမှ သူသည် 'သမ္မာသမ္ဗုဒ္ဓ ဘုရားဆုကို ပန်ထားသူ ဖြစ်သည်'ဟူ၍ ဆိုလေသည်။

ဤလိုနှင့် တရက်ပြီးတရက် ကုန်လာခဲ့ပြန်လေသည်။ တလ ပြည့်ရန် ၇ ရက်မျှသာ လိုတော့သည်။ တော်ပေသေးသည်။ ကျွန်ုပ် ပရိဝုတ် ဆောက်တည်နေစဉ်က ဘာမှ မဖြစ်ခဲ့၍ တော်ပေသေးသည်။ ယခု ကောက်ခါငင်ခါ မလှုပ်နိုင် မယှက်နိုင်

အောင် ဗျာဓိ နှိပ်စက်မှုကို ခံစားရလျက် ရှိနေပေပြီ။ ထိုကဲ့သို့ ဖြစ်လာရန် အကြောင်း ဖန်တီးလာပုံမှာ

ရာသီဥတု အကူးအပြောင်းတွင် ဖြစ်တတ်သော သဘောအတိုင်း၊ မိုးအကုန်၊ ဆောင်းအကူး၊ တန်ဆောင်မုန်းလ၊ အအေးဓာတ် လွှန်ကဲလာရာ ညနေဘက်သို့ ရောက်တိုင်း စိမ့်၍ စိမ့်၍ တက်လာသည်။ အအေးဒါဏ်ကို ကြောက်ရွံ့သူပီပီ၊ အအေးဒါဏ်ကို ခံစားရသည်။ တကိုယ်လုံး ညောင်းညာ ကိုက်ခဲ တောင့်တင်းလာသည်။ နေမကောင်းချင် ဖြစ်လာသည်။ ဦးကေလာသက တတ်နိုင်သမျှ နှင်းပေး၊ နှိပ်ပေး၊ ချိုးပေးပါသည်။ ဒါလည်း မရပေ၊ သို့နှင့် သူက ဆိုလာသည်မှာ

'ဦးပဥ္စင်း ခဲပေါင်းရေကြည် သောက်မလား၊ အသက် ၇၀ ကျော် ဒကာကြီး တဦးဆီမှာ ရှိတယ်။ သူ့အသက် ၇၀ ကျော် အထိ ကျန်းကျန်းမာမာ ဖြစ်နေတာဟာ အဲဒီ ခဲပေါင်းရေကြည်ကို စွဲသောက်လာလို့ပဲ။ အကိုက်အခဲ အညောင်းအညာ တွေလဲ ပျောက်တယ်၊ ဒါပေမဲ့ အဝင် ဆိုးတယ်၊ ပြီး သူ့ သောက်လိုက်ရင် မူးတယ်။ သူမူးတာ တမျိုးကြီးပဲ၊ အရက်မူး သလိုတော့ မဟုတ်ဘူး'

'အို၊ ချဉ်ချဉ် တူးတူး မူးမူး အညောင်း အကိုက်အခဲ ပျောက်ရင် ပြီးတာပဲ၊ သောက်မယ်'

အညောင်းအကိုက် ဝေဒနာ ခံစားရသည်မှာမသက်သာပေ။ ပျောက်ချင်ဇောနှင့် လွယ်လွယ်ကူကူ ပြောလိုက်မိသည်။ ဦးကေလာသက လဘက်ရည်ပန်းကန်တလုံး အပြည့် ယူလာသည်။ ကျွန်ုပ် အကုန်လုံး မော့ချလိုက်သည်။ ခါးလိုက်သည် ဖြစ်ခြင်း။

ည ၇ နာရီ ကျော်ကျော် လောက်က သောက်သော ခေါင်းရေကြည်သည် ၉ နာရီ ကျော်ကျော်လောက်တွင် စ၍ အစွမ်းသတ္တိပြလေတော့သည်။ မူးဝေ ထိုင်းမှိုင်းလာသည်။ ဦးခေါင်းတွင် ထူပူ ထိုးကျင်သော ဝေဒနာကို ပြင်းထန်စွာ ခံစားလာရသည်။

တကိုယ်လုံး ထုထောင်း ရိုက်နှက်ထားသကဲ့သို့ မလှုပ်နိုင် မရှားနိုင်အောင် ဖြစ်ရသည်။ ပက်လက်အိပ်ရင်းမှ ဟိုဘက် ဒီဘက်ပင် မနဲကြိုးစား စောင်းယူရသည်။ ခြေထောက်နှင့် လက် တို့မှ အကြောတို့သည် တန့်ကနဲ တန့်ကနဲ အကြောဆွဲသည်။ ဇက်ကြောကလည်း ခါထွက်နေအောင် အကြောဆွဲသည်။

တညလုံး ထိုကဲ့သို့ ဒုက္ခဝေဒနာကို ပြင်းထန်စွာ အလူးအလိမ့် ခံစားနေရပြီး မိုးလင်းသော် မထနိုင်တော့ပေ။ အိပ်ယာထက် တွင် ဘုံးဘုံးလဲတော့သည်။ အကြောဆွဲ ရောဂါ ပျောက်သွား သော်လည်း ဦးခေါင်းထူမရလောက်အောင် ဦးခေါင်းမှာ လေး လံနာကျင် ကိုက်ခဲနေသော ရောဂါ ကျန်ရစ်ခဲ့သည်။

'ဦးနိပုဏ အတော်နေမကောင်း ဖြစ်နေသလား၊ ခု ဘယ့် နှယ်နေသလဲ' ယာဂုံသောက်ထာ မတွေ့ရ၍ ထင်သည်။ ဆရာ တော်ကိုယ်တိုင် လာရောက် သတင်းမေးသည်။ 'မှန်ပါ့ဘုရား၊ တပည့်တော် ဘယ်လိုဖြစ်မှန်း မသိဘူး။ ခေါင်းထောင်လို့ မရ အောင် ဖြစ်နေရပါတယ် ဘုရား'

ဆရာတော်က နဖူးကို လက်နှင့် စမ်းကြည့်သည်။ 'သိပ်ကိုစ္စ မရှိပါဘူး၊ ကိုယ် နည်းနည်း ပူနေတယ်၊ နေ့သည်ကြတော့ အေ-ဘီ-စီနဲ့ ချွေးထုတ်ဆေးနဲ့ စပ်ပြီး ချွေးထုတ်ကြည့်သေးတာ

ပေါ့၊ ဘာ စားချင်လဲ။ စားချင်တာ ပြောပါ။ နေ့လည်ဆံပြုတ် သောက်မလား’ဆရာတော်က ကြင်နာစွာ မေးနေသည်။ ‘တပည့်တော် ဘာမှ စားချင်စိတ် မရှိပါဘူးဘုရား’‘ကိစ္စမရှိပါဘူး၊ သိပ်ပြီး စိုးရိမ်မနေပါနဲ့၊ ဦးနိပုဏ မကြာခင်ပျောက်သွားမှာပါ’ဟူ၍ အားပေး ပြောဆိုကာ ဆရာတော် ပြန်ကြွသွားသည်။

ဆရာတော် ပြန်ကြွအပြီး ဦးဥာဏ၊ ဦးကောသိတ၊ ဦးကေလာသ စသော သီတင်းသုံးဖော် တို့ကလည်း အူယားဖားယား လာရောက် မေးမြန်းကြပေသည်။

နေ့လည်တွင် ကျွန်ုပ်က ဘာမှ မစားချင်ဘူး ဟူ၍ ဆိုလိုက်သည် တောင် မရပေ၊ စားစရာသောက်စရာများကို ဒကာတဦး ဘန်းနှင့်ထည့်၍ လာပို့ရာသည်။ ဆရာတော်က ဇပို့ခိုင်း၍ဟု ဆိုသည်။ ထမင်း အနည်းငယ်နှင့် ငါးကြော်၊ ပုဇွန်ကြော်၊ ပဲသီးကြော်၊ ဟင်းချို ပူပူနွေးနွေး၊ကော်ဖီ ပူပူနွေးနွေး၊ ပေါင်မုံ့၊ လဘက်ရည်ကြမ်း လာပို့သည်။ ကော်ဖီတခွက်နှင့် ပေါင်မုံ့ အနည်းငယ် လဘက်ရည်ကြမ်းတခွက်နှင့် ငါးကြော် အနည်းငယ်စားပြီး ပြန်ယူသွားခိုင်းလိုက်သည်။ ချွေးအနည်းငယ်ထွက်သွားတော့ သက်သာသလို ရှိသွားသည်။

နေ့လည်တွင် အနေရထိုင်ရ ချောင်လည်အောင် ဆိုပြီး ကျောင်းကြီးကြီးတကျောင်းသို့ ပြောင်းရွှေ့ ပေးသည်။ ထိုကျောင်း၌ ကုဋီလည်း တွဲလျက် ရှိသည်။ ရေချိုးခန်းလည်း ရှိသည်။ အားလုံး လိုလေသေး မရှိအောင် အဆင် ပြေလှပေသည်။

နေ့ခင်းတွင် အော-ဘီ-စီနှင့် ချေးထုတ်ဆေးနှင့် စပ်၍ ချေးထုတ်ရသည်။ ချေး ထွက်သွား၍ အနည်းငယ် ပေါ့ပါး သက်သာသလို ရှိပေသည်။ သို့သော် ညနေပိုင်းမှ စ၍ ဒုက္ခဝေဒနာကို အလူးအလိမ့် အပြင်းအထန် ခံစားရတော့သည်။ တသက်တွင် ဤလောက် ပြင်းထန်သော ဝေဒနာကို တခါမျှ မခံစားရသေးဘူးပေ။

ဆရာတော်သည် ကျွန်ုပ်ထံ တနေ့ သုံးလေးကြိမ် လာ၍ ဂရုတစိုက် ယုယုယယ ကြင်ကြင်နာနာ သဘင်းမေးရှာပေသည်။ ပြီး အနားမှ ထိုင်၍ တတွတ်တွတ်လည်း သက်သာရာ သက်သာကြောင်း တရားစကား ဟောကြားနေပေသေးသည်။

'ဦးနိုပုဏ သိပ်ပြီး ဒုက္ခဝေဒနာပေါ် စိတ်စွဲလန်း မနေမိစေနဲ့၊ ဝေဒနာတခြား၊ ငါတခြား၊ ဖြတ်တယ်ဆိုတာ ဆင်ခြင်ပွားများနိုင်သမျှ ဆင်ခြင်ပွားများ ပေးပါ။ တရား ခွမ္မပေါ်မှာ စိတ်ကို ကပ်နိုင်သမျှ ကပ်ထားပါ။ သက်သာလာပါလိမ့်မယ်'

ဆရာတော် ဩဝါဒက ကျွန်ုပ်၏ ပြင်းထန်သော ဝေဒနာကို အလူးအလိမ့် ခံစားနေရင်း ဘဝင်အေးမှုကို ရသွားစေသည်။ ကျွန်ုပ်လည်း တညီးညီး တငြူငြူ ညီးတွားနေမှုကို ရပ်တန့်လိုက်ပြီး ရုပ်တရား၏ ဖောက်ပြန်တတ်သော သဘော၊ အနတ္တသဘောကို ရှုဆင်ခြင်နိုင်သမျှ သတိကြီးစွာ ထားပြီး ဆင်ခြင်မိပါသည်။ ဆရာတော် မိန့်ကြားသကဲ့သို့ပင် သက်သာမှု ရသာသည်။

ကျွန်ုပ် မျက်စေ့ကို မှိတ်၍ ကြိုးကြိုးစားစား ငြိမ်သက်နေမိတော့သည်။ ထိုသည်ကြားမှ တချီတချီ ထိုးထိုးပြီး ကိုက်ခဲ ကျင်

နာသော ဝေဒနာ ဆောင့်တက်လာသေးသည်။ ကျွန်ုပ် မအော်မိ မျက်နှာ မရှုံ့တွမိအောင် ကြိုးစားကြိတ်မှိတ်နေသည်။ ဆရာတော်ကား ကျွန်ုပ် အိပ်စက်သွားပြီအထင်နှင့် ပြန်ကြွသွားတော့သည်။ သူပြန်ကြွသွား၍ အတန်ကြာတွင် ဒုက္ခဝေဒနာ ပြင်းထန်လာပြန်သည်မို့ ကျွန်ုပ် ရှောက်ကဲ့သို့ညီးတွားမိတော့သည်။ နောက်နေ့ ညနေပိုင်းတွင် စစ်ဆေးရုံတွင် တာဝန် ထမ်းဆောင်နေသော ဆရာဝန်တဦးကို ခေါ် ကုသခိုင်းသည်။

ဆေးတလုံး ထိုးပြီး၍ ၅ မိနစ်အကြာတွင် စောစောက မချိမဆန့် အလူးအလှိမ့် ခံစားနေရသော ဝေဒနာသည် ယူပစ်သလို ပျောက်ကင်းသွားပြီး ချက်ခြင်း သက်သာမှု ရသွားတော့သည်။ ကျွန်ုပ် ငေါက်ကနဲ ထထိုင်ပြီး အနီးရှိ ဦးကောသိတ၊ ဦးကောလာသတို့နှင့် အားရပါးရ စကားပြောမိလေတော့သည်။

'ကိုယ်တော်ရေတပည့်တော် တော်တော် သံဝေဂ ဖြစ်မိတယ် သိလား၊ ခုလို ဗျာဓိ နှိပ်စက်မှုကို အလူးအလှိမ့် ခံစားရတော့ ဗုဒ္ဓရဲ့ တရားဓမ္မတွေကိုပိုပြီး ယုံကြည်အားကိုးလာတယ်။ ခုလိုဆိုတော့ ဒုက္ခကို ခတ်မျက်မျက် ခံစားရမှ ဗုဒ္ဓရဲ့ တရားဓမ္မကအသုံးဝင်သလို ဖြစ်နေတယ်။ အမှန်လဲ ဒီသဘောဟာ ဟုတ်နေတယ်။ ဗုဒ္ဓရဲ့ တရားဓမ္မက ဒုက္ခရောက်နေသူနဲ့ ဒုက္ခရောက်မည့်သူတွေကို ကယ်တင်ဘို့ရာအတွက်ပဲ မဟုတ်လား လူဖြစ်လာရင် ဒုက္ခမရောက်သူတွေရယ်လို့ ရှိမယ်မဟုတ်ဘူး။ ဗုဒ္ဓကလဲ နတ္တိခန္ဓာသ သမား ဒုက္ခာ၊ ခန္ဓာငါးပါးနဲ့ တူတဲ့ ဆင်းရဲမျိုး မရှိဘူးလို့ ဟောထားတာပဲ။ ဒါပေမဲ့ လူတွေဟာ ဒုက္ခကြားထဲမှာနေပြီး အနည်းငယ် သက်သာမှု ရနေတယ်ဆိုရင် ဗုဒ္ဓရဲ့ တရားကို မေ့နေကြတာပဲ။

လူ့စည်းစိမ်လေးကို ခတ်မျက်မျက်ကလေး ခံစားနေနိုင်သူတွေ အဖို့ ဆိုရင်တော့ ပြောစရာ မလိုတော့ဘူးပေါ့။ လူပုဂ္ဂိုလ်တွေ အနေနဲ့ အဲဒီလိုဖြစ်ကြသော်လဲ တပည့်တော်တို့ ကိုယ်တော် တို့ဟာ အဲဒီလိုမဖြစ်ဘို့လိုတယ်'

အစချီ၍ ရှည်လျားစွာ ပြောမိနေတော့သည်။ တနာရီနီး ပါးနေ့ပြောမိသည်ဆိုလျှင် ရွှေဥမင်ဆရာတော်ရောက်ရှိလာပြန် သည်။ ကျွန်ုပ်ထိုင်ပြီး စကားပြောနိုင်သည်ကို တွေ့မြင်ရသည် ဟုဆိုလျှင် ဆရာတော် မျက်နှာမှာလည်း ရွှင်ရွှင်ပြုပြု ဖြစ် လာပြီး

'ကြည့်စမ်း၊ ကြည့်စမ်း။ လူမမာက ထိုင်တဲ့ပြီးစကားတောင် ပြောနေပါပြီလား။ စောစောကတော့ မျက်နှာလေး မဲညစ် နေတာပဲ။ ခုတော့လဲ ကြည်လင်နေတယ်' ဆရာတော်က ပြုံးပြုံး ရွှင်ရွှင် ဝမ်းပမ်းတသာ ဆိုလေသည်။ 'ဟာ၊ ဆရာတော်၊ လူ မမာက ဆေးတလုံးဝင်သွားတယ်ဆို ထထိုင်ပြီး တရားဟော တော့တာဘဲ။ သူ့ခမြာ ဘယ်လောက် ဘယ်ရွေ့ အောင့်ထား ရတယ် မသိဘူး' ဦးဃောသိတ ရီပြုံးပြုံးလုပ်၍ လျှောက်တင် သည် ဆိုလျှင် ဆရာတော်လည်း ပြုံးရွှင်ပြီး

'ဟုတ်လား။ ဘာတရားတွေများ ဟောလဲ။ တပည့်တော် ကိုလဲ ဟောစမ်းပါအုံး' စသည်ဖြင့် ရယ်ရယ်မောမော ပြောဆို ပြီး ပြန်ကြွသွားလေသည်။ ထိုညက တညလုံး သက်သာမှု ရရှိ တော့သည်။ နောက်တနေ့တွင် ကျောင်းအမသည် ဒကာမ တယောက် အဖော်ခေါ်လာပြီး ရောက်ရှိလာသည်။

'အရှင်ဘုရား၊ အတော် သက်သာမှုရပါရဲ့လားဘုရား။ အခွင့်ကြုံတုန်း တပည့်တော်တို့ တတ်အားသမျှ ပြုစုပါရစေ။ လိုတာပြောပါ။ အားမနာပါနဲ့ဘုရား။ အရှင်ဘုရား ဒီနေ့ ဘာဘုန်းပေးချင်လဲ။ ကြက်သားဆံပြုတ်၊ ငါးဆံပြုတ်၊ ပုဇွန်ဆံပြုတ်၊ ဘုန်းပေးချင်တာ ပြောပါဘုရား'

စသည်ဖြင့် သာယာဘွယ်၊ နှစ်ခြိုက်ဘွယ်၊ ကြည်နူးဘွယ် စကားများကို ပြောဆိုပြီး ပြန်သွားလေသည်။ ကျောင်းတွင် အစစ လိုလေသေးမရှိအောင် ပြုလုပ် ဖန်တီးနေသည်မှာ ထိုကျောင်းအမပင်ဖြစ်သည်။ ရွှေဥမင်ဆရာတော်၏ နည်းနာနိဿယ အဆုံးအမ ဩဝါဒကို ကောင်းစွာ ရရှိထားသူပီပီ လှူရေးတန်းရေး ဆက်ဆံရေးတို့၌ အလွန် ယဉ်ကျေးသိမ်မွေ့လှသည်။ စေတနာ သဒ္ဓါတရား ရိုးသားဖြူစင် ဖြောင့်မတ်လှသည်။ တခါတခါ သံဃာများ တန်း ဆွမ်းခံကြွနေတုန်း မိုးမိပြီဆိုလျှင် ကျောင်းအမက ဆွမ်းစားကျောင်းတွင် ကော်ဖီပူပူ အသင့်ဖျော်ထားသည်။ အအေးမိလျှင် သောက်ရသောဆေးကို အဆင်သင့် ပြင်ထားသည်။ သံဃာတော်များ ဆွမ်းခံပြန်၍ ရောက်လာသည်ဟု ဆိုလျှင် သူက လက်အုပ်ချီဆီးကြိုလျက်

'အရှင်ဘုရား။ တပည့်တော် ကော်ဖီ ဖျော်ထားပါတယ်ဘုရား။ အရှင်ဘုရားတို့ မိုးမိလာတယ်။ ဖျားနာကုန်အုံးမယ်ဘုရား။ သင်္ကန်းပါ လဲပြီးရင် ကော်ဖီပူပူလေး သောက်လိုက်ပါဘုရား။ ချမ်းစိမ့်စိမ့်နေရင်ဆေးလေးပါသောက်လိုက်ပါဘုရား ဆွမ်းစားကျောင်း လာသောက်မလားဘုရား။ အရှင်ဘုရားတို့ဆီ ပို့ပေးရမလား ဘုရား'

လိုက်လှဲပြုံးငှာ ချိုသာသောစကားကို ဆိုသည်။ ဆရာကောင်းတပည့် ဒကာမပီသပါပေသည်။ ဗုဒ္ဓ၏ သမီးတော် ပီသပါပေသည်။ ဗုဒ္ဓသက်ထက်က ဝိသာခါ ကျောင်းအမတို့သည်လည်း ဤကဲ့သို့ နေမှာပဲဟူ၍ ကျွန်ုပ် တွေးတော စဉ်းစားမိသည်။ နေ့လည်ပိုင်းတွင် ကျွန်ုပ်အား ပူဇွန်ဆံပြုတ်နှင့် ကြက်ဆွဲဘ်ပြုတ် လာပို့သည်။ သောက်လို့ ကောင်းလှပေသည်။ စေတနာသဒ္ဒါတရားသန့်ရှင်းကြည်လင်သောပြုစုမှုသည်အဘယ်မှာ မကောင်းပဲ ရှိလေမည်နည်း။

နံနက်နှင့် နေ့လည်ပိုင်းတွင် ရောဂါမှာ သက်သာ နေသလောက် ညနေပိုင်းသို့ ရောက်လာလျှင် ဖောက်ပြန်ပြင်းထန်လာပြန်သည်။ တခေါင်းလုံး ပျားအုံတွေ ဝိုင်းအုံဆိုးဘိသကဲ့သို့ နာကျင်ကိုက်ခဲလာသည်။ တကိုယ်လုံး မလှုပ်ရှားနိုင်အောင် အခံရ ဆိုးလှဘိသည်။

ဆရာဝန်လာ၍ ဆေးတလုံးထိုးသွားလေလျှင် သက်သာမှုရသွားပြန်သည်။ သို့သော် တနာရီခန့် အကြာတွင် ပြန်၍ ရောဂါ ဖောက်လာပြန်သည်။ အပြင်းအထန် အလူးအလှိမ့် ခံရပြန်သည်။ မခံချဆန့် ဒုက္ခဝေဒနာကို တလူးလူးတလွန့်လွန့် ခံစားလာရသည်မှာ သုံးရက်ရှိသွားပေပြီ။ ဤရောဂါကား ရှေ့ကိုမည်မျှ ဆက်၍ ဒုက္ခပေးနေဦးမည်နည်း။ ကိုယ့်အတွက်နှင့် ဘေးလူတွေကို မည်မျှ ဒုက္ခပေးလေဦးမည်နည်း။ ဆရာတော်ကိုရော၊ ကျောင်းအမကိုရော။ ဝိုင်းဝန်းပြုစုနေကြသူ သီတင်းသုံးဘော်တွေကိုရော များစွာ အားနာလာမိသည်။ ကျွန်ုပ်ဘဝတသက်ဘွင် ဆရာတော် ဦးကောသလ္လကဲ့သို့ သန့်ရှင်းကြည်လင်

သော မေတ္တာကရုဏာ ပြည့်ဝစွာဖြင့် ငွဲညှာ ထောက်ထား ပြုစု ယုယ ကြင်နာမှုကို တခါဘူးမှ မခံဘူးခဲ့ချေ။ ဤမျှလောက် ဖခင်၏ကြင်နာယုယမှုမျိုးကိုလည်းမခံခဲ့ဘူးချေ။ မိခင်၏ ကြင်နာယုယမှုကိုလည်း ခံနိုင်ရန် အခြေအနေ မပေးခဲ့ချေ။ ညီမ အဖေတို့၏ ကြင်နာယုယမှုကိုလည်း ခံနိုင်ခွင့် မကြုံခဲ့ချေ။ ဘယ်ဆွေမျိုး ညာတကာ တဦးတယောက် ကြင်နာယုယမှုကိုမှ မခံစားခဲ့ဘူးချေ။ ပြီးလျှင် ငယ်ဆရာ၊ ကြီးဆရာတို့နှင့်တကွ မိတ်ဆွေသင်္ဂဟ အပေါင်းတို့၏ ကြင်နာယုယမှုကိုလည်း မခံစားခဲ့ဘူးချေ။ ကျွန်ုပ်ရင်၌ တစ်ဆို့ကြီးဖြစ်လာသည်။ ဘာကြောင့်ရယ်မသိ။ တလှိုက်လှိုက် ဖြစ်လာပြီး ဝမ်းနည်းလာသည်။ ဆရာတော် ဦးကောသလ္လအား ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်မိသည်နှင့်အတူ မျှားစွာ အားနာလာသည်။

'ဦးကောသိတ၊ နက်ဖြန်ကျတော့ တပည့်တော်ကို ကမ္ဘာေသံဃာ့ဆေးရုံ ပို့ပေးပါ။ တပည့်တော်ရောဂါ တော်တော်နဲ့ပျောက်လိမ့်မယ် မဟုတ်ဘူး။ ဆေးရုံမှာဆို ပိုပြီး ကောင်းလေ့မယ် ထင်တယ်'

အနီးရှိ ဦးကောသိတအား၊ ဆေးရုံတက်ရန် အကြောင်း ပြောဆိုမိသည်။ ဆေးရုံမှာဆိုလျှင် မည်သူမှ အားနာစရာ မရှိကြောင်း ယူဆမိတော့သည်။ ဦးကောသိတကတော့ ဘာမှ ပြန်မပြောပေ။ ခတ်တွေတွေ စဉ်းစားနေလေသည်။ ကျွန်ုပ်၏ စိတ်ထဲ၌ နက်ဖန်ခါတော့ ဆေးရုံပဲ တက်တော့မည် ဟူ၍ ဆုံးဖြတ်ပြီးလျှင် ရုပ်တို့၏ ဖောက်ပြန်တတ်ပုံ သဘောနှင့် အစိုး

မရတဲ့ အနတ္တသဘောတွေကိုသာ အထပ်ထပ် ရှုပွားနေမိတော့သည်။

ဆရာတော်၏ ဩဝါဒအတိုင်းဝေဒနာတခြား ငါတခြား၊ ဖြစ်အောင် သတိအသိနဲ့ ကပ်ပြီး ကြိုးစားပန်းစား ဆင်ခြင်ရှုပွားရင်း၊ ကျွန်ုပ် ထိုတနေ့အတွက် အိပ်ပျော်မှု ရသွားတော့သည်။ နံနက် မိုးလင်း၍ သံဃာတွေ ဆွမ်းခံသွားချိန်တွင် ဆရာတော် ဦးကောသလ္လ ကျွန်ုပ်ဆီသို့ ရောက်ရှိလာပြန်သည်။

'နိပုဏ၊ ဆေးရုံတက်ချင်တယ်ဆို ဘာပြုလို့လဲ၊ ဦးပဉ္ဇင်းကို ဒီမှာလဲ တတ်နိုင်သမျှ ပြုစုနေကြသားပဲ။ ဆေးရုံမှာဆိုဦးပဉ္ဇင်းကို ပြုစုမည့်သူ ရှိမှာမဟုတ်ဘူး၊ ဒီမှာထက် ဆေးရုံက ပိုမသာပါဘူး။ အေးလေ ဘာဘဲဖြစ်ဖြစ် ဒီနေ့တနေ့တော့ အခြေအနေ စောင့်ကြည့် သေးတာပေါ့၊ မသက်သာဘူးဆိုလဲ ပို့ပေးပါမယ်လေ'

ဆရာတော်၏ ကြင်နာယုယစွာ ပြောဆိုလာသော ထိုစကားသံက ကျွန်ုပ်စိတ်ကို များစွာ ထိခိုက်စေတော့သည်။ ကျွန်ုပ် ဘာမှ ပြန်မပြောမိတော့ပေ။ မျက်စေ့ကို မှိတ်၍ စိတ်ကို တင်းထားရသည်။ မဖြစ်ဘူး၊ ဤရောဂါ အမြန်ဆုံး ပျောက်တော့မှ ဖြစ်ချေတော့မည်ကို ချက်ခြင်း သိရှိလာသည်။

ဆရာတော်၏ မေတ္တာ ကရုဏာဖြင့် ဆိုလိုက်သော စကားသံသည် ကျွန်ုပ်၏ရောဂါကို တဝက်ဖယ်ခွာပစ်လိုက်နိုင်သည်ဟု ထင်သည်။ ဆရာတော် ပြန်ကြွသွားသည့်တိုင် ဆရာတော်၏ မေတ္တာ ကရုဏာ ရိပ်တို့သည် ကျွန်ုပ်အားလွှမ်းမိုးထားနိုင်သည်။ထိုသည့် မေတ္တာကရုဏာ ရိပ်ဖြင့် စောစောက လေးလံထိုင်းမှိုင်း နာ

ကျင်ကိုက်ခဲ့ပူလောင်သော ကျွန်ုပ်၏ ခန္ဓာကိုယ် တကိုယ်လုံး ပေါ့ပါးရွှင်လန်းလာသလို ဖြစ်သွားရသည်။

ကျွန်ုပ် ထ ထိုင်လိုက်သည်။ ခြေများကို လှုပ်ရှားလိုက်သည်။ ငါသည် ယခုအချိန်မှ စ၍ လူကောင်းပကတိ ဖြစ်ပြီ ဟူ၍ သတ်မှတ်လိုက်သည်။ တချက်တချက် ထိုးထိုးဆွလာသေးသော ဝေဒနာကို ကြိတ်မှိတ်ခံသည်။ လမ်းကို ကြိုးစား လျှောက်ကြည့်သည်။ အစဘွင်အခတော်လေး မောဟိုက်သည်။ မောဟိုက်သော် ခဏ နားကာ သည်းခံပြီး ကြိုးစား လမ်းလျှောက်ကြည့်သည်။ တဖြေးဖြေး လမ်းလျှောက်လာနိုင်သည်။ ကိုယ့်ခေါင်းကိုယ် ကိုင်ကြည့်သည်။ ဆံပင်မှာ ရှေလျားနေပြီ။ ယနေ့ ခေါင်းရိတ်မည်။ ရေချိုးမည် ဆုံးဖြတ်ချက် ချလိုက်သည်။

'ဟင်၊ လူမမာ ဘယ်လို ဖြစ်နေလဲ၊ လမ်းတွေ ဘာတွေ လျှောက်လို့ပါလား၊မနက်ကမှ တညည်းညည်းတငြူငြူ ဖြစ်နေသေးတယ်၊ ခု လမ်းလျှောက်နေပြီ'

ဦးကောသိတာ ဆွမ်းခံမှ ပြန်လာချင်း ကျွန်ုပ်ထံသို့ လှည့်ဝင်ကာ အံ့ဩစွာ ဆိုသည်။ ကျွန်ုပ်က တကယ်လူကောင်းပကတိ အတိုင်း မျက်နှာကို ပြုံးပြုံးရွှင်ရွှင် ထားပြီး

'ဟုတ်တယ်၊ ကိုယ်တော်ရေ၊ တပည့်တော် နေကောင်းသွားပြီ။ ညက ဆရာဝန် ထိုးပေးသွားတဲ့ ဆေးဟာ အတော်အစွမ်းထက်ပုံရတယ်။ ဒီမနက်ကျတော့ ရှင်းရှင်းကြီးပဲ ပျောက်သွားပြီ တပည့်တော် ဆံပင်တွေ ရှည်လှပြီ။ ခေါင်းသိပ်ယားဘယ်။ ခေါင်းရိတ်ပေးစမ်းပါ။ ပြီး တခါတည်း ရေချိုးလိုက်တော့မယ်'

'ကိုယ်တော်ဟာ မြန် မြန်လှချည်လား၊ ဖြစ်ပါ့မလား၊ တော်တော်ကြာ သေနေအုံးမယ် ကြည့်လဲလုပ်ပါအုံး'

ဦးကောသိတ အမှန်ပင် မျက်လုံးပြူးသွားပေသည်။

'ဖြစ်ပါတယ် ကိုယ်တော်ရာ၊ စိတ်သာချပါ၊ တပည့်တော် နေကောင်းသွားပါပြီ။ ကိုယ်တော် ရိတ်မှာသာ ရိတ်ပေးစမ်းပါ၊ ကိုယ်တော်ရိတ်မပေးလဲ တပည့်တော် တကယ်ရေချိုးတော့မှာ၊ ရေချိုးမှတော့ ခေါင်းပါရိတ်ရင် ပိုကောင်းတာပေါ့'

ဦးကောသိတ ဘာမှ ပြန်မပြောတော့ပေ။ ကျွန်ုပ် တကယ်ရေချိုးတော့မည်ကို သူကောင်းစွာ ရိပ်စားမိသွားလေပြီ။ သို့နှင့် ကျွန်ုပ် ထိုတနေ့တည်းပင် ခေါင်းလည်းရိတ်သည်။ ရေလည်း အားရပါးရ ချိုးပစ်လိုက်သည်။ ဆွမ်းကို ကျွန်ုပ်ထံသို့ ပို့မခိုင်းတော့ပဲ၊ ဆွမ်းစားကျောင်း လူများနည်းတူသွား၍ ဆွမ်းစားလိုက်သည်။

ပြီး နဂိုမူလနေသော ကျွန်ုပ်ကျောင်းသို့ ပြန်ပြောင်းရွှေ့လိုက်သည်။ မှန်ပါသည် ထိုနေ့မှစ၍ ကျွန်ုပ်၏ ရောဂါဝေဒနာသည် တစထက်တစ သက်သာပြီး လုံးဝ အရှင်း ပျောက်ကင်းသွားပေတော့သည်။

တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့သို့ရောက်ခဲ့ပြီ ဖြစ်သည်။ ကျွန်ုပ်ရည်မှန်းထားသော တလပြည့်ပေပြီ၊ သို့သော် အဖျားပျောက်တာ ယနေ့မှ ၄ရက်ပဲ ရှိသေးသည်။ စိတ်က ပြန်ရန် လောဆော်နေသော်လည်း၊ သိပ်ကောင်းမည် မဟုတ် ဟူ၍ တွက်ဆမိသည်။ နောက်ထပ် ၇ရက်တိုး၍ နေရန် ဆုံးဖြတ်လိုက်ရသည်။

ဤရက်များ အတောအတွင်း ဆရာတော် ဦးကောသလ္လ၏ စီမံပေးချက်အရ ဆရာတော် ဦးဝိစိတ္တသာရ၏ တိတ်ခွေတရားကို နာကြားရသည်။ မိုးကုတ် ဦးဝိမလ၏ တိတ်ခွေတရားကို နာကြားရသည်။

ဤကဲ့သို့ ဗုဒ္ဓဝါဒတရားမျိုးတွေကို ယခုကဲ့သို့ စိတ်အေးလက်အေးရှိချိန်တွင် နာကြားရ၍ အလွန်နှစ်သိမ့်ကြည်နူးမိသည်မှာ အမှန်ပင် ဖြစ်သည်။ ဆရာတော် ဦးဝိစိတ္တသာရ၏ ကထိန်တရားနှင့် ဆက်စပ်၍ တုဏ္ဍိလဇာတ်တော်နှင့် အနုမာနသုတ်ကို ဟောကြားရာတွင် အရက်သောက်ခြင်း၏ ဆိုးဝါးကြမ်းကြုတ်လှသော သဘောကို ရွံမုန်းဖွယ်၊ နှလုံးနာဖွယ်၊ ထိတ်လန့်တုန်လှုပ်ဖွယ်အဖြစ် ကြက်သီး တဖြန်းဖြန်း နာကြားရသည်။

တုဏ္ဍိလဇာတ်တော်တွင် မဟာတုဏ္ဍိလနှင့် စူဠတုဏ္ဍိလ ဝက်နှစ်ကောင်ကို မိမိသားသမီးအဖြစ် ကျွေးမွေးလာသော အမေအိုသည် မည်သူက လာ၍ဝယ်သည်ဖြစ်စေ၊ ‘မိဘတို့ မည်သည် မိမိသားသမီးကို ရောင်းစားရိုး ထုံးစံမရှိ’ဟူ၍ ပြောဆို လွှတ်လိုက်သည်ချည်း ဖြစ်သည်၊ တနေ့သောအခါတွင် ဝက်သတ်သမားတို့က အမေအိုအား အရက်ကို အတင်းတိုက်ခါ ‘ကျွန်တော်တို့အား အမေ့သား ၂ ကောင်ထဲက တကောင်ကို ရောင်းပါ’ဟု ဆိုလိုက်သောအခါ၌ အရက်မူးနေပြီ ဖြစ်သော အမေအိုက လွယ်ကူစွာပင် ဝက်သတ်သမားတို့၏ လက်ထဲသို့ မိမိ၏ သားငယ် ဝက်တကောင်ကို ထိုးအပ်နှံတော့သည်။ အရက်ကား အလွန်ကြောက်မက်ဖွယ် ကောင်းလှသည်။ တခါကလည်း မင်္ဂလာဒုံတွင် စစ်သားတဦးသည် အရက်တွေ မူးလာပြီး မိမိ၏

အလှန်ချစ်လှစွာသော သားလေးအား လည်ပင်းညှစ်၍ ရက်စက်စွာ သတ်ပစ်လိုက်သည်ဟု ဆိုသည်။

ရှေ့က ဘုရင်တပါးလည်း အရက် မူးလာပြီး မိမိရင်ခွင်တွင် ယုယစွာ ပွေ့ချီထားသော သားငယ်၏ ပေါင်ကို လှီးဖြတ်ခါ အမြီးလုပ် စားသည်။ အရက်မူး ပြေကာမှ ယူကြုံးမရ ဖြစ်တော့သည်ဟု ဆိုသည်။ ထိုအချိန်မှ စ၍ ရှင်း ပုဂ္ဂိုလ်တို့သည် အလွန် ထိတ်လန့်စွာ သံဝေဂ ဖြစ်သွားကြပြီး အရက် လုံးဝ မသောက်တော့ဟု ကြားနာရပေသည်။

အနမတဂ္ဂ သုတ်ကို ကြားနာ ရရာတွင် လူ ပုဂ္ဂိုလ်တို့သည် ပုထုဇဉ်အဖြစ်နှင့် အစမထင် သံသရာကစပြီး ကျင်လည်ခဲ့ရစဉ် အတွင်း ဝက်တွေ ဖြစ်ခဲ့ပြီး လူသားတို့၏ အစာအဟာရအဖြစ် သားသတ်ရုံတွင် လည်ပင်းဖြတ် ခံခဲ့ရတဲ့ သွေးတွေကို စုပုံထားမယ်ဆိုလျှင်ထိုဝက်ဘဝနှင့် လည်လှီးအသတ်ခံခဲ့ရတဲ့ သွေးတွေက မဟာသမုဒ္ဒရာ လေးစင်းမှာရှိတဲ့ ရေတွေထက် များကြောင်း ထို့အတူ နွားဘဝ၊ ကျွဲဘဝ၊ သူခိုး ဓားပြဘဝ၊ သူပုန်ဘဝ၊ မုဒိန်းမှုကျူးလွန်မိသူ ဘဝနှင့် လည်ပင်းဖြတ် အသတ်ခံ ရသော သွေးတွေက မဟာသမုဒ္ဒရာ လေးစင်းမှာရှိသော ရေတွေထက် များကြောင်း ကြားနာရပေသည်။

ထို့နောက် မိုးကုတ် ဆရာတော်၏ ဒုက္ခသစ္စာ တရားတော်ကို နာကြားရာ၌လည်း လူတွေဟာ ကိလေသာ သံယောဇဉ်နယ်မှာသာ ပျော်ပိုက်နေပြီး ယင်းအတွက် ချွေးတဒီးဒီးကျ နေ့မအား ညမအား စိတ်ပင်ပန်း ကိုယ်ပင်ပန်း လုပ်ကြတာတောင် မောဟ ကိလေသာ ကြီးမားနေသည့်အတွက် ဒုက္ခမှန်းမသိကြ၍ လူ့ဘဝ

ရလာတာ ဆုံးရှုံးနစ်နာမှုရှိကြောင်းစသည် နာကြားရသည်။ ထို တရားမျိုးတွေကို နာကြားရတော့ ကျွန်ုပ်မှာ ပို၍ သံဝေဂတရား အထပ်ထပ် ဖြစ်မိတော့သည်။

တရားဟောလေသူထိုပုဂ္ဂိုလ်တို့အားလည်း လေးစားကြည်ညို မဆုံး ဖြစ်မိတော့သည်။ စိတ်နှင့်လည်း အကြိမ်ကြိမ် ဦးညွှတ် ရှိခိုးကန်တော့မိသည်။ နှုတ်ဖြင့်လည်း 'ဆရာတော် ဦးဝိစိတ္တသရ သက်တော်ရာကျော် ရှည်ပါစေ၊ သာသနာ ပြုနိုင်ပါစေ' ဟူ၍ လည်း အထပ်ထပ် မေတ္တာပို့ ရေရွတ်မိသည်မှာတော့ အမှန်ပင် ဖြစ်သည်။

ထိုနောက် ဆရာတော် ဦးကောသလ္လက ကျွန်ုပ်အား အကျိုး ရှိရာရှိကြောင်း စာပေတွေကို ဖတ်ခိုင်းသည်။ ကျွန်ုပ်တင်မဟုတ် ကျောင်းရှိ သံဃာတော် အားလုံးကို ဖတ်ခိုင်းခြင်း ဖြစ်သည်။ ထိုစာအုပ်များမှာ ပါရဂူ မြန်မာပြန်ဆိုသော 'ဗုဒ္ဓ ဒိုင်ယာလော် ညီတော်မင်းနန်၊ နိဗ္ဗာန်' စာအုပ်များပင် ဖြစ်တော့သည်။ ထို စာသုံးအုပ်ကို ကျွန်ုပ်တို့အား ဖတ်ခိုင်းရုံတွင် မဟုတ် အပြီးတိုင် လှူဒါန်းခြင်း ဖြစ်ပေသည်။

ကျွန်ုပ်မှာ ထို စာသုံးအုပ်လုံးကိုပင် အလွန် သဘောကျ နှစ်ခြိုက်မိပေသည်။ ယခုလို အချိန်အခါမျိုး၌ ထို စာအုပ်တွေကို ဖတ်ရခြင်းအားဖြင့် ကျွန်ုပ်၏ ကိစ္စတွင် ပို၍ အကျိုး ပြုသထက် ပြုပေးသလို ရှိစေတော့သည်။ ကျွန်ုပ်၏ ဘဝ တခုလုံးအတွက် ကျွန်ုပ်၏ ရည်ရွယ်ချက် လုပ်ငန်းတွေကို ပို၍ လေးနက်စေသည်။ ခိုင်မြဲစေသည်။ ပို၍ အဓိပ္ပာယ် အနှစ်သာရရှိလာစေတော့သည်။

တန်ဘိုးမဖြတ်နိုင်သော အသိတရားတွေကို တဆင့်ပြီးတဆင့်စီ တိုးတက် ရရှိလာခြင်းပင် ဖြစ်တော့သည်။

ထိုတွင်မက ဗုဒ္ဓ၏ ထိုထို ပိဋကတ် မြန်မာပြန်များကို ဖတ်ရှုရခြင်းဖြင့် ကျွန်ုပ်ကိုယ်တိုင် ဗုဒ္ဓနှင့် တွေ့ကြုံနေရသကဲ့သို့ ဗုဒ္ဓအပေါ် ကြည်ညိုမဆုံး၊ လေးစားမဆုံး၊ အားထားမဆုံး ဖြစ်မိတော့သည်။ ဗုဒ္ဓဝါဒတရားဓမ္မအပေါ် ပိုမို ယုံကြည်သက်ဝင်အားကိုးလာမိတော့သည်။

ဆရာတော် ဦးကောသလ္လ၏ ကျေးဇူးကား ကျွန်ုပ်အပေါ်ကြီးမားလျက် ရှိနေပေပြီ။ ဤကျေးဇူးတော်တွေကို ကျွန်ုပ်အဘယ်သို့ ဆပ်နိုင်စွမ်း ရှိရပေမည်နည်း။

ဤကနေ ကျွန်ုပ်ရည်မှန်းထားသော တလနှင့် (၇) ရက်ပြည့်ပေပြီ။ နက်ဖြန် တန်တောင်မုန်းလဆန်း (၈) ရက်နေ့တွင်ကျွန်ုပ်ဤကျောင်းတိုက်မှ ထွက်ခွာရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။

ကျွန်ုပ် ဆက်လက် ခရီးချီရမည့် သံလျင်တောရ နေရာသို့ စိတ်မှန်းနှင့် မျှော်မှန်းကြည့်သည်။ စား ဝတ် နေရေးသည် ဤကျောင်းနှင့် ဆီနှင့် ရေပမာ ကွာခြားမည်မှာ သေချာနေပေသည်။ ဤ ကျောင်းထက် အစားဆင်းရဲမှု၊ အဝတ်ဆင်းရဲမှု၊ အနေဆင်းရဲမှုကို များစွာ တွေ့ကြုံရပေမည်ကို ကျွန်ုပ် ရိပ်စားမိပြီး ဖြစ်သည်။ ဤဟာတွေ ဂရုစိုက်နေ၍ မဖြစ်တော့ပေ။ အခိုက်အတန့် ဆင်းရဲတာ ဆင်းရဲခံနိုင်ရမှာပေါ့ဟူ၍ စိတ်တင်းရသည်။ ဆရာတော်ကြီးအားလည်း သိတင်းကျွတ်လျှင် လာမည်ဟူ၍ ဂတိပေးပြီး ဖြစ်သည်။ မိမိလိုလားသော တရားဓမ္မကို ရလျှင် ပြီး စတမ်း သဘောထားရသည်။

ယင်းသို့ဖြင့် ဆရာတော်ကြီးဆီက ပြန်ခါနီးတွင် တောင်းယူလာခဲ့သော တရားရှုပွားပုံ ရှုပွားနည်း စာရွက်ကို ဖတ်ရှုကြည့်ရန် သတိရလာသည်။

## သံလျင်တောရ၌

## တရားရှုပွားပုံအကျဉ်းချုပ်

## ဝဏ္ဏလိသုတ်

၁။ တရားမှန်ကို (သမ္မပညာဖြင့်) မြင်နိုင်လျှင် တရားမှန်နှင့် ဘုရားမှန်ကိုပါ မြင်တော့သည်။

၂။ တရားမှားကို (သဒ္ဓါဖြင့်) အမှန်ဟု ထင်နေလျှင်တရားစစ်နှင့် ဘုရားစစ်ပါ ကွယ်တော့သည်။

၁။ ကာယာနုပဿနာအတွက် (ခေတုမနသိကာရပဗ္ဗလာ) ခေတ်ကြီး (၄) ပါးတို့ကို(ရုပ်ကမ္မဋ္ဌာန်း အဖြစ်ဖြင့်)ဦးစွာရှုပွားယူသည်။ ခေတ်အရ ပရမတ္တဓမ္မ၏ ပင်ရင်း မူလဖြစ်သော (သဘာဝ လက္ခဏာကို) အရှုခံ အာရုံအဖြစ် ထား၍ ဉာဏ်စဉ်ပေါ်လာအောင် ရှုပွားယူသည်။ ခေတ်ကြီးလေးပါးတွင် ကိစ္စကျယ်ပြန့်သော 'ဝါယောခေတ်ကို' ဦးစွာထားပြီးအသေးစိတ်ခွဲ၍ ရှုပွားသည်။ ၎င်း ခေတ်သုံးမျိုးနိုင်မှ အာပေါခေတ်ကို ရှုပွားယူသည်။ ယင်းလေးပါးနိုင်မှ ခေတ်လေးပါးအချင်းချင်း ၂ ပါးတွဲ

၃ ပါးတွဲ၊ ၄ ပါးတွဲ၊ ၅ ပါးတွဲ၊ ၆ ပါးတွဲ စသည်အပြန်အလှန် ရှုပွားယူသည်။

ဎင်းကိစ္စ စုနိုင်မှ ဣရိယာပထ ကာယနှင့် သမ္ပဇာန်ကာယ တို့ကို ဘုရားဟော ဣရိယာ ပထနည်း၊ သမ္ပဇာန်နည်းဖြင့် ဦးစွာ ရှုပွားသည်။ ထိုနောက် ဓာတုမနသိကာရ ပဗ္ဗနည်းဖြင့် အကြမ်း အနုခွဲ၍ ရှုကာ အရှုခံအာရုံ ခြားနားနေချက်ကို မှတ်ပြီး (ရူ-သံ-ဓာတု)သုံးမျိုးတို့ဖြင့် အဆင့်ဆင့်ခွဲခြားလျက် ရှုပွားယူ ပြန်သည်။ ထိုနောက် ဒွတ္တိံသကာယကို ဓာတုမနသိကာရ ပဗ္ဗနည်းဖြင့် လွယ်ကူစွာ ရှုပွားယူသည်။ ထိုနောက် အာနာပါန ကာယ ၄ မျိုးကို အနုပဿနာ ၄ မျိုးလာ ရှုနည်းစုံတို့ဖြင့် ယောဂီ၏ ဉာဏ်ခံအလိုက် အကျယ်ရှုပွားယူသည်။

အထူးသဖြင့်၊ နဝသိဝထိက ကာယကို အထက်မဂ်ဉာဏ်တို့ အတွက် အဇ္ဈတ္တ အသုဘအဖြစ်ဖြင့် ရှုပွားယူသည်။ (အင်္ဂုတ္တရသ သင်္ဂါရသုတ်အတိုင်း)

၂။ ထိုနောက် ဓမ္မာနုပဿနာအတွက် အာယတန ပဗ္ဗလာ 'မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ သိ'ဟူသော (ဗာဟိရအာယတန ခြောက်ပါးတို့ကို) အသေးစိတ် ရှုပွားယူသည်။ ဎင်းစုကို နိုင်မှ စက္ခုစသော အဇ္ဈတ္တိကာယတန ၆ ပါးတို့ကိုဎင်း၊ ထိုနောက် စိဉာဏ် ၆ ပါးတို့နှင့် တွဲ၍ ပေါ်လာသော ဓမ္မနှင့် အဓမ္မတို့ကို ဎင်း၊နီဝရဏ ပဗ္ဗလာ အဓမ္မစုကိုဎင်း၊ အရှုခံအာရုံအဖြစ် ထား၍ ရှုပွားကြသည်။

၃။ ထိုနောက် (ဝေဒနာနုပဿနာ)အတွက် (စက္ခုမန္တ ယောဂီ ဖြစ်လာသူ၌) သုခမရှိပုံ သိနိုင်အောင် ကာယိကသုခ

ဝေဒနာကို စတင်ရှုပွားရသည်။ ထိုနောက် (နာ၊ ကျင်၊ ကိုက်၊ ခဲ) စသော ကာယိက ဒုက္ခဝေဒနာကို ဘာဝနာဉာဏ်ကိစ္စ၌ တခြားစီဟု သိနိုင်ရုံ (အကြမ်းစား)အဖြစ်ဖြင့် (ရှုပွားစမ်းစေသည်)။ ထိုနောက် ရုပ်တခြား၊ ဝေဒနာတခြား၊ အသိတခြား၊ ငါတခြားဟု သိမြင်ရုံ ရှုပွားယူသည်။

အဓိကအားဖြင့် ဥပေက္ခာ ဝေဒနာအဆင့် ရောက်အောင် (ရှုပွားနည်းသည်) ဝါ-ဝိညာ တေဝိညာတမတ္တံအဆင့် ရောက်အောင် ရှုပွားနည်းသည်သာ ဝိပဿနာဉာဏ် လုပ်ငန်းဟု သိမြင်နိုင်ဘို့ရန် အရေးကြီးသည်။

၄။ ထိုနောက် စိတ္တာနုပဿနာအတွက် ရွှေပြေးစိတ်အစဉ်ကို(ဝါ) ရှေ့သွား ဇောစိတ်အစဉ်ကို အရှုခံအာရုံအဖြစ် ထား၍ ရှုပွားယူသည်။ ၎င်းစိတ္တာနုပဿနာ ဉာဏ်အာရုံ အားကောင်းလာချိန်တွင် (ရှေ့၌ တပိုင်းကျန်နေသေးသော)ဝေဒနာ ကိစ္စအတွက် စေတသိကသုခဝေဒနာနှင့် စေတသိက ဒုက္ခဝေဒနာတို့ကို ကြားညှပ် တွဲစပ်၍ ဝေဒနာနုပဿနာ (အနုစား)အဖြစ်ဖြင့် ရှုပွားယူကြသည်။

စသည် ရေးသားထားသည်ကို ယခုမှ သေချာစွာ ဖတ်မိတော့သည်။ ဘာပြီးလျှင် ဘာလုပ်မည်ဟူသော တိကျသော လမ်းစဉ် ရှိနှင့် နေသည်ဟူ၍ သတိပြုမိသည်။ ညဘက်တွင် ကျွန်ုပ် ခေါင်းမှင်းဘက် ကျောင်းတွင် နေသော ဦးဉာဏ်ဆီသို့ သွား၍ နက်ဖြန်ကာ သွားတော့မည် ဖြစ်ကြောင်း နှုတ်ဆက်စကား သွား၍ ဆိုသည်။ ဆက်လက်၍ သံလျင် တောရသို့ သွားမည် ဖြစ်ကြောင်း၊ ထိုကျောင်းတိုက်ဆရာတော်က ဗုဒ္ဓ၏ စာပေနှင့်

တိကျစွာ ညှိနိုင်းပြမည်။ သဘောကျမှ ထိုင်နိုင်သည်။ သဘော မကျလျှင် သူ့တရားကို ထိုင်စရာမလိုပေ။ ဟူ၍ ဆိုသဖြင့် သဘောကျကြောင်း သူ့အား ဖွင့်ဟပြောဆိုမိသည်။ သူကလည်း အကယ်၍ တရားထူးတွေ့လျှင် သူ့အားလည်း အကြောင်းကြား ပါ။ သူ့ဆရာဖြစ်သော လည်ဝန်ဆရာတော်ကလည်း သူ့အား သံလျင်တောရသို့ သွားရန် ညွှန်ကြားကြောင်း၊ ရန်ကုန်ရောက်မှ သံလျင်တောရသို့ မသွားမိပဲ၊ မဟာစည်သာသနာ့ရိပ်သာတွင် တဝါဆိုပြီး၊ ဒီတဝါ ယခု ဤရွှေဥမင်တောရတွင် ဆိုကြောင်း ပြန်လည် ပြောပြသည်။

တပည့်တော် ဒီကနေ သံလျင်တောရသို့ သွားကြောင်းကို ရွှေဥမင်ဆရာတော်အား မလျှောက်ပါနှင့်ဟူ၍သူ့အားနှုတ်ပိတ်ရ သည်။ အဘယ်ကြောင့်ဆိုသော် ဤမှာလည်း တရားတိုက်၊ ဟို မှာလည်း တရားတိုက်၊ ဤတရားတော့ ဘာပြုလို့လဲ စသော ပြဿနာတွေ ဝင်ရန် စိုးသည်ကတကြောင်း၊ ပြီး လွန်စွာ အား နာလှသည်က တကြောင်းမို့ ရွှေဥမင်ဆရာတော် သိသွားရန်ကို နှုတ်ပိတ်ရခြင်း ဖြစ်ပေသည်။

နက်ဖြန်နံနက် ရောက်သောအခါ၌ ရွှေဥမင်ဆရာတော်က နေ့ခင်းဆွမ်း စားပြီးမှ သွားပါဟု ဆိုသည်နှင့် နံနက်သွားရန် ဖျက်သိမ်းလိုက်ရသည်။ နေ့ ဆွမ်း စားပြီးတော့ သူ့အား ဝတ်သွားချလိုက်ပေသည်။ ဆရာတော်က'ဒါလေး မမှာရုံ ဘော မှာ သွားရေးပေးစမ်းပါဦး' ဆိုသည်နှင့် သွားရေးရမသေးသည်။

'မကောင်းတာကြံ၊ မမှန်တာလုပ်
မဟုတ်တာပြော၊ ဤသဘော
မှတ်လော လူမိုက်သား'

ကျွန်ုပ်က ထိုစာသုံးကြောင်းကို မြေဖြူဖြင့် ဘောမှာ ကြီးကြီး ရေးပြီး ပြန်လာခဲ့သည်။ ကျွန်ုပ်သည် ဤကျောင်းတိုက်မှ စတင် ထွက်ခွာတော့မည့်အနေဖြင့် ဆရာတော်အား ဝတ်ချလိုက်သည်။ ကျွန်ုပ်၏ရင်၌ ဆို့တက်လာသည်။ ဝမ်းနည်းစိတ်တဖွားဖွား ဖြစ်ပေါ်လာသည်။ 'ဆရာကောင်း၊ သမားကောင်း တဦးနှင့် ခွဲခွာရတော့ မှာပါတကား' စိတ်မကောင်းစွာ ညည်းတွားမိသည်။ ဝတ်ချအပြီး ဆရာတော် မျက်နှာတော်ကို မော်ဖူးမိသည်။ ဆရာတော် မျက်နှာတော်သည် ကျွန်ုပ်သာ စကကဲ့သို့ ကြည်လင် ရှင်ပြစွာ ဆီးကြိုသော မျက်နှာအနေအထားမျိုးကို မတွေ့ရပေ။ တည်ကြည်လေးနက်သော မျက်နှာထားများကို တွေ့ရသည်။ ယခုကဲ့သို့ ခွဲခွာကြသည့်အတွက် ကျွန်ုပ်လည်း များစွာ စိတ်မကောင်း ဖြစ်မိသလို ဆရာတော်လည်း ဖြစ်မိမှာတော့ သေချာပေသည်။ သို့သော် ဘဝသံသရာ ကျင်လည်ကြရာတွင် တဦးနှင့်တဦးသည် မမျှော်လင့်ဘဲ တွေ့ကြ၊ ဆုံကြ၊ ရင်းနှီးခင်မင်ကြပြီး နောက်ဆုံးတွင် လောကတံထွာ သဘောဓမ္မတာအရ ခွဲခွာသွားကြရစမြဲပင်ဖြစ်သည်။ ဤအချက်ကို ကျွန်ုပ် စောစီးစွာကပင် အသင့်အတင့် နှလုံးသွင်းထားပြီး ဖြစ်သည်။ ကျွန်ုပ်တောင် ထိုကဲ့သို့ နှလုံးသွင်းသည်ဆိုလျှင် ဆရာတော်မှာ ထိုထက် အဆပေါင်းများစွာ ပိုလွန် နှလုံးသွင်းမိမည်မှာ သေချာပေသည်။ အနတ္တသဘောပင် မဟုတ်ပါလော။

'ကောင်းပြီလေ။ ဦးနိပုဏ္ဏ သွားနိုင်ပါပြီ။ နောက်ကိုလဲ ဒီကို လာကောင်းပါတယ်။ တလတခေါက်၊ နှစ်လ တခေါက်ဆိုသလို ပဲ လာနိုင်ပါတယ်။ ဒီလို အကြာကြီး မနေနိုင်တောင် နှစ်ရက် တန်သည် သုံးရက်တန်သည် တရားအားထုတ်မယ်ဆိုလဲ ဖြစ်ပါ တယ်။ ဦးနိပုဏ္ဏတို့လို စိတ်သဘောထားကောင်းမွန်သူတွေနဲ့ တွေ့ ကြုံရတာ ဝမ်းသာပါတယ်'

ဆရာတော်ထံက နောက်ဆပ် စကားသံ မကြားရသောအခါ ၌ ကျွန်ုပ် ထလာမိတော့သည်။ ဒီကပြီးလျှင် ဘယ်သွားမလဲ၊ ဘယ်မှာနေမလဲ၊ စသည်ကို ဆရာတော် မမေးသည်ကိုပင် တော် ပေသေးရဲ့ဟူ၍ မှတ်ထင်ရသည်။ မေးလျှင် အဖြေရ ကြပ်နေပေ မည်။ ကျောင်းက ခြေတလှမ်းစီ၊ တလှမ်းစီခွာလာမိတိုင်း ကျွန်ုပ် ရင်မှာ အမျိုးအမည်မသိသော ဝေဒနာတို့ တိုး၍ တိုး၍ လာ နေသည်။

'ဦးပဥ္စင်း ဘယ်ကို ကြွမလဲဘုရား'

တကာတဦး နောက်က လိုက်လာကာ မေးသည်။

'ကျုပ် ရန်ကုန်ဘူတာကြီးကိုပဲ ကြွမယ်'

သူ ရန်ကုန်ဘူတာကြီးအတွက် လက်မှတ်တစောင် ဝယ်ပေး ပြီးလျှင် ထိုလက်မှတ်နှင့်အတူ

'ရော့ ဦးပဥ္စင်း၊ ဒါက ဦးပဥ္စင်း စရောက်တုံးက အပ်ထား တဲ့ ဝတ္ထု ၁၅၀/နဲ့ ၄၅ါး ဟုတ်သလား ဦးပဥ္စင်း။ ကျန်နေ သေးလား'

ကျွန်ုပ် ဘာမှ ပြန်မပြောမိပေ။ ခေါင်းငြိမ့်ပြလိုက်သည်။ ထိုဒကာလည်း သူ့ကိစ္စပြီး၍ ပြန်သွားတော့သည်။ ကျွန်ုပ်က

ထိုဝတ္ထုအတွက် ဆရာဝန်ခေါ်ကုတာနှင့် ကုန်လောက်ပြီ ဟူ၍ တွက်ထားမိသည်။ ယခု အားလုံး ပြန်ပေးသွားလေသည်။ ပြီးလျှင် ကျွန်ုပ်ထံတွင် ပေါပလင်သင်္ကန်းတစုံ ပါလာသေးသည်။ ထိုသင်္ကန်းမှာ ကထိန်ကရသော သင်္ကန်း ဖြစ်ပေသည်။ ဝါဆိုသံဃာများနည်းတူ ဆရာတော်က ကျွန်ုပ်အား ပေးလှူခြင်း ဖြစ်သည်။ ရန်ကုန်ဘုတာကြီးသွားမည့်ရထား လာနေပေပြီ။ ကျွန်ုပ်က ရွှေဥမင်တောရဆိုင်းဘုတ်ကို လှမ်းကြည့်မိသည်။ ကျွန်ုပ်အား ဝမ်းနည်းစွာ နှုတ်ဆက်နေသည်ဟု ထင်သည်။ တဒင်္ဂအားဖြင့် အအေးထဲမှ အပူထဲသို့ပြန်ထွက်လာမိခဲ့ပြန်ပေပြီ။ 'ငါသည် ရွှေဥမင်တောရဆရာတော်အားအဘယ်သို့ကျေးဇူးပြန်ဆပ်ရပေမည်နည်း' ရထားဆိုက်လျှင် အလုအယက် တိုးတက်ရသည်။ ရထားကြီး ရှေ့သို့ တိုးသွားတိုင်း အအေးဓမ္မသည် ဝေး၍ဝေး၍ အပူတွေ နီးသထက် နီးကပ်လာသည်ဟူ၍ ထင်မိပေတော့သည်။

[ ၄ ]

# ရန်ကုန်မှာ ခရီးတထောက် နားစဉ်က

ကျွန်ုပ်သည် ရန်ကုန်မြို့တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့သည် ဖြစ်ပါလျက် ယခု ရန်ကုန်မြို့ကြီးသည် အရာရာတွင် ဆန်းသစ်လျက် ရှိနေသည်ဟု ထင်မိသည်။ ကိုယ့်ကိုယ်ကို ယနေ့မှ မွေးဖွားလာသည်ဟု ထင်မိသည်။ ရွှေဥမင်တောရတွင် ရက်ပေါင်း ၃၇ ရက်မျှ နေခဲ့ရသော အချိန်ကာလသည် ကျွန်ုပ်ဘဝအား ထူးခြားစွာ ပြောင်းလဲသွားစေလေသည်။ ထိုရက်တွေအတွင်း ဆွမ်းခံသွားချိန်နှင့် ကျောက်ကုန်းတောရ မေဓိနီသို့ အဗ္ဘာန်သွင်းသွားခဲ့ချိန်မှအပ ကျောင်းတွင်းမှ ကျောင်းပြင်သို့ တခါမှ မထွက်ခဲ့ဘူးပေ။ အပြင်လောကနှင့် လုံးဝအဆက်အသွယ် ပြတ်ခဲ့သည်။ သဘင်းစာနှင့် ကင်းဝေးခဲ့ရသည်။ ရေဒီယိုသံ၊ ကားသံ၊ လူသံသူသံတို့နှင့် ခြားနားခဲ့ရသည်။ ရထားသံနှင့် လေယာဉ်ပျံသံကိုမူကား မကြာမကြာ ကြားရခဲ့သည်။ သို့သော် ထို အသံများကို

ကြားပင် ကြားရသော်လည်း ကိုယ့်အာရုံနှင့်ကိုယ် ကိုယ့်လုပ်ငန်းနှင့်ကိုယ်မို့ ကြားရရုံကလွဲလို့ တစုံတရာ ဆက်စပ်ထိခိုက်ခြင်း စိတ်ရောက်ခြင်း မရှိခဲ့ပေ။ ယင်းအတွက် ရန်ကုန်မြို့တွင်ရင်း၊ မြန်မာပြည်တွင်ရင်း၊ ကမ္ဘာ အရပ်ရပ်တွင်ရင်း၊ ဘာတွေဖြစ်ကြပျက်ကြသည်ကို အလျဉ်း မသိရှိခဲ့ပေ။

ရထားပေါ်သို့ တက်မိသည်ဆိုလျှင် လူသံသူသံများသည်နားကို ပွင့်ထွက်လုမတတ် ဆူညံနေပေသည်။ 'လူသံ သူသံတွေနဂိုကထက် များစွာ ကျယ်လောင် နေပါတကား။ တိုင်းပြည်အခြေအနေ ဘယ်လိုများ ပြောင်းလဲနေပါလိမ့်' ကျွန်ုပ်ထင်မှတ်မိသည်။ ယင်းမှာ ကျွန်ုပ် အထင်လွဲမှားသွားခြင်းသာ ဖြစ်သည်။ တိုင်းပြည် အခြေအနေကလည်း ဘယ်လိုမှ မပြောင်းလဲပေ။ လူသံသူသံကလည်း နဂိုအတိုင်းပင်ဖြစ်သည်။ လူသံသူသံဟူသည် မြို့စကား၊ ရွာစကား၊ ရပ်စကား၊ အိမ်စကား ဖြစ်ကြသည်။ အချုပ်အားဖြင့် အရပ်စကား၊ အရပ်သံတွေ ဖြစ်သည်။ အမြတ်စကား အမြတ်သံတွေ မဟုတ်ပေ။ အရပ်စကား၊အရပ်သံတွေ ဟူသည် လောဘစကား၊ဒေါသစကား၊မောဟစကား၊မာနစကား၊စသော ကိလေသာ အာရုံစကားတွေ ဖြစ်သည်။ ပညတ်အာရုံစကားတွေ ဖြစ်သည်။ နိမိတ်အာရုံစကားတွေ ဖြစ်သည်။ အကျိုးတစုံတရာ ရှာမရသော အနှစ်သာရ တစုံတရာ မရှိသော စကားတွေ ဖြစ်သည်။ ဤနဂိုကအရပ်စကား၊အရပ်သံတွေကျယ်လောင်ဆူပွက်မှုန်း မသိခဲ့ခြင်းသည် မိမိကိုယ်တိုင် ဤအရပ်စကား၊ ဤအရပ်သံတွေထဲမှာ နစ်မျောမိနေပြီး၊ မိမိကိုယ်တိုင် ဤ အရပ်

စကားတွေပြောပြီး ဤ အရပ်သံတွေကို လွှင့်ခဲ့သောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်လျှင် ကျွန်ုပ် ရွှေဥမင်တောရတွင် တလနှင့် ၇ ရက်နေခဲ့စဉ်က လူသံသူသံတွေကို အလျဉ်း မကြားခဲ့လေသလော။ မကြားခဲ့ရ မဟုတ်ပေ။ နေ့စဉ်နေ့တိုင်းပင် ကြားခဲ့ရပေသည်။ သို့သော် ထို လူသံသူသံသည် အရပ်စကား အရပ်သံတွေ မဟုတ်ပေ။ အမြတ်စကား အမြတ်သံတွေ ဖြစ်သည်။ အမြတ်စကား အမြတ်သံဟူသည် မေတ္တာသံ ကရုဏာသံတွေဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနစသော ကိလေသာ အာရုံစကား၊ ပညတ် အာရုံစကား၊ နိမိတ် အာရုံစကားတွေကို ဖယ်ရှားတွန်းလှန်နိုင်ရေးတွေကို ရှေ့ရှုပြောဆိုသော စကားသံတွေ ဖြစ်သည်။ အမျိုး တစုံတရာ အနှစ်သာရ တခုခုနှင့် ဆက်စပ်နေသည်သာ ဖြစ်သည်။ သိမ်မွေ့သည်။ နူးညံ့သည်။ ယဉ်ကျေးသည်။ ညင်သာသည်။ ယင်းကဲ့သို့ တလနှင့် ၇ ရက်လုံးလုံး အမြတ်နယ်တွင် နေလာပြီး၊ အမြတ်စကား အမြတ်သံတွေချည်းနှင့်သာ ထိတွေ့ဆက်ဆံလာခဲ့ရသော ကျွန်ုပ်သည် ယခုကဲ့သို့ အရပ်နယ်တွင် အရပ်စကား၊ အရပ်သံတွေနှင့် စတင် ထိတွေ့ ဆက်ဆံလိုက်ရသော အခါ၌ မြင်ရသမျှ ကြားရသမျှ အရာရာ အသစ်အဆန်းလိုချည်း ဖြစ်နေသည်၊ လူကြီးလူငယ် ယောကျ်ားသံ အမျိုးမျိုး၊ မိန်းမသံ အဖုံဖုံ၊ ဈေးရောင်း သူတို့၏ အသံ အစုံစုံ၊ အချင်းချင်း ပြောကြဆိုကြ၊ အော်ကြဟစ်ကြ၊ နောက်ကြပြောင်ကြ သူတို့၏ အသံတွေ လက်ပံပင် ဆက်ရက်ကျသည့်နှယ် စီစီညံ နေတော့သည်။

ထိုသည့် ရုပ်သွင်အမျိုးမျိုး၊ အသံ ဇဖုံဖုံတို့ကို မျက်စေ့ဖြင့် မြင်သော် မျက်စေ့ပေါက်ကနေ ဒေါမနဿမီးတို့သည် ပူကာနဲ့ ဝင်သွားပြီး၊ ဟဒယနှလုံးသားနှင့် ဆက်သွယ်မိကာထိုမှတဆင့် တကိုယ်လုံး ကူးစက် ပျံ့နှံ့ ပူလောင်တော့သည်။ နားဖြင့်ကြား သော် နားပေါက်ကနေ ဒေါမနဿမီးတို့သည် ပူကနဲ့ဝင်သွား ပြီး ဟဒယ နှလုံးသားသို့ ကူးစက်ပူလောင်သွားပြီး၊ ထိုမှတဆင့် ထိုအပူမီးတို့သည် တကိုယ်လုံး ပျံ့နှံ့လောင်ကျွမ်းတော့သည်။ အအေးထဲတွင် ရက်ပေါင်းများစွာ ခနေလာပြီးကာမှ အပူထဲသို့ ဖြုန်းဖြုန်းဒိုင်းဒိုင်းကြီး ရောက်လာသောသူနှင့် တူနေပေတော့ သည်။

သဲကန္တာရခရီးကြမ်းမှ လွတ်မြောက်လာသူသည် ထိုသည့် သဲကန္တာရ ခရီးကြမ်းကို ပြန်လျှောက်ရမည်ကို ကြောက်ရွံ့နေ သကဲ့သို့ရင်း၊ ခံမှန်ဘူးသော စာသူငယ်သည် ပြန်၍ ခံမှန်ခံရမှာ ကို ထိတ်လန့်နေသကဲ့သို့ရင်း၊ အလွန်တရာ ဆင်းရဲနွမ်းပါးနေ ပြီးမှ ချမ်းသာကြွယ်ဝလာသူတဦးသည် ပြန်၍ ဆင်းရဲနွမ်းပါး သွားမည်ကို စိုးရိမ်တုန်လှုပ်သကဲ့သို့ရင်း၊ ကျွန်ုပ်သည် ရွှေဥမင် တောရတည်းဟူသော အမြတ်နယ်၊ အအေးနယ်၊ ယဉ်ကျေး နယ်နှင့် ထိတွေ့ဆက်ဆံ ပေါင်းသင်းလာခဲ့ပြီးကာမှ တဖန်ပြန်၍ ကျွန်ုပ်၏ နဂိုမူလပတ်ဝန်းကျင်ဖြစ်သော အရပ်နယ်၊ အပူနယ်၊ ရိုင်းစိုင်းနယ်နှင့် ထိတွေ့ဆက်ဆံ ပေါင်းသင်းရမည်ကို တွေး၍ ကြောက်ရွံ့ နေမိသည်။ ထိတ်လန့်နေမိသည်။ စိုးရိမ်တုန်လှုပ် နေမိသည်။

ဆင်းရဲနွမ်းပါးရှာသဖြင့် စား၊ ဝတ် နေရေးအတွက် ဘဝကို ခဏ်ခဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားနေရသော ဆွေမျိုးတော်မှု မခတော်သူလူများစွာတို့၏ ညှိုးနွမ်းသော ရုပ်အသွင်များကို မမြင်လို မတွေ့လိုတော့ပေ။ ထိုသူတို့၏ ရှုန်းရင်းဆန်ခတ် ပြောသံ ဆိုသံ၊ ညည်းတွားသံ၊ အော်မြည်သံများကို မကြား၊ မသိလို တော့ပေ။ ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆိုတတ်၊ မြှိမောင်း တတ်၊ မာန်မဲတတ်၊ ဆဲဆိုတတ်၊ ဆက်ဆံတတ်သော ဆရာ သမား၊ ဘုန်းကြီး၊ လူ၊ မိတ်ဆွေအပေါင်းအသင်း၊ ဒကာ၊ ဒကာမတို့နှင့် ပေါင်းသင်း၊ ဆက်ဆံ၊ တွေ့ထိရမည်ကို ရှောင် ရှားတော့သည်။ ရှောင်ကွင်းလိုတော့သည်။

တကျောင်းတည်းတွင် နှစ်ပါး အိပ်လိုစိတ်မရှိပေ။ နှစ် ယောက်အတူ နေလိုစိတ် မရှိပေ။ တပါးတည်းအိပ်လိုသည်။ တယောက်တည်း နေလိုသည်။ မှန်ပါသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ကြမ်းတမ်းရိုင်းစိုင်းစွာ ပြောဆို ဆက်ဆံတတ် သော ဆရာသမား၊ ဘုန်းကြီး၊ လူ၊ မိတ်ဆွေအပေါင်းအသင်း ဒကာ ဒကာမစသော ပတ်ဝန်းကျင်တို့ကို ရှောင်ရှားနိုင်သမျှ ရှောင်ရှားခဲ့သည်။ ရှောင်ကွင်းနိုင်သမျှ ရှောင်ကွင်းခဲ့သည်။ မလွဲ သာ၍ အခိုက်အတန့် တွေ့ကြုံ၊ ဆက်ဆံရလျှင်လည်း၊ အပြုံး မပျက် အလိုက်အထိုက် ဆက်ဆံပေါင်းသင်းရသည်။ ကိုယ့် ရည်ရွယ်ချက်၊ ကိုယ့်အလုပ်အကိုင်၊ ကိုယ့်အကျိုးစီးပွား မထိ ခိုက်လျှင် ပြီးရော သဘောထားရသည်။

ထိုပုဂ္ဂိုလ်တို့နှင့် လုံးဝလွတ်ကင်းနိုင်ရန်သည် မဖြစ်နိုင်သော အရာပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုးတို့သည် နေရာတကာတွင်

အနည်းနှင့် အများ ရှိနေတတ်ကြသည်။ ထိုပုဂ္ဂိုလ်တို့ လုံး၀ လွတ်ကင်းသော နေရာကို ရှာမည်ဆိုလျှင် ရှားလေရှားလေသာ ဖြစ်ပေမည်။

ကျွန်ုပ်သည် ရထား ဘူတာကြီးသို့ ထိုးဆိုက်သည်ဟုဆိုလျှင် သက်ဆင်းလိုက်ပြီး အရှင်မာလာဝံသရှိရာ ပညာရာမိကမဟာ (အေ)တိုက်သို့ ဗိုလ်ချုပ်လမ်းအတိုင်း ဦးတည်ထွက်ခဲ့သည်။ ကတ္တရာ လမ်းမပေါ်တွင် ပြေးလွှားနေသော ကားကြီး ကားငယ် အသွယ်သွယ်တို့၏ကားစက်သံတို့သည် မြည်လွန်းလှသည်ဟု ထင်သည်။အရင်က ကားစက်သံတို့သည် ဤလောက် မမြည်လှဟု ထင်မိသည်။

'ငါ့ဟာ ဟုတ်မှ ဟုတ်လေရဲ့လား'ဟူ၍ ကားတွေကို သေသေချာချာကြည့်သည်။ ဟုတ်ပါသည်။ ကားတွေကတော့ အရင်က ကားတွေပင် ဖြစ်သည်။ လူစီးဟီးနိုးကားငယ်များ၊ ကိုယ်ပိုင်ကားများ၊ အငှားကားများ၊ သုံးဘီးကားများပင် ဖြစ်သည်။ သို့ဖြစ်လျှင် ယခုကားစက်သံများသည် အရင်ကားစက်သံများနှင့် အဘယ်ကြောင့် မတူလေသနည်း။

အစိုးရသည် ကားစက်အဟောင်းတွေကို ထုတ်ပယ်လိုက်ပြီး ကားစက်အသစ်တွေကို တပ်ဆင်ပေးထားလေရော့သလား။ မြင်တွေ့နေရသမျှ ကြားနေရသမျှသည် အားလုံး အသစ်အဆန်းကြီးတွေဖြစ်နေသည်။ ကျွန်ုပ် ဖြစ်မည်လို့သာဖြစ်ရသည် ကားတို့သည်လည်း နဂိုကားများပင် ဖြစ်သည်။ ကားစက်သံတို့သည်လည်း နဂိုကားစက်သံတို့ပင်ဖြစ်သည်။ ရန်ကုန်မြို့ကြီးလည်း နဂိုအတိုင်း

ပင် ဖြစ်သည်။ ယင်းမှာ အရှင်မာလာဝံသ ပြောပြချက်အရ နောက်မှ သိရှိရခြင်း ဖြစ်သည်။

အရှင်မာလာဝံသနေသော ပညာရာမိကမဟာ (အေ)တိုက် သိမ်ကျောင်းအောက်ထပ်သို့ ကျွန်ုပ်ရောက်သွားချိန်၌ ညနေ (၅)နာရီခန့် ရှိပေပြီ။ ဦးမာလာအား မတွေ့ရပေ။ အပြင်ခဏ ထွက်သွားသည်ဟု ဆိုသည်။

ကျွန်ုပ်ပါလာသော ပစ္စည်းများကို သူ့ကုတင်ပေါ်တွင် တင်ထားလိုက်ပြီး ခေတ္တမျှ အနားယူပြီးနောက် ရေမိုးချိုးလိုက်သည်။ စိမ်းလန်းစိုပြေသော ရန်ကုန်ရေသည် ကျွန်ုပ်အား တမျိုးတဖုံ လန်းဆန်း ကြည်လင်စေလေသည်။ ပြီးလျှင် ဗိုလ်ချုပ်ဈေးဘက်သို့ ထွက်လာခဲ့သည်။ ဗိုလ်ချုပ်လမ်းတလျှောက်မာကြူလီမီးတို့ဖြင့် ထိန်ထိန်လင်းနေသည်ဖြစ်၍ တမျိုးတဖုံကြည်နူး နှစ်ခြိုက်ဖွယ် ဖြစ်နေသည်။

ရန်ကုန်တမြို့လုံးတွင် လူသားတို့ မွမ်းမံ ပြုပြင်ထားသော ဘူတာကြီး၊ ဗိုလ်ချုပ်ဈေး၊ သုံးထပ်တိုက်၊ လေးထပ်၊ ငါးထပ်၊ ခြောက်ထပ်တိုက်စသော ကြီးကျယ်ခန်းနားသော တိုက်တာအဆောက်အဦတို့ကို မြင်တွေ့ရခြင်းမှာလည်း အလွန်ပဏာတင့်၍ မင်္ဂလာရှိလှပေသည်။ ဣဋ္ဌာနရုံတွေကို မြင်တွေ့၊ ရှုမြင်ရခြင်းပင် ဖြစ်တော့သည်။ အမှန်ပင်ရန်ကုန်မြို့ကြီး၌ ထိုသို့သက်မဲ့ရုပ်ဝတ္ထုပစ္စည်းတို့သည် လူသားတို့ မွမ်းမံ ပြုပြင်ထားချက်အရ သာမောဖွယ် ရှုမောဖွယ် အတိပြီးသော ဣဋ္ဌာနရုံရှုမြင်ကွင်းကြီး ဖြစ်တော့သည်။

ကုသိုလ်ကံရှိကြ၍သာ ဤကဲ့သို့ ဠင္ဍာနရုံ ရှုမြင်ကွင်းတွေကို မြင်တွေ့ကြရခြင်းဖြစ်ပေသည်။ ထိုဠင္ဍာနရုံ သင်္ကမ့် အဆောက် အဦးတွေကို အမှီသဟဲပြု နေထိုင်ကြရသော သက်ရှိလူသားတို့ သည်လည်း အပြောအဆို၊ အနေအထိုင်၊ အကျင့်အကြံတို့ကို အနိဋ္ဌာနရုံမဖြစ်စေပဲ၊ ဠင္ဍာနရုံတွေချည်းဖြစ်နေအောင် အချင်း ချင်းလည်း အမြဲတမ်းမွမ်းမံပြုပြင်ပေး၊ မိမိကိုယ်ကို မိမိလည်း မွမ်းမံပြုပြင်ပေးနိုင်ကြလျှင် မည်မျှ ကောင်းမြတ်ပေမည်နည်း။ ကျွန်ုပ် လမ်းလျှောက်ရင်း တွေးတောမိသည်။

ဤလောကကြီး၌သက်မဲ့ရုပ်ဝတ္ထုအဆောက်အဦတို့ ဠင္ဍာနရုံ ဖြစ်မှုထက် သက်ရှိလူသားတို့၏ အမူအရာ၊ အပြောအဆို၊ အလုပ်အကိုင်၊ အကျင့်အကြံတို့ ဠင္ဍာနရုံဖြစ်နေဘို့က ပို၍အရေး ကြီးလှပေသည်။

သက်မဲ့ ရုပ်ဝတ္ထု အဆောက်အဦတို့က ဠင္ဍာနရုံ ရှုမြင်ကွင်း ဖြစ်နေပြီး သက်ရှိလူသားတို့၏ အမူအရာ၊ အပြောအဆို၊ အလုပ် အကိုင်၊ အကျင့်အကြံတို့က အနိဋ္ဌာနရုံ ရှုမြင်ကွင်းတွေ ဖြစ်နေပါ လျှင် ဤ လူ့လောကကြီးသည် သာယာငြိမ့်ငြောင်း မြေချမ်း သာသော ဠင္ဍာနရုံ လောကကြီး ဖြစ်နေမည်မဟုတ်ပေ။ ရုပ် ထွေး ပွေလီ ပူလောင် ဆင်းရဲသော အနိဋ္ဌာနရုံလောကကြီး သာ ဖြစ်နေပေမည်။ သက်မဲ့ ဠင္ဍာနရုံ ရုပ်ဝတ္ထု အဆောက်အဦ တို့သည်လည်း အဓိပ္ပာယ်မရှိသော အဆောက်အဦတွေသာ ဖြစ် နေပေမည်။ ကြာရှည်သဖြင့် မခိုင်မြဲ မသေချာ မတည်တန့်နိုင် သော အဆောက်အဦတွေသာ ဖြစ်နေပေမည်၊ ရဘနာခုနစ်ပါး ဖြင့် အတိဖြစ်သော အလွန်တရာ ကြီးကျယ် ခန်းနားသော

အဆောက်အဦကြီးထဲ၌ ကြွက်ရယ်၊ ကြောင်ရယ်၊ ခွေးရယ်၊ ကျွဲရယ်၊ နွားရယ်၊ ကျဲရယ်၊ မြွေဟောက်၊ မြွေပွေးတွေရယ်၊ စသော တိရစ္ဆာန်တွေ စုံပေါင်းနေသကဲ့သို့သာ ဖြစ်နေချေမည်။ ယင်းအတွက် သက်ရှိလူသားတို့၏ အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်၊ အကျင့်အကြံတို့ ဝ္ဘဍာနရုံ ဖြစ်ကြမှသာလျှင် ဤလူ့ဘောင်ကြီးသည် သာယာငြိမ့်ငြောင်း အေးမြချမ်းသာသော ဗြဟ္မာ့နရုံ လောကကြီး ဖြစ်ပေမည်။ ဗြဟ္မာနရုံ ရုပ်ဝတ္ထု အဆောက်အဦတို့သည်လည်း အဓိပ္ပာယ်ရှိသော အဆောက်အဦတွေ ဖြစ်ပေမည်။ ပို၍ပို၍ မွန်မြတ်ကောင်းမွန်လာသော အတိဗြဟ္မာနရုံတွေ ဖြစ်လာကြပေမည်။ ရတနာ ခုနစ်ပါးတို့ဖြင့် တဖိတ်ဖိတ် တလွင့်လွင့် စီချယ်မွမ်းမံထားသော အလွန်တရာကြီးကျယ်ခန်းနားသော အဆောက်အဦကြီးထဲ၌ ယဉ်ကျေး သိမ်မွေ့ ချောမောလှပသော လုံပျို၊ လုံမပျိုတို့ စုဝေး နေထိုင်ကြသကဲ့သို့ ဖြစ်ချေမည်။

'လူသားတိုင်း အနိဋ္ဌာနရုံ ပြုမူပြောဆိုလုပ်ကိုင်၊ကျင့်ကြံချက်တွေကို ရှောင်ရှားနိုင်ကြပါစေ။ ဗြဟ္မာနရုံ ပြုမူပြောဆို လုပ်ကိုင်ကျင့်ကြံချက်တွေကို ဖန်တီးနိုင်ကြပါစေ' ကျွန်ုပ် လိုက်လိုက် လှဲလှဲ ဆုတောင်းမိတော့သည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်ဈေးရှေ့က စာအုပ်ဆိုင် နှစ်ဆိုင်သုံးဆိုင်မှ ဘာသာရေးနှင့် ပတ်သက်သော စာအုပ် သုံးလေးအုပ်ကို ရှာဖွေဝယ်ယူပြီး ကျောင်းသို့ ပြန်လာခဲ့သည်။ ဦးမာလာနေသော ကျောင်းသို့ ရောက်သောအခါ၌ ည (၈)နာရီ ကျော်လျက် ရှိနေပြီ။ သည်တခါတော့ ဦးမာလာကို ကောင်းစွာ တွေ့

ရှိရပေပြီ။ ကျွန်ုပ်ကိုမြင်သော် ဦးမာလာသည် သူထိုင်နေသော ကုတင်ပေါ်မှ ထလာပြီး ပြုံးရွှင်သော မျက်နှာထားဖြင့် ဆီးကြို ပေသည်။

'ဒီပစ္စည်းတွေ မြင်ကတဲက ကိုယ့်လူတော့ ရောက်နေပြီ ဆို တာ တွက်မိသားပဲ။ ကဲဆိုစမ်းပါဦး။ စာမပေး၊ ဘာမပေး။ အကြောင်းမကြား၊ ဘာမကြားနဲ့။ ဘယ်ကနေ ဘယ်ရောက်လို့ ဘယ်က ပြန်လာလို့ ဘယ်အချိန်ရောက်နေတာလဲ'

'ညနေလောက်ကပဲ ရောက်နေတာ။ ဦးပဉ္ဇင်းမတွေ့တာနဲ့ စာအုပ်ဆိုင်သွားပြီး စာအုပ်တွေ ဝယ်လာခဲ့တယ်။ ခု တပည့် တော် ရန်ကုန်ကဘဲ ပြန်လာတာ'

ဦးမာလာ အံ့သြသွားသည်။ ဇဝေဇဝါဖြစ်သွားသည်။ သူ ကိုယ်တိုင် ကျွန်ုပ်အား ဘူတာကြီးသို့ လိုက်ပို့ခဲ့သည်။ ယခု ရန် ကုန်ကပဲ ပြန်လာသည်ဆိုသော ကျွန်ုပ်စကားအတွက် သူ နား မလည်နိုင်အောင် ဖြစ်သွားသည်။ ကျွန်ုပ် ဖြစ်ကြောင်းရယ်ကုန် စင် ရှင်းပြတော့မှ 'အော်၊ ဒီလိုလား' ဟူ၍ သဘောပေါက်သွား တော့သည်။

'ဒါဖြင့် ဦးပဉ္ဇင်းကိစ္စ ပြီးပြီလား'

ဦးမာလာက တစုံတရာ သံသယမကင်းဟန်နှင့် မေးပြန် သည်။

'ဘယ်ပြီးအုံးမလဲ ဦးပဉ္ဇင်း၊ ပထမအဆင့်တော့ ပြီးပြီပေါ့။ ဒုတိယအဆင့် ကျန်သေးတယ်လေ။ သံလျင်တောရ သွားရအုံး မှာ'

'ဒါဖြင့် နက်ဖြန် သွားမှာလား။ ဘယ်လိုလဲ'

'ဖြေးဖြေးပေါ့ဦးမာလာ။ တရက်နှစ်ရက်လောက် အနားယူချင်သေးတယ်။ ပြီးတော့ ဦးပဥ္စင်းကို ကြိုတင် အသိပေးထားရအုံးမယ်။ ဦးပဥ္စင်းလဲ သိပြီးသားပါလေ။ တပည့်တော် သံလျင်တောရက ပြန်မလာမချင်း ဘယ်သူ့ကိုမှ မပြောပါနဲ့အုံး'

ကျွန်ုပ် ဘယ်မှာနေသည်။ ဘာလုပ်သည်။ ဘယ်ရောက်နေသည် ဆိုသည်ကို ယခုအခါ၌ ဘယ်သူမှ မသိစေချင်သေး၍ ဦးမာလာအား ထပ်မံ နှုတ်ပိတ်ရပြန်သည်။ ကျွန်ုပ်က ကျွန်ုပ်ပတ်ဝန်းကျင်အား တပေါင်းလ ပြန်လာမည်ဟု ကြွေးကြော်ထားသည် ဖြစ်ရာ သံလျင်တောရ၌ တရားအားထုတ်ချိန်သည် နတ်တော်၊ ပြာသို၊ တပို့တွဲ၊ လက်ချိုး၍ ရေတွက်ကြည့်လိုက်သည်။ သုံးလတင်းတင်း ရှိနေသည်။ ဤသုံးလအတွင်း ကြိုးစားပမ်းစား အားထုတ်လျှင် ဝိပဿနာတရားကို ကောင်းစွာ သဘောပေါက်သိရှိနိုင်လိမ့်မည်ဟု ခန့်မှန်းမိသည်။ ဗုဒ္ဓဝါဒီတိုင်း၏ ပါးစပ်ဖျား၌ ရေပန်းစားနေသော ဝိပဿနာ၏ သဘောအသွား၊ ဝိပဿနာ၏ အခြေအနေကို ဝိပဿနာဆိုတာဒီလိုပဲဟူ၍ကိုယ်တိုင်လည်း သဘောပေါက်နားလည်၊ တပါးသူတို့အားလည်း ရှင်းလင်း ပြောပြနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

ကျွန်ုပ်တို့နှစ်ပါးသည် ကြာမြင့်စွာခွဲခွာနေရသော သူငယ်ချင်းနှစ်ယောက် မမျှော်လင့်ပဲ ပြန်တွေ့ကြရသကဲ့သို့ သန်းခေါင်ကျော်သည်အထိ မမောနိုင်၊ မပန်းနိုင်၊ တတွတ်တွတ် စကားပြောဆို နှီးနှောတိုင်ပင်မိကြတော့သည်။ ရွှေဥမင်တောရ ဆရာတော်၏ ဂုဏ်သတင်းအဖြာဖြာကိုလည်း အထပ်ထပ်ပြောကြားမိသည်။ သူ့အားလည်း ဆရာကောင်း' သမားကောင်းထံသို့

သွားရောက်လေ့လာဆည်းကပ်သင့်ကြောင်း ထိုက်တန်းရသည်။ နောင်သောအခါ၌ သူလည်းထိုဆရာတော်ထံ၌ ၇ ရက်ခန့်တရားအားထုတ်ဘူးလေသည်။

အထူးသဖြင့် ဦးမာလာသည် ကျွန်ုပ်၏ အရင်ကနှင့်မတူသော အပြောအဆို အမူအရာတွေကို ကောင်းစွာ သတိပြုမိသွားသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း မိမိအပြောအဆို အမူအယာတွေ မည်သူနှင့်ပင် ပြောဆိုဆက်ဆံရစေကာမူ အရင်ကကဲ့သို့ အမူမဲ့အမှတ်မဲ့ ပြောဆိုဆက်ဆံခြင်း မရှိတော့ပဲ ယဉ်ကျေးနိုင်သမျှ ယဉ်ကျေးအောင်၊ သိမ်မွေ့နိုင်သမျှ သိမ်မွေ့အောင်၊ လေးနက်နိုင်သမျှ လေးနက်အောင် အထူးသတိထား ပြုမူဆက်ဆံပေသည်။

ထိုသို့သော စကားတွေကို ပြောဆိုတိုင်ပင် ဆွေးနွေးကြရင်းမှ ကျွန်ုပ်က ဦးမာလာအား ပြောသင့်ပြောထိုက်သော စကားတခွန်းကိုတော့ မှတ်မှတ်ရရ ပြောလိုက်မိပေသည်။

'ဦးမာလာ လောကမှာ လူတယောက်ရဲ့အသိဉာဏ်ကြီးထွားမှု၊မကြီးထွားမှု၊ အသိဉာဏ်ကျယ်မှု၊ကျဉ်းမှု၊ လိမ္မာမှု၊မလိမ္မာမှု၊ ယဉ်ကျေးမှု၊ မယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ မကောင်းမွန်မှု၊ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု၊ မချမ်းသာမှု၊ ဆိုတဲ့ဟာတွေဟာ ထိုသူမှီဝဲခစား ဆက်ဆံရတဲ့ဆရာပေါ် မူတည်နေတယ်။ ဆရာအရည်အချင်း အခြေအနေ ကောင်းရင်ကောင်းသလို ထိုသူ့ဘဝတိုးတက်မှာပဲ၊ ဆိုးရင်ဆိုးသလို ထိုသူ့ဘဝ နစ်နာဆုံးရှုံးမှာပဲ၊ ဆရာဟာ အဓိကဖြစ်နေတယ်ဆိုတာ ထင်ရှားတယ်။ဆရာဆိုတာက ဆရာလုပ်ရပ်ကိုင်ရပ်၊ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ၊ အမူအကျင့်၊ အရည်အချင်း၊ စိတ်နေ

သဘောထား၊ ညွှန်ကြားပြသချက်တွေပဲ၊ ဆရာကောင်းသမားကောင်း မှီဝဲဆက်ဆံနေရတဲ့ ထက်မြက်တဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်တဦးဟာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာချင်မှ ချမ်းသာမယ်၊ စိတ်ချမ်းသာမှာ သေချာတယ်။ ကိုယ်ကျင့်တရားကောင်းမွန်မှာ သေချာတယ်။ အသိဉာဏ်ကြီးထွားကျယ်ပြန့်မှာ သေချာတယ်။ လိမ္မာယဉ်ကျေးမှာ သေချာတယ်။ တပည့်တော်တို့ ဦးဇင်းတို့ဟာ အစကနဦးကပဲ ထိုက်ထိုက်တန်တန် အမြော်အမြင်ကြီးမားတဲ့ ဆရာကောင်း သမားကောင်းနဲ့ တွေ့ရရင် ခုထက်အပုံကြီး တိုးတက်မယ်ဆိုတာကို တပည့်တော်ယုံကြည်တယ်။ လောကမှာ ဆရာကောင်းနဲ့တွေ့လျှင် အဖက်ဖက်က တိုးတက်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေ ဆရာကောင်းနဲ့ မတွေ့ရလို့ နစ်နာဆုံးရှုံးနေတဲ့ လူတွေအများကြီး ရှိနေမှာဘဲ'

ကျွန်ုပ်ပြောစကားကို ဦးမာလာ တစုံတရာ ပြန်မပြောပေ။ မျက်မှောင်ကုတ်၍ အလေးအနက် စဉ်းစားနေသည်။ ကျွန်ုပ်ကပင် ဆက်လက်၍ ပြောမိပြန်သည်။

'ဗုဒ္ဓလက်ထက်တုံးက အရှင်အာနန္ဒာက ဘုရားရှင်ကိုလျှောက်တယ်။ အရှင်ဘုရား၊ အရှင်ဘုရား သာသနာမှာ ဆရာဟာ အလွန်အရေးကြီးတယ်။ ဆရာဟာ သာသနာ့ကိစ္စကို တဝက်ပြီးစေတယ်။ အဲဒီလို အရှင်အာနန္ဒာက လျှောက်ထားတော့ ဗုဒ္ဓက အာနန္ဒာ ဒီလိုမပြောနဲ့ ဒီလိုမပြောနဲ့ ဆရာဟာ သာသနာ့ကိစ္စကို တဝက်ပြီးစေတာ မဟုတ်ဘူး၊ အကုန်လုံးပြီးစေတယ်။ သင်ချစ်သားတို့ဟာ ငါဘုရားတည်းဟူသော ဆရာကောင်းကို တွေ့ရ၍ သာသနာကိစ္စ အကုန်ပြီးကြရသည် မဟုတ်လား'

မှန်ပါသည်။ သာသနာကိစ္စ၌ ဆရာသည် အဓိက အခရာ ဖြစ်ကြောင်း ယခုမှ ကောင်းစွာ သဘောပေါက်တော့သည်၊ ရွှေဥမင် တောရဆရာတော်သည် ကျွန်ုပ်၏ စိတ်မှတ်တမ်းထဲတွင် ဒုတိယမြောက် ဆရာကောင်းသမားကောင်း ဖြစ်လာပေသည်။ သူ့အား ၃၇ ရက်မျှ ဆည်းကပ်ခစား ဆက်ဆံခြင်းသည် ကျွန်ုပ်အား အဘိုးမဖြတ်နိုင်သော အလိမ္မာတွေ ယဉ်ကျေးမှုတွေ အသိဉာဏ်တွေ ရခဲ့သည်။

ကျွန်ုပ်၏ ရည်ရွယ်ချက်ဖြစ်သော အများအကျိုးဆောင်ရွက်ရေးကိစ္စ၊ သာသနာပြုရေးကိစ္စတို့ကို ပိုမိုခိုင်မြဲစေသည်။ ကျယ်ပြန့်စေသည်။ လေးနက်စေသည်။ ပထမ ဆရာကောင်း သမားကောင်းသည် ဆုတောင်းပြည့်ကျောင်းတွင် နှစ်ပေါင်းများစွာ စာချကထိက လုပ်ခဲ့ဘူးသူ အရှင်ဇဝနဥာဏဖြစ်သည်။ ယခု တာမွေနတ်ချောင်း ဒေဝကုန္တီကျောင်းတွင် ခေတ္တသီတင်းသုံးလျက်ရှိသည်။ သူ့အား ကျွန်ုပ်၏စိတ်မှတ်တမ်း၌ ဆရာကောင်းအဖြစ် သတ်မှတ်နိုင်ခဲ့ခြင်းသည် ကျွန်ုပ်သည် သူ့ထံတွင် နှစ်ပေါင်းများစွာ နေခဲ့ဘူးသည်။ ထိုအတောအတွင်း သူ့အား မှီဝဲဆည်းကပ် ဆက်ဆံခဲ့ရစဉ်တွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ပြည့်ဝစွာ မရရှိခဲ့သော်လည်း သူသည် ကျွန်ုပ်၏နှလုံးသား၌ သာသနာပြုရေးအုတ်မြစ်၊ အများအကျိုး ဆောင်ရွက်ရေးအုတ်ပန္နက်ကို ကြီးမားခိုင်ခန့်စွာ အခြေစတင်ချပေးနိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။

နံနက်မိုးလင်း၍ အာရုံဆွမ်းစားပြီးသောအချိန်တွင် ၇ နာရီထိုးသွားပေပြီ။ ဦးမာလာသည် သူ၏ရေဒီယိုခလုတ်ကို ဖွင့်လိုက်

လေသည်။ ဤအသံတွေကို မကြားရကြာပြီဖြစ်သော ကျွန်ုပ်တွင် တမျိုးတဘာသာ ထူးခြားမှု ရှိနေပေသည်။ မြန်မာ့အသံမှ ထုတ်လွှင့်လိုက်သော ယောကျ်ားတလှည့်၊ မိန်းမတလှည့် သီဆိုကြသော ရေဒီယိုသီချင်းသံသည် နံနက်ခင်းမင်္ဂလာတွင် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ အရွယ်၏ မာန်ဝင့်ချိန်၊ အရွယ်ကောင်းတုံးလုလင်ပျို၊ လုံမပျိုများ၏ အသံများသည် ရှင်ရှင်မြူးမြူး ကြွကြွရွရွ ရှိလှသည်။ ကြားရသူအပေါင်း ဆွတ်ပျံ့ကြည်နူးဘွယ် ရှိလှသည်။ သာဘောင့်သာယာ ဖြစ်လှသည်။ နဝင်ချိုလှသည်။ ထိုအချိန်အခါမျိုး၌ သီဆိုနေကြသော လုလင်ပျို၊ လုံမပျိုတို့၏ ဘဝအခြေအနေသည် သောကကင်းဝေးနေကြမည် ဖြစ်သည်။ ပရိဒေ့ဝ ကင်းငြိမ်းနေကြမည် ဖြစ်သည်။ ဒေါမနဿမီး ငြိမ်းနေကြမည် ဖြစ်သည်။ လူ့စည်းစိမ်၊ လူ့ချမ်းသာကို အပြည့်အဝ ရရှိနေကြမည် ဖြစ်သည်။ 'သူတို့တတွေ ဘသက်လုံး ထိုကဲ့သို့ ပျော်ရှင်ချမ်းမြေ့ နိုင်ကြပါစေ၊ သောက၊ ပရိဒေဝ၊ ဒေါမနဿတွေ ကင်းဝေးနိုင်ကြပါစေ' လိုက်လှဲသော စေတနာနှင့် မေတ္တာပို့သမိသည်။

တဖက်တွင် ဘဝကို ခက်ခဲပင်ပန်းစွာ ရုန်းကန်လှုပ်ရှားကြရသော၊ထမင်း မှန်မှန် စားနိုင်ရေးအတွက် ချွေးနှဲ့သွေးနှဲ့ရင်း၍ နေ့မအားညမအား သက်မွေးဝမ်းကျောင်း ပြုလုပ်နေကြရသော ဆင်းရဲသား လူတန်းစားတို့၏ အခြေအနေကို တွေးမိပြန်သည်။

ထို ဆင်းရဲသား လူတန်းစား ကျောမွဲတို့သည် မြန်မာ့အသံတွင် သီဆိုနေကြသော လုလင်ပျို၊ လုံမပျိုတို့ကဲ့သို့ သီချင်းတကျော်ကျော် သီဆိုနိုင်ကြမည်လည်းမဟုတ်။ ထိုသည့် သီချင်း

သံတွေကို ကောင်းစွာ နားဆင်နိုင်ကြမည်လည်း မဟုတ်။ လောဘမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ပရိဒေဝမီးတို့ဖြင့် အမြဲတန်း အပေါ်လုပ် ရှိန်းကန်နေရသည်။ ပျော်ရွှင်ချမ်းမြေ့နိုင်ကြမည် မဟုတ်ပေ။ နှစ်သိမ့်ကြည်နူးနိုင်ကြမည် မဟုတ်ပေ။ လူစည်းစိမ်၊ လူချမ်းသာဟူသည်ဘယ်သို့ဟူ၍ စဉ်းစားနိုင်ကြမည် မဟုတ်ပေ။

မနက်စာရလျှင် ညစာအတွက် ပူနေရပေမည်။ ညစာရလျှင် မနက်စာအတွက် ပူနေရပေမည်။ ကိုယ့်အတွက် ပြည့်စုံလျှင် မယားအတွက် ပူရပြန်သည်။ လင်အတွက် ပူရပြန်သည်။ သားလေးအတွက်၊ သမီးလေးအတွက် ပူရပြန်သည်၊ သူတို့၏ ဘဝသည် ပူမဆုံး ဖြစ်နေရသော ဘဝပေတကား။

သေခါမှသာ ထိုအပူတို့သည်လည်း သေသူနှင့် တပါတည်း လိုက်ပါသွားတော့သည်။ ယင်းသို့ဆိုလျှင် ရေဒီယိုမှ ထွက်ပေါ် နေသော တေးသံရှင် လုလင်ပျို၊ လုံမပျိုတို့သည်ကား ထိုကဲ့သို့ အမြဲတန်း တကျော်ကျော် သီချင်းသီဆို နေနိုင်ကြလေသလား။

သူတို့လည်း အိုးနှင့် အိမ်နှင့် သားနှင့် သမီးနှင့် မိနှင့် ဖနှင့် ဆွေမျိုးတွေနှင့် ပတ်ဝန်းကျင်နှင့် ရှိနေကြပေမည်။ သူတို့တသက် လုံး ဤကဲ့သို့ သီချင်းဆိုနိုင်ကြမည်မဟုတ်။ တသက်လုံးတွင် မဟုတ် ၂၄ နာရီလုံးလည်း သီဆိုနိုင်ကြမည်မဟုတ်။ သူတို့လည်း လူသားတွေသာ ဖြစ်ချေသည်။ မိ မိ တို့ ၏ အိမ်၊ မိ မိ တို့ ၏ ပတ်ဝန်းကျင်ထဲသို့ ရောက်ရှိကြသောအခါ၌ လောဘမီး၊ဒုက္ခမီး၊ ဒေါမနဿမီး၊ ပရိဒေဝမီး၊ တောက်လောင်ကြမည်သာ ဖြစ် သည်။ ကျွန်ုပ် လူ့ဘဝ၏ သုခ၊ ဒုက္ခသဘောကို အလေးအနက် စဉ်းစားမိနေသည်။

ထိုနေ့ တနေ့လုံး စာအုပ်တွေကို တရွက်ပြီးတရွက်၊ တအုပ်ပြီး တအုပ် စိတ်ပါဝင်စားစွာ လှန်လှော ဖတ်နေမိသည်။ စာအုပ်နှင့် မျက်နှာ ကွာဟခြင်း မရှိဘော့ပေ။ ထမင်းစားချိန် ထစားလိုက်သည်။ ရေချိုးချိန် ထ ချိုးလိုက်သည်။ အိပ်ချိန် အိပ်လိုက်သည်။ နောက်တနေ့ ထမင်းစားသည်အထိ မနားတမ်း ဖတ်မိနေသည်။

ကျွန်ုပ်သည် ယခု ရက်ပိုင်းအတွင်း၌ ဘာသာရေးစာပေတွေကို စိတ်ပါဝင်စားလာ၊ ဖတ်ရှုလာနိုင်ခြင်း ဖြစ်သည်။ အရင်တုံးက မဖတ်မိခဲ့ဘူးပေ။ အရင်တုံးက ဖတ်ရှုခဲ့သည်မှာ နိုင်ငံရေးစာပေ၊ ဝတ္ထုစာပေ၊ အတ္ထုပ္ပတ္တိစာပေ၊ ဗဟုသုတစာပေတွေကိုသာ အများဆုံး ဖတ်ရှုခဲ့ပေသည်။

ကျွန်ုပ်သည် စာဖတ် ဝါသနာပါလှသည်တော့ မဟုတ်ပေ။ သို့သော် ဝါသနာပါအောင် သတိပြု ကြိုးစားနေရသည်။ စာဖတ်ဝါသနာပါခြင်းနှင့် စာဖတ်ခြင်းအလုပ် စာရေးသားခြင်းအလုပ်သည် အလွန် မှန်မြတ် ကောင်းမွန်သော အလုပ်တခု ဖြစ်သည်ဟု ယူဆရသည်။ စိတ်အလေအလွင့် နည်းပါးသည်။ ဂုဏ်ရှိရသည်။ သိက္ခာရှိသည်။ လူလေးစားသည်။ စာပေထဲက ဗဟုသုတမျိုးစုံ ရနိုင်သည်။ အသိအလိမ္မာဉာဏ်ပညာ တိုးတက်ကြီးကျယ်မှုတွေ ရရှိနိုင်သည်။ မိမိအား လမ်းလွဲ လမ်းမှားတွေကို ရှောင်ရှားစေနိုင်သည်။ လမ်းဖြောင့်လမ်းမှန်သို့ ရောက်အောင် ပို့ပေးစေနိုင်သည်။ မိမိဘဝ၏ တိုးတက်ကြီးပွား ချမ်းသာရေး အတွက် အထောက်အကူ ပေးစေနိုင်ပေသည်ဟူ၍ သဘောပေါက်မိတော့သည်။

ကျွန်ုပ်သည် နောက်တနေ့ နေ့လည် ဆွမ်းစားပြီးတွင် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား မဖူးမြော်ရသည်မှာ အတန်ကြာပြီ ဖြစ်၍ ဖူးမြော်ရန် ထွက်လာခဲ့သည်။ ဖူးမြော်မိကြသူတိုင်း ဖူးမြော်မဝ ဖြစ်ကြမည်မှာ စေတီတော်ကြီး၏ ထူးခြားသော အံ့ဘွယ် တရပ်ပင် ဖြစ်တော့သည်။ အံ့ဘွယ်ဘနန်း သပ္ပာယ်လှသော ရွှေတိဂုံစေတီတော်မြတ်ကို အသေအချာ ဖူးမြော်ကြည့်သော် ထိုသည် ရွှေတိဂုံ စေတီတော်မြတ်က အဓိပ္ပာယ် အနှစ်သာရမျိုးစုံကို ဆောင်ပြနေသည်ကို တွေ့ရှိကြရမည် ဖြစ်သည်။

ကမ္ဘာမှာ မြန်မာဆိုတာ ရှိလေရဲ့။ ထိုသည့် မြန်မာတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က အိန္ဒိယတွင် အထင်အရှား ပွင့်ပေါ်တော်မူသွားသော သုံးလူ့သခင် ဂေါတမ ဘုရားရှင်ရဲ့ ဝါဒကို လက်ခံကျင့်သုံးသော လူမျိုး ဖြစ်ကြပေသည် ဟူ၍ စေတီတော်ကြီးက ကမ္ဘာကိုမိန့်ကြားနေသကဲ့သို့ ရှိသည်။

ဗုဒ္ဓယဉ်ကျေးမှုကို လက်ခံကြလော့။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြလော့။ သင်တို့သည် ငါတို့အား ရိုသေမှု၊ မြတ်နိုးမှု၊ ပူဇော်မှု၊ လေးစားကြည်ညိုမှု ရှိနေသမျှ ကာလပါတ်လုံး ဗုဒ္ဓဝါဒ တည်ရှိနေပေလိမ့်မည်။ ဗုဒ္ဓယဉ်ကျေးမှု၊ မြန်မာ့ ယဉ်ကျေးမှု ထွန်းကားနေပေလိမ့်မည်။ အမျိုးဘာသာ သာသနာ တောက်ပြောင်နေပေလိမ့်မည် ဟူ၍ ဗျာဒိတ် ပေးနေသကဲ့သို့လည်း ရှိသည်။

ငါသည် သင်တို့အား လူမျိုးခြားတို့၏ လက်တွင်းမှ ရုန်းထွက်နိုင်အောင်လည်း လှုံ့ဆော်ပေးခဲ့ပေပြီ။ အမျိုးဘာသာ

သာသနာ ကွယ်ပျောက် မသွားအောင်လည်း ကာကွယ်ပေးခဲ့ပေပြီ။ မိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့ ကြာရှည် လွှမ်းမိုးခွင့်မရအောင်လည်း စောင့်ရှောက်ပေးခဲ့ပေပြီဟူ၍ အတိတ်ကို ဆောင်ပြနေသကဲ့သို့လည်း ရှိသည်။

သင်တို့သည် ဗုဒ္ဓဝါဒတည်းဟူသော သူတော်ကောင်းတရားတွေကို လိုလိုလားလား သိပ်သိပ်သည်းသည်း ကျယ်ကျယ်ပြန့်ပြန့် စည်းစည်းလုံးလုံး တိတိကျကျ စည်းစနစ်ရှိရှိ လိုက်နာကျင့်သုံးကြလော့။ မသူတော် အယူတိတရားတွေကို ပြတ်ပြတ်သားသား ရှောင်ဖယ်ကြလော့။ အကြင်အခါ၌ မြန်မာတမျိုးသားလုံး သူတော်ကောင်းတရားတွေကို သိပ်သည်း ကျစ်လစ်စွာနှင့် စနစ်တကျ လက်ခံကျင့်သုံးမှု ပြုနိုင်အံ့။ ထိုအခါ၌ မြန်မာနိုင်ငံသည် ကမ္ဘာက လေးစားသော နိုင်ငံလည်း ဖြစ်လာပေမည်။ သာယာငြိမ်း ချမ်းသာသော လောကသစ် အသွင်သို့လည်း ရောက်ရှိပေမည်ဖြစ်၍ အနာဂတ်ကိုလည်း ဖော်ညွှန်းသကဲ့သို့ ရှိနေပေသည်။

ရွှေတိဂုံ ရင်ပြင်ထက်၌ ညဆယ်နာရီကျော် တံခါးပိတ်ချိန်မှအပ တံခါးဖွင့်ထားချိန်အတွင်း အမြဲတန်းလိုလို လူသူလေးပါးတို့ဖြင့် စည်ကားနေတတ်သည် ဖြစ်ရာ ကျွန်ုပ်ရောက်သွားသောအချိန်၌လည်း စည်ကားလျက် ရှိနေပေသည်။ လူမျိုးလည်းစုံလှတော့သည်။ လူကြီး၊ လူငယ်၊ လူလတ်၊ ယောကျ်ား၊ မိန်းမအစုံ တွေ့ရသည်။

ကျွန်ုပ်သည် တောင်ဖက်မုခ်ဝက တက်ပြီး စေတီတော်ကိုလက်ျာရစ် လှည့်ဖူးသည်။ ယင်ပြင်တော် ပတ်ပတ်လည်တဝိုက်

ဘုရားဖူးသူများ ပြည့်နှက်လျက် ရှိသည်။ တောင်မုခ်ဝထိပ်တွင် သီလရင် ခပ်ကြီးကြီး သုံးလေးပါးသည် အသံစာစာဖြင့် သူတို့ တတ်သမျှမှတ်သမျှ အစွမ်းကုန် ရွတ်ဖတ် သရဇ္ဈာယ်ပြီး စေတီတော်ကြီးအား လက်အုပ်ချီကာဦးညွှတ်တွား ရှိခိုး ပူဇော်သည်။ ဆံပင်ရှည်ကိုယ်တော် သုံးလေးဦးတို့သည်ကား လာသမျှ ပျိုပျို အိုအို အမျိုးသမီးတွေကို ပြောင်ကျကျ ငန်းနေသည်။ အင်္ဂလိပ် အမျိုးသားကြီး တဦးသည် ဘောင်းဘီရှည် ဝတ်လျက် ဒူးပေါ် ပေါင်ပေါ် ဝတ်ဆင်ထားသော အင်္ဂလိပ် အမျိုးသမီးကြီးနှင့် ယှဉ်တွဲကာ ဓာတ်ပုံတဖြတ်ဖြတ် လှည့်လည် ရိုက်နေလေသည်။ အမျိုးသားကြီးငယ်၊ အမျိုးသမီး ကြီးငယ်တို့၏ ဝတ်စားဆင်ယင်မှုတို့သည် ကျော့မော့နေသည်။ အမျိုးသမီးများက အမျိုးသားများ၏ ပိုးပန်းခြင်းကို ခံယူကြသည်။ အမျိုးသားများက မျက်လုံး ကျွတ်ထွက်လုမတတ် ပိုးပန်းကြသည်။ သူတို့တတွေ ကြည့်ရသည်မှာ ဘုရားဖူးလာသည်နှင့် မတူပေ။ အပျိုလူပျို ပျော်ပွဲစားလာသည်နှင့်သာ တူတော့သည်။ စေတီတော်ကြီးကပင် ဖူးစာရေးနတ် ဖြစ်ပေးရမလို ရှိနေတော့သည်။ အကယ်၍သာ စေတီတော်မြတ်က စကား ပြောတတ်လျှင် 'ငါ့ရှေ့မှာ ဘယ်လိုလူစားတွေ ရောက်လာကြပါလိမ့်၊ မျက်စိ ရှက်ဘွယ်ကောင်းလှပေတကား' ဟူ၍ ညည်းတွားကောင်း ညည်းတွားပေလိမ့်မည်။

ယခုအခါ၌ ကမ္ဘာတွင် မြန်မာနိုင်ငံသည် စစ်မှန်သော ဗုဒ္ဓစာပေနှင့် ဗုဒ္ဓဝါဒကို လက်ခံ ကျင့်သုံးမှုပြုရာ၌ အထွန်းကားဆုံး နိုင်ငံတနိုင်ငံအဖြစ် ခိုင်ခိုင်မတ်မတ် ရပ်တည်လျက် ရှိပေသည်။

ထိုသည် မြန်မာနိုင်ငံ အတွင်း၌ပင် ကြားချောင်နေသော ပျော့ ကွက်ဟာကွက်ကလေးတွေ မြောက်များစွာ ရှိနေသည်ကို ကျွန်ုပ် သတိပြု လေ့လာသုံးသပ်မိသည်။ ယင်းကို သုံးမျိုးသုံးစား ခွဲ၍ ကြည့်ရှုသော်၊ အနည်းငယ် ရိပ်စားမိနိုင်သည်။ မြန်မာလူမျိုးတို့ ဗုဒ္ဓဝါဒကို လက်ခံ ကျင့်သုံးမှုပြုရာ၌ အထက်တန်းစား ဗုဒ္ဓဝါဒီ အနေဖြင့် လက်ခံ ကျင့်သုံးနေကြသော လူတန်းစားတို့ကတပိုင်း၊ အလတ်တန်းစားဗုဒ္ဓဝါဒီ အနေဖြင့်လက်ခံကျင့်သုံးနေမှုကတပိုင်း၊ အောက်တန်းစား ဗုဒ္ဓဝါဒီအနေဖြင့် လက်ခံကျင့်သုံးမှုက တပိုင်း ဟူ၍ အကြမ်းစား (၃) ပိုင်း ရှိသည်၊ ထိုသို့ (၃) ခု အနက်က အထက်တန်းစား ဗုဒ္ဓဝါဒီတို့ဟူသည် လောကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော ဝိပဿနာဓမ္မကို တကယ်ရိုးသား သော စိတ်စေတနာဖြင့် မိမိကိုယ်တိုင်လည်း တကယ် ကျင့်သုံးနေ ၍ မိမိအား မှီခိုဆည်းကပ် လာသူတို့အားလည်း ညွှန်ကြား ပြသ ပေးနေသော ရဟန်းတော်များနှင့် အချို့သော လူပုဂ္ဂိုလ်များ ပင် ဖြစ်သည်။

အလတ်တန်းစား ဗုဒ္ဓဝါဒီတို့ဟူသည် ဗုဒ္ဓစာပေကို ပရိယတ် အနေဖြင့် သင်အံ့ပို့ချနေသော စာချ ရဟန်းတော်များ၊စာသင် ရဟန်းတော်များ၊ ဗုဒ္ဓစာပေကို လေ့လာ လိုက်စားနေသော အချို့သော လူ ပုဂ္ဂိုလ်များပင် ဖြစ်သည်။ ၎င်း ပုဂ္ဂိုလ်တို့သည် ၎င်း ကိစ္စကို ဆောင်ရွက်နေစဉ် အခါ၌သာ အလတ်တန်းစားဗုဒ္ဓ ဝါဒီတွေဖြစ်ကြ၍မဆောင်ရွက်ကြသောအခါ၌ အထက်တန်းစား ဗုဒ္ဓဝါဒီအဆင့်ကူးတတ်သူကအလွန်နည်း၍ အောက်တန်းစားဗုဒ္ဓ ဝါဒီ အဆင့်သို့ လျော့ကျသက်ဆင်းသည်က များတော့သည်။

အောက်တန်းစား ဗုဒ္ဓဝါဒီ အဆင့်ဟူသည် မိရိုးဖလာဗုဒ္ဓဘာသာ အဆင့်ရှိသူများနှင့်ဗုဒ္ဓဘာသာ အမည်ခံသက်သက်အနေလောက် သာရှိကြသော ရဟန်းရှင် လူ ပုဂ္ဂိုလ်ဟူသမျှတို့ပင် ဖြစ်ပေသည်။ အထူးအားဖြင့် ရဟန်းတော်များသည် မိမိတို့၏ စားဝတ်နေရေး သက်သာချောင်ချိနိုင်သမျှသက်သာချောင်ချိအောင်နှင့်ချမ်းသာ နိုင်သမျှ ချမ်းသာအောင်ကား လုံးပန်းနေမိတတ်ကြသည်။ဗုဒ္ဓ၏ သာသနာ (၃) ရပ်၊ တရပ်ရပ်ကိုမျှလည်း တိုးတက်ထွန်းကား အောင် ဟုတ္တိပတ္တိ မလုံးပန်းကြတော့ပေ။ တကာ တကာမတို့၏ ပစ္စုပ္ပန် အကျိုးစီးပွား သံသရာ အကျိုးစီးပွား ဖြစ်ထွန်းအောင် လည်း မယ်မယ်ရရ မဆောင်ရွက်ကြတော့ပေ။ များစွာသော တကာ တကာမတို့သည် ထို ရဟန်းတော်တို့၏ လက်အောက်၌ ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်ကာ၊ အကြေနပ်ကြီး ကြေနပ်ကာ ဒါဂါတို့ ဘုန်းကြီးပဲ၊ ရဟန်းပဲ၊ ဦးပဥ္စင်းပဲဟူသော မာန်ကို ဝင့် ကာ နစ်မျောရမှု များနေတော့သည်။ယင်းတို့သည်ကားအောက် တန်းစား ဗုဒ္ဓဝါဒီပင် ဖြစ်တော့သည်။

ယင်း (၃) ခုတို့၏ ဖြစ်နေပုံ သဘောသဘာဝ အခြေအနေ ကို လေ့လာ သုံးသပ်ကြည့်သော် ယင်း (၃) ခုသည် တခုနှင့် တခု၊တဇောင်းချေးနှင့် မျက်ချေးကဲ့သို့ရင်း၊ဂျင်းစိမ်းနှင့်မိဿလင် ကဲ့သို့ရင်း၊ အဝိုင်း နှင့် လေးဒေါင့်ကဲ့သို့ရင်း ကပ်၍ မရ၊ စပ်၍မရ၊ ဟပ်၍ မရ၊ ဆက်စပ်၍ မရ၊ ဆက်သွယ်၍ မရ ဖြစ် နေသည်။

အထက်တန်းစား ဗုဒ္ဓဝါဒီတို့သည် လူနည်းစု ဖြစ်သည်။ ထို ပုဂ္ဂိုလ်တို့သည် မိမိတို့လုပ်ငန်းကိစ္စကိုသာ အာရုံပြု လုပ်ကိုင်ကြရ

သူများ ဖြစ်သည်။ လောက၏ကောင်းကျိုးဆိုးကျိုးကို ဥပေက္ခာ ပြုရသူများ ဖြစ်သည်။ အလတ်တန်းစား ဗုဒ္ဓဝါဒီဘက်သို့လည်း လှည့်ထွက်၍ မကူညီနိုင်ပေ။ မကြည့်ရှုနိုင်ပေ။ မထောက်ထား နိုင်ပေ။ အောက်တန်းစား ဗုဒ္ဓဝါဒီဘက်သို့လည်း ဦးမလှည့် နိုင်ပေ။ မတွဲခေါ်နိုင်ပေ။ မဆွဲဆောင်နိုင်ပေ။

အလတ်တန်းစား ဗုဒ္ဓဝါဒီတို့သည် မိမိတို့ လုပ်ငန်းကိစ္စ၌သာ အထင်ကြီးနေမှု များတော့သည်။ မိမိတို့ ကိစ္စ၌ လုံးပမ်းရမှု ရှိ သော်လည်း အထက်သို့ မော့မကြည့်နိုင်ပေ။ အောက်သို့လည်း ငုံ့မကြည့်နိုင်ပေ။ အထက်တန်း ဗုဒ္ဓဝါဒီဘက်ကိုလည်းလှမ်းတက် နိုင်မှု မရှိပေ။ လက်လှမ်းနိုင်မှု မရှိပေ၊ ကူညီအားပေးနိုင်မှု ဖြည့် တင်းပေးနိုင်မှု မရှိပေ။ အောက်တန်း ဗုဒ္ဓဝါဒီဘက်သို့လည်း ထောက်ပံ့နိုင်မှု၊ ဖေးမနိုင်မှု၊ ဆွဲဆောင်ခေါ်နိုင်မှု မရှိပေ။ ထိုတွင်မကာ မိမိသည်သာလျှင်၊ အောက်တန်း ဗုဒ္ဓဝါဒီအဆင့်သို့ ကူးပြောင်းမှန်းမသိ ကူးပြောင်းခံရမှု များတော့သည်။ အောက် တန်းစား ဗုဒ္ဓဝါဒီတို့သည် အဝဝ ဖွံ့ဖြိုးမှုနည်းပါးကြသည့် အား လျော်စွာ မိမိတို့၏ လုပ်ငန်း၌သာ နှစ်သိမ့် ကြေနပ်ကြသူများ ဖြစ်တော့သည်။ ထို ပုဂ္ဂိုလ်တို့သည် အထက်တန်း ဗုဒ္ဓဝါဒီဘက်သို့ လည်း အားဖြည့် မပေးနိုင်ကြပေ။ အလယ်တန်း ဗုဒ္ဓဝါဒီဘက် သို့လည်း အားဖြည့် မပေးနိုင်ကြပေ။ အထက်တန်း ဗုဒ္ဓဝါဒီနှင့် အလယ်တန်း ဗုဒ္ဓဝါဒီတို့ဟူသည် ငါတို့နှင့် လားလားမျှ မဆိုင် ဟူသော အခြေအနေတွင် ရှိနေကြတော့သည်။

ယင်းသို့ဖြင့် အထက်တန်း ဗုဒ္ဓဝါဒီ၊ အလတ်တန်း ဗုဒ္ဓဝါဒီ၊ အောက်တန်း ဗုဒ္ဓဝါဒီတို့၏ကြားထဲ၌ တံတားမရှိ၊ လမ်းမရှိ၊

အာမခံမရှိ၊ 'ဟာ'လျက်ရှိနေသည်။တခုနှင့်တခုသည် ကျွန်းကြီး လေးကျွန်းကဲ့သို့ တသီးတခြားစီ ဖြစ်နေသည်။ စကြာဝဠာ တံတိုင်းကြီး(၃)ခုတို့ ကျောချင်းကပ်၍ အဆက်အစပ် အခုအခံ မရှိကြားထဲတွင် ဟာချင်တိုင်းဟာ၊ မှောင်ချင်တိုင်းမှောင်၊ မဲချင် တိုင်း မဲသကဲ့သို့ ရှိနေသည်။ ဗုဒ္ဓဝါဒီ အချင်းချင်းတွေဖြစ်ပါ လျက် အချင်းချင်း ကြည့်ရှုမှုမရ၊ ကူညီမှုမရ၊ ထောက်ပံ့မှုမရ၊ ဖေးမစောင့်ရှောက်မှုမရ၊ ဆက်စပ်မရ၊ ဆက်သွယ်မရ ရှိနေ သည်။ ကျွန်ုပ်၏ရည်ရွယ်ချက်ကား ထိုသည့် 'ဟာ' ကွက်ကို ဖာထေးရန် တံတားထိုးရန်၊ လမ်းခင်းရန်၊ အမာခံထိုးခံရန် ရည်ရွယ်ချက်ဖြစ်ပေသည်။ မိမိက အလယ်အဆင့်က နေပြီး အလယ်ဆင့်ကလူကို အထက်အဆင့်ရောက်အောင် အောက် အဆင့်ကလူကို ဆွဲခေါ်နိုင်အောင် အထက် အဆင့်ကလူက အလယ်ဆင့်အောက်ဆင့်ကလူတွေကိုဖေးမကူညီလက်ကမ်းကြိုဆို ဆွဲယူနိုင်အောင် အောက်အဆင့်ကလူက အလယ်ဆင့် အစက် ဆင့်သို့ လှမ်းတက်သွားနိုင်အောင် ကြားချောင် ဟာကွက်နေရာ တွင် ပေါင်းကူးတံတားထိုးပေးမည့် ရည်ရွယ်ချက်ပင် ဖြစ်သည်။

ဤရည်ရွယ်ချက်ကြီးအကောင်အထည်ပေါ်လာရေးအတွက် ကြောင့်ကျ စိုက်ထုတ်မည့်သူသည် ငါမှတပါး မည်သူမျှလုပ်လိမ့် မည် မဟုတ်ဟူသော ကိုယ့်ကိုကိုယ် ငါဟူသောမာနကြီး ဝင်မိ သည်တော့ အမှန်ပင်ဖြစ်တော့သည်။ ကျွန်ုပ်သည် ရွှေတိဂုံ စေတီတော်မြတ်အား ဆီမီး၊ ပန်း၊ အမွှေးတိုင်၊ တံခွန်၊ ကုက္ကား တို့ဖြင့် လှူဒါန်းပူဇော်လိုက်ပြီး ဆုမွန်ကောင်း တောင်းလိုက် သည်။

'အရှင်ဘုရား၊ တပည့်တော် ဤကောင်းမှုကုသိုလ်ကံစေတနာတို့ကြောင့် လမ်းဖြောင့်လမ်းမှန်သို့သာ ရောက်ရှိရပါ လို၏။ တပည့်တော်၏ အများအကျိုး ဆောင်ရွက်ရေးကိစ္စ၊ သာသနာပြုရေးကိစ္စတို့ကို အမြန်ဆုံး အကောင်အထည်ဖော် လုပ်ဆောင်ရပါသို၏ အရှင်ဘုရား'

လမင်းကြီးကို လိုချင်၍ တစာစာငိုကြွေးကာ လမင်းကို လက်ညှိုးထိုး တောင်းနေသော ကလေးကဲ့သို့ ကျွန်ုပ်က ထိုဆုကို အထပ်ထပ်အကြိမ်ကြိမ် တောင်းမိသည်ကား အမှန်ပင် ဖြစ်ချေခဲ့သည်။

[ ၅ ]

# သံလျင် တောရသို့

ဦးမာလာထံသို့တန်ဆောင်းမုန်းလဆုတ်(၈)နေ့ညနေရောက်ပြီး (၉) ရက်နေ့တနေ့၊ (၁၀)ရက်နေ့တနေ့ နေပြီးလျှင်(၁၁) ရက်နေ့တွင် သံလျင်တောရသို့ ထွက်လာခဲ့သည်။ နံနက် (၇) နာရီခွဲသင်္ဘောခေါက်နှင့်ဖြစ်သည်။ကျွန်ုပ်အားအရှင်မာလာဝံသပင် လိုက်၍ပို့ပေးသည်။ နံနက်ခင်း၏ သင်္ဘောဆိပ်မြင်ကွင်းရှုကွက်သည် သာယာလှသည်။ ကျွန်ုပ်၏ စိတ်နှလုံးများသည် အထူးပင် ရွှင်လန်းနေသည်။ သီတာ(၂)သင်္ဘော ကမ်းစာခွာသည်ဟုဆိုလျှင် ရက်ပေါင်းအတော်ကြာ ခွဲခွာနေရဦးမည်ဖြစ်သော ရန်ကုန်မြို့ကြီးကို လွမ်းဆွတ်သတိရစွာ ကြည့်ရှုမိသည်။

‘စွန့်စားလေဦးပေါ့ကိုယ်တော်ရေ၊ တော်တော်ကြာကျုပ်ကို လွမ်းဆွတ်တယ်ဆိုပြီး ခဏခဏလဲ ပြန်လာမနေနဲ့အုံး’

ရန်ကုန်မြို့ကြီးက ကျွန်ုပ်အား အားပေးတိုက်တွန်းသကဲ့သို့ ခပ်ဝေးဝေးဆီသို့ လှမ်းမျှော်ကြည့်ခဲ့လျှင် ရွှေတိဂုံစေတီမြတ်ကို ဖူးတွေ့လိုက်ရသည်။ ကျွန်ုပ် ဦးညွှတ်၍ ဂါရဝ ပြုလိုက်သည်။

'ကြိုးစားပေါ့ကွာ၊ ငါတပည့် ဒါ မှန်မြတ်သော ကြိုးစားခြင်းဘဲ၊ ဒီကြိုးစားခြင်းမျိုးဟာ မင်းအတွက် ဘယ်လိုမှ အရှုံးမရှိပေဘူး'

စေတီတော်မြတ်ကြီးကလည်း ကျွန်ုပ်အား ထိုကဲ့သို့ အားပေးတိုက်တွန်းလိုက်သည်ဟု ထင်နေမိသည်။ အမှန်ပင် ကျွန်ုပ်ဘဝတသက်တာတွင် ကျွဲခရီးသည် အလေးနက်ဆုံး အဓိပ္ပာယ်အရှိဆုံး၊ အနှစ်သာရ အရှိဆုံးဟူ၍ မှတ်ထင်လိုက်မိသည်။ ကျွန်ုပ်၏ ခန္ဓာကိုယ်တကိုယ်လုံး အားမာန်တို့သည် ပြည့်ဝတင်းကြပ်နေသည်။ 'အရိုးကြေကြေ အရေခမ်းခမ်း သေချင်သေ၊ ကြေချင်ကြေ၊ ငါကြိုးစားမယ်' စိတ်မာန်တင်းလိုက်သည်။ ပြီးလျှင် ဘေးဘီအားလုံးတို့မှ ကင်းလွတ်သွားစေရန် စာအုပ်တအုပ်ယူ၍ ဖတ်ရှုလိုက်တော့သည်။

'ဦးပဥ္စင်း ဆင်းကြရအောင်'

ဦးမာလာ နှိုးဆော်လာမှပင် စာအုပ် ပိတ်လိုက်တော့သည်။ လူတွေတောင်ဆင်းလို့ အတော်ကုန်နေပေပြီ။ သင်္ဘောဘယ်အချိန်ဆိုက်၍ ဆိုက်မှန်းတောင် မသိမိတော့ပေ။ သင်္ဘောမှ ဆင်းလျှင် ဈေးကိုရောက်မည့် ကားတစီးပေါ်သို့ တက်လိုက်ရသည်။ တပါးကို ၁၅ ပြားစီ ပေးရသည်။ ဈေးမှတဆင့် အရင်တခေါက် ဝင်ရောက်ခဲ့သော ဦးချစ်ထွန်းအိမ်သို့ သွားကြသည်။ အဆင်သင့်ပင် ဦးချစ်ထွန်းအား တွေ့ရသည်။ သူနှင့်အနည်း

ယ် စကားပြောဆိုပြီးလျှင် သံလျင်တောရသို့ ကျွန်ုပ်တို့ ၂ ပါး အရင်ထွက်လာခဲ့ကြသည်။ စာအုပ်တွေပါသော ပစ္စည်းထုပ်ကို သူ့ အိမ်ထားပစ်ခဲ့သည်။ အကောင်လေးတကောင်ကို ပို့ပေး ခိုင်းလိုက်မည်ဟု ဆိုသည်။ ဦးချစ်ထွန်းအိမ် ရှေ့ကလမ်းသည် ကြံ့ခိုင်ရေးလမ်း ဖြစ်သည်။

အနည်းငယ်သွားမိ၍ ထိုလမ်းဆုံးသော် ကျိုက်ခေါက်ဘက် သွားသော အဝေးပြေး ကားလမ်းမကြီးသို့ ရောက်သည်။ ထို လမ်းမှ တဖက်သို့ ကူးလိုက်သည်၊ ရှေ့သို့ ဝါးတပြန်ခန့် သွားမိ လျှင် လမ်းတသွယ်တွေ့ရသည်။ လမ်းထိပ်တွင် 'ပဲခူးစုလမ်း' ဟူ၍ ရေးထားသော စာတန်းကို တွေ့ရသည်။ ထိုလမ်းနှင့်ကပ်၍ 'သံ လျင်တောရသို့' ဟူ၍ မျှားပြထားသော စာတန်းကိုပါ တွေ့ရ သည်။ ဤမှဘက် လမ်းထိပ်တွင် ကုလားကွမ်းယာဆိုင်တဆိုင်ရှိ လေသည်။

ကျွန်ုပ်တို့သည် ပဲခူးစုလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ လမ်းမှာ အတော်လေးရှည်သည်။ ၁၀ မိနစ်ခန့်လျှောက်ရသည်။ လမ်းဆုံးရောက်လျှင် ရေကန်ကြီးတကန် တွေ့ရသည်။ ထိုရေကန် နားမှ ယောင်၍ လျှောက်လာခဲ့ကြသည်။ ထိုရေကန်ဆုံးသော် ဒုတိယ ကန်တကန်ကို တွေ့ရပြန်သည်။ ရေကန်ညာဘက်က အုံ့ ဆိုင်း ထူထဲသော သစ်ပင်ကြီးတွေ အတန်းလိုက် ကွေ့ကောက် စွာ ရှိနေသည်။ ရှေ့ကို လှမ်းမျှော်ကြည့်လျှင် စိမ်းလန်းစိုပြေ သော မြက်ခင်းများကို မျက်စေ့တဆုံး မြင်တွေ့ရသည်။ ယင်း မှာ ဂေါက်ကွင်းဖြစ်သည်။ မြင်တွေ့ရသမျှသော ကွင်းတို့ကား ကျွန်ုပ်တို့၏ နှလုံးသားကို ကြည်လင်အေးမြ လန်းဆန်းလှစေ

တော့သည်။ ဒုတိယ ရေကန်ဆုံးသော် တတိယရေကန်တကန်ကို တွေ့ရပြန်သည်။ ထိုရေကန်များသည် ဘိအိုစိ ကန်ကြီးတွေ ဖြစ်သည်။ သံလျင်ဘိအိုစိသို့ ဤရေကန်များမှ ရေတွေကို အဆင့်ဆင့် ပို့ဆောင်ပေးခြင်း ဖြစ်သည်။ တတိယရေကန်ထိပ်သို့ ရောက်လျှင် ညာဘက်ကို ချိုးဝင်လိုက်ရသည်။ ကျောင်းတံခါးဝင်းသို့ ရောက်ခဲ့ပြီးဖြစ်သည်။ ကျောင်းခြံ ပတ်ပတ်လည်တဝိုက်ကြခတ်ဝါးရုံတို့ဖြင့် လွှမ်းခြုံလျက် ရှိတော့သည်။ ကျောင်းထဲသို့ ဝင်မိလျှင် လူသံ သူသံ အကြားရ နည်းသည်။ ကားသံ၊ ရထားသံ၊ သတော်သံ၊ လေယာဉ်သံ ကြားရခြင်း မရှိပါပေ။ ကျေးငှက် သာရကာတို့၏ သဘာဝအလျောက် အော်မြည်နေကြသော အသံတို့က လွှမ်းမိုးလျက် ရှိသည်။

ဆရာတော်နေသော ကျောင်းဝင်းထဲသို့ ဝင်မိလျှင် ဆရာတော်ကို အဆင်သင့်ပင် ဖူးတွေ့ရသည်။ ဒကာ သုံးလေးဦးနှင့် စကားပြောနေသည်ကို တွေ့ရသည်။ အချိန်အားဖြင့် (၉) နာရီခွဲခန့် ရှိပေပြီ။ ဆရာတော်အား ဦးသုံးကြိမ်ချလိုက်သည်။

'ဝါတွင်းတုန်းကလာတဲ့ ကိုယ်တော်လေးတွေထင်တယ်'

တွေ့လျှင်တွေ့ချင်း ဆရာတော်က မှတ်မိနေသည်။ သတိတော်တော် ကောင်းလှပါကလားဟူ၍ အောင့်မေ့မိသည်။ လူအများနှင့် ဆက်ဆံနေရသော ပုဂ္ဂိုလ်တဦးအဖို့ တခါမျှ တွေ့ဘူးရုံနှင့် မှတ်မိခြင်းမှာ မလွယ်ကူလှပေ။

'မှန်ပါ၊ ဟုတ်ပါတယ်ဘုရား'

ကျွန်ုပ်က ပြန်လည် လျှောက်ကြားလိုက်သည်။

'ခုလာတာ အလုပ်လုပ်ရအောင် လာကြတာ မဟုတ်လား'

ဆရာတော်က ကျွန်ုပ်တို့ ၂ပါးလုံး အတူတူဟူ၍ ယူဆဟန်နှင့် မေးသည်။

'ဟုတ်ပါတယ်ဘုရား။ အလုပ်လုပ်ကြရအောင် လာကြတာပါ။ တပည့်တော်တပါးတည်း လုပ်မှာဘုရား။ သူက တပည့်တော်ကို လိုက်ပို့သူပါဘုရား' အရှင်မာလာဝံသ မပါကြောင်း လျှောက်တင်လိုက်ရသည်။ နောက်ထပ် ဆရာတော် ဘာမှ မမိန့်ကြားတော့ပေ။ ဒကာတယောက်ကိုခေါ်၍ ကျွန်ုပ်နေရမည့်ကျောင်းကို ညွှန်ကြားပေးသည်။ ကျွန်ုပ်တို့က ထိုဒကာ ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရသည်။ ကျွန်ုပ်တို့ကို ခေါ်ဆောင်လာသော ဒကာအမည်သည် ဦးပန်းယုံဖြစ်သည်။ အဖွဲ့ဥက္ကဋ္ဌဖြစ်ကြောင်း နောက်မှ သိရသည်။ ခေါင်းတုံးပြောင်ပြောင်နှင့် အသားညိုသည်။ ဝဝတုတ်တုတ်ရှိသည်။ အဝတ်အစားများမှာ ယစ်လှင် တောက်ပမနေ။ ဟောင်းနွမ်းနေသည်။ ကျွန်ုပ်က သူ့ရုပ်သွင်ကိုကြည့်ပြီး ကပ္ပိယဒါယကာတဦး ဖြစ်ပေလိမ့်မည်ဟူ၍ ခန့်မှန်းမိသည်။ ကျောင်းတကျောင်းသို့ ရောက်လျှင် ဒကာစာသော့ဖွင့်လိုက်သည်။ အထဲက ပြူတင်းပေါက်တပေါက် ဖွင့်ပြီးသောအခါ 'ကြွပါဘုရား'ဟူ၍ ပင့်သည်။ ကျောင်းမှာ တော်တော်လေး ကျယ်ကျယ်ပြန့်ပြန့် ရှိသည်။ လူမနေတာ ကြာ၍ ထင်သည် ဖုံတသောသော ရှိနေသည်။ အမှန်မှာ ၎င်းမှာ ကျောင်းမဟုတ်ပေ။ လူနေသောဇရပ် ဖြစ်သည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ခေမာလမ်းနေ နွားနှစ်ကောင် ဆေးပြင်းလိပ်ရှိ ပိုင်ရှင် ဦးဘဝင်း-ဒေါ်စုတို့ဇရပ် ဖြစ်သည်။ အားလပ်သော အခါတွင် လာ၍ သူတို့ တရားအားထုတ်ကြခြင်း ဖြစ်သည်။

ကျွန်ုပ်အိပ်ရန်အတွက် ဟောင်းနွမ်းသော ဖျာသေးသေးတချပ်နှင့် ခေါင်းအုံးတလုံး ပေးသည်။ ကျွန်ုပ်တို့က ထိုဖျာလေးပေါ်တွင် ထိုင်လိုက်သည်။

'ဒကာကြီး နောက်ထပ် ဖျာတချပ်လောက် မရဘူးလား'

ဖျာက သေးလွန်းနေသည်နှင့် အပိုဖျာတချပ် တောင်းမိသည်။

'နဲနဲတော့ သီးခံပါဘုရား၊ ကျောင်းက ဆင်းရဲတယ်'

ဒကာက တိုတိုပြတ်ပြတ်လျှောက်သည်။ ဤဒကာ စကားပြော ရိုင်းသေးသည်။ ရွှေဥမင်တောရနှင့်တော့ ကွာသည်ဟူ၍ ကျွန်ုပ် မှတ်ချက်ချမိသည်။

တအောင့်လောက်အကြာတွင် ကြီးမောင်းခေါက်သံ ကြားရသည်။ ကြီးမောင်းသံနှင့်အတူ ခွေးအူသံတွေ ညံသွားပေသည်။

'ဆွမ်းစားကြွပါဘုရား'

အရပ်ပုပုနှင့် ဒကာတဦး ဆွမ်းစားလာပင့်သည်။ ထိုဒကာမှာ ကပ္ပိယ ဦးနေဝင်းဖြစ်သည်။ ကျောင်းခြံကြီးအနီးတွင် သူ့အိမ်ရှိသည်။ သားမယားနှင့် ဖြစ်သည်။ သမီးမိန်းကလေး သုံးလေးယောက် ရှိသည်။ တလကို အဖွဲ့က ၆ဝိ ပေးသည်။ ယင်းမှာ နောက်မှ တဖြည်းဖြည်း သိရှိရခြင်း ဖြစ်သည်။ကျွန်ုပ် ဝါတွင်း တခေါက်လာတုံးက ဆရာတော်ကြီးနှင့်အတူ တဝိုင်းတည်း ဆွမ်းစားခဲ့ရသည်။ ယခု ထိုသို့ မဟုတ်တော့ပေ။ ဆွမ်းစားကျောင်းတွင် စားရသည်။ ဆွမ်းစားကျောင်းက ထရံကာ သွတ်မိုး ဟောင်းဟောင်းနွမ်းနွမ်း ဖြစ်သည်။ ဆွမ်းစားကျောင်းပေါ်သို့လျှောက်လျှင် သံဃာ (၂၅)ပါးခန့် ငြိမ်သက်စွာ ဆွမ်း

ဘုန်းပေးနေသည်ကို တွေ့ရသည်။ 'သံဃာ အများသွားပါ ကလား' စိတ်ထဲက အောင့်မေ့လိုက်သည်။ စားပွဲနှင့် ခုံနှင့် ဘုန်းပေးနေကြသည် မဟုတ်ပေ။ ကိုယ့်သပိတ်နှင့်ကိုယ် အသီးသီး ထရံနားတွင် ကပ်လျက် တန်းစီဘုန်းပေးနေကြခြင်း ဖြစ်သည်။

ဘာသံမှမကြား ငြိမ်သက်တိတ်ဆိတ်လှသည်ဖြစ်၍ အသီးသီး တရားဓမ္မနှင့် ဆင်ခြင်ဘုန်းပေးနေဟန် တူပေသည်ဟူ၍ စဉ်းစားမိလိုက်သည်။ ကျွန်ုပ်တို့အတွက်လည်း သပိတ်နှင့်ပင် ပြင်ထားသည်။ သံဃာများကြားထဲတွင် နေရာနှစ်ပါးစာ ကွက်လပ်တခု ရှိသည်။ထိုနေရာသည် ကျွန်ုပ်တို့အတွက် ဖြစ်ပေသည်။

ဤသံဃာထဲ၌ ငါ့အားသိကျွမ်းသူ မြင်ဘူးသူသည် တစုံတယောက်မျှ ရှိမည်မဟုတ်ပေဟူ၍ တထစ်ချ တွက်ထားပြီး ဖြစ်သည်။ အရှင်မာလာဝံသက ဘယ်ဘက်က၊ ကျွန်ုပ်ကညာဘက်က နေရာယူပြီး ဣန္ဒြေရစွာ သတိရှိစွာပင် ထိုင်ချလိုက်သည်။ သပိတ်အဖုံး အရင်ဖွင့်လိုက်သည်။ သပိတ်ထဲတွင် ဆွမ်းဟင်း ခွက်သုံးခွက်တွေ့ရသည်။ဘဲဥကြော်တဖတ်၊ ခရမ်းသီးနှပ်နှစ်ဖတ်၊ ပဲပြုတ် ဆီမစို တစိုတခွက်နှင့် ငါးပိရေတခွက် တွေ့ရသည်။ ဆွမ်းတပါးစာ တွေ့ရသည်။ ဆွမ်းဟင်းခွက်တွေကို လှန်ထားသော သပိတ်ဖုံးထဲသို့ ချလိုက်သည်။ စားရန် ဟန်ပြင် လိုက်သည်။ အနီးတွင်ချထားသော ရေခွက်တွင် လက်ဆေး လိုက်သည်။ လက်ဆေးခွက်နားတွင် မတ်ခွက်နှင့် ထည့်ထားသော ရေနွေးကြမ်းတခွက်ကိုလည်း တွေ့ရသည်။ စားရေးကိစ္စ ဤဟာသည် အပြီးပဲ ဖြစ်ရမည်ဟူ၍ ရိပ်စားမိလိုက်သည်။

သန္တုဋ္ဌိ၊ သလ္လော ရရသမျှနှင့် ရောင့်ရဲရမည်ဟူ၍ ဘုရားရှင် ဟောထားသည်။ ကျွန်ုပ်ထွေထွေထူးထူး စဉ်းစားမနေတော့ပေ။ စဉ်းစား နေလို့လည်း သည်ထက်ပို၍ ဒေးရမည် မဟုတ်တော့။ မစို့တစို ပဲပြုတ်ကလေးကို ဦးစွာနှိုက်ယူရင်း တလုပ်ပြီးတလုပ် စားလိုက်မိတော့သည်။ အမှန်အတိုင်းပြောရလျှင်လည်းဘုန်းကြီး ဘဝတွင် ဤမျှလောက် ချို့တဲ့စွာ စားရခြင်းသည် ဤ အကြိမ် သည် ပထမဆုံးအကြိမ်အဖြစ် စားသုံးမိရခြင်း ဖြစ်တော့သည်။ စားသုံးနေရင်းမှ အမျိုးအမည် မသိသော ဝေဒနာကို ခံစားလာ ရသည်။ နှစ်သိမ့် ကြေနပ်သော ခံစားမှုမျိုးပင် ဖြစ်ပေမည်။ မနှစ်သိမ့် မကြေနပ်သော ခံစားမှုမျိုး ဟုတ်ဟန် မတူပေ။ အာရုံ တခုမှ အာရုံတခုသို့ ထူးခြားစွာ ပြောင်းလဲမှု ကြုံရတိုင်း ကြေနပ် မကြေနပ် နှစ်ရပ်တွင် တရပ်ရပ်ကို ခံစား မိတတ်ကြသည်ချည်း ပင် မဟုတ်ပေလော။

ကိုယ့်ကိုယ်ကို မိုးလုံ လေလုံ ကျောင်း၊ အိမ်၊ ဇရပ်စသော အဆောက်အဦ တခုခုထဲတွင် စားသုံးနေရသည်ဟူ၍ မထင်မိပေ။ လူသူလေးပါးနှင့်ကင်းဝေးသော ဆိတ်လည်း ဆိတ်ငြိမ်မှုရှိသော အရိပ်အာဝါသလည်း ကောင်းသော သစ်ပင်ကြီးတပင်အောက် သို့ ရောက်သွားသည်ဟု ထင်သည်။ ထို သစ်ပင်အောက်တွင် တရားခမ္မအတွက် ဝမ်းရေးကိုဖြည့်တင်းနိုင်ရုံစားသုံးနေရသည်ဟု ထင်သည်။ ထိုသို့ ထင်မိလိုက်သည်ဟုဆိုလျှင် ကျွန်ုပ်၏ ခန္ဓာကိုယ် တကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားသည်။ ပြီးလျှင် ထူးထူး ခြားခြား အေးချမ်းလာသည်ဟု ထင်သည်။ နှစ်သိမ့် ပီတိတွေ တစိမ့်စိမ့် တဖိမ့်ဖိမ့် တဖွားဖွား ပေါ်ပေါက်လာသည်။ တခါမှ

မကြုံတွေ့ဘူးသော အရသာတို့သည် ထူးထူးခြားခြား ဖြစ်ပေါ်လာသည်။ ပြောမပြတတ်အောင်ပင် ဖြစ်ရသည်။ 'အံ့ဩဘွယ်ကောင်းလှပေတကား' ကိုယ့်ဖြစ်ရပ်ကို အမှန်ပင် အံ့အားသင့်သွားမိသည်။ တကိုယ်လုံး ဖြန်းကနဲ ဖြန်းကနဲ ဖြစ်နေသည်။ မျက်နှာတွင် ဖိန်းကနဲ ဖိန်းကနဲ ဖြစ်နေသည်။ စိမ့်ကနဲ စိမ့်ကနဲ ဖြစ်နေသည်။ ပီတိလှိုင်းသည် ကျွန်ုပ်အား အရှိန်အဟုန် အားကောင်းစွာ ရိုက်ခတ်နေပေပြီ။ ပြောင်းလဲမှုသည် မြန်ဆန်လွန်းလှသည်။ ဖြစ်ပျက်မှုသည် ထူးခြား လွန်းလှသည်။ မျက်လှည့်ပြနေသလား မှတ်ထင်ရသည်။ မကြုံဘူးသောဖြစ်ထွေမမြှော်လင့်သော ဖြစ်ရပ်ကြောင့် နားမလည်နိုင်အောင် ဖြစ်ရသည်။ မယုံကြည်နိုင်အောင် ဖြစ်ရသည်။ 'ချမ်းသာအေးမြလှပေတကား' စိတ်ထဲက ဥဒါန်းကျူးရင့်မိလိုက်သည်။ တဆက်တည်းတွေ့မြင်မှုတို့သည် အစီအရီ ပေါ်ထွက်လာသည်။

'သမဏသုခ' ဟူသည် ဤ သဘောဆန်ဆန် ဖြစ်ရပေမည်။ ဘုရားရှင်လက်ထက်က ရဟန်းတော်တို့၏ အခြေအနေကို မြင်ယောင်မိသည်။ ထိုရဟန်းတော်တို့သည်တရားဓမ္မကျင့်သုံးနိုင်ရေးအတွက် ထိုထို ဤဤ အရပ်ဒေသသို့ လှည့်လည်ဆွမ်းခံ ကြွကြရသည်။ တပါးစာမျှ ရလောက်သော အခါ၌ ပြန်ကြွလာကြသည်။ သစ်ပင်ရင်းသို့ ချဉ်းကပ်ကြသည်။ သစ်ပင်အောက်၌ ဆွမ်းဘုန်းပေးကြသည်။ ပြီးလျှင် ပိုသော အစာအဟာရတို့ကို ငှက်စသော တိရစ္ဆာန်တို့အား စွန့်ကြဲကျွေးမွေးကြသည်။ အနီးအနားရှိရေကန်တကန်တွင် ဆေးကြောသုတ်သင်ကာ ဆိတ်ငြိမ်ရာတောတောင် သစ်ပင်ရိပ်သို့ ကပ်၍ တရား ကျင့်သုံးကြသည်။

သစ်တပင်ရိပ်၊ ဝါးတပင်အောက်သည် သူတို့၏ ကျင့်သုံးရာတရား ကျောင်းဖြစ်သည်။ ဆွမ်းစားရာ ဆွမ်းစားကျောင်း ဖြစ်သည်။ အိပ်စက်ရာ၊ လဲလျောင်းရာ၊ သတင်းသုံး နေထိုင်ရာ ကျောင်း များပင် ဖြစ်သည်။ အစားဆင်းရဲသည်၊ အဝတ်ဆင်းရဲသည်၊ အနေ ဆင်းရဲသည်၊ သို့သော် လွတ်လပ်မှုရှိသည်။ စိတ်နှလုံး အေးချမ်း တည်ငြိမ်မှုရှိသည်။ ပေါ့ပါးသော ဝန်ရှိသည် သမဏ သုခဟူသည် ယင်းကဲ့သို့ ဖြစ်တန်ရာချေသည်။ ကျွန်ုပ် အလေး အနက် သဘောပေါက်လာသည်။ နဂိုက ကျွန်ုပ်သည် သမဏသုခ ဟူသည် ကျောင်းကြီးကန်ကြီးနှင့် လာဘ်လာဘ ပေါများပြီး ဘုန်းကြီး တန်ခိုးကြီးသည်ကို သမဏသုခ ဖြစ်မည်ဟူ၍ ထင်ခဲ့ သည်။ ယခု အထင်နှင့်ကား မိုးနှင့် မြေကြီးပမာ ကွာဟနေလေ တော့သည်။

တရားကျင့်သုံးသော ရဟန်းဘဝအဖြစ်နှင့် နေသမျှ စားဝတ် နေရေးကို ဂျီးများနေ၍ မဖြစ်တော့ပေ။ အစားကို မျှတရုံစားရ လျှင် တော်ပေပြီ။ အဝတ်ကို မျှတရုံ ဝတ်ရုံရလျှင် တော်ပေပြီ။ အနေကို အေးချမ်းစွာ တရားကျင့်သုံးနေရလျှင် တော်ပေပြီ။ ကျွန်ုပ်တို့လို သာမန်ဆင်းရဲသားမျိုးနွယ်၊ အရပ်သူအရပ်သား ဘဝကနေ ရဟန်း ဖြစ်လာသူအဖို့ ယခုမှ ဘာဘာညာညာ အကျယ်ချဲ့နေ၍ မဖြစ်တော့ပေ။ ဘုရားရှင်လက်ထက်က ရဟန်း များသည် များသောအားဖြင့် သာမန်လူတန်းစားများမှ ရဟန်း ဖြစ်လာကြသူတွေ မဟုတ်ပေ။ မင်းမျိုး၊ သူဌေးမျိုး၊ သူကြွယ် မျိုးတွေက ရဟန်း ဖြစ်လာကြသူတွေ ဖြစ်သည်။ အဆင့်အတန်း မြင့်မြတ်သော အမျိုးဇာတ်မှ ရဟန်း ဖြစ်လာသူတွေ ဖြစ်သည်။

မလုပ်နိုင်မကိုင်နိုင် လက်ခြေတုန်တုန်ချိချိနှင့်အသက်ကြီးမှရဟန်း ဖြစ်လာသူတွေမဟုတ်ပေ။ နုပျို၊ သန်မာ၊ ဖြတ်လတ်တုံး အရွယ်တွင် ရဟန်းဖြစ်လာသူတွေ ဖြစ်သည်။ကာမဂုဏ် စည်းစိမ်ကိုခံစားလို့ အကောင်းဆုံးအချိန်တွင် ရဟန်း ဖြစ်လာသူတွေ ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့သည် လူ့ဘဝနှင့်ဆိုလျှင်မင်းစည်းစိမ်၊ မင်းတန်ခိုး၊ မင်းအာဏာ၊ မင်းချမ်းသာ၊ သူဌေးစည်းစိမ်၊ သူဌေးတန်ခိုး၊ သူဌေးအာဏာ၊ သူဌေးချမ်းသာ၊ သူကြွယ်စည်းစိမ်၊ သူကြွယ်တန်ခိုး၊သူကြွယ်ချမ်းသာတွေကို ပြည့်ပြည့်ဝဝခံစားနိုင်ကြသည်။

ကာမဂုဏ်စည်းစိမ်တွေကို လိုသလို ခံစားနိုင်ကြသည်။ ခံစားနိုင်သော ခွန်အားဗလနှင့်လည်း ပြည့်စုံကြသည်။ မိမိတို့၏ ဘောင့်တင်းသန်မာ နုပျိုလန်းဆန်းသော အားခွန်ဗလတွေကို ထိုထိုလောက် အာရုံ ကာမဂုဏ် စည်းစိမ်ဘက်၌ အသုံးမချပဲ တရားဓမ္မ၌ အသုံးချခြင်းသည် ဗုဒ္ဓ၏ တရားဓမ္မသည် ထိုထိုလောကီ စည်းစိမ်တို့ထက် သာလွန် မြင့်မြတ်နေကြောင်း ထင်ရှား လှလေသည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိတို့၏ အိမ်တွင် အစေခံတောင် မစားသော ဆွမ်းခံရသမျှ အစားအစာကို စားသုံးလျက်၊ မိမိတို့၏ အိမ်တွင် အစေခံတောင်မထိုင်သော၊မနေသော၊ မအိပ်စက်သော၊ မလျှောင်းသော၊ သစ်တပင်အောက် မြေကြီးပေါ်မှာနေလျက် မိမိတို့၏အိမ်တွင် အစေခံပင်မဝတ်သော၊ ပေရေဆွေးမြေ့စုတ်ပြတ်သော ပံ့သကူ အဝတ်သင်္ကန်းကို ဝတ်လျက် တရားဓမ္မကို ကျင့်သုံးနိုင်ကြသေးသည်၊ 'ငါ၊ ဘာလို့ မကျင့်သုံးနိုင်ရ ပေမည်နည်း။ ငါ ဘာလို့ ဤ ဆင်းရဲဒါဏ်မျိုးကို သည်းမခံနိုင်ပဲ ရှိရအံ့နည်း' ကျွန်ုပ် အားတင်းလိုက်

သည်။ ကျွန်ုပ်၏ ယခုအရွယ်သည် ကာမဂုဏ်စည်းစိမ်ကို ခံစားလို အကောင်းဆုံးအရွယ် ဖြစ်သည်။ ခံစားနိုင်ရန် အားခွန်ဗလ အပြည့်ဆုံး၊ အားမာန်အကြွဆုံးအရွယ်လည်း ဖြစ်သည်။ ငယ်စဉ်ကပင် သာသနာ့ဘောင်ကို ရောက်လာမိသူပီပီ ထိုအခွင့်အရေးတွေကို လက်လွှတ် စွန့်ပယ်ထားနေရသည် ဖြစ်ပါလျက် တရားခမ္မ ချမ်းသာကိုမရဘူးဆိုလျှင် သမထသုခခေါ် စိတ်ငြိမ်းချမ်းသာမှုကို မရဘူးဆိုလျှင်၊ ကာမဂုဏ်ချမ်းသာကိုလည်း လက်လွှတ်ရ၊ ရဟန်းဘဝချမ်းသာကိုလည်း မရရှိခလသည့်အတွက် မိခအားနှစ်ခါနာအဖြစ်မျိုးသို့ ရောက်ရှိပေတော့မည်။ ကျွန်ုပ် အလေးအနက် သဘောပေါက်မိလာသည်။

ဘုရားရှင်လက်ထက်က 'ဘဒ္ဒိယ' အမည်တွင်သော ရဟန်းတော်တပါး ရှိသည်။ မင်းမျိုးမှ ရဟန်းဖြစ်လာသူ ဖြစ်သည်။ သူသည် သစ်ဘပင်ရိပ် ဝါးတပင်အောက်နေပြီး 'အဟောသုခံ အဟောသုခံ။ အော်၊ ချမ်းသာလေစွ၊ ချမ်းသာလေစွ' ဟူ၍ ဥဒါန်းကျူးရင့်ေလသည်။ သူသည် အိမ်ရှေ့မင်းသားဘဝနှင့် နေခဲ့စဉ်အခါက ယခုကဲ့သို့ စိတ်နှလုံး အေးချမ်းသာယာမှုကို မရရှိပေ။ မင်းမျိုးဖြစ်၍ ထိုထို ရုပ်ဝတ္ထုပစ္စည်း သုံးဆောင်ခံစားစရာတွေ မည်မျှ ပေါများမည်ဆိုသည်ကို အထူးပြောဘွယ်မလိုတော့ပေ။ 'ငါ မင်းမျိုးပဲ။ အိမ်ရှေ့မင်းပဲဟူ၍ မာနမီးလောင်ကျွမ်းခံရသည်။ ငါ့စည်းစိမ်းတွေ မည်သူ တနေ့နေ့ လာလု လေမည်နည်း' ဟူ၍ သောကမီး၊ ဒေါမနဿမီးတွေ လောင်ကျွမ်း ခံခဲ့ရသည်။ တနေရာမှ တနေရာသို့ သွားလေတိုင်း အခြံအရံ အစောင့်အရှောက်တွေနှင့် သွားရသည်။ လွတ်လပ်မှု မရှိ

ပေ။ ရန်သူကို ကြောက်ရသည်။ ဒေါသမီး လောင်ကျွမ်းခံရသည်။ ကာမဂုဏ်စည်းစိမ် ခံစားရေးအတွက် စိတ်တွေ ဂဏှာမငြိမ် ချောက်ခြားတုန်လှုပ်ရသည်။ ရာဂမီး လောင်ကျွမ်းခံရသည်။သူတပါး အထင်ကြီးစေလိုသည်။ အထင်သေးခံရမည်ကို ကြောက်သည်။ အောက်ကျနောက်ကျ ဖြစ်နေမည်ကို ကြောက်သည်။ တစုံတခုကို အကြောင်းပြု၍ အပြစ်တင်ခံရမည်ကို စိုးရိမ်ရသည်။ ယင်းကဲ့သို့ ရာဂမီး၊ ဒေါသမီး၊ မာနမီး၊ ဒေါမနဿမီး၊ သောကမီး စသော မီးတို့ နေ့စဉ်နှင့်အမျှ အထပ်ထပ် ဝိုင်းရံခံရသော စိတ်မလွတ်လပ်ဘဝမှ ယခုကဲ့သို့ လွတ်လပ်သော ဘဝသို့ ရောက်လာသောအခါ၌ အလွန် ဆင်းရဲနေတုံး အဘိုးတန်ပတ္တမြားကို ရလိုက်ဘိသကဲ့သို့ ဥဒါန်းကျူးရင့်မိခြင်း ဖြစ်တော့သည်။

ထိုကဲ့သို့ ရဟန်းဘဝ၌ ငါရဟန်းပဲဟူ၍ မာနမီး အလောင်မခံရတော့ပေ။ ကိုယ့်ဘက်ကြီးသော ရဟန်းကို ရိုသေကျိုးနွံစွာ ရှိခိုးဦးဘင်ရသည်။ ယင်းမှာ မင်းသားဘဝက ကိုယ့်ထက်ရာထူး ကြီးကဲသော မင်းတို့ကို ရိုသေရမှုအခြေအနေနှင့် လုံးဝကွာခြားသည်။ လူ့ဘဝ ရိုသေရမှု၌ လွတ်လပ်မှု မရှိပေ။ တစုံတခုကို မျှော်ကိုး၍ရင်း၊ တစုံတခုကို ကြောက်ရွံ့၍ရင်း၊ ရိုသေရမှုမျိုး ဖြစ်သည်။ လောဘစွန်း၊ ဒေါသစွန်း၊ ငြိတွယ်မှု ပါသည်။ ရဟန်းဘဝ ရိုသေရမှု၌ လွတ်လပ်မှု ရှိသည်။ လောဘစွန်း၊ ဒေါသစွန်း၊ ငြိတွယ်မှု မရှိပေ။ ဖြူစင်သန့်ရှင်းသော စေတနာ သဒ္ဓါအရ လွတ်လပ်စွာ ရိုသေခြင်း ဖြစ်သည်။ ကိုယ်နှင့်အရွယ်တူကို လေးစားရာ၌ရင်း၊ ငယ်သူကို သနားရာ၌ရင်း၊ ထို

ကဲ့သို့ ဖြစ်သည်။ မေတ္တာ၊ ကရုဏာ စသော ဗြဟ္မစိုရ်ဓာတ်အခြေ ခံသည်။ ယင်းအတွက် ထိုထို ဤဤ အလီလီသော လောကီဂုဏ်ကို ချုပ်ချယ်မှု မပါတော့ပေ။ မိမိတို့၏ အတွင်းသဏ္ဌာန်ကဖြစ်စေ လိုက်လှဲသော စေတနာ သဒ္ဓါအရသာ ဖြစ်ပေသည်။ ငါ့ကို မည်သူ လာရိုက်မည်နည်း။ ငါ့ပစ္စည်းတွေ ဘယ်သူ လာလုမည်နည်း။ ဘာမှ မစိုးရိမ်ရတော့ပေ။ မိမိ၌ ဘယ်ရန်သူမှ မရှိပြီ။ မေတ္တာဘာဝနာ အမြဲတန်း နှလုံးသွင်းနေသူအဖို့ အဘယ်မှာ ရန်သူ ရှိမည်နည်း။ သူတပါးက လာ၍ လုယူရအောင်လည်း တန်ဘိုးရှိသော ပစ္စည်းလည်း အဘယ်မှာ ရှိမည်နည်း။ အဆုံးစွန် အားဖြင့် ဤသင်္ကန်းကို လာလုလျှင် ထိုသင်္ကန်းအောက် ပြောင်းရွှေ့ နေလိုက်ရုံပင် ရှိတော့သည်။ သည်အတွက်လည်း စိုးရိမ်စရာ မရှိတော့ပေ။ မိမိသွားလိုသော နေရာကို တပါးတည်း လွတ်လပ်စွာ သွားလို့ ရသည်။ နေလိုသော နေရာကို လွတ်လပ်စွာ နေလို့ ရသည်။ အိပ်စက်လိုသော နေရာကို လွတ်လပ်စွာ အိပ်လို့ ရသည်။ အဖော်မလို၊ အခြံအရံမလို၊ အစောင့်အရှောက်မလို၊ နောက်ဆန်တင်းဘွယ် အကြောင်းမရှိ။ ငြိတွယ်စရာ နှမ်းတစိ မရှိ။ မည်မျှ စိတ်နှလုံး ငြိမ်းချမ်းသာသော ဘဝ ပေနည်း။ ယင်းအတွက် 'ဘဒ္ဒိယ'သည် ဥဒါန်းကျူးရင့်ခြင်း ဖြစ်မိတော့သည်။ ကျွန်ုပ်သည်း ယုခုမှ သမဏသုခ၏ ရောင်နီဦးကို ခတ်ရေးရေး မြင်တွေ့မိပေတော့သည်။

ကျွန်ုပ်သည် ဝမ်းဗိုက်ပြည့်ရုံမျှ ဆွမ်းကို စားပြီးလျှင် လက်ဆေးလိုက်သည်။ မတ်ခွက်ထဲက ရေနွေးကို ယူသောက်လိုက်သည်။ ဆွမ်းစားနေသော သံဃာတွေကို မသိမသာ အကဲခတ်

ကြည့်မိသည်။ သစ်ပင်အောက်မှာ အသီးသီးထိုင်လျက် ဆွမ်းဘုန်းပေးနေသည်ဟု ထင်မိသည်။ အားလုံး ကျွန်ုပ်ထက် များစွာ အသက်ကြီးသူတွေ ဖြစ်ကြသည်။ တပါးစီကြည့်ပြီးသော ကာလ ကျွန်ုပ်ညာဘက်တွင် ရှိနေသော ဘုန်းကြီးကို မသိမသာ လှည့်၍ ကြည့်မိသည်။ ကျွန်ုပ်ရင်ထဲ ဒိတ်ကနဲ ဖြစ်သွားသည်။ ငါ့အား သိဘူးမြင်ဘူးသူ တစုံတဦးမျှ ရှိမည်မဟုတ်ဟူ၍ ကျွန်ုပ်တွက်မိခြင်းသည် တက်တက်စင်အောင် လွဲမှားနေချေပြီ။ 'ဟုတ်ဟုတ်ရဲ့လား'ဟူ၍ အသေအချာ ပြန်ကြည့်မိသည်။ ဟုတ်ပါသည်။ ဘုန်းကြီး ဦးနန္ဒဝံမှ ဘုန်းကြီး ဦးနန္ဒဝံ အစစ်။ လားလား ကျွန်ုပ်အနားတွင် ငုတ်တုပ်ထိုင်လျက် ဆွမ်းဘုန်းပေးနေသည်ကို ပထမသော် ကျွန်ုပ် မျက်စိမျက်နှာ ပျက်သွားမိသည်ဘော့အမှန်ဖြစ်သည်။ နောက်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။သူကကျွန်ုပ်အား ပြုံးပြုံးကြီးကြည့်လျက် ကျွန်ုပ်ကဲ့သို့ ရေနွေး သောက်နေသည်။

ဟာ ဘုန်းကြီး'

ကျွန်ုပ် ယောင်ရမ်း မြည်တမ်းလိုက်မိသည်။

'ဘုန်းကြီး ဒီကို ရောက်နေတာ တော်တော်ကြာပြီလား၊ ဟင်'

အမှတ်မထင် မမျှော်လင့်ပဲ တွေ့လိုက်ရ၍ ဝမ်းသာရမလိုလို ဝမ်းနည်းရမလိုလို ဖြစ်သွားရသည်။

'၁၅-ရက်လောက် ရှိပြီ။ ဝမ်းသာလိုက်တာ ကိုယ်တော်ရေ။ကိုယ်တော့်ကိုပြန်းကနဲ တွေ့ရဘော့ကိုယ့်ညီလေးတယောက်

ကို တွေ့လိုက်ရသလိုပဲ စိတ်ထဲ ဖြစ်သွားတယ်။ ကိုယ်တော့်ကို ဒီလို နေရာမျိုးမယ် တွေ့ရလေ့မယ်လို့ ဘယ်လိုမှ မထင်ခဲ့ဘူး’

မှန်ပါသည်။ သူကလည်း ကျွန်ုပ်ကို ဤလိုနေရာမျိုး တွေ့ရမည်ဟူ၍ မထင်သလို ကျွန်ုပ်ကလည်း သူ့အား ဤလိုနေရာမျိုး၌ တွေ့ရလိမ့်မည်ဟူ၍ ဘယ်လိုမှ မမျှော်လင့်ခဲ့ပေ။ တဦးနှင့်တဦး တွေ့ကြုံကြရသောဖြစ်ရပ်သည် ဆန်းကျယ်လှပေတကား။ သူနှင့်ကျွန်ုပ်နှင့် လုံးလုံးလျားလျား မတွေ့ကြုံရသည်မှာ တနှစ်ကျော်ခန့်ပင် ရှိသွားပေပြီ။ အမှန်တော့ သူနှင့် ကျွန်ုပ်သည် သိပ်ရင်းရင်းနှီးနှီးကြီး သိကျွမ်းကြသည်တော့ မဟုတ်ပေ။ ကျွန်ုပ်ဆရာနှင့် ပတ်သက်ပြီး မကြာမကြာ မြင်ဘူး၊ တွေ့ဘူး၊ စကားပြောဘူး အနေမျှသာ ရှိသည်။ သူက ပုဇွန်ဘောင် ကျောက်တိုင် ကျောင်းမှာ နေသည်။ အသက် ၅၀ခန့် ရှိပြီ ဖြစ်သည်။ ကျွန်ုပ်ဆရာထက်တ၀ ါခန့်ကြီးသည်။ အစိုးရဓမ္မာစရိယကိုလည်း အောင်ပြီးသူ ဖြစ်သည်။ ဘိဓအဘွဲ့ကိုလည်း ရရှိပြီးသူဖြစ်သည်။ လောကီလောကုတ် ပညာစုံဘတ်ကျွမ်းသူ ပုဂ္ဂိုလ်ဘပါးပါပေ။ ကျွန်ုပ်က ပုဇွန်တောင် ဆုတောင်းပြည့်ကျောင်းတွင် နေသည်။ ထိုစဉ်က ကျွန်ုပ်ဆရာ အရှင် ဇ၀နဉာဏသည် ထိုကျောင်းသို့ မကြာမကြာ သွားလေ့ရှိသည်။ သူသွားတိုင်း ကျွန်ုပ် လိုက်ပါရသည်သာ များသည်။ ထိုနောက် ကျွန်ုပ်ဆရာ တာမွေ နတ်ချောင်း ဒေကုန္ဒနီကျောင်း ပြောင်းတော့လည်း သူ့ဆီမှာ အင်္ဂလိပ်စာ သင်ယူပေသည်။ ထိုစဉ်က သိရှိရခြင်း ဖြစ်သည်။ ကျွန်ုပ် ယခုမှ ၀မ်းမြောက်၀မ်းသာ ဖြစ်မိတော့သည်။

'ဝမ်းသာလိုက်တာ ဘုန်းကြီးရာ၊ ဝမ်းသာလိုက်တာ။ ဒါထက် ဘုန်းကြီး ဒီရောက်တာ ၁၅ ရက်ဆိုတော့ တရား တော်တော် ပေါက်နေပြီပေါ့။ ဘုန်းကြီးတို့လဲ စာပေကျွမ်းဂန် တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေပဲ။ စာပေကျွမ်းဂန်နဲ့ တိတိကျကျ ကိုက်ရဲ့လား ဘုန်းကြီး' ကျွန်ုပ်က လိုရင်းအချက်ကို မလွတ်စာမ်း မေးမိတော့သည်။

'တရားကတော့ အသင့်အတင့်လောက်ပဲ ရှိသေးတယ် ကိုယ်တော်ရေ့။ သိပ်တော့ မဟုတ်သေးဘူး။ သူ့ တရားနည်းလမ်းဟာ စာပေကျွမ်းဂန်နဲ့တော့ အလွန် တိကျ သေချာတယ်။ ဒီဆရာတော်ဟာ အလွန် ထူးခြားတဲ့ ဆရာတော်ပဲ။ ကြာလေကြာလေ သူ့အရည်အချင်းတွေ သိရလေပဲ။ ကိုယ်တော်တို့လဲ နောက်တော့ သိလာပါလေ့မယ်။ နောက်မှ အေးအေးဆေးဆေး စကားပြောကြမယ်လေ။ တပည့်တော် ယိုအနာ့ကကျောင်းမှာ နေတယ်'

သူက သူနေသောကျောင်းကို လက်ညှိုးထိုး ညွှန်ပြပြီး ထသွားလေတော့သည်။ ကျွန်ုပ်တို့လည်း ကိုယ့်နေရာသို့ ထပြန်လာခဲ့တော့သည်။

'ဦးပဥ္စင်း တပည့်တော် ပြန်မယ်'

ဦးမာလာက ပြန်ရန် ခွင့်တောင်းလာသည်။

'မအိပ်တော့ဘူးလား ဦးမာလာ။ အိပ်သွားပါအုံးလား'

'မအိပ်တော့ဘူး ဦးပဥ္စင်း။ ပြန်မယ်။ ဘာမှာချင်သေးလဲ'

'ဘာမှ မှာစရာ မရှိပါဘူး'

ဦးမာလာ လှည့်ပြန်သွားတော့သည်။ သူကလည်း ကျွန်ုပ်ကို ဘာမှ မပြောခဲ့သလို ကျွန်ုပ်ကလည်း သူ့အား ဘာမှ ပြန်မပြောမိလိုက်တော့ပေ။ ပြောစရာလည်း မရှိတော့ပေ။ မှာစရာလည်း မလိုတော့ပေ။ ကျွန်ုပ်အတွက် သူသည် သူ့တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့ပြီးပြီ ဖြစ်သည်။ ကျွန်ုပ်အား ဤဌာနသို့ ရောက်အောင် သူပင် ညွှန်ကြားနိုင်ခဲ့သည်။ သူပင် ပို့ဆောင်နိုင်ခဲ့သည်။ ဦးမာလာ၏ ကျေးဇူးသည် ကျွန်ုပ်အား များစွာ တင်ရှိခဲ့သည်သာ ဖြစ်သည်။ သူကတော့ တာဝန်ပြီးဆုံး၍ ကျွန်ုပ်အားတယောက်တည်း ထားခဲ့၍ ပြန်သွားနိုင်ခဲ့ပေပြီ။ ကျွန်ုပ်က ကျွန်ုပ်တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ရန်သာ ကျန်တော့သည်။ နောက်ထပ်ကျွန်ုပ် ဘာထွေထွေထူးထူး စဉ်းစားစရာ လိုတော့သနည်း။ ယခုအချိန်၌ အတိတ် ဖြစ်ရပ် မှန်သမျှကို အားလုံး မေ့ပစ်ထားရမည် ဖြစ်သည်။ ကျွန်ုပ်ရှိနှင့်နေသော ဖိုတွေကို လှဲဖယ်လိုက်သည်။ ပြီးလျှင် သောက၊ ပရိဒေဝ၊ ဒေါမနဿ ကင်းဝေးစွာ စိတ်ချလက်ချ အိပ်ချမိတော့သည်။

[ ၆ ]

# တရားစ၍ ထိုင်ခဲ့စဉ်တွင်

ကျွန်ုပ် မည်မျှ အိပ်ပျော်သွားသည်မသိ။ ဒကာတဦး ခြေထောက်ကို ကိုင်လှုပ်မှ နိုးလာတော့သည်။ ကျွန်ုပ်အား မနက် ၈ ဆွမ်းစား လာပင့်သူပင်ဖြစ်သည်။

'ဦးပဥ္စင်း မြင်းခြံဆရာတော် ခေါ်နေတယ်။ သူ့ကျောင်းကို ကြွခဲ့ပါတဲ့'

သူက လာပြောနေသည်ကတော့ ဟုတ်ပေပြီ။ မြင်းခြံဆရာတော် ဆိုတာ မည်သူမည်ဝါ မှန်းလည်း ကျွန်ုပ် မသိပေ။ သူ့ကျောင်းဆိုတာ ဘယ်အနားမှာ ရှိမှန်းလည်း မသိပေ။ အိပ်မှုန်စုံမွှားနှင့် သူ့အား ကြောင်၍ ကြည့်နေမိသည်။

'တပည့်တော်နဲ့ လိုက်ခဲ့ရမှာဘုရား'

ကျွန်ုပ်အခြေအနေကို ရိပ်စားမိသွားဟန်တူသည်။ ထပ်ဆင့်၍ ဆိုလာသည်။ ထိုအခါမှ ကျွန်ုပ်လည်း ရိပ်စားမိတော့သည်။ 'တရားထိုင်ရအောင်ခေါ်တာ ဖြစ်မှာပဲ'ဟူ၍ တွက်မိတော့သည်။

'ဘယ်နှစ်နာရီလောက် ရှိသွားပြီလဲ၊ ခဏလေး ဆိုင်းပါအုံး။ မျက်နှာသစ်လိုက် ပါအုံးမယ်'

'နှစ်နာရီ ကျော်သွားပြီဘုရား'

'အော်၊ ၂-နာရီတောင် ကျော်သွားပြီလား'

ကျွန်ုပ် ကပျာကယာ မျက်နှာသစ်ပြီးလျှင် သူ့နောက်သို့ လိုက်လာခဲ့သည်။

မြင်းခြံဆရာတော်ကျောင်းတွင် မည်သူ တစုံတဦးကိုမှ မတွေ့ရပေ။ ကျွန်ုပ်တပါးစာ သူ့ရှေ့တွင် ဖျာတချပ်ခင်းထားသည်ကို တွေ့ရသည်။ ကျွန်ုပ် ထိုဖျာပေါ်မှာထိုင်၍ ဦးသုံးကြိမ်ချလိုက်သည်။ ပြီး သူ့အား အကဲခတ်ကြည့်လိုက်သည်။ အရပ် ခပ်ပုပု၊ ခပ်ပိန်ပိန်၊ မျက်နှာကြီးကြီး၊ အသားညိုညို ဖြစ်သည်။ အရွယ်အားဖြင့် ရွှေဥမင်တောရဆရာတော် အရွယ်လောက်ပင် ရှိပေမည်။ ထိုစဉ်က ရွှေဥမင်တောရဆရာတော်သည် သက်တော် (၅၈)နှစ် ဝါတော် (၃၈)ဝါ ရရှိပေပြီ။

'ဆရာတော်က တပည့်တော်ကို လွှဲအပ်လိုက်တယ်။ ကိုယ်တော်ကို တရားပြပါတဲ့။ ရေးလက်စ ကျမ်းစာတခု မပြီးပြတ်သေးတာနဲ့ ရေးနေရတာ။ နောက်ဆယ်ရက်လောက်ဆို ပြီးပါလေ့မယ်။ အဲဒီအခါမှ ဆရာတော်ကိုယ်တိုင် ပြပါလေ့မယ်'

ထိုစကားကို ကျွန်ုပ်အား စတင် မိန့်ကြားလာလေသည်။ ကျွန်ုပ် ဘာမှ ပြန်လည် မလျှောက်မိပေ။ ငြိမ်သက်နေမိသည်။

'ကိုယ်တော်ဘွဲ့ ဘယ်လိုခေါ်လဲ'

'နိပုဏပါဘုရား'

'ဦးနိပုဏ ဟုတ်လား။ ဘယ်နှစ်ရက်လောက် တရားထိုင်မယ် မှန်းထားလဲ'

'တပည့်တော် သုံးလပါဘုရား'

'သုံးလ ဟုတ်လား။ တော်တော်ကြာ တပည့်တော်လို ဖြစ်နေအုံးမယ်။ တပည့်တော်လဲ အစက သုံးလဆိုပြီးတော့ ထိုင်တာ။ ခု သုံးနှစ်တောင် ရှိနေပြီ။ မပြန်နိုင်သေးဘူး။ တိုက်အုပ်ဘုန်းကြီး ခန့်ထားတော့ ပိုပြီး အပြန်ရ ခက်နေတယ်'

ငါလည်း သူ့လိုဘဲဖြစ်နေဦးမှာလား။ အမှတ်မထင် တွေးမိသည်။ မြင်းခြံဆရာတော်အသံမှာ ညြည လေးလေးကြီး ဖြစ်သည်။ အသံရှင်းလင်းမှု ရှိပေသည်။ ဤမျှ စကားပြောဆိုလာမိသောအခါ မြင်းခြံဆရာတော်အားလည်း ရင်းနှီးလေးစားမှု ရှိကာ နေပေသည်။

'တပည့်တော်ကတော့ရှင်းပေးလေ့မရှိဘူး။ဆရာတော်နဲ့ကျမှ မရှင်းလင်းဒါ၊ သံသယရှိတာ မေးပေတော့ဗျာ။ ရှင်းပြပေးပါလေ့မယ်။ တပည့်တော်က ပြဆို ဆရာတော် နည်းနိသျအတိုင်း တိတိကျကျ ပြတာဘဲ။ ကိုင်း၊ တရားစထိုင်ကြရအောင်။ လက်အုပ်ချီ။ ဘုရားကို အာရုံပြုထား'

မြင်းခြံဆရာတော် အသံသြသြကြီးက တလုံးစီ ညွှန်ကြား ချက်ထွက်ပေါ်လာသည်။ ကျွန်ုပ်က ဘုရားဖက် ဦးလှည့်ကာ ဆောင့်ချောင့်ထိုင်ကာ လက်အုပ်ချီထားသည်။

'နမောတဿ သုံးခေါက်ဆို'

'နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

ကျွန်ုပ်က သူညွှန်ကြားသည့်အတိုင်း သုံးခေါက် လေးလေး မှန်မှန် ဆိုလိုက်သည်။

'ဒါ နံပါတ်တစ် အစီအစဉ်အရ ဘုရားရှိခိုးခြင်း ဖြစ်တယ်။ နံပါတ်နှစ် အစီအစဉ်အရ သရဏဂုံ သုံးပါးကို ခံယူရမယ်။ ဗုဒ္ဓံ သရဏံဂစ္ဆာမိ သုံးခေါက်ဆို'

'ဗုဒ္ဓံသရဏံဂစ္ဆာမိ'

'ဓမ္မံသရဏံဂစ္ဆာမိ'

'သံဃံ သရဏံဂစ္ဆာမိ'

သရဏဂုံသုံးပါးကို သုံးခေါက်ဆို၍ ခံယူလိုက်သည်။

'ဘုရားကိုလည်း ရှိခိုးပြီးပြီ။ သရဏဂုံ သုံးပါးကိုလဲ ခံယူပြီး ပြီ။ အခု တတိယအစီအစဉ်က ဘုရား၊ ရဟန္တာ၊ အရိယာ စသော သူတော်ကောင်းတွေကို ကန်တော့ ဝန်ချ တောင်းပန် ရမယ်။ ကိုယ်ကမတော်တဆ ပြစ်မှားထားတာရှိရင် ကိုယ့်မှာ တရားထူး တရားမြတ်တွေ မရရှိနိုင်ဘူး။ ထို ပြစ်မှာ မိတဲ့ ကံက တားမြစ်တယ်။ အဲဒီ အပြစ်ကံတွေမှ ကင်းပျောက်အောင် ကန်တော့ ဝန်ချ တောင်းပန်ရခြင်း ဖြစ်တယ်။ ဒီလိုတောင်းပန်

လိုက်မှ ထိုအပြစ်ကံတွေက ကင်းလွတ်ခွင့်ရပြီး တရားထူး တရားမြတ်တွေ ရရှိနိုင်တယ်။ ဒီကတိုင်ပေးမယ်။ လိုက်ဆို'

'သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရှင်ကောင်း အရှင်မြတ်တို့နှင့်တကွ အရိယာပုဂ္ဂိုလ်၊ သူတော်စင်ပုဂ္ဂိုလ်၊ အရှင်ကောင်း အရှင်မြတ်တို့ဘုရား။ တပည့်တော်သည် ဘဝဘဝ အသင်္ချေအနန္တကရင်း၊ ယခုဘဝတွင်ရင်း၊ အရှင်ဘုရားတို့ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပုထုဇဉ် ဖြစ်ခဲ့သည့် အလျောက် တွေဝေမိုက်မှားစွာ၊ အပြစ်ကြီး အပြစ်ငယ်တို့ကို မှားမိခဲ့သော် ထိုအပြစ်အကြွေး ရှိနေခဲ့လျှင်အရိယာသူတော်စင်တို့ သိရှိကြသော တရားထူးတရားမြတ်ကို သိရှိရန် အန္တရာယ် ဖြစ်နေပါသဖြင့် အပြစ်ကြီး၊ အပြစ်ငယ်တို့မှ ကင်းလွတ်ခွင့်ရရန် တပည့်တော် လက်အုပ်မိုး၍ ရိုသေစွာ ရှိခိုးကန်တော့ တောင်းပန်ပါ၏။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရား။ တပည့်တော်အား အရိယာ သူတော်ကောင်းတို့ သိရှိသော မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားစစ်ကို ညွှန်ကြား ပြသ ပေးသနားတော်မူပါဘုရား'

'ကိုင်း၊ ဦးသုံးကြိမ် ချလိုက်တော့'

ကျွန်ုပ် ဦးသုံးကြိမ် ချလိုက်သည်။ မြင်းခြံဆရာတော် ဆက်လက်ညွှန်ကြားချက် ထုတ်နေသည်။

ဘုရားရှင်ထံမှ တရားတောင်းပြီးပြီ တရားထိုင်ရအောင် တင်ပလ္လင်ခွေထိုင်၊ ကိုယ်ကို တောင့်မထားနဲ့ တင်းမထားနဲ့။ သိပ်အရော့ကြီးလဲမထားနဲ့၊ နေလို့ကောင်းအောင်ထား၊နှာခေါင်းက အသက် မှန်မှန်ရှူ၊ မှန်မှန်ပြန်ထုတ် ခုအားထုတ်ရမှာက အာနာ

ပါနဲ မဟုတ်ဘူး၊ ဝါယောဓာတ် သဘောကို အားထုတ်မှု ဝိပဿနာအစစ်ဖြစ်တယ်။ ဒီဌာနကသမထကိုလုံးလုံး အားမထုတ်ဘူး။ ဝိပဿနာအစစ်ကိုသာ အားထုတ်တယ်၊အသက်ရှူမှုထုတ်မှု မှန်ပြီလား မှန်ရင် ဝင်လေကို လွှတ်လိုက်၊ ထွက်လေကိုသာ အာရုံပြု၊ ထွက်လေ့ကိုသာ အသိကပ်ထား၊ ဝါယောဓာတုဝိတ္ထမ္ဘိတ လက္ခဏာ၊ ဝါယောဓာတ်ဟာ တွန်းမှုသဘောရှိတယ် နှာခေါင်းပေါက်နား လက်ဖဝါးခံ ပါးစပ်ကို ပိတ်ပြီး၊ 'ဟင်' လို့ လေကို မှုတ်ထုတ်ကြည့်စမ်း။

ဆရာတော် မိန့်ကြားသည့်အတိုင်း ကျွန်ုပ်က နှာခေါင်းပေါက်နားတွင် ညာဘက် လက်ဖဝါးခံပြီး ပါးစပ်ကို ပိတ်ကာ 'ဟင်' ဟူ၍ မှုတ်ထုတ်ကြည့်လိုက်သည်။

'လေကလက်ကို လာတိုးတာ မတွေ့ရဘူးလား'

'တွေ့ရပါတယ် ဘုရား'

ဆရာတော် ဆက်လက် အမိန့်ရှိနေသည်။

'လက်ကို လေ လာတိုးတယ်ဆိုတာ နှာခေါင်းထဲက လေက ထွက်လာလို့ တိုးခြင်းဖြစ်တယ်။ နှာခေါင်းထဲက လေထွက်လာတယ်ဆိုတာ ရွေ့လာတယ်၊ လှုပ်ရှားသွားတဲ့ သဘောပဲ။ အဲဒီ လေရွေ့တယ် လှုပ်ရှားတယ်ဆိုတာ သူ့ အလိုအလျောက် ရွေ့တာလှုပ်ရှားတာ မဟုတ်ဘူး၊ 'ဟင်' ဆိုတဲ့ ဝါယောဓာတ်တွန်းမှု သဘောက တွန်းပေးလိုက်လို့ ရွေ့ရ လှုပ်ရှားရခြင်း သဘောဖြစ်တယ်။ 'ဟင်' လို့ တခါ တွန်းလိုက်ရင် လေက တခါရွေ့ကာ လှုပ်ရှားလာပြီး လက်ကို တခါ တိုးလာမှာပဲ။ 'ဟင်-ဟင်' လို့ ၂ ခါတွန်းရင် ၂ ခါ တိုးမယ်၊ ဟင်၊ ဟင်၊ ဟင်လို့သုံးခါတွန်းရင်

သုံးခါ လာတိုးမယ်၊ ကဲ၊ ဟင်၊ ဟင်၊ ဟင် လို့ သုံးခါ တွန်းကြည့်စမ်း လက်ကို ဘယ်နှစ်ခါ လာတိုးသလဲ'

ကျွန်ုပ်သည် ဆရာတော် မိန့်ကြားသည့်အတိုင်း ဝင်လေကို ဖြေးညှင်းစွာရှူလိုက်ပြီး၊ လေကိုပြန်အထုတ် ပါးစပ်ကိုပိတ်လျက် ဟင်၊ ဟင်၊ ဟင် ဟူ၍ အသံထွက်ကာ သုံးခါ ဆင့်တွန်းလိုက်သည်။ လက်ကို သုံးခါပင် လေက တိုးထိသွားသည်ကို သိလိုက်ရသည်။

'ဘယ်နှစ်ခါ လက်ကို တိုးထိသွားတာကို သိလိုက်သလဲ'

ဆရာတော်က မေးသည်။

'သုံးခါ တိုးထိသွားတာကို သိရပါတယ် ဘုရား' ကျွန်ုပ်က အမှန်အတိုင်းပဲ ဖြေကြားလိုက်သည်။

'ဟုတ်ပြီ လက်ကို အောက်ချလိုက်တော့ ခုတရားအားထုတ်ရမှာက ဟင် ဆိုတဲ့ ဝါယောဓာတ်ရဲ့ တွန်းမှု သဘောကိုပဲ အားထုတ်ရမှာပဲ။ မထုတ်ခင် ဟင် ဆိုတဲ့ ဝါယောဓာတ်ရဲ့ တွန်းမှု သဘောကို ကျကျနနကြီး သဘောပေါက်ထားဖို့ လိုတယ်။ ဟင် ဆိုတဲ့တွန်းမှု ထွက်လာရွေ့လာ လှုပ်ရှားလာတဲ့ လေနဲ့ကွဲအောင် လေ့လာရမယ်။နှာခေါင်းထဲမှာဟင်ဆိုတဲ့တွန်းမှုလေနဲ့ဘယ်သူက အရင်လဲ၊ ဘယ်သူက နောက်လဲပြီးတော့ ဟင် ဆိုတဲ့တွန်းမှုဟာ နှာခေါင်း အဖျားက ဖြစ်လာတာလား၊ နှာခေါင်း အမှင်းနားလောက်က ဖြစ်လာတာလား။ ဟင်၊ ဟင်၊ ဟင် လေ့လာကြည့်ပါအုံး'

'ဟင်၊ ဟင်၊ ဟင်။ ဟင်၊ ဟင်၊ ဟင်။ ဟင်၊ ဟင်၊ ဟင်'

ကျွန်ုပ်ပါးစပ်ကို ပိတ်၍'ဟင်' ဟူသော သဘောကို သတိပြု လေ့လာကြည့်သည်။ 'ဟင်' ဟူ၍တွန်းထုတ်လိုက်တိုင်းလေကရွေ့ ရွေ့သွား၊ လှုပ်လှုပ်ထွက်ထွက်သွားသည်။ ဟာ ဟူသောဝါယော ဓာတ်က တွန်းပေးလိုက်သော ဤလေသည် ရွေ့သွား လှုပ်ရှားသွား အပြင်ဘက်သို့ ထွက်သွားရပါတကား ဟူ၍ သတိပြုမိသည်။ သို့ ဖြစ်လျှင် လေက ရွေ့က ဟင် ဆိုတဲ့ တွန်းမှုက နောက်ကဆိုတာ သဘော ပေါက်လာရသည်။ ထို့နှင့် တဆက်တည်း ၎င်းဟင် တွန်းမှု သဘောသည် နှာခေါင်းဖျားက ပေါ်လာခြင်း မဟုတ်ပဲ နှာခေါင်းအရင်းနားလောက်က ဖြစ်ပေါ် လာနေသည်ကိုလည်း သိရှိလိုက်သည်။ ထိုသို့ သဘောပေါက်သည့်အတိုင်း ဆရာတော် အား ပြန်လည် လျှောက်ကြားလိုက်သည်။

'ဟင် လို့ တွန်းလိုက်တိုင်း လေထွက်သွားတာကို တွေ့ရပါတယ် ဘုရား။ ထွက်သည့် နေရာမှာလည်း တခါတွန်း တခါထွက်၊ နှစ်ခါ တွန်းနှစ်ခါထွက် တွန်းတိုင်းတွန်းတိုင်း လေက ရွေ့သွားလှုပ်ရှား သွားထွက်သွားတာကို သိရပါတယ် ဘုရား။ လေကရွေ့က တွန်းမှု သဘောက နောက်ကဆိုတာ သိရပါတယ် ဘုရား။ အဲဒီဟင် ဆိုတဲ့ တွန်းမှု သဘောဟာ နှာခေါင်း အရင်းနားကနေ ဖြစ်ပေါ် လာတာကို သိရပါတယ် ဘုရား'

'ဟုတ်ပြီ၊ ဒါဖြင့် တရားထိုင်ရအောင် မျက်စေ့ကို မှိတ်ပေ တော့။ ဒီက ဟင်ကို အသံထွက် မြည်ပြတာက သိအောင်လို့ပုံစံပြ ခြင်းဖြစ်တယ်။ တရားထိုင်တဲ့အခါ အဲဒီလို အသံထွက် ထိုင်ရမှာ မဟုတ်ဘူး'

ကျွန်ုပ်က မျက်စေ့ကို မှိတ်လိုက်သည်။ တရားရှုပွားရန်အသင့် အနေအထား ပြင်ဆင်လိုက်သည်။ ဆရာတော်က ဆက်လက် ညွှန်ကြားချက် ထုတ်နေသည်။

'ခု အားထုတ်ရမှာက သုံးချက်တွန်း အားထုတ်ရမယ်။ ဝင်လေကို ဖြေးဖြေး ရှူသွင်း၊ ဝင်လေကိုအသိမကပ်နဲ့ လွှတ်ထား။ ထွက်လေမှာ ဟင်၊ ဟင်၊ ဟင် လို့သုံးချက်တွန်းထုတ်ပြီး ဝင်လေ တခါရှူ၊ သုံးချက် ပြန်တွန်းထုတ်၊ ဝင်လေ တခါမျှူမိတိုင်း ထွက်လေမှာ သုံးချက်၊ သုံးချက် ပြန်တွန်းထုတ်ရမယ်။ ထုတ်တဲ့နေရာမှာပထမ နှစ်ချက်ကို ခတ်မြန်မြန်ထုတ်ပြီး နောက်ဆုံး အချက်ကို ခပ်လေးလေး တွန်းထုတ်လိုက်။ ကဲ၊ အားထုတ်ပေတော့ ဟင်၊ ဟင်၊ ဟင်'

ဆရာတော်က ကျွန်ုပ်အား တရားအားထုတ်နည်းကို အားဖြည့်ပြကာ နည်းညွှန်းပေးနေသည်၊ ကျွန်ုပ်မျက်စေ့ကိုမှိတ်၍အသံမကြည်ဘဲသုံးချက်တွန်းပြီးလျှင် အသိကို တွန်းမှုသဘောအပေါ်မှာ ကပ်ထားသည်။ ကျွန်ုပ်မှာ စသိုင်သော ယောဂီဖြစ်၍ ဆရာတော် စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

'တရားထိုင်တဲ့နေရာမှာရှုကွက်၊ အရှုခံ၊ ရှုစိတ်လို့သုံးခုရှိတယ်၊ ရှုကွက်ဆိုတာ နှာခေါင်းအတွင်းပိုင်းကို ခေါ်တယ်၊ အရှုခံဆိုတာ ဝါယောဓာတ်ရဲ့ တွန်းမှုသဘောကိုခေါ်တယ်၊ ရှုစိတ်ဆိုတာ အဲဒီတွန်းမှုသဘောလေးကို တွန်းတိုင်းတွန်းတိုင်း သိသိနေတာလို့ ခေါ်တယ်။ အရှုခံနဲ့ရှုစိတ်ဟာ အမြဲတန်းဒွန်တွဲနေပါစေ၊ အခြားကို စိတ်မရောက်စေနဲ့။ လေနောက်ကိုလဲမလိုက်နဲ့။ လေထိသွားတာကိုလဲ အာရုံမပြုနဲ့ လေက သူ့ဟာသူ ဘယ်လိုထွက်ထွက်

ဘယ်လိုထိထိ အာရုံပြုစရာမလိုဘူး၊ လေကို ထွက်သွားအောင် နောက်ကနေပြီး တွန်းတွန်းပေးနေတဲ့ ဝါယောဓာတ်ရဲ့ တွန်းမှု ကြိယာသဘောလေးကိုသာ တွန်းတိုင်း အသိက လိုက်လိုက်သိနေပါ။

လေဆိုတာ ပညတ်နိမိတ်ဖြစ်တယ်၊ အဲဒီကို စိတ်ရောက်သွားရင် အရှုခံလွဲမှားသွားပြီ၊ အရှုခံလွဲမှားမှုင် ပေါ်စဉ်သိစဉ်တွေ အားလုံး လွဲမှားကုန်လေ့မယ်၊ လေဆိုတဲ့ ပညတ်နိမိတ်၊ ထွက်လေ ဝင်လေကို ရှုမှတ်ရင် ဝိပဿနာမဟုတ်ဘူး။ သမထလိုင်းဘက် ရောက်သွားတယ်။ ခု ရှုပွားနေတာက သမထမဟုတ်ဘူး၊ ဝိပဿနာသက်သက်ဖြစ်တယ်။

ဝိပဿနာဆိုတာ ပညတ်နိမိတ်ကို လုံးလုံးမရှုရဘူး၊ ပရမတ်အစစ်သဘောကိုသာ ရှုပွားရတယ်၊ ပရမတ် အစစ်သဘောကို ရှုပွားမှ ဝိပဿနာအစစ်ကို ရှုပွားတယ်လို့ခေါ်တယ်၊ ဝိပဿနာအစစ်ဖြစ်မှ ပေါ်စဉ်သိစဉ်တွေ အားလုံးမှန်သွားမယ်၊ နိဗ္ဗာန်လမ်းကြောင်းနဲ့တဲ့မယ်၊ ဝါယောဓာတ်ဟာ တွန်းမှုသဘော၊ တွန်းမှုလက္ခဏာ၊ တွန်းမှုကြိယာဖြစ်တယ်၊ အဲဒီတွန်းမှုသဘောဟာ ပရမတ်အစစ်ဘဲ။

ပရမတ်အစစ် တွန်းမှုသဘောထဲမှာ ဘာပညတ်နိမိတ်မှရှာလို့မရဘူး။ ခုရှုပွားနေတာက ပရမတ်အစစ်ဖြစ်တဲ့ တွန်းမှုသဘောကို အရှုခံအာရုံထားတော့ ရှုစိတ်ခေါ် သိစိတ်ကလဲ တွန်းမှုသဘောကို လိုက်လိုက်သိနေတာဟာ ပရမတ်အစစ်ကိုသာ၊ သိနေခြင်းဖြစ်တယ်၊ ဒီလိုရှုပွားတာကိုပင် ဝိပဿနာသက်သက် ဝိပဿနာစစ်စစ် ရှုပွားတယ်လို့ခေါ်တယ်၊ ဝိပဿနာ ဘာဝနာပွားများ

တယ်ဆိုတာ အရှုခံအာရုံကို ပရမတ်အစစ်ထားပြီး ရှုစိတ်က အဲဒီပရမတ်အစစ်ပေါ်မှာ လိုက်လိုက်သိနေတာကိုဘဲ ဝိပဿနာ ဘာဝနာ ပွားများတယ်လို့ ခေါ်ရတယ်၊ အဲဒီမှတပါး ပွား များချက်တွေဟာ ဝိပဿနာ ပွားများတယ်လို့ မခေါ်ဆိုရ တော့ဘူး။

ဒါကြောင့်မို့ လေကိုလဲအာရုံမပြုနဲ့ လေထွက်တာကိုလဲ အာရုံမပြုနဲ့ လေထိတိုးသွားတာကိုလဲ အာရုံမပြုနဲ့ လေထွက် သွားအောင်လနောက်ကနေတွန်းတွန်းပေးနေတဲ့ဝါယောဓာတ် ရဲ့ တွန်းကြိယာလေးကိုသာ အာရုံပြုတွန်းတိုင်းတွန်းတိုင်း သိသိ နေပါ၊အဲဒါကို 'အရှုခံ၊ ရှုစိတ် ပြိုင်တူချိတ်'လို့ခေါ်တယ်၊ အရှုခံ အရှုစိတ် ပြိုင်တူချိတ်နေအောင် သတိကပ်ပေးနေပါ၊ ဟင်-ဟင် ဟင် ပထမ နှစ်ချက်ကို ခတ်မြန်မြန်တွန်းပြီး နောက်တချက်ကို ခတ်လေးလေး တွန်းထုတ်လိုက်ပါ'

နာရီဝက်ခန့် ညွှန်ကြားမှုပေးနေပြီ။ ကျွန်ုပ် ကိုယ့်ဟာကိုယ် အားထုတ်တတ်သောအခါတွင် ဆရာတော်က ကိုယ့်နေရာကိုယ် ကြိုးကြိုးစားစား အားထုတ်ရန်အကြောင်းနှင့် နောက်နေ့များ တွင် မနက်၆ နာရီတကြိမ် နေ့၁နာရီတကြိမ် ည၆ နာရီဘကြိမ် သူ့ထံ တရားစစ်လာ၍ ခံရမည်ဖြစ်ကြောင်း အုံးမောင်းခေါက် လျှင် လာရမည်ဖြစ်ကြောင်းပြောကာ ကျွန်ုပ်အား ပြန်လွှတ် တော့သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော စကားလုံးသုံးလုံးတို့ကို ဗုဒ္ဓဝါဒီ တို့၏ နှုတ်ဖျားက ထပ်တလဲလဲ ဖော်ဖော်သိသိ သုံးနှုန်းပြောဆို လျက် ရှိကြသည်။ ကျွန်ုပ်ငယ်စဉ်ကပင် ထိုစကားသုံးလုံးကို

အထပ်ထပ် ကြားလာခဲ့ရသည်။ ပုတီးစိတ်ရာတွင်ပင် အနိစ္စဟူ၍ဆိုကာ ပုတီးတလုံးချလိုက်သည်။ ဒုက္ခဟူ၍ဆိုကာ ပုတီးတလုံးချလိုက်သည်။ အနတ္တဟူ၍ပုတီးတလုံးချလိုက်သည်။ လူကြီးသူမတို့၏ အတုကိုလိုက်၍ ကျွန်ုပ် ၁၀ နှစ် ၁၁ နှစ် ကျောင်းသားအရွယ်က ဥပုသ်စောင့်ရာတွင် ထိုကဲ့သို့ ပုတီးစိတ်ခဲ့သည်။

ထိုစဉ်ကစ၍ ဤဝိပဿနာတရားကို မလိုက်စားခင် အထိ ကျွန်ုပ်နားလည်လာသော အနိစ္စ၊ ဒုက္ခ၊ အနတ္တမှာ လူသေလျှင် အနိစ္စ၊ နေရာတခု အစဉ်တကျမနေရဘဲ ဟိုပြောင်းဒီရွှေ့ ကြုံတွေ့ရသည်ကို အနိစ္စ၊ တွေ့ကြုံဆုံကွဲရသည်ကို အနိစ္စ၊ အိုးကွဲ ပုဂံကွဲသည်ကို အနိစ္စဟူ၍ နားလည်လာခဲ့သည်။ ကိုယ်ဆင်းရဲတခုခု စိတ်ဆင်းရဲတခုခု ကြုံတွေ့ရချက်ကို ဒုက္ခဟူ၍ နားလည်လာခဲ့သည်။ ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရသည်ကို အနတ္တဟူ၍ နားလည်ခဲ့သည်။

ဝိပဿနာခမ္မကို လိုက်စားလာသောအခါ၌ ထိုသည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် အပေါစား အနိစ္စ၊ ဒုက္ခ၊ အနတ္တမျိုး။အရပ်သူအရပ်သားသိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တမျိုး။ အန္ဓဗာလပုထုဇဉ်တို့သိသော အနိစ္စ၊ ဒုက္ခ၊ အနတ္တမျိုး။ ဗုဒ္ဓ မပွင့်ပေါ်ခင်ကပင် ရှိနှင့်နေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တမျိုးဖြစ်နေကြောင်း သိရှိသဘောပေါက် လာရတော့သည်။

သေမှုအနိစ္စ ဖြစ်လျှင် မသေခင်စပ်ကြားတွင် အနိစ္စဖြစ်နေသကဲ့သို့ ရှိသည်။မသေခင်စပ်ကြား လှုပ်ရှားရှန်းကန်နေကြသော ဤလူကောင်ကြီးသည် ရုပ်နှင့်နာမ်တို့ ပေါင်းစပ်ဖွဲ့စည်းထား၍ အကောင်အထည်ကြီးအနေဖြင့် တည်ရှိကာ လှုပ်ရှားသော ဝေါ

ဟာရဖြင့် လှုပ်ရှားခြင်း၊ ရှုန်းကန်ခြင်းအသွင်သဏ္ဍာန်တွေဖြစ်နေကြရခြင်း ဖြစ်သည်။ အမှန်မှာ ရုပ်အစုအဝေးနှင့် နာမ်အစုအဝေးတို့သာ ဖြစ်သည်။ ထိုရုပ်မှန်သမျှ နာမ်မှန်သမျှ ရုပ်နာမ်မှန်သမျှတို့သည် မြစ်ရေတသွင်သွင် စီးဆင်းနေသကဲ့သို့ သူ့သဘောဓမ္မတာအတိုင်းတည်ငြိမ်မှုရှိမနေဘဲအမြဲဒလစပ်ဖြစ်ပေါ် ပြောင်းလဲနေသည်ဖြစ်ရာ ယင်းရုပ်နာမ်မှန်သမျှကို သင်္ခါရဟူ၍ ဆိုရပြန်သည်။

ထို့ကြောင့် ဘုရားရှင်က သဗ္ဗေသင်္ခါရာ၊ အနိစ္စာ၊ သင်္ခါရမှန်လျှင် အနိစ္စဘဲဟူ၍ မိန့်ကြားထားလေသည်။ ယင်းသို့ဖြင့် မသေခင်လည်း အနိစ္စ၊ သေလျှင်လည်း အနိစ္စ ဖြစ်နေသည်မှာ ထင်ရှားလှတော့သည်။

သေမှုအနိစ္စကို သိမှုထက် မသေခင်အနိစ္စကို သိရှိဘို့ရာအရေးသည် ဗုဒ္ဓဝါဒ၏ အောက်ထစ်ဆုံး အခြေခံ လမ်းစဉ် အစပင် ဖြစ်သည်။ ဝိပဿနာ ဓမ္မကို အားထုတ်ရခြင်းဟူသည် မသေခင် လူကောင်ကြီးအဖြစ် တည်ရှိနေသော ဒြပ်သဏ္ဍာန်ကြီး၌ရုပ်နာမ် ဟူသော သင်္ခါရအရ အထပ်ထပ်ဖြစ်ပျက် ပြောင်းလဲနေသော အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို မြင်တွေ့ သိရှိအောင် ကြိုးစားရခြင်းပင် ဖြစ်သည်။ ကျွန်ုပ်သည် မိမိ ခန္ဓာကိုယ်၌ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိပ်တွေ့မြင် သိမြင်လိုစိတ် ပြင်းထန်နေသည်။ ပရမတ်သဘောသည် တစက္ကန့်အတောအတွင်းမှာပင် ကုဋေပေါင်းများစွာ ဖြစ်ပျက် ပြောင်းလဲနေကြသည်ဟု ကျမ်းဂန်များ ဆိုထားချက်ရှိသည်။

ဘယ်လိုများ ဖြစ်ပျက် ပြောင်းလဲနေကြပါလိမ့် ကျွန်ုပ် သိချင်နေသည်။

ဝါယောဓာတ်သည် ရုပ်ပရမတ်ဖြစ်သည်။ ဝါယောဓာတ်၏ တွန်းမှုသဘော လက္ခဏာသည် ပရမတ်အစစ်ဖြစ်သည်ဟူ၍ မြင်းခြံ ဆရာတော် မိန့်မြွက်လိုက်သည်။ ထိုသဘော လက္ခဏာကို ပိုင်ပိုင် မိမိ ရရ ဖမ်းနိုင်လာလျှင် ပရမတ်တို့၏ ဖြစ်ပျက်ပြောင်းလဲနေမှုကို တွေ့မြင်သိရှိရပေမည်ဟူ၍ ကျွန်ုပ် သဘောပေါက်မိသည်။ ကျွန်ုပ်၌ သိလိုစိတ်သည် အလွန်ပြင်းထန်လျက်ရှိသည်။ အရှင်းဆုံးဆိုသော် တရားပေါ်လိုစိတ် သိပ်ပြင်းထန်နေသည်။

ပြင်းထန်သည့်အတိုင်းပင် ညက အတော်ကြီးကို ကြိုးစားပန်းစား အားထုတ်သည်။ ဘာဆိုဘာမှ ထူးထူးခြားခြားတွေ့ရခြင်း မရှိပေ။ ထိုတာ၊ ကျင်တာ၊ ညောင်းတာ၊ ကိုက်တာ၊ မူးတာ အေးတာသာလျှင် အဖတ်တင်သည်။ မောတာသည်သာလျှင် အဖတ်တင်သည်။ ဘာမှမတွေ့မြင်ရ။

ကိုယ့်ကိုယ် ဘယ်လောက် သမာဓိရှိမရှိ တရားကို နင်လားငါလား အားထုတ်လာလေ ပို၍သိရှိလာရလေဖြစ်သည်။ ငါဟာ အတော်သမာဓိ နည်းပါးတဲ့အကောင်ပါကလား၊ တရားထိုင်နေရင်း ကိုယ့်ကိုယ်အကြိမ်ကြိမ် အပြစ်တင်မိသည်။ ဆရာတော် မိန့်ကြားလိုက်သည့်အတိုင်း သုံးချက်တွန်းတွန်းသည်။ အသိကိုလည်း တွန်းတိုင်းတွန်းတိုင်းသိအောင် သတိကြီးကြီးနှင့် ကပ်ထားသည်။ သုံးချက်လည်း မှန်မှန်တွန်းသည်။ အသိကလည်း သုံးချက်လုံး လိုက်လိုက်သိနေသည်။

သို့သော် စိတ်ဆိုသော နာမ်တရားသည် အလွန် လျင်မြန်သည်။ ထိုအပြင် အပြင်အာရုံတို့သို့ အပြေးအလွှားအလျင်အမြန် ရောက်ရှိသွားသည်။ တခါတခါ အတွန်းက သုံးချက်တွန်းနေသော်လည်း အသိက သုံးချက်လုံးသိချင်မှ သိလိုက်သည်။ တွန်းမှု အရှုအာရုံမှ တပါးသော ထိုထိုအာရုံသို့ အတင်းပင် ရုန်းကန်၍ လျင်မြန်စွာ ပြေးလွှားသွားနေသည်။ ကျွန်ုပ်သည် ထိုပြေးလွှား ပျံ့လွင့်နေသော စိတ်ကို သတိတည်းဟူသောကြိုးနှင့် အတင်းပင် ပြန်ဆွဲယူလာပြီးတွန်းမှုတည်းဟူသော ဝါယောဓာတ် ရုပ်ပရမတ် အာရုံ ခြည်တိုင်မှာ ဒီနေရာက ဘယ်မှမသွားနဲ့ မရုန်းနဲ့၊ မလှုပ်နဲ့ တွန်းမှုကိုသိနေ၊ တခြားဟာဘာမှမသိနဲ့၊ နာနာတုပ်နှောင်ထားသည် မရပေ။

ခန္ဓာကိုယ်တွင် ခါးကစစ်ကာနဲ့ဆိုသိလိုက်၊ တင်းပါးက ပူကာနဲ့ဆိုသိလိုက်၊ ခြေထောက်က ထုံကာနဲ့၊ ကျင်ကနဲဆို သိလိုက်၊ ပေါင်က ညောင်းကနဲ ကိုက်ခနဲဆိုသိလိုက် ဖြစ်ပြီးသော အဖြစ်အပျက်တခုခုဆီသို့ရောက်သွားလိုက်၊ကိုယ်တွေ့ကြုံဘူးထားသော ရူပါရုံ အမျိုးမျိုးဆီသို့ရောက်လိုက်၊ သဒ္ဒါရုံ အမျိုးမျိုးဆီသို့ ရောက်လိုက်၊ ပြန်ဖမ်းလိုက်၊ ပြန်သွားလိုက်နှင့် စိတ်ကိုအတော်ပင် အဖမ်းရခက်သော အဖြစ်နှင့် ကြုံတွေ့နေရသည်။

ဒုန္နိဂ္ဂဟဿ = လဟု နောယတ္ထကာမ နိပါတိနော

စိတ္တဿ ဒမ ထောသာဓု စိတ္တံ ဒန္တံသုခါဝဟံ

ဒုန္နိဂ္ဂဟဿ = စိတ်ဟာနှိမ်နင်းနိုင်ခဲမှု သဘောလည်းရှိသည်။ လဟုနော လျင်မြန်ပေါ့ပါး ပြေးလွှား ပျံ့လွင့်လျှပ်ပေါ်သော သဘောလည်းရှိသည်။ ယတ္ထကာမ နိပါတိနော၊ ထိုထိုဒတုံးအခဲ

သဏ္ဌာန်နိမိတ်စသော ဒဲသာရုံငါးပါး ကာမဂုဏ်တရားတွေ၌သာ ပျော်မွေ့ကျက်စားဘတ်မှုသဘောလည်းရှိသည့်စိတ္တာသဒမထော သာဓုယင်းကဲ့သို့ သူငါ၊ထီး၊မ၊ခေါင်း၊ ကိုယ်၊လက်အခြေအနေ ဖြင့် ထိုထိုအတုံးအခဲသဏ္ဌာန် နိမိတ်စသော ကာမဂုဏ်တရား တို့၌ ပျော်မွေ့ကျက်စားနေသောစိတ်ကို ယင်းမှပြောင်းလဲပြီး ပရမတ်အာရုံတခုခု၌ ခိုင်မြဲစွာထားနိုင်သော အနေဖြင့် ဆုံးမ နိုင်လျှင် ကောင်းပေသည်။

စိတ္တံ ဒန္တံ သုခါဝဟံ အတုံးအခဲသဏ္ဌာန်နိမိတ်စသော ကာမ ဂုဏ်တို့၌ ထိုထို ဤဤ အလိလိသော နည်းမျိုးစုံဖြင့် ပြေးလွှား၊ ပျံလွင့်ကျရောက် ပျော်မွေ့ ကျက်စားနေသောစိတ်သည် ကြမ်း တမ်းသည်၊ ရုန့်ရင်းသည်၊ ရိုင်းစိုင်းသည်၊ ပရမတ်အာရုံတခုခု၌ ခိုင်မြဲစွာရှိနေသောစိတ်သည်၊ ယဉ်ကျေးသည်၊ သိမ်မွေ့သည်၊ နူးညံ့သည်၊ထိုသို့ယဉ်ကျေးသိမ်မွေ့နူးညံ့သောစိတ်သည်ချမ်းသာ ကို ဆောင်ပေးနိုင်စွမ်းရှိပေသည်ဟူ၍ ဗုဒ္ဓရှင်တော်သည် ဓမ္မပဒ ပါဠိတော်တွင် ဟောကြားထားခဲ့ပေသည်။ ရှင်တော်ဗုဒ္ဓဟော ကြား ထားချက်ကို ယခုမှ အလေးအနက် သဘောပေါက်လာ ရသည်။

လူသားတို့သည် မိမိတို့၏စိတ်ကို ထိန်းသိမ်းနိုင် စောင့်ရှောက် နိုင် ဆုံးမနိုင်သလောက်သာ ချမ်းသာမှုကို ရကြမည်ဖြစ်သည်။ မထိမ်းသိမ်းနိုင်၊ မစောင့်ရှောက်နိုင်၊ မဆုံးမနိုင်သလောက် ဒုက္ခ ရောက်ကြမည် ဖြစ်သည်။ သတိပြုလာမိသည်။ ဘုရားရှင်ဟော ထားချက်သည် တကယ်ပင် မှန်လှပါတကား၊ ကျွန်ုပ်ဆင်ခြင်မိ သည်။

ရေသည် နိမ့်ရာသို့သာ စီးဆင်းမြဲ ဓမ္မတာရှိသည်။ နိမ့်ရာအရပ်၌မစင်ဘင်ပုတ်စသော မကောင်းသောအနံ့ဌာရုံတို့ဖြင့်သာပြည့်နှက်နေတတ်သည်။ ထိုကဲ့သို့ပင် စိတ်သည်လည်းထိုထိုပညတ်နိမိတ်စသော ကာမဂုဏ်တရားတို့၌ကျက်စားပျော်မွေ့ ပြေးလွှားနေလေ့ရှိသည်။

ထိုကာမဂုဏ်တရားတို့သည် မစင်ဘင်ပုတ်တို့ကဲ့သို့ပင် ဖြစ်သည်။ မစင်ဘင်ပုတ်သည် မကောင်းသော အနံ့ဖြင့် အမျိုးမျိုးသော ဘေးအန္တရာယ်ကိုပေးသကဲ့သို့ ကာမဂုဏ်တို့သည်လည်း အမျိုးမျိုးသော ဒုက္ခအန္တရာယ်ကို ပေးတတ်ပေသည်။ သို့သော် ကျက်စားပျော်မွေ့နေကြဖြစ်သော ကာမဂုဏ်ညွတ်ကွင်းစိတ်ကို မသက်ဆင်းသွားအောင် စောင့်ရှောက်နိုင်ရန် ထိမ်းသိမ်းနိုင်ရန် ဆုံးမနိုင်ရန်မှာမူ အလွန်ခဲယဉ်းလှပါဘိခြင်း။

ကမ္ဘာအဆက်ဆက် သံသရာအဆက်ဆက်ကနေပြီး ယခုတဘဝလုံး အိပ်ပျော်ချိန်မှတပါး စက္ကန့်တိုင်း စက္ကန့်တိုင်း ကာမဂုဏ် တရားတို့၌သာ ပျော်မွေ့လာ၊ ကျက်စားလာ၊ ပြေးလွှားလာ၊ ပျံ့လွင့်လာသောစိတ်ကို ယခုမှ ထိုပညတ်နိမိတ်အာရုံထုတ်ပယ်ပြီး ပညတ်နိမိတ်လွတ် ပရမတ်အာရုံ၌ အတင်းထိုးတင်နေ၍ အဘယ်မှာ သာမညနှင့် ရနိုင်ပါမည်းနည်း။

သူ ကျက်စားပျော်မွေ့နေကျဖြစ်သော ပညတ်နိမိတ်အာရုံကိုသာ အတင်းရုန်းကန် ပြေးလွှားနေဦးမပေါ့၊ လူသူမနီးတောကြီးထဲ၌သာ နှစ်ပေါင်းများစွာ ပျော်မွေ့ကျက်စားနေသော တောကောင်သတ္တဝါကို လူဘို့နေရာ ဒေသသို့ သိမ်း

သွင်း ဖမ်းချုပ် ခေါ်ယူလျှင် ထိုတော့ကောင် သတ္တဝါသည် မိမိနေရာသို့ အတင်း ရုန်းကန် ပြန်လည် ပြေးလွှားသကဲ့သို့ ဖြစ် နေချေသည်။

စိတ်က အဘယ်သို့ ကာမဂုဏ်တရားတို့၌ ကျက်စား ပျော်မွေ့ နေသနည်း။ ကျွန်ုပ် သေသေချာချာသုံးသပ်ကြည့်သည်။ သက်မဲ့ ရုပ်ဝတ္ထု ဒြပ်ကြီးအနေဖြင့် သက်ရှိ အကောင်အထည်ကြီး အနေဖြင့်၊ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ စားစရာ အဖုံဖုံ၊ သောက်စရာအမျိုးမျိုး၊ ဝတ်စရာအထွေထွေ၊ နေစရာ အခန်းခန်းတို့ကိုငင်း၊ ယောကျ်ားဟန် အမျိုးမျိုး၊ မိန်းမဟန် အဖုံဖုံ၊ လူကောင်ဟန် အသွယ်သွယ်၊ တိရစ္ဆာန်ကောင် အထွေထွေ၊ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ ဟန်အခန်းခန်းတို့၏ လှုပ်ရှားဟန်၊ ရုန်းကန်ဟန်၊ ပြုပြင်ဟန်၊သွားလာဟန်၊ ပြောဆိုဟန်၊ လုပ်ကိုင်ဟန်၊ ကြံစည်ဟန်တို့ကိုငင်း၊ ငင်းအကောင်လိုက်ကြီး တွေ၊ အတုံးလိုက်၊ အခဲလိုက်ကြီးတွေ၊ အပေါင်းလိုက်၊ အစုလိုက်ကြီးတွေ လှုပ်ရှားတဲ့အတိုင်း၊ ရုန်းကန်ကြတဲ့ အတိုင်း၊ ပြုပြင်ကြတဲ့ အတိုင်း၊ သွားလာကြတဲ့အတိုင်း၊ ပြောဆိုကြတဲ့ အတိုင်း၊ လုပ်ကိုင်ကြတဲအတိုင်း၊ ကြံစည်ကြတဲ့အတိုင်း၊ ဤကား ယောကျ်ား၊ ဤကား မိန်းမ၊ ဤဟာကား ခွေးသေကောင်ပုတ်၊ ဤကား မစင်ဘင်ပုတ် စသည်ဖြင့် မြင်ရမှု၊ ဤဟာကား၊ ယောကျ်ားသံ၊ ဤဟာကား မိန်းမသံ၊ ဤဟာကား ခွေးအူသံ၊ ဤဟာကား၊ ဆဲဆိုသံ၊ ဤဟာကား သီချင်းဆိုသံ၊ စသည်ဖြင့် ကြားရမှု။ ဤဟာကား မိန်းမအနံ့၊ ဤဟာကား ယောကျ်ားအနံ့၊ ဤဟာကား ခွေးသေကောင်ပုတ် အနံ့၊ ဤ

ဟာကား ကောင်းသောအနံ့၊ ဤဟာကား မကောင်းသော အနံ့ စသည်ဖြင့် နမ်းရှုရမှု၊ ဤဟာကား ကိတ်မုံ့၊ ဤဟာကား အရက်၊ ဤဟာကား ဝက်သား၊ ဤဟာကား အငန်၊ ဤဟာကား အချို၊ ဤဟာကား အခါး၊ ဤဟာကား သရက်သီး စသည်ဖြင့် စားရမှု။ ဤဟာကား မိန်းမ၏ ကိုယ်ကာယ၊ ဤဟာကား ယောကျ်ား၏ ကိုယ်ကာယ၊ ဤဟာကား ကော်ဇော၊ ဤဟာကား ဆိုဖာ၊ ဤဟာကား သင်ဖြူး ဤဟာကား ကျောက်ခဲ၊ စသည်ကို ထိတွေ့ရမှု။ ယင်းကဲ့သို့ကမ္ဘာအဆက်ဆက် သံသရာ အဆက်ဆက်၊ ယခုတဘဝလုံး၊ အိပ်ပျော်ချိန်မှ တပါး သိလာခဲ့ကြသည်ဖြစ်ရာထိုကိုလေသာအာရုံသိခေါ် ပညတ်နိမိတ် သင်္ခါရနိမိတ်၊ အာရုံသိခတွမှ ပြောင်းလဲယူပြီး ပရမတ်အာရုံ သိသို့ ပြောင်းလဲယူရသော အလုပ်သည် တကယ်မှ တကယ် မလွယ်လှပါတကား။

ဆင်ကို ကြိုးသွင်းရတာ လွယ်ပေဦးမည်၊ ရွှေသမင်ကို ထောင် ဖမ်းရတာ လွယ်ပေဦးမည်၊ စိတ်ကို ပရမတ်အာရုံကြိုး၌ သွင်းရ တာ မလွယ်လှပေ။ စိတ်ကို ပရမတ်ထောင်၌ ချုပ်ရတာ မလွယ် လှပေ။

ညဦးပိုင်းမှစ၍ လိုချင်စိတ် ပြင်းထန်စွာနှင့် တရားအားထုတ် လာခဲ့ရာ၊ သန်းခေါင်ပင် ကျော်ပေပြီ။ ဘာမှ ခန္ဓာကိုယ်၌ ထူး ထူး ခြားခြား မတွေ့ရပေ။ လူလည်း အတော် စိတ်ပင်ပန်း၊ လူ ပင်ပန်းဖြစ်ခဲ့ပြီဖြစ်၍ထိုင်ရာမှ ပက်လက် အိပ်ချလိုက်သည်။ ပက် လက် အိပ်ရင်းမှလည်း တွန်းမှုသဘော ရှုပွားနေသေးသည်။

ဘယ်အချိန် ဘယ်လိုလုပ် အိပ်ပျော်သွားသည်မသိ၊ အာရုံ ကြီး မောင်းခေါက်မှပင် နိုးလာပေတော့သည်။

နံနက် ၆—နာရီ တုံးခေါက်၍ မြင်းခြံဆရာတော်ထံသို့ တရား စစ်ခံရန် သွားရသည်။ ကျွန်ုပ်ကဲ့သို့ တရားစစ်ခံရန် ရောက်နှင့် နေကြသော သံဃာများကိုလည်း တွေ့ရသည်၊ မြင်းခြံဆရာ တော်က ကျွန်ုပ်အား သူ့ရှေ့နားကို ခေါ်ယူ၍ တရားထိုင်ခိုင်း သည်။ ညက တရားထိုင်တာ ခန္ဓာကိုယ်မှာ ဘာတွေ့သလဲဟု မေးသည်။ ကျွန်ုပ်က ဘာမှမတွေ့သေးကြောင်း ဖြေလိုက်သည်။ အစဆိုတော့ ဒီလိုပေါ့။ ဘယ်တွေ့အုံးမလဲ။ နောက်တော့ တွေ့ ပါလိမ့်မယ် ဆက်ကြိုးစားပါဟူ၍ အားပေးသည်။

ကျွန်ုပ်က သုံးချက်တွန်းကိုပင် တွန်းကာ တရားထိုင်နေသည်။ မြင်းခြံဆရာတော်က အခြားသော ပုဂ္ဂိုလ်တို့အား စစ်မေးနေ သည်။ သူတို့အားလုံး ကျွန်ုပ်ထက် အပုံကြီး သာလွန်နေကြသူ တွေပင် ဖြစ်သည်။ တပါးကိုမေးသော် လက်ချောင်းကလေးက နေ ဝါယောဓာတ်ရဲ့ တွန်းမှုသဘောကို ရှုသည်ဟု ပြောသည်။ ထိုတွန်းမှုသဘောတွေကို တကိုယ်လုံး အနှံ့အပြားတွေ့ရပြီး ပြိုပြို သွား၊ ပျက်ပျက်သွားသည်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်ကို နောက် တခု တွန်းမှုသဘောကို ထပ်မံ ရှုခိုင်းပြန်သည်။ မကြာချေ။ အဖြေသည် ပေါ်ထွက်လာမြဲ ဖြစ်သည်။

နောက်တပါးကို စစ်မေးသော် လက် ၂ချောင်းပူးထားရာက နေ တေဇောဓာတ်ရဲ့ အပူသဘောကို ရှုသည်ဟု ဆိုသည်။ ထိုအပူ သဘောကို တကိုယ်လုံး တွေ့ရပြီး ပြိုပြိုသွား ပျက်ပျက်သွား

သည်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်ကို နောက်အပူတမျိုး လုပ်ကွက်ကို ပြောင်းပေးသည်။ မကြာပါ။ အဖြေ ပေါ်ထွက်လာပြန်သည်။

နောက်တပါး စစ်မေးသော် နှာခေါင်းက တေဇောဓာတ် အအေးသဘောရှုသည်။ နောက်တပါးက သွား ၂ခု ထိထားရာကနေ ပထဝီဓာတ်ရဲ့ မာမှုသဘော၊ နောက်သိတပါးက ခြေဖဝါးကနေ မထဝီဓာတ်ရဲ့ကြမ်းမှုသဘော၊နောက်တပါးက ဦးခေါင်းကနေ ပထဝီဓာတ်ရဲ့ လေးမှုသဘော ရှုပွားသည်ဟု ဆိုသည်။

သူတို့အားလုံးက ခန္ဓာကိုယ် စိုက်လိုက်ရင် ပြိုသွား ပျက်သွားသည်ဟူသော ဖြေသံကို ထပ်တလဲလဲ ကြားနေရသည်။ သူတို့ဖြေသံကို ကြားရတိုင်း ကျွန်ုပ်မှာ ကိုယ့်ကိုယ်ကို မချင့်မရဲဖြစ်လာသည်။ သူတို့ တယ် ပါရမီထူးတဲ့ ပုဂ္ဂိုလ်တွေပါတကားဟူ၍လည်း မှတ်ထင်လိုက်သည်။ နာရီဝက်ခန့်လောက်ရှိမည်ထင်သည်။ မြင်းခြံ ဆရာတော်အသံက ကျွန်ုပ်ထံသို့ လှည့်လာပြန်၏။

'ဦးနိပုဏ ခန္ဓာကိုယ်မှာ ဘယ်လို တွေ့လဲ'

'ဘာမှ မတွေ့ဘူးဘုရား' ဖြေပြီး ကျွန်ုပ် ဆက်တွန်းမြဲ တွန်းနေသည်။

မြင်းခြံဆရာတော်က ညွှန်ကြားချက်တွေထုတ်လာပြန်သည်။

'ဟင် ဟင် ဟင်၊မှန်မှန်လေးတွန်းပေးပါ။တွန်းတိုင်း အသိကလိုက်ကပ်ခါ သိနေပါ။ ကိုယ်ကို တောင့်မထား တင်းမထားနဲ့။ စိတ်ကို တင်းမထားနဲ့။ တရားကို ပေါ်ချင်စိတ်ထားရင် လောဘစိတ် ဝင်တယ်။ လောဘဝင်ရင် တရားတွေ့မှာ မဟုတ်ဘူး။ မပေါ်လို့ စိတ်မပျက်နဲ့။ စိတ်ပျက်ရင် ဒေါသဝင်တယ်။ ဒေါသဝင်ရင် တရားတွေ့မှာ မဟုတ်ဘူး။ တွန်းတာကို သိဖို့အလုပ်သာ

ကိုယ့်အလုပ်မှတ်။ တရားက ကိုယ်ပေါ်ချင်တိုင်း ပေါ်မှာ မဟုတ်ဘူး။ သူ့သဘောသူ ဆောင်နေတာ။ သူ့ဟာသူ ပေါ်ချိန်တန် ပေါ်လာလိမ့်မယ်။ ညောင်းရင်ညာရင် ထုံရင်ကျင်ရင်ပြင်ပေး။ ပေမထိုင်နဲ့။ ညောင်းတာ၊ ထုံတာ၊ ကျင်တာဟာ တရားမဟုတ်ဘူး။ ကိုယ့်အလုပ်က တွန်းမှုအလုပ်ကိုသိတဲ့ တခုတည်းသော တရားကိုသိအောင် လုပ်နေတဲ့စိတ်ကောဓမ္မာအလုပ်။ ညောင်းတာလဲသိ၊ ထုံဘာကျင်တာတွေကိုလဲ သိမယ်ဆိုရင် 'ကောဓမ္မာ' မဖြစ်ဘူး။ ဒွိကောဓမ္မာ၊ တိကောဓမ္မာတွေဖြစ်မယ်၊ ညောင်းညာ၊ ထုံကျင်၊ ကိုက်ခဲရင် ပြင်ပေး။ ကိုယ်နေသာသလို ထိုင်၊ အရေးကြီးတာက တွန်းမှုသဘောကို သိနေဘို့ဘဲ။ ခန္ဓာကိုယ်မှာ ပူတာ၊ အေးတာ၊ ကိုက်တာ၊ ညောင်းတာတွေ ရှိလာရင် ကိုယ်ရှုပွားနေတဲ့ တရားအားလုံးက လွင့်စင်ကျသွားတယ်ခေါ်တယ်။ အဲဒါ တရားထူး မတွေ့နိုင်ဘူး။ ဝိပဿနာဉာဏ်စစ် မပေါ်နိုင်ဘူး။ ဘာပြုလို့လဲ တွန်းတာကို သိလိုက်၊ ပူတာကို သိလိုက်၊ ညောင်းတာကို သိလိုက်၊ ထုံကျင်တာကို သိလိုက်နဲ့ အဲဒီ ပုဂ္ဂိုလ်မှာ ဘယ်မှာ သမာဓိရှိတော့မလဲ။ သမာဓိမရှိတော့ ပညာလဲ မဝင်တော့ဘူး။ ပညာမဝင်ရင် တရားထူး ဘယ်မှာ ရတော့မလဲ'

ဟုတ်ပါသည်။ ကျွန်ုပ်မှာ ဘယ်မှာ တရားပေါ်မည်နည်း။ ကောဓမ္မာခေါ်တဲ့ တခုတည်းသော တရားမဖြစ်ပဲနှင့် အခုပေါင်းတရာ တထောင်မက ဖြစ်နေလေသည်ကို အရှုခံ အာရုံ တွန်းမှုသဘောကိုစိတ်ကတွန်းတိုင်း လိုက်ကပ်ခါ သိနေတာက

တော့ဟုတ်သည်။အဲဒါက ကောဇမှော တခုဟည်းသောတရား မှန်သည်။

သို့သော် ထိုကဲ့သို့ တွန်းမှုကို သိရာကနေ စိတ်က နှာခေါင်းကြီး အနေ သိလိုက်၊ လေရှူသွင်းတဲ့ဘက် ရောက်သွားလိုက်၊ လေထွက်တာကို သိလိုက်၊ လေထိတာကို သိလိုက်၊ မျက်နှာကြီး ကွက်ကနဲသိလိုက်၊ နှာသီးဖျား၊ နှုတ်ခမ်းဖျားဆီသို့ လှစ်ကနဲ ရောက်သွားလိုက်၊ ပခုံးဘက်၊ ခေါင်းဘက်၊ လက်ဘက်၊ ကိုယ်ဘက်၊ ပေါင်ဘက်၊ ခြေထောက်ဘက်ရောက်သွားလိုက် ထုံကျင်တာကို ကွက်ကနဲ သိလိုက်၊ ညောင်းကိုက်တာကို သိလိုက်၊ ရန်ကုန် ပြန်ရောက်သွားလိုက်၊ ဆရာတွေဆီ ရောက်သွားလိုက်၊ ဆုတောင်းပြည့် ရောက်သွားလိုက်၊ ရွှေဥမင်တောရ ရောက်သွားလိုက်၊ ပညာရမိကမဟာ (အေ)တိုက် ရောက်သွားလိုက်၊ ကိုယ့်ကို မခံချင်အောင် ပြောဘူးသူဆီ ရောက်သွားလိုက်၊ သာယာနာပျော်ဘွယ် ပြောဘူးသူဆီ ရောက်သွားလိုက် စသည်ဖြင့် တခုတည်းသောတရား မဖြစ်ပဲနှင့် အခုတရား၊ အခုတထောင်မက တရားတွေ ဖြစ်နေတော့ အဘယ်မှာ တရား ပေါ်လေမည်နည်း။

'အချိန်စေ့ပြီ ကြွကြွတော့'

မြင်းခြံဆရာတော်က အချက်ပေးသည်။ ကျွန်ုပ် အချိန်စေ့၍ သာ လာခဲ့သည်။ သည်အတိုင်း သည်အတိုင်းပင် ရှိနေသည်။

နေ့လည်ပိုင်းတွင် ကျွန်ုပ်တပါးတည်းနေသော ဦးဘဝင်း ကျောင်းသို့ နောက်ထပ် သံဃာ လေးငါးပါး ရောက်လာပြန်သည်။ ကျွန်ုပ်အား ကျောင်းလေးတကျောင်းသို့ ပြောင်းပေးပြန်သည်။ ကျွန်ုပ်ရောက်ချိန်၌ သံဃာများလည်း အလွန်များလျက်

ရှိသည်။ ကျောင်းတိုင်းကျောင်းတိုင်း သံဃာ ပြည့်လျက်ရှိသည်။ အားလုံး (၃၇)ပါးခန့် ရှိပေပြီ။ ကျွန်ုပ် ဒုတိယအကြိမ် ပြောင်းလာရသော ကျောင်း၌ သံဃာသုံးပါးရှိသည်။ တပါးက ဘိုကလေးဘက်က ဖြစ်သည်။ ကျန်နှစ်ပါးက မွန်ပြည်နယ် ကော့ဘိန်းက ဖြစ်သည်။ ကျွန်ုပ်နှင့်ပါဆိုလျှင် လေးပါး၊ ကျောင်းကလေးက နှစ်ထပ်ကျောင်းကလေး ဖြစ်သည်။

အောက်မှာဦးခရမ်းကိုယ်တော်တပါးတည်းနေသည်။အပေါ်တွင် ကျွန်ုပ်တို့လေးပါး အလျားလိုက် ဖျာတချပ်စီ ခင်းနေကြရသည်။ ဖျာချင်းစပ်လျက် ရှိသည်။ အလျား ၁၄ပေခန့်၊ အနံ ၈ပေခန့်လောက် ရှိပေမည်။ တပါးတည်းနေလိုသော ကျွန်ုပ်အဖို့ ယခုမှ အနေရ အထိုင်ရ ကျပ်တည်းတော့သည်။ တရားကလည်း မပေါ်သေးပေ။ မတတ်နိုင်တော့ပြီ။ ကြည့်၍ စခန်းသွားရပေတော့မည်။ ကျွန်ုပ်မှ ပါး ကျန်လေးပါးအားလုံးမှာ တရားပေါ်ပြီးသား ပုဂ္ဂိုလ်တွေချည်း ဖြစ်ကြသည်။ အောက်ထပ်တွင် နေသော ဦးခရမ်းဆိုလျှင်မူ (၇)နှစ်ခန့် ရှိပေပြီ။ အဆင့်မြင့်သော ဝိပဿနာပညာကို ကောင်းစွာ ရရှိနေပြီ ဖြစ်သည်၊ ဦးဗိုလ်ကလေးဆိုလျှင် တနှစ်ခန့် ရှိပေပြီ။ သတိပဋ္ဌာန်လေးပါးလုံး ပွားများပြီး ဖြစ်နေသည်။ ယခုနောက်ဆုံး စိတ္တာနုပဿနာအဆင့်သို့ ရောက်ရှိနေပြီ။

ကျန်သော မွန်ကိုယ်တော်နှစ်ပါးမှာ လပိုင်းမျှသာ ရှိသော်လည်း တရားပေါ်ပြီး နေသူများ ဖြစ်ကြသည်။ တပါးက ဦးဝိမလ ဟူ၍ ခေါ်သည်။ တပါးက ဦးပညာဟူ၍ ခေါ်သည်။ သူတို့တတွေ့အဖို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို အလွယ်တကူပင် ရှု

ပွားယူနိုင်ကြသည်။ မိနစ်ပိုင်းတွင်ပင် တရားပေါ်လာသည်။ ကျွန်ုပ်က သူတို့နှစ်ပါးကြားထဲတွင် အိပ်စက်ရသည်။ သို့ဖြစ်၍ ညအိပ်စက်ရသော အခါ၌မူကား ကျွန်ုပ်မှာ များစွာ အခက်အခဲကြီးတရပ်နှင့် ကြုံတွေ့ရတော့သည်။

ကျွန်ုပ်နှင့်အတူ ဖျာချင်းစပ်၍ အိပ်ကြရသူတို့အနက် ဦးဗိုလ်ကလေးမှာ အသက် ၃၆နှစ်ခန့် ၁၆ဝါ ရပေပြီ။ ငယ်ဖြူ ဖြစ်သည်။ သူက ခေါင်းရင်းဘက်က အိပ်သည်။ သူကစိတ္တာနုပဿနာ ရှုကျက်နေသူပီပီ စောစီးစွာ ပက်လက်လှန်အိပ်ရင်းမှ တရားရှုပွားသည်။ စိတ်၏ သိမှု သဘောလေးကို ရှုပွားရသည်မှာ အလွန်ညင်သာသော အလုပ်ဖြစ်သည်။ ညင်သာစွာပင် တရားရှုပွားနေသည်။ လှုပ်ရှားခြင်း အလျဉ်း မရှိပေ။ အသက်ရှူသံ ရှိုက်သံ အလျဉ်း မကြားရပေ။ ယင်းကဲ့သို့ တရားရှုပွား၍ မိနစ်နှစ်ဆယ်ခန့် ကြာသွားပြီဟုဆိုလျှင် လူသေကောင် ပက်လက်လှန်နေသကဲ့သို့ပင် ရှိနေတော့သည်။ အိပ်ပျော်နေသည်လား၊ တရားရှုပွားနေသည်လား၊ မသိရတော့ပေ။

ဤမျှပင် ညင်သာငြိမ်သက်နေသည်။ ဘေးကအတော်အတန်ဆူညံသံကိုတော့ ဖြုန်ခြင်းမရှိတော့ပေ။ ထိုနောက် ကျွန်ုပ် ညာဘက်က အိပ်သူမှာ ဦးဝိမလ မွန်ကိုယ်တော်ကြီး ဖြစ်သည်၊ အသက်မှာ (၅၀) ခန့်ရှိပေပြီ။ တောထွက်ကိုယ်တော်ဖြစ်သည်။ ကျွန်ုပ်ဘယ်ဘက်က အိပ်သူမှာဦးပညာဖြစ်သည်။အသက်(၅၀) ခန့်ပင် ရှိပေပြီ။ သူလည်း မွန်ကိုယ်တော်ပင် ဖြစ်သည်။ သူတို့နှစ်ပါးက တရားပေါ်နေကြသူများပီပီ ည (၉)နာရီ၊ (၁၀) နာရီဆိုလျှင် အိပ်စက်လေတော့သည်။

ကျွန်ုပ်မှာ ထိုမျှနှင့် မအိပ်စက်နိုင်ပေ။ တရားအစအနမျှပင် မတွေ့ရသေးသည်ဖြစ်၍ အရိုးကြေကြေ အရေခမ်းခမ်း ဇွဲနပဲနှင့် အားထုတ်နေရသည်။ သူတို့နှစ်ပါး အိပ်စက်၍ နာရီဝက်ခန့်ကြာ လျှင်ကား ကျယ်လောင်စွာ ဟောက်ပါလေတော့သည်။ ဘယ် ဘက်က ဟောက်လိုက်၊ ညာဘက်က ဟောက်လိုက်၊ နဂိုကမှ တရားအာရုံ မမိချင်သည့်ကြားထဲမှာ ထိုကဲ့သို့ ဟောက်သံ ၂ခု ကြားထဲမှာ ညှပ်ပူးညှပ်ပိတ်မိနေသူ ကျွန်ုပ်အဖို့ အဘယ်မှာ ဆက် လက်၍ တရားထိုင်ဖြစ်တော့ ပေမည်နည်း။ အတော်လေးပင် စိတ်အနှောက်အယှက် ဖြစ်သွားသည်။ ကျွန်ုပ်စိတ်ပျက်လက်ပျက် နှင့် တရား ဆက်လက်မထိုင်တော့ပဲ လှဲအိပ်ချလိုက်သည်။ အိပ် ပျော်ခြင်းဘို့ အလျှင်အမြန်ရောက်ရန် အစွမ်းကုန် ကြိုးစားကြည့် သည်။ မရပေ။

ဟောက်သံနှစ်ခုသည် ကျွန်ုပ်အား သားရဲ တစ္ဆေကဲ့သို့ ခြောက်လှန့်လျက် ရှိနေပေပြီ။ ကျွန်ုပ်ရှေ့က ဟောက်သောသူ နှင့် အဘူ အိပ်စက်ရမှု အလှန် နည်းခဲ့သည်။ ဤမျှလောက် ဟောက်သံပြင်းပြင်းကိုလည်း ယခုတကြိမ်သာ တွေ့ဘူးသည်။ တချီဘချီ ဆောင့်ဆောင့်ဟောက်လိုက်သော အသံသည် ကျွန်ုပ် ၏ အသဲနှလုံးပင် တုန်ချိသွားလေသည်။ ထိုသို့ဖြစ်လေအိပ်မပျော် လေ ဖြစ်လာသည်။ ဟယ်ဆင်းရဲလှပါတကား’ အသံထွက်၍ပင် ကျွန်ုပ် ညည်းတွားလိုက်မိသည်။

သူတို့ကား ကျွန်ုပ်ညည်းတွားသံကို ကြားဟန်မတူ။ ညည်း တွားခါမှ ပို၍ပင် ဟောက်လာသည်ဟု ထင်လိုက်ရသည်။ အိပ် ပျော်အောင် ငါဘယ်လို လုပ်ရပါမည်နည်း၊ နည်းလမ်းရှာကြည့်

သည်။ သူတို့အားနှိုးပြီး တောင်းပန်ရ ကောင်းမလား။ တော်တော်ကြာ ညကြီးမင်းကြီး ဆူဆူညံညံဖြစ်လျှင် မကောင်းပေ။ ဤသို့လည်း တွက်ရပြန်သည်။ နှိုးရမလားဆိုပြီး စိတ်မဆိုးဘူးဟု၍ မပြောနိုင်ပေ။ လူ့စိတ်ဆိုတာ အခက်သား ကလား။ အခြားပြောင်းရွှေ့အိပ်ရမည့် နေရာလည်းမရှိပေ။ ကိုယ်က မနေ့တနေ့ကမှ ရောက်လာရုံရှိသေးသည်၊ ဒီကျောင်းထဲ ပတ်ပတ်နပ်နပ် မသိသေးပေ။ ဒါဖြင့် တညလုံး ဒီသို့ ဒုက္ခခံနေရတော့မလား။ အမျိုးမျိုး အဖုံဖုံ အိပ်ပျော်နိုင်သော နည်းလမ်းကို ရှာကြည့်သည်။ ယင်းကဲ့သို့ ရှာယင်းကြံယင်း အကြံတခုရလာသည်။ ဟုတ်ပြီ ဟုတ်ပြီ ဤအကြံကောင်းသည်။ ငါအိပ်မပျော်ခြင်းသည် အခြယ်နိုသော မနသိကာရ မသင့်မတင့် နှလုံးသွင်းမိနေ၍ ဖြစ်သည်။ ငါ့အပြင်ဖြစ်သည်။ ဟောက်သူ၏အပြစ်မဟုတ်၊ ဟောက်တတ်သောသူသည် ဟောက်မည်သာဖြစ်သည်။ ယင်းအပေါ်မှာ ငါကအပြစ်သဘော မသင့်မတင့် နှလုံးသွင်းနေ၍မဖြစ်၊ နှလုံးသွင်းလျှင် ငါသာ ဆင်းရဲဒုက္ခ ရောက်ရချေမည်။

ယင်းကဲ့သို့ သဘောပေါက်ပြီးလျှင် ကျွန်ုပ်ပင် လက်လှန်လိုက်သည်။ စိတ်နှလုံးကို ချမ်းစွာ ထားလိုက်သည်။ ဟောက်သူနှစ်ဦးအား မေတ္တာ အပြင်ဖွိုမိသည်ကို အတိုးချ၍ 'ချမ်းစွာ အိပ်စက်နိုင် ကြပါစေ၊ ချမ်းစွာ အိပ်စက်နိုင် ကြပါစေ' မေတ္တာပို့သည်။ 'ချမ်းသာသလို အိပ်နိုင်ကြပါစေ၊ အိပ်တတ်သလို အိပ်နိုင်ကြပါစေ' သင့်တင့်စွာ နှလုံးသွင်းသည်။ ယခု ငါကြားနေရသော အသံသည် ဟောက်သံမဟုတ်၊ ကြောက်ရွံ့ဘွယ်အသံမဟုတ်၊ ဥသြငှက်သံဖြစ်သည်။ သီချင်းဆိုသံဖြစ်သည်။

အိပ်ပျော်သော ဂီတသီချင်းကို ဆိုနေခြင်းဖြစ်သည်၊ ပူပင်သောက ကင်းဝေးသော သီချင်းကို သီဆိုနေခြင်း ဖြစ်သည်။ နှင်ခြိုက် ဘွယ် ရှိလှသည်။ ကျေနပ်စရာ ကောင်းလှသည်။ သာယာနာ ပျော်ဖွယ် ရှိလှသည်။ ယင်းကဲ့သို့ တင့်သင့်စွာ နှလုံးသွင်းနေရင်း မှ ကျွန်ုပ်လည်း ဘယ်အချိန် ဘယ်လိုလုပ် အိပ်ပျော်သွားသည် မသိ၊ ယာဂုသောက်ရန်အတွက် သူတို့နိုးမှပင် နိုးလာလေတော့ သည်။

နောက်နေ့တွေ၌လည်း ထိုနည်းမျိုးပင် အိပ်ပျော်ခြင်းသို့ ရောက်ရှိရပေတော့သည်။ အရာရာ 'ယောနိသော မနသိကာရ' သင့်တင့်လျောက်ပတ်အောင်နှလုံးသွင်းတတ်ပါမှသာလျှင် စိတ် ချမ်းသာမှု ရပါတကား၊ စိတ်ဆင်းရဲရမှု နည်းပါးပါတကားဟူ၍ အလေးအနက် သဘောပေါက်မိတော့သည်၊ ယင်းအတွက်ကျွန်ုပ် သည် အမြတ်ဘခုရလိုက်ခြင်း ဖြစ်ပေသည်။

နံနက် ယာဂုသောက်ပြီး၍ မိုးစင်စင် လင်းသည်ဟုဆိုလျှင် ကျွန်ုပ်ဆီသို့ ကိုယ်တော်တပါးလာသည်။ သူ့ကို ဦးမြန်အောင် ဟူ၍ ခေါ်ကြောင်းသိရသည်။အသားဖြူဖြူ ဖြုတ်ဖြုတ် လတ်လတ် ရှိသည်။ ငယ်ဖြူတပါးပင် ဖြစ်သည်။ သူ့ကို ကျွန်ုပ် အခုမှပင် မြင်ဘူးမိသည်၊ ဝါကာ ၁၆ ဝါလောက်ပင် ရှိပေမည်။ ဓမ္မစရိယ အောင်ပြီးသား၊ မန္တလေးတွင် စာချဘုန်းကြီး လုပ်ဘူးသည် ဟူ၍လည်း သိရသည်။ အပြောကောင်းသူတဦး ဖြစ်သည်။ သူ၏ ပြောဟန် ဆိုဟန်ကိုကြည့်ပြီး ကျွန်ုပ်က ဤကျောင်း၌ တိုက်ကြပ် ဖြစ်လိမ့်မည်ဟူ၍ပင် ထင်လိုက်မိသည်။ သို့သော် မဟုတ်ပေ။ သူက ကျွန်ုပ်အား နေရထိုင်ရတာကိုမေးသည်။ တရားအခြေ

အနေကို မေးသည်။တရားအခြေအနေတော့မပေါ်သေးကြောင်းနှင့် ကျွန်ုပ်တို့ကျောင်းတွင် လူများကြောင်း၊ လူနည်းသောကျောင်း တပါးတည်းနေလို့ရသောကျောင်းရှိက နေလိုကြောင်း သူ့အား အကူအညီ တောင်းမိတော့သည်။

ခုလောလောဆယ်တော့ သည်းခံနေပါအုံး။ ဖြေးဖြေးတော့ ရပါလိမ့်မယ်ဟူ၍ အားပေးလေသဖြင့် သူ့အား အထင်တကြီး ကျေးဇူးတင်မိသည်။ ယင်းအတွက် တိုက်ကြပ် ဖြစ်ပေမည်ဟူ၍လည်း ထင်မိလိုက်ရခြင်း ဖြစ်သည်။ ယင်းသို့ဖြင့် ကျွန်ုပ်မှာ သူ့အား ပိုမိုရင်းနှီးသွားပြီး တရားဓမ္မနှင့်ပတ်သက်သော စကားတွေကို အတော်လေး ပြောမိဆိုမိတော့သည်။ ထိုသို့ပြောကြရင်းမှ သူက ကျွန်ုပ်မမျှော်လင့်သော ပုစ္ဆာတပုဒ်ကို ကောက်ခါငင်ခါ မေးမြန်းလာသည်။

'သောတာပန် ပုဂ္ဂိုလ်ဟာ အရှုပတို့ သွားမသွား ဘယ်လိုသဘောရလဲ'

'သောတာပန်ပုဂ္ဂိုလ် အရှုပတို့ သွားမသွား ဟုတ်လား'

ဘယ်လိုမှမကြားဘူးသောစကား၊ မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ အံ့သြသင့်စွာ ကျွန်ုပ်က သံယောင်လိုက်၍ ယောင်ရမ်း ရွတ်ဆိုမိလိုက်သည်။ အမှန်တော့ ဤပြဿနာသည် ဆရာတော်ကြီးဆီမှ လာသောပြဿနာဖြစ်သည်။ သူက ညက ဆရာတော်ဆီ ဝတ်ပြုသွားရင်း ဆရာတော် မိန့်ကြားချက်အရ သိရှိလာခဲ့ခြင်းဖြစ်သည်။ ဒါကို ကျွန်ုပ်နောက်မှ သိရခြင်းဖြစ်သည်။ ဤပြဿနာကို ပြောလို၍လည်း သူသည် ကျွန်ုပ်ထံသို့ ရောက်လာ

ကြောင်း ဖြစ်ဘန်ရာချေသည်။ ကျွန်ုပ်အား ပညာစမ်းလျက် ရှိချေပြီ။

'တယ်ထူးစမ်းတဲ့ ပုစ္ဆာပါကလား'

ကျွန်ုပ် တွေဝေငေးငိုင်နေစဉ် သူကပင် ဆက်လက်၍ဆိုပြန်သည်။

'ယေအရူပံဥပပဇ္ဇတိ တဒ္ဒ ပရိနိဗ္ဗာယိဿန္တိ' ယမိုက်ပါဠိတော်မှာ ဆိုထားချက်အရ အကြင်ပုဂ္ဂိုလ်တွေဟာ အရူပဘုံမှာဖြစ်ပြီးတော့ အဲဒီဘုံမှာပဲ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဘုရားက အဲဒီလို ဟောထားတာရှိတော့။ အဲဒီအကြင် ပုဂ္ဂိုလ်ထဲမှာ သောတာပန်ပါမပါ'

ဒုတိယမေးလာသော ပုစ္ဆာအတွက် ပါဠိသံကြားရုံနှင့် ကျွန်ုပ်ရိပ်စားမိပြီးဖြစ်သည်။ ယမိုက်ကျမ်းကို နှောကျေအောင်သိထားသော ကျွန်ုပ်မှာ ဘာမှခဲယဉ်းခြင်း မရှိတော့ပါပေ။ ကျွန်ုပ်ဆရာ အရှင်ဇေဝနဥာဏသည် အောက်ယမိုက်လေးကျမ်းကို အထူးပိုင်နိုင်စွာ ပို့ချနိုင်သူဖြစ်သည်။ ထိုနည်းစနစ်ကောင်းကို ကျွန်ုပ်ပိုင်နိုင်စွာ ရရှိထားသည်လည်း ဖြစ်သည်။ တပါးသူတို့အားလည်း အကြိမ်များစွာ ပို့ချဘူးသည်လည်း ဖြစ်သည်။

'ယမိုက်အရကောက်ကျမ်းမှာ ပဋ္ဌဝေါကာရဥပပဇ္ဇဖြစ်သော တိဟိတ် ပုထုဇဉ်။ ဥပပဇ္ဇဝဝန္တဖြစ်သော အောက်ဖက်၄ှာန် ပုဂ္ဂိုလ်သုံးယောက်ရ၏ ဆိုထားတော့ သောတာပန် ပုဂ္ဂိုလ်ပါတာပေါ'

ကျွန်ုပ် မဆိုင်းမတ့ ပြန်ဖြေကြားလိုက်သည်။

'အဲ ယမိုက်အရ ကောက်ကျမ်းမှာ ပါတာတော့ ဟုတ်တယ်။ အဲဒါက သွားနိုင်ခွင့်ရှိတာကိုသာ ကောက်ပြခြင်း ဖြစ်တယ်။ ဒါပေမဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ တကယ် သွား မသွား ဆိုတာကို အလေးအနက် သုံးသပ်ကြည့်ရင် တကယ်မသွားဘူး။ လောကမှာ လူတွေဟာ ဟိုဟိုဒီဒီ အရပ်ဒေသသို့ သွားတဲ့အခါ ဘယ်နေရာမျိုးမဆို ကမ္ဘာတဝှန်း သွားနိုင်ခွင့်ရှိတာပဲ။ ဒါပေမဲ့ သွားနိုင်ခွင့်ရှိတိုင်း သွားသလား။ မသွားဘူး။ ကိုယ်သွားချင်တဲ့ နေရာကိုသာ သွားတာ။ ခုလဲ ဒီလိုပဲ။ သောတာပန်ပုဂ္ဂိုလ်ဟာ ရတနာသုံးပါးမြဲသူ ဖြစ်တယ်။ အရူပတုံဟာ ရပ်ပြစ်ရှစ်ပါးထဲ ပါဝင်နေတော့ သွားနိုင်ခွင့်တော့ ရှိရဲ့။ ဒါပေမဲ့ တကယ်မသွားဘူး'

ဦးမြန်အောင်က ထိုကဲ့သို့ ပြောကြားပြီး ပြန် ကြွသွားတော့သည်။ ကျွန်ုပ်မှာ ထိုပြဿနာအတွက် အတွေးနယ်ကျယ်လျက် ကျန်ရစ်ခဲ့လေသည်။

ကျွန်ုပ် တရားအားထုတ်လာသည်မှာ ခုနစ်ရက်နေ့မြောက်သို့ပင် ရောက်ခဲ့ပေပြီ။ တရားကား ပေါ်မလာသေးပေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကား ထင်မလာသေးပေ။ ကျွန်ုပ်နောက်မှ ရောက်လာကြသူ အချို့ပင် ၁ရက် ၂ရက်အတွင်း ပေါ်နေကြပေပြီ။ မြင်းခြံဆရာတော်ထံသို့ တရားစစ်ခံသွားတိုင်း

'ဦးနိပုဏခန္ဓာကိုယ်မှာ ဘာတွေလဲ'

ဤကား မြင်းခြံဆရာတော်၏ မပြောင်းလဲသော အမေး ဖြစ်သည်။

'တပည့်တော် ဘာမှ မတွေ့ပါဘုရား'

ဤကား ကျွန်ုပ်၏ မဖောက်ပြန်သောအဖြေ ဖြစ်သည်။ ယခု ရက်ပိုင်းအတွင်း၌ မြင်းခြံဆရာတော်ထံမှ နောက်တခု ထပ်တိုး လာသော စကားတခွန်းကိုလည်း ကြားရပြန်သည်။

'ကိုယ်တော်ကို ဆရာတော်က မေးနေတယ်။ ရန်ကုန်ကကိုယ်တော်လေး တရားမပေါ်သေးဘူးလားတဲ့။ ဆရာတော်က မေးနေတယ်ဗျ။ ကြိုးစား၊ ကြိုးစား'

ထိုစကားကို ကြားရတော့ ကျွန်ုပ် ပို၍ ရင်မောမိသည်။ ကျွန်ုပ်လည်း စွမ်းအားရှိသမျှတော့ ကြိုးစားသွားဘဲ။ ကြိုးစားလျက် တရားမပေါ်တာတော့ မတတ်နိုင်ပြီ။ကျွန်ုပ်တရားမပေါ်တာတော့ သိပ် မပူပန်မိ။ ပူပန်မိသည်မှာ ပြရသူ ဆရာကို အားနာလာရသည်။ ဂရုတစိုက် မေးလာသူ ဆရာတော်ကြီးကို အားနာလာရသည်။ ဘေးပတ်ဝန်းကျင်ကို ဂရုပြုလာရသည်။ မြင်းခြံဆရာတော်က တပါးသူတွေကို မေးလျှင် သူ့အမေးသည် တခုနှင့်တခုမတူ တရား ပေါ်နေသည့် အခြေအနေ အားလျော်စွာ မေးခြင်းဖြစ်၍ ပြောင်းလဲမှုရှိသည်။ ဖြေဆိုသူတို့ကလည်း တရားပေါ်နေသော အခြေအနေအားလျော်စွာ ဖြေဆိုကြ၍ ပြောင်းလဲမှုရှိသည်။ ကျွန်ုပ်ကို မေးခြင်းနှင့် ကျွန်ုပ်၏ အဖြေသည် မပြောင်းလဲပေ။

'ဦးနိုပုဏ္ဏခန္ဓာကိုယ်မှာ ဘာတွေ့လဲ'

'တပည့်တော် ဘာမှ မတွေ့ပါဘုရား'

ဘေးပုဂ္ဂိုလ်တို့၏ယင်းကဲ့သို့ထပ်တလဲလဲကြားရသောအမေးနှင့် ထပ်တလဲလဲကြားရသောအဖြေအတွက် ပြုံးပင် ပြုံးလာကြတော့သည်။ မြင်းခြံဆရာတော်ကလည်း အထူး ဂရုတစိုက် ပြလျက်ရှိ

သည်။ ကျွန်ုပ်ကား ဘာမှကို တရားမပေါ်သေးပေ။ လွန်ခဲ့သော လေးရက်မြောက် နေ့လည်က ထူးခြားချက် တခုတော့ ရှိခဲ့သည်။ မြင်းခြံဆရာတော်ရှေ့တွင် သုံးချက်တွန်း တရားထိုင်နေရင်း ကျွန်ုပ်၏ ခန္ဓာကိုယ်သည် ပေါ့ပါးသလို ဖြစ်လာသည်။ သမုဒ္ဒရာထဲတွင် လှိုင်းလုံးကြီးတွေ စီးနေရသကဲ့သို့ ဖြစ်နေသည်။ တချက်တွန်းလိုက်တိုင်း လှိုင်းလုံးကြီး တလုံးပေါ် ငြိမ့်ကနဲရောက်သွားကာ လှိုင် လုံးနှင့်အတူ ခန္ဓာကိုယ်သည် သိမ့်ကနဲ ကျသွားသည်။ ယင်းကဲ့သို့ အဘန်ကြာ ဖြစ်ခဲ့သည်။ ရင်းညကလည်း ဖြစ်ခဲ့သည်သာ ဖြစ်သည်။ ယင်းအတွက် ကျွန်ုပ်က မြင်းခြံဆရာတော်ကို လျှောက်တင်လိုက်သည်။

'ဆရာတော်ဘုရား၊ တပည့်တော်ခန္ဓာကိုယ် အထူး ပေါ့ပါးနေတယ်ဘုရား။ သမုဒ္ဒရာကလှိုင်းလုံးကြီးတွေကိုစီးနေရသလို ဖြစ်နေတယ်ဘုရား'

ကျွန်ုပ်က ထူးခြားသာသော ဖြစ်ရပ်ကို အားရဝမ်းသာစွာ လျှောက်လိုက်သည်။

'ကိုယ်တော် အရှုခံ ရှုစိတ် လှုင်းလွဲနေပြီထင်တယ်။ အဲဒါက ပညတ်နိမိတ်တွေ။ ကိုယ်တော် တွန်းမှုကိုအသိမကပ်ပဲ။ လေထွက်တာ ဝင်တာကို စီးဘ်ရောက်နေတယ်ထင်တယ်။ လေကို အာရုံပြုမိရင် အဲဒီလို ဖြစ်တတ်တယ်။ အဲဒါကို သာယာမနေနဲ့။ တရားပေါ်မှာ မဟုတ်ဘူး။ လေထွက်တာကို အာရုံမပြုနဲ့လေ။ နောက်က တွန်းတွန်းပေးနေတဲ့ တွန်းကြိယာကလေးကိုသာ အသိကပ်တွန်းတိုင်းတွန်းတိုင်း လိုက်လိုက်သိနေပါစေ'

မြင်းခြံဆရာတော်၏ သိုမိန့်ကြားချက်ကို ကြားတော့ ကျွန်ုပ် စိတ်အပျက်ကြီး ပျက်သွားသည်။ ထိုဖြစ်ပေါ်လာချက်ကိုလည်း လက်လွှတ်လိုက်ရသည်။ အမှန်လည်း ကျွန်ုပ်သည် လေကို စိတ်ရောက်သွားမိသည်။ လေထိတာကို စိတ်ရောက်သွားမိသည်။ လေ၏ ထွက်လေဝင်လေကို စိတ်ရောက်သွားမိသည်။ တခါတခါ နှာခေါင်းမှ ထွက်သွားသော လေကိုပင် အတန်းလိုက် မြင်တွေ့နေရသည်ဟု ထင်လိုက်ရသည်။ အဘယ်ကြောင့် ဝိပဿနာကို အားထုတ်ရင်းကနေ သမထဘက် ရောက်သွားလေရသနည်း။ ကျွန်ုပ် ထိုအာရုံကို လွှတ်၍ တွန်းမှုသဘောကို သတိကြီးကြီးနှင့် ကပ်ခါ ရှုပွားရသည်။ ထိုအခါမှ ထိုအာရုံတို့သည်လည်း ကင်းစင် လွင့်ပျောက်သွားတော့သည်။ နောက် ဘယ်အခါမှ ပေါ်မလာ တော့ပေ ။

ဤကနေ့ ခုနစ်ရက်မြောက် နေ့လည် ၂ နာရီ ကျော်ခန့်၊ မြင်းခြံဆရာတော်ထံမှ တရားစစ် ပြန်လာချိန်တွင် ကျွန်ုပ်၏စိတ် တို့သည် အထူးညှိုးနွမ်းလျက်ရှိသည်။ အထူးစိတ်ဓာတ်ကျလျက် ရှိသည်။ (၇) ရက်တောင်ရှိပြီ။ ခုထိ တရားမပေါ်သေးပါလား။ ငါတရားတိုက်ထဲလာမိတာ မှားများ မှားနေပြီလား၊ ယင်း စိတ်တို့သည်ကျွန်ုပ်အား ချောက်ချားနေစေလေသည်။ ယခုကဲ့သို့ အခြေအနေမျိုးနှင့် ရန်ကုန်ပြန်သွားရလျှင် ဘယ်လောက်ရှက် စရာ ကောင်းမည်နည်း၊ ငါတော့ထွက်သွားပြီ ဟူ၍ အထင် တကြီး ဖြစ်နေကြသော ပုဂ္ဂိုလ်တို့က ငါ့အား ဘယ်လိုယူဆကြ မည်နည်း။ ပြီး တရားပြသူ တရားပြဆရာနှင့် ဆရာတော်ကြီးတို့ ကိုလည်း အလွန့်အလွန် အားနာမိလာသည်။ ကျွန်ုပ်သည် ယင်း

ကဲ့သို့ စိတ်တွေဂယောင်ချောက်ချား ဖြစ်နေရာမှ နောက်ဆုံးတွင် ဆုံးဖြတ်ချက်တခုကို ပြတ်သားစွာ ဆုံးဖြတ်လိုက်ရသည်။ ဤကနေ့ ပြတ်ပြတ်သားသား တရားအားထုတ်ကြည့်လိုက်ပေဦးမည်။ ကျွန်ုပ် ကျောင်းပေါ်သို့တက်ပြီးလျှင် ကျောင်းပေါ်က ကိုယ်တော်များအား မေတ္တာချပ်ခံရသည်။

'အရှင်ဘုရားတို့ အပြင်ခဏလောက် ထွက်ပေးကြစမ်းပါ။ တပည့်တော် တရားမပေါ်သေးဘူး။ တပါးတည်း လွတ်လွတ်လပ်လပ် ပြတ်ပြတ်သားသား အားထုတ်ချင်လို့။ တပည့်တော် အားထုတ်နေတုံး အရှင်ဘုရားတို့ အခြားတနေရာ ခဏသွားနေပေးစမ်းပါ၊ တောင်းပန်ပါတယ်'သူတို့ကလည်း ကျွန်ုပ်အား သနားဝဲ့ညာစွာပင်အလိုက်သိသိရှောင်ဖယ်ပေးကြသည်။အချိန်ကား သုံးနာရီခန့်ရှိပေပြီ။ကျွန်ုပ်သည် ဘုရားအား ဦးသုံးကြိမ်ချလိုက်သည်။ ပြီးလျှင် တရားအားထုတ်ရန် အသင့်အနေ အထားတင်ပလ္လင်ခွေထိုင်သည်။ 'ငါသည် ဤကနေ့ မိမိ ခန္ဓာကိုယ်၌ ထူးခြားသော တရားတခုခုကို မတွေ့မချင်း၊ ဤနေရာက မထတော့ပေ။ ဤအရိယာပုတ်ကို မပြင်တော့ပေ။ တရားအားထုတ်သော အမှုကို မရပ်တော့ပေ' အဓိဋ္ဌာန်ပြုလိုက်သည်။ ပြီးလျှင် မျက်စိကိုပိတ်လျက် သုံးချက်တွန်းကို မှန်မှန်တွန်းလျက် အသိကို ထိုတွန်းမှု ကြိယာအပေါ်၌ စွဲမြဲစွာ ကပ်ထားသည်။

ထိုကဲ့သို့ တနာရီကျော်ကျော်ခန့် မလှုပ်မယှက်ထိုင်မိသော် ခြေထောက်က ထုံကျင်လာသည်။ တင်ပါးက ပူထူလာသည်။ ခါးက ညောင်းကိုက်လာသည်။ ပြင်းထန်သော ဝေဒနာတို့သည် ဆူပွက်တက်လာသည်။ မခံမရပ်နိုင်အောင် ဖြစ်လာသည်။

ကျွန်ုပ်လည်း ကိုယ့်အခြေအနေအတိုင်း 'သေချင် သေပေစေတော့' ဟူ၍ သဘောထားကာ၊ ထိုဒုက္ခဝေဒနာတို့ကို သည်းခံပြီး မလှုပ်မယှက် ထိုင်မြဲထိုင်နေသည်။ ထိုဝေဒနာတို့သည် တစထက်တစ ရော့နည်းလိုက်လာပြီး၊ နောက်ထပ် တနာရီကျော်ကျော်လောက်တွင် ကျွန်ုပ်၏အခြေအနေသည် တမျိုးတဖုံဖြစ်သွားသည်။ မိမိခန္ဓာကိုယ်သည် ပျဉ်ပြားပေါ် ထိုင်နေသည်ဟူ၍လည်းမသိတော့ပေ။ ထုံကျင် ညောင်းညာကိုက်ခဲခြင်းလည်း မသိတော့ပေ။ နောက်ဆုံးတွင် ခန္ဓာကိုယ်ရှိနေမှန်းတောင် မသိတော့ပေ။ လေထဲမှာ တင်ပလ္လင်ခွေ ထိုင်နေရသည်ဟု မှတ်ထင်နေမိသည်။ တချီတချီ သုံးချက်တွန်း တွန်းနေသည်ဟုသာ သတိပြုမိသလို အနေရှိသည်။ ရုပ်တခြား နာမ်တခြား ဖြစ်နေသကဲ့သို့ရှိသည်။ အလွန်ငြိမ်းအေးသော အရသာထူးကို ခံစားနေရသည်။ တသက်တွင် ညျမျှထူးခြားသော အရသာထူးကို မခံစားဘူးပေ။ မည်၍မည်မျှကြာအောင် ထိုကဲ့သို့ဖြစ်နေသည်မသိ။ စူးရှသော အသံတသံကို ကြားလိုက်မှ ကျွန်ုပ်သတိရမိတော့သည်။

'ဦးနိပုဏ တရားအာရုံလွှတ်လိုက်တော့၊ တရားအာရုံလွှတ်လိုက်တော့၊ ည ၉ နာရီ ကျော်သွားပြီ။ တပည့်တော်တို့လဲ အိပ်ချင်တာနဲ့ ပြန်တက်လာတော့တယ်'

ထိုအသံကိုကြား၍ ကျွန်ုပ် သုံးချက်တွန်းကို ရပ်လိုက်သည်။ စိတ်ကိုလျှော့ချလိုက်သည်။ ခန္ဓာကိုယ်ကို လျှော့ချလိုက်သည်။ ထိုအခိုက် မမျှော်လင့်သောဖြစ်ရပ်သည် ကျွန်ုပ်အား ဖြစ်ပေါ်လာသည်။ ကျွန်ုပ်၏မျက်စိသည်မှိတ်ထားတုံးပင် ရှိသေးသည်။ ကျွန်ုပ်ခန္ဓာကိုယ်တကိုယ်လုံးလေဘူဖောင်းတနံကိုမှုတ်ပြီးအထက်

ကို လှင့်တင်လိုက်သကဲ့သို့ကောင်းကင်ယံသို့ အရှိန်အဟုန် အား ကောင်းစွာထိုးတက်နေသည်ဟူ၍မှတ်ထင်ရသည်။ထိုသို့ထိုးတက် နေခိုက် ဦးဗိုလ်ကလေး၏အသံကို ကြားလိုက်ရပြန်သည်။

'ဦးနိုပုဏ ခန္ဓာကိုယ်ကို စိုက်ကြည့်စမ်း၊ ငယ်ထိပ်ကိုစိုက်ကြည့် စမ်း....'

သူက ဝါရင့်နေသော ယောဂီပီပီ ကျွန်ုပ်၏ခန္ဓာကိုယ်၌ ဖြစ် ပျက်ဘာရုးတွေပေါ်နေပြီအထင်နှင့်စိုက်ကြည့်ခိုင်းခြင်းဖြစ်သည်။ ကျွန်ုပ်ကလည်း သူပြောသည့်အတိုင်းပင် စိုက်ကြည့်မိလျက်သား ဖြစ်သွားသည်။ ထိုအခါ ခန္ဓာကိုယ်၌ ဘယ်ကဲ့သို့ ဖြစ်ပျက်သည် ကိုတော့ အလျဉ်းမသိလိုက်ပေ။ သိလိုက်သည်မှာ လေကုန်၍ ပြန်ကျလာသော ဘူပေါင်းကဲ့သို့ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် ကောင်းကင်ယံမှ ကျောင်းခေါင်မိုးကို ဖေါက်ထွင်း၍ အောက်ကို ပြန်ကျလာသည်ဟု အောက်မေ့မှတ်ထင်မိတော့သည်။

ထိုအခါမှ ကျွန်ုပ်လည်း မျက်စိကိုဖွင့်၍ မိမိအိပ်ရာတွင် ခြေကို ဆန့်၍ တုံးလုံးလှဲ အိပ်မိတော့သည်။ ထိုကဲ့သို့အိပ်၍ မကြာပါ ချေ၊ ထူးကဲသော အဖြစ်တရပ်သည် ပေါ်လာပြန် ချေသည်။ ကျွန်ုပ်၏ ခါးကနေ အထက်ခန္ဓာကိုယ်သည် အေးစက်လာသည်။ ခါးကနေအောက်ပိုင်း၊ တင်၊ ပေါင်၊ ခြေသလုံး၊ ခြေဖဝါးတို့ သည် ပူလောင်ဘက်လာသည်။ 'ဒါ ဘာဖြစ်တာပါလိမ့်' ကျွန်ုပ် အမှတ်မထင် တွေးလိုက်မိသည်။ ယင်းကဲ့သို့ ဖြစ်နေရာမှ ကျွန်ုပ် သည် ခန္ဓာကိုယ်ကို အနည်းငယ်လှုပ်ရှားမိသည်။ ထိုအခါ အဖြစ် အပျက်သည် ပြောင်းလဲလာပြန်သည်။ စောစောက အထက်ပိုင်း ခန္ဓာကိုယ် အေးစက်သည့်နေရာတွင် ပူနွေးသောသဘောကို တွေ့

ရသည်။ အောက်ပိုင်းခန္ဓာကိုယ် ပူနွေးသောနေရာတွင် အေးစက်သောသဘောကို တွေ့ရသည်။ 'ဟ၊ ငါ့ခန္ဓာကိုယ် ဘယ်လိုဖြစ်နေပါလိမ့်၊ ခေတ်တွေချောက်ချားကုန်ပြီလား' ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်နေသည်။ တခါတရံ ဒီလိုပဲ ဖြစ်တတ်တဲ့သဘော ရှိမှာပဲလေဟူ၍ နှလုံးသွင်းကာ ကျွန်ုပ်သည် ဘယ်ဘက်လှည့်စောင်းလိုက်သည်။

ထိုအခါ အခြေအနေ တမျိုး ပြောင်းသွားပြန်သည်။ အထက်ပိုင်း အောက်ပိုင်း အနေအထားမျိုးကနေ ခန္ဓာကိုယ် အလျားလိုက်ကို ထက်ခြမ်းခွဲလိုက်သကဲ့သို့ ဘယ်ဘက်အခြမ်းက အေးစက်ပြီး ညာဘက် တခြမ်းလုံးက ပူနွေးလာပြန်သည်။ တဖန်ညာဘက်သို့ စောင်းအိပ်သော် မစောစောက ပူနွေးသော ညာဘက်ခြမ်းက အေးစက်လာပြီး အေးစက်သော ဘယ်ဘက်ခြမ်းက ပူနွေးလာပြန်သည်။ ပက်လက်လှန်သော် ထိုကဲ့သို့အခြမ်းကနေမူလအတိုင်း အထက်ပိုင်း၊ အောက်ပိုင်း၊ ပူတလှည့်၊ အေးတခါ ဖြစ်နေသည်။ ကျွန်ုပ် မှောက်လျက်အိပ်ကြည့်ပြန်သည်။ အပေါ်ပိုင်းကျောပြင် တလျောက်ပူနွေးပြီး အောက်ပိုင်းဝမ်းဗိုက်တလျောက်အေးစက်နေသည်။ လက်နှစ်ချောင်းမြှောက်ကြည့်သော်ဘယ်ဘက်လက်က အေးလျှင် ညာဘက်လက်က ပူနေသည်။ ခြေနှစ်ချောင်းမြှောက်သော် ညာဘက်ခြေက အေးလျှင် ဘယ်ဘယ်ခြေက ပူလာသည်။ နောက်ဆုံး လက်ညှိုးတချောင်းနှင့်လက်ခလယ်တချောင်းထောင်လျှင်ပင် တချောင်းကအေးပြီး တချောင်းက ပူနေသည်။ ထိုကဲ့သို့ ဖြစ်နေခြင်းသည် နောက်တနေ့ တနေ့လုံး ဖြစ်နေသည်။ ဆွမ်းခံသွားလည်း ဖြစ်နေသည်။ ဆွမ်းစားလည်း ဖြစ်နေသည်။

ကုဋ္ဌိတက်လည်း ဖြစ်နေသည်။ ရေချိုးလည်း ဖြစ်နေသည်။ ကျွန်ုပ် တရား ဆက်မထိုင်ပဲနှင့် ယို သဘောကို အကဲခတ် စောင့်ကြည့်မိသည်။ ထို အတိုင်းပင် တနေ့လုံး တညလုံး ဖြစ်နေသည်။

တနေ့လုံး ဖြစ်နေချက်ကို သတိပြု လေ့လာပြီးလျှင်၍ဖြစ်ရပ်သည် ငါ၏ စိတ်အထင်နှင့် ဖြစ်နေသည်မဟုတ်၊ သူ့ သဘောနှင့်သူ ထင်ထင်ရှားရှား ဖြစ်နေခြင်း ဖြစ်သည်ဟူ၍ အသေအချာ သိရှိကာမှ ညနေပိုင်းတွင် မြင်းခြံ ဆရာတော်အား ထိုအကြောင်းကို အားရဝမ်းသာစွာ လျှောက်မိတော့သည်။ မြင်းခြံဆရာတော်ကား ကျွန်ုပ်၏ တရားပေါ်ပုံကို သိပ် သဘောမကျလှပေ။ လိုက်လိုက်လှဲလှဲ မရှိပေ။ အင်းမလှုပ် အဲ မလှုပ် ဖြစ်နေသည် 'တဆုံးတော့ တက်လာပြီ ကြိုးစားပါ' ဟူသော ဝတ်ကျေတန်းကျေ အနေမျိုး လောက်သာ ပြောသည်။ 'အမှန်တော့ မင်း တရားပေါ်ပုံမဟုတ်သေးဘူး' ဟူ၍ တိုက်ရိုက် ပြောလိုပုံ ရသည်။ သို့သော် ကျွန်ုပ် စိတ်ပျက်သွားမှာ စိုး၍ မပြောခြင်း ဖြစ်သည်။ သို့သော် ကျွန်ုပ်မှာကား သူ့ အမူအရာကြည့်ပြီး အကြီးအကျယ် စိတ်ပျက်သွားလေသည်။ ယင်းသို့ စိတ်ပျက်သွားသည်နှင့် အတူ၊ ပူဘလှည့်အေးတလှည့် ဖြစ်နေသော သဘောတို့သည်လည်း ဘယ်ဆီရောက်သွား မသိ။ အံ့သြစရာကောင်းလောက်အောင် ချက်ခြင်းပင် ပျောက်ကွယ်သွားလေသည်။ နောက်ထပ်လည်း ထိုသဘောမျိုး ဘယ်အခါမှ မပေါ်တော့ပေ။

နောက်တနေ့ နေ့သည်ပိုင်းတွင် အာဂန္တု တပါးက 'ကျွန်ုပ်အား တွေ့ချင်သည်' ဟူ၍ ဆိုလာသည်နှင့် ကျွန်ုပ် ဒိတ်ကနဲ ဖြစ်သွားရသည်။ ဘယ်က အာဂန္တုနည်း၊ ကျွန်ုပ် ဒီကို ရောက်နေ

တာ ဘယ်လိုလုပ် သိသနည်း။ ငါလည်း ဘယ်သူ့မှ အသိမပေး ပဲနှင့် သူက ဘယ်လိုလုပ် သိသနည်း။ ကျွန်ုပ်ကဗျာကရာကျောင်း ပြင်သို့ ထွက်ကြည့်လိုက်သည်။ ဦးဥာဏပါတကား။ ကျွန်ုပ် ရွှေဥမင်တောရတွင် နေခဲ့စဉ်က ကျွန်ုပ်နှင့်အတူ ပရိဝတ် ဆောက်တည်ခဲ့သော သထုံသည်ဝန် ဆရာတော် တပည့်အရင်း၊ စာချ ဘုန်းကြီး ဦးဥာဏပင် ဖြစ်သည်။ သက်တော် (၄၀) ဝါတော် (၂၀) ရရှိပြီး ဖြစ်သည်။ သူ့အား ကျွန်ုပ်က ဤကို သွားမည် ဖြစ်ကြောင်း ဖွင့်ဟ၍ မပြောခဲ့ဘူးသည်။ ကျွန်ုပ်က လိုက်လှဲပြုံငှာစွာ ဆီးကြို နှုတ်ဆက်ပြီး၊ ကျွန်ုပ်၏ အိပ်ယာထက်သို့ ပင့်ဆောင်လာခဲ့သည်။ ရှေးဦးစွာ ကျွန်ုပ် ရွှေဥမင်တောရ ဆရာတော် ကျန်းမာ ချမ်းသာ ကြောင်း မေးမြန်း ကြည့်သည်။ ခေတ္တခဏ အလ္လာပ သလ္လာပ ပြောဆိုပြီး သူက ကျွန်ုပ်အား တရား အခြေ အနေ မေးလေတော့သည်။ တရား အနေအရ ထူးခြားမှု မရှိ ကြောင်း ခပ်ရှက်ရှက်နှင့်ပင် ပြောရတော့သည်။

သို့သော် တရားကျင့်သုံးနည်း သဘောကိုတော့ အသေအချာ ပင် နှစ်သက်ကြောင်း၊တရား မပေါ်သည်မှာ ကျွန်ုပ်၏ ကံပါရမီ ညံ့ဖျင်းနေသေး၍သာ ဖြစ်ကြောင်း ပြောပြရသည်။ ထိုနောက် သူ့အား ဆရာတော်ကြီးဆီသို့ ပင့်ဆောင်သွားသည်။ ဆရာတော် ကြီးနှင့်တွေ့လျှင် ကိုယ်မေးချင်တာလေးတွေ မေးပါဟူ၍ သူ့အား အသိပေးထားသည်။ သူ ယခု လာခြင်းသည်လည်း တရား အခြေအနေကို လာရောက် စုံစမ်း လေ့လာခြင်း ဖြစ်သည်။ သဘောကျက သူလည်း ဤဌာနဌ လာ၍အားထုတ်ဦးမည်ဟုဆို သည်။ ဆရာတော်ကြီးအား ယခုမှပင် ဖူးမြင် တွေ့ရတော့သည်။

ရောက်စက တခါ ဖူးမြင်တွေ့ရပြီး၊ မဖူးမြင်ရသည်မှာ (၈) ရက် ပင် ရှိခဲ့လေပြီ။ ဆရာတော်ကြီးကို တွေ့သော် တရားမပေါ် သေးသည့်အတွက် ခပ်ရှက်ရှက် ဖြစ်မိသည်။

'သူက သထုံလည်ဝန်ကျောင်းက စာချတုန်းကြီးပါဘုရား။ တပည့်တော်နဲ့ ရွှေဥမင်တောရမှာ အတူ တရားထိုင်ခဲ့ဘူးပါတယ်။ ခုဒီကိုလာပြီး တရား အခြေအနေကို လာလေ့လာတာပါဘုရား'

ကျွန်ုပ်က ဦးဥာဏကို ဆရာတော်ကြီးနှင့် တွေ့ဆုံပေးလိုက်သည်။ ဆရာတော်ကြီးက ရွှေဥမင်တောရအကြောင်း၊ လည်ဝန်ဆရာတော်အကြောင်း၊ အနည်းငယ် မေးမြန်းစုံစမ်းသည်။ ဘာတရားတွေ အားထုတ်ဘူးသနည်း။ ဘယ်လောက်ကြာကြာ အားထုတ်ဘူးသနည်း မေးမြန်းသည်။ ဦးဥာဏက သူသည် မဟာစည်ဆရာတော်ထံတွင် တနှစ်ခန့် ရွှေဥမင်တောရတွင် တနှစ်ခန့်၊ အားထုတ်ဘူးကြောင်းပြောသည်။ ရွှေဥမင်ဆရာတော်နှင့် စပ်လျဉ်း၍ ပဲခူးက ရွှေကျင်ဂိုဏ်းရွှေဂူဆရာတော်ကြီးဘောင်တန်ဆောင်မုန်း လဆန်းလောက်က ဒီဌာနမှာ (၁၀) ရက်လောက် တရား လာအားထုတ်ဘူးကြောင်း၊ အအေးဒဏ် ပြင်းထန်လာ၍ ပြန်ကြွသွားကြောင်း၊ ထို ဆရာတော်မှာ ရွှေဥမင်တောရ ဆရာတော် ညွှန်ကြားချက်အရ ဒီကို ရောက်လာကြောင်း၊ ဆရာတော်ကြီးက မိန့်ကြားသည်၊ ပြီးလျှင် မေးမြန်းလိုချက်တွေ မေးမြန်းနိုင်ကြောင်း ပြောတော့သည်။ ထိုအခါ ဦးဥာဏက ဆရာတော်ကြီးအား မေးမြန်းလေသည်။

'စက္ခုံစပဋိစ္စ၊ ရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာစတဲ့ ပဋိစ္စသမုပ္ပါဒ် စက်လည်ရမှုနှင့်ပတ်သက်ပြီး၊ ပဋိစ္စသမုပ္ပါဒ်စက် မလည်အောင် ဘယ်လို လုပ်ရပါမလဲ ဘုရား။ ဝေဒနာကနေ တဏှာမကူးအောင်၊ ဝေဒနာတွင်ရပ်သွားအောင် ဘယ်လိုလုပ် ရပါသလဲဘုရား'

ဦးဉာဏက ဆရာတော်ကြီးအား လျှောက်တင် လိုက်သည်။ ကျွန်ုပ်က ဆရာတော်ကြီးဆီမှ ပေါ်ထွက်လာမည့် အဖြေကို ဂရုတစိုက် နားစွင့်နေမိသည်။ ဆရာတော်ကြီးက ဦးဉာဏ မေးမြန်းချက်နှင့်ပတ်သက်ပြီး ရုတ်တရက် မဖြေသေးပဲ၊ စာရွက်တရွက်ကို ယူကာ စာရေးလိုက်သည်။ ပြီးလျှင် ကျွန်ုပ်တို့အား တယောက် တရွက်စီပေးသည်။

'ဒီစာရွက်ကိုကြည့်ကြ၊ ဒီကဖြေရှင်းပေးမယ်။ ရေးထားတဲ့ စာက ဘာတဲ့လဲ'

'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ—သင်္ခါရ ပစ္စယာ ဝိညာဏံ'

ကျွန်ုပ်တို့က ဆရာတော်ကြီး ရေးထားသောစာကို မတိုးမကျယ်ဖတ်လိုက်သည်။ ဆရာတော်ကြီးက ဆက်ရှင်းပေးနေသည်။ ကျွန်ုပ်တို့က သူရေးပေးထားသော ရှင်းစာကြောင်းကို ကြည့်နေသည်။

'အဲဒီဒေသနာက ပဋိစ္စသမုပ္ပါဒ် စက်လည်တာကို ပြတာဖြစ်တော့၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ ဝိဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ စတဲ့ တရားတွေ လည်တာဖြစ်တော့ကာ၊ အဝိဇ္ဇာဖြစ်တယ်ဆိုတာ၊ အပေါင်းအစုကြီး အနေနဲ့

ပညတ်သဏ္ဍာန်နိမိတ်အနေနဲ့ သိနေချက်ကိုပြောတာပဲ။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်စက် ရပ်ချင်ရင်၊ အဝိဇ္ဇာနေရာမှာ ဝိဇ္ဇာဖြစ်အောင်လုပ်ရမှာပဲ၊ အဲဒီအဝိဇ္ဇာက 'အ' လေးကိုဖြုတ်လိုက်ပြီး၊ သင်္ခါရရှေ့ကထားလိုက်စမ်း၊ ဘယ်လိုဖြစ်သွားမလဲ'

ကျွန်ုပ်တို့က ခဲဘန်နှင့် အဝိဇ္ဇာက 'အ'ကို ဖျက်လိုက်သည်။ သင်္ခါရရှေ့ကိုပို့လိုက်သည်။

'ဝိဇ္ဇာပစ္စယာ၊ အသင်္ခါရာ၊ ဖြစ်သွားပါတယ်ဘုရား'

ပြုံးတူ လျှောက်တင်မိကြသည်။ ဆရာတော်က ဆက်လက်အမိန့်ရှိသည်။

'ဝိဇ္ဇာပစ္စယာ၊ ဝိဇ္ဇာဖြစ်ရင်၊ အသင်္ခါရာ = သင်္ခါရမဖြစ်ဘူး။ သင်္ခါရမဖြစ်ရင် ဝိညာဏ်နာမ်ရုပ်- သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာစတဲ့တရားတွေကော ဖြစ်ပါအုံးမလား'

'မဖြစ်တော့ဘူးဘုရား'

'အဲ၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်စက် ရပ်တာပဲ၊ ဒ္ဒါရ ခြောက်ပါးကနေ ဖြစ်နေတဲ့ အဝိဇ္ဇာနေရာယူထားချက်ကို ဝိဇ္ဇာဖြစ်အောင်လုပ်ထိုက်ရင် ပဋိစ္စသမုပ္ပါဒ် စက်ရပ်မှာပဲ။ အဝိဇ္ဇာနေရာမှာ ဝိဇ္ဇာနေရာယူတယ်ဆိုတာက အဝိဇ္ဇာသိ သိနေတဲ့ ပညတ်နိမိတ်သဏ္ဍာန်အပေါင်းအစုတွေကို ဝိဇ္ဇာသိ သိတဲ့ ပညတ်နိမိတ် ပျောက်၊ အပေါင်းအစုပျောက်၊ ပရမတ်သဘောအစစ် သိနေချက်ကို ဆိုတာပဲ၊ အဲဒီတော့ အစကစကားနဲ့ ပြန်စပ်လိုက်တော့ကာ ဝိဇ္ဇာမဖြစ်ရင် သင်္ခါရရှေ့က 'အ' = ဟာ ဝိဇ္ဇာရှေ့ရောက်သွားမယ်။ ရောက်သွားတော့ အဝိဇ္ဇာ ဖြစ်မယ်။ အဝိဇ္ဇာဖြစ်ရင် -သင်္ခါရ ဝိညာဏ်စတဲ့ ပဋိစ္စသမုပ္ပါဒ်စက် လည်မယ်။ အဝိဇ္ဇာမဖြစ်ရင်၊

ဝိဇ္ဇာဖြစ်တယ်။ ဝိဇ္ဇာဖြစ်ရင် အသင်္ခါရ သင်္ခါရမဖြစ်ဘူး။ သင်္ခါရ မဖြစ်ရင် ဝိညာဏ်စတဲ့ ပဋိစ္စသမုပ္ပါဒ်စက် လည်မှုလဲ ရပ်သွားတယ်။ ရှင်းပြီလား'

'ရှင်းပါပြီဘုရား'

ကျွန်ုပ်တို့နှစ်ပါးလုံးပင် ကျေနပ်နှစ်သိမ့်စွာ အဖြေပေးလိုက်ကြသည်။ ထို့နောက် ဆရာတော်က ဦးဥာဏအား၊ သံလျင်တောရ၌ တရားရှုပွားပုံ အကျဉ်းချုပ် စာရွက်တရွက်ကို ပေးပြီး၊ ရင်းစာရွက်ကို သေသေချာချာ ကြည့်ပါ။ ကျွန်ုပ်နှင့်လည်း တိုင်ပင်ဆွေးနွေးပါ။ ညကျမှ အဲဒီအထဲက မေးလိုတဲ့အချက်ကို မေးနိုင်သည်ဟူ၍ပြောသည်။ ကျွန်ုပ်တို့လည်း ပြန်လာခဲ့ကြသည်။ ဦးဥာဏလည်း ထိုညဘဲ သံလျင်တောရတွင် ကြိမ်းပြီးနောက် ၂ရက် ၃ရက်ကြာလျှင် သူလည်းလာ၍ တရားအားထုတ်မည် ဆိုကာ ပြန်ကြသွားလေသည်။

နောက်ထပ် သုံးရက်အကြာတွင် ဦးဥာဏလည်း အမှန်ပင် ရောက်ရှိလာသည်။ ကျွန်ုပ်သည် တတိယမြောက် ကျောင်းတကျောင်းကို ပြောင်းရပြန်သည်။ ဆရာတော်ကြီးက ဦးဥာဏနှင့် ကျွန်ုပ်အား နှစ်ပါးတကျောင်း အတူထားပေသည်။ ဒုတိယကျောင်းထက် များစွာ အနေချောင်သွားသည်။ အနေချောင်သည်က အရေးမကြီး အရေးကြီးသည်မှာ တရားမပေါ်တာက အရေးကြီးသည်။ ကျွန်ုပ် အတော်ပိန်ချုံးသွားသည်။ နဂိုကမှ ပိန်ပိန် ပါးပါးလှပ်လှပ် ရှိရသည်ကြားထဲ၊ ယခု ပို၍ဆိုးတော့သည်။ တရားမပေါ်သည်က တကြောင်း၊ အအိပ်ပျက်၊ အစားပျက်၊ ကြိုးစားအားထုတ်ရသည်က တကြောင်း စိတ်မော၊ လူ

မောဖြစ်သည်ဟာ တကြောင်း၊ ယင်း အကြောင်းကြောင့်မို့ ပိန်ချုံးသွားဟန်တူသည်။ ကိုယ့်ကိုယ်ကိုအလွန်ကြီး အားမလိုအားမရ ဖြစ်မိသည်။ ရေတွင်းတူးသကဲ့သို့ တူးလို့ရမည်ဆိုလျှင်လည်း ပေါက်တူးကိုင်ပြီး နင်းကန်သာ တူးပစ်လိုက်ချင်သည်။ စာကဲ့သို့ ကျက်လို့ရမည်ဆိုလျှင်လည်း ကုန်းအော်၍သာ ကျက်ပစ်လိုက်ချင်သည်။ မြေပြင်တွင် ခြေလျင်ပြေးသကဲ့သို့ ပြေးရမည် ဆိုလျှင်လည်း အားကုန်သာ ပြေးလွှားပစ်လိုက် ချင်သည်။ ဝိပဿနာ တရားအလုပ်ကား အလွန်နူးညံ့သိမ်မွေ့သော အလုပ်ဖြစ်သည်။ ပေါချင်တိုင်း နင်းကန် အားထုတ်၍လည်းမရ။ ရှုပွားပုံ လွဲမှား ပြန်လျှင်လည်း မပေါ။ စိတ်ညစ်လို့လည်းမဖြစ်။ နောက်တော့ စိတ်ကိုလျှော့ချလိုက်ရသည်။ ဝီရိယလွန်လျှင် ဥဒ္ဓစ္စ ဖြစ်သည်။ ပေါချင်စိတ် ပြင်းထန်မှုကို လျှော့ချပစ်လိုက်ရသည်။ ဝီရိယကို လျှော့ချပစ်လိုက်ရသည်။ သင့်တင့်စွာ နှလုံးသွင်းရသည်။ တရားမပေါတာ ဘဝအကြောင်းကံ ပါ၍မိလည်း ရှိပေအုံးမည်။ ပေါချင်တဲ့ အချိန်အခါမှပေါ။ မှန်မှန်ပဲ အားထုတ်တော့မည် ဟူ၍ ဆုံးဖြတ်လိုက်ရသည်။ ထိုသို့ ဆုံးဖြတ်လိုက်မှပင် စိတ်ရော ကိုယ်ရော သက်သာခွင့် ရသွားတော့သည်။ ပေါ့ပါးရှင်လန်းမှု ရသွားတော့သည်။

[ ၇ ]

# တရားပေါ်ခဲ့စဉ်တွင်

တညတွင် ဆရာတော်ကြီးက ကျွန်ုပ်တို့နှစ်ပါးအား ခေါ်လေသည်။ ကျွန်ုပ်တို့ဆရာတော်ခြေရင်းသို့ ရောက်စဉ်ကာလ၌ကျွန်ုပ်တို့နှင့်အတူ သင်္ကန်းညိုညိုဝတ်ဆင်ထားသော အသက်၃၅ နှစ်ခန့်ရှိ အသားညိုညို အရပ်ခပ်ပုပု ဦးပဉ္ဇင်းတပါးကိုလည်း တွေ့ရသည်။ သူ့အား ဦးစမ်းချောင်းဟူ၍ ခေါ်တွင်လေသည်။ ကြည့်မြင်တိုင်၊ စမ်းချောင်းရပ်က လာ၍ စမ်းချောင်းဟု ခေါ်တွင်ကြောင်းသိရသည်။ သူ့အား တကြိမ်မြင်လိုက်ရလျှင် အလွယ်တကူ မှတ်မိနိုင်သော ထူးခြားသော ရုပ်ရည်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ၏နဖူးပြင်မှာ ကျဉ်းနေပြီး ဦးခေါင်းမှာနဖူးပြင်ဘက်သို့ ချွန်ထွက် နေသောကြောင့် ဖြစ်သည်။ ရည်မွန်ဖြတ်လတ်ခြင်း ရှိလှသည်။ သူနှင့် အများဆုံးတွဲသူမှာ ကျွန်ုပ်အား ‘သောတာပန်ပုဂ္ဂိုလ်သည် အရူပဘုံသို့ သွားမသွား’ ဟူသော

အမေးကို မေးဘူးသူ ဦးမြန်အောင်ပင်ဖြစ်သည်။ သူတို့နှစ်ပါးက တပူးတွဲတွဲ သွားလာကြသည်ကို မကြာခဏတွေ့ရသည်။ သူတို့နှစ်ပါး၏ ရည်မွန်ဖြတ်လတ်မှုကြောင့် ကျွန်ုပ်တွေ့စက ဦးမြန်အောင်ကို မြင်းခြံ ဆရာတော်အောက် တိုက်ကြပ် ဘုန်းကြီး၊ ဦးစမ်းချောင်းကို ဆွမ်းစားကျောင်းဘုန်းကြီးဟူ၍ထင်ခဲ့မိသည်။ နောက်မှ မဟုတ်ကြောင်းသိရပေသည်။ ဆရာတော်အား ဝတ်ချပြီးသည်ဟုဆိုလျှင် ကျွန်ုပ်အား မေးပါလေတော့သည်။

'သိမ်ကုန်းကိုယ်တော်လေး တရားမပေါ်သေးဘူးလား'

'မှန်ပါ့ဘုရား။ မပေါ်သေးပါဘူးဘုရား'

ကျွန်ုပ်က ခပ်ရှက်ရှက် အားနာနာနှင့်ပင် အဖြေပေးလိုက်ရတော့သည်။

'ကိုယ်တော်တို့မှာသာ ခက်နေတာ၊ လွယ်တဲ့လူတော့ လွယ်လိုက်တာ'

ထိုသို့ပြောဆိုပြီးလျှင် ဆရာတော်က ဦးစမ်းချောင်းကို ကြည့်လျက်—

'ဖိုးစမ်းချောင်း' ဟူ၍ ခေါ်လိုက်သည်။

'ဘုရား'

ဦးစမ်းချောင်းကပြန်ထူးသည်။

'နှာခေါင်းကနေ တချက်ထဲ တွန်းပြစမ်း'

ကျွန်ုပ်တို့က ဦးစမ်းချောင်းအား သေချာစွာ အကဲခတ်ကြည့်ရှုနေသည်။ ဦးစမ်းချောင်းက ဘုရားအား ဝတ်ချပြီးလျှင် မယ်ကြိုး ထိုင်နေရင်းမှ နှာခေါင်းထဲမှ လေကို တချက် တွန်းလိုက်

သည်ကို တွေ့ရှိရသည်။ ထိုအခါ ဆရာတော်နှင့် ဦးစမ်းချောင်းတို့၏ မေးဖြေချက်တို့ကို ကြားရတော့သည်။

'ဘယ့်နှယ်လဲ တရားပေါ်ရဲ့လား'

'ပေါ်ပါတယ်ဘုရား'

'ဘယ်အနားက စပေါ်သလဲ'

'နှာခေါင်းက စပေါ်ပါတယ်ဘုရား'

'ခု ဘယ်ရောက်နေပြီလဲ'

မျက်နှာပြင်တပြင်လုံးကနေ ခေါင်းရောက်ပြီဘုရား၊ ပခုံးရောက်ပြီဘုရား၊ ကိုယ်ရောက်ပြီဘုရား၊ တကိုယ်လုံးပြန့်ပြီဘုရား၊ ခေါင်းကနေ အောက်ကို ပြန့်ပြီးပြိုကျလာပြီဘုရား၊ ဆုံးပြီဘုရား၊'

ဦးစမ်းချောင်းက ထိုသို့ပြောအပြီး ဘုရားကို ဝတ်ချလိုက်တော့သည်။

'အဲ၊ အဲဒါသာ ကြည့်ပေတော့ လွယ်တဲ့ လူတွေမှာ ဘယ်လောက်လွယ်သလဲဆိုတာ'

ကျွန်ုပ်တို့မှာ ဦးစမ်းချောင်းအား ကြည့်ပြီး သဘောကျစွာ ပြုံးမိကြတော့သည်။ သူတို့ကျတော့လည်း တယ်ဟုတ်ကြပါလား ဟူ၍လည်း အောက်မေ့မိလိုက်တော့သည်။

'ကိုယ်တော်တို့လဲ စိတ်မပျက်ကြပါနဲ့၊ ဒီလိုပဲ တဖြေးဖြေးနဲ့ ကျင့်ယူကြရတာပဲ။ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံကြတဲ့ အခါမှာ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို တွေ့မြင်အောင် ကျင့်သုံးတတ်ဖို့လိုတယ်။ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်၊ တွေ့မြင်ထားမှလဲ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံကြရကျိုးနပ်မယ်။ ကိုယ်တော်လေး၊ ခုထိတရားမပေါ်တာ သံသယတွေ၊ ဝိတက်တွေ ဝင်

နေတယ်ထင်တယ်။ ဘုန်းကြီးကလဲ အခုတလော အလုပ်တွေ များနေတာနဲ့၊ ရှင်းမပေးအားဘူး။ ဒီနေ့တော့ ရှင်းပေးအုံး မှပဲဆိုပြီး ခေါ်လိုက်တာပဲ'

ထိုသို့ ပြောပြီးလျှင် ဆရာတော်ကြီးက ကျွန်ုပ်တို့ နှစ်ပါး အား ယခု ကျွန်ုပ်တို့ အားထုတ်နေသော ဝိပဿနာတရားဓမ္မနှင့် ပတ်သက်၍ ရှင်းလင်းပေးပါတော့သည်။

'ခု ကိုယ်တော်တို့ ဝိပဿနာ အားထုတ်တယ်ဆိုတာ၊ လူ့ပြည် ကိုသွားဘို့လဲ မဟုတ်ဘူး။ နတ်ပြည်ကိုသွားဘို့လဲ မဟုတ်ဘူး။ ဗြဟ္မာပြည်ကိုသွားဘို့လဲ မဟုတ်ဘူး၊ နိဗ္ဗာန်ကိုသွားဘို့ဖြစ်တယ်။ တနည်းအားဖြင့် ဝိပဿနာဆိုတာ လူ့ပြည် နတ်ပြည် သွားတဲ့ လမ်းကြောင်းမဟုတ်ဘူး၊ ဗြဟ္မာပြည်သွားတဲ့ လမ်းကြောင်း မဟုတ်ဘူ ၊ နိဗ္ဗာန်သွားတဲ့ လမ်းကြောင်းဖြစ်တယ်။ အဲဒီတော့ ကာ ဝိပဿနာတရား ပွားများအာ'ထုတ်တယ်ဆိုတာ သတိပဋ္ဌာန် လေးပါး၊ တပါးပါးကို ပွားများ အားထုတ်တာပဲ။ ဒီတရား လေးပါးကို ပွားများအားထုတ်ပြီး နိဗ္ဗာန်ကိုသွားခြင်းမှတပါး အခြားတရားကို ပွားများပြီး နိဗ္ဗာန်ရောက်နိုင်တယ်ဆိုဘာ မရှိ တော့ဘူး။ ဒါကို ကျမ်းဂန်က ဘယ်လို ဆိုထားသလဲဆိုရင်

"ဧသေဝမဂ္ဂေါ အတ္တညော၊ ဒဿနဿဝိသုဒ္ဓိယာ။
ဧတဉှိတုမှေ ပဋိပဇ္ဇထ၊ မာရဿေနပ္ပမဒ္ဒနံ။
ဧတဉှိတုမှေ ပဋိပန္နာ၊ဒုက္ခဿန္တံ ကရိဿထ"

ဧသေဝမဂ္ဂေါနတ္ထညော၊ ဒဿနဿဝိသုဒ္ဓိယာ၊ ဤသတိ ပဋ္ဌာန်လေးပါးမှတပါး မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြောင်း တရား ဆိုတာမရှိတော့ဘူးတဲ့။ ဧတဉှိတုမှေ ပဋိပဇ္ဇထ သင်ချစ်သားတို့

ဟာ ဤသတိပဋ္ဌာန်လေးပါးထဲက မိမိနှင့် သင့်လျော်တဲ့ သတိပဋ္ဌာန်ကို ကျင့်ကြကုန်လော့။ မာရသေနံ ပမဒ္ဒနံ = ကျင့်ရင်ကိလေသမာန်တွေကို နှိမ်နင်းနိုင်လေ့မယ်တဲ့။ တေဥ္စိတုပ္ပိုပဋ္ဌာန် = သင်ချစ်သားတို့ဟာ ဤသတိပဋ္ဌာန် လေးပါးကို ပွားများကျင့်သုံးခြင်းကြောင့်၊ ဒုက္ခသန္တ ကရိဿထ ဒုက္ခရဲ့ အဆုံးကိုပြုပေလိမ့်မယ်။ ကျမ်းဂန်များက ဆိုထားတာဖြစ်တော့ မိမိတို့ကျင့်သုံးနေတဲ့ သတိပဋ္ဌာန်ဟာ နိဗ္ဗာန်သွားရေး၌ တခုတည်းသော တရားဖြစ်နေတယ်ဆိုတာ ရှေးဦးစွာ သဘောပေါက်ထားဘို့ပဲတဲ့။

အဲ၊ ထိုနောက် သတိပဋ္ဌာန်က တပါးထဲဆိုရင်လဲ ပြဿနာတက်စရာမလိုဘူးပေါ့လေ။ လေးပါးဖြစ်နေတဲ့ အဲဒီလေးပါးက ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရယ်လို့ လေးပါးရှိတယ်၊ အဲဒီ အနက်က ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတာ ရုပ်ကမ္မဋ္ဌာန်းသက်သက် ဖြစ်တယ်။ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်နဲ့၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်က နာမ် ကမ္မဋ္ဌာန်းသက်သက် ဖြစ်တယ်။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်က ရုပ်ရောနာမ်ရော ပေါင်းစပ်ထားတဲ့ မိဿက ကမ္မဋ္ဌာန်း ဖြစ်တယ်။ ဒါဖြင့် သတိပဋ္ဌာန်လေးပါးကို အကျဉ်းချုံးလိုက်ရင် သုံးပါးဖြစ်တယ်။ ရုပ် ကမ္မဋ္ဌာန်း၊ နာမ် ကမ္မဋ္ဌာန်း၊ ရုပ်နာမ် ရောတဲ့ မိဿက ကမ္မဋ္ဌာန်း။ အဲဒီသုံးပါးကို အကျဉ်းချုံးပြန်ရင် ရုပ် ကမ္မဋ္ဌာန်း၊ နာမ် ကမ္မဋ္ဌာန်းရယ်လို့ နှစ်ပါးပဲ ရှိတော့တယ်။ ဒီနှစ်ပါးထဲမှာ ဒီဋ္ဌာနက၊ နာမ် ကမ္မဋ္ဌာန်းကို အရင် ကျင့်သုံးလေ့ မရှိဘူး။

ဘာလို့လဲဆိုရင် နာမ် ကမ္မဋ္ဌာန်းဆိုတာ အလွန် သိမ်မွေ့နူးညံ့တယ်၊ တွေ့မြင်နိုင်ဖို့ ခဲယဉ်းတယ်။ အတော်အတန်သတိ၊ သမာဓိ ပညာမျိုးနဲ့ တွေ့မြင်နိုင်ဖို့ မလွယ်ဘူး။ စကျင့်သုံးတဲ့ ယောဂီ အတွက်မှာ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို ထင်မြင် နိုင်ဖို့ မလွယ်ဘူး။ ရက်၊ လ၊ နှစ်တွေ ကြာသလောက် ခရီး မရောက်ဘူး။ ရုပ် ကမ္မဋ္ဌာန်းက သိလွယ်တယ်၊ မြင်လွယ်တယ်၊ ထင်ရှား ပေါ်လွင်လွယ်တယ်။ စကျင့်တဲ့ ယောဂီပုဂ္ဂိုလ်မှာအနိစ္စ အစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို လွယ်ကူစွာတွေ့မြင်နိုင်တယ်။ ဗုဒ္ဓကလဲ သက္ကပဥှသုတ်မှာ နာမ် ကမ္မဋ္ဌာန်းကို ပညာဉာဏ် ထက်မြက်ကြတဲ့ နတ်တွေအတွက် အဟောများတယ်။ပညာဉာဏ် နုံကြတဲ့ လူတွေအတွက် ရုပ် ကမ္မဋ္ဌာန်းကို အဟောများတယ်။ ဒါကြောင့် ဒီဌာနက ရုပ် ကမ္မဋ္ဌာန်းကို အရင် ကျင့်သုံးခြင်း ဖြစ် တယ်။ ဒါကဒုတိယအချက် အနေနဲ့ သဘောပေါက်ထားဖို့ပဲတဲ့။

အဲထိုနောက်ရုပ်ကမ္မဋ္ဌာန်းသက်သက်ဖြစ်တဲ့ကာယာနုပဿနာ သတိပဋ္ဌာန်မှာလဲ တပိုင်းထဲဆိုလျှင် ပြဿနာပေါ်စရာ မလိုဘူး။ ခုက ကျင့်သုံးဘို့ရာ အတွက် (၆) ပိုင်း ရှိနေတယ်။ အာနာပါန အနေနဲ့ကတပိုင်း၊ ဣရိယာပထအနေနဲ့ကတပိုင်း၊ သမ္ပဇဉ်အနေ နဲ့က တပိုင်း၊ ဒွတ္တိံသမနသိကာရအနေနဲ့က တပိုင်း ၊ဓာတုမနသိ ကာရ အနေနဲ့က တပိုင်း၊ နဝသိဝထိက အနေနဲ့က တပိုင်း ဆို ပြီး (၆) ပိုင်း ရှိတယ်။ အဲဒီ ခြောက်ပိုင်းမှာ ဣရိယာပထ၊ သမ္ပဇဉ်၊ ဓာတုမနသိကာရပဗ္ဗ ဆိုတဲ့အဲဒီသုံးပိုင်းဟာ ဝိပဿနာ သက်သက် ကျင့်သုံးဖို့ရာအတွက်လို့ ဝိသုဒ္ဓိမဂ်မှာ ပြထားတာရှိ တယ်။ ဒီဌာနကလဲ ဝိပဿနာ သက်သက် ကျင့်သုံးတဲ့ ဌာနဖြစ်

တော့ကာအဲဒီသုံးပိုင်းကိုပဲ ဦးတည်ရှင်းကြစို့ရယ်၊ ရှင်းတော့အဲဒီ သုံးပိုင်းမှာ ဣရိယာပထ၊ သမ္မဇညတို့ကစပြီး ကျင့်သုံးမယ်ဆိုရင် စအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်မှာ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို ထင်မြင်နိုင်ဖို့ရာ မလွယ်ဘူး။ ရက်၊ လ၊ နှစ်တွေ ကြာသလောက် ခရီးရောက်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဣရိယာပထမှာ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်။ သမ္မဇညမှာ ကွေးတယ်၊ ဆန့်တယ် စသည်တွေဟာ လူမျက်စေ့မှာ ခြေထောက်၊ လက်၊ ကိုယ်ဆိုတဲ့ ပညတ်သဏ္ဌာန်တွေ အထင်များနေတယ်။ ဒါကို ပျောက်အောင် ရှုပွားဖို့ဆိုတာက စအားထုတ်တဲ့ မရင့်ကျက်တဲ့ယောဂီ ပုဂ္ဂိုလ်မှာ မလွယ်ဘူး။ ဒါကြောင့်မို့ ဣရိယာပထနဲ့ သမ္မဇညပိုင်းကို ဒိဋ္ဌာနက အရင် မရှုပွားဘူး။ ဓာတ်ကြီး လေးပါးခေါ်တဲ့ ဓာတုမနသိကာရပဗ္ဗကိုသာ ဒိဋ္ဌာနက အရင် ကျင့်သုံးတယ်။

ဘာပြုလို့ ဒီဓာတ်ကြီး လေးပါးကို အရင် ကျင့်သုံးရသလဲဆိုရင် သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးထဲမှာ သပ္ပုရိသူပသံသေဝ။ သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ရမယ်။ သဒ္ဓမ္မဿဝန သူတော်ကောင်းတရားကို ကြားနာရမယ်။ ယောနိသောမနသိကာရ။ သင့်တင့်အောင်နှလုံးသွင်းတတ်ရမယ်။ ဓမ္မာနု ဓမ္မပဋိပတ္တိတရားကို တရားအားလျော်စွာ ကျင့်သုံးတတ်ရမယ်။ ဒီလေးချက်ထဲမှ လေးခုမြောက် ဖြစ်တဲ့ ဓမ္မာနု ဓမ္မပဋိပတ္တိဟာ လိုရင်းအချုပ်ပဲ။

အဲဒီ ဓမ္မာနုဓမ္မ ပဋိပတ္တိပုဒ်မှာ၊ ဓမ္မကတပုဒ် အနုဓမ္မပဋိပတ္တိကတပုဒ်၊ နှစ်ပုဒ် ရှိတယ်။ ရှေ့ ဓမ္မက မိမိလိုလားတဲ့ကိစ္စကို

ပြတယ်။ နောက် အနုဓမ္မပဋိပတ္တိက မိမိ လိုလားတဲ့အတိုင်း မိမိ လိုလားသည်နှင့် လျော်ညီစွာ ကျင့်သုံးရမည့် အလုပ်ကို ပြတယ်။ အဲဒီတော့ ဒီနေရာမှာ မိမိလိုလားတာက 'နိဗ္ဗာန်' ကို လိုလား တာဖြစ်တော့ ရှေ့ဓမ္မအရ နိဗ္ဗာန်ကိုရတယ်။ နောက် အနုဓမ္မပဋိ ပတ္တိအရက အဲဒီ နိဗ္ဗာန်နဲ့ လျော်ညီတဲ့ ကျင့်သုံးရမည့် ဝိပဿနာ လုပ်ငန်းကို ရတယ်။ နိဗ္ဗာန်နဲ့ လျော်ညီတဲ့ နိဗ္ဗာန်လမ်းကြောင်း နဲ့ တတန်းတည်းကျနေတဲ့ ဝိပဿနာ လုပ်ငန်းဆိုတာ ဘယ်လိုဟာ မျိုးလဲ၊ ထပ်ပြီး စစ်ထုတ်လိုက်ရင်။

နိဗ္ဗာန်ဆိုတာ ပရမသုညဘာ။ ပရမသုညတဆိုတာ သုန္တိသုခ သဘောလေးပဲ။ အမြဲတန်း အေးငြိမ်းချမ်းသာယာနေတဲ့သဘော လေးပဲ ရှိတယ်။ အဲဒီ သဘောဟာ ဖြစ်ခြင်း၊ ပျက်ခြင်း၊မှ ဆိတ်သုဉ်းနေတဲ့သဘော၊ရုပ်နာမ်တို့မှ ဆိတ်သုဉ်းနေတဲ့သဘော။ အဲဒါကို ပရမသုညတ လွန်မြတ်သော ဆိတ်သုန်းမှုလို့ခေါ်တယ်။ အဲဒီ ပမရသုညတဖြစ်တဲ့နိဗ္ဗာန်ကိုသွားချင်ရင်၊ အကောင်အထည် ကြီး၊ ခေါင်းကြီး၊ ကိုယ်ကြီး၊ လက်ကြီး၊ခြေကြီး၊ လူကောင်ကြီး စတဲ့ သဏ္ဌာန် နိမိတ်တွေနဲ့သွားရင် နိဗ္ဗာန်က လက်ခံမယ် ထင် သလား။ ဘယ်လို ထင်ကြသလဲ။

ဆရာတော်ကြီးက ကျွန်ုပ်တို့အား ကြားပေါက် မေးလာ သည်။

'အကောင်အထည်ကြီး၊ပညတ်နိမိတ်ကြီးနဲ့ သွားရင်နိဗ္ဗာန်က လက်ခံမှာ မဟုတ်ပါဘူး ဘုရား'

ကျွန်ုပ်တို့က ပြန်လည် ဖြေကြားသည်။

'အကောင်အထည်ကြီးနဲ့ သွားလို့လဲ နိဗ္ဗာန်မှာ လက်ခံစရာ နေရာကိုမရှိဘူး။ အဲဒီတော့ နိဗ္ဗာန်ကို သွားချင်ရင် သဘောနဲ့ သွားရတယ်။ သဘောကိုသဘောနဲ့ သွားမှရောက်တယ်။ အဲဒီ တော့ ခေတ်ဆိုတာသဘောပဲ။ အဌကထာက ဘယ်လို ဆိုထား လဲဆိုရင်၊ ခေတ္တတွေ့ောနာ၊ သဘာဝတွေ့ော။ ခေတ်ဆိုတာ သဘောပဲတဲ့။ သဘာဝတွေ့ောနာမ–သုညတတွေ့ော။ သဘော ဆို တာ သုညပဲလို့ပြောတာ။ သုညတတွေ့ောနာ။ နိဿတ္တတွေ့ော။ သုညဆိုတာ အတ္တဇီဝ၊ အကောင်အထည်၊ အတုံးအခဲ၊ စတဲ့ ပညတ်နိမိတ်တွေမှ ဆိတ်သုဉ်းနေတယ်လို့ပြောတာ။ အကောင် အထည် တွေမှ ဆိတ် သုဉ်း နေ့ တဲ့ ခေတ် က နေ စရှု တာ ဟာ အကောင်အထည်မရှိတဲ့ဖြစ်ခြင်း၊ ပျက်ခြင်းမှ ဆိုတ်သုဉ်းနေတဲ့ ပရမသုညတ နိဗ္ဗာန်နဲ့ လမ်းကြောင်း တည့်တည့်မတ်မတ် တန်း နေတယ်လို့ဆိုရမလား။ နဲနဲပါးပါး တိမ်းစောင်း နေတယ်လို့ ဆိုရမလား ဘယ်လိုထင်ကြလဲ'

'တည့်တည့်မတ်မတ် တန်းနေပါတယ်ဘုရား'

'အဲ၊ အဲဒါကြောင့် ခေတ်ကြီးလေးပါးကနေ စရှုရတာပဲ။ ခေတ်ကြီးလေးပါးထဲမှာမှ တခါ ဝါယောခေတ်ကို စပြီးရှုပွား ရတာဟာ။ ဝါယောခေတ်ဟာ ကိစ္စအကျယ်ပြန့်ဆုံးပဲ။ လူတွေ လှုပ်ရှားနေတာမှန်သမျှဟာ ဝါယောခေတ်ပဲ။ ဝါယောခေတ် ကို စရှုပွားတဲ့ ယောဂီဟာ သုညခေါ်တဲ့ အနိစ္စအစစ်၊ ဒုက္ခ အစစ်၊ အနတ္တအစစ်ကို မြန်မြန် ထင်မြင်လာယ်တယ်။ အဲဒီလို ဝါယောဓာတ်ကို ပိုင်ပိုင်နိုင်နိုင် ရှုပွားယူနိုင်ပြီဆိုရင် သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ခေါ်တဲ့ ဣရိယာပထဟာလဲ ဝါယောခေတ် ဦး

စီးတယ်။ သူတို့ လှုယ်လှုယ်ကူကူ ရှုပွားနိုင်တယ်။ သဇ္ဈာခေါ် တဲ့၊ ကျေးတာ၊ ဆန့်တာ၊ ရှေ့တိုးတာ၊ နောက်ဆုတ်တာ၊ ကျင်ကြီးစွန့်တာ၊ ကျင်ငယ်စွန့်တာစတဲ့ ကိစ္စတွေမှာလဲ ဝါယောဓာတ်ဦးစီးနေတယ်။ သူကိုလဲလှုယ်လှုယ်ကူကူ ရှုပွားယူနိုင်တယ်။ ဓာတ်တပါးကို အနိစ္စအစစ်၊ ဒုက္ခအစစ် ပိုင်ပိုင်နိုင်နိုင် ပေါက်မြောက်စွာ ရှုပွားလာနိုင်တဲ့ ယောဂီဟာ ကျန်တဲ့ ဓာတ်သုံးပါးကိုလဲ ခဲယဉ်းခြင်း မရှိတော့ဘူး။ ကျန်တဲ့ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာကိုလဲခဲယဉ်းခြင်းမရှိတော့ဘူး။ ဒါကြောင့်မို့ ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း လှုယ်လှုယ်ကူကူ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို ထင်မြင်နိုင်အောင်ဆိုပြီး၊ ဝါယောဓာတ်ကနေ ရှုပွားခြင်းဖြစ်တယ်။

ဝါယော ဓာတ်ကို စရှုပွားတဲ့ နေရာမှာလဲ၊ ပရမတ် တို့ရဲ့ သဘောမှာ လက္ခဏာရယ်၊ ရသရယ်၊ ပစ္စုပဋ္ဌာန်ရယ်လို့ ရှိနေပြန်တယ်။ လက္ခဏာဆို ာ ပရမတ်သဘောအစစ်ပဲ၊ လက္ခဏာ ရယ်၊ သဘာဝရယ်၊ ကြိယာရယ်၊ သဘောရယ်ဆိုတာအမည်ကွဲ နေပေမဲ့လို့ အတူတူပဲ။ အကောင်အထည် ကြီးကို ဆိတ်သုဉ်း အောင် ခွဲတဲ့နေရာမှာ သဘောနဲ့ခွဲရင်ရတယ်။ တခြား ဘာနဲ့မှ ခွဲလို့မရဘူး။ အဌကလပ်ရုပ် ရှစ်ခုတို့ဟာ ဘယ်တော့မှ ခွဲလို့မရ ဘူး။ အတူတူ တပေါင်းတစပ်တည်း နေကြတာ။ ပရမာနုမြူမှာ တောင် အဌကလပ်ရုပ်ကရှိနေတယ်။၊ လူကောင်ကြီးကိုအကောင် အထည်ပျောက်သွားအောင် ခွဲမယ်ဆို ဘယ်လိုမှ ခွဲလို့မရဘူး။ ဓားနဲ့လည်းမရဘူး။ အနုမြူဗုံးနဲ့လည်း မရဘူး။ အဌကလပ်ရုပ် ရှစ်ခုက အမြဲတန်း ပူးတွဲနေမှာပဲ။ ရုပ်တပါးစီ ခွဲခြားနိုင်တာက၊

ပရမတ်တွေမှာ သူ့သဘောနဲ့သူရှိတာဖြစ်တော့ သဘောနဲ့ခွဲလို့ ဘောရတယ်။ သဘောနဲ့ခွဲတဲ့အခါမှာ ရသတို့ ပစ္စုပဋ္ဌာန်တို့ဆိုတာ၊ လက္ခဏာလဲခေါ်၊ သဘော လဲ ခေါ်၊ သဘာဝလဲ ခေါ်တဲ့ ပရမတ်ရဲ့ အကျိုးဆက်တွေပဲ၊ ပုံစံအားဖြင့်၊

ဝါယော ဓာတုဝိတ္ထမ္ဘနလက္ခဏာ၊ ဝါယောဓာတ်ဟာ တွန်းမှုသဘောရှိတယ်၊

သမုဒီရဏရသာ = ရွေ့မှုကိစ္စရှိတယ်။

အဘိနီဟာရပစ္စုပဋ္ဌာနာ = ရွေ့တဲ့ဖက်ယိုင်လဲရောက်သွားမှု ထင်ရှားလာတယ်။

ဥပမာ– အရုပ်ဝတ္ထုတခုခုကို တွန်းလိုက်မယ်ဆိုရင် အဲဒီအရုပ်ဝတ္ထုဟာရွေ့သွားမယ် ရွေ့သွားရင်၊ ယိုင်လဲ လှုပ်သွားမယ်။ အဲဒီတော့ ဒီအရုပ်ဝတ္ထုတွေ ယိုင်သွားလဲသွား လှုပ်သွားတဖက်ဖက်ကို ထင်ထင်ရှားရှား ရောက်သွားတာဟာ တွန်းလို့ ရွေ့သွားတာလား၊ ရွေ့လို့တွန်းတာလား၊ ဘယ်လိုပြောမလဲ။

'တွန်းလို့ ရွေ့သွားတာပါဘုရား'

'အဲ ထို့အတူပဲ လူတွေမှာ ဦးခေါင်းရမ်းတယ်။ လက်ကွေးတယ်၊ ဆန့်တယ်၊ သွားတယ်၊ လာတယ်၊ လေရှူတယ်၊ လေထုတ်တယ် စတဲ့ ဟာတွေဟာ ဝေါဟာရ အနေအားဖြင့်သာ၊ အမျိုးမျိုး ကွဲလွဲနေတာ၊ အမှန်မှာ။ ရွေ့တာ၊ လှုပ်တာ၊ ယိုင်တာ တဖက်ဖက်ကို ရောက်သွားတာပဲမဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'အဲဒါဘာဖြစ်လို့လဲ၊ အထဲက ဝါယောဓာတ်က တွန်းပေးလို့ပဲ၊ ဒါပေမဲ့ လူမျက်စေ့နဲ့က ဝါယောဓာတ် တွန်းပေးတာကို

မမြင်ရဘူး၊ လှုပ်တာ ယိုင်တာ၊ သွားတာ၊ လာတာ၊ ကွေးဘာ ဆန့်တာ၊ တွေ့ကိုသာမြင်ရတယ်။ ကိုယ်တော်တို့ကိုဘဲ၊ မေးရမယ်။ ကိုယ်တော်တို့ လက်တွေ၊ ခြေတွေ၊ ကိုယ်ခန္ဓာအစုစုံ ရွေ့တာ လှုပ်တာ၊ ယိုင်တာ၊ မမြင်ရဘူးလား'

'မြင်ပါတယ်ဘုရား'

'အဲဒီလိုလှုပ်တာတွေဟာ၊ အထဲက ဝါယောဓာတ်က တွန်းပေးတာဖြစ်တော့ အထဲက တွန်းပေးတာကို မြင်ရသလား'

'မမြင်ရပါဘူးဘုရား'

'အဲ၊အဲဒါ ပရမတ်အစစ်ပဲ၊ လူ့မျက်စေ့နဲ့မြင်ရလောက်အောင် ထင်ထင်ရှားရှား ဖြစ်တယ်ဆိုတာဟာ၊ ပရမတ်ရဲ့အကျိုးဆက်တွေ တရားရှုသွားရင်၊ အဲဒီ ပစ္စုပ္ပန်ခေါ်တဲ့ လူမျက်စေ့နဲ့ ထင်ထင်ရှားရှား မြင်ရတဲ့ ပရမတ်ရဲ့ အကျိုးဆက်တွေနေ ဘယ်အခါမှမရှုမပွားရဘူး။ အကောင်အထည်ကြီး ခံနေတဲ့အတွက် နိဗ္ဗာန်လမ်းကြောင်းနဲ့ လွဲချော်နေတယ်၊ လူမျက်စေ့နဲ့ ကြည့်လို့မမြင်ရတဲ့ ပရမတ်အစစ်ဖြစ်တဲ့ သဘောလက္ခဏာကသာ စ၍ရှုပွားရမယ်။ ဒါမှ နိဗ္ဗာန်လမ်းကြောင်းနဲ့တည့်နေတယ်။ ဒါကြောင့် ဝါယောဓာတ်ရဲ့ ပရမတ်အစစ်ဖြစ်တဲ့ တွန်းမှု သဘောလက္ခဏာက စရှုတာ၊ သဘောပေါက်တယ်နော်'

'ပေါက်ပါတယ်ဘုရား'

'သဘောပေါက်ရင် သံသယကင်းကင်းနဲ့ အားထုတ်ကြ။ တရားပေါ်လာပါလိမ့်မယ်' ဆရာတော်ကြီး ရှင်းလင်းချက် ပြီးဆုံးသွားပြီဖြစ်၍ ကျွန်ုပ်တို့နှစ်ပါး ထ၍ ပြန်လာခဲ့ကြတော့သည်။

ကျွန်ုပ် တရားထိုင်လာသည်မှာ ၁၅ရက်မြောက်သို့ ရောက်ခဲ့ပြီဖြစ်သည်။ နေ့လည်ပိုင်း တနာရီ တရားစစ် ခံချိန်သို့ပင် ရောက်ခဲ့ပေပြီ။ ဆရာတော်ကြီး ရှင်းပေးလိုက်ကတည်းက ကျွန်ုပ်၏ စိတ်တို့သည် အထူး ကြည်လင် သန့်ရှင်းသွားသည်။ တရားခမ္မအပေါ် ပို၍ သံသယ ကင်းရှင်းသွားသည်။ ပို၍ လေးလေးနက်နက် ရှိသွားသည်။ ပို၍ ယုံကြည် သက်ဝင်သွားသည်။ ပို၍ နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ရှိသွားသည်။ မြင်းခြံဆရာတော်က ကျွန်ုပ်အား နှာခေါင်းမှ သုံးချက်တွန်းကို ရပ်ပြီး ခါးတွန်းကို ပေးထားသည်။ ခါးတွန်းဟူသည် ခါးအထက်ပိုင်းခန္ဓာကိုယ်မတ်မတ်ထားရာကနေ နောက်ကို တထွာခန့် တွန်းတွန်းသွားရသည်။ ယင်း တထွာခန့် အရောက်မှတဖန် မူလနေရာသို့ ပြန်၍ တွန်းတွန်းလာရသည်။ ရှုကွက်က ခါးနေရာကဖြစ်ပြီး အရှုခံက တွန်းမှုသဘော ဖြစ်သည်။ ရှုစိတ်က တွန်းမှုကို သိနေရသောသဘော ဖြစ်သည်။ တွန်းရာ၌ မြန်မြန်ကြီး မတွန်းရပေ။ ဆံချည်တမျှင်စာ တမျှင်စာ တွန်းရသည်။ အသိ အင်မတန် စိပ်သည်။ တထွာခန့်ဆိုသော် ဆံချည်မျှင်ပေါင်း တထောင်ခန့်ပင် ရှိပေမည်။ တွန်းမှုပေါင်းကလည်း ဆံချည်တမျှင်စာ တွန်းနေခြင်းဖြစ်၍ တွန်းမှုပေါင်းလည်း တထောင်ခန့်ပင် ဖြစ်သည်။

သိမှုပေါင်းကလည်း တထောင်ခန့်ပင် သိနေရမည်ဖြစ်သည်။ သုခံ သမာဓိဟူ၍ ကျမ်းဂန်က ဆိုထားချက်ရှိသည်။ ကျွန်ုပ်မှာ စိတ် ကြည်လင် အေးမြ ချမ်းသာနေ၍ အယင်ကကဲ့သို့ ဟိုဟိုဒီဒီ စိတ်ရောက်မှု မရှိတော့ပေ။ သမာဓိ တော်တော်လေး အားကောင်းလာသည်။ သတိ ခိုင်မြဲလာသည်။ စိတ်ကို တွန်းမှုအာရုံ

တွင်ပင် ခိုင်မြဲစွာ ထားလာနိုင်သည်။ ခါးကနေ တွန်းပေးနေ နေသော ဝါဒယာမာတ်၏ တွန်းမှုသဘောကိုသာ သတိနှင့် စွဲစွဲ မြဲမြဲ ကပ်ထားသည်။ စိတ်က တွန်းတိုင်းတွန်းတိုင်း လိုက်လိုက် သိနေသည်။ ခါးဟူ၍လည်း မသိပေ။ အထက်ပိုင်း ခန္ဓာကိုယ်ကြီး ရွေ့နေ၊ လှုပ်နေ၊ ယိုင်နေ၊ လဲနေ၊ တွန်းရာဘက်သို့ ရွေ့ရှု သွားနေသည်ဟူ၍လည်း မသိပေ။ သိသည်မှာ တွန်းမှုသဘောကို သာ သိနေသည်။ ယင်းအခြေအနေမျိုး မိနစ် နှစ်ဆယ်ခန့် ကြာ လတ်သော အခါ၌ တွန်းမှု အရှုခံအပေါ် မလွတ်တမ်း စူးစိုက် ထားသော သတိသည် ပိုမို အားကောင်းလာသည်။ ပိုမို ထက် မြက် လာသည်။ ရှိုးရိုးသာမန်သတိအထပ်ထပ်ကနေ ဗိုလ်ထိုက် သော သတိဗိုလ်အဆင့်သို့ ရောက်လာသည်။ ဣန္ဒြေထိုက်သော သတိ ဣန္ဒြေအဆင့်သို့ ရောက်လာသည်။ ဗောဇ္ဈင်ထိုက်သော သတိဗောဇ္ဈင်အဆင့်သို့ ရောက်လာသည်။

ထိုအခါ သတိသည် အလွန်အားကောင်းသော အနေအထား တွင် ရှိနေသည်ဖြစ်၍ မဂ္ဂင်ထိုက်သော သမ္မာသတိ၊ အဆင့်အထိ ချောမောစွာ ရောက်ရှိလာသည်။ ယင်းနှင့်အတူပင် သတိအထပ် ထပ် ဖြစ်နေလျှင် သမာဓိဖြစ်လာရိုးဓမ္မတာရှိသည့် အားလျော် စွာ ရိုးရိုး သမာဓိအထပ်ထပ်မှသည် ဗိုလ်ထိုက်သော သမာဓိဗိုလ် အဆင့်သို့ ရောက်လာသည်။ ကိလေသာသိတ်ို့ဖြင့် တသက်လုံး တကမ္ဘာလုံး တသံသရာလုံးက သိလာသောပညတ်သညာနိမိတ် သိတွေကိုဖယ်ရှား ဖယ်ရှားလာနိုင်သည်။မောဟတပိုင်းဖြစ်သော ဥဒ္ဒစ္စကို တွန်းလှန်လာနိုင်သည်။ မောဟခေါ် အဝိဇ္ဇာ နေရာ ယူထားချက်ကို တစထက်တစ ကျဉ်းမြောင်းစေသည်။ ဖဲ့ခွာစေ

သည်။ ထိုသည့်သမာဓိသည် ဣန္ဒြေထိုက်သော သမာဓိခြေ အဆင့်သို့ ရောက်ရှိလာသည်။ ဗောဇ္ဈင်ထိုက်သော သမာဓိ ဗောဇ္ဈင်အဆင့်သို့ ရောက်ရှိလာသည်။ မဂ္ဂင်ထိုက်သော သမ္မာ သမာဓိအဆင့်သို့ ရောက်ရှိလာသည်။ ယင်းသို့ သတိ သမာဓိတို့က အထပ်ထပ် ပညတ်သဏ္ဍာန်နိမိတ်သိတော့ကို နေရာ မရနိုင်အောင် တွန်းလှန်ပြီး တွန်းမှု သဘောလေးဖြစ်သော ပရမတ်အာရုံသိမှုကိုသာ နေရာယူနိုင်အောင် အရှိန်အဟုန် အားကောင်းစွာနှင့် တိုက်စစ် ဆင်နိုင်သည်ဖြစ်ရာသမာဓိ အထပ်ထပ်ဖြင့်လျှင်ပညာပေါ်ဖြစ်ရိုးဓမ္မတာ ရှိသည်ဖြစ်၍ နဂိုက တွန်းမှုသဘောကို စိတ်သိသညာသိ အနေမျှသာ ရှိနေရာက ပညာသိ၊ ဝိဇ္ဇာသိ၊ အနေသိသိလာနေတော့သည်။ အဝိဇ္ဇာသိ နေရာတွင် ဝိဇ္ဇာသိ နေရာယူလာနိုင်တော့သည်။ ပညာသိ ရိုးရိုးပညာကနေပြီး တစထက်တစ အားကောင်းလာသည်ဖြင့်၍ ပညာအဆင့်မှ ပညာဗိုလ်အဆင့်သို့ ကူးပြောင်းလာသည်။ ပညိန္ဒြေအဆင့်သို့ ရောက်ရှိလာသည်။ ဗောဇ္ဈင်ထိုင်သော ပညာအဆင့်သို့ ရောက်ရှိလာလာသည်။ မဂ္ဂင်ထိုက်သော သမ္မာဒိဋ္ဌိခေါ် သမ္မာပညာအဆင့်သို့ ရောက်ရှိလာတော့သည်။

ထိုအခါ ဝါယောဓာတ်၏ တွန်းမှုသဘောကို နဂိုက ခါးနေရာလောက်တွင် စိတ်သိ ပညာသိ အနေသိ နေရာက တကိုယ်လုံးတွင်ရှိသော ဝါယောဓာတ်တွန်းမှု သဘောတွေကိုသဲသဲကွဲကွဲသိရှိလာတော့သည်။အစ ခါးနေရာတဝိုက်လောက်ကစကာ သိရှိလာပြီး၊သိမှုတို့သည်ကျယ်ပြန့်လာသည့်အားလျော်စွာကျောကုန်း တပြင်လုံး ဖြစ်ပေါ်နေသော ဝါယောဓာတ် တွန်းမှုသဘော

တွေ့၊ ထိုမှဆက်၍ ပခုံး၊လက်မောင်း၊ ပေါင်၊ ခြေသလုံးတို့ အထိ တကိုယ်လုံးတွင် ဖြစ်ပေါ်လျက် ရှိသော ဝါယော ဓာတ်၏ တွန်းမှုသဘောတွေကို သဲသဲကွဲကွဲ သိရှိလာ တော့သည်။ ကျွန်ုပ် ထိုသို့သိရှိနေချက်သည် ခေါင်း၊ကိုယ်၊ခြေ၊လက်ဟူ၍ သိခြင်းမရှိ တော့ပဲ ထိုခေါင်း ကိုယ်၊ လက်၊ ခြေ၊ နေရာတို့တွင် ဝါယော ဓာတ်၏ တွန်းနေမှုပရမတ်သဘောကိုသာ သိနေခြင်းဖြစ်သည်။ ဟုတ်ပါသည်။ ကျွန်ုပ် ခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ ဟူ၍ မသိ တော့ပေ။ ပရမတ်ဝါယော၊ ဓာတ်ဝါယောဖြစ်သော ပရမတ် အစစ်ကိုသာ သိနေခြင်း ဖြစ်သည်။ လေပြေ လေညှင်းများ တဖြုတ်ဖြုတ် တိုက်ခိုက်နေသကဲ့သို့ ခန္ဓာကိုယ်တကိုယ်လုံး တရွရွ ဖြစ်နေသည်၊ တဖွဖွဖြစ်နေသည်၊ ရွစိရွစိ ဖြစ်နေသည်။ မွစိမွစိ ဖြစ်နေသည်။ ပုရွက်ဆိတ်တို့ ခါချဉ်ကောင်တို့ စုပြုံကာ တရွေ့ ရွေ့သွားနေဘိသကဲ့သို့ တကိုယ်လုံးပင် ဝါယောဓာတ်သဘော သည် တရွေ့ရွေ့ သွားနေသည်၊ ခန္ဓာကိုယ်ပေါ်၌ ပိုးဟပ် အိမ်မြှောင် ပိုးကောင်ပိုးမွှားများ တဖွဖွ တွားသွားနေသကဲ့သို့ ခန္ဓာကိုယ် တကိုယ်လုံး၌ ဝါယောဓာတ်သဘောတို့ တရွရွတွန်း နေသည်။ တဖွဖွဖြစ်နေသည်။ တမွမွတိုးနေသည်။ ခန္ဓာကိုယ် တကိုယ်လုံး၌ ဝါယောဓာတ်မရှိသောနေရာမရှိပေ။

ယင်းဓာတ်သဘောတို့သည် ဤသို့လည်း သူ့သဘောသူ အမြဲ ဆောင်နေကြမည်သာဖြစ်သည်။ ယင်းသို့ အမြဲဆောင်နေသော ဝါယောဓာတ်သဘော မိမိတို့၏ ခန္ဓာကိုယ်၌ အမြဲရှိသည် ဖြစ် ပါလျက်၊ သတ္တဝါတို့သည် မသိရှိကြပေ။ ထိုသို့သော ပရမတ်၏ အကျိုးအဆက်ဖြစ်သော လှုပ်ရှား၊ ရုန်းကန်၊ ယိုင်လဲသွားလာ

စသော ပညတ်သဏ္ဍာန်နိမိတ်ကိုသာ အမြဲတန်း သိရှိကြရသည်။ အမြဲရှိနေသော ပရမတ် ဝါယောဓာတ် ဝါယောကိုမသိကြခြင်းသည် အဝိဇ္ဇာခေါ် မောဟ ဖုံးလွှမ်းထားမှုကြောင့် ဖြစ်သည်။ လောဘ၊ ဒေါသ၊ မာန၊ မိစ္ဆာဒိဋ္ဌိစသော ကိလေသာအာရုံသိ၊ ပညတ်သဏ္ဍာန်နိမိတ်သိ တို့က လွှမ်းမိုးထားသောကြောင့် ဖြစ်သည်။ ထိုသည့် အဝိဇ္ဇာ ဖုံးလွှမ်းမှုနှင့် ကိလေသာ အာရုံသိဖြစ်သော ပညတ်သဏ္ဍာန်နိမိတ်သိတို့ လွှမ်းမိုးထားမှုကို ပရမတ်အာရုံသိဖြစ်သော မဂ္ဂင်ထိုက်သော သမ္မာသတိ၊သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ တို့က တွန်းလှန်ဖယ်ရှား ပေးနိုင်ခိုက်တွင်သာ တွေ့မြင်နိုင်သိရှိတော့သည်။ သည်ဘာခါတော့ သေချာပေပြီ။ ဒါ ဝါယောဓာတ်သဘောအစစ်ပဲ၊ ကျွန်ုပ် ယုံကြည် စိတ်ချစွာနှင့် မြင်းခြံဆရာတော်အား လျှောက်တင်လိုက်သည်။

'ဆရာတော် တပည့်တော် ပေါ်ပါပြီဘုရား၊ ပေါ်ပြီ'

'ဘာပေါ်တာလဲနိုပုဏ္ဏရဲ့ လုပ်စမ်းပါအုံး'

မြင်းခြံဆရာတော်က အားတက်သရော မေးလာသည်။

'တပည့်တော် ဝါယောဓာတ်ရဲ့ တွန်းမှုသဘောကို တွေ့ရပြီဘုရား။ တကိုယ်လုံး ဝါယောဓာတ်တွေ တရွရွ တွန်းတိုးနေတာကို တွေ့သိနေရပြီဘုရား'

'အဲဟုတ်ပြီဟုတ်ပြီ၊ အတွန်းကိုရပ်လိုက်စမ်း ခန္ဓာကိုယ်ကိုစိုက်ကြည့်စမ်း၊ တသိုယ်လုံး ပျံ့သလား။ ကြည့်စမ်း။ ကြည့်စမ်း၊ အသေအချာကြည့်စမ်း' ယခုမှ မြင်းခြံဆရာတော်၏ အသံသည် အူလှိုက် သဲလှိုက်အသံမျိုး ထွက်ပေါ်လာတော့သည်။ ၁၅ ရက်လုံးလုံး ဂရုတစိုက် ပြသပေးလာရသော သူ့တပည့်တဦး မဟုတ်

ပေလား။ အဘယ်မှာ ဝမ်းမသာဘဲရှိလေမည်နည်း။ ဆရာ ညွှန်ကြားထားသော လမ်းဖြောင့် လမ်းမှန်သို့ လျှောက်လာသော တပည့်တဦးကို ဆရာသည် အဘယ်မှာလျှင် အားရဝမ်းသာစွာ မကြိုဆိုပဲ ရှိပေမည်နည်း။

'တကိုယ်လုံးအနှံ့ အပြား တရွရွ တွန်းနေတာကို တွေ့နေရတယ်ဘုရား'

ကျွန်ုပ်မှာ တကိုယ်လုံးဖြစ်နေသော တရားသဘောတွေကို အလစ်မပေးဘဲ မလွှတ်တန်း ကြည့်နေရသည်။ မြင်းခြံ ဆရာတော်က ကျွန်ုပ်အား နေရာအနှံ့ကြည့်ခိုင်းနေသည်။

'မျက်နှာကိုကြည့်စမ်း'

'မျက်နှာမှာလဲ တရွရွပဲဘုရား'

'နှာခေါင်းကိုကြည့်စမ်း'

'နှာခေါင်းမှာလဲ တရွရွပဲဘုရား'

'အာခေါင်ထဲကြည့်စမ်း'

'အာခေါင်ထဲမှာလဲ တရွရွပဲဘုရား'

'နှုတ်သီးဖျား နှုတ်ခမ်းဖျားကြည့်စမ်း'

'နှုတ်သီးဖျား နှုတ်ခမ်းဖျားလဲ တရွရွပဲဘုရား'

'ခေါင်းကြည့်စမ်း'

'ခေါင်းမှာလဲတရွရွပဲဘုရား'

'မျက်လုံးထဲကြည့်စမ်း'

'မျက်လုံးထဲလဲတရွရွပဲဘုရား'

'နားထဲကြည့်စမ်း'

'နားထဲလဲ တရွရွပဲဘုရား'

'လက်ဖျား ခြေဖျားလေးတွေကြည့်စမ်း'

'လက်ဖျား ခြေဖျားလေးတွေလဲ တရွရွပဲဘုရား'

'အဲဟုတ်ပြီ၊ ရင်ချိုင့်ကိုစိုက်ကြည့်စမ်း၊ အဲဒီ ရွနေတွန်းနေတဲ့ သဘောတွေ ဘယ်လိုဖြစ်လာသလဲဆိုတာ'

ကျွန်ုပ် ရင်ချိုင့်ကို စိုက်ကြည့်လိုက်သည်။ ထိုအခိုက် ရွနေတွန်းနေသော သဘောတို့သည် ဦးခေါင်းကနေပြီး အောက်ဆီသို့ ပြိုပြို ပြိုပြိုကျနေသည်ကို တွေ့မြင်လာရသည်။ နဂိုကခေါင်းကြီး၊ ခြေကြီး၊ လက်ကြီး၊ ကိုယ်ကြီး၊ အနေဖြင့် အတုံးအခဲကြီးအနေဖြင့်၊ နိစ္စအနေ၊ ခိုင်မာသောအနေ၊ တည်မြဲ နေသောအနေတို့သည် ယခုအခါ၌ လက်ခြေစသော အတုံးအခဲကြီးတွေပျောက်နေပြီ။ ပရမတ်သဘောအနေဖြင့် အနိစ္စအနေ၊ ခိုင်မာခြင်းမရှိသောအနေ တည်မြဲခြင်းမရှိသောအနေ တို့ကို တွေ့မြင်သိရှိလာရတော့သည်။

'ခေါင်းကနေ အောက်ကို ပြိုပြိုဆင်းနေတာကို မြင်နေရတယ် ဘုရား'

ခန္ဓာကိုယ်၌ သူ့ သဘောအတိုင်း ဖြစ်ပျက် နေချက်ကို အလိုက်သင့် မလွတ်တမ်း စောင့်ကြည့် နေရသည်။ 'ကြည့်နေကြည့်နေ ဘယ်လိုဖြစ်နေလဲဆိုတာ စိတ်က နောက်ကနေ သူဖြစ်တဲ့အတိုင်း လိုက်ကြည့်နေ' မြင်းခြံဆရာတော်က ညွှန်ကြားမှုပေးနေသည်။ တရွရွတွန်းမှုသဘောတို့သည် အောက်သို့ ပြိုပြိုဆင်းနေပြီဖြစ်ရာ၊ ဦးခေါင်းမှ ပုခုံး၊ ပခုံးမှလက်မောင်း၊ လက်ဖျားတို့မှ ကိုယ်ခါး၊ တင်ပါးသို့ဆင်းလာပြီး ခြေသလုံး၊ ခြေဖဝါး၊ ခြေဖျားတွင် ကုန်ဆုံးသွားတော့သည်။

‘ခြေဖျားမှာ ကုန်သွားပြီဘုရား’

‘အဲ အဲဒါ တရားစစ်ဘုရားမှန် ပေါ်တာဘဲ။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ သင်္ခါရမှန်ရင် မမြဲဘူးဆိုတာ အဲဒါပဲ။ကိုင်း ခြေထောက် ဆန့်လိုက်အုံး၊ ဣရိယာပုဒ်ပြင်၊ ဝမ်းမြောက် ဝမ်းသာ ဖြစ်ပေတော့။အဲဒီ ခါးတွန်းကိုပဲဆက်လုပ်အုံး။ အဲ့ဒါပိုင်မှ နောက်လုပ်ကွက်တွေ တဖြေးဖြေး ပြောင်းပေးသွားမယ်။ ကိုယ့်နေရာကိုယ် ကျတော့လဲ ထပ်ခါထပ်ခါ ပွားများအားထုတ် ရပြီးသားတရား မပျောက်စေနဲ့၊ မရသေးသော တရားကို ပေါ်ပေါက်လာအောင် အားထုတ်’

ဝမ်းသာလွန်းလျှင်လည်း မျက်ရည် ကျရ၊ ဝမ်းနည်းလွန်း လျှင်လည်း မျက်ရည်ကျရဟူ၍ လူ့လောက သဘော ရှိသည်။ သိန်းထီဆယ်ဆု ပေါက်သည့်ထက်ပင် ကျွန်ုပ် ဝမ်းမသာစဘူး ဝမ်းသာ လျက်ရှိသည်။ ဝမ်းသာလွန်း၍ မျက်ရည်ပင် လည် လျက်ရှိသည်၊ ကိုယ့်နေရာသို့ ရောက်သောအခါ၌လည်း တရား အားထုတ်ကြည့်သည်။ အချိန်မကြာတော့ပေ။ တွန်းမှုပရမတ် သဘောတွေကို ပိုင်ပိုင် တွေ့ရှိ လာရတော့သည်။ ပြည်တန် ပတ္တမြားဘလုံးကို တွေ့လျှင် ဤလောက် ဝမ်းသာကောင်းမှ ဝမ်းသာမိပေလိမ့်မည်။

ကျွန်ုပ်၏ရင်တွင်း၌ ပြောမပြနိုင်လောက်အောင် ဝမ်းသာလှိုင်းတို့သည် တလှိုက်လှိုက်တက်နေသည်။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တဆူနှင့်တွေ့ပြီး အကျွတ်ဘရား ရလိုက်သည်ဟု မှတ်ထင်လိုက်သည်။ ကျွန်ုပ် အမှန်ပင် သံလျှင်ဇေတာရ ဆရာတော်ဘုရားအား သမ္မာသမ္ဗုဒ္ဓဘုရားရှင်တဆူကဲ့သို့ အောက်မေ့ မှတ်ထင် သွားမိသည်။

လိုက်လှဲသောကျေးဇူးတင်မဆုံးသော သဒ္ဒါဟုန်ဖြင့်သံလျင်တောရဆရာတော်ရှိမည်ထင်သော နေရာသို့ ရည်စူး၍ ဦးသုံးကြိမ်ချလိုက်သည်။ ပြီးလျှင် ကျွန်ုပ်အား ဂရုဘစိုက် ပြပေးသောသူတရားပြ ဆရာ မြင်းခြံဆရာတော်အား ဦးသုံးကြိမ် ချလိုက်သည်၊ ဘဝသံသရာ တည်းဟူသော ခရီးလမ်းမကြီးမှ ခရီးလမ်းဖြောင့်လမ်းမှန်သို့ ကျွန်ုပ် အား ကယ်တင်ပို့ဆောင်နိုင်ခဲ့ပြီ မဟုတ်ပေလော။ ကျွန်ုပ် အဘယ်သို့ သူတို့အား လိုက်လှဲစွာ ကျေးဇူးတင်မဆုံး မဖြစ်ပဲ နေနိုင်မည်နည်း။

ကျွန်ုပ်ယခုမှ ဗုဒ္ဓဝါဒကို ခံယူရကျိုးနပ်တော့သည်၊ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံရကျိုးနပ်တော့သည်၊ ဗုဒ္ဓအပေါ်၌ရှင်း၊ ဗုဒ္ဓဝါဒလမ်းစဉ်၌ရှင်း၊ ဗုဒ္ဓ၏ တရားဓမ္မအပေါ်၌ရှင်း၊ဗုဒ္ဓဝါဒလမ်းစဉ်၊ ဗုဒ္ဓဘရားဓမ္မလမ်းကြောင်းပေါ်သို့ ဖြောင့်တန်းစွာလျှောက်နေကြသော ဗုဒ္ဓ၏ တပည့်သား သံဃာတို့အပေါ်၌ရှင်း၊ ပိုမိုလေးနက် သက်ဝင်ယုံကြည်လာတော့သည်၊ ငါကား ကေန်ပင်လူဖြစ်ရကျိုးနပ်ပြီဟူ၍ ကိုယ့်ကိုယ်ကို နှစ်သိမ့်ကြည်နူးမဆုံးဖြစ်မိတော့သည်။ အကယ်၍ အနီးအနားတွင် အမေရှိက သည်အကြောင်းတွေကို အမေ့အားပြေး၍ ပြောလိုက်ချင်သည်၊အဖေရှိက အဖေ့ကို ပြေး၍ပြောလိုက်ချင်သည်။

သို့သော် အဖေသည် ကျွန်ုပ် ၇ နှစ်သားခန့်ကပင် သေဆုံးသွားပေပြီ။ အဖေသည် ဗုဒ္ဓဘာသာဖြစ်ပါလျက် ဤဘရားဓမ္မကို သိမသွားရှာပါတကား။ ကျွန်ုပ် ဝမ်းနည်းမိသည်။ အဖေ၌အဖေကျွန်ုပ်၏အဖိုးရှိလျှင် သူ့အားသာ၍ပင်ပြေး၍ ပြောပြလိုက်ချင်သည်။ ကျွန်ုပ်၏ရုပ်ရည်သည် အဖိုး၏ရုပ်ရည်နှင့်တူသည်။ အဖိုး

သည် ကျွန်ုပ်အား လွန်စွာချစ်ခင်သည်၊ထိုသည့် အဖိုးသည်လည်း ကျွန်ုပ် ငယ်စဉ်ကပင် သေဆုံးသွားခဲ့လေပြီ၊ အဖိုးသည်လည်း ဤတရားခံမှုကို သိမသွားခဲ့ပေ။ ကျွန်ုပ် များစွာ ဝမ်းနည်းမိသည်။ ကျွန်ုပ်ပင် ဤတရားမျိုးနှင့် ယခုမှ တွေ့ကြုံရလေခြင်း ဟူ၍၊ လိုက်လှဲ ဝမ်းနည်းလာသည်။ ဤကျောင်းတွင်း၌ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် ဤကဲ့သို့တရားမျိုးကို တွေ့ကြုံလိုက်ရသောအခါ၌ ယခုမှတွေ့ရလေခြင်း ငါ၏ အမိ၊ အဖ၊ အဘိုး၊ အဖွားများ မတွေ့သွားရလေခြင်းဟူ၍ ယူကြုံးမရ ဖြစ်မိသောသဘောဖြင့် ရှို့ချငိုကျွေးသည်ဟု ကြားရဘူးသည်။ ထိုကြားရချက် ဟုတ်လောက်ပါပေသည်၊ လူလောက၌ ထိုသဘောမျိုးသည် ဖြစ်လေ့ဖြစ်ထ ရှိနေတတ်ကြပေသည်။ ဗုဒ္ဓဘုရားရှင်လက်ထက်ကလဲ ဤကဲ့သို့ဖြစ်ရပ်မျိုး မြောက်များစွာ ဖြစ်ပေါ်ခဲ့ဘူးလေသည်၊ ထိုအနက် ကျောင်းတကာ အနာထပိဏ်သူဌေးကြီးသည်လည်း အပါအဝင်ဖြစ်သည်။

အနာထပိဏ် သူဌေးကြီးသည် ပစ္ဆိမအရွယ်သို့ ရောက်လာသောကာလ၌ ဇရာထောင်းလာပြီဟုဆိုလျှင် ထိုသို့သော ဗျာဓိနှိပ်စက်မှုတို့သည် အလွယ်တကူ ဝင်ရောက် နှိပ်စက်သည်ဖြစ်ရာ၊ ဗျာဓိနှိပ်စက်မှုကို အလူးအလိမ့် ပြင်ထန်စွာ ခံစားနေရသည်။ သောတာပန်ပုဂ္ဂိုလ် ဖြစ်နှင့်နေပြီဖြစ်သော အနာထပိဏ်သူဌေးသည် သူ့ကိုယ်သူ မရဏာသန္နမင်းခံတွင်း သက်ဆင်း ဝင်ရောက်ရမည်ကို ရိပ်စားမိလာသည်။ ထိုအခါ အနာထပိဏ် သူဌေးသည် တဦးသောယောကျ်ားကိုခေါ်၍ ဘုရားရှင်အား လျှောက်ကြားခိုင်းသည် အရှင်သာရိပုတ္တရာအား လျှောက်ကြား ခိုင်းလိုက်

သည်။ မသေမီ အရှင်သာရိပုတ္တရာအား ဖူးတွေ့လိုစိတ် ပြင်းထန်စွာ ပေါ်ပေါက်နေသည်။

'အမောင်ယောကျ်ား ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာအား လျှောက်ထားပေးပါ။ အနာထပိဏ်သူဌေးဟာ အနာရောဂါ ပြင်းစွာနှိပ်စက် ခံနေရပါတယ်၊ ကြီးစွာသော ဆင်းရဲ ဒုက္ခကို ခံစားနေရပါတယ်။ ပြင်းစွာသော ရောဂါဝေဒနာ စွဲကပ်နေပါတယ်လို့ လျှောက်ပြီး အရှင် ာရိပုတ္တရာကို အနာထပိဏ်သူဌေး ကြီး အိမ် ကြွစေချင်ပါတယ်လို့ လျှောက်ခဲ့'

ထိုယောကျ်ားသည်၊ အနာထပိဏ်သူဌေး စေခိုင်းချက်အရ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာအား၊ အလျှင် အမြန်ပြေး၍ လျှောက်တင်လိုက်သည်။ အရှင်သာရိပုတ္တရာသည် အရှင်အာနန္ဒာနှင့် သူဌေးကြီးအိမ်သို့ ကြွရောက်လာခဲ့သည်။

အရှင်သာရိပုတ္တရာသည် သူဌေးကြီး ဘေးနား ခင်းထားသော နေရာတွင် ထိုင်လျက် အနာထပိဏ်သူဌေးအား မေးမြန်းလိုက်လေသည်။

သူဌေးကြီး၊ သင့်အားကျရောက်နေသော အနာရောဂါတို့သည် သက်သာမှုရပါ၏လော၊ နောက်ဆုတ်ပါ၏လော။ ရှေ့မတိုးပဲရှိပါ၏သော'

'အရှင်ဘုရားသာရိပုတ္တရာ တပည့်တော်အားပြင်းထန်စွာ နှိပ်စက်နေသောဒုက္ခဝေဒနာတို့သည် အနည်းငယ်မျှ သက်သာမှုမရပါ၊ နောက်ကိုဆုတ်ခြင်း၊ အလျဉ်းမရှိပါ။ ရှေ့သို့သာတိုးလာပါသည်ဘုရား၊ အရှင်ဘုရား သာရိပုတ္တရာ တပည့်တော်ရဲ့ဦးခေါင်းကို ခွန်အားရှိသော ယောကျ်ားတဦးက ထက်စွာသော သံဆူးနဲ့

ထိုးလိုက်သလို လှန်ကဲသော လေတွေဟာ တပည့်တော်ရဲ့ဦး ခေါင်းကို ထိုးကျင်နေပါတယ်။ အားရှိသော ယောကျ်ားတဦး က ဦးခေါင်းကို သားရေကြိုးနဲ့ ပြင်းစွာ ရပ်ပတ်လိုက်သလိုမခံ ရပ်နိုင်သော ဒုက္ခဝေဒနာကို ခံစားနေရပါတယ်။ နွားသတ် ယောကျ်ားဟာ သားလှီးဓားဖြင့် ဝမ်းကို ထိုးမွှေလိုက်သလို တပည့်တော်ရဲ့ ဝမ်းဗိုက်ကို လေတွေဟာ ထိုးမွှေနေပါတယ်။ တပည့်တော် တကိုယ်လုံး ခွန်အားကြီးသော ယောကျ်ား ၂ ယောက်ကအလွန်အားနည်းသော ယောကျ်ား တယောက်အား လက်မောင်းကို ချုပ်နှောင်ဖမ်းကိုင်ပြီး မီးကျီတွင်းထဲပစ်ချလိုက် သလို ပူလောင်ပြင်းထန်သော ဒုက္ခဝေဒနာကို ခံစားနေရပါတယ် ဘုရား’

အရှင်သာရိပုတ္တရာသည် ယင်းကဲ့သို့ အနာထပိဏ်သူဌေး၏ စကားကို ကြားရသောအခါ အနာထပိဏ်သူဌေးကြီး ဆောက် တည်ရာ သက်သာရာရအောင် တရားဓမ္မ ဟောကြားတော်မူ လေသည်။

‘သူဌေးကြီး၊ သင့်အား ရောဂါဝေဒနာတို့သည် ပြင်းထန် စွာ နှိပ်စက်ချေသည်။ ထိုကြောင့် သင်သည် ဤသို့ ကျင့်ရချေ မည်။ သူဌေးကြီး၊ရူပက္ခန္ဓာကို(တဏှာ၊ မာန၊ဒိဋ္ဌိတို့ဖြင့်) မစွဲလမ်း တော့အံ့။ ငါ၏ ဝိဉာဏ်သည်လည်း ရူပက္ခန္ဓာကို မှီ၍ မဖြစ် လတ္တံ့။ ဝေဒနက္ခန္ဓာကိုမှီ၍မဖြစ်လတ္တံ့။ သညက္ခန္ဓာကို (တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းတော့အံ့။ ငါ၏ ဝိဉာဏ်သည်လည်း သညက္ခန္ဓာကိုမှီ၍ မဖြစ်လတ္တံ့။ သင်္ခါရက္ခန္ဓာကို (တဏှာ၊ မာန၊ ဒိဋ္ဌိ)တို့ဖြင့် မစွဲလမ်းတော့အံ့။ ငါ၏ ဝိဉာဏ် သည်လည်း

သင်္ခါရက္ခန္ဓာကိုမှီ၍မဖြစ်လတ္တံ့။ ဝိညာဏက္ခန္ဓာကို (တဏှာ၊ မာန၊ ဒိဋ္ဌိ)တို့ဖြင့် မစွဲလမ်းတော့အံ့။ ငါ၏ ဝိညာဏ်သည်လည်း ဝိညာဏက္ခန္ဓာကို မှီ၍ မဖြစ်လတ္တံ့။ သူဌေး ထိုသို့ ကျင့်ရချေမည် သူဌေးကြီး။ ထိုနောက် ဤသို့လည်း ကျင့်ရချေဦးမည် သူဌေးကြီး၊

ဤပစ္စုပ္ပန်လောကကို (တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းတော့အံ့။ ငါ၏ ဝိညာဏ်သည်လည်း ဤပစ္စုပ္ပန်လောကကို မှီ၍ မဖြစ်လတ္တံ့။ တမလွန် လောကကို (တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့်) မစွဲလမ်းတော့အံ့။ ငါ၏ဝိညာဏ်သည်လည်း တမလွန်လောကကို မှီ၍ မဖြစ်လတ္တံ့။ ငါသည် မြင်အပ်ပြီ၊ ကြားအပ်ပြီ၊ တွေ့အပ်ပြီ၊ သိအပ်ပြီ၊ ရောက်အပ်ပြီ၊ ရှာမှီးအပ်ပြီ၊ အဖန်ဖန် ရှာမှီးအပ်ပြီ စိတ်ဖြင့် အဖန်ဖန် ကျက်စားအပ်ပြီဆိုပြီးတော့ ထိုအာရုံတွေကိုလည်း မစွဲလမ်းတော့အံ့။ ငါ၏ ဝိညာဏ်သည်လည်း ထိုအာရုံတွေကို မှီ၍မဖြစ်လတ္တံ့။ ထိုသို့ကျင့်ရချေမည် သူဌေးကြီး'

ရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေးအား သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှတွေကိုမစွဲလမ်းရေးတရားဟောကြားခြင်းဖြစ်လေသည်။ ထိုကဲ့သို့ အရှင်သာရိပုတ္တရာ၏ ဟောကြားလိုက်သောတရားဓမ္မကို ကြားနာလိုက်ရသည်ဟု ဆိုလျှင် အနာထပိဏ်သူဌေးသည် ထူးထူးခြားခြား ငိုကြွေးတော့သည်။

မျက်လုံးအိမ်နှစ်ခုမှ မျက်ရည်ပေါက်တို့သည် တတွေတွေ ယိုစီးကျလာ တော့သည်၊ ထိုအခါ အရှင်အာနန္ဒာသည် အနာထပိဏ်သူဌေးအား ဤသို့ ဆိုလေသည်။

'သူဌေးကြီး၊ သင်သည် စွဲလမ်း ဆုတ်နစ်နေလေသလော'

'အရှင်ဘုရားအာနန္ဒာ၊ တပည့်တော်စွဲလမ်းဆုတ်နစ်၍ငိုကြွေးမိသည်မဟုတ်ပါ။ တပည့်တော်ရှေ့က ဘုရားရှင်ထံနှင့် ရဟန်းတော်များထံသို့ အကြိမ်ကြိမ် ဆည်းကပ်ဘူးပါ၏။ ထိုအချိန်တုံးက ဤတရားမျိုး မနာကြားခဲ့ဘူးပါ၊ ယခု သေခါနီး ပြင်းစွာသော ဒုက္ခဝေဒနာ ခံစားနေရမှ ကြားနာရ၍ ငိုကြွေးမိခြင်း ဖြစ်ပါတော့သည် ဘုရား'

'သူဌေး၊ သင့်အား ရှေ့က ဤကဲ့သို့ တရားကို မဟောကြားခြင်းဟာ လူဝတ်ကြောင်တွေ ဉာဏ်သက်ဝင် သဘောပေါက်ရန် ခဲယဉ်းလှတယ်။ ရဟန်းတော်များသာ ဉာဏ်သက်ဝင် သဘောပေါက်လွယ်နိုင်တယ်။ ဒါ့ကြောင့်မို့ မဟောကြားခဲ့ခြင်း ဖြစ်တယ်'

အရှင်အာနန္ဒာ ပြန်ရှင်းပြသည်။ သို့သော်လည်း အနာထပိဏ် သူဌေးကြီးမှာ ဤတရားကို သဘောကျ ဉာဏ်သက်ဝင်သွားသည်ဖြစ်၍ ဤကဲ့သို့ တရားမျိုးကို ရဟန်းတော်များတွင်မက လူဝတ်ကြောင်တွေပါ နာကြားခွင့်ရက ငါကဲ့သို့ များစွာ အကျိုးရှိချေတော့မည်ဟူ၍ စဉ်းစားမိကာ အရှင်သာရိပုတ္တရာအား လျှောက်တင်လိုက်သည်။

'အရှင်ဘုရား၊ သာရိပုတ္တရာ ဤတရားများကို လူဝတ်ကြောင်တွေကိုလည်း ဟောကြားတော်မူပေးပါဘုရား။ တပည့်တော် တောင်းပန်ပါတယ်။ ကိလေသာမြူအညစ်အကြေးနည်းပြီး ပညာဉာဏ်မျက်စေ့ အားကောင်းကြတဲ့ လူပုဂ္ဂိုလ်ခတွေ များစွာ ရှိပါတယ်။ ထိုပုဂ္ဂိုလ်တွေဟာ ဤဘရားမျိုး မနာကြားရကြ၍ တရားမှာ ဆုတ်ယုတ်နေကြရပါတယ်။ ဤတရားမျိုး နာရ

ရင်တရားကို ကောင်းစွာ သဘောပေါက် သိရှိနိုင်ပါတယ်။ အကျိုးများစွာ ရသွားနိုင်ပါတယ်။ လူပုဂ္ဂိုလ်တို့အားလည်း ဤဘုရားမျိုး ဟောကြားတော်မူပါဘုရား'

သေခါနီးကာလမှ ဤဘုရားမျိုးကို ကြားနာရသည့်အတွက် ဝမ်းသာဝမ်းနည်း မျည်ရည်တို တတွေတွေ ယိုစီး ကြမိကာ အနာထပိဏ် သူဌေးသည် နောက်ပုဂ္ဂိုလ်များသူကဲ့သို့ မဖြစ်ရလေအောင် အရှင်သာရိပုတ္တရာအား တိုက်တွန်းတော် မူသွားရှာလေသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာ ပြန်ကြွသွား၍ မကြာမီမှာလျှင် အနာထပိဏ်သူဌေးလည်း ထိုရောဂါနှင့်ပင် သေဆုံးသွားတော့သည်။

ကျွန်ုပ် စဉ်းစားမိသည်။ အနာထပိဏ် သူဌေးနှင့် စာလျှင် ကျွန်ုပ်မှာများစွာ တော်နေပေသေးသည်။အနာထပိဏ်သူဌေးမှာ သေကာနီးကာလမှ သူရှေ့က မနာဘူးသောတရားကို နာကြားသွားရရှာသည် ကျွန်ုပ်မှာရှေ့ကမတွေ့ဘူးသောဝိပဿနာတရားကို ယခုတွေ့ရသောအချိန်သည် ၂၆–နှစ်ခန့်မှာ လာတွေ့ရ၍များစွာ တော်ပေသေးသည်။ ဖြေသာနိုင်ပေသေးသည်။ ဤကဲ့သို့ တရားမျိုးကို လိုက်စားနေကြသူတွေ များစွာ ရှိသည်။ လူဝတ်ကြောင်ထဲကလည်း များစွာရှိသည်။ ရဟန်းတော်တွေထဲကလည်း များစွာ ရှိသည်။ ကျွန်ုပ် လက်လှမ်းမှီသမျှ ထိုပုဂ္ဂိုလ်တို့အား ညွှန်ကြားရမည်ဟု ဆုံးဖြတ်မိတော့သည်။

# ပေါ်ပြူးတရားကို ကြွမ်ဖန်များစွာ ပွားများလာခဲ့စဉ်တွင်

နိဗ္ဗာန်မှလွဲ၍ စကြဝဠာအနန္တ ၃၁-ဘုံ အနန္တတွင် ခေတ်ကြီးလေးပါး မတည်ကိန်းသောနေရာ၊ ခေတ်ကြီးလေးပါး မထည်ကိန်းသော အရာဝတ္ထုဟူ၍ မရှိပေ။ ရုပ်ဝတ္ထုမှန်သမျှ ခေတ်ကြီးလေးပါး တည်ကိန်းကြသည်ချည်း ဖြစ်သည်။ မြေတမှုန်ထဲ၌လည်း ခေတ်ကြီးလေးပါးရှိသည်။ ရေတပေါက်၌လည်း ခေတ်ကြီးလေးပါး ရှိသည်။ မီးတဖွား၌သည်း ခေတ်ကြီးလေးပါး ရှိသည်။ လေထဲ၌လည်း ခေတ်ကြီးလေးပါး ရှိသည်။ အယုတ်ဆုံးအားဖြင့် ပရမာဏုမြူ တမြူ၌ပင် ခေတ်ကြီးလေးပါး ရှိနေသည်။ ယင်းသို့ဆိုလျှင် လူတို့၏ ခန္ဓာကိုယ်တကိုယ်လုံး၌လည်း ခေတ်ကြီးလေးပါး မတည်ကိန်းနိုင်သော နေရာသည်လည်း ပရမာဏုမြူမျှလောက်ပင် ရှိမည် မဟုတ်ပေ။ တကိုယ်

လုံးတွင် ခေတ်ကြီးလေးပါး တည်ကိန်းနေသည်သာ ဖြစ်သည်။ ခန္ဓာကိုယ် တကိုယ်လုံး နေရာအနှံ့အပြားပင် ခေတ်ကမ္မဋ္ဌာန်းကို စနစ်တကျ ရှုပွားယူတတ်ကြရမည် ဖြစ်သည်။ တကိုယ်လုံးတွင် ခေတ်ကမ္မဋ္ဌာန်း ရှုပွား၍ မရနိုင်သောနေရာဟူ၍ ပရမာဏုမြူမျှပင် မရှိပေ။ ယင်းအတွက် တကိုယ်လုံးမှ ရှုကွက်ခေါ် လုပ်ကွက် ပေါင်းတို့သည် ရာထောင်များစွာ ထွက်ပေါ်လာနိုင်တော့သည်။ အသီးတရာ၊ အညွှာတခုဆိုသကဲ့သို့ လုပ်ကွက်တကွက်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်မြင်အောင် ပိုင်ပိုင် ရှုပွားလာနိုင်ခဲ့သော ကျွန်တော့်လုပ်ကွက်ပေါင်း ရာထောင်တို့ကိုလည်း လွယ်ကူစွာပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တထင်အောင် ရှုပွားယူနိုင်တော့သည်။ ရာထောင်မက သိန်းသန်းကုဋေလာလည်း ရှုပွားယူနိုင်တော့သည်။

ကျွန်ုပ်သည် ခါးတွန်း လုပ်ကွက်တမျိုးမှ ဝါယောခေတ် တွန်းမှုသဘောကို ကြိမ်ဖန်များစွာ အထပ်ထပ် ရှုပွားလာသော အခါ၌ မိနစ်ပိုင်းအတွင်း၌ပင် ဝါယောခေတ်၏ ပရမတ်အစစ် တွန်းမှု သဘောကို တကိုယ်လုံးတွင် ပိုင်ပိုင် တွေ့မြင်လာခဲ့တော့သည်။ ထိုသည့် ခေတ်သဘောတို့၏ ပရမတ်သဘောအတိုင်း ပျက်ပျက်နေ၊ ကုန်ကုန်နေ၊ ချုပ်ချုပ်နေ၊ ပြိုပြိုနေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို ပိုင်ပိုင် တွေ့သိလာခဲ့တော့သည်။ ယင်းသည် သင်္ခါရဒုက္ခဖြစ်သည်။ ဒုက္ခသစ္စာသက်သက် ဖြစ်သည်။ ရောထွေးခြင်းမရှိသော ဒုက္ခသစ္စာအစစ် ဖြစ်သည်။ ဒုက္ခရိုးရိုး မဟုတ်ပေ။ ဒုက္ခရိုးရိုးအရနှင့် ဒုက္ခသစ္စာ သက်သက် အရသည် အရခြင်း မတူပေ။ ကွဲပြား ခြားနားချက်

ရှိသည်။ဒုက္ခအရ၌ ဒုက္ခအမည်ကိုလည်းရသည်။ ဒုက္ခသစ္စာအမည်ကိုလည်း ရသည်။ ဒုက္ခသစ္စာ၌ ဒုက္ခအမည်ကို မရပေ။ဒုက္ခသစ္စာအမည်သက်သက်ကိုသာ ရသည်။ ဒုက္ခအမည်နှင့် ဒုက္ခသစ္စာအမည်နှစ်မျိုးကို ရသော ဒုက္ခ၏ တရားကိုယ်အရသည် ကာယိကဒုက္ခ၊ ကိုယ်၌ ကျရောက်လာသော ဆင်းရဲ စေတသိကဒုက္ခစိတ်၌ ကျရောက်လာသော ဆင်းရဲနှစ်မျိုးကို ရသည်။ ဒုက္ခသစ္စာ အမည်တမျိုးတည်းကိုသာရသော ဒုက္ခသစ္စာ၏ တရားကိုယ်အရသည် ကာယိကဒုက္ခ၊ စေတသိကဒုက္ခတို့မှကြွင်းသော သင်္ခါရဒုက္ခကို ရသည်။ ယင်း သင်္ခါရဒုက္ခဟူသည် ရုပ်ပရမတ်၊ နာမ်ပရမတ်တို့၏ အထပ်ထပ် ဖြစ်ပျက်နေသော အနိစ္စ၊ ဒုက္ခ၊ အနတ္တပင် ဖြစ်ချေသည်။ ယင်းသည် ဒုက္ခရိုးရိုးမဟုယ်ပေ။ ဒုက္ခသစ္စာ သက်သက် ဖြစ်တော့သည်။ ယင်းကို သစ္စယမိုက် ပါဠိတော်က ဤသို့ဆိုထားသည်။

'ဒုက္ခသစ္စံ၊ဒုက္ခံန္တိ' ဒုက္ခသစ္စာသည်ဒုက္ခအမည်ရနိုင်သလော၊ ကာယိကံဒုက္ခ၊ စေတသိကံ ဒုက္ခထပေထွာအဝသေသာ၊ ဒုက္ခသစ္စံ နဒုက္ခ၊ ကာယိကဒုက္ခ၊စေတသိကဒုက္ခမှတပါးသောသင်္ခါရဒုက္ခသည် ဒုက္ခသစ္စာအမည် ရသည်။ ဒုက္ခအမည် မရပေ၊ ကာယိကံဒုက္ခ စေတသိကံ ဒုက္ခ၊ဒုက္ခဉ္စေဝ၊ ဒုက္ခသစ္စဉ္စ၊ကာယိကဒုက္ခနှင့် စေတသိကဒုက္ခသည် ဒုက္ခအမည်ကိုလည်း ရသည်။ ဒုက္ခသစ္စာအမည်ကိုလည်း ရသည်။ ယင်းမှာ ဗုဒ္ဓကိုယ်တော်တိုင် ဟောထားသော ဒေသနာတော်ပင် ဖြစ်သည်။

ယခု ကျွန်ုပ်သည် ဒုက္ခနှင့် ဒုက္ခသစ္စာကို ကွဲပြားခြားနားစွာ လေးလေးနက်နက် သိရှိခွင့် ရလာပေတော့သည်။ ဝိပဿနာ

လုပ်ငန်းဟူသည် ဒုက္ခကိုသိအောင် လုပ်ရသောအလုပ် မဟုတ်ပေ။ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ဖြစ်သော ဒုက္ခသစ္စာကို သိအောင်လုပ်ရသော အလုပ်သက်သက်ဖြစ်သည်ဟူ၍ နားလည်လာသည်။ အဘယ်ကြောင့်ဆိုသော် အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ အောင့်ခြင်း၊ ယံခြင်း၊ ကျင်ခြင်း စသော ကာယိက ဒုက္ခတို့နှင့်၊ ရတာမလို လိုတာမရသော စိတ်ဆင်းရဲရမှု အမျိုးမျိုး၊ စေတသိက ဒုက္ခအမျိုးမျိုးတို့ကို ဝိပဿနာတရား အားထုတ်မှ သိရှိကြမည် မဟုတ်ပေ။ ဝိပဿနာတရားကို အားမထုတ်ကြသူတွေလည်း သိရှိကြသည်။ ဗုဒ္ဓဝါဒီတွေသာ သိရှိကြသည် မဟုတ်ပေ။ ဗုဒ္ဓဝါဒီမဟုတ်သူဘာသာခြားသော ထိုထိုဝါဒီသမားတို့သည်လည်း သိရှိကြသည်။ လူကြီးမှ သိရှိကြသည် မဟုတ်ပေ။ ခလေးလည်း သိရှိကြသည်။ လူကောင်းမှသိရှိကြသည် မဟုတ်ပေ။ အရူးလည်း သိရှိကြသည်။ အဟုတ်သဖြင့် လူပုဂ္ဂိုလ်မှ သိရှိကြသည် မဟုတ်ပေ။ တိရစ္ဆာန်တို့လည်း သိရှိနိုင်သောကြောင့် ဖြစ်ပေသည်။ အစက ကျွန်ုပ် ဤလောက်အထိ သဘောမပေါက်ခဲ့သည်က အမှန်ပင် ဖြစ်သည်။

သို့သော် အကြောင်းအကျိုးဘော့ ဆက်သွယ်မှု ရှိနေပေသည်။ ဒုက္ခသည် အကြောင်းတရားဖြစ်သည်။ ဝိပဿနာလုပ်ငန်းခေါ် ဒုက္ခသစ္စာကို သိအောင် လုပ်ရခြင်းသည် အကျိုးတရားဖြစ်သည်။ ယင်းအတွက် ဒုက္ခကြောင့် ဒုက္ခသစ္စာကိုသိအောင်လုပ်ရခြင်းဖြစ်သည်။ ဒုက္ခမရှိသော် ဒုက္ခသစ္စာကိုသိအောင် လုပ်စရာ မလိုပေ။ ဘုရားရှင်ပွင့်ပေါ်လာခြင်းသည် ဝိပဿနာ လုပ်

ငန်းကို ဖော်ထုတ်ရေးအတွက် အဓိကထားပြီး ပွင့်ပေါ်လာခြင်း ဖြစ်ရာ ဗုဒ္ဓကိုယ်တိုင်ကလည်း

'ဇာတိစ၊ ဇယာစ၊ မရဏဉ္စ၊ ဤလောက၌ ပဋိသန္ဓေနေခြင်း အိုခြင်း၊ နာခြင်း၊ သေခြင်းမရှိလျှင် ငါဘုရား ပွင့်ပေါ်တော်မူ စရာ မလို'

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောကြားထားချက်ရှိသည်။ ယင်းဘုရားရှင် ဟောကြားချက်ကို ဟိုရှေးယခင်က ထိုဖော်ပြ ချက်အတိုင်း သာမညအနေမျိုးလောက်သာ သဘောပေါက်ခဲ့ သည်။ ယခုအခါ၌မူကား ကျယ်ပြန့်လေးနက်စွာ သဘော ပေါက်လာသည်။ ဘုရားရှင်က ကျွန်ုပ်အား ဤသို့ မိန့်ကြား လိုက်သည်ဟူ၍ပင် နားလည်နေမိတော့သည်။

'မင်းတို့ဟာ ခန္ဓာကြီးရှိနေသမျှ အိုခြင်း၊ သေခြင်း၊ တရား တွေရှိနေမှာပဲ။ကိုယ်၌ ကျရောက်တဲ့ ကိုယ်ဆင်းရဲခြင်းအမျိုးမျိုး ကာယိဒုက္ခတွေ ရှိနေဦးမှာပဲ။ စွဲမက်ရာဂ၊ အမျက်ထွက်မှုဒေါသ၊ စိုးရိမ်ရမှုသောက၊စိတ်ဆင်းရဲမှုဒေါမနဿ၊ ငိုကြွေးရမှု ပရိဒေဝ တွေရှိနေမှာပဲ၊ စိတ်၌ ကျရောက်တဲ့ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာ ယာဖြစ်ရခြင်း၊ စေတသိက ဒုက္ခအမျိုးမျိုးတွေရှိနေမှာပဲ။ မင်း တို့ကိုလဲ ဒီဒုက္ခတရားတွေမှ ကင်းလွတ်ခွင့်ရသွားအောင် ကယ် တင်နိုင်ရေးအတွက် ငါဘုရား ပွင့်တော်မူလာတာပဲ၊ မင်းတို့ဟာ တကယ်အဲဒီဒုက္ခတရားတွေမှဝေးချင်သထက်ဝေးချင်ရင်ပဲဖြစ်စေ နည်းချင်သထက် နည်းချင်ရင်ပဲဖြစ်စေ၊ လုံးဝကင်းလွတ်ချင်ရင် ပဲဖြစ်စေ၊ ဒုက္ခသစ္စာကိုသိအောင်လုပ်ကြဘို့ပဲ၊ ဒုက္ခသစ္စာကိုသိ လာနိုင်တာနဲ့အမျှ မင်းတို့သိလာတဲ့ အတိမ်အနက် အခြေအနေ

ကို လိုက်ပြီး မင်းတို့ကြောက်တယ်လို့သိနေကြတဲ့ ဒုက္ခတွေမှ ကင်းလွတ်ခွင့်တွေ ရကြမှာပဲ။ ဒုက္ခသစ္စာကိုသိအောင် လုပ်ရမယ်ဆိုတာ မင်းတို့ ကြောက်တယ်လို့သိနေတဲ့ ဒုက္ခအမျိုးမျိုးကို သိအောင် လုပ်ရတာမျိုးမဟုတ်ဘူးနော်၊ သေသေချာချာလဲ သဲကွဲအောင် မှတ်အုံး၊ ရောထွေးရောထွေး ဖြစ်တတ်တယ်။ ရောထွေးရောထွေး ဖြစ်ရင် မင်းတို့မှာအားကြီးနစ်နာမယ်။ ဒါဘွင်မက ငါဘုရားရဲ့ ဝါဒကိုလဲအလွဲသုံးစားလုပ်ရာကျသွားမယ်။ ခုသိအောင်လုပ်ရမဲ့ ဒုက္ခသစ္စာက၊ မင်းတို့ ကြောက်တယ်လို့သိနေကြတဲ့ ဒုက္ခကြောင့် လုပ်ရတယ်ဆိုတာ အသေအချာမှတ်ထား။ ဘာလို့ ဒုက္ခသစ္စာကို သိအောင်လုပ်ရသလဲ သေသေချာချာ ကိုယ့်ဟာကိုယ် မေးကြည့်စမ်း။ မသိလို့ လုပ်ရတာဖဲမဟုတ်လား။ သိရင် ဘာလုပ်စရာလိုမလဲ၊ ဘာလို့မသိလဲ၊ တခါ ကိုယ့်ဟာကိုယ် ထပ်မေးကြည့်အုံး၊ လောဘဒေါသ၊ မောဟတွေ ဖုံးလွှမ်းနေလို့ပဲ မဟုတ်လား။ ကောင်းပြီ။ ဒုက္ခသစ္စာကို သိအောင် လုပ်ရမယ်ဆိုတာ၊ ဝိပဿနာလုပ်ငန်းလုပ်ရမယ် လို့ဆိုလိုတာပဲ။ မင်းတို့ဟာဝေနေယျပုဂ္ဂိုလ်တွေဖြစ်တယ်။ အရှင်သာရိပုတ္တရာတို့လို ဗာဟိယဒါရုစိတို့လို ငါဘုရားတရားကို နာကြားရရုံနဲ့ ဒုက္ခသစ္စာကိုသိပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ခတ္တရမှာမဟုတ်ဘူးသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတွေဖြစ်မှာမဟုတ်ဘူး၊ ဘာဝနာဆိုတဲ့အတိုင်း အနုဿနာဆိုတဲ့အတိုင်း ကြိမ်ဖန်များစွာ သတိ၊ သမာဓိ ပညာတို့နဲ့ အထပ်ထပ် ကျင့်သုံး ပွားများမှသာလျှင် ဒုက္ခသစ္စာကို သိနိုင်တယ်။ ပါရမီအလျောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေ ရနိုင်တယ်။ သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်တွေဖြစ်နိုင်တယ်။

ဝိပဿနာလုပ်ငန်းကိုလုပ်တယ်ဆိုတာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတဲ့ မဂ္ဂသစ္စာကို ပွားများရခြင်းအလုပ်ပဲ။ မဂ္ဂသစ္စာကို ဘယ်လိုပွားများရမလဲ။ သီလ သမာဓိပညာဖြစ်အောင်ပွားများရတယ်။ ရှေးဦးစွာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်နဲ့ ပြည့်စုံအောင် ကျင့်သုံးရတယ်။ အဲဒီသီလမဂ္ဂင်နဲ့ ပြည့်စုံလာတဲ့ခါ သမ္မာဝါယမ၊ သမ္မာသတိ၊သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင်နဲ့ ပြည့်စုံအောင် ပွားများကျင့်သုံးရတယ်။ ဘယ်လိုပွားများကျင့်သုံးရသလဲ။ ရုပ်ပရမတ်၊ နာမ်ပရမတ်တွေမှာ သဘာဝလက္ခဏာ၊သာမည လက္ခဏာရယ်လို့ ၂ မျိုးရှိတယ်။ သဘာဝလက္ခဏာဆိုတာ ရုပ်ပရမတ်၊ နာမ်ပရမတ် တွေသာသူ့ သဘောသူ့လက္ခဏာနှင့်သူ တခုနှင့်တခု တူညီခြင်းမရှိဘဲ အသီးသီးရှိကြတာကို ပြောတာ။ ပုံစံအားဖြင့် ဝါယောဓာတ်ရဲ့ တွန်းမှုသဘော တေဇောဓာတ်ရဲ့ ပူမှုသဘော၊ အေးမှုသဘော၊ ပထဝီဓာတ်ရဲ့ လေးမှုသဘော၊ မာမှုသဘော၊ ကြမ်းမှုသဘော၊ အာပေါဓာတ်ရဲ့ ဖွဲ့စည်းမှုသဘော၊ ယိုစီးမှုသဘော၊ ဝေဒနာရဲ့ ခံစားမှုသဘော စိတ်ရဲ့သိမှုသဘော၊ ဒေါသရဲ့ ဖျက်ဆီးမှုသဘော၊ လောဘရဲ့ လိုချင်မှုသဘော။ စတဲ့ သူ့သဘော သူ့လက္ခဏာနှင့်သူ အသီးသီးရှိနေတာကို ပြောတာ။ သာမညလက္ခဏာဆိုတာ သဗ္ဗေသင်္ခါရအနိစ္စာ သင်္ခါရမှန်ရင် အနိစ္စဆိုတဲ့အတိုင်း ရုပ်ပရမတ်၊ နာမ်ပရမတ်တို့ရဲ့ အမြဲမပြတ် ဒလစပ် ဖြစ်ပျက်နေတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကိုပြောတာ၊ အဲဒါ သင်္ခါရဒုက္ခခေါ်တဲ့ ဒုက္ခသစ္စာပဲ။ ရုပ်နာမ်တို့ဟာ သဘာဝလက္ခဏာတုံးက သူ့သဘောသူ့လက္ခဏာနှင့်သူ အသီးသီး ရှိကြသော်လဲ၊ ဒီနေရာကျတော့

အနိစ္စ၊ ဒုက္ခ၊ အနတ္တချင်း အားလုံးတူသွားကြတယ်။ သမာနသဘာဝေါသာမညံ၊ သမာနသဘာဝ တူမျှခြင်း၏ ဘာဝေါ အဖြစ်တည်း။ သာမညံ တူမျှခြင်း၏အဖြစ်၊ သာမည လက္ခဏာလို့ခေါ် ဒုက္ခသစ္စာလဲခေါ်တဲ့၊ အနိစ္စ၊ ဒုက္ခ အနတ္တကို သိချင်ရင်သူကစပြီး သိအောင်ပွားများယူလို့မရဘူး။ သဘာဝလက္ခဏာကို အရင်ဆုံးသိအောင် လုပ်ရတယ်။ သဘာဝ လက္ခဏာကို သိရင်သာမညလက္ခဏာကို မသိနဲ့လို့ တားလို့မရတော့ဘူး။ ဆိုလိုတာက ပရမတ်အစစ်ဖြစ်တဲ့ သဘာဝလက္ခဏာတခုခုကိုသတိ၊သမာဓိ ပညာနဲ့ မိမိရရ သိလာရင် သာမညလက္ခဏာဖြစ်တဲ့ အနိစ္စအစစ် ဒုက္ခအစစ်၊ အနတ္တအစစ်ကို မတွေ့နဲ့လို့တားလို့မရဘူး။ တွေ့မြင်ရမှာပဲ။ ပုံစံအားဖြင့် မင်းတို့ရှုပွားနေတဲ့ ဝါယောဓာတ်ရဲ့တွန်းမှုသဘောကို ရှုပွားတယ်ဆိုပါတော့။ ရှုပွားတဲ့အခါမှာ တွန်းမှုသဘောလေးပေါ်မှာ၊ သတိ၊ အသိစွဲမြဲစွာကပ်ပြီး တွန်းတယ်၊ တွန်းတယ်လို့ အထပ်ထပ် ရှုပွားနေတာဟာ ဝါယမခေါ်တယ်။ လုံ့လပြု အားထုတ်နေတယ်လို့ ခေါ်ဘယ်။ အဲဒီဝါယမ တစထက်တစ အားကောင်းလာရင် မဂ္ဂင်ထိုက်တဲ့ သမ္မာဝါယမမျိုးဖြစ်လာတယ်။ သမ္မာဝါယမ ဖြစ်လာရင် သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင် တွေပါ ဖြစ်ခွင့် လာရတော့တာပဲ။ အဲဒီ သမာသမာဓိမဂ္ဂင်သုံးမျိုး ဖြစ်ခွင့်ရလာပြီဆိုရင်၊ လောဘ၊ ဒေါသ၊ မာန၊ ဥဒ္ဓစ္စတဲ့၊ ကိလေသာတွေကို အလိုလိုဖယ်ထုတ်ပြီး ဖြစ်နေတော့တာပဲ။ ကိလေသာတွေ ဖြစ်ခွင့်မရတော့ဘူး။ အဲဒါ သမုဒယသစ္စာကို ပယ်ပစ်လိုက်တာပဲ။ သမုဒယသစ္စာကို သမင်တကာ ပယ်ပစ်လိုက်တာတော့ မဟုတ်ဘူး။ ပယ်

ပြီးသား အနေဖြစ်သွားတာကိုပဲ သမုဒယသစ္စာကို ပယ်တယ်လို့ ဆိုရတယ်၊ ဆိုလိုတာက မဂ္ဂသစ္စာကို ပွားများနေတာနဲ့ သမုဒယ သစ္စာ ဖြစ်ခွင့်မရတော့ပဲ အလိုလိုပယ်ပြီးသား ဖြစ်သွားတော့ တာပဲ၊ ဥပမာအားဖြင့် လူဖြူနဲ့လူမဲနှစ်ယောက်ရှိတဲ့ အနက်က လူဖြူလာခဲ့လို့ ခေါ်လိုက်ရင် လူမဲဟာ ပယ်ပြီးသား ဖြစ်သွား တာပဲ။ လူမဲမလာနဲ့လို့ သူ့ကို တမင်တကာ ပယ်လိုက်တာ မဟုတ်ဘူး။ အဲဒီသဘောမျိုးပဲ။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ခေါ်တဲ့ သမာဓိမဂ္ဂင်သုံးမျိုး တက်စုံလက်စုံ ဖြစ် ခွင့်ရနေတဲ့အခါ၊ သမုဒယသစ္စာ ခေါ်နေတဲ့ လောဘ၊ ဒေါသ မောဟ၊ မာနစတဲ့ ကိလေသာတွေ တဒင် ကင်းစင်နေ တဲ့အတွက် အဲဒီအခါမှာ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာ မဂ္ဂင်နှစ်ခု ဝင်ရောက်ခွင့် ရလာတော့တယ်။ အဝိဇ္ဇာ နေရာမှာ ဝိဇ္ဇာ ဝင်ရောက် လာတဲ့အတွက် ခန္ဓာကိုယ် တကိုယ်လုံးမှာ ဝါဒေယာစေတီရဲ့ တွန်းမှုသဘောဖြစ်တဲ့ ပရမတ်အစစ်၊ ဓာတ် အနှစ်လက္ခဏာ သဘာဝကို သဲသဲကွဲကွဲ တွေ့မြင်ရတော့တာပဲ။ အဲဒီ သဘာဝလက္ခဏာတွေရင် ပရမတ်သခါရ သဘောအတိုင်း ဖြစ်ရင် ပျက်မြဲဖြစ်တဲ့ သာမညလက္ခဏာခေါ် ပြိုပြိုနေ၊ ကုန်ကုန် နေ၊ ပျက်ပျက်နေ၊ ချုပ်ချုပ်နေတဲ့ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို တွေ့ရတာဟာလဲ ဓမ္မ သဘောအတိုင်းသာပဲ ဖြစ်တယ်။ အဲဒါ တချက်ခုတ် သုံးချက်ပြတ် အနေအားဖြင့် မဂ္ဂ သစ္စာ ပွားများလို့ သမုဒယသစ္စာ ပယ်တယ်။ ဒုက္ခသစ္စာကို ပိုင်းခြား သိလာတယ်၊ နိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုဖို့ဆိုတဲ့ကိစ္စကတော့ ဒီလောက်နဲ့မရသေးဘူး။

ဒီကမှတဆင့် ပါရမီအလျောက် ရှေ့ကို ဉာဏ်စဉ် အဆင့်ဆင့်
ကူးတက်ပြီး တချက်ခုတ် လေးချက်ပြတ် အနေနဲ့ နိရောဓသစ္စာကို
မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့မျက်မှောက်ပြုနိုင်မယ်။ အနိစ္စအစစ်၊ ဒုက္ခ
အစစ်၊ အနတ္တအစစ်ကို တွေ့မြင်ရရုံလောက်နဲ့ နိရောဓသစ္စာကို
မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့မျက်မှောက်မပြုနိုင်သေးဘူး။ သောတာပန်
မဖြစ်သေးဘူး။ ဒါကိုလဲ သေသေချာချာ သတိပြုထားအုံး။
ဒါပေမဲ့လဲ အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို မတွေ့မြင်ပဲ
နဲ့လဲအနိစ္စအစစ်၊သုခအစစ်ဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်
ဘူး။ အဲဒီကဲ့သို့ ဒုက္ခသစ္စာကို သဲသဲကွဲကွဲ သိရှိလာနိုင်လေသည်
နှင့်အမျှ မင်းတို့ဟာမင်းတို့ ကြောက်လှပါတယ်ဆိုတဲ့ ဒုက္ခတွေမှ
ကင်းလွတ်ခွင့်တွေ ရနိုင်ကြလိမ့်မယ်။ သည်အတွက်ကြောင့်လဲပဲ
ငါဘုရား ပွင့်ပေါ်လာရခြင်း ဖြစ်တော့တယ်'

'မှန်ပါ ဘုရား။တပည့်တော် ဘုရားရှင်ရဲ့ဝါဒကို ယခုမှအလေး
အနက် သဘောပေါက်မိပါတော့တယ် ဘုရား'

ကျွန်ုပ် စိတ်ထဲက ရေရွတ်မိသည်။ သို့သော် ကျွန်ုပ်၏ အစွမ်း
ကြောင့်တော့ မဟုတ်။သံလျင်တောရ ဆရာတော်တည်းဟူသော
ဆရာကောင်းကို အမှတ်မထင် မှီ၍ ဆည်းကပ်မိသော ကျေးဇူး
ကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်အား မြင်းခြံဆရာတော်က ခန္ဓာကိုယ် တကိုယ်လုံး
နေရာကွက်လပ် မကျန်အောင် တွန်းမှုလုပ်ကွက်ကို တမျိုးပြီး
တမျိုး ပြောင်းရွှေ့ရှုခိုင်းသည်။ ရှေ့ဦးစွာ ခါးတွန်းနေရာက
လုပ်ကွက် လေးမျိုးပေးသည်။ ခန္ဓာကိုယ်ကို တည့်တည့်မတ်မတ်
ထားပြီး နောက်သို့ တတွာခန့် ဆံခြည်တမြှင်စာ တွန်းတွန်း

သွားကာ ထိုမှတဖန် ပြန်၍ မူလနေရာသို့တမျိုး၊ ထိုနောက် ထိုနည်းတူစွာဘယ်ဖက်နှင့် ညာဖက်သို့တမျိုးစီ အားဖြင့်တွန်းမှု သဘောကို လေးမျိုးရှုပွားရသည်။ လေးမျိုးလုံးပင် မိနစ်ပိုင်းအတွင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပေါ်လာတော့သည်။ ထိုနောက် ဇက်ခေါ် ဂုတ်နေရာက လေးမျိုး၊ ထိုနောက် နှာခေါင်းက ထွက်လေသုံးချက် တွန်းပို့ပေးပြန်သည်။ မကြာပါချေ။ တွန်းမှုသဘောကို ပိုင်းခြားသိလာပြီး အနိစ္စဉာဏ်တွေ ကောင်းစွာ ထင်မြင်လာတော့သည်။ ယခုမှ နှာခေါင်းသုံးချက်တွန်းနေရာက တရားတွေ ရှောရှောရှူရှူ ပေါ်လာတော့သည်။ နှာခေါင်းက သုံးချက်တွန်း ရှုနေရင်းမှ မြင်းခြံဆရာတော်က အမိန့် ရှိလာသည်။

'ကိုယ်တော်တို့ ဉာဏ်ကျယ်တဲ့ လူတွေပဲ၊ နှာခေါင်းက တွန်းတွန်းနေတာဟာ ဘယ်ကနေပြီး တွန်းတွန်းပေးနေသလဲဆိုတာအသေအချာသတိပြုလေ့လာကြည့်စမ်းပါ။ဘယ်ကနေစပြီး တွန်းတွန်း ပေးနေသလဲလို့'

ဆရာတော်က အမိန့်ရှိသည့်အတိုင်း နှာခေါင်းက တွန်းမှုသဘောကို တွန်းနေရင်း အသေအချာ သတိပြု ကြည့်မိသည်။ ပထမသော် နှာခေါင်းအရင်းနားကနေ လေကို ထွက်ထွက်သွားအောင် တွန်းပေးနေသည်ဟု ထင်နေမိသော်လည်း စူးစိုက်ကြည့်လိုက်သော အခါ၌ တွန်းပေးနေမှု သဘောသည် နှာခေါင်းအရင်းနားတွင်မကဘဲ ဦးနှောက်နေရာကနေ တွန်းတွန်းပေးနေသည်ကို သွား၍ တွေ့မြင်မိတော့သည်။

'ဆရာတော်ပြောမှ သတိပြု ကြည့်မိတော့တယ်။ တွန်းပေး နေတာ နှာခေါင်းအရင်းနားကနေ မဟုတ်ဘူးဘုရား။ဦးနှောက် ကနေ တွန်းတွန်းပေးနေတာကို တွေ့မြင်ရတယ် ဘုရား'

ကျွန်ုပ် အထူးအဆန်းသဖွယ် အားရဝမ်းသာစွာ လျှောက် တင်မိသည်။

'အဲ၊ ဟုတ်တယ်။ ဒါပေမဲ့ သေသေချာချာ ကြည့်အုံး။ ဘယ် နေရာကနေ စပြီး တွန်းပေးနေသလဲဆိုတာ'

ဆရာတော်က ထပ်မံ ကြည့်ခိုင်းပြန်၍ ကြည့်ရ ပြန်သည်။ ဦးနှောက်နေရာက တွန်းပေးနေမှု သဘောမှသည် အစဉ်သဖြင့် နောက်ယောင်ခံ သတိပြုလိုက်ကြည့်နေရာ ဟဒယခေါ် နှလုံးသား နေရာမှ စတင် တွန်းပေးနေပြီး ထိုမှတဆင့် ဦးနှောက်သို့ လျင်မြန်စွာ ရောက်သွားကာ ဦးနှောက်ကတဆင့် နှာခေါင်း အရင်းနားသို့ ရောက်လာပြီး နှာခေါင်း အရင်းနားကနေ လေကို ထွက်သွားအောင် တွန်းတွန်းပေးနေသော သဘောကို သတိ ပြုမိတော့သည်။

'နှလုံးသား နေရာကစပြီး တွန်းပေးနေတာဘုရား။ ဗြုန်း ကနဲဆိုတော့ ဦးနှောက်နေရာကနေ တွန်းပေးတယ်လို့ ထင်ရ တယ်။ ခုမှပဲ နှလုံးသားနေရာက စပြီး တွန်းပေးနေတဲ့သဘော တွေ့ရတော့တယ် ဘုရား'

မိမိရရ သိရှိသွားဟန်ဖြင့် ဝင့်ကြွားစွာ လျှောက်တင်မိလိုက် သည်။

'အဲ၊ အဲဒါပဲဟုတ်တယ်။နှလုံးသားနေရာက ပထမ၊ ဦးနှောက် နေရာက ဒုတိယပဲ၊ အဲဒီနှစ်ခုဟာ စိတ်ရဲ့ မှီရာသဘောအနေဖြင့်

ဆက်သွယ်နေတယ်။ အခိုက်တော့ နှလုံးသားနေရာက အလုပ် လုပ်ပေးနေတာပဲ။ ဒါကြောင့် လောကခေတ်ဆရာတွေက ဦး နှောက်က သိတယ်။ ဦးနှောက်က တွေးတောကြံစည်တယ်ဆို ပြီး ပြောကြတာ။ အမှန်မှာ နှလုံးသားနေရာကစပြီး အလုပ်လုပ် ပေးတာကို သူတို့ မသိဘူး။ ဦးနှောက်က လုပ်ပေးတယ်လို့ထင် ကြတယ်။ နှလုံးသားကနေတဆင့် သွားတာကို သူတို့ မသိလိုက် ကြလို့ ပြောကြတာပဲ။ ဦးနှောက်မှာသွားပြီး ထင်ရှားနေသလို ဖြစ်နေတာကိုး'

မြင်းခြံဆရာတော် အမိန့်ရှိမှပင် ကျွန်ုပ်လည်း ဦးနှောက် နှင့် ဟဒယနှလုံးသားနေရာ စိတ်၏ဆက်သွယ်နေမှုသဘောကို အသေအချာ သတိပြု သေ့လာမိတော့သည်။ မှန်ပါသည်၊ စိတ်၏မှီရာဖြစ်သော ဟဒယနှလုံးသားကနေ စတင် ပြုလုပ်ပေး ချက်ကို သိနိုင်ခဲ့ကြပေသည်။ ဦးနှောက်နေရာကျမှပင် ထင်ရှား သလိုဖြစ်နေပြီး ဦးနှောက်က သိသည်။ ကြံစည်တွေးတောသည် ဟူ၍ မှတ်ယူမိတတ်ကြတော့သည်။ သဘောအားဖြင့် လက်ကွေး တာ၊ ဆန့်တာ၊ လှုပ်ရှားတာကိုသာ ထင်ရှားတွေ့မြင်ရပြီး အထဲ ကနေ ဝါယောဓာတ် တွန်းမှုသဘောကို မတွေ့ရမှုသဘောနှင့် တူလှပေသည်။

မြင်းခြံဆရာတော်က ကျွန်ုပ်အား သုံးချက်တွန်းပေးပြီး နောက် နှစ်ချက်တွန်း၊ တချက်တွန်း၊ ထိုနောက်ဝင်တွန်းကိုလည်း ပေးသည်။ ဝင်တွန်းရော၊ ထွက်တွန်းရော နှစ်ခုလုံးကိုလည်း ရှု ပွားခိုင်းသည်။ ထိုနည်းတူစွာ ပါးစပ်မှလည်း ပေးသည်။ ပေး ချင်ယာပေး၊ မိနစ်ပိုင်းအတွင်း ခန္ဓာကိုယ်တွင် ဝါယောဓာတ်၏

သဘာဝလက္ခဏာနှင့် သာမညလက္ခဏာကို ကောင်းစွာ ပိုင်ပိုင် တွေ့မြင်နိုင်တော့သည်သာ ဖြစ်သည်။ ထိုနောက်အထက်အံသွား နှင့် အောက်အံသွား ဖိတွန်းတွန်းခိုင်းသည်။ အောက်နှုတ်ခမ်း နှင့် အထက်နှုတ်ခမ်း၊ လက်ဖျား ထိပ်ကလေးချင်း ဖိတွန်း တွန်း ခိုင်းသည်။ တကိုယ်လုံး ဘာမှမကျန်အောင် တမျိုးပြီး တမျိုးတွန်းမှုတွေ ရှုခိုင်းတော့သည်။ အယုတ်ဆုံးအားဖြင့် အပြင် က လေကမိမိခန္ဓာကိုယ်ကို လာတိုးရာမှပင်လျှင် တွန်းမှုသဘော ကို ရှုခိုင်းသည်။ ပေးချင်သလိုပေး။ ကျွန်ုပ်အား အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လွယ်ကူစွာ ထင်မြင်အောင် ရှုပွားနိုင်ပေတော့သည်။

တပတ်ကြာခန့် ထိုသို့ ရှုပွားလိုက်သည်ဟုဆိုလျှင် ဝါယော ဓာတ် လုပ်ကွက်ပေါင်း တရာကျော် ရှုပွားပြီး ဖြစ်လာတော့ သည်။ တကိုယ်လုံး ဘယ်နေရာကနေ တရားရှုရှု အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပိုင်ပိုင် ထင်မြင်လာတော့သည်။ ဝါယောဓာတ်ကို ကျေပြွန်စွာ ရှုပွားနိုင်ပြီဖြစ်၍ မြင်းခြံဆရာတော်က ဣရိယာ ပထပိုင်းကို ပြောင်းရွှေ့ အရှုခိုင်းပြန်သည်။ ထိုဣရိယာ ပထ အပိုင်း၌ ရှုပွားရန် လေးမျိုး ရှိလေသည်။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိပဇာနာတိ။ ဂစ္ဆန္တောဝါ = သွားတဲ့အခါမှာ၊ ဂစ္ဆာမီတိ = သွားတယ်ဟူ၍။ ပဇာ နာတိ = ပညာဖြင့် သိပါ။

ဌိတောဝါ ဌိတောမှီတိပဇာနာတိ။ ဌိတောဝါ = ရပ်တဲ့အခါမှာ၊ ဌိတောမှီတိ ရပ်တယ်ဟူ၍။ ပဇာနာတိ ပညာဖြင့် သိပါ။

နိသိန္နော ဝါ နိသိန္နောမှိတိ ပဇာနာတိ။ နိသိန္နော ဝါ = ထိုင်တဲ့အခါမှာ၊ နိသိန္နော မှိတိ = ထိုင်တယ်ဟူ၍၊ ပဇာနာတိ = ပညာဖြင့် သိပါ။

သယာနော ဝါ သယာနော မှိတိ ပဇာနာသိ။ သယာနော ဝါ = လျောင်းတဲ့အခါမှာ၊ သယာနော မှိတိ = လျောင်းတယ်ဟူ၍၊ ပဇာနာတိ = ပညာဖြင့် သိပါ။

အကျဉ်းအားဖြင့် သွားရပ်၊ ထိုင်၊ လျောင်း၊ အရိယာပုတ် လေးပါးကိုရှုပွားရန်ဖြစ်သည်။ ရှေဦးစွာ သွားမှုဣရိယာပုတ်ကို စတင် ရှုပွားယူရသည်။ ဝါယောဓာတ်ကို ပိုင်နိုင်စွာ ရှုပွားနိုင် တော့သဖြင့် ဣရိယာပုတ်ကိုရှုပွားရာ၌ အခက်အခဲ မတွေ့ရတော့ ပေ။ သွားမှုဣရိယာပုတ်၌ ရှုကွက်သည် ခြေထောက်နေရာဖြစ် သည်။ အရှုခံသည် ခြေထောက်ကြီးလှမ်းနိုင် ကြွနိုင်သွားအောင် အတွင်းပိုင်းကနေ ရွေ့ရွေ့ ပေးနေရသော သဘောလေးဖြစ် သည်။ ရှုစိတ်က ထိုရွေ့ရွေ့ ပေးနေရသောသဘောကို လိုက် လိုက်သိနေရသောသဘောပင် ဖြစ်သည်။ ခြေထောက်ကြီး လှမ်း တယ်၊ ကြွတယ်၊ ချတယ်ဟူသော ပညတ်သဏ္ဍာန်နိမိတ်ကို လုံးဝ အာရုံမပြုရပေ။ ကျွန်ုပ်သည်ခြေထောက်ကို စုံရပ်ထားရင်းမှ ညာခြေကို စတင်လှမ်းလိုက်သည်။ သတိအသိကို စွဲမြဲစွာကပ်ထား သည်။ ရှေ့ဦးစွာ ညာဘက်မှအလေးဝန်သည် ဘယ်ဘက်သို့စုံပြုံ ကျရောက်သွားသည်။ ညာဘက် ခြေသည် ရှေ့သို့ တလှမ်း ချီ တက်နိုင်ရေးအတွက် အသင့်အနေအထား ဖြစ်သွားသည်။ ခြေ တလှမ်းကို သတိအသိကပ်ပြီး တဖြည်းဖြည်း လှမ်းလိုက်သည်။

အထဲက ရွှမှု၊ ရွှေ့မှုပေါင်းမြောက်များစွာ စုပေါင်းမိမှ ခြေတလှမ်း လှမ်းလို့ရသည်ကို သိရှိလာသည်။

ထိုနည်းတူစွာဘယ်ခြေလှမ်းလိုက်လျှင်ဘယ်ခြေမှအလေးဝန်သည် ညာဘက်သို့စုပြုံကျရောက်လာပြီး ခြေတလှမ်းစာ လှမ်းနိုင်ရေးအတွက် အထဲက ရွှမှု ရွှေ့မှုပေါင်းမြောက်များစွာနှင့် အားထုတ်ပေးရသော ဗျာပါရကိစ္စစုတွေ မြောက်များစွာ စုပြုံပေးမှ ခြေတလှမ်းလှမ်းရေးကိစ္စ ပြီးမြောက်သည်ကို ဉာဏ်မှီလာသည်။ ယင်းကဲ့သို့ လေးငါး ဆယ်လှမ်းမျှ လှမ်းမိသောအခါ၌ ခြေထောက်မှစ၍ တရွရွ တရွေ့ရွေ့ ပေါ်လာကာ တကိုယ်လုံး ပြန့်နှံ့ သွားတော့သည်။ ထိုမှတဆင့် ပြိုလာ ပျက်လာသော အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတွေကို တွေ့မြင်လာရတော့သည်။ နောက်ပိုင်းတွင်ခြေလှမ်း လေးငါး ဆယ်လှမ်းအထိ မလှမ်းရတော့ပေ။ တလှမ်းမျှနှင့်ပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ထင်မြင်လာပေတော့သည်။ ထို့နောက် ရပ်ဣရိယာပုတ်ကို ရှုပွားယူရသည်။ ရပ်မှု၌ ရပ်ထားသော ခန္ဓာကိုယ်သည်ပင် ရှုကွက်ဖြစ်သည်။ အရှုခံသည် ထိုရပ်မှုကိုဆက်လက်တည်ရှိနေနိုင်အောင် အထဲကနေ ထိန်းပေးထားမှု၊ ဝါယောဓာတ်သဘောလေးပင် ဖြစ်သည်။ ရှုစိတ်သည် ရပ်နေသမျှ ဆက်လက် ထိမ်းသိမ်းပေးထားသော သဘောတွေကို မလွတ်တမ်း လိုက်သိနေရမှု သဘောပင် ဖြစ်သည်။

ကျွန်ုပ်ခြေစုံ မတ်မတ်ရပ်ထားသည်။ လူကောင်ကြီးရပ်ထားသည် ဟူသော ပညတ်သဏ္ဌာန် နိမိတ်ကြီးကို လုံးဝ အာရုံမပြုပေ။ ယင်းကဲ့သို့ ရပ်တည်နေနိုင်အောင် အတွင်းအဇ္ဈတ္တကနေ

ထိမ်းပေး ထားပေးနေသော ဝါယောဓာတ်ရဲ့ ပရမတ်သဘော တွေကိုသာ အသိကပ်ထားသည်။ ထိုအခါ ရပ်မှုဟူသည် အထဲ က ထိမ်းမှုကြီးယာ မြောက်များစွာတို့က ရပ်ရပ်ကြီး လဲကျမသွား အောင် ထိမ်းပေးထား၊ ပင့်ပေးထားချက်တို့သာ ဖြစ်ပေသည်ဟု ၍ ဉာဏ်မီလာသည်။ ထိုအခါ လူကောင်ကြီး ရပ်မှုအသွင် ထင်မြင်မနေတော့ပဲ အထဲကနေ ထိမ်းပေး၊ ထားပေး၊ တည် ပေး စသော ပရမတ္တကြီးယာစုတွေကိုသာ အထပ်ထပ် တွေ့မြင်လာ တော့သည်။ ယင်းကဲ့သို့ တွေ့မြင်သည်နှင့် မရှေ့မနှောင်း တကိုယ် လုံးတွင် ရင်ဘတ်နေရာကစပြီး တရွရွ တမွမွ ဝါယောဓာတ် သဘောတွေ ပေါ်လာကာ တကိုယ်လုံးပြန့် နှံ့သွားတော့သည်။ ယင်းမှတဆင့် ပျက်ကြ၊ ပြိုကျလာသော အနိစ္စသဘောတွေ တွေ့ မြင်နေရပေတော့သည်။ ပထမတွင် ငါးမိနစ်ခန့်ကြာပြီး ပွား များဖန် များလာသောအခါ၌ တမိနစ်အတွင်းပင် နှစ်ချီသုံးချီမျှ အနိစ္စသဘောတွေကို ပိုင်ပိုင် ရှုပွားလာနိုင်တော့သည်။ ထိုနည်း တူစွာ ထိုင်မှု၊ လျှောင်းမှုကိုလည်း အခက်အခဲမရှိ လွယ်ကူစွာ ရှုပွားယူနိုင်တော့သည်။

ထိုနောက် တကိုယ်လုံး ထိုင်ကနေ အင်္ဂါအစိတ်အပိုင်းလေး တွေ ထိုင်မှုသဘောကို ရှုပွားရသည်။ လက်မ လက်ညှိုးကလေး တွေထောင်ပြီး အထဲကနေ ငြိမ်အောင် ထိန်းထားရမှု သဘော ကို ရှုပွားရသည်။ ဦးခေါင်းငြိမ်အောင် ထိန်းထားရမှုကို ရှုပွား ရသည်။ လက်မောင်း၊ ခြေထောက်၊ ငြိမ်အောင်ထိန်းထားမှုကို ရှုပွားရသည်။ ရပ်မှု၊ ထိုင်မှု၊ လျှောင်းမှုတို့သည် ငြိမ်သောကိစ္စ ဖြစ်၍ အရှုခံမှာ ထိန်း ကြိယာလေးပင်ဖြစ်၍ တခုပိုင်လျှင်

အားလုံးပိုင်တော့သည်။ တကိုယ်လုံး ထိုင်ရှုပွားနိုင်လျှင် အစိတ်ထိုင်၊ လက်ညှိုးလက်မထိုင်မှုစ၍ ဘာမှ ခဲယဉ်းခြင်း မရှိတော့ပါပေ။ တမိနစ်အတောအတွင်းမှာပင် အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို လုပ်ကွက်နှစ်မျိုးသုံးမျိုး ပြောင်းရွှေ့ရှုပွားယူနိုင်တော့သည်။ ယင်းကဲ့သို့ ဖြစ်လေတိုင်း ကျွန်ုပ်မှာ အတိုင်းမသိအောင် ကျေနပ်နှစ်သိမ့် ဝမ်းမြောက်မှု ဖြစ်ရပါတော့သည်။ ဗုဒ္ဓ၏ ဂုဏ်ကျေးဇူး၊ တရား၏ဂုဏ်ကျေးဇူး၊ သံဃာ၏ဂုဏ်ကျေးဇူး၊ သံလျင်တောရ ဆရာတော်ဂုဏ်ကျေးဇူးတို့ကို ပို၍ပို၍ သိမြင်လာတော့ပေသည်။ ယင်းမှာ ဝါယောဓာတ်ကို ပိုင်နိုင်စွာ ရှုပွားနိုင်မှု၏အကျိုးရလာဒ်ပင် မဟုတ်ပါလော။ ဤလမ်းကို စတင် ဖေါက်ထွင်းလေသူ သံလျင်တောရ ဆရာတော်၏ ဂုဏ်ကျေးဇူးသည်ကား နောက် ပုဂ္ဂိုလ် လူအများတို့အား အထူးပင် ဇူးကြီးမားလေစွ။

ဣရိယာပထ လေးပါးလုံးကို အနုစိတ် အသေးစိတ်မကျန် အပြန်ပြန်အထပ်ထပ် ရှုပွားလတ် ပြီးသည့်နောက်၊ သမ္ပဇဉ်ပိုင်းကို ရှုပွားရပြန်သည်။ ထိုသမ္ပဇဉ်၌ ရှုပွားရန်လုပ်ကွက် ၂၂မျိုး ရှိ၏လသည်။ ရှေ့တိုးမှု၊ နောက်ဆုတ်မှု၊ မျက်လုံးကို တည့်တည့်ထားကြည့်မှု၊ မျက်လုံးကိုစောင်းစွေ့ကြည့်မှု၊ လက်ခြေတို့ကိုကွေးမှုဆန့်မှု၊ ဒုကုဋ်၊ သပိတ်၊ သင်္ကန်းတို့ကိုယူမှု၊ ဝတ်ရုံမှု၊ သုံးဆောင်မှုစားမှု၊ သောက်မှု၊ ခဲမှု၊ လျက်မှု၊ ကျင်ကြီးစွန့်မှု၊ ကျင်ငယ်စွန့်မှု၊ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှု၊ နိုးမှု၊ စကားပြောမှု၊ ဆိတ်ဆိတ်နေမှုတို့ပင်ဖြစ်ပေသည်။ ယင်း၂၂မျိုးတို့မှာလည်း ဣရိယာပထနှင့် ဝါယောဓာတ်ကို ပိုင်နိုင်စွာ ရှုပွားလာပြီးဖြစ်၍ အနိစ္စ၊ ဒုက္ခ၊

အနတ္တထင်အောင် လွယ်ကူစွာပင် ရှုပွားလာနိုင် တော့သည်။ ဣရိယာပထနှင့် သမ္ပဇဉ်တို့သည် ဝါယောဓာတ်၏ အကျိုးဆက်ဗျာပါရ ကိစ္စစုံတွေသာ မဟုတ်ပါလော့။ ဝါယောဓာတ်သဘောကို တကိုယ်လုံး လိုသလို သုံးဆိုသကဲ့သို့ တကိုယ်လုံး ပိုင်နိုင်စွာ ရှုပွားနိုင်ပြီမို့ အဘယ်မှာ လွယ်ကူစွာ မရှုပွားနိုင်ပဲ ရှိချေတော့မည်နည်း။

ထိုနောက် အစဉ်အတိုင်း တေဇောဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်တို့ကို ရှုပွားယူရတော့သည်။ တလကျော်ခန့် ရှုပွားလာသောအခါ၌ ဓာတ်ကြီးလေးပါးကို ခန္ဓာကိုယ် တကိုယ်လုံးတွင် ဘယ်နေရာ ဘယ်ဓာတ်ကိုရှုရှု စက္ကန့်ပိုင်းအတွင်း အနိစ္စဉာဏ် ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ထင်မြင်တော့သည်။ ခန္ဓာကိုယ် တဖွဲဖွဲ တသဲသဲ ပျက်နေသော ပရမတ်သဘောကို ကောင်းစွာတွေ့မြင်ရတော့သည်။ တေဇောဓာတ်၏ အပူသဘောကိုလည်း လုပ်ကွက်ပေါင်း မြောက်များစွာ ရှုပွားရသည်။ ရှုပွားသည်ဟု ဆိုလျှင် တကိုယ်လုံး ပူမှုသဘောတွေ ပျံ့နှံ့ဖြစ်ပေါ်လာပြီး၊ ပြိုပျက်ကုန်တော့သည်၊ တေဇောဓာတ်၏ အေးမှုသဘောကိုလည်း လုပ်ကွက်ပေါင်း မြောက်များစွာရှုပွားယူရသည်။ ဘယ်လုပ်ကွက်နှင့် ဘယ်နေရာကရှုရှု ရှုသည်ဟုဆိုလျှင် ရှုပွားယူသည့်နေရာမှစ၍ အေးမှုသဘောတွေ တကိုယ်လုံးပြန့်လာကာ၊ ပြိုကျ၊ ပျက်ကျလာတော့သည်။ ထိုအတူ ပထဝီဓာတ်၏ မာမှုသဘော၊ လေးမှုသဘော၊ ကြမ်းနှင့် သဘောတွေကို တခုစီ လုပ်ကွက်ပေါင်း မြောက်များစွာ တကိုယ်လုံး ရှုပွားလို့ မရသော နေရာမရှိအောင် ရှုပွားရတော့သည်။ ရှုပွားသည်ဟုဆိုလျှင် စက္ကန့်ပိုင်း၊ မိနစ်ပိုင်း

အတွင်းရှုပွားယူသော သဘာဝလက္ခဏာ သဲသဲကွဲကွဲ ထင်လာပြီး ထိုနောက် သာမညလက္ခဏာသို့ ကူးပြောင်းသွားမြဲဖြစ်တော့သည်။

ပထဝီဓာတ်၏လေးမှုသဘောကိုရှုပွားလျှင် ရှုပွားယူလိုက်သည့်နေရာကစ၍ လေးမှုသဘောတို့သည် တကိုယ်လုံး ပြန့်လာသည်။ တကိုယ်လုံး ဝန်ထုပ်ပိနေသည့်ပမာ လေးလံနေသည်။ ထိုလေးမှုသဘောတို့သည်လည်း သင်္ခါရသဘောအရ ပြိုကျ ပျက်ကျလာသည်။ပထဝီဓာတ်မာမှုသဘောကိုရှုပွားလျှင်ရှုပွားသည့်နေရာကစ၍ တကိုယ်လုံးပြန့်လာသည်။ အသားတွေကို စုရုံးလိုက်သည့်ပမာ တင်းကြပ်လာသည်။ ထိုမာမှုသဘောတို့သည်လည်းသင်္ခါရသဘောအရ ပြိုကျ၊ ပျက်ကျသွားတော့သည်။ ပထဝီဓာတ်၏ကြမ်းမှုသဘောကို ရှုပွားလျှင်လည်း ရှုပွားသည့် နေရာကစပြီး ကြမ်းမှုသဘောသည် တကိုယ်လုံးပြန့်လာသည်။ ကျားလျှာများကဲ့သို့ တကိုယ်လုံး ကြမ်းထော်ထော် ဖြစ်နေသည်။ ထို ကြမ်းမှုသဘောသည်လည်း သင်္ခါရသဘောအရ ပြိုကျ၊ ပျက်ကျကုန်တော့သည်။ လပိုင်းမျှနှင့် အနိစ္စ ဒုက္ခ အနတ္တကို ထိုးလို့မွှေရလိုနှောက် ရှုပွားနိုင်သည်မှာ အလွန်အံ့ဩဘွယ်ရာ ကောင်းလှတော့သည်။ ယင်းမှာ ကျွန်ုပ်တပါးတည်း မဟုတ်ပေ။ ရှုပွားသူ ယောဂီ ဆယ်ယောက်ဆိုလျှင် အနည်းဆုံး ခုနှစ်ယောက်သည် ထိုကဲ့သို့ ရှုပွားနိုင်သည်သာဖြင်သည်။ ရက်တိုတာနှင့် ရှည်တာတော့ ကွာပေအုံးမည်ပေါ့။

ကာယာနုပဿနာရှုပ်ကမ္မဋ္ဌာန်း၏ နောက်ဆုံးပိုက်နှုတ်ဆက်ပွဲအနေဖြင့် အာပေါဓာတ်ကမ္မဋ္ဌာန်းကို ရှုပွားယူရသည်။ အာ

ပေါခါတ်သည် နူးညံ့သိမ်မွေ့ အသိခက်သော ဓာတ်တပါး ဖြစ်သည်။ အဖောဋ္ဌဗ္ဗရုပ် = တွေ့ထိ၍ မသိနိုင်သော ရုပ်ဖြစ်သည်၊ ကျန်သော ပထဝီ၊ ဝါယော တေဇောဓာတ်သုံးပါးမှာ တွေ့ထိ၍ သိနိုင်သော ဖောဋ္ဌဗ္ဗရုပ်ဖြစ်သည်။ ရုပ်ပိုင်းသင်္ဂဟအဋ္ဌကထာကလည်း—

'အာပေါဓာတု ဝဇ္ဇိတ္ဝာ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ရူပံနာမ'

အာပေါဓာတ်ကြဉ်သော ပထဝီ၊ တေဇော၊ ဝါယောဓာတ်သုံးပါးသည် တွေ့ထိ၍ သိကောင်းသော ဖောဋ္ဌဗ္ဗရုပ်ဟူ၍ ဆိုထားသည်။ မှန်ပါသည်။ ၎င်းဓာတ်သုံးပါးသည် တွေ့ထိခိုက် သိရှိရသည်။ မတွေ့ထိခိုက် မသိရှိရပေ။ ပုံစံအားဖြင့် ပထဝီ၏ မာမှုသဘော သိလိုသော် အထက်သွားနှင့်အောက်သွား၊ သွားနှစ်ခု ထိခိုက်မာမှုသဘောတွေ့နိုင်သည်။

မထိလျှင် မသိရသောပေ။ ထိုအတူ ကျန်သောဓာတ်တို့လည်း တွေ့ထိခိုက်သာ သိနိုင်သည်။ မတွေ့ထိခိုက် မသိနိုင်ပေ။ အာပေါဓာတ်မှာမူကား အဖောဋ္ဌဗ္ဗရုပ်တွေ့ထိ၍ မသိနိုင်သော နူးညံ့သိမ်မွေ့သောရုပ် ဖြစ်သည်။ ယင်းအာပေါဓာတ်ကို ရှုလိုသော် ကျန်သော ဓာတ်သုံးပါးနှင့်ကပ်၍ ရှုရသည်။ ကျန်သော ဓာတ်သုံးပါးကို ပိုင်နိုင်စွာ ရှုနိုင်သူအဖို့ အာပေါဓာတ်ကိုအခက်အခဲမရှိ ရှုပွားယူနိုင်တော့သည်၊ အာပေါဓာတ်၏ဓာတ်သဘောလက္ခဏာကား အာဗန္ဓနလက္ခဏာ ဖွဲ့စည်းမှုသဘော၊ ပဂ္ဃရဏလက္ခဏာ၊ ယိုစီးမှုသဘော၊ ထိုသည့် သဘာဝလက္ခဏာကို ရှုပွားယူရမည်ဖြစ်သည်။ ရှေးဦးစွာ ဝါယောဓာတ်၏ တွန်းမှု

သဘောကို လုပ်ကွက်တခုကနေ စတင် ရှုပွားယူရသည်။ တွန်းမှု သဘော ဖြစ်ပေါ်လာသည်။

ထိုအခါ တွန်းမှုသဘော ထင်ရှားလာ၊ ကြီးထွားလာ၊ ပြန့်ကျယ်လာသည်။ ယင်းမှာအာပေါဓာတ်၏အာဗန္ဓနလက္ခဏာ ဖွဲ့စည်းမှုသဘောက ဝါယောဓာတ်၏ တွန်းမှုသဘော ရုပ်ကလပ် ပေါင်း များစွာကို ပေါင်းစု ဖွဲ့စည်းပေးသည့်အတွက် ထင်ရှား စွာ တွေ့မြင်ရခြင်း ဖြစ်တော့သည်။ ဝါယောဓာတ်၏ အာဗန္ဓန လက္ခဏာဟူသည် ဤကဲ့သို့သဘော ရှိလေပါသလားဟူ၍ ပိုင် နိုင်စွာ သဘောပေါက်လာရတော့သည်။ ထိုနောက် ထိုသဘော တို့သည် တွန်းမှုသဘောတို့ ဖွဲ့စည်းမှုဖြစ်ပေါ်လာသော ထုထယ် ဃနေ ပြန့်ကျယ် ပြန့်ကျ ယ်လိုက်လာသည်။ ယင်းမှာ ပတ္ထရဏ လက္ခဏာအရ ယိုစီးမှုသဘောပင် ဖြစ်ချေသည်။ တခါတရံယင်း ယိုစီးမှုက အားကောင်းနေတတ်ပြီး တခါတရံ ဖွဲ့စည်းပေးမှု သဘောက အားကောင်းနေသည်ကို တွေ့သိရသည်။ ထိုနောက် ယင်းသဘောတို့သည်လည်း သဗ္ဗေသင်္ခါရာအရ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သွားပေတော့သည်။ ကျန်သော ဓာတ်သုံးပါးတို့မှာ လည်း ထိုအတူပင် ဖြစ်ချေတော့သည်။

ဓာတ်သုံးပါးတွင်ပါသော ဝါယောဓာတ်၏ တွန်းမှုသဘော၊ တေဇောဓာတ်၏ ပူမှုသဘော၊ အေးမှုသဘော၊ ပထဝီဓာတ်၏ မာမှုသဘော၊ လေးမှုသဘော၊ ကြမ်းမှုသဘောဟူ၍ အရှုခံ အာရုံခြောက်ခု ရှိသည်။ ထိုခြောက်ခုကို တခုစီအနေဖြင့် အာပေါဓာတ်၏ ဖွဲ့စည်းမှုသဘော၊ ယိုစီးမှုသဘောကို ရှုပွားပြီး နောက် ဓာတ်နှစ်ပါးတွဲ ရှုပွားလာရပြန်သည်။ လက်ကနေ ဝါ

ယောဓာတ်၏ တွန်းမှုသဘောကို ရှုပွားလျှင် ခြေထောက်က တေဇောဓာတ်၏ ပူမှုသဘောကို ရှုပွားယူသည်။ ထိုအခါ အာဗန္ဓနလက္ခဏာအရ တွန်းမှုသဘောနှင့် ပူမှုတို့သည် ထင်ရှား ဖြစ်ပေါ်လာသည်။ ထိုအခါ ခန္ဓာကိုယ်တွင်း၌ ဝါယောဓာတ် တွန်းမှုသဘောကသူ့လိုင်းနှင့်သူ ပြန်နေသည်။ တေဇောဓာတ် ပူမှုသဘောက သူ့လိုင်းနှင့်သူ သွားနေသည်။ ဓာတ်တပါးနှင့် တပါး မရောယှက်ဘဲ သွားနေသည်ကို အံ့သြစွာ တွေ့သိရတော့သည်။ ယင်းမှာလည်း သင်္ခါရသဘောအရ ပြိုကျ ပျက်ကျသည်သာ ဖြစ်သည်။ ထိုနောက် အပူနှင့်အအေး၊ အလေးနှင့်အမာ၊ အကြမ်းနှင့် တွန်းမှု စသည်ဖြင့် ၂ပါးတွဲ ၂တွဲတွဲ၍ ရှုပွားရသည်။

ထိုနည်းတူစွာ ခန္ဓာကိုယ်၌ သူ့ဓာတ်နှင့်သူ သဲကွဲစွာ ဖြစ်ပေါ်နေသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့မြင်ရ ပေတော့သည်။ ၎င်းဓာတ်နှစ်ပါးတွဲကို ပိုင်နိုင်စွာ ရှုပွားနိုင်သောအခါ၌ ဓာတ်သုံးပါးတွဲရပြန်သည်။ နှာခေါင်းမှ တွန်းမှုသဘော၊ ပါးစပ်က ပူမှုသဘော ခြေဖဝါးက ကြမ်းမှုသဘော စသည်ဖြင့် တွဲရှုရသည်။ ယင်း၌လည်း အာပေါဓာတ်၏ ဖွဲ့စည်းမှု သဘောအရ ထင်ရှားဖြစ်လာပြီး၊ ခန္ဓာကိုယ်ထဲ၌ တပါးနှင့် တပါး မရောယှက်ပဲ သွားနေသည်ကို သဲကွဲစွာ တွေ့မြင် လာရတော့သည်။ ထိုနောက် ဓာတ်သုံးပါးကို ပိုင်ပိုင်တွဲ၍ ရှုလာနိုင်သော် ဓာတ်လေးပါး၊ ၎င်းကို ပိုင်ပိုင်ရှုနိုင်သော ဓာတ်ငါးပါး၊ ၎င်းကို

ပိုင်ပိုင်ရှုနိုင်သော ခါတ်ခြောက်ပါး တွဲရှုရတော့သည်။ လက်က တွန်းမှုသဘော၊ နှာခေါင်းက ပူမှုသဘော၊ ပါးစပ်က အေးမှု သဘော၊ ဦးခေါင်းက ကြွမ်းမှုသဘော၊ ခြေထောက်က မာမှု သဘော ဇက်လေးမှုသဘော တပြိုင်နက်ရှုပွားရသည်။ ရှုပွား၍ မိနစ်ပိုင်း အတွင်းတွင်ပင် အာပေါခါတ်၏ ဖွဲ့စည်းပေးမှု အရ ခါတ်ခြောက်ပါးလုံး ထင်ရှားစွာဖြစ်ပေါ်လာသည်ကို တွေ့သိရ သည်။ ၎င်းခါတ်ခြောက်ပါးလုံးပင် ခန္ဓာကိုယ်ထဲ၌မရောယှက်ပဲ သူ့လိုင်းနှင့်သူ ကျယ်ပြန့်သွားနေသည်ကို မယုံကြည်နိုင်လောက် အောင် တွေ့မြင်ရတော့သည်။ တယ်လဲ ထူးခြား ဆန်းကြယ်လှ ပါကလားဟူ၍ အောက်မေ့ မိတော့သည်။ အကြိမ်များစွာ ပြုလာသောအခါ၌ နှာခေါင်း တပေါက်တည်းကလည်း ခါတ် ခြောက်ပါးလုံးကို အံ့ဩစွာ ရှုပွား၍ ရနေပေ တော့သည်။ လက်သန်းဖျားလေးကလည်း ခါတ်ခြောက်ပါးလုံးကို အံ့ဩစွာ ရှုပွား၍နေရပေတော့သည်။ အနိစ္စ ဒုက္ခအနတ္တတို့ကား ခန္ဓာကိုယ် တကိုယ်လုံး တဖွဲဖွဲတသဲသဲ ပျက်ပြိုကျနေမှုကို လွယ်ကူစွာ ရှုပွား လာနိုင်သည်မှာ အထူး ပြောဖွယ် မလိုတော့ပေ။ အာသေဝိတာ ဗဟုလီကတာ၊ ပွားများတယ်။ အထပ်ထပ် ပွားများတယ်။ ကြိမ်ဖန်များစွာ ပွားများတယ်။ ထိုသို့ပွားများလျှင် ဝိပဿနာ ဉာဏ် အဟုန်သည် အားကောင်းလာတယ်။ လျင်မြန်လာတယ် ဟူ၍ကျမ်းဂန်များဆိုထားချက်အရ၊ အနိစ္စ ဒုက္ခ အနတ္တထင်မှုတို့ အားကောင်းသာ၊ လျင်မြန်လာသည်မှာလည်း မဆန်းတော့ပါ

ပေ။ ဆန်းသည်မှာကား ဤမျှ တဖွဲ့ဖွဲ့ တသဲ့သဲ့ ပျက်ပြိုနေသော ခန္ဓာကိုယ်ကြီးနှင့် သံသရာတခွင်တွင် အတိုင်းအဆမရှိ ကျင်လည်သွားရမည်ကိုသာ ပြောမယုံကြုံဘူးမှသိ အမှန်တကယ်ပင် ကြောက်ရွံ့မိတော့သည်။

[ ၉ ]

# သံလျှင်တောရ ဆရာတော်သည် ပဋ္ဌလက် နည်းအတတ်ဖြင့် တရားပြသသည် ဟူ၍

၂ လခန့် ရှုပွားလာသည့် အခါ၌ ကာယာနုပဿနာရုပ်ကမ္မဋ္ဌာန်းပိုင်း ပြီးဆုံးသွားတော့သည်။ ခေတ်ကြီးလေးပါးကို၊ ထုံးလိုခမ္မ ရေလိုနှောက် ကျေပြွန်စွာ ရှုပွားယူနိုင်တော့သည်။ သတိအား၊ သမာဓိအား၊ ပညာအား မဇ္ဈိမပဋိပဒါအားတို့သည် အရှိန်အဟုန် တောက်ပြောင် အားကောင်းလာသည်။ ရတနာသုံးပါးအပေါ် ယုံကြည်မှု ပိုမိုခိုင်မြဲ အားကောင်း လာသည်။ အလှူအတန်း၊ လှူလိုမှု၊ သီလဆောက်တည်မှု၊ ဝိနည်းတော်ကို ရိုသေလေးစားလာမှုတို့ ရှေ့ကထက် လွန်စွာ အားကောင်း ထက်သန်လာသည်။ အဖက်ဖက်က ကိုယ်ကျင့်တရား ကောင်းမွန်မှု ကာယကံယဉ်ကျေးမှု၊ ဝစီကံယဉ်ကျေးမှု၊ မနောကံယဉ်ကျေးမှုတို့ကို ပိုမိုအလေးဂရု ပြုလာသည်။ ရှေ့က ကြားဘူးသည်မှာ

ဝိပဿနာ တရားထိုင်လျှင် အလှူဒါနပြုစရာမလိုဘူး၊ အလှူဒါန လုပ်လျှင် သံသရာရှည်တယ်၊ စသည်ဖြင့် လှူရေး၊တန်းရေး၊ဒါန ရေးကို ပစ်ပယ်ပြောစကား ကြားရဘူးသည်။ ယခုကျွန်ုပ် စိတ် ဆန္ဒ၌ ဖြစ်ပေါ်လာသော သဘောနှင့် နှိုင်းစာရဖါမူ ထိုကြားရ ချက် အလွန်ကွာလှမ်းနေကြောင်း သတိပြုမိသည်။ တပါးသူတို့ အား ပူဇော်ခြင်း၊ ပေးလှူခြင်း၊ စွန့်ကြဲခြင်းသည် သူတော် ကောင်းတို့၏ အလုပ်ပင်မဟုတ်ပါလော။ တရားဓမ္မကျင့်သုံးလာ သူတို့အဖို့ ထိုအလုပ်တွေကို ပို၍ လုပ်နိုင်လာရဖွယ်ရာသာ ရှိပေ သည်။ နောက်ဆုတ်သွားစရာ အကြောင်းအနည်းငယ်မျှမရှိပေ။ ပုံစံအားဖြင့် လူတယောက်သည် သောတာပန် ဖြစ်သွားသော အခါ၌ သူ၏ လှူဒါန်းလိုမှု၊ သဒ္ဓါ စေတနာတို့သည်။ ပုထုဇဉ် ဘဝကထက် ပို၍ စေတနာသဒ္ဓါ ထက်သန်အားကောင်းလာရိုး သဘာဝရှိသည်။ ပုထုဇဉ်ဘဝက စေတနာ သဒ္ဓါတို့ သည် သာမန်မျှသာ ဖြစ်သည်။ သောတာပန် အဆင့်သို့ ရောက်လာ သောအခါ၌ ထိုသာမန်စေတနာသဒ္ဓါသည် ဗိုလ်ကူခြွေအဆင့်သို့ ရောက်လာခဲ့သည်။ အရှိန်အဟုန် အားကောင်းလာသည်။ ထို နည်းတူစွာပင် ဗုဒ္ဓဝါဒဖြစ်သော ဝိပဿနာ တရားဓမ္မကို မိမိ ပိုင်ပိုင် ကျင့်သုံး လာနိုင်သော အခါတွင်လည်း ရှေ့ကထက် ပို၍ စေတနာသဒ္ဓါထက်သန်လာရမည်သာ မဟုတ်ပါလော။အဘယ် ကြောင့် တရားဓမ္မကျင့်သုံးခါမှ နောက်ဆုတ်သော သဘောရှိ ရချေအံ့နည်း၊ ကျွန်ုပ်ထိုသို့ပင် သဘောပေါက်မိပေတော့သည်။

ကျွန်ုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသာ အဆက်မပြတ် တရားအားထုတ်လာမှု၏ အရှိန်အဟုန် အားကောင်းမှုကြောင့်

ထင်သည်။ စက္ကန့်ပိုင်းအတွင်း၌ပင် ခန္ဓာကိုယ်၌ တဖွဲဖွဲ တသဲသဲ ဖြစ်လျက်ရှိသောသဘောကို ကောင်းစွာ ရှုပွားနိုင်တော့သည်။ ခန္ဓာကိုယ်၌ တို့ချင်တဲ့နေရာကိုတို့လိုက်၊ ထိချင်တဲ့ နေရာကိုထိလိုက်၊ တချက်တို့၊ တချက်ထိလျှင် ထိုသို့ တို့ထိသော နေရာက တွန်းမှုသဘောအာရုံကပ်လျှင် တွန်းမှုသဘော ပေါ်လာသည်။ ပူမှုသဘောအာရုံကပ်လျှင် ပူမှုသဘောပေါ်လာသည်။ အေးမှုသဘောအာရုံကပ်လျှင် အေးမှုသဘောပေါ်လာသည်။ ဓာတ်ကြီးလေးပါးတွင် အာရုံတခုခု ကပ်ချင်ရာကပ်ကပ်ပေါ်တော့သည်။ ပေါ်ပြီးသည်နှင့် ပျက်ပြိုကျတော့သည်။ လက်နှင့်သော်၎င်း တစုံတခုသော်၎င်း၊ တို့မှုထိမှု ထိုကဲ့သို့ ပေါ်လာလေသည်မဟုတ်၊ စိတ်နှင့် တို့ထိလိုက်လျှင်လည်း ပေါ်သည်သာဖြစ်သည်။ နှာခေါင်းဖျား တို့ထိလျှင် နှာခေါင်းဖျားက ပေါ်လာသည်။ နားရွက်ဖျားတို့ထိလျှင် နားရွက်ဖျားက ပေါ်လာသည်။ ပြီးလျှင် တကိုယ်လုံး လျင်မြန်စွာ ပြန့်ပြီး၊ လျင်မြန်စွာ ပျက်ပြိုတော့သည်။ မည်မျှ အံ့သြထူးဆန်းဘွယ် ကောင်းသနည်း။ အမှန်ပင် ပဋ္ဌာလက်နည်း၊ ဟူ၍ ယုံမှားလောက်ဘွယ် ကောင်းနေတော့သည်။ ကောင်းရုံတင်မဟုတ် ယိုအတိုင်းလည်း မကြာခဏ အပြောခံရသည်ကို ကြားရဘူးပေသည်။ သို့လျှင်တောရဆရာတော်သည် ပဋ္ဌာလက်နည်းတော့နှင့် ပြသနေ၍ သူ့တရားနည်းလမ်းကို ထိုင်မိသူလည်း အစွဲကြီး စွဲလမ်းသွားသည်။ ထိုအကြောင်းကို သူပြော၊ ငါပြော ခဏခဏ ပြောသံကြားရသည်။ သို့သော် ထိုစကားကို ကျွန်ုပ်အလေးအနက် သဘောမထားခဲ့ပေ။ သာမညလောက်သာ မှတ်ထင်ခဲ့သည်။ တနေ့သော

အခါ၌ ကျွန်ုပ်ကိုယ်တိုင် အပြောခံလာရသောအခါမှသာလျှင် အလေးအနက် သဘောထား လာမိတော့လည်း၊

ကျွန်ုပ် သတိပဋ္ဌာန် လေးပါးလုံးအထိ ရှုပွားပြီးသည့်အခါ၌ ရန်ကုန်ဖက်ကမ်းသို့ မကြာခဏ ဆိုသလို ရောက်သွားမိသည်။ တခါသော် ကမ္မဋ္ဌာန်းပြ ပုဂ္ဂိုလ် တပါးနှင့် စကား စပ်မိကြ၍ ဝိပဿနာ တရားဓမ္မနှင့် ပတ်သက်၍ ဆွေးနွေးမိကြတော့သည်။ ဝိပဿနာ တရားဓမ္မကို အခြေအမြစ်နှင့်အကျိုးနှင့်အကြောင်းနှင့် စာနှင့်ပေနှင့် ပြောဆိုလာကြသော အခါ၌ ထို ပုဂ္ဂိုလ်သည် ကျွန်ုပ်အပေါ်၌ အမျက်မာန် ရှတော့သည်။ ဒေါသူပုန် ထတော့သည်။ ရှူးရှူးရှဲရှဲ ဖြစ်လာတော့သည်။ ယင်းနှင့်အတူ သူက ကျွန်ုပ်အား ပြောလိုက်ပုံက

'ဟင်း၊ ကိုယ်တော်တို့ ဆရာတော် အကြောင်း မသိဘူး အောင့်မေ့လို့လား။ အနောက်တိုင်းမှာ နှစ်ပေါင်းများစွာသွား နေတယ်။ မြန်မာပြည် ပြန်ရောက်တော့ အနောက်တိုင်းက လောကီပညာတွေ ယူလာခဲ့တယ်။ ပဋ္ဌသက်နည်းတွေ ယူလာခဲ့ တယ်။ ဒီကျတော့ရောက်လာသမျှ လူတွေကို အဲဒီပဋ္ဌလက်နည်းနဲ့ လှည့်စားတော့တာပဲ။ အလှည့်စား ခံရတဲ့ လူတွေဟာ သူ့နည်း ကိုအစွဲကြီးစွဲသွားတာ။ ကိုယ်တော် ဘာမှတ်လို့လဲ။ကိုယ်တော်လဲ ပဋ္ဌလက်နည်းနဲ့ အလှည့်စားခံရတဲ့ လူတယောက်ပဲ။

ရိုက်တော့မလား၊ ပုတ်တော့မလား၊ အောင့် မေ့ရသည်၊ မျက်လုံးတခုလုံး နီရဲနေပြီး ဒေါနှင့်မောနှင့် ကြုံးအော် ပြော နေပါတော့သည်။ကြာလျှင်ဝိပဿနာတရားသမား အချင်းချင်း ထ သတ်ရတော့မည့် ကိန်းမျိုးလို ဖြစ်နေသည်။ ထိုသို့ဖြစ်လျှင်

ကျော်မကောင်း ကြားမကောင်း ဖြစ်ချေတော့မည် ဟူ၍ သဘောပေါက်ကာ ထို ပုဂ္ဂိုလ် အနားမှ အောင်မြင်စွာပင် ဆုတ်ခွာလာခဲ့ရပေတော့သည်။

ဘုရားရှင် လက်ထက်ကလည်း ဤကဲ့သို့သဘောမျိုး။ မြောက်များစွာ ဖြစ်ပေါ်ခဲ့သည်။ ဘုရားရှင်၏ တပည့် သာဝကတို့သည် ရှင်ဂေါတမသည် အာဝဋ္ဋနီမာယာကို တတ်သူဖြစ်သည်။ ထိုမာယာအတတ်ဖြင့် ထိုပုဂ္ဂိုလ်ပေါင်းမြောက်များစွာကိုလှည့်ပတ်သိမ်းသွင်းနေသည် ဟူ၍ ဘုရားရှင် ဝါဒကို မနှစ်သက်ကြကုန်သော ဂိုဏ်းဆရာတို့က စွပ်စွဲပြောဆိုမှုကို မြောက်များစွာ ခံခဲ့ကြရသည်။ ထိုအထဲတွင် 'ဥပါလိ' ဒါယကာတဦးလည်းအပါအဝင်ဖြစ်ပေသည်။

အစဉ် ဥပါလိ သူကြွယ်သည် ကချေသည်၏ သားဖြစ်သော နိဂဏ္ဌ၏ တပည့်ရင်း ဒကာရင်း ဖြစ်ခဲ့သည်။ တနေ့သောအခါ သူ့ဆရာနိဂဏ္ဌ၏ ခွင့်ပြုချက်အရဘုရားရှင်နှင့် ဝါဒပြိုင်ရန်ဘုရားရှင်ထံသို့ လာခဲ့သည်။ ထိုကဲ့သို့ မသွားခင် နိဂဏ္ဌ၏ တပည့် လက်ရုံးကြီးဖြစ်သူ ဒီဃတပဿီက သူ့ဆရာနိဂဏ္ဌအား 'ဥပါလိသူကြွယ်ကို ရှင်ဂေါတမနဲ့ ဝါဒ ပြိုင်မခိုင်းပါနဲ့' ရှင်ဂေါတမဟာ ဝဋ္ဋနီမာယာအတတ်ကိုတတ်ကျွမ်းသူ ဖြစ်တယ်။ အဲဒီမာယာအတတ်နဲ့ ဥပါလိသူကြွယ်ကို သူ့ ဖက်ပါသွားအောင် လှည့်စား ဆွဲဆောင်ယူသွားပါလိမ့်မည်။ ဥပါလိသူကြွယ်ကို ရှင်ဂေါတမနဲ့ ဝါဒ ပြိုင်မခိုင်းနဲ့'

သုံးကြိမ်သုံးခါ တားမြစ် ပြောဆိုသည်။ ထိုအခါ နိဂဏ္ဌက ဒီဃတပဿီအား သုံးကြိမ်သုံးခါပင် ဤသို့ပြန်ပြောလိုက်သည်။

'ဒီ ဝါဒပြိုင်ပွဲမှာ ဥပါလိသူကြွယ်သာ နိုင်ရမယ်။ ဂေါတမ ဘယ်နည်းနဲ့မှ မနိုင်နိုင်ဘူး၊ ဥပါလိဟာ ဘယ်နည်းနဲ့မှ ဂေါတမ တပည့် ဖြစ်မသွားနိုင်ဘူး။ ဖြစ်မဲ့ဖြစ်ရင် ဂေါတမသာ ဥပါလိ တပည့် ဖြစ်သွားနိုင်တယ်။ ငါယုံကြည်တယ်'

ယင်းနည်းဖြင့် ဥပါလိသည် ဘုရားရှင်ထံသို့ ဝါဒပြိုင်ရန် ရောက်ရှိလာခဲ့တော့သည်။ ဘုရားရှင်ကအကျိုးနှင့်အကြောင်းနှင့် ကောင်းစွာ ဖြေရှင်းပြသော အခါ၌ ဥပါလိ သူကြွယ်သည် ဘုရားရှင်အား အလွန်ကြည်ညိုသွားပြီး နောက်ဆုံးတွင်ဘုရားရှင် ၏ တရား ဟောကြားမှုအရ၊ တထိုင်တည်းနှင့်ပင် သောတာပန် အရိယာဖြစ်ရှိ သွားတော့သည်။ ထိုအချိန်မှစ၍ နိဂဏ္ဌတို့အတွက် ဥပါလိသည် သူ့ အိမ်တံခါးကို ပိတ်သားတော့ပြီး ဘုရားရှင်တို့ အတွက် သူ့ အိမ်တံခါးကို အမြဲတန်း ဖွင့်လှစ်ထားတော့သည်။ ထို အကြောင်းကို နိဂဏ္ဌ သိလေသော အခါ၌ ဥပါလိ သူကြွယ် အား မာန်မဲ ကြိမ်းမောင်းလေတော့သည်။

'သူကြွယ်၊ သင်ဟာ လူရူးလူမိုက် တယောက်ပဲ။ ဂေါတမနဲ့ ဝါဒအနိုင် ပြိုင်မယ်လို့သွားတဲ့ သင်ဟာ ခုမရှုမလှ ရှုံးပြန်လာခဲ့ တယ်။ သူတပါး ဝှေးစေ့ကို ထုတ်ဆောင်နိုင်စွမ်းရှိတဲ့ယောကျ်ား တယောက်ဟာ တယောက်သူ့ရဲ့ ဝှေးစေ့ကို ထုတ်ဆောင်မယ်လို့ သွားပြီးပြန်လာတဲ့အခါကိုယ့်ဝှေးစေ့ကိုသာ ထုတ်ဆောင်ခံလာရ သကဲ့သို့ သင်ဟာ ဂေါတမရဲ့ အာဝဋ္ဋနီမာယာဖြင့် လှည့်စားခံခဲ့ လာရပြီ ဥပါလိ'

ယင်းသို့နိဂဏ္ဌက ပြောလေသျှင် ဥပါလိက ဤသို့ ပြန်လည် ပြောလိုက်လေသည်။

'အရှင်ဘုရား နိဂဏ္ဍ ဂေါတမ ဗုဒ္ဓရဲ့ အာဝဋ္ဋနီမာယာဟာ အလွန် ကောင်းပါတယ်။ ကျွန်ုပ်ရဲ့ ဆွေမျိုးသားချင်းတွေနှင့် တကွ လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးဟာ အဲဒီ ဂေါတမဗုဒ္ဓရဲ့ အာဝဋ္ဋနီမာယာနဲ့ အလှည့်ပတ်ခံရရင် အားလုံး အရှည်သဖြင့် စီးပွားချမ်းသာ ဖြစ်ထွန်းသွားကြမယ်'

ဉပါလိသူကြွယ် နိဂဏ္ဍအား ပြောဆိုလိုက်သကဲ့သို့ပင် သံလျင်တောရ ဆရာတော်ကို ပဥ္စလက်အတတ်ဖြင့် တရားပြနေပါသည်။ ဟူ၍ ပြောဆိုကြသူတို့အား 'ဤ ပဥ္စလက် အတတ်ဖြင့် ကျွန်ုပ်၏ ဆွေမျိုးသားချင်းတို့နှင့် တကွ တကမ္ဘာလုံး လှည့်စားခံရလျှင် တကမ္ဘာလုံး ဗုဒ္ဓဝါဒီတွေဖြစ်ပြီး ကိုယ်ကျင့်တရားတွေ ကောင်းမွန်ကြပေလိမ့်မည်။ တမ္ဘာလုံး ညီညွတ်မျှတ အေးချမ်းသာယာသော လောကနိဗ္ဗာန်သို့ ရောက်ရှိပေလိမ့်မည်။ ထိုအခါ မြန်မာနိုင်ငံသည်လည်း ကမ္ဘာကလေးစား၊ မော်ကြည့်နိုင်လောက်သော အခြေအနေမျိုး ရှိနေပေလိမ့်မည်ဟူ၍ ပြန်လည် ပြောဆိုရေးကို ပုဆိုးကြားထဲမှ လက်သီးပုန်း ပြသကဲ့သို့ တွေးမိပါတော့သည်။

[ ၁၀ ]

# ဓမ္မာနုပဿနာ ကမ္မဋ္ဌာန်းကို ရှုပွားခဲ့စဉ်က

ကာယာနုပဿနာ ရုပ်ကမ္မဋ္ဌာန်း ရှုပွားအပြီး၌ ဓမ္မာနုပဿနာ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း နှစ်ပါးစုံ ရောပြွမ်းသော မိဿက ကမ္မဋ္ဌာန်းကို ရှုပွားမှုပြုရသည်။ ဓမ္မာနုပဿနာကို အရက် ၂၀ ခန့် ရှုပွားလာနိုင်သောအခါ အဇ္ဈတ္တ ရုပ်၊ နာမ်၊ ဝတ္ထုတို့သည် တပျက်ထဲပျက်နေသည်ကို တွေ့မြင်ရသည်။၊ ဗဟိဒ္ဓ ရုပ်၊ နာမ်၊ ဝတ္ထုတို့သည် တပျက်ထဲပျက်နေသည်ကို တွေ့မြင်ရသည်။ စက္ခု ပသာဒဟုဆိုအပ်သော အတွင်း အာယတန ခြောက်ပါးတို့ တပျက်ထဲပျက်နေသည်ကိုလည်း တွေ့မြင်ရသည်၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ဆိုအပ်သော အပြင်

အာယတန ခြောက်ပါး တပျက်ကဲ ပျက်နေသည်ကိုလည်းတွေ့မြင်ရသည်။ အတွင်းအာယတနခြောက်ပါးနှင့် အပြင်အာယတနခြောက်ပါးတို့ ထိခိုက်ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသောသံယောဇဉ်၊ အသံယောဇဉ်၊ နာမ်တရားတို့တပျက်ထဲပျက် နေသည်ကိုလည်း တွေ့မြင်ရသည်။ အရှင်းဆုံးဆိုသော် အဇ္ဈတ္တ၊ ဗဟိဒ္ဓရုပ်နာမ် မှန်သမျှ၊ သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံး တလောကလုံး၊ တကမ္ဘာလုံး၊ ဥဒ္ဒတိုလုံး၊ စကြာဝဠာအနန္တလုံး ပရမတ်တို့သဘောအတိုင်း ပျက်ပျက်နေ၊ ပြိုပြိုနေ၊ ကုန်ကုန်နေသောသဘောကို တွေ့မြင်လာရတော့သည်။ ထိုအခါမှ ဗုဒ္ဓ၏ဟောကြားချက်သည် တကယ်ပင်မှန်လှပါတကားဟူ၍ အထပ်ထပ် ယုံကြည်မိတော့သည်။

ဗုဒ္ဓက 'သုညတောလောကေ' လောကကြီးဟာ သုညဟူ၍ဟောညွှန် ထားသည်။ သုည ဟူသည် ဆိတ် သုဉ်း ခြင်း ဟူ၍အဓိပ္ပါယ်ရသည်။ အကောင်အထည် အတုံးအခဲ စသောပညတ်သဏ္ဍာန်နိမိတ်တွေမှ ဆိတ်သုဉ်းနေမှု သဘောကို ဆိုခြင်းဖြစ်သည်။ ထိုအကောင်အထည် အတုံးအခဲစသော ပညတ်သဏ္ဍာန်နိမိတ်တွေမှ ဆိတ်သုဉ်းမှု သဘောဟူသည်၊ ရုပ်သဘော၊ နာမ်သဘော၊ ရုပ်ပရမတ်၊ နာမ်ပရမတ်၊ ရုပ်သခါရ၊ နာမ်သခါရတို့၏ သူ့သဘောဓမ္မတာအတိုင်း၊ တပျက်ထဲပျက်၊ တပြိုထဲပြိုနေသော သဘောပင် ဖြစ်သည်။ ယင်းသဘောကို သံယုတ် ပါဠိတော်တွင် ဘုရားရှင် ဤသို့ဟောကြားထားချက်ရှိသည်။

"လောကော၊ လောကောတိ၊ ဘန္တေဝုစ္စတိ၊
ကိတ္တာဝတာနုခေါ ဘန္တေ လောကောတိ ဝုစ္စတိ"

'အရှင်ဘုရား၊ လောက၊ လောကဟူ၍ ဆိုအပ်ပါ၏၊ အရှင်ဘုရား အဘယ်မည်သော အကြောင်းကြောင့် လောကဟူ၍ ဆိုအပ်ပါသနည်း'

ရဟန်းတပါးက ဘုရားရှင်အား မေးလေလျှင် ဘုရားရှင်က ဤသို့ဖြေကြား ပေသည်။ "လုဇ္ဇတီတိခေါ ဘိက္ခု တသ္မာ လောကောတိ၊ ဝုစ္စတိ"

"ရဟန်း အမှန်ပျက်တတ်သော၊ ပျက်ပျက်နေသော သဘောရှိ၏။ ထိုကဲ့သို့ ပျက်တတ်သော သဘော ပျက်ပျက်နေသော သဘောရှိခြင်းကြောင့် လောကဟူ၍ ဆိုအပ်၏"

မှန်ပါသည်။ တလောကလုံး၊ တကမ္ဘာလုံး၊ ပျက်နေ၊ ပြိုနေ၊ ကုန်နေ၊ ချုပ်နေပါတကား။

သူဘယောက်၌ ခေါမတိုလေးတလက် ရှိသည်။ ထိုခေါမတိုလေးဖြင့် အလွန်တရာကြီးမားသော သစ်ပင်ကြီးတပင် ဖြိုလဲမည်ဟုဆိုလျှင် အခါတည်းဖြင့် ဖြိုလဲ၍ ဘယ်နည်းနှင့်မျှ ရစရာ အကြောင်းမရှိပေ။ သစ်ပင်၏အခြေဖြစ်သော အမြစ်ပိုင်းကို အခါပေါင်းမြောက်များစွာ အချက်ပေါင်း မြောက်များစွာ၊ ခုတ်ထစ်ဖြတ်ပိုင်းမှသာလျှင် ထိုသစ်ပင်ကြီး ပြိုလဲသွားမည် ဖြစ်ပေသည်။ ထိုကဲ့သို့ ဓမ္မာနုပဿနာနည်းဖြင့် အာရုံခြောက်ပါးလုံးကို အပျက်အနေ ထင်အောင် ရှုပွားယူရာ၌ တခါတည်း တချက်တည်းနှင့် ပျက်ပြိုရန် မလွယ်ကူပေ။ အောက်ခြေပိုင်းကနေ အခါပေါင်း မြောက်များစွာ အချက်ပေါင်း မြောက်များစွာ ရှုပွားလာနိုင်မှ အာရုံခြောက်ပါးလုံး အပျက်အနေထင်မြင်အောင် ရှုပွား ယူနိုင်တော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်

အာရုံ ခြောက်ပါးကိုအပျက်အနေ ရှုပွားယှဉ်နိုင်အောင် အောက်ခြေပိုင်းကို အထပ်ထပ်ရှုပွားလာရသည်။ ရှေးဦးစွာ ဓမ္မာနုပဿနာအစပိုင်း အနေဖြင့် မျက်လုံးကို မှိတ်ထားကာ ပါးစပ်ကိုပိတ်လျက် 'တစ်' ဟူ၍ဆိုရသည်။ အသံထွက် ဆိုရသည်မဟုတ်ပေ။ စိတ်နှင့် ဆိုလိုက်ရခြင်း ဖြစ်သည်။ ယင်းမှာ ဝါးယာခေတ်၏ ရမ်နု သဘောလေး ဖြစ်သည်။

ယင်းကဲ့သို့ 'တစ်' ဟုဆိုလိုက်လျှင် ဆိုလိုက်သော အသံနှင့် တကွ နှုတ်ခမ်းတဝိုက် တဖွားဖွား တရွရွ ပျက်သွားပြီး ခန္ဓာကိုယ်တကိုယ်လုံး အပျက်တို့ ကူးစက်သွားတော့သည်။ ယင်းမှ တဖန် 'နှစ်' 'သုံး' 'လေး' စသည်ဖြင့် တစ်ဆယ်အထိ ဆိုရပြန်သည်။ တဆယ်ကနေ၊ 'တစ်' အထိ အပြန်ပြန်အလှန်လှန် ဆိုရသည်။ ဆိုလိုက်တိုင်းလည်း ဖွားကနဲဖွားကနဲ မီးပန်းကို မီးရှို့လိုက်သည့်ပမာ၊ ပျက်ပြိုသွားတော့သည်၊ ထို့နောက် နမောတဿ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တို့နှင့်တကွ မိမိမှတ်မိသမျှ မြို့နာမည်၊ ရွာနာမည် လူနာမည်တွေကို တခုစီဘခုစီ ဆိုချမှုပြုတော့သည်။ သုံး လေးရက် ထိုသို့ကျင့်လိုက်သည်ဟုဆိုလျှင် အပျက်တို့သည် ပို၍ အားကောင်းလာသည်၊ ပို၍လျှင်မြန်လာသည်။ ဖြစ်တလှဲ ပျက်ဘလီ နှစ်မျိုးရှိသည့်အနက်က၊ အဖြစ်သဘောကို မတွေ့ရတော့ပဲနှင့်အပျက်ကိုသာ တွေ့မြင်နေရသကဲ့သို့၊ ဖြစ်သည်။ ဓမ္မာနုပဿနာရှုပွားနည်းသည် အပျက်သက်သက်ကို ထင်မြင်အောင် ရှုပွားယူရသော နည်းဖြစ်သည် ဟူ၍သဘောပေါက် လာသည်။ တနည်းအားဖြင့် ဥဒယဗ္ဗယဉာဏ် အဖြစ်ရယ်လို့ မထင်မြင်နိုင်တော့ပဲ၊ ရေပိုက်ခေါင်းမှ ရေတွေ ဒလဟော စီးဆင်း နေ

သကဲ့သို့ အပျက်ကိုသာ သိနေရသော ဉာဏ်သို့ရောက်အောင် ပို့ပေးနေသည်ဟူ၍၊ သဘောပေါက်လာသည်၊ တနည်း အားဖြင့် အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တ အစစ် တို့ကို ပို၍ပို၍ ပီပြင်ထင်ရှားအောင် အရှိန်အဟုန် အားကောင်းစွာ ပို့ပေး နိုင်သောနည်း ဖြစ်သည်ဟူ၍ သိရှိလာရတော့သည်။

သုံးလေးရက်မျှ အမည်နာမပေါ်ဟာရများကို ရှုပွားပြီးလာသည့်နောက် လုပ်ကွက်တမျိုး ပြောင်း၍ ရှုပွားမှု ပြုလာရပြန်သည်။ ဘယ်ဘက်ဂျိုစောင်းနှင့် ညာဘက်ဂျိုစောင်းကို စိတ်ဖြင့် ကပ်၍ ဆွဲရသည်။ ဆွဲလိုက်သော အကြောင်းတို့သည် ထိပ်၌ ရေးရေးကလေး ထင်နေသည်။ ရှေ့ကဆွဲသွားသည်ဟု ဆိုလျှင် ထိုအကြောင်းကလေးသည် နောက်ကနေ တဖျတ်ဖျတ် ပျက်လိုက်လာသည်။ အဆွဲခံရသော နေရာတဝိုက်၊ တရှဲရှဲ ပျက်နေသည်။ ဆုံးသည်ဟုဆိုလျှင် ဦးခေါင်းတခုလုံး ပျက်ပြိုသွားပြီး တကိုယ်လုံး တဖြောက်ဖြောက် အပျက်တွေ ရောက်သွားလေတော့သည်။ ယင်းကဲ့သို့ နဖူးမှ နောက်စေ့သို့ရင်း၊ မေးသို့ရင်း၊ လက်သို့ရင်း၊ မျက်နှာကို ဝိုင်းပတ်၍ရင်း၊ အကြိမ်ကြိမ်အဖန်ဖန် ရှုပွားမှုပြုရတော့သည်။ ခန္ဓာကိုယ်၌အပျက်တို့ပို၍ အားကောင်းလာသည်။ပီပြင်ထင်ရှားလာသည်။ သံပုံကြီးထိန်းမရ၊ သိမ်းမရ ပြိုကျနေသကဲ့သို့ ရှိနေသည်။ စိတ်ဖြင့်ခန္ဓာကိုယ်ကို ကပ်၍ရှုပွားပြီးနောက်၊ ခွာ၍ ရှုပွားရပြန်သည်။ ပထမ လက်တလုံးကွာကနေ တထွာကွာမိမိ၏ ထိုင်နေသော ခန္ဓာကိုယ်ကို ကျော်၍ ဆင်ဝင်အောက်မှနေသည့်ပမာ ဟိုဘက်ဒီဘက် ခန္ဓာကိုယ်ကို မထိစေဘဲ၊ စိတ်ကိုအကုံးကြီး ဖြစ်အောင်ကုံးရသည်။ထိုအကုံးသည်ဦးခေါင်း

ပေါ် တထွာခန့် မိမိထိုင်နေသော နေရာနှင့် တထွာခန့်အကွာ ပျဉ်ပြားကို ထောက်၍ ကုံးရသည်။ တထွာမှသည် တတောင်၊ တတောင်မှသည်တလံ၊ ၀ါးတပြန်ခန့်အထိအဆင့်ဆင့်မြင့်တက်သွားအောင် ကုံးရသည်၊ ထို့နောက် ထိပ်ပေါ် တတောင်ခန့်ကနေ စကောခန့်ပမာလောက်၊ စက်ဝိုင်းဝိုင်းရသည်။ ထိုမှ တစထက်တစ မြင့်တက်သွားပြီး၊ အတောင် ၁၀၀ ကျော်အထိ ကောင်းကင်ယံဘွင် စက်ဝိုင်းဝိုင်း ရတော့သည်။ ယင်းတို့မှာ နုသထက်နုသော ၀ါယောဓာတ်၏ ရုပ်နု သဘောလေးတွေပင် ဖြစ်သည်။

ယင်းကဲ့သို့ ခန္ဓာကိုယ်နှင့်ခွာ၍ စိတ်ကို ကုံးသည်ပဲဖြစ်စေ၊ စက်ဝိုင်းကဲ့သို့ ဝိုင်းသည်ပဲဖြစ်စေ၊ ကုံးလိုက်သော အကြောင်းရေးရေးတို့သည်အပိုင်းပိုင်းအပြတ်ပြတ် အစိပ်စိပ်အမွှာမွှာကျိုးပဲ့ ပျက်ကြွေသွားပြီးလျှင် ထိုအပျက်သည် ခန္ဓာကိုယ်သို့ပါ ကူးစက်ကာ အမှုံမှုံအမွှားမွှား တဖွားဖွား ပျက်ကြွေသွားတော့သည်။ ကျွန်ုပ်သည် ကောင်းကင်ယံထက် မြင့်တက်နိုင်သမျှ မြင့်တက်ပြီး အလွန်ကြီးစွာသော စက်ဝိုင်းကြီးတွေကို ဝိုင်းကြည့်သည်။ ဝိုင်းလိုက်တိုင်း ထိုစက်ဝိုင်းကြီးသည် မိုးသားတွေထဲက လျှပ်စစ်လက်သည့်ပမာ အလွန်လျင်မြန်စွာ အံ့သြဘွယ်ကောင်းလောက်အောင်၊ မယုံကြည်နိုင်လောက်အောင်၊ အပိုင်းပိုင်းအပြတ်ပြတ် တလျှပ်လျှပ် ပျက်သည်းကုန်ပြီး ထိုအပျက် ဆုံးသွားသည်နှင့် တပြိုင်နက်၊ ခန္ဓာကိုယ်ကို အလိုအလျောက် ဂျိုင်းထားသကဲ့သို့ အပျက်တွေကူးစက်လာသည်မှာ တောင်ကြီး ပြိုကြတော့နှယ်ရှိတော့သည်။ နဂိုက မပြိုမပျက် ခိုင်မာနေသည်၊ တည်မြဲနေသည်

ဟူ၍ ထင်ခဲ့သော ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီးသည် ယခုမူ အနိစ္စ၊ ဒုက္ခ၊ အနတ္တညာဏ်တို့၏ လက်အောက်၌ မရှုမလှ အရေးနိမ့်နေလေတော့သည်တကား၊ အပြင်ကနေ အမှတ်တမဲ့ ကြည့်သော် အိမ်တိုင်ကြီးသည် အကောင်းပကတိဟု ထင်နေရသည်။ အသေအချာကြည့်သော် တိုင်ခေါင်း၏အတွင်း၌ လျှို့ဝှက်၍ ခြစားနေဘိသကဲ့သို့ ဖြစ်နေပေတော့သည်။

ထို့နောက် ထိုထိုအရာဝတ္ထုတွေကို မျက်လုံးနှင့် ထောက်၍ ရှုပွားရပြန်သည်။ ရှေးဦးစွာ မိမိရှေ့ တလံနှစ်လံ ပတ်ဝန်းကျင်တွင်ရှိသော ခပ်သေးသေး အရာဝတ္ထုတွေကို မှတ်မိအောင် မျက်လုံးဖွင့်၍ အသေအချာ ကြည့်ထားရသည်။ မှတ်မိလောက်သောအခါ၌ ထိုအရာဝတ္ထုတွေကို မျက်လုံးမှိတ်၍ ကြည့်ရသည်။ မှိတ်မျက်စိထဲ၌ ထိုအရာဝတ္ထုတို့ ထင်ဟပ်နေသည်။ ထိုအခါ၌ မှိတ်မျက်စိမှတဆင့် စိတ်ကိုလွှတ်ခါ ထိုအရာဝတ္ထုတွေကို စိတ်နှင့်ထောက်၍ တခုစီ ရှုပွားရတော့သည်။အနိစ္စညာဏ်ဟုဆိုအပ်သော အပျက်ထင်မှု ဘင်္ဂဉာဏ် အရှိန်အဟုန် အားကောင်းနေသည်ဖြစ်၍၊ စိတ်နှင့်ထောက်ကြည့် လိုက် သည်ဟု ဆိုလျှင်ထိုအထောက်ခံရသောအရာဝတ္ထုတို့သည် အမှုံမှုံအမွှားမွှား ပျက်သဉ်း သွားပြီး ကုန်ဆုံးသည့်ကာလ ထို အပျက်သည် မိမိခန္ဓာကိုယ်သို့ ကူးစက်ခါ ထိုကဲ့သို့ပင် အမှုံမှုံအမွှားမွှားတဖွားဖွား ပျက်သဉ်းသွားတော့သည်။ယင်းကဲ့သို့ တခုစီတခုစီကြိမ်ဖန်များစွာ ကြည့်လာသောအခါ၌ အပျက်အားသည်လည်းပိုမိုအားကောင်းလာလျှက် ရှိတော့သည်။ ယင်းသို့ အားကောင်းလာသည့်အတွက် သေးသော၊ ပါးသော အရာဝတ္ထုကို ကြည့်ရင်းမှ

သည် ထိုထက် ကြီးကြီးလာ ထူထူလာသော အဆုတ္တုတို့ကို စိတ်နှင့် ထောက်ထောက် ကြည့်လာရတော့သည်။ ကြီးသည် ထူသည် ဖြစ်လင့်ကစား အခက်အခဲ အနည်းငယ်မျှ မတွေ့ရ တော့ပါပေ။ အရှိန်အဟုန် အားကောင်းသော အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့သည် လွယ်လင့်တကူပင် ဖြစ်ပေါ်နေလျက် ရှိတော့ သည်။

ထိုနောက်ကျောင်းတိုက်အတွင်း၌ရှိသောကျောင်းအဆောက် အဦ၊ ဇရပ်အဆောက်အဦတွေကို တကျောင်းစီ မှတ်မျက်စိနှင့် ထောက်ကြည့်ရသည်။ ကြည့်လိုက်တိုင်း ပျက်ကျနေသည်သာ ဖြစ်သည်။ အဝေးအနီး၊ မိမိမှတ်မိသမျှ သက်မဲ့ရုပ်ဝတ္ထု သစ်ပင် တောတောင်တွေကို ကြည့်ရသည်။ ရွှေတိဂုံစေတီ၊ ဆူးလေ စေတီ၊ ကမ္ဘာအေးစေတီ၊ ဗိုလ်တထောင်စေတီ၊ ဘုတာကြီး စသော အဆောက်အဦတို့ကိုလည်း ကြည့်ရသည်။ အားလုံး တဖွားဖွားတသဲသဲ ပျက်ကျသွားသည်သာဖြစ်သည်။ ရွှေတိဂုံစေတီ ကိုကြည့်သောအခါ၌ ရှေးဦးစွာ ရွှေတိဂုံစေတီ ရှိမည်ထင်သော နေရာသို့ အာရုံပြုကာ မနောဒွါရထဲ၌ ရွှေတိဂုံစေတီတော်ထင် ရှားလာအောင် စူးစိုက်ရသည်။ စူးစိုက်မိသည်ဟုဆိုလျှင် စိတ် နှင့် ထီးတော်ကို ထောက်ကြည့်လိုက်သည်။ ထိုအခါထီးတော် မှစ၍ အမှုံမှုံအမွှားမွှား တသဲသဲ ရွှေတိဂုံ ယင်ပြင်တော်မကျန် အားလုံးပျက်သဉ်းသွားသည်။ သက်မဲ့ ရုပ်ဝတ္ထုတို့၏အပျက်ကို အထပ်ထပ် ကျေပြွန်စွာ ပွားများပြီးသည့်ကာလ သက်ရှိသတ္တဝါ တို့ဖက်သို့ ဦးလှည့်ရပြန်သည်။ မှန်းခြင်း၊ ချင်ခြင်း၊ နှစ်မျိုးကို ရှောင်၍ ဥပက္ခာကျကျ ရှုသွားရသည်။

ထိုအချိန်၌ ကျွန်ုပ်တို့ ဓမ္မာနုပဿနာ ရှုပွားလာသည်မှာ ဆယ်ရက်ခန့်ရှိခဲ့ပေပြီ။ ထိုအခါ သံလျင်တောရ ဆရာတော် ကိုယ်တော်တိုင် တရားကိုစတင်ပြသမှု ပြုတော့သည်။ ရဟန်း ယောဂီ ၂၅ ပါးခန့်၊ ယောကျ်ားယောဂီ မိန်းမယောဂီ ၂၀ ခန့် ရှိကြသည်။ နံနက်တချိန်၊ ညတချိန် သံလျင်တောရ ဆရာတော်ထံ တရားစစ်ခံရသည်။ ယောဂီ အသီးသီးအား တရား အခြေအနေကို မေးမြန်းပြီးလျှင် ထိုတရားတို့နှင့်ပတ်သက်၍ ရှင်းလင်းတန်သည်ကို ရှင်းလင်းသည်၊ ဟောကြားတန်သည်ကို ဟောကြားပေသည်။

ဝိပဿနာ တရားဓမ္မနှင့် ပတ်သက်၍၊ သိမ်မွေ့ နက်နဲသော တရားဓမ္မကို သံလျင်တောရ ဆရာတော်ပြမှပဲ ကျယ်ဝန်းစွာ နာကြားခွင့်ရတော့သည်။ မြင်းခြံ ဆရာတော်မှာမူ ပြရုံသက်သက်မျှသာ ပြသည်။ သိပ်ပြီး မရှင်းလင်း မဟောကြားပေ။ ဆရာတော်သည် ယောဂီတို့အား နံနက်ပိုင်းတွင် တနာရီခန့် တရားဓမ္မ ဟောကြားပြီး ညဘက်တွင်မူ တနာရီခွဲခန့် တရားဓမ္မဟောကြားသည်။ သံလျင်တော်ရ ဆရာတော်၏ တရားဓမ္မကိုနာကြားခွင့် ရလာသောအခါ၌၊ သံလျင်တောရ ဆရာတော်အပေါ် တနေ့ထက်တနေ့ ကြည်ညိုလေးစား စိတ်ကို တဖွားဖွား ပေါ်ပေါက် လာခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။ တရား ဟောကြားနေရင်းမှ ဆရာတော်သည် ကျွန်ုပ်တို့အား မေးသင့်သည်ကို မေးသည်၊ ဖြေသင့်သည်ကို ဖြေခိုင်းသည်။ ပြောသင့်သည်ကို ပြောခိုင်းသည်။ ထိုအခါ ကျွန်ုပ်နှင့် သံလျင်တောရ ဆရာတော်မှာ ပိုမို ရင်းနှီးခွင့်ရလာတော့သလို ဖြစ်လာသည်။

သံလျင်တောရ ဆရာတော်က ကျွန်ုပ်ကို 'ဦးသိမ်ကုန်း' ဟူ၍ ခေါ်သည်။ ရန်ကုန် သိမ်ကုန်းကျောင်းကလာ၍သိမ်ကုန်းဟုခေါ် ခြင်း ဖြစ်သည်။ ကျွန်ုပ်နှင့်အတူ ရွှေဥမင်တောရတွင် နေခဲ့သော ဦးဥာဏကိုမူ 'ဦးရွှေဥမင်' ဟူ၍ ခေါ်သည်။ ဘီအေ၊ မဇ္ဈိမဘွဲ့ နှစ်မျိုးရရှိထားသော ဘုန်းကြီး ဦးနန္ဒဝံသကိုမူ 'ဦးကျောက်တိုင်' ဟူ၍ခေါ်သည်။မင်္ဂလာတောင်ညွန့်ကျောက်တိုင်ကျောင်းကလာ ၍ဖြစ်သည်။ ဝိပဿနာနှင့် ပတ်သက်၍ ဆရာတော် မေးမြန်းချက် တွေကို ကျွန်ုပ် အများဆုံး ဖြေကြားနိုင်မှု ရှိပေသည်။ ပရိသတ် ထဲတွင် ကျွန်ုပ် ဖြေကြားလိုက်သမျှသည် အနီးစပ်ဆုံး မှန်ကန်မှုရှိ နေဘတ်ပေသည်။ ထိုအခါ ပရိသတ်တို့က ကျွန်ုပ်အား အထင် တကြီး ဖြစ်လာကြသည်ကို သတိပြုမိသည်။ ယင်းမှာလည်း လူ လောက၏ ဓမ္မတာတခု ဖြစ်ချေသည်။ ဆရာတော်ကြီးလည်း ကျွန်ုပ်၏ အခြေအနေကို ရိပ်စားမိလာခါ ခမ်းခွန်း ပြဿနာတခု ကို မေးတိုင်း 'ဦးသိမ်ကုန်း ဘယ်လို သဘောရသလဲ' ဟူ၍ ဦး စားပေး မေးလာတတ်ပေသည်။ ထိုနောက်မှ ဦးကျောက်တိုင်၊ ဦးရွှေဥမင်စသော ပုဂ္ဂိုလ်တို့ကို အသီးသီးလှည့်ထွက်၍ မေးသွား လေသည်။ ယင်းကဲ့သို့ သံလျင်တောရ ဆရာတော် အမေးတွေကို သူ မျှော်လင့်သော အဖြေနှင့် အနီးစပ်ဆုံးလိုက်အောင် ဖြေကြား နိုင်ခြင်းသည် ကျွန်ုပ်၏ သူတပါး ပြောဆိုသော စကားရိပ် စကား အသွားအလာကို ဘယ်လို သဘော ရှိသည်ဟူ၍ လတ် တလော ဖြတ်ထိုးဥာဏ်နှင့် အကဲခတ်နိုင်မှုနှင့် ဝိပဿနာနှင့် ပတ်သက်သော စာပေကို အတော်လေး တီးမိခေါက်မိ လေ့လာ

ထားသည့် အတွက်ကြောင့်ပင် ဖြစ်ချေသည်။ ယင်းမှာကား ဆရာကြီး ဦးဗဂျိုင်၏ ကျေးဇူးပင် ဖြစ်ချေတော့သည်။

ဆရာကြီး ဦးဗဂျိုင်သည် ရွှေတိဂုံ တောင်ဘက်မုခ် ရွှေကျင် ဓမ္မာရုံတွင် ဝါတွင်းကာလ ဥပုသ်နေ့များ၌ ရဟန်းတော်များအား ဝိပဿနာသင်တန်း ပို့ချပေးလေ့ရှိသည်။ ထိုသင်တန်းကို ကျွန်ုပ်သည် နှစ်ဝါတွင်း နှစ်ကြိမ်တိတိ မပျက်မကွက်တက်ရောက်ခဲ့ဘူးပေသည်။ ထို သင်တန်းက ကျွန်ုပ်အား ဝိပဿနာနှင့် ပတ်သက်သော ဝေါဟာရ၊ ဝိပဿနာနှင့် ပတ်သက်သော ဗဟုသုတတွေကို များစွာပေးခဲ့သည်။ လူ ပုဂ္ဂိုလ်ထဲတွင် ဆရာကြီး ဦးဗဂျိုင်သည် တကယ်ပင် ချီးကျူးလောက်ပေသည်။ ဗုဒ္ဓစာပေခေါ် ပိဋကတ်သုံးပုံ၊ နိကာယ် ငါးရပ်လုံးကို နှံ့နှံ့စပ်စပ် နှစ်ပေါင်းများစွာ လေ့လာထားသူတဦး ဖြစ်သည်။ အချို့သော ဘုန်းတော်ကြီးတွေတောင်ပင် သူ့လောက် ဗုဒ္ဓစာပေများကို မလေ့လာမိကြသည်မှာ အမှန်ပင် ဖြစ်သည်။ ဆရာကြီး ဦးဗဂျိုင်သည် ဗုဒ္ဓဝါဒီတဦးပီပီ ဗုဒ္ဓဝါဒကို အလွန် လေးစားသူတဦး ဖြစ်သည်။ ဗုဒ္ဓဝါဒ၏ ခက်ခဲ နက်နဲသော ဝိပဿနာ တရား မွေတွေကို ရဟန်းရှင် လူ ပုဂ္ဂိုလ်တို့ ဗုဒ္ဓစာပေနှင့် မကိုက်ညီသော လမ်းလွဲလမ်းမှားသို့ ရောက်မသွားအောင် ဗုဒ္ဓ၏ သာသနာကို ရိုးသားသော စိတ် စေတနာဖြင့် ထက်ထက်သန်သန် လုံ့လပြုနေသူတဦး ဖြစ်သည်ဟူ၍ သူ့အပေါ် ကျွန်ုပ် နားလည် ထားမိပေသည်။ သူ့ထံမှ ဝိပဿနာ တရားမွေနှင့် ပတ်သက်ပြီးတိကျသော လုပ်ထုံးလုပ်နည်းကို မရရှိစေကာမူ ဝိပဿနာနှင့်ပတ်သက်သော ဝေါဟာရ၊ ဝိပဿနာနှင့် ပတ်သက်သော ဗဟုသုတတွေကို

ကောင်းစွာ ရရှိခဲ့သည် အမှန်ပင် ဖြစ်တော့သည်။ ယင်းသင်တန်း ယင်း ဆရာကြီး၏ ကျေးဇူးကြောင့်ပင် ကျွန်ုပ်သည် ဗုဒ္ဓဝါဒတွင် အမြင့်မြတ်ဆုံးဖြစ်သော ဝိပဿနာ ပဋိပတ် သာသနာရေး ကိစ္စနှင့် ပတ်သက်ပြီး ယခုကဲ့သို့ ဆရာကောင်း သမားကောင်း ရှာဖွေတွေ့ရှိခြင်း ဖြစ်သည်။ တနည်းအားဖြင့် ဆရာကောင်း ရှာဖွေနည်းကို ကောင်းစွာ ရရှိခဲ့သည်ဆိုက မမှားတန်ရာပေ။ ယင်းအတွက် ဆရာကြီး ဦးဗဂျိုင်၏ ကျေးဇူးဂုဏ်ကို ဤနေရာက အခါသင့်၍ ဖော်ပြခြင်း ဖြစ်တော့သည်။ ကျေးဇူးရှိသူတို့အား အခါသင့်တိုင်း ကျေးဇူးကို ဖော်ထုတ်ပေးရသည်မှာ သူတော် ကောင်းတို့၏ လုပ်ငန်း တခုသာ မဟုတ်ပေလော။ ထို့အတွက် ကြောင့်လည်း ကျွန်ုပ်သည် ဆရာကြီး ဦးဗဂျိုင်၏ ကျေးဇူးမှာ ချမ်းသာကြောင်းကို ဒုကြိမ်ကြိမ် အထပ်ထပ် မေတ္တာပို့ ခဲ့ဘူး သည်မှာ အမှန်ပင်ဖြစ်တော့သည်။ လူချင်းကား သူ့သင်တန်းကို တက်ဖူးရုံမျှအပ သိကျွမ်းခြင်း မရှိပါပေ။

ဦးကျော်တိုင်၊ ဦးရွှေဥမင်၊ ကျွန်ုပ်တို့ သုံးပါးလုံးပင် မေ့ာနုပဿနာသို့ ဒုတူတကွ ရောက်နေကြပြီဖြစ်သည်။ အခြား သော လူယောဂီ၊ ရဟန်းယောဂီတို့သည်လည်း ဓမ္မာနုပဿနာ သို့ ရောက်ရှိနေကြသည်လည်း ရှိသည်။ အချို့မှာ စိတ္တာနုပဿနာ သို့ ရောက်ရှိနေကြသည်။ အချို့မှာ ဝေဒနာ နုပဿနာသို့ရောက် ရှိနေကြသည်။ အချို့ ကာယာနုပဿနာသို့ ရောက်ရှိနေကြ သည်။ ထိုအထဲမှ ယောဂီဘို့အား တယောက်စီ အသီးသီး စစ်ဆေးပြီး သတိပဋ္ဌာန် သေးပါးထဲတွင် စပ်ရာစပ်ရာ အလှည့်ကျ ချင်းလင်းဟောပြ မိန့်ကြားပေးပေသည်။ တရားဟောပြောတိုင်း

အခြေအနေ အားလျော်စွာ မိမိတို့ နေရာသို့ ရောက်ကြရာ၌ တရား ထိုင်နိုင်ကြရန် လုပ်ကွက်တွေကို ပြောင်းပေးလေ့ ရှိပေသည်။ ကျွန်ုပ်တို့ မြင်းခြံ ဆရာတော်ထံမှ ဆွေမျိုးမှတော်သော မိမိနှင့် သိကျွမ်းသော လူ ပုဂ္ဂိုလ်တွေကို မိုတ် မျက်စေ့နှင့် ထောက်ကြည့်ပြီး အပျက်ထင်အောင် ရှုပွားလာနိုင်ကြပြီ ဖြစ်၍၊ ဆရာတော်ထံသို့ ရောက်သော အခါ၌မူကား ဆွေမျိုးတော်သော လူတွေကို တဦးစီ စတင် ကြည့်ရသော အခြေသို့ ရောက်ခဲ့ပြီ ဖြစ်သည်။

အစ ဆွေမျိုး အဖျားအနားတော်သော ပုဂ္ဂိုလ်တွေကို စတင် ကြည့်သည်။ ထိုပုဂ္ဂိုလ်တို့၏ ပုံဟန်ကို မှနော့ထဲ၌ ထင်အောင် ကြည့်ပြီး နဖူးတည့်တည့်က ထောက်ကြည့်လိုက်သည်ဟု ဆိုလျှင် လူပုံဟန်ပျောက်သွားပြီး တသဲသဲပျက်နေသော အခြေအနေသာ တွေ့မြင်ရတော့သည်။ ထိုမှ အပျက်တို့သည်လည်း မိမိခန္ဓာကိုယ်သို့ ကူးစက်ပြေပင် ဖြစ်လေသည်။ ထိုနောက် ဆွေမျိုး ရင်းသထက် ရင်းလာသော ပုဂ္ဂိုလ်တို့အား အပျက်ထင်အောင် ရှုပွားလာရတော့သည်။ မိမိတို့၏ ဖခင်အရင်း၊ မိခင်အရင်း၊ နှစ်မ အရင်း၊ ညီအရင်း၊ အစ်ကိုအရင်းတွေ ရှုပွားရသည်။ ချစ်ခြင်း မုန်းခြင်းနှစ်ပါးကို ရှောင်၍ တရားနည်းလမ်းကျကျ ရှုပွားလာနိုင်သည်ဖြစ်၍ မိခင်အရင်း၊ ဖခင်အရင်းတို့လည်း မိခင်၊ ဖခင် အသွင်ပုံဟန် သဏ္ဌာန်အနေ မရှိတော့ပဲ ပရမတ်သဘောစုံတို့ ပျက်နေသော သဘောကိုသာ တွေ့မြင်နေရတော့သည်။

တခါသော် သံလျင်တောရ ဆရာတော်ထံသို့ မော်လမြိုင်မှ တကာတဦး ရောက်ရှိလာသည်။ မော်လမြိုင်တွင် သံလျင်တော

ရ ဆရာတော်၏ တပည့်တဦး ပြချက်အရ သတိပဋ္ဌာန် လေးပါးလုံး ရှုပွားဘူးခဲ့သည်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်က သူ့အား တရားကောင်းသူ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားသည်ဟု သိရသည်။ ယင်းအတွက် သူသည် ဆရာတော်ထံတွင် တရားစစ်ခံရန် ရောက်ရှိလာပေသည်။ ဆရာတော်က သူ့အား ဓမ္မာနုပဿနာနည်းဖြင့် ရှေဦးစွာ စစ်ဆေးကြည့်လိုက်သည်။ သူ့အားချစ်ခင်လှစွာသော သားငယ်တယောက်ရှိသည်။ ထိုသားငယ်ကိုကြည့်ရှုရန်ဖြစ်သည်။ ထိုပုဂ္ဂိုလ်က ဆရာတော်မိန့်ကြားသည့်အတိုင်း ရှေဦးစွာ မှိတ်မျက်ခစ နှင့် သူ့သားငယ်၏ ရုပ်ပုံဟန်ကို မနေ့ာဒွာရထဲ ထင်ရှားလာအောင် ဖော်ယူလိုက်သည်။ အပြစ်ကင်းစင်ပြီးချစ်ဘွယ်အတိ ဖြစ်နေသော သူ့သားသည် သူ့အား ပြုံးလျှက် ကြည့်နေသည်ကို တွေ့ရသည်။ သူသည် အလွန်သတိကြီးစွာထားပြီးချစ်ခြင်း၊ မုန်းခြင်းနှစ်ပါးကို ရှောင်၍ ဓမ္မသမ်းစဉ်အတိုင်း သမ္မာဓိခိုင်ခိုင်ထားကာ သားငယ်၏ နဖူးတည့်တည့်ကို ထောက်လိုက်သည်။ အပျက်အားကောင်းနေသော ထိုပုဂ္ဂိုလ်သည် ယှိအခိုက်တရားဓမ္မက ဦးဆောင်ပေးလိုက်သည်ဖြစ်၍ အပြစ်ကင်းစင် ချစ်စဘွယ်ကောင်းသော သားငယ်သည် အစိတ်စိတ်အမွှာမွှာအပိုင်းပိုင်း အပြတ်ပြတ် အမှုံမှုံအမွှားမွှားဖြစ်သွားပြီး လုံးဝဥဿုံ အစရှာမရအောင် ပျက်သုဉ်းသွားတော့သည်။ ယင်းနှင့် မရှေးမနှောင်း တပြိုင်နက်ကာလပင် ထိုပုဂ္ဂိုလ်သည် ရှုံးချင့်ချပါတော့သည်။ မျက်ရည်အသွယ်သွယ် စီးဆင်းပေတော့သည်။ ချစ်ခင်လှစွာသော သားငယ် ပျက်သုဉ်းသွားသည်ကို တွေ့မြင်လိုက်ရ၍ ဘယ်လို ဖြစ်သွားမှန်းမသိ။ ရင်ထဲက ဆို့တက်လာကာ ဝမ်း

နည်းပြီး ငိုကျွေးမိသည်ဟု ဆိုသည်။ ဤသို့လဲ တရားဓမ္မနယ်တွင် ဗဟုသုတတိုးဘွယ်များ ကြုံတွေ့ရတော့သည်။

ကျွန်ုပ်တို့သည် ဆေးမျိုး အပေါင်းတို့အား အပျက် ထင်အောင် အထပ်ထပ် ရှုပွားပြီးနောက် မိမိကိုယ်ကိုမိမိ အပျက်ထင်အောင် ရှုပွားရပြန်သည်။ မိမိ ငွေယခင် ငယ်စဉ်ကလေးဘဝကစပြီး ယခု အသက်အရွယ်အထိ ငါးနှစ် ငါးနှစ်တိုးကာ ရှုပွားမှုပြုရပေသည်။ မိမိ ငါးနှစ်သားအရွယ်မှာ ဘယ်ကဲ့သို့ ရုပ်သွင်ရှိသည်။ ထိုအသွင်ကို မနောထဲထင်အောင် ပုံဖော်ရသည်။ ဆော့ကစားနေလျှင်လည်း ဆော့ကစားနေသောပုံ ပေါ်လာသည်။ ထိုပုံကို စိတ်နှင့် ထောက်ကြည့်ရသည်။ သူလည်း အနိစ္စသဘောအရ ပျက်သုဉ်းသွားသည်သာ ဖြစ်သည်။ ယင်းကဲ့သို့ ဆယ်နှစ်သားဘဝ တဆယ့်ငါးနှစ်သားဘဝ၊ အသက်နှစ်ဆယ်အရွယ်စသည် ကိုယ်ထင်ထင်ရှားရှား မှတ်မိသောပုံကို ဖော်ပြီး ရှုပွားရသည်။ အားလုံး ပျက်သုဉ်းသွားသည်ချည်းသာ ဖြစ်သည်။ အဘယ်မှာ မပျက်သုဉ်းပဲ ခံနိုင်လေရာအံ့နည်း။ တောင်ကျစမ်းရေ အဟုန်သည် တားမရ၊ဆီးမရ၊တောက်လျှောက်အားကောင်းနေသကဲ့သို့ အပျက်အားသည်လည်း တောက်လျှောက် အားကောင်းလာခဲ့သည် မဟုတ်ပါလား။

ထိုနောက် ကမ္မနိမိတ်နှင့် ဂတိနိမိတ်ကို ရှုပွားရပြန်သည်။ ကမ္မနိမိတ်အနေဖြင့် ရှုပွားယူရာ၌ မိမိနောက်တွန်းက အကုသိုလ်ကံကို လုပ်ခဲ့လျှင်လည်း ထိုလုပ်နေသော အသွင်ကို ပုံဖော်ကာ ကြည့်ရှုရသည်။ ပုံစံအားဖြင့် မိမိကလေးဘဝအရွယ်က ငှက်ပစ်ဘူးသည် ဆိုလျှင်လဲ ထိုငှက်ပစ်ခဲ့သော အသွင်၊ ငါးများခဲ့သည်

ဆိုလျှင်လဲ ထိုမျှား ခဲ့သော အသွင်ကို ပုံဖော်ပြီး ရှုကြည့်ရသည်။ ဆိုအသွင်လည်း ပျက်သုဉ်းသွားသည်သာ ဖြစ်သည် ထို့ အတူပင် ကုသိုလ်ကံ လုပ်ခဲ့ရာ၌လည်း ဥပုသ်စောင့်ခဲ့လျှင် ဥပုသ်စောင့်နေသောပုံ၊ အလှူအတန်း လုပ်နေ့လျှင်လည်း လှူဒါန်းနေသော ပုံကို ဖော်၍ ကြည့်ရှုရသည်။ ယင်း ရုပ်အသွင်သည်လည်း ပျက်သုဉ်းသွားသည်သာ ဖြစ်သည်။ ထို့နောက် ဂတိနိမိတ်ကို ရှုပွားယူရာ၌ ဗုဒ္ဓဝါဒတွင် သေကာနီးကာလ မိမိသွားရောက်ရမည့် ဂတိနိမိတ် ထင်လာတတ်သည်။ လူ့ဘဝသို့ ရောက်မည်ဆိုလျှင် လူလောက၏ အခြေအနေ။ ကဗလာနီနှင့်တူသော မိခင်ဝမ်းရည် တွေ့မြင်ရတတ်သည်၊ တိရစ္ဆာန် ဖြစ်မည်ဆိုလျှင်လည်း ဖြစ်မည့် တိရစ္ဆာန်၏ အခြေအနေ တွေ့မြင်ရတတ်သည်။ ပြိတ္တာ၊ အသူရကာယ်ဖြစ်မည်ဆိုလျှင်လည်း ချောက်၊ ကမ်းပါး၊ တော၊ တောင်၊သမုဒ္ဒရာ အခြေအနေတို့ကိုတွေ့မြင်ရတတ်သည်။ငရဲပြည်သို့ ရောက်မည်ဆိုလျှင်လည်းငရဲမီး၊ ခွေးနက်ကြီး၊ ငရဲအိုးစသည် တို့ကိုလည်း တွေ့မြင်တတ်သည်။ နတ်ဒေဝတာ ဖြစ်မည်ဆိုလျှင် လည်း နတ်သမီး၊ နတ်ဗိမာန်၊ ပဒေသာပင်၊ နတ်ဥယျာဉ်တို့ကို တွေ့မြင်ရတတ်သည်။ ထိုဂတိနိမိတ်တွေကို ကြည့်ရှုရခြင်း ဖြစ်သည်။

အကယ်၍ မိမိသည် ငရဲကျမည်ဆိုက မနောထဲ၌ ငရဲမီး အပါယ်မီး တဟုန်းဟုန်း ထတောက်နေသော အခြေအနေကို ပုံဖော်ရသည်။ ထိုမီးပုံကြီးကို စိတ်နှင့် ထောက်၍ ကြည့်ရသည်။ မီးပုံကြီးဟူသည်လည်း အပေါင်အစု ပညတ်နိမိတ်သာ ဖြစ်၍ ပညတ်ကွယ်နေပြီးဖြစ်သော ကျွန်ုပ်တို့အားလွယ်ကူစွာပင်ပရမတ်

သဘော ဖြစ်သော အပျက်ကို တွေ့မြင်ရသည်။ မီးပုံကြီး ကွယ်ပျောက်သွားသည်။ မီးပုံကြီး ပျက်ပြိုကျသွားသည်။ ထို့အတူပင် ကျန်သော ပြိတ္တာ၊ အသူရကာယ် ဂတိနိမိတ်၊ တိရစ္ဆာန်ဂတိနိမိတ်၊ လူ့ဘုံသွားမည့် ဂတိနိမိတ်၊ နတ်ပြည်ခြောက်ထပ်၊ အထပ်ထပ်သောနတ်ဂတိနိမိတ်တွေလည်း ကျွန်ုပ်တို့၏လက်ဝယ်ပိုင်ပိုင်ရရှိထားသော ဘင်္ဂဉာဏ်လက်နက်ဖြင့် အစိတ်စိတ်အပိုင်းပိုင်း အမှုံမှုံအမွှားမွှား ကျဆုံးပျက်သုဉ်းသွားကြတော့သည်။

ထိုအချက်နှင့်ပတ်သက်၍ ဆရာတော်ကြီးက ကျွန်ုပ်တို့အား အသေအချာစစ်မေးသည်။ ပြီးလျှင် ရှင်းပြပေးပေတော့သည်။ ဆရာတော်၏ ရှင်းပြပေးချက်အရ ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒကို ပိုပြင်ပြတ်သား ရှင်းလင်းစွာ သဘောပေါက်သိရှိလာတော့သည် ဆရာတော်ကြီးကဆိုသည် ဗုဒ္ဓဘာသာအမည်ခံတိုင်း ဗုဒ္ဓဘာသာအစစ် မဖြစ်ပေ။ ဗုဒ္ဓဝါဒီ အစစ်မခေါ်နိုင်ပေ။ ဗုဒ္ဓ ဘာသာဝင် မြဲမြံသူ တယောက် မဖြစ်နိုင်ပေ၊ ယခုဘဝ၌ အခိုက်အတန့် သာသနာ့ဝန်ထမ်း ရဟန်းတော်များ အဖြစ်ဖြင့် ဗုဒ္ဓဘာသာခံယူထားသော်လည်း ထိုထိုတမလွန်ဘဝတို့တွင် အခြားသော ဘာသာဝင်တွေ ဖြစ်နိုင်ပေသည်။ အခြားဟာမပြောနှင့် ဘုရားအလောင်းတော် မိစ္ဆာဒိဋ္ဌိအယူကို ယူမိပေသေးသည်။ ကဿပဘုရားရှင်လက်ထက်က ဘုရားအလောင်း ဇောတိပါလသည်၊ မိစ္ဆာဒိဋ္ဌိအယူကိုယူသော ပုဏ္ဏားမျိုး၌ ဖြစ်နေရသေးသည်ဟူ၍ ပုံစံထိုးပြသည်။ ဗုဒ္ဓဘာသာအစစ်၊ ဗုဒ္ဓဝါဒီအစစ်မှာ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားမှ စစ်ကြောင်းအမိန့်ရှိသည်။ သောတာပန်မဖြစ်လျှင်တောင် ဝိပဿနာဉာဏ် ၁၃တန်

အနက်က ၅ ခုမြောက်ဖြစ်တဲ့ ဘင်္ဂဥာဏ် အပျက်ဥာဏ် တို့ကို ပိုင်ပိုင်ရရှိထားသူသည် ဗုဒ္ဓဝါဒီအစစ်နယ်ဖက်သို့ ကူးပြောင်း လာနေသူဖြစ်သည်ဟူ၍ ဆိုသည်။ ဗုဒ္ဓဝါဒီ၌ အနည်းဆုံး လမ်းစဉ်သည်။ အပယ်တံခါး ပိတ်ရေးလမ်းစဉ်ဖြစ်သည်၊ သောတာပန်ပုဂ္ဂိုလ်၌ အပယ်တံခါးသည် ပိတ်သွားလျက် ရှိပေသည်။ ယင်းအတွက် ဗုဒ္ဓဝါဒီအစစ်ဖြစ်သွားသည်။ ဤဘင်္ဂဥာဏ် လက်နက်ကို ရရှိထားသူလည်း အပယ်ကိုမကျအောင်သေချာပေါက် ပြုလုပ်နိုင်သော လက်နက်ကောင်းဖြစ်သည်။ ယင်းအတွက် ဗုဒ္ဓဝါဒီအစစ်နယ်သို့ ရောက်ရှိလာသူဖြစ်သည်၊ သို့မဟုတ်သောတာပန်ပုဂ္ဂိုလ်က ပဌမဗုဒ္ဓဝါဒီအစစ်ဖြစ်ပြီး ဘင်္ဂဉာဏ်ရရှိထားသူက ဒုတိယဗုဒ္ဓဝါဒီအစစ် ဖြစ်နိုင်သည်ဟု ဆိုပေသည်။ ဒါန၊ သီလ၊ လောကနဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်ဟု ဆိုနိုင်သော်လည်း ဗုဒ္ဓဝါဒီအစစ်ဖြစ်သူ ဟူ၍ ဆိုနိုင်ရန် ခဲယဉ်းပေသည်။ အကြောင်းသော် ဒါန၊ သီလမှာလည်း အပယ်ကို သေချာပေါက် မကျအောင် မပြုလုပ်နိုင်သောကြောင့်ဟူ၍ အမိန့်ရှိလေတော်သည်။

'သူမပါရင်မပြီး သူကြီးရယ်တဲ့သူအဖေ' ဆိုသကဲ့သို့ ဗုဒ္ဓဝါဒ၌ ဒါနနဲ့သီလမပါရင်မပြီးပေ၊ သို့သော် သူ့တွင်ရပ်ထား၍ ပြန်လျှင်လည်းမဖြစ်ပြန်ပေ။ ဝိပဿနာ-ဘာဝနာအထိ ကူးတက်သွားနိုင်မှ ဗုဒ္ဓဝါဒီအဖြစ် ခံယူမှု ပြည့်စုံနိုင်သည်။ဗုဒ္ဓဘာသာဝင်မှန်သမျှ ဗုဒ္ဓဝါဒီမှန်သမျှရဟန်းရှင်လူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်အပေါင်းတို့သည် သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင် မကျင့်နိုင်သည့်တိုင်အနည်းဆုံး ဤဘင်္ဂဉာဏ်လက်နက်ကိုမိမိပိုင်ပိုင်ရရှိထားအောင် လုပ်ထားသင့်သည်ဟုဆိုသည်။ သို့မှသာ အပါယ်ဘေးမှ

စိတ်ချ နိုင်ပေသည်ဟူ၍ အမိန့်ရှိလေသည်။ ဆရာတော်ကြီးက ဆက်လက်ရှင်းပြသည်။

မိမိတို့အနေနဲ့ ဒီဘဝမှာ ရဟန်းဘဝလဲ ဖြစ်တယ်။ ရဟန်းဘဝဖြစ်တဲ့အားလျော်စွာ ဘုရားရှင်ပညတ်ထားတဲ့ သီလ သိက္ခာပုဒ်တွေကိုလဲ မကျိုးမပေါက်အောင် စောင့်ထိန်းလာတယ်။ ဒါနကို စွမ်းအားသမျှ ဖြည့်ဆီး လာတယ်ထားအုံး၊ ဒါက ဒီဘဝအတွက်မှာလုပ်တာ၊ ဒါ့ပြင်မဲ့မိမိတို့ဟာ သံသရာ ကျင်လည်ခဲ့ရတာ၊ ပြန်တွက်ကြည့်လိုက်တော့ ကျင်လည်ခဲ့ရတဲ့ ဘဝတွေဟာ အသင်္ချေအနန္တပဲ ထိုဘဝဘဝ အသင်္ချေအနန္တက အကုသိုလ်ကံတွေကို သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ်တွေ မဟုတ်ခဲ့ကြသူပီပီ မြောက်များစွာ ကျူးလွန်မိခဲ့တယ်၊ အဲဒီကံတွေက အလကားဖြစ်သွားတာမဟုတ်ဘူး၊ နိဗ္ဗာန်မရောက်ခင်သောတာပန် မဖြစ်ခင်မှာ အပယ်ကိုဆွဲချဖို့ အဆင်သင့်ရှိနေတယ်။ ကဲ မတော်တဆ သေခါနီးကာလ၊ ယခုဘဝလုပ်တဲ့ ကုသိုလ်ကံ တွေက အကျိုး မပေးပဲနဲ့ ဘဝဘဝ အသင်္ချေ အနန္တ ပြုလုပ်ခဲ့တဲ့ အကုသိုလ်အနန္တတွေအနက်က ဘယ်ကံက အကျိုးပေးလိုက်တယ် မသိဘူး။ အပါယ် ချရန်၊ အပါယ် မီးကြီး တ ဟုန်း ဟုန်း ထတောက်လာတယ်။ အဲဒီ အပယ်ချမဲ့ ဂတိနိမိတ်ကို ဘယ်လက်နက်နဲ့ဖျက်မလဲ၊မဖျက်နိုင်ရင် အပါယ်ကျမှာသေချာတာပဲ။ ကဲ အဲဒီအပယ်မီးကိုဖျက်ကြည့်၊ ငါဟာ ဒါနကို လုပ်ခဲ့ပါတယ် ဆိုပြီး ဒါနလက်နက်နဲ့ ဖျက်လို့ရမလား၊ မရဘူး။ ဒါဖြင့် ငါဟာ သီလသိက္ခာ၊ ရဟန်းဝိနည်းတော်တွေကို လုံခြုံစွာစောင့်ထိန်းလာပါတယ်ဆိုပြီး၊ သီလလက်နက်နဲ့ တိုက်ဖျက်မယ်။ အပယ်မီး

ကြီးက ထွက်ပြေးမယ်ထင်သလား၊ မသွားဘူး။ ငါဟာ ဗုဒ္ဓရဲ့ သာသနာတော်မှာ သာသနာ့ဝန်ထမ်းအနေနဲ့ ပရမတ္ထဖြစ်တဲ့ သင်္ကန်းကို ဝတ်ရုံထားပါတယ် ဆိုပြီး သင်္ကန်းကို လှုပ်ပြရင်ကော အပါယ်မီးကြီးက နောက်ဆုတ်ပြေးမှာလား၊ မပြေးဘူး။ စတင်းဂန်း၊ ဘရင်းဂန်း၊ အနုမြူဗုံး စတဲ့လက်နက်နဲ့ တိုက်ဖျက်ရင်တော့ရမလား၊ မရဘူး။ အဲ၊ ရတာတခုပဲရှိတယ်။ ဝိပဿနာဉာဏ်စဉ်မှာ ငါးခုမြောက်ဖြစ်တဲ့ ဘင်္ဂဉာဏ်လက်နက်နဲ့ တိုက်ဖျက်လိုက်ရင် အပါယ်မီးကြီးဆိုတဲ့ ဃန ပညတ်သဏ္ဌာနပညတ်ကြီးပျောက်ပြီး၊ တဖွားဖွားတသဲသဲ ပျက်သုဉ်းနေတဲ့ ပရမတ်သဘောကိုပဲ တွေ့ရမယ်။ အပါယ်မီးက အဲဒီလို ပျက်သုဉ်းသွားတော့ အဲဒီအပါယ်က ကိုယ့်ကို ဘယ်လိုဆွဲချမလဲ၊ ကဲ ဆွဲချပစ်ပြစမ်း ရမလား၊ မရဘူး။ ဒါကြောင့် ယခုကဲ့သို့ ဘင်္ဂဉာဏ်ကို ပိုင်ပိုင်ရထားတဲ့ ပုဂ္ဂိုလ်ဟာသောတာပန်မဖြစ်သည့်တိုင် အပါယ်ဘေးက စိတ်ချလက်ချလွတ်ပြီး မိမိစိတ်ကြိုက်၊ တမလွန် ဘဝကို ရွေးချယ်နိုင်တယ်။ လူ့ဘဝနဲ့နတ်ပြည်ခြောက်ထပ်တထပ်ထပ်မှာ နေနိုင်တာပဲ၊ အဲဒီကမှတဆင့် ကိုယ်ရှုပွားထားတဲ့ တရားဓမ္မကို ပြန်လည်ကျင့်သုံးပြီး မဟာသောတာပန်အဆင့်အထိ ကူးပြောင်းတက်သွားနိုင်တော့တယ်။ ဒါကြောင့် ဘုရားရှင်က

သုညတောလောကံ၊ အဝေက္ခဿု၊ မောဃရာဇာ သဒါ သတော။

ဝေံလောကံ၊ အဝဝေက္ခန္တံ၊ မစ္စုရာဇာန ပဿတိ။

မောဃရာဇာ မောဃရာဇာ၊ သဒါ၊ အခါခပ်သိမ်း၊ သတော- သတိနဲ့ ပြည့်စုံ၍၊ လောကံ- လောကကို၊ သုညတော- သုညအနေ-

ထင်မြင်အောင်၊ အဝေကွာသု-ရှုကြည့်လော၊ ဗေဝံ-ဤသို့၊ လောကံ-လောကကို၊ အဝေက္ခန္တံ - သည့်အနေထင်မြင်အောင်၊ ဝါ အပျက်အနေ ထင်မြင်အောင်၊ ရှုကြည့်နိုင်ခဲ့သည် ရှိသော်၊ မစ္စုရာဇာ-သေမင်းသည်၊ နပဿတိ၊ မမြင်ပေ။

ဆိုလိုတာက သောကကြီး တခုလုံးကို သည် အနေအပျက်အနေထင်မြင်အောင်ရှုပွားနိုင်လျှင်၊ သေမင်းမမြင်ဘူးလို့ဆိုလိုတာပဲ။ သေမင်း မြင်တာက အတုံးအခဲ အစအဆုံး အပိုင်းအခြားမရှိ။ အထပ်ထပ် သေအောင် သတ်နေတာပဲ။ ရဟန္တာပုဂ္ဂိုလ်ကျတော့ ထိုဘဝပဲ သေမင်း သတ်လို့ရပြီး နောက် ဘယ်တော့မှ သတ်လို့မရဘူး ထို့အတူ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့လဲ အများဆုံးရ ဘဝလောက်သာ သတ်လို့ရတယ်။ သတ်တဲ့နေရာမှာလဲ အပါယ်လေးပါး သံသရာနယ်မှာ သတ်လို့ မရဘူး။ ထို့အတူ ဘင်္ဂဉာဏ် ရရှိထားသူဖြစ်တဲ့ စက္ခုမန္တကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်ကိုလဲ အပါယ်လေးပါး သံသရာမှာ သတ်လို့ မရဘူး။ ပြီးတော့ အတိုင်းအဆမရှိ သတ်လို့ မရဘူး။ ဒါကြောင့် ဗုဒ္ဓဝါဒီ မှန်ရင် အနည်းဆုံး ဒီ ဘင်္ဂဉာဏ်လောက်တော့ ရထားအောင် လုပ်ထားသင့်တယ်ဆိုတာ သဘောပေါက် ကြဘို့ပဲ

ဆရာတော်၏ ထို ရှင်းလင်းချက်သည်ကျွန်ုပ်တို့အား ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ အဖိုးမဖြတ်နိုင်သော အလေးအနက် နားလည်ဉာဏ်ကျယ်သွားမှုကို ရလိုက်ပါတော့သည်။ ယင်းသို့ဖြင့် ကျွန်ုပ်တို့ အစဉ်သဖြင့် ရှုပွားလာရာ နောက်ဆုံးတွင် မျက်စိကိုဖွင့်လျက်ကြည့်သော ရူပါရုံနှင့် စက္ခုပသာဒ။ ထိုထို ဤဤ အလီလီသော ငှက်သံ၊ လူသံ၊ ခွေးသံတို့ကိုကြားနေရသောသဒ္ဒါရုံသဒ္ဒပသာဒ

မွှေးသောအနံ့၊ နံသောအနံ့၊ ချိုချဉ် ဖန်ငန်စသော ရသာရုံ၊ ဓမ္မာရုံ၊ ဓမ္မာနုပဿနာတွင် အာယတန အပိုင်းဖြစ်သော အပြင် အာရုံစခြောက်ပါး အခက်အခဲ မရှိ၊ အားလုံး ပျက်သုဉ်းအောင် ရှုပွားယူနိုင်တော့သည်။ ထိုမှတဆင့် ဝေဒနာနုပဿနာကိုလည်း လွယ်ကူစွာ ရှုပွားယူနိုင်ကာ သုံးလကျော်ခန့်လောက်တွင် သတိပဋ္ဌာန်လေးပါးတွင် နောက်ဆုံး အဆင့်ဖြစ်သော စိတ္တာနုပဿနာသို့ ချောမောစွာ ရောက်ရှိလာခဲ့ပေတော့သည်။

[၁၁]

# အံ့ဩဘွယ်ကောင်းစွာ၊ မဖြစ်ဘူးမြဲဖြစ်စွာ

ကျွန်ုပ်၏ မှန်းချက်သည် ကောင်းစွာ ကိုက်ခဲ့ပြီ ဖြစ်သည်။ ဝိပဿနာတရားကို သုံးလ ကြိုးကြိုးစားစား လေ့လာ လိုက်စား လျှင် ဗုဒ္ဓဝါဒဖြစ်သော ဝိပဿနာ တရားကို ခြေခြေမြစ်မြစ် ကျကျနန နားလည် သဘောပေါက် သိရှိနိုင်ပေမည်။ စိတ် အေးငြိမ်း ချမ်းသာခြင်း သက်သာခြင်း ရရှိပေလိမ့်မည်ဟူ၍ အစက မှန်းထားချက် ယခု ကိုက်ညီလျက် ရှိပေပြီ။ သုံးလခန့်နှင့်ပင် သတိပဋ္ဌာန် လေးပါးလုံး ပွားများနိုင်ခဲ့သည်။ ဝိပဿနာ တရား ကို ကောင်းစွာ နားလည်ခဲ့သည်။ ဗုဒ္ဓဝါဒကို ကောင်းစွာ သဘောပေါက်ခဲ့သည်။ ကျွန်ုပ် အတိုင်းမသိဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ အတိုင်းမသိ နှစ်သိမ့် ကြည်နူးမိသည်။ ကျွန်ုပ်၏ ပတ်ဝန်းကျင်ကို ကျွန်ုပ်ကောင်းစွာ မျက်နှာပြုဝံ့ပြီ ဖြစ်သည်။ ထိုထိုသော ပရိသတ်တွေထဲသို့ ကောင်းစွာ တိုးဝံ့ပြီ ဖြစ်သည်။

သူတော်ကောင်းတို့၏ အလယ်၌ ကောင်းစွာ ပျော်မွေ့နိုင်ပြီ ဖြစ်သည်။

ဗုဒ္ဓဝါဒနှင့် ကမ္ဘာလောက ဝါဒ။ တနည်းအားဖြင့် ပုထုဇဉ်တို့၏ ဝါဒသည် အဖြူနှင့်အမဲ။ အရှေ့နှင့်အနောက်ပမာ ခြားနားလှန်းလှသည်။ ဗုဒ္ဓဝါဒသည် အဆုံး အပိုင်းအခြားရှိသော ဝါဒဖြစ်သည်။ အတိုင်းအတာ ပမာဏရှိသော ဝါဒ ဖြစ်သည်။ မိမိတွေ့ကြုံ ခံစားရမည်ဖြစ်သော ဒုက္ခနှင့် သုခတို့၏ အခြေအနေကိုတိတိကျကျတွက်ချက်လို့ရသော ဝါဒဖြစ်သည်။ကမ္ဘာလောက ဝါဒသည် အဆုံး အပိုင်းအခြား မရှိသော ဝါဒဖြစ်သည်။ အတိုင်းအတာ ပမာဏ မရှိသော ဝါဒ ဖြစ်သည်။ မိမိတွေ့ကြုံ ခံစားရမည်ဖြစ်သော ဒုက္ခနှင့် သုခတို့၏ အခြေအနေကို တိတိကျကျ တွက်ချက်၍ မရသော ဝါဒဖြစ်သည်။ ထို ဝါဒ နှစ်ခုကို သင်္ချာနည်းဖြင့် လေ့လာ သုံးသပ်ကြည့်သော် ပို၍ ရှင်းလင်းလွယ်ကူစွာ သဘောပေါက် နားလည်လာနိုင်ဖွယ် ရှိသည်။

ဂဏန်းသည် အနည်းဆုံး တစ် ဂဏန်းမှစ၍ အများဆုံး အသင်္ချေအနန္တရှိသည်။ ကမ္ဘာလောကတွင်ထိုထိုသောဝေါဟာရ အသုံးအနှုံးတို့ဖြင့် ခေါ်ဝေါ် သုံးနှုန်းစရာ သင်္ချာရှိသင်္ချာမဲ့ အရာဝတ္ထုတို့သည် ဂဏန်းပေါင်း အသင်္ချေ အနန္တပင် ရှိလေသည်။ ဗုဒ္ဓဝါဒ၌ ထို အသင်္ချေ အနန္တတွေကို 'တစ်ဂဏန်း' ဖြစ်အောင် လုပ်ရသော ဝါဒဖြစ်သည်။ မှန်ပါသည်။ ဗုဒ္ဓဝါဒလုပ်ငန်း အစီအစဉ်၌ တစ်ဂဏန်း ဖြစ်အောင် လုပ်ရသော အစီအစဉ်သည် နံပါတ်တစ် အစီအစဉ် ဖြစ်သည်။ ထို အစီအစဉ်အရ ကမ္ဘာလောက ပုထုဇဉ်နယ်၌ ခေါ်ဝေါ် သုံးနှုံးနေကြသော အမျိုး

အမည်အားဖြင့် ရေတွက်၍ မဆုံးနိုင်သော ထိုထို သက်ရှိသက်မဲ့ အရာဝတ္ထု အသခေ်ျ အနန္တတို့ တစ်ဂဏန်း အဖြစ်သို့ မိမိ ပိုင်ပိုင် ရောက်ရှိအောင် လုပ်ပြီးသည်ဟုဆိုလျှင် ယင်း တစ်ဂဏန်းကို တဖန် ဆက်လက်၍ 'သုည' ဖြစ်သွားအောင် ကြိုးစား အားထုတ် ယူရပြန်သည်။ ပြန်၍ တစ်ဂဏန်း မဖြစ်သော သုညအဖြစ်သို့ အပြီးတိုင် ရောက်သွားသည်ဟုဆိုလျှင် ဗုဒ္ဓဝါဒလုပ်ငန်း အစီအစဉ်သည် ပြီးဆုံးခြင်းသို့ ရောက်ရှိသွားတော့သည်။ နောက်ထပ် အနည်းငယ်မျှ တစုံတခု ထပ်မံ ပြုလုပ်ဖွယ် ကိစ္စမရှိတော့ပါပေ။

ဗုဒ္ဓဝါဒအရ တစ်ဂဏန်းဖြစ်အောင် လုပ်ရသော အစီအစဉ်မှာ 'သင်္ခါရ'ဖြစ်အောင် ပြုလုပ်ရခြင်းပင်ဖြစ်သည်။တနည်း ဆိုသော် အကောင်အထည် အတုံးအခဲ စသော ပညတ်သဏ္ဌာန် နိမိတ်တွေ ကွယ်ပျောက်သွားပြီး 'အပျက်' တခုတည်းအနေ နေအောင်ကြိုးစားအား ထုတ်ယူရခြင်းဖြစ်သည်။ ထိုကမှတဆင့် ယင်း 'အပျက်'ဆိုတဲ့ တစ်ဂဏန်းကို ဆိတ်သုဉ်းကွယ်ပျောက်သွားအောင် ပြုလုပ်ရတော့သည်။ ထိုအခါ အပျက်တစ်သည် သုည ဖြစ်သွားသည်။ ပရိနိဗ္ဗုတ ဖြစ်သွားသည်။ အရှင်းဆုံးဆိုသော် ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ပြုသွားနိုင်ချက်ပင် ဖြစ်တော့သည်။ ဗုဒ္ဓဝါဒကား ထိုသို့ အဆုံး အပိုင်းအခြားရှိသော ဝါဒပင် ဖြစ်ချေသည်။ကမ္ဘာလောက ဝါဒ၌ လုပ်ငန်းအစီအစဉ်သည်အနည်းဆုံး ၂-ဂဏန်းမှစ၍ အကောင်အထည်ပေါ်လုပ်ဆောင်ရသော လုပ်ငန်းမျိုးဖြစ်သည်။ယောကျ်ားရှိသည်။ မိန်းမရှိသည်။ဂုဏ်ကြီး ဂုဏ်ငယ် ရှိသည်။ အနိမ့်အမြင့်ရှိသည်။ အကောင်းအဆိုးရှိသည်။ အလှမလှ ရှိသည်။ အချောမချော ရှိသည်။ ဥစ္စာဓန ရှိမရှိ

ရှိသည်။ ရန်သူမိတ်ဆွေ ရှိသည်။ အတိုအရှည် ရှိသည်။ ချစ်သူ မုန်းသူ ရှိသည်။ အပိန်အဝ ရှိသည်။ အယုတ်အမြတ် ရှိသည်။ နှစ်သက်ဖွယ်အာရုံ မနှစ်သက်ဖွယ်အာရုံ ရှိသည်။ စသည်ဖြင့် ထိုသည့် ၂–ဂဏန်းတွေကို လောဘနှင့်မြောက်၊ ဒေါသနှင့်မြောက်၊ မောဟနှင့် မြောက်၊ ဝိဘက်နှင့် မြောက်၊ ဥဒ္ဓစ္စနှင့်မြောက်၊ အဝိမောက္ခနှင့် မြောက်၊ မာနနှင့်မြောက် စသည် မြောက်ကာ မြောက်ပွားကြရသော အစီအစဉ်တွေ လုပ်ငန်းမျိုး ဖြစ်သည်။ အဘယ်ဂဏန်း၌ အဆုံးသတ်မည်ဟူ၍ အဆုံးသတ်နိုင်သော အခြေအနေ မရှိပေ။ အဆုံးအပိုင်းအခြား ရှိမနေပေ။ အတိုင်းအတာ ပမာဏ ရှိမနေပေ။ အဆုံး အပိုင်းအခြား မရှိသော ကောင်းကင်ပြင်ကဲ့သို့ ဖြစ်နေသည်။

ကျွန်ုပ်သည် ယင်းကဲ့သို့ ဗုဒ္ဓဝါဒနှင့် ကမ္ဘာလောက ဝါဒကို ခြားနားသဲကွဲစွာ နားလည် သဘောပေါက် လာရသည်၊ အံ့သြဘွယ် ကောင်းစွ။ မဖြစ်ဘူးမြဲ ဖြစ်စွ။ သုံးလမျှအတွင်း ဤကဲ့သို့ အလွန်တရာ ခက်ခဲနက်နဲ သိမ်မွေ့ နူးညံ့လှသော ဗုဒ္ဓဝါဒ ဖြစ်တဲ့ ဝိပဿနာဓမ္မကို ပီပြင်ရှင်းလင်းစွာ သဘောပေါက် နားလည်ခွင့်ကို ရလိုက်ခြင်းသည်၊ ကျွန်ုပ်အတွက် တန်ဘိုးအနဂ္ဃထိုက်တန်လှသည်။ ကိုယ့်ကိုယ်ကို မယုံကြည်နိုင်လောက်အောင်လည်း ဖြစ်ရသည်။ အံ့သြမဆုံးလည်း ဖြစ်ရသည်။ ကြည်နူးမဆုံးလည်း ဖြစ်ရသည်။ ဗုဒ္ဓရှင်တော်၏ ဂုဏ်ကျေးဇူးတော်သည် ကြီးမားလေစွ။ တရားတော်၏ ဂုဏ်ကျေးဇူးတော်ကြီးသည် ကြီးမားလေစွ။ သံဃာတော်၏ဂုဏ်ကျေးဇူးတော်သည်ကြီးမားလေစွ။ သံလျင်တောရဆရာတော်၏ ဂုဏ်ကျေးဇူးတော်သည် ကြီးမား

လေစွ။ သူ၏ ဗုဒ္ဓဝါဒကို အကောင်အထည်ဖော်သော ဓမ္မ လုပ်ငန်းစဉ်သည် အလွန် နှစ်သက်ဖွယ် ရှိပါပေစွ။ ကျွန်ုပ် ဥဒါန်း ကျူးရင့်မိသည်။

ဘုရားရှင်လက်ထက်က ပုဂ္ဂိုလ်ပေါင်း များစွာတို့သည် ဘုရားရှင်၏ တရားတော်ကို ကြားနာရအပြီး၌ မမြော်လင့်သော ဘဝသစ်သို့ ရောက်ရှိသွားသည့်ဟန်၊ ဘုရားရှင်အပေါ် ကျေးဇူးတင်မဆုံးဖြစ်ပြီး ဤသို့ ဥဒါန်းကျူးလေ့ကျူးထ ရှိခဲ့ကြပေသည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား တရားတော်သည် အလွန် နှစ်သက်ဖွယ်ရှိပါပေစွ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားတရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ ဘုန်းတော် ကြီးသော မြတ်စွာဘုရား လောက ဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့ရင်း၊ ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်သကဲ့သို့ရင်း၊ မျက်စိလည်လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့ရင်း၊ မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့ရင်း၊ ထို့အတူပင် မြတ်စွာဘုရားသည် တပည့်တော်အား များစွာသော အကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပေပြီ။

ကျွန်ုပ်သည် ဘုရားရှင်လက်ထက်က ထိုသို့ ဥဒါန်းကျူးရင့်ကြသော ပုဂ္ဂိုလ်တို့အား မြင်ယောင်ပြီး ကျွန်ုပ်သည်လည်း ထိုသို့ပင် ဥဒါန်းကျူးရင့်မိသည်မှာ အမှန်ပင်ဖြစ်သည်။

'သံလျင်တောရ ဆရာတော်ဘုရား။ အရှင်ဘုရား ဖော်ထုတ်ထားသော ဗုဒ္ဓ၏ ဝိပဿနာတရားဓမ္မသည် အလွန် နှစ်သက်ဖွယ် ရှိပါပေစွ။ ဗုဒ္ဓ၏ ဝါဒကို ပီပြင် စစ်မှန်စွာ ဖေါ်ထုတ်မှု ပြုနိုင်ပေစွ။ သံလျင်တောရဆရာတော်ဘုရား၊ အရှင်ဘုရားထံ၌ သုံးလခန့် ဝိပဿနာဓမ္မကို လေ့လာကျင့်သုံးခွင့် ရလိုက်သည် ဖြစ်၍ ဗုဒ္ဓ၏ ဝိပဿနာဓမ္မကို တိကျသေချာစွာ သဘောပေါက် နားလည်ခွင့်ရခဲ့ပေစွ။ ဗုဒ္ဓဝါဒအပေါ်၌ တပည့်တော်သည် အသိအမြင် ပီပြင်သန့်ရှင်းစွာ ယုံကြည်လာနိုင်ခဲ့ပေစွ။ သံလျင်တောရဆရာတော်ဘုရား၊ လောကဥပမာအားဖြင့် မှောက်၍ ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့ရင်း၊ ဖုံးအုပ်ထားသော အရာဝတ္ထုကိုဖွင့် လှစ်လိုက်သကဲ့သို့ရင်း၊မျက်စေ့လည်လမ်းမှားသော သူအား လမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့ရင်း၊ မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်ဟု အမိုက်အမှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့ရင်း၊ ထို့အတူပင် သံလျင်တောရဆရာတော်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်အားများစွာသော အကြောင်းဖြင့် ဝိပဿနာတရားဓမ္မတွေကို ကျင့်လည်း ကျင့်သုံးစေတော်မူအပ်ပေပြီ။ ထင်ရှားစွာလည်း ဟောကြားတော်မူအပ်ပါပေပြီ"

ကျွန်ုပ်၏ လာခဲ့ရင်းရည်ရွယ်ချက်သည် အောင်မြင်ပြီးဆုံးခဲ့ပြီဖြစ်သည်။ဗုဒ္ဓဝါဒနှင့်ပတ်သက်၍ အဖိုးမဖြတ်နိုင်သောအသိအမြင်တွေကိုကောင်းစွာရ ရှိခဲ့ပြီဖြစ်သည်။ယင်းသို့ဆိုလျှင်ကျွန်ုပ် ရှေ့ကိုဘာဆက်လုပ်ရမည်နည်း။ကျွန်ုပ်လောက်သဘောမပေါက်သူတွေများစွာရှိသည်။ ထိုပုဂ္ဂိုလ်တို့အား ကျွန်ုပ်ကဲ့သို့ သဘောပေါက်

သိနားလည်သွားအောင် ကြိုးစားရပေဦးမည်ဖြစ်သည်။ ကျွန်ုပ်၌ ချစ်လှစွာသောမိခင်ရှိသည်။ ညီမရှိသည်။ ကျေးဇူးများသော ဆရာသမားတွေရှိသည်။ တဇွန်းတယောက်မဆိုသကဲ့သို့ လှူဒါန်းဘူးသော ဒကာ ဒကာမတွေရှိသည်။ အပေါင်းအသင်း မိတ်ဆွေ သင်္ဂဟ ရောင်းရင်းတွေရှိသည်။ ထိုထိုပုဂ္ဂိုလ်တို့အား ဗုဒ္ဓဝါဒကို နားလည်အောင် ကြိုးပမ်းရမည်ဖြစ်သည်။ စစ်မှန်သော တရားဓမ္မလမ်းကြောင်းပေါ်သို့ ရောက်အောင်ဆွဲဆောင်ပေးမသည်းခံ ခေါ်တင်ရမည်ဖြစ်သည်။ သို့သော် ထိုပုဂ္ဂိုလ်တို့သည် ကျွန်ုပ်သဘောပေါက်ထားသော ဗုဒ္ဓဝါဒကို အလွယ်တကူ သဘောပေါက်နိုင်စွမ်းရှိပါမည်လော။ အလွယ်တကူ လက်ခံနိုင်စွမ်း ရှိပါမည်လော။မလွယ်ပါချေ။မလွယ်ရေးချမလွယ်ပါချေ။ ကျွန်ုပ်ကောင်းစွာရိပ်စားမိသည်၊ထိုပုဂ္ဂိုလ်တို့၌ အတ္တစွဲရှိသည်၊ ဝါဒစွဲရှိသည်၊ ပုဂ္ဂိုလ်စွဲရှိသည်။ဆရာစွဲရှိသည်။ မိမိတို့၏ လက်ရှိဘဝ အခြေအနေတို့၌ ကြေနပ်နှစ်သိမ့် နေကြသည်။ ဘာမဟုတ်သော အခြေအနေ တို့ဖြင့် ကိုယ့်ကိုယ်ကို အထင်ကြီး မာနလွှမ်းလျက်ရှိသည်။သံယောဇဉ် မီးတောက်မီးလျှံတို့ထဲ၌ ပျော်မွေ့နေကြသည်။လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ မာနမီး၊ ဒေါမနဿမီးတို့ အထပ်ထပ်လောင်ကျွမ်းမှုကို ခံနေကြရသည်။ ကျွန်ုပ် စိတ်ပျက်မိသည်။ အားငယ် မိသည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်အားကျွန်ုပ်သွား၍ ကျွန်ုပ်သဘောပေါက်သော လမ်းစဉ်သို့ ရောက်အောင် ပြောဟောမိ၊ ဆွဲဆောင်မိသော်၊ ကျွန်ုပ်အား အရူးမထင်လျှင် ထင်မိထင်ရာ ဇွတ်တရွတ် လျှောက်လုပ်နေသူ

ဇွဲတ်သမားဟူ၍ မထင်လျှင် တော်သေးသည်ဟု ဆိုရချေမည်။

စိတ္တဇအရူးထောင်သို့ရောက်လျှင် လူကောင်းတွေက အရူးတွေကို လက်ညှိုးထိုး၍ 'အရူး' တွေဟုဆိုကြသည်။ ထိုအခါ ထိုသည့် 'အရူး' တွေကလည်း လူကောင်းတွေကို 'အရူး' တွေဟူ၍ ပြောကြပြန်သည်။ ယင်းသို့ဆိုလျှင် ဘယ်သူ ရူးသနည်း။ ကျွန်ုပ်ပတ်ဝန်းကျင်နှင့် ကျွန်ုပ်မှာလည်း ထိုသဘောပင် ဖြစ်ရချေမည်။ ကျွန်ုပ်ဘောင်မှဗုဒ္ဓဝါဒ၏ တစွန်းတစ အဖျားအနားကို ဆွဲကိုင်မိသည်နှင့် ထိုကဲ့သို့ဖြစ်သည်ဟုဆိုလျှင် ဗုဒ္ဓရှင်တော်ဘုရားကား ပြောဘွယ်ရာမရှိ။ ထိုထက် မြောက်များစွာ ဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်ချေသည်။

ဂေါတမဗုဒ္ဓအလောင်း သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မွေးဖွားသည်။ ၉၇ ခုနှစ်ဝါဆိုလပြည့်နေ့တွင် တောထွက်ခဲ့သည်။ (၆) နှစ် ဒုက္ကစရိယာ ကျင့်ပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတ ရွှေဉာဏ်တော်ပိုင်ရှင် သမ္မာသမ္ဗုဒ္ဓဘွဲ့ထူးကို ခံယူသွားနိုင်ခဲ့ပေသည်၊ ဘုရားဖြစ်ပြီး "သတ္တသတ္တာဟ ၄၉ ရက်ခံပြီးနောက် ရက်ပေါင်း (၅၀)မြောက် ဝါဆိုလဆန်း (၆) ရက်နေ့တွင် သူသိထားသော တရားဓမ္မဖြင့် သတ္တဝါတို့အား ဟောကြားချေချွတ်ရန် ကမ္ဘာလောကအား ကြည့်လိုက်သည်။ ထိုအခါ ဘုရားရှင်၏ စိတ်ထဲ၌ ဤသို့အကြံဖြစ်ပေါ်လာသည်။

"အဓိဂတော ခေါ မျာယံ ဓမ္မောဂမ္ဘီရော ဒုဒ္ဒသော၊ ဒုရနု ဗောဓော သန္တော ပဏီတော အတက္ကာဝစရော၊ နိပုဏော၊ ပဏ္ဍိတ ဝေဒနီယော"

မေ-ငါဘုရားသည်၊ အဓိဂတော-ရအပ်-သိအပ်ပြီးဖြစ်သော၊ အယံဓမ္မော၊ ဤသစ္စာလေးပါးတရားသည်၊ ဂမ္ဘီရော- နက်နဲလှ စွာ၏၊ မြေအဲထုကိုခံလင့်သော ရေထုပမာရှိလှပါ၏။ ဒုဒ္ဒသော မြင်နိုင်ခဲလှစွာ၏၊ မြင့်မိုရ်တောင်ကြီးဖြင့် ဖုံးအုပ်၍ထားအပ်သော မုန်ညင်းစေ့ပမာ ရှိလှပါပေ၏၊ ဒုရနုဗောဓော လွန်စွာသိနိုင်ခဲလှ၏၊ အကြိမ်တရာ ခွဲစိပ်အပ်သော သားမြီးစွန်းတခုဖြင့် သားမြီးစွန်း တခုကို တည့်တည့်မှန်အောင် ထိုးရ ထောက်ရသည့်ပမာ ရှိလှ ပါပေ၏၊ သန္တော- ငြိမ်းချမ်းလှစွာ၏၊ ပဏီတော-မွန်မြတ်လှစွ၊ အတ္တက္ကာဝစရော အကြံအစည်စိတ်ကူးဖြင့် သိနိုင်သော၊ တက္ကိ ပုဂ္ဂိုလ်တို့၏ အရာလည်းမဟုတ်၊ နိပုဏော-သိမ်မွေ့လှစွာ၏၊ ပဏ္ဍိတဝေဒနီယော-အကျင့်မှန်ကို ကျင့်ကြကုန်ဘိ ပညာရှိတို့သာ သိစွမ်းနိုင်ပေ၏။

"အာလယရာမာခေါ ပနာယံပဇာ၊ အာလယရတာ အာ လယသမ္မုဒိတာ၊ အာလယရာမာယခေါပနပဇာယ အာလယရ တာယ၊ အာလသမ္မုဒိတာယ။ ပဒေ့ဇမေနအာဇာနေယျံ၊ သောမမယာ့ ကိလမထော၊ သောမမယာဝိဟေသာတိ။

အယံပဇာပန-ဤကမ္ဘာလောကသားတို့သည်ကား၊ အာလယာ ရာမာ-ကာမဂုဏ်တို့၌ မွေ့လျော်၏။ အာလယရတာ- ကာမဂုဏ် တို့ဖြင့် မွေ့လျော်၏၊ အာလယသမ္မုဒိတာ- ကာမဂုဏ်တို့၌ ပျော်ပိုက်၏၊ အာလယရာမာယ- ကာမဂုဏ်တို့ဖြင့် မွေ့လျော်

နေသော၊ အာလယရာဘာယ- ကာမဂုဏ်တို့ဖြင့် ပျော်မွေ့နေ သော၊ အလာယသမ္မုဒိတာယ ကာမဂုဏ်တို့၌ ပျော်ပိုက် နှစ် ခြိုက်နေသော၊ ပဇာယပန ဤကမ္ဘာလောကသားတို့သည်ကား ငါဘုရား၏ ခက်ခဲနက်နဲလှသော တရားတွေကို သိမြင်နိုင်ရန် ခဲယဉ်းလှပါပေ၏။ အဟာဠှေစ-ငါဘုရားသည်လည်း၊ ဓမ္မံ-တရား ကို၊ ဒေသေယျံ ဟောငြားအံ့၊ ပရေစ-ကမ္ဘာလောကသားတို့ သည်လည်း မေ- ငါးဘုရား၏ တရားတော်တွေကို၊ နအာဇာ နေယျုံ-မသိနိုင်ကုန်ပေရာ၊ သော- ထိုတရားဟောခြင်းသည်၊ မမ- ငါးဘုရားအား ကိလမထော- ပင်ပန်းခြင်းသည်။ အသာ- ဖြစ်ပေရာ၏၊ ဝိဟေသာ- နွမ်းနယ်ခြင်းသည် အသာ- ဖြစ်ပေရာ၏။

ဘုရားရှင်သည်ပင် ထိုကဲ့သို့ စိတ်အကြံတော် ဖြစ်မိပေသည်။ သဟမ္ပတိမြဟ္မာမင်းကလာ၍ တောင်းပန် လျှောက်ထားတော့ မှပင် ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား စတင် တရား ဟောညွှန်မှု ပြုတော့သည်။

မည်သို့ပင်ဆိုစေ ကျွန်ုပ်သည်လည်း ယောနိသော မနသိ ကာရ သင့်တင့်အောင် နှလုံးသွင်း၍ ပြီးသကာလ မိမိလက်လှမ်း မှီသမျှ ဗုဒ္ဓဝါဒဖြစ်သော ခက်ခဲနက်နဲသိမ်မွေ့ နူးညံ့လှသော ဝိပဿနာဓမ္မကို မိမိ သဘောပေါက်ထားသမျှလေး ပြန်၍ ဖေါက်သယ်ချမည်ဟူ၍ ကိုယ့်စိတ် ကိုယ့်အားမာန်တင်းမှု ပြုရ တော့သည်။ ကျွန်ုပ်၏ ပတ်ဝန်းကျင်က ကျွန်ုပ်အား မြော်လင့် နေကြရော့မည်ဖြစ်သည်။ ဘယ်ဆိုဘယ်ဌာန ရောက်နေသနည်း ဟူ၍ တွေးတောပူပန်နေကြရော့မည်ဖြစ်သည်။

ယခုအခါမျိုး၌ လျှို့ဝှက်ဖုံးကွယ်စရာ မလိုတော့ပေ။ ကျွန်ုပ် ဘယ်ရောက်နေသည်၊ ဘယ်မှာနေသည်၊ ဘာလုပ်နေသည်ဟူသော အခြေအနေကို တိတိကျကျ ဖွင့်ဟပြောကြားရန် အခါသင့်ခဲ့လေပြီ။ ယင်းအတွက် ကျွန်ုပ်ရန်ကုန်သို့ ခေတ္တပြန်လာခဲ့သည်။ ကျွန်ုပ်သဘောပေါက်ထားသော ဗုဒ္ဓဝါဒကို ကျွန်ုပ်မည်သူ့အား ဖွင့်ဆော်ဦးဖောက်သယ်ချရမည်နည်း။ အရင်ဆုံးမိခင်နှင့် ညီမကို စဉ်းစားမိလိုက်သည်။

မိခင်နှင့် ညီမသည် ရန်ကုန် တောင်ဥက္ကလာပတွင် နေထိုင်လျက်ရှိသည်။ မိခင်သည် တနေ့လုပ်မှ တနေ့စားရဆိုသကဲ့သို့ ရရစားစား ဘဝဖြင့် ဈေးသယ်မ လုပ်နေရသူ တဦးဖြစ်သည်။ ညီမသည် တဖက်က အလုံသစ်တောရုံးတွင် အောက်တန်း စာရေးမဘဝဖြင့် အလုပ်လုပ်နေရပြီး တဖက်က လုပ်သားကောလိပ်တွင် ပညာသင်ကြားနေရသူ ဖြစ်သည်။ သူတို့သားအမိသည် ဘဝကို အနိုင်မခံ အရှုံမပေး နင်လားငါလား ရုန်းကန်နေရသူများဖြစ်သည်။ သောက ဒေါမနဿတို့ ထူပြောလှသည်။ ကျွန်ုပ်ပြောပြမည် ဖြစ်သော ဗုဒ္ဓဝါဒကို ဘယ်နည်းနှင့်မှ စိတ်ဝင်စားနိုင်မည်လည်းမဟုတ်ပေ။ နားလည်နိုင်ကြမည်လည်း မဟုတ်ပေ။ ကျင့်သုံးနိုင်ကြမည်လည်း မဟုတ်ပေ။ ယင်းအတွက် ကျွန်ုပ် သူတို့အပေါ်၌ အခြေအနေအရ လက်လျှော့ထားရဦးမည် ဖြစ်သည်။ သို့သော် ကျွန်ုပ်၏ အခြေအနေကိုတော့ ပြောပြရမည်။ တရားမမြင်တော့ နှစ်သိမ့်ရမည်။ သို့မှသာ သူတို့စိတ်နှလုံး ရွှင်ပြုံးနိုင်ကြမည် ဖြစ်သည်။

ထိုနောက် ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာအရှင်ဇဝနဥာဏကို စဉ်းစားမိပြန်သည်။ သူကား ကျွန်ုပ်အတွက် အလွန်ကျေးဇူးများသူတဦး ဖြစ်သည်။ ကျွန်ုပ်အားလည်း များစွာကူညီစောင့်ရှောက်ခဲ့သည်။ ကျွန်ုပ်၏ မိခင်နှင့် ညီမတို့ကိုလည်း များစွာကူညီစောင့်ရှောက်ခဲ့သည်။ ယင်းအတွက် ကျွန်ုပ်၏ ဆရာဆိုလည်း ဟုတ်သည်။ အမိဆိုလည်း ဟုတ်သည်။ အဖဆိုလည်းဟုတ်သည်။ အစ်ကိုကြီးဆိုသည်းဟုတ်သည် ရဟန်းဒကာဆိုလည်းဟုတ်သည်။ ပစ္စည်းလေးပါး ဒကာဆိုလည်း ဟုတ်သည်။ သူငယ်ချင်းဆိုလည်း ဟုတ်သည်။ သူ့အား ကျွန်ုပ်သဘောပေါက်ထားသော တရားခမ္မဖြင့် ကျေးဇူးဆပ်ရန်မှတပါး အခြားမရှိတော့ပေပြီ။ သူသည် ပရိယတ်စွဲသန်သူတဦးဖြစ်သည်။ သူအား ဗဋ္ဋိပတ်နယ်သို့ရောက်အောင် ပို့ဆောင်ရန်မှာ မလွယ်ကူကြောင်း ကြိုတင်ရိပ်စားမိမိသည်။ ပဋိပတ်လုပ်ငန်းအတွက် ယခုကဲ့သို့ ထွက်လာခဲ့သည်ကိုပင် မကျေမနပ်ဖြစ်နေသူတဦး ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအလုပ်ကို လုပ်ရသလားဟူ၍ စိတ်တော် ခုနေသူတဦးဖြစ်သည်။ မည်သို့ပင် ဆိုစေ သည်းခံပြီး သူ့အား ကျွန်ုပ်သဘောပေါက်ထားသော တရားဓမ္မကို ဗွေဆော်ဦး ဖောက်သယ်ချရမည် ဖြစ်သည်။

ရန်ကုန်ဘက်ကမ်းသို့ ရောက်သောအခါ၌ ရွှေဦးစွာ ပညာရာမိကကျောင်း၊ ဦးမာလာဆီသို့ အရင်ဝင်သည်။ ထိုမှ တဆင့် ဦးမာလာနှင့်အတူ ကျွန်ုပ်တို့ တနာရီခန့်တွင် သူ့ထံသို့ ရောက်ရှိသည်။ အဆင်သင့်ပင် သူ့အား ဖူးမြင်တွေ့ရလေသည်။ ကျွန်ုပ်အမူအရာ အပြောအဆိုတို့ကို အသေအချာ သတိထားသည်။

ကာယကံ ယဉ်ကျေးမှု၊ ဝစီကံယဉ်ကျေးမှုတို့ကို အလေးဂရုပြုသည်။ ကိုယ့်ကိုယ်ကို မလေးစားသည့်တိုင် တရားဓမ္မကို လေးစားရသည်။ ဆရာဂုဏ်ကို ဦးညွှန့်ထားရသည်။ စတွေ့သော်ကျွန်ုပ်ဆရာ၏မျက်နှာသည် ကြည်လင်လာသည်။ နှစ်သိမ့်လာသည်။ ကြိုဆိုသောသဘောကို ဆောင်လာသည်။ ကျွန်ုပ်၏ပြောင်းလဲခဲ့သော အမူအရာ အပြောအဆိုတွေကို လေးစားလာသည်။ ထိုညက တညလုံးလုံးလိုလို ဖြစ်ကြောင်းရယ် ကုန်စင်ပြောပြသည်။ သူကလည်း မညည်းမငြူ စိတ်ပါဝင်စားစွာနားထောင်သည်။ ပြီး ကျွန်ုပ်က တရားဓမ္မနှယ်သို့ဆွဲခေါ်သည်။ ဘဝရေးရာနှင့် ပတ်သက်သောသဘောတွေကို ကျွန်ုပ်ရေရေလည်လည်ပြောပြီးဖြစ်၍ သူသဘောပေါက်ထားသည်။ တရားဓမ္မနယ်သို့ ဝင်မည်ဟူ၍လည်း အာမခံချက်ရပြီး ဖြစ်သည်။ သို့သော် ဖြေးဖြေးလုပ်ပါ၊ ခုချက်ခြင်းတော့ မလုပ်ပါနဲ့အုံးဆိုလေသည်။

သို့နှင့် ကျွန်ုပ်သည် သူ့အား ညဘက်ဆိတ်ငြိမ်တဲ့အခါ ကိုယ့်ဟာကိုယ် အားထုတ်နှင့်နေဘို့ နှာခေါင်းက သုံးချက်တွန်းကိုပေးခဲ့ပေသည်။ ထိုအချိန်သည် ပြာသိုလကုန်ခါနီး အချိန်ဖြစ်သည်။ သူသည် လေးလခန့်အထိ ထိုကဲ့သို့ ဖြေးဖြေးပေါ့ဟူသောအကြောင်း အကြိမ်ကြိမ်ပြနေပေသည်။ ကျွန်ုပ်ခေါ်ရာ သံလျင်တောရသို့ လိုက်မပါခဲ့ပေ။ နယုန်လလောက်တွင် သံလျင်တောရဆရာတော်သည် အထက်တန်းသဒ္ဒါချုပို့သည်။ သူသည်ပရိယတ်စွဲသန်သူဖြစ်၍ ထိုစာဝါနှင့် ကပ်မြောင်ကာဆွဲမှ မလိုက်ချင်လိုက်ချင်အင်တင်တင်နှင့်ပါလာခဲ့တော့သည်ယင်းမှာဝါမဆိုခင်

(၄၅)ရက် တရားအားထုတ်မည်ဟူသော အာမခံချက်နှင့် လိုက်လာခြင်းဖြစ်သည်။ သူ၏ ခန္ဓာကိုယ်ထဲသို့ တရားဓမ္မ ဝင်ရောက်သွားသောအခါ၌ကား သူသည်(၄၅)ရက်နှင့် မပြန်နိုင်တော့ပဲ၊ သံလျင်တောရဟင်္သာပင် ဝါဆိုဖြစ်တော့သည်။ ကျွန်ုပ် အလွန်ဝမ်းသာသွားသည်။ အကောင်းဆုံး ကျေးဇူးဆပ်နိုင်ခြင်း ဖြစ်တော့သည်ဟူ၍ များစွာ နှစ်သိမ့်ကျေနပ်သွားမိသည်။ နောက်ပိုင်းတွင် သူလည်း ကျွန်ုပ်၏ကျေးဇူးကို မကြာခဏထုတ်ဖော်ပြောဆိုလေ့ရှိပေသည်။ မည်သို့ပင်ဆိုစေ၊ သူနှင့် ကျွန်ုပ်စတွေ့သောညက ကျွန်ုပ်၏ တရားဓမ္မနှင့် စပ်လျဉ်း၍ ပြောဆိုချက်တို့သည် ကောင်းစွာ အောင်မြင်မှု ရခဲ့သည်။ ဆရာအား အံ့သြသင့်ဘွားစေခဲ့သည်။ မဖြစ်ဘူးမြဲ၊ ဖြစ်သွားစေနိုင်ခဲ့သည်တော့ အမှန်။

[၁၂]

# သဒ္ဓမ္မဇောတိကဓဇ စာမေးပွဲ

တပို့တွဲလဆန်း (၁၃)ရက်နေ့တွင် ကျွန်ုပ်တို့ ရန်ကုန်သို့ လာခဲ့ကြရပြန်သည်။ နက်ဖြန် (၁၄)ရက်နေ့မှစ၍ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သော 'သဒ္ဓမ္မဇောတိကဓဇ စာမေးပွဲ' ဖြေဆိုရေး ကိစ္စဖြစ်သည်။ ကျင်းပမည့်နေရာမှာ ရန်ကုန်ရွှေတိဂုံ စေတီတော် အရှေ့မုခ်ဘက်ရှိ စာတိုက်ကြေးနန်းဓမ္မာရုံ ဖြစ်သည်။ စာမေးပွဲ ကျင်းပရေးကိစ္စတွင် ပါဝင်ကြသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် စုံစုံလင်လင် ရောက်ရှိလာကြသည်။ စာမေးပွဲကို ဦးစီးကျင်းပသော ဆရာတော်များမှာ သထုံသည်ဝန် ဆရာတော်၊ ဘီလူးကျွန်း ကမာမိုဆရာတော်၊ တော်ကနာဆရာတော်၊ ရွာလွတ်သတိပဋ္ဌာန်ဆရာတော်၊ ရန်ကုန် မင်္ဂလာသုခပါဠိတက္ကသိုလ်စာချကထိက အရှင် ဥက္ကာမဉ္ဇူဆရာတော်တို့ ဖြစ်သည်။ ညဘက်တွင် ပုသိမ်မြို့ သံဘွဲ့ရိပ်သာဆရာတော် ဓမ္မကထိက အရှင်နန္ဒက

ဝိပဿနာ တရားမြွက်ကို ဟောကြားပေသည်။ စာမေးပွဲ ကျင်းပသော ပြဋ္ဌာန်းကျမ်းစာအဖြစ်ကား 'သတိပဋ္ဌာန် ပါဠိတော်၊ ၎င်းအဋ္ဌကထာဋီကာနှင့် သံလျင်တောရဆရာတော် ရေးသားပြုစုသော 'အရိယာဘိုသွား ဥာဏ်လှေကား ကျမ်းစာ၊ ဝိပဿနာဘိုသွား ဥာဏ်လှေကား ကျမ်းစာ'များ ဖြစ်သည်။ ထိုအချိန်၌ ပထမအကြိမ်ရိုက်နှိပ်သော အရိယာဘိုသွား ဥာဏ်လှေခါးကျမ်းစာမှာ ကုန်နေပြီဖြစ်၍ ဒုတိယအကြိမ် ရိုက်ရန် ကြိုးစားနေသည်။ သို့သော် ရိုက်နှိပ်ခွင့် မရ၍စာမေးပွဲကျင်းပသော ပုဂ္ဂိုလ်တို့နှင့် စာဖြေဆိုကြသူ ပုဂ္ဂိုလ်တို့မှာ များစွာပင် အနှောက်အယှက် အခက်အခဲ ကြုံတွေ့ကြရပေသည်။

ထိုစာမေးပွဲ ကျင်းပလာသည်မှာ ယခုအကြိမ်နှင့်ပါဆိုလျှင် လေးကြိမ်မြောက်ခဲ့ပြီ ဖြစ်သည်။ ရန်ကုန်၌ ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ် ကျင်းမခြင်းဖြစ်သည်။ အနယ်နယ်က စာဖြေ ပုဂ္ဂိုလ်များ သွားရေးလာရေး လွယ်ကူစေရေးအတွက် ငဲ့ရှု၍ ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။ ရှေးသုံးကြိမ်မှာမူ မော်လမြိုင်ခရိုင် ဘီလူးကျွန်း ပူဒူးမဟာဂါမတွင် ကျင်းပခဲ့ပေသည်၊ ထိုစာမေးပွဲ ကျင်းပရခြင်း၏ အဓိက ရည်ရွယ်ချက်သည်ကား မြန်မာနိုင်ငံ၌ ဗုဒ္ဓ၏ ပရိယတ်သာသနာ၊ ပဋိပတ်သာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာသုံးရပ်လုံးကျယ်ပြန့်အောင်နှင့် အဓွန့်ရှည်စွာ တည်မြဲနိုင်သမျှ တည်မြဲသွားအောင် ကျင်းပရခြင်းပင် ဖြစ်သည်ဟု သိရသည်။ ထိုစာမေးပွဲတွင် ဆုခင့်အဖြစ် ရိုးရိုး အောင်မြင်သူတို့အား ဆုငွေ ၅၀ိ—ဆုချပြီး ထိုထက်အမှတ်နည်းများအလိုက် ရရှိကြသော ဘွဲ့အခြေအနေအားလျော်စွာ

'၁၀၀၀ဝိ'အထိ ဆုချလေသည်။ ကျွန်ုပ်လည်း ထိုစာမေးပွဲကိုဖြေဆိုမည်ဖြစ်သည်။ သို့သော် အောင်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖြေဆိုသည်တော့ မဟုတ်ပေ။ ရှေးနှစ်များတွင် အောင်နိုင်ရေးအတွက် စာမေးပွဲ၏ အခြေအနေကို သိအောင် စမ်းဖြေဆိုကြည့်မည် ဖြစ်သည်။ ပြဋ္ဌာန်းထားသော ကျမ်းစာများကိုတလုံးတပါဒမျှ မကြည့်မိပေ။ ပဋိပတ်ကို ဦးစားပေး ကျင်းပသောစာမေးပွဲဖြစ်၍ ပွဲထိုးဘူးအောင် ဖြေဆိုခြင်းဖြစ်သည်။

ဗုဒ္ဓပွင့်ပေါ်လာခြင်းသည် ဗဟုဇနဟိတာယ လူအများအကျိုးစီးပွား အလို့ငှာ ဗဟုဇနသုခါယ လူအများ ချမ်းသာခြင်း အလို့ငှာ ပွင့်ပေါ်လာခြင်းဖြစ်သည်ဟူ၍ ဆိုထားသည့်အတိုင်း ဗုဒ္ဓသည် သူပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်း၌ သူရှိနေသကဲ့သို့ လူအများ အရှည်သဖြင့်အကျိုးစီးပွား ဖြစ်ထွန်းနိုင်ကြစေရန် အရှည်သဖြင့် ချမ်းသာနိုင်ကြစေရန် ဗုဒ္ဓဝါဒကို ဆက်လက် ထားပစ်ခဲ့လေသည်။ ယင်း ဗုဒ္ဓဝါဒသည်ကား ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ သာသနာသုံးရပ်ပင် ဖြစ်ချေသည်။ 'ပရိယတ္တိသာသနသမူလ' ပရိယတ်သည် သာသနာ၏ အခြေခံအုပ်မြစ်ကြီး ဖြစ်သည်။ ပရိယတ်ကွယ်လျှင် သာသနာသုံးရပ်လုံး ကွယ်သည်။ ပရိယတ်ရှိနေသမျှ ဗုဒ္ဓ၏ သာသနာ မကွယ်ပေ။ ပရိယတ်လုံးလုံး ကွယ်နေပြီး ပဋိပတ်နှင့် ပဋိဝေဓသာသနာ ၂ပါးကျန်လျှင်မူ ဗုဒ္ဓ၏သာသနာတော်သည် ကြာရှည်သဖြင့် မတည်တန့်နိုင်ပေ။ ထိုပုဂ္ဂိုလ်တို့ ကွယ်လွန်ချိန်၌ သာသနာအဆက်ပြတ်သွားလေသည်။ ယင်းအတွက် ပရိယတ်သည် သာသနာ့အခြေခံ အုတ်မြစ်ကြီး ဖြစ်

သည် ဟူ၍ ကျမ်းဂန်များက ဆိုထားသည်။ ယင်းဆိုထားချက်အရ မြန်မာနိုင်ငံ၌ ရှိရှိသမျှ အစိုးရစာမေးပွဲ၊ အမျိုးသား စာမေးပွဲတို့သည် ပရိယတ်စာမေးပွဲတွေသာ ဖြစ်သည်။ ပဋိပတ်၊ ပဋိဝေဒ စာမေးပွဲ လုံးဝ မပါပေ။ သို့ဖြစ်လျှင် ဝိသုဒ္ဓိမဂ်စာမေးပွဲသည် ပဋိပတ်စာမေးပွဲ မဟုတ်လောဟု မေးရန် ရှိသည် မဟုတ်ပေ။ ဝိသုဒ္ဓိမဂ်စာပေကို မေးခြင်းဖြစ်၍ ပရိယတ်စာမေးပွဲသာ ဖြစ်ချေသည်။

မြန်မာနိုင်ငံ၏ ဗုဒ္ဓဝါဒနှင့်ပတ်သက်သော စာမေးပွဲသမိုင်းကြောင်းကို လေ့လာကြည့်လျှင်ခေတ်အဆက်ဆက်၊မင်းအဆက်ဆက် အဖွဲ့အသင်း အဆက်ဆက် ကျင်းပလာခဲ့ကြသော စာမေးပွဲတို့သည် ပရိယတ်စာမေးပွဲတွေသာ ဖြစ်ခဲ့သည်။ သာသနာသုံးရပ်တွင် တရပ်သာ ကျင်းပနိုင်ခဲ့သည်။ ပဋိပတ်၊ ပဋိဝေဓ သာသနာ ၂ရပ်နှင့် ပတ်သက်သော စာမေးပွဲ မကျင်းပနိုင်ခဲ့ပေ။ မင်းတုန်းမင်းကြီးသည် သာသနာကို အလွန်ကြည်ညိုသော မင်းဖြစ်ခဲ့သည်။ သို့ဖြစ်လင့်ကစား ပရိယတ်သာသနာကိုသာ အားပေးနိုင်ရှာခဲ့သည်။ ပဋိပတ်နှင့် ပဋိဝေဓသာသနာ ၂ရပ်ကိုအားပေး မသွားနိုင်ခဲ့ပေ။ ယင်းမှာ မင်းတုန်းမင်း ခေတ်အခါက ပရိယတ်သာသနာသာ ထွန်းကားနေပြီး ယခုခေတ်လောက် ပဋိပတ်၊ ပဋိဝေဓသာသနာ ၂ရပ် မထွန်းကားခဲ့သောကြောင့် ဖြစ်သည်။

ဗုဒ္ဓသည် ပရိယတ် သာသနာ တခုတည်းကိုသာ ဝကွတ်၍ ထားပစ်ခဲ့ခြင်း မဟုတ်ပေ။ သာသနာ သုံးရပ်လုံး ထားပစ်ခဲ့ခြင်း ဖြစ်သည်။ ယင်း အတွက် သာသနာတရပ်ထဲကိုသာ အားပေး

သော စာမေးပွဲ ကျင်းပခြင်းမှာ ပြည့်စုံမှု မရှိသေးပေ။ သာသနာ သုံးရပ်ရှိရင် သုံးရပ်လုံး အားပေးရမည်ဖြစ်သည်။ ငါးရပ်ရှိရင် ငါးရပ်လုံး အားပေးရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာ သုံးရပ်လုံး အပြည့်အစုံ ရှိသည်။ သို့ဖြစ်လျှင် သုံးရပ်လုံးကို အားပေးသော စာမေးပွဲသည်လည်း ရှိသင့်သည်သာ ဖြစ်သည်။ ယင်းအတွက် ဤ 'သဒ္ဓမ္မတ္တယပဏ္ဍိတ' အရည်အချင်းစစ် စာမေးပွဲကို ကျင်းပပေးရခြင်း ဖြစ်သည်။ သဒ္ဓမ္မတ္တယပဏ္ဍိတ ဟူသည် ပရိယတ္တိသဒ္ဓမ္မ ခေါ် ပရိယတ်သာသနာ၊ ပဋိပတ္တိသဒ္ဓမ္မ ခေါ် ပဋိပတ်သာသနာ၊ ပဋိဝေဓသဒ္ဓမ္မ ခေါ် ပဋိဝေဓ သာသနာ။ ထိုသာသနာ သုံးရပ်လုံး၌ လိမ်မာ ကျွမ်းကျင်သော ပညာရှိဖြစ်သည်။ ထို ပညာရှိတွေကို ဖော်ထုတ်အားပေးလိုရေးနှင့် သာသနာ သုံးရပ်လုံး အဒ္ဓန့်ရှည်စွာ တည်တန့်ခိုင်မြဲ ထွန်းကားရေးအတွက် ဤစာမေးပွဲကို ကျင်းပရခြင်း ဖြစ်တော့သည်။

အမှန်မှာ ဤ စာမေးပွဲကို မင်းအစိုးရများ ပြုလုပ်ရမည့် စာမေးပွဲမျိုး ဖြစ်သည်။ ယခု ယင်းသို့ မဖြစ်ခြင်းသည် အချိန်မကျသေး၍ ဖြစ်သည်။ အချိန်ကျလျှင် မင်း အစိုးရများက ကျင်းပလာသော စာမေးပွဲအဆင့်သို့ ရောက်ရှိလာမည်ဖြစ်သည်။ ဤကြားထဲ၌ ယခုကဲ့သို့ ဗုဒ္ဓ သာသနာတော် အပေါ်၌စေတနာ သဒ္ဓါတရား ထက်သန်ကြည်ညိုကြသော ဆင်းရဲသားလူတန်းစားနှင့် အလတ်တန်းစားများက ကျင်းပနေကြရဦးမည် ဖြစ်သည်။ အစက ဝိသုဒ္ဓိမဂ် စာမေးပွဲသည် အမျိုးသား စာမေးပွဲဖြစ်သည်။ ယခု အစိုးရ စာမေးပွဲ ဖြစ်နေပြီ ဖြစ်သည်။ ထို ဝိသုဒ္ဓိမဂ်

စာမေးပွဲ စတင် ဖြစ်ပေါ် လာစေရေး အတွက် သံလျင် တောရ ဆရာတော် အစပျိုးထောင်ပေးခဲ့ခြင်း ဖြစ်သည်။ အစ တွင် အနည်းအများမဆို ဒီလိုပဲအခက်အခဲ ရှိနေတတ်ပေသည်။ နောက်ပိုင်း၌ မင်းအစိုးရ သူဌေးသူကြွယ်စသော ပုဂ္ဂိုလ်များက ကျင်းပလာပေလိမ့်မည်။

ယင်းမှာ ကျွန်ုပ်တို့ စာမေးပွဲ မခြေဆိုမှီ၊ သံလျင်တောရ ဆရာတော်၏ မိန့်ကြားချက်ကို တိတ်ခွေထဲမှ တဆင့် ကြားနာ လိုက်ရခြင်း ဖြစ်သည်။ မှန်ပါသည်။ ဗုဒ္ဓက သာသနာ တရပ်ထဲ မထားခဲ့ပဲ၊ သာသနာသုံးရပ်လုံး ထားခဲ့သည့်အတွက် သာသနာ သုံးရပ်ကို အားပေးသည့်အနေဖြင့် သာသနာ သုံးရပ်လုံးနှင့် ပတ် သက်သော စာမေးပွဲ ကျင်းပပေးခြင်းသည် မြန်မာနိုင်ငံ၌ လို အပ်လျက်ရှိသော လိုက္ကက်နှစ်ခုကို စတင်ဖြည့်ပေးနိုင်သည်ဟူ၍ ကျွန်ုပ် အလေးအနက် စဉ်းစားမိသည်။

ထမင်းကို ဟင်းနှင့် မြုပ်စားလျှင် ကောင်းမွန် ပြည့်စုံသော အရသာကို ခံစားရမည် ဖြစ်သည်။ ထမင်းကို ထမင်းနှင့်မြုပ်စား လျှင် ကောင်းမွန် ပြည့်စုံသော အရသာကို ခံစာ ရမည် မဟုတ် ပေ။ ထို့ အတူပရိယတ္တိသာသနသဿမူလံအရှိ ပရိယတ် သာသနာ တော်ကို အစွန့်ရှည်အောင် ထိမ်းသိမ်း စောင့်ရှောက် အားပေး ကြရာ၌၊ ပရိယတ်သာသနာကိုပဋိပတ်သာသနာနှင့်ကိုင်တွယ်ထိမ်း သိမ်း နိုင်မှသာလျှင်၊ ပရိယတ် သာသနာတော် အရှည် တည် တန့်မှု ခိုင်မြဲမှု ဘည် သိပ် သိပ် သည်း သည်း ကျစ် ကျစ် လစ် လစ် ဖြစ်ပြီး ကောင်းမွန် ပြည့်စုံသော အခြေအနေသို့ ရောက်ရှိ နိုင်ပေမည်၊ ပရိယတ် သာသနာကို ပရိယတ်

ပဋိပတ်ခေါ် ကိုယ်ကျင့်တရား တည်း ဟူသော ဟင်းမပါပဲ သက်သက်မျှနှင့် ထိမ်းသိမ်း စောင့်ရှောက်မည်ဆိုလျှင် ထမင်းကို ထမင်းနှင့် မြုပ်စားသကဲ့သို့ ထိုသည့် ပရိယတ်သာသနာ၏တည် တန့်ခိုင်မြဲမှုသည် ဖောင်းပွရောင်ကားမှုရှိနေပြီး၊ ကောင်းမွန် ပြည့်စုံသော အခြေအနေမျိုး ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပေ။ ပုံစံအားဖြင့် ကိုယ်ကျင့်တရားမရှိသော ရဟန်းတပါး၏ စာပေ တတ်ကျွမ်းမှုနှင့် ကိုယ်ကျင့်တရား ပြည့်စုံသော ရဟန်းတပါး၏ စာပေတတ်ကျွမ်းမှုကို ပုံစံထိုးကြည့်နိုင်သည်။ တနည်းအားဖြင့် အရိယာပုဂ္ဂိုလ်တို့ထံ၌ ရှိနေကြသော ပရိယတ်သာသနာနှင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့ထံ၌ ရှိကြသော ပရိယတ်သာသနာ ၂ ခုကို ပုံစံထိုးကြည့်နိုင်သည်။ ကျွန်ုပ် အလေးအနက် စဉ်းစားမိသည်။

အဖိုးတန်သော ပစ္စည်းဝတ္ထုကို မိမိနှင့် တကွ နောင်လာ နောက်သားအများပါ အရှည်သဖြင့် သုံးဆောင်နိုင်ရေးအတွက် တည်တန့်ခိုင်မြဲကျစ်လစ်အောင် စောင့်ရှောက်ရာ၌ မိုက်သူ၊ မယဉ် ကျေးသူ၊ ရိုင်းစိုင်းသူ အကျင့်စာရိတ္တ ပျက်ပြားသူတို့ စောင့် ရှောက်ပါမူ၊ ထိုပစ္စည်းဝတ္ထုသည် အရှည်သဖြင့် တည်တန့်ခိုင်မြဲ ကျစ်လစ်သော ပစ္စည်းဝတ္ထုဖြစ်နိုင်မည်မဟုတ်ပေ။ ပျက်စီးယို ယွင်းခြင်း၊ ချွတ်ယွင်းခြင်းများ မြောက်များစွာရှိနေမည် ဖြစ် သည်။ လိမ္မာသူ၊ ယဉ်ကျေးသူ၊ အကျင့်စာရိတ္တ ကောင်းမွန်သူတို့ စောင့်ရှောက်ပါမူ၊ ထိုပစ္စည်းဝတ္ထုသည် အရှည်သဖြင့် တည်တန့် ခိုင်မြဲသော ပစ္စည်းဝတ္ထုလည်း ဖြစ်နိုင်သည်။ ပျက်စီးယိုယွင်း ခြင်း၊ ချွတ်ယွင်းခြင်းနည်းသော ပစ္စည်းဝတ္ထုလည်း ဖြစ်ပေမည်။ ပုံစံအားဖြင့် သစ်သီးမျိုးစုံသီးသော ဥယျာဉ်ကြီးတခု ရှိသည်။

ထိုဥယျာဉ်ကြီးသည် လက်ရှိပုဂ္ဂိုလ်တို့လည်း ချမ်းသာစွာ သုံးစားနိုင်သည်။ ထိုဥယျာဉ်ကြီးကို စောင့်ရှောက်မှုပြုရာ၌ အကျင့်စာရိတ္တကောင်းမွန်သူတို့၏ စောင့်ရှောက်မှု၊ အကျင့်စာရိတ္တပျက်စီးနေသူတို့၏ စောင့်ရှောက်မှု၊ ထို ၂ ခုကို အလေးအနက်စံထိုးကြည့်နိုင်တော့သည်။ ဤသို့ဖြင့် ပရိယတ်ကို ပရိယတ်သက်သက်နှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းထက် ပရိယတ်ကို ပဋိပတ်နှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းက ပို၍ ဓလေးနက်ခိုင်မာကျစ်လစ် တည်တန့်ခိုင်မြဲရှည်ကြာမှု ရှိနေကြောင်း တင်ရှားလှပေတော့သည်။

တဖန်လည်း ရှိပြန်သေးသည်။ 'ဝိနယော္ဓတော၊ သာသနာဌိတံ၊ ဝိနယောနာမသာသနဿအာယု' ဝိနည်းတော် တည်ရှိနေသမျှ ဗုဒ္ဓ၏သာသနာလည်း တည်ရှိနေဦးမည် ဖြစ်သည်။ ဝိနည်းမည်သည် သာသနာ၏အသက်လည်းဖြစ်ပေသည်။ ယင်းကဲ့သို့ ကျမ်းဂန်များက ဆိုထားချက်ရှိသည်။ ယင်းဝိနည်းတော်ဟူသည် သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာနာဟူ၍ သာသနာသုံးရပ်အနက်က သီလသာသနာ သက်သက်မျှသာ ဖြစ်သည်။ သို့ဖြင့်လျှင် ထိုသည့်သီလသာသနာကို အရှည်သဖြင့် တည်တန့်ခိုင်မြဲကျစ်လစ်အောင် အဘယ်သို့ စောင့်ရှောက် ထိန်းသိမ်းကြမည်နည်း။

သမာဓိပညာမပါပဲနှင့် သီလကို သီလသက်သက်မျှနှင့် စောင့်ရှောက်ထိန်းသိမ်းလျှင် ထိုသီလသာသနာသည် ခိုင်မြဲကျစ်လစ် တည်တန့်နိုင်သော သာသနာဖြစ်နိုင်ရန် မလွယ်ကူပေ။ မင်းခစားယောကျ်ား၊ ကမ်းနားသစ်ပင်ကဲ့သို့ ဖြစ်နေပေမည်။

ပရိယတ်ကို ပရိယတ်သက်သက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရာ၌ ထမင်းကို ထမင်းနှင့် မြုပ်စားသကဲ့သို့ ကောင်းမွန်ပြည့်စုံသော အခြေအနေမျိုး ဖြစ်မလာနိုင်သလို၊ ထို့အတူပင် သီလကို သီလ သက်သက်ဖြင့် မြုပ်စားသကဲ့သို့ ကောင်းမွန်ပြည့်စုံသော အခြေ အနေမျိုး ရောက်ရှိရန်မလွယ်ကူပေ။ သီလကို သမာဓိ ပညာတို့ နှင့် ထိန်းသိမ်းစောင့်ရှောက်ပါမှသာလျှင် ခိုင်မြဲကျစ်လစ်တည် တန့်နိုင်သော ကောင်းမွန်ပြည့်စုံသော သီလအခြေအနေမျိုးသို့ မလွဲမသွေ ရောက်ရှိနေမည်ဖြစ်သည်။ ပုံစံအားဖြင့် ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ အရိယာသံဃာတို့၌ တည်ရှိနေသော ဝိနည်းဘော်သီလနှင့် ပုထုဇဉ်သံဃာတို့၌ တည်ရှိ နေသောဝိနည်းတော် သီလတို့ကို ပုံစံထိုးကြည့်နိုင်သည်။ ပြီးလျှင် တကယ် ရိုးသားဖြူစင်သန့်ရှင်းသော စေတနာသဒ္ဓါဆန္ဒတို့ဖြင့် တရားဓမ္မကိုကျင့်သုံးနေသော သံဃာတော်တို့၌ တည်ရှိနေသော ဝိနည်းတော်သီလနှင့် တရားဓမ္မကျင့်သုံးမှုမရှိပဲ၊ အမှတ်မဲ့ ပေါ့ဆ စွာနေသော သံဃာတော်တို့၌ တည်ရှိနေသော သီလတို့ကို အလေးအနက် သုံးသပ်ဆင်ချင်ကြည့်နိုင်ပေသည်။

အရက်သောက်တတ်သောသူကို အရက်မသောက်ရေးတရား ဟော၍ အရက်ဖြတ်ရန်မလွယ်ပေ။ အရက်ဖြတ်ရေး စည်းကမ်း ပညတ်၍ အရက်ဖြတ်ရန် မလွယ်ပေ။ သူ့ပင်ကိုယ်သဘောကိုက အရက်မသောက်ချင်အောင် ပြုလုပ်နိုင်လျှင်မူကား၊ အရက်ဖြတ် ရန် လွယ်သွားလေသည်။ ထို့အတူ ကိုယ်ကျင့်တရား ပျက်ပြား နေသူကိုလည်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးတရား၊ ကိုယ် ကျင့်တရားမပျက်ပြားရေးစည်းကမ်းများကိုဟောကြားပညတ်၍

ရနိုင်ရန် မလွယ်ကူပေ။ သူ့ပင်ကိုယ်သဘော ကိုယ်က ကိုယ်ကျင့်တရား ကောင်းမွန်လာအောင် ပြုလုပ်ပေးနိုင်လျှင်မူကား လွယ်လှပေသည်။ ကိုယ်ကျင့်တရားပျက်ပြားခြင်းဟူသည် အတွင်း အသိတရား၊နာမ်တရားတွေဖောင်းပွယောင်ကားနေသောကြောင့်ဖြစ်သည်။ ယင်းကို စုစည်းကျစ်လစ်ပေါင်းရုံးမပေးလျှင် မလွယ်ကူပေ။ ခံတွင်းပျက်နေသူကို အပြင်ဘန်း စားကောင်းသောက်ဖွယ်များ မည်မျှပင် ကျွေးမွေးသော်လည်း ထိုပုဂ္ဂိုလ်သည် ကျေနပ်နှစ်သိမ့်စွာ လက်ခံမည်မဟုတ်ပေ။ ခံတွင်းပျက်ခြင်းကို ခံတွင်းကောင်းအောင် ပြုလုပ်ပေးနိုင်လျှင် ဆားနှင့်ကျွေးသော်လည်း လက်ခံပေလိမ့်မည်။ ဤသို့ဖြင့် အပြင်ထက် အတွင်းသည် အဓိကပဓာနလိုရင်းအချုပ်ဖြစ်ကြောင်း ထင်ရှားလှတော့သည်။

ဘုရားရှင်လက်ထက်က အင်္ဂုလိမာလသည် လူပေါင်းမြောက်များစွာကို သတ်ဖြတ်လုယက်ဖျက်ဆီးနေသော ရေမှုလူဆိုးကြီးဖြစ်သည်။ သူ၌ လူ့ဥပဒေ၊ လူစည်းကမ်းလည်းမရှိပေ။ မင်းဥပဒေ၊ မင်းစည်းကမ်းလည်းမရှိပေ။ မင်းအစိုးရ၏ ဩဇာအာဏာ သက်ရောက်မှုသည်သည်း မရှိပေ။ ယင်းမှာ အတွင်းပိုင်းပျက်စီးနေသောကြောင့်ဖြစ်သည်။ ဘုရားရှင်နှင့်တွေ့၍ ရဟန္တာဖြစ်သွားသောအခါ၌မူကား လူကိုသတ်ဖို့ရန် မဆိုထားနှင့်ပုရွက်ဆိတ်တကောင်မျှကိုလည်း မသတ်တော့ပေ။ သူတပါးတို့အား တစုံတရာ အနှောက်အယှက်ပေးရန် မဆိုထားနှင့် သူ့အားညှင်းဆဲပုတ်ခတ် အနှောက်အယှက်ပေးလာသူပင် ပြန်လှန်ညှင်းဆဲပုတ်ခတ် အနှောက်အယှက်ပေးခြင်း လုံးဝမရှိတော့ပေ။ ယင်းအတွက် သူ့မှာ လူ့ဥပဒေ၊ လူ့စည်းကမ်းလည်း အလိုလိုတည်ရှိ

စောင့်ထိန်းပြီး ဖြစ်တော့သည်။ မင်းဥပဒေ မင်းစည်းကမ်းလည်း အလိုလို တည်ရှိပြီး ဖြစ်တော့သည်။ မင်းအစိုးရတို့၏ အာဏာ ဩဇာသက်ရောက်မှုတို့သည်အလိုလို တည်ရှိပြီး ဖြစ်တော့သည်။ ယင်းမှာ အတွင်းပိုင်း ကောင်းမွန်သွားသောကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် ရန်ကုန်ပရိယတ်စာပေ သက်သက်ကို လိုက်စားစဉ်အခါက ရန်ကုန်ကောလိပ်ဘွဲ့ကြီးပီပီ၊ ဘောလုံးပွဲလည်း ကြည့်သည်။ ရုပ်ရှင်လည်းကြည့်သည်။ ထိုထို ပျော်ပွဲရှင်ပွဲတို့ကို လည်း မြောက်မြားစွာ ကြည့်သည်။ ယင်းအတွက် ကျောင်းဥပဒေ၊ ကျောင်းစည်းကမ်း၊ ဝိနည်းဥပဒေ၊ ဝိနည်းစည်းကမ်း တို့ကို အကြိမ်ပေါင်း မြောက်မြားစွာ ချိုးဖောက် ကျူးလွန်ခဲ့သည်။ ယင်းမှာ အတွင်းပိုင်း သဘောတရားတွေ ချို့ယွင်းနေသောကြောင့်ဖြစ်သည်။ ဖရိုဖရဲ ဖြစ်နေသောကြောင့် ဖြစ်သည်။ ယခုကဲ့သို့ ဝိပဿနာ တရားဓမ္မကို ကျင့်သုံးလာသော အခါ၌မူကား ထိုအရာတွေကို စိတ်ထဲက အလိုလို ရှောင်ကြဉ်လာတော့သည်။ မည်မျှပင် အခွင့်အရေး အခြေအနေ ပေးစေကာမူ၊ ရှောင်ကြဉ်တော့သည်။ ယင်းမှာ သောတာပန်စသော အရိယာပုဂ္ဂိုလ်ဖြစ်၍ ကိလေသာတွေ အကြွင်းမဲ့ ကုန်ခမ်းသောကြောင့် မဟုတ်ပေ။ သွေးက စကားပြောသည်ဆိုသကဲ့သို့ တရားဓမ္မက စကားပြောသောကြောင့်ဖြစ်သည်။ ယင်းမှာ အတွင်းသဘောတရားတွေ စုစည်းမှု၊ လေးနက်မှု၊ ကျစ်လစ်မှု၊ ပြည့်တင်းမှုရှိလာသောကြောင့် ဖြစ်ကြောင်း ထင်ရှားနေပေသည်။ ယင်းအတွက် ကိုယ်ကျင့်တရား ပျက်ပျက်နေသူတို့၌ လူ့ဥပဒေ၊ လူ့စည်းကမ်း အိမ်ဥပဒေ၊ အိမ်စည်းကမ်း၊ ကျောင်းဥပဒေ၊ ကျောင်းစည်းကမ်း

ရွာဥပဒေ၊ ရွာစည်းကမ်း၊ မြို့ဥပဒေ၊ မြို့စည်းကမ်း၊ နိုင်ငံဥပဒေ၊ နိုင်ငံစည်းကမ်း၊ အစိုးရဥပဒေ၊ အစိုးရစည်းကမ်း၊ အာဏာပိုင် အစိုးရမင်းများ၏အာဏာသြဇာ သက်ရောက်မှုများ၊တည်ရှိမနေမှုနှင့် ကိုယ်ကျင့်တရား ကောင်းမွန်သူတို့၌ ထိုပေါ်ပြပါအချက်များ အသိုလိုတည်ရှိပြီးဖြစ်နေကြောင်း ထင်ရှားလှတော့သည်။ ကျွန်ုပ် အသေအချာ သတိပြုစဉ်းစားမိသည်။

လူတို့အား အန္တရာယ်အမျိုးမျိုးပေးနေသော သစ်ပင်ကြီးကို ဖြိုလှဲ၊ ခုတ်ဖြတ်ရာ၌ အသီး၊ အပွင့်၊ အကိုင်း၊ အခက်၊ အရွက်၊ အလက်တွေကိုသာ ဖြိုလှဲခုတ်ဖြတ်မည်ဆိုပါက၊ ပင်မသစ်ပင်ကြီး ကျန်ရှိနေပေမည်။ ယင်းအတွက် ခုတ်ဖြတ်လိုက်သော အသီး၊ အပွင့်၊ အကိုင်း၊ အခက်၊ စသည်တို့သည်လည်း တဖန်ပြန်၍ ထွက်ပေါ်လာဖွယ်ရှိနေသည်။ ထွက်ပေါ်လာသော် တဖန်ပြန်၍ ခုတ်ဖြတ်ရပေဦးမည်။ ယင်းအတွက် ဖရိုဖရဲနိုင်လှမှု ရှိနေတော့သည်။ ပင်မသစ်ပင်ကြီးကို ဖြိုလှဲခုတ်ဖြတ်ပစ်လိုက်လျှင် အသီး၊ အပွင့်စသည်တို့လည်း မကျန်ရှိတော့ပေ။ နောက်ထပ် ခဏခဏ ခုတ်ဖြတ်နေရန်လည်း မလိုတော့ပေ။ ယင်းအတွက် စုစည်းသိပ်သည်းမှုရှိလှပေတော့သည်။

ထိုနည်းတူစွာပင် ပရိယတ် သက်သက်မျှ ပြုလုပ်နေလျှင် ပရိယတ်နှင့် ပဋိဝေဓ ကျန်ရှိ နေသေးသည်။ ယင်းအတွက် ပရိယတ်၌လည်း ချွတ်ယွင်းချက် မကြာခဏ ရှိလာနိုင်တော့၍ မကြာခဏ ပြုပြင်ပေးနေရမည့်သဘောရှိသည်။ ယင်းအတွက် ဖရိုဖရဲနိုင်လှတော့သည်။ သီလသက်သက်မျှ ပြုလုပ်နေလျှင်လည်း သမာဓိနှင့် ပညာ ကျန်ရှိနေသေးသည်။ ယင်း

အတွက် သီလဩလည်း ချတ်ယွင်းချက် မကြာခဏ ရှိလာနိုင်တော့၍၊ မကြာခဏ ပြုပြင်ပေးရမည့် သဘောရှိသည်။ ယင်းအတွက် ဖရိုဖရဲ နိုင်လှဘော့သည်။ ဗုဒ္ဓဝါဒအတိုင်း စစ်မှန်ဖြောင့်ဖြူး ရိုးသားသန့်စင်သော ဝိပဿနာ ဓမ္မလုပ်ငန်းသည် သီလရော၊ သမာဓိရော၊ ပညာရော၊ သုံးရပ်လုံး ပါဝင်ပြီးဖြစ်တော့သည်။ ကြွင်းကျန်ခြင်း မရှိတော့ပါပေ။

ဤသဒ္ဓမ္မတ္တယပဏ္ဏာတ စာမေးပွဲသည် ထိုသီလသာသနာ၊ သမာဓိသာသနာ၊ပညာသာသနာ သုံးရပ်ပါဝင်သော ဝိပဿနာဓမ္မလုပ်ငန်းတည်းဟူသော ပဋိပတ္တိသာသနာလုပ်ငန်းကို မိမိရရဆွဲကိုင်ပြီး၊ ဗုဒ္ဓ၏ ပရိယတ်သာသနာ၊ ပဋိပတ်သာသနာ၊ ပဋိဝေဓသာသနာ တည်းဟူသော သာသနာသုံးရပ်လုံးကို အားပေးချီးမြှောက်သော စာမေးပွဲဖြစ်သည်။ ဤစာမေးပွဲကို ရဟန်းရှင်လူ၊ မည်သည့်ပုဂ္ဂိုလ်မဆို ဝင်ရောက်ဖြေဆိုနိုင်ခွင့်ရှိပေသည်။ ပရိယတ် သက်သက်ဘတ်ကျွမ်းသူမှာမူ ဝင်ရောက် ဖြေဆိုနိုင်ရန် မလွယ်ကူပေ။ ထိုအတူ ဝိပဿနာဓမ္မလုပ်ငန်း တည်းဟူသော ပဋိပတ်သက်သက်ကိုသာ ကျင့်သုံးထားသူမှာလည်း ဝင်ရောက်ဖြေဆိုနိုင်ရန်မလွယ်ကူပေ။ ပရိယတ်ပဋိပတ်စွယ်စုံ ပညာရှင်တို့မှသာ ဝင်ရောက် ဖြေဆိုနိုင်စွမ်း ရှိပေမည်။ အကြောင်းကား သာသနာသုံးရပ်လုံး ပါဝင်နေသောကြောင့်ဖြစ်သည်၊ သို့သော် ဤစာမေးပွဲသည် ဝိပဿနာဓမ္မကို ကျင့်သုံးထားသူတို့အတွက် တဓိကထား ဦးစားပေး ကျင်းပသော စာမေးပွဲဖြစ်၍ လာမည့် ၁၃၃၃ ခုနှစ်မှစ၍ 'သဒ္ဓမ္မဒ္ဓယပဏ္ဏာတန်း'ကို ထည့်သွင်းပြုလုပ်ပေးမည်ဟု သိရှိရပေသည်။ အခိုပ္ပါယ်မှာ ပရိယတ်စာပေ အား

နည်းသူတို့အတွက် ဝိပဿနာ တရားခမ္မကိုသာ ကျင့်သုံးထား သည်ဟုဆိုလျှင်၊ ပရိယတ်မပါပဲ ပဋိပတ်နှင့် ပဋိဝေခ သာသနာ ၂ ရပ်ကို ဖြေဆိုနိုင်ပေသည်။ ဝိပဿနာဘာရား ကျင့်သုံးဘူး သော ယောဂီတိုင်းပင် မိမိတို့ရရှိထားသော တရားအခြေအနေ များကို ထိုစာမေးပွဲတွင် ပေါ်ထုတ် ' ဖြေဆိုနိုင် တော့သည်။ ပရိယတ်တတ်ကျွမ်းသူတို့အဖို့ကား ဝိပဿနာတရားကို ကျင့်သုံး ထားသည်ဟု ဆိုလျှင် သာသနာ သုံးရပ်လုံး ပါဝင်သော သဒ္ဓမ္မတ္တာယ ပဏ္ဏတ္တိတန်းစာမေးပွဲကို ဝင်ရောက် ဖြေဆိုနိုင်တော့ သည်။ အထူးအားဖြင့် ပရိယတ် မည်မျှပင် တတ်ကျွမ်းစေကာ ဝိပဿနာခမ္မကို မကျင့်သုံးဘူးဟုဆိုလျှင် ဖြေဆိုနိုင်ရန် မလွယ် ကူလှတော့ပေ။

ကျွန်ုပ်တို့ လပြည့်ကျော်တရက်နေ့တွင် စာမေးပွဲ ဖြေဆို အပြီး သံလျင်တောရဆရာတော်၏ တိတ်ခေ့ထံမှ နိဂုံးချုပ် မိန့် ခွန်းကိုကြားနာပြီးလျှင် သံလျင်တောရသို့ ပြန်လာခဲ့ကြတော့ သည်။ စာမေးပွဲဖြေဆိုသူပေါင်း ၂၅ ဦးခန့်သာ ရှိသည်။ မြန် မာပြည်တပြည်လုံးတွင် ထိုထိုစာမေးပွဲတွေ မြောက်များစွာရှိ သည့်အနက် ဤစာမေးပွဲသည်၊ အပြင်ပိုင်း အသွင်သဏ္ဌာန်ကို ကြည့်ရှုသော်၊ ကျယ်ပြန့်မှု အနည်းဆုံး သေးသိမ်မှု အရှိ ဆုံးဟု ထင်ရဖွယ်ရှိသော်လည်း အတွင်းပိုင်း အနှစ်သာရအနေ အားဖြင့်မူကား၊ အကြီးကျယ်ဆုံး၊ အခိုပ္ပါယ်အရှိဆုံး၊ အလေးနက် ဆုံး၊ အမြင့်မြတ်ဆုံး၊ သဘောကိုဆောင်နေပေသည်ဟူ၍ တွေး ခတောစဉ်းစားမိသည်။ ထိုနောက် မင်းအဆက်ဆက် ခေတ်

အဆက်ဆက် ခေတ်တဆက်ဆက် မပေါ်ပေါက်ဘူးခဲ့သေးသော ထိုသည့် စာမေးပွဲသည် တော်လှန်ရေး အစိုးရမင်း လက်ထက်၊ တော်လှန်ရေး အစိုးရခေတ်၌၊ အရှေ့က နေဝန်းထွက်သည့်ပမာ ငွါးငွါးစွင့်စွင့် ကြွားကြွားတင့်တင့် ကောင်းစွာ ဖြစ်ထွန်း ပေါ်ပေါက် လာနိုင်ခဲ့ဘူး၍ အလေးအနက် ဆင်ခြင် သုံးသပ်မိပေတော့သည်။

[၁၃]

# ပဲခူးမြို့နယ် မိုးခိုင်ကြီးရွာသို့ ၁၀ ရက် တရားပြခရီး

ဘယ်လိုမှ မမျှော်လင့်သော အဖြစ် တရပ်သည် ကြုံတွေ့၍ လာခဲ့သည်။ သံလျင်တောရ ဆရာတော်က ကျွန်ုပ်တို့အား မိုးခိုင်ကြီးသို့ တရားပြ လိုက်ပါသွားရန် မိန့်ကြားသည်။ ကြော်ငြာထဲ၌လည်း ကျွန်ုပ်တို့အား တရားပြ ဆရာတွေအဖြစ် ထည့်သွင်း ကြော်ငြာထားသည်။ မိမိ ကျင့်သုံးထားသော တရား မှမ္မတွေကို သူတပါးတို့အား ပြန်၍ မပြတတ်စရာ အကြောင်းမရှိဟူ၍ ဆရာတော်က ဆိုသည်။ ကြော်ငြာထဲ၌ပါသော တရားပြ ဆရာတွေမှာ ဘုန်းကြီးထဲက ဗိုလ်ကုန်း ဆရာတော်၊ မြင်းခြံ ဆရာတော်၊ ဦးကျောက်တိုင်ခေါ် အရှင်နန္ဒဝံသ၊ (ဘီအေး ဓမ္မာစရိယ) ဦးရွှေဥမင်ခေါ် အရှင်ဉာဏ (ဓမ္မာစရိယ)တို့နောက် ပအိုဝ့်အမျိုးသား ဦးတောင်ကြီးခေါ် အရှင်ဉာဏိန္ဒနှင့် ကျွန်ုပ်ပင် ဖြစ်သည်။

သီလရှင်ထဲက ဆရာလေး ဒေါ်ပုည၊ ဆရာလေး ဒေါ်ဝဏ္ဏ၊ လူပုဂ္ဂိုလ် ယောကျ်ားထဲက ဥက္ကဋ္ဌ ဦးမန်းယုံ၊ အတွင်းရေးမှူး ဦးဘကျင်၊ ဦးပု၊ ဦးထွန်းတင်၊ ဘီလူးကျွန်း မှူဒူးဦးမောင်ကြီး၊ ဦးကြာခိုင်၊ အမျိုးသမီးထဲက အစိုးရအထက်တန်း ကျောင်းဆရာမကြီး ဒေါ်မိမိ (ပင်စင်စား)၊ အစိုးရ မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စီ (ပင်စင်စား)၊ ဘီလူးကျွန်းရွာလွတ် ဒေါ်အေးရှိန်၊ မအေးသိန်းတို့ ဖြစ်ကြပါသည်။

တပေါင်းလဆန်း လေးရက်နေ့မှ ၁၃ ရက်နေ့ အထိ ဆယ်ရက်တိုင်တိုင် ပြသရမည်ဖြစ်ရာ ကျွန်ုပ်တို့ တရားပြအဖွဲ့သည် တပေါင်းလဆန်း ၃ ရက်နေ့တွင် စတင် ထွက်လာခဲ့သည်။ မလစခင် ဆယ်ရက်လောက်က ကြိုတင်ပြီး သံလျင်တောရ ဆရာတော်သည် ကျွန်ုပ်တို့အား တရားပြ ဆရာတို့၌ ရှိသင့်ရှိထိုက်သော အရည်အချင်း စိတ်နေ စိတ်ထားများကို ဆရာဖြစ် သင်တန်းအဖြစ် ပို့ချပေးသည်။ ဆရာတော် သမားတော်တို့နှင့် ဗဟုသုတပြည့်စုံ ကြွယ်ဝသော၊ ပုဂ္ဂိုလ် အပေါင်းတို့က တရားဓမ္မနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်း စုံစမ်းမှု ပြုလာသော် ကောင်းစွာ ဖြေရှင်းမှု ပြုနိုင်အောင် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် တိတိကျကျ သင်ကြား ပြသပေးသည်။ ပြီးလျှင် သမထနှင့် အာနာပါနကို ဤကြွ္ဌာနက ဘာလိုအားမထုတ်ကြောင်းဆိုသော အချက်ကိုလည်း၊ အကြောင်းအကျိုး ဆက်စပ်ပြသော သဘာဝယုတ္တိစာပေ၊ ကျမ်းဂန်ကိုးကားပြသော အာဂမယုတ္တိတို့ကိုလည်း သင်ကြားပြသသည်။ ထိုနောက် ဝေဒနာ နုပဿနာကမ္မဋ္ဌာန်းတွင် ညောင်းညာကိုက်ခဲခြင်း၊ ထုံကျင်ခြင်း၊ မခံသာအောင် စွစ်

လာခြင်းစသော ဒုက္ခ ဒုက္ခကို ဝိပဿနာ တရားအဖြစ် မှကျင့်သုံးရပုံနှင့်၊ နာကျင် ကိုက်ခဲ့စသော ဒုက္ခနှင့် ဝေဒနာမှာ တခြားစီဖြစ်ပုံ၊ ဝေဒနာမှာ ဝေဒယိတ လက္ခဏာအရ ခံစားမှုသဘောလေးသာဖြစ်၍ နာမ် သက်သက်ဖြစ်ပုံ နာကျင်ကိုက်ခဲစသော ဒုက္ခမှာ ရုပ် ကိစ္စဖြစ်ပုံ၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်ဟူ၍ သိခြင်းမှာ ဝေဒနာက သိသည်မဟုတ်၊ သညာကသာ သိနေခြင်းနှင့် ဝေဒနာက သူ့အပေါ် ကျရောက်လာသော သဘောကို ခံစားနေရုံ သက်သက်သာ သူ့အလုပ်ဖြစ်ပုံ၊ ကျန်းဂန်၌ တိဿမထေကြီးသည် ဒုက္ခ ဝေဒနာကိုရှု၍ ရဟန္တာဖြစ်သွားသည်ဟူ၍ မှားယွင်းစွာ ယူတတ်ကြပုံ၊ အမှန်မှာ ကျမ်းဂန်တွင် ထိုသို့ အရိပ်အမြွက်မျှ မပါပေ။ ပါသည်မှာ ဝေဒနံ ဝိက္ခမ္ဘေတွာ ဝေဒနာကိုခွာ၍ ဟူ၍သာပါပုံ၊ ယင်းကို သေချာအောင် မဟာသတိပဋ္ဌာနသုတ်ဋီကာက၊ ဝေဒနံဝိက္ခမ္ဘေတွာတိ၊ ဝေဒနာကို ခွာ၍ဆိုထား ဦး ရုဋ္ဌိဘောဒပစ္စယံ၊ဒုက္ခဝေဒနံ၊ အမနသိကာရေန၊ ဝိနောဒေတွာ၊ ပေါင်နှစ်ချောင်းကို ကြီးစွာသော ကျောက်တုံးကြီးဖြင့် ရိုက်ချိုးထား၍ နှစ်ချောင်းလုံး ကျေ ပျက်စီးနေသဖြင့် မခံမရပ်နိုင်အောင် တဆစ်ဆစ် ပြင်းထန်စွာ ကိုက်ခဲနေသော ဒုက္ခ ဝေဒနာကို နှစ်လုံး မသွင်းသော အနေဖြင့် ပယ်ဖျောက်၍ ဗိုလ်သော ကျမ်းဂန်က ပြထားပုံ၊ ဒုက္ခဝေဒနာကို နှစ်လုံးမသွင်းဘူးဆိုတာ၊ သီလံပစ္စဝေက္ခတော၊ သီလကို ဆင်ခြင်တဲ့အခါ ပရိသုဒ္ဓိနိဿာယ၊ မိမိရဲ့ သီလဟာ မှကျိုး မပေါက်အောင် ကောင်းစွာ မြူစင်ခဲ့သဖြင့် ဖြူစင်တဲ့ သီလကို အမှီပြုပြီး ပီတိ

ပါမောဇ္ဇ ဥပ္ပဇ္ဇတိ- ငါ့ သီလဟာ စင်ကြယ်လှပါလား ဆိုပြီး နှစ်သိမ့်မှုဝိတ်၊ ဝမ်းမြောက်မှု ပါမောဇ္ဇတွေ ဖြစ်လာတယ်။

ထို့နောက် ပဿဒ္ဓိ အေးငြိမ်းလာတယ်။ သုခံစိတ် ကြည်လင် ချမ်းသာလာတယ်၊ သမာဓိ တည်ကြည်လာတယ်။ အဲဒီလိုသမာဓိ ဖြစ်တော့မှ ဝိပဿနာကို ပွားများ၍ ရဟန္တာဖြစ်သွားပုံ၊ မခံသာ အောင် နာနေတာကို ဝေဒနာ ဝိပဿနာ ဆနေဖြင့် ရှင်း၊ ဒုက္ခ ဝေဒနာကြီးကို နာတယ် နာတယ်လို့ ရှုပွားနေရင် သမာဓိ ဘယ် နည်းနှင့် မရနိုင်ပုံ၊ ပလာယာနှင့် ကိုယ့်အသားကို ဆွဲညှစ်ပြီး နာတယ် နာတယ်လို့ ရှုကြည့်လျှင် သမာဓိ ရနိုင်မရနိုင် စမ်းသပ် ကြည့်နိုင်ပုံ စသည်ဖြင့် သဘာဝယုတ္တိ အာဂမယုတ္တိတို့ မြောက် များစွာဖြင့် သင်တန်း ပို့ချ ပေးခဲ့သည်။

ကျွန်ုပ်တို့အဖွဲ့သည် နေ့လည် ၁၂–နာရီခွဲ ပဲခူးသွားမည့် ရထားနှင့် လိုက်ပါကြရမည် ဖြစ်သည်။ ကျောက်တန်းဘူတာ ဆင်းပြီး ထိုမှတဆင့် မိုးခိုင်ကြီးသို့ ဆက်လက် သွားကြပေမည်။ နေ့လယ်ဆွမ်းအတွက် ၈–နာရီတွင် ကြားဆွမ်းစားပြီး မသွား ခင် ကျွန်ုပ်တို့ အားလုံး ဆရာတော်အား ဝတ် သွားချကြသည်။ တာဝန်တခုဖြင့် ခရီးဝေးသွားကြမည့် သား သမီးတွေအား မှာသင့် မှာရာရာတွေကို တတွတ်တွတ် မှာကြား နေသကဲ့သို့ ဆရာတော်သည် ကျွန်ုပ်တို့အား တတွတ်တွတ် မှာ ကြားပေသည်။ တရားပြ တာဝန်ခံအဖြစ် မြင်းခြံဆရာတော်ကို အာဏာကုန် လွှဲအပ်သည်။ ကျွန်ုပ်တို့ အားလုံးက မြင်းခြံ ဆရာတော်စကားကို ကြည်ဖြူစွာ လိုက်နာကြရမည် ဖြစ်သည်။ ယောဂီနှင့် ဒကာ ဒကာမတို့ထံမှ ဘာဘာညာညာ အလှူခံခြင်း၊

ရပ်ကိစ္စ၊ ရွာကိစ္စ၊ သာရေးနာရေးကိစ္စတွေကို အထူး ရှောင်ကျဉ်ကြဘို့ မှာကြားသည်။ မိမိတို့၏တာဝန်သည် ယောဂီတို့အား တရားပြရန် သက်သက်သာ ဖြစ်သည်။ တရားပြပြီးလျှင် ပြန်လာကြရုံမှတပါးအခြား ဘာကိစ္စမှ မရှိရပါပေ။

ကျောင်းထဲမှထွက်၍ အပြင်သို့ရောက်သည်နှင့် တပိုင်နက် ထိုထိုရောက်ရှိသော ပတ်ဝန်းကျင် ဒေသတွေကို မေတ္တာဘာဝနာပွားများပြီး သွားကြရန် မှာကြားသည်။ လူသားတို့၏ ခန္ဓာကိုယ် အသီးသီး၌ သူတော်ကောင်းတရားတွေ တည်ကိန်းနိုင်ကြရေး အတွက် အာရုံပြု မေတ္တာပို့ ဆုတောင်းရန် မှာကြားသည်။ ဘာပြီးလျှင် ဘာလုပ်ရမည်၊ သယ်သူက ဘယ်တာဝန်ကို ထမ်းဆောင်ရမည်၊ စသည်ဖြင့် မှာသင့်မှာရာရာကို တတွတ်တွတ် မှာကြားပေသည်။ စာနှင့်လည်း ရေးပေးလိုက်ပေသေးသည်။အထူးအားဖြင့် အတိုက်အခံနှင့် တွေ့လျှင်ရင်း၊ တစုံတခု စိတ်ဆိုးစရာအာရုံနှင့် တွေ့သော်ရင်း၊ စိတ်မဆိုးကြဘို့၊ မျက်နှာမပျက်ကြဘို့ သီးခံခွင့်လွှတ်ကြဘို့ကို အလေးအနက် မှာကြားပေသည်။ ဆရာတော်၏ မှာကြားချက်အပြီး၌ ကျွန်ုပ်တို့အားလုံး ဆရာတော်အား ဝတ်ချပြီးခါ ခရီးစတင် ထွက်လာခဲ့ကြသည်။

'ဤမြို့၊ ဤရွာ၊ ဤဒေသ၌ ကျက်စားနေကြကုန်သော လူပုဂ္ဂိုလ်၊ နက်ပုဂ္ဂိုလ်တို့နှင့်တကွ စကြာဝဠာအနန္တရှိ သတ္တဝါအနန္တတို့သည် ကျမ်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကြည်သာ မြဲကြပါစေ၊ ဒုစရိုက်အကျင့်ဆိုးတွေကို ရှောင်ကျဉ်နိုင်ကြပါစေ၊ သူတော်ကောင်းတရားတွေကို လိုက်နာကျင့်သုံးနိုင်ကြပါစေ'

ဆရာတော် မှာကြားလိုက်သည့်အတိုင်း ကျွန်ုပ်သည် လာခဲ့ရာ လမ်းတလျှောက်လုံး မေတ္တာပို့ခါ ငြိမ်သက်စွာ လိုက်လာခဲ့ပေတော့သည်။

ကျွန်ုပ်တို့ ရွှေ့ရှုသွားနေသော မိုးခိုင်ကြီးရွာသည် သံလျင်တောရ ဆရာတော်၏ ဇာတိရွာဖြစ်သည်။ ဤနှစ်သည် မိုးခိုင်ကြီး ရွာ၌ ပဆမဆုံးအကြိမ် ၁၀ရက် တရားကျင့်သုံးပွဲ စတင်ကျင်းပခြင်းဖြစ်သည်။ ပထမဆုံး တရားကျင့်သုံးပွဲအဖြစ် စတင်ကျင်းပသော ရွာ၌ ပထမဦးဆုံး တရားပြသူအဖြစ်နှင့် လိုက်ပါရသည်လည်းဖြစ်၊ ဆရာတော် ဇာတိရွာလည်းဖြစ်၍ ကျွန်ုပ်အားတက်သရော ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်မိသည်။ ဤတရားပွဲကို ကျင်းပဖြစ်ခြင်းသည် ဆရာတော်နှင့် ဆွေမျိုး တော်စပ်သူ အသက် ၄၀ ခန့်ရှိ တကာ ဦးအောင်စိုက သူတို့ရွာ၌ တရားပွဲကျင်းပပေးရန်ဆရာတော်ထံ၌ လျှောက်ထားလာသောကြောင့် ဖြစ်သည်။ သူကပင် ကမ္မကထ ငွေကုန်ကျေးကျခံ၍ တာဝန်ခံပြုလုပ်ခြင်း ဖြစ်ပေသည်။ ကျွန်ုပ်တို့အဖွဲ့သည် စုစုပေါင်း ၂၅ဦး ခန့် ရှိသည်။ ကျွန်ုပ်တို့ အသွားအပြန် လမ်းစရိတ်ကိုတော့ ကုန်ကျသမျှ တရားပွဲ လက်ခံ ကျင်းပသူတို့က ကျခံရပေသည်။ ပစ္စည်းလဒ်လာဘ အခွင့်အရေးနှင့်ပတ်သက်ပြီး ယင်းမှတပါး အခြား ဘာမျှ မရှိပါပေ။ ၂–နာရီခန့်တွင် ရထားသည် ကျောက်တန်းဘူတာသို့ ရောက်ရှိလာသည်။ ရထားထဲလျှော့ကျနေသော သက်န်းများကို သပ္ပာယ်သွားအောင် ပြင်၍ ဝတ်ရုံခါ မေတ္တာကမ္မဋ္ဌာန်းကို ဆင်ခြင်၍ ဆင်းသက်လိုက်ကြသည်။ ယောကျ်ားလေးငါးဆယ်ဦးခန့် အမျိုးသမီး လေးငါးဆယ်ဦး

ခန့် လာ၍ ကြိုဆိုကြပေသည်။ ရထားမှဆင်း၍ လူစုံလောက်လော အခါ၌ သံဃာတော်များက အရှေ့ဆုံးက တန်းစီကာ သမဏဳခြေ့အပြည့်ဖြင့် လက်ျာဘက် ရှေ့တူရူလမ်းမကြီးအတိုင်း လာခဲ့ကြသည်။ ငါးမိနစ်ခန့်သာသာ သွားမိသော် ချောင်းငယ်တချောင်းကို တွေ့ရသည်။ တဘက်ကမ်းကို လှမ်းမျှော်ကြည့်သော် လည်းကြီးလည်းငယ် အသွယ်သွယ်တို့ဖြင့် လူထုပရိသတ်စောင့်ကြိုနေကြသည်ကို တွေ့မြင်ရလေသည်။ တဖက်ကမ်းသို့လှေဆိုက်သောအခါ ဝါးနှစ်ပြန်ခန့် ရွှံ့ဘက်တွေကို နင်း၍ သွားရဘွယ် ရှိနေသည်။ သို့သော် မသွားရပေ။ ယောကျ်ားဆယ်ယောက်ခန့် ကျွန်ုပ်တို့လှေအား ဝိုင်းဝန်းတွန်းပေး၍ ကုန်းပေါ်မှာ လှေစီးရသကဲ့သို့ ဖြစ်နေပေသည်။ ယင်းသို့ဖြင့် နှုံးတမှုံ ရွှံ့တစက်မပေရပဲနှင့် ကုန်းပေါ်သို့ ရောက်လာခဲ့ကြပေသည်။ ချောင်းကမ်းနားထဲ၌ တံဘားဆိပ်ရှိသည်။ တံဘားဆိပ်တွင်ကျွန်ုပ်တို့ ခေတ္တ အနားယူနိုင်ရေးအတွက် ဖျာတွေ ခင်းထားလျက် ရှိသည်။ ကျွန်ုပ်တို့က ထိုဖျာပေါ်တွင် သတိရှိရှိထိုင်ကြပြီး ဒကာများက အခဖျော်ယမကာများဖြင့် တိုက်ကျွေးသည်။ ပြီးလျှင် မြင်းခြံဆရာတော်က မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းကြရန် နှိုးဆော်တိုက်တွန်းလာသည်။

'ဤနယ်တဝိုက်၌ နေထိုင်ကျက်စားကြကုန်သော လူပုဂ္ဂိုလ်အပေါင်း နတ်ဒေဝတာအပေါင်း၊ ကျမ္မာ ချမ်းသာကြပါစေ။ တရားကျင့်သုံးပွဲကြီး ချောမောစွာ အောင်မြင် ထမြောက် ပြီးဆုံးခြင်းသို့ ရောက်ပါစေ။ နတ်ကောင်းနတ်မြတ် အပေါင်းတို့ကောင်းစွာ စောင့်ရှောက်နိုင်ကြပါစေ။ လူသားအပေါင်းတို့

သူတော်ကောင်းတရားကို ကောင်းစွာကျင့်သုံးနိုင် ကြပါစေ။

ကျွန်ုပ်တို့ အသီးသီး စိတ်ထဲမှ အာရုံပြု မေတ္တာပို့ ဆုတောင်း လိုက်ကြသည်။ လူစုံရောက်လာသည့်ကာလ ကျွန်ုပ်တို့အားလုံး လှည်းပေါ်သို့ တက်လိုက်သည်။ လှည်းမှာ အစီး ၂၀ ခန့်ရှိသည်။ အရှေ့တောင်ဘက်ဆီသို့ လှည်းသည် ရွေ့ရှုလာသည်။ မိုးခိုင်ကြီး ရွာသည်ပဲခူးမှအရှေ့တောင်ဘက်တွင်ရှိနေသည်။ ရှေ့ဆုံးလှည်း တွင် သာသနာ့အလံ၊ ဗုဒ္ဓ၏ တရားစစ်များ ပြန့်ပွားရေး အမှတ် တံဆိပ် အလံများ၊ လေပြူးပြူးတွင် တလူလူ စင့်ကြွားနေသည်။ ထိုလှည်း၌ ဆရာတော်များ လိုက်ပါ ကြသည်။ ထိုနောက်က ကျွန်ုပ်တို့ လိုက်ပါလာသောလှည်း ဖြစ်သည်။ ထိုနောက်မှ လှည်းတို့သည် တသီတတန်းကြီး တရွေ့ရွေ့ လိုက်ပါလာကြ သည်။ လာရာလမ်းတလျှောက် လယ်ကွင်းကြီးတွေ မျက်စေ့ တဆုံးဖြစ်နေသည်။ အချို့နေရာဘွင်ပြောင်သလင်းခါနေသည်။ အချို့နေရာများတွင် မတ်ပဲပင် မြေပဲပင်တို့ စိမ်းစိုနေသည်။ ကြိုကြားကြိုကြား စေတီပုထိုးများ၊ တောင်ကုန်းဂမ္ဘူကလေး များကို တွေ့ရသည်။ စေတီပုထိုးများသည် အိုမင်းရင့်ရော်လျက် ရှိနေပေသည်။

'ဦးပဥ္စင်းတို့ ကံကောင်းတယ်ဘုရား ဖုံသိပ်မထဘူး၊ မနေ့ က မိုးရွာထားတယ်၊ နို့မှတ်ရင် ဖုံက သိပ်ထတာ ခုမိုးရွာထား လို့ ဖုံသိပ်နေတယ်'

အတန်ငယ်သွားမိလေသော် လှည်းမောင်းသမားက စကားဆိုလာသည်။ကံကောင်းဆို–ကောင်းတဲ့ အလုပ်ကိုလုပ်ကြတာပဲ၊ ဒီလိုပဲ ကြံဖန်ဖြစ်လာရတာပေါ့၊ မှတ်ဖူးလား ဦးပဥ္စင်း'

လှည်းသမား၏ စကားကို သဘောတွေ့သွားဟန်တူသည်။ မှူးဦးမောင်ကြီးက မှိုရသောမျက်နှာထားနှင့် ပြောသည်။ကျွန်ုပ်က သဘောကျစွာ ပြုံးစိစိလုပ်နေမိသည်။ ဖုံမထတော့ဘူးဆိုတာတောင်မှ သက်နိုးစတို့၌ ဖုံတွေရောက်လာပေသေးသည်။ မိုးရွာမထားလျှင် အတော့ကို ဖုံထနေမှုနှင့် ကြုံရမည်ကို တွေးမိပေသည်။ နာရီဝက်သာသာခန့် သွားမိသောအခါ၌ လှည်းတို့သည် အစဉ်အတိုင်း မိုးခိုင်ကြီး ရွာသို့ဝင်လာသည်။ ရွာက အမျိုးသမီး၊ အမျိုးသားကြီးငယ်တို့သည် ကျွန်ုပ်တို့အား အထူးအဆန်းသဖွယ် ကြည့်ရှုနေကြသည်။ ကျွန်ုပ်တို့က ကျမ္မာ ချမ်းသာပါစေကြောင်း မေတ္တာလောင်းရသည်။ ရွာထဲသို့ ရောက်ခါမှ နွားတို့သည် ပျော်ရွှင်မြူးတူးဟန်နှင့် ခတ်သောသော့လေး သွားနေကြသည်။ အမှန်တော့ ဤနွားတို့သည် အမျိုးမျိုးဝန်ကို ဆောင်ခဲ့ဘူးကြပြီ ဖြစ်သည်။

လူသားတို့အတွက် အထူးကျေးဇူးများလှသည်။ လူသားတို့၏ အကျိုးအတွက် ဝန်ပေါင်းမြောက်များစွာကို ထမ်းရွက်ခဲ့ကြ၊ ထမ်းရွက်နေကြသော သတ္တဝါများပင် ဖြစ်ချေသည်။ လယ်ကို ထွန်ယက်ပေးခဲ့ကြပေပြီ၊ ဆန်ရေစပါး စားနတ်ရိက္ခာဘို့ကိုလည်း ဤမှသည် ထိုသို့ ထိုမှသည် ဤသို့ အကြိမ်ကြိမ်အခါခါ ထမ်းဆောင်ပေးခဲ့ကြပြီဖြစ်သည်။ပေးလည်းပေးနေကြသည်။ မသေခင်စပ်ကြား ဆက်လက်၍လည်း ပေးနေဦးမည်သာ

ဖြစ်သည်။ သခုတကြိမ်၌မူ သူတို့၏ ဘဝတသက်တာတွင် တခါမှ မထမ်းဆောင်ဘူးသော ဝန်ကို ထမ်းဆောင်နေရ၍ တန်ဖိုးအနဂ္ဂ ထိုက်တန်လှသည်ဟု သိပါမူ ဘယ်လောက် ကောင်းပေလိမ့်မည် နည်း။ မှန်ပါသည်။ အချမ်းသာဆုံး အမြင့်မြတ်ဆုံးသော နိဗ္ဗာန် သွားရေးလုပ်ငန်းတွင် သူတို့ တပိုင်း တကဏ္ဍက ပါဝင်ကူညီခွင့် ရနေပြီ မဟုတ်ပါလား။

"မင်းတို့တတွေ ငါတို့အား ယခုကဲ့သို့ သယ်ဆောင်ပေးရ သည်အတွက် ဤကုသိုလ်ကောင်းမှုကြောင့်၊ ဒီဘဝသေလွန် သော် နောက်ဘဝများထွင် နွားဘဝအဖြစ်က ကျွတ်လွတ်ခွင့်ရ ပါစေ။ လူ့ဘဝ၊ နတ်ဘဝသို့ ရောက်ပြီးလျှင် သူတော်ကောင်း တရားကို ကျင့်သုံးပြီး၊ နိဗ္ဗာန်သောင်ကမ်းသို့ ဆိုက်ကပ်နိုင်ကြ ပါစေ"

ကျွန်ုပ်တို့အား သယ်ယူပို့ဆောင်ပေးသော နွားကလေးတွေ အား အထူးမေတ္တာပို့ ဆုတောင်းမိပေသည်။

ကျွန်ုပ်တို့သည်၊ မိုးခိုင်ကြီးတောင်ကျောင်းကြီး၌ တည်းခိုကြ ရသည်။ တရားပွဲသည် ထိုတောင်ကျောင်းမှာရှိ၍ ကျင်းပမည် ဖြစ်သည်။ အမျိုးသားတရားပြုဆရာများက ထိုမှာရှိ၍၊ တည်း ခိုကြသည်။ အမျိုးသမီးတရားပြုဆရာမများက ဇရပ်တွင် တည်းခို ကြသည်။ ကျွန်ုပ်တို့ ဘုန်းကြီးတော့က တောင်ကျောင်းကြီး၌ပင် တည်းခိုကြရသည်။ ၎င်းကျောင်းကြီးသည် ရှေးခေတ်ကောင်း တုံးက ဆောက်လုပ်ထားသော ကျောင်းကြီးဖြစ်သည်။ အတော် ကြီးမားသည်။ အလျား ပေတရာ အနံပေငါးဆယ်ခန့်ရှိသည်။ ကျောင်းထိုင်ဆရာတော် ဦးတိက္ခသည်လည်းသက်တော်ရှစ်ဆယ်

ကျော် ဝါတော်ခြောက်ဆယ်ကျော်၊ မဟာထေရ်ကြီးတပါးပင် ဖြစ်ချေသည်။

နောက်တနေ့တွင် ယောဂီများ တော်တော် စုံစုံလင်လင် ရောက်ရှိလာသည်။ အားလုံး ၂၀၀ ခန့်ရှိသည်။ ကျောက်တန်း၊ အုန်းနှဲ၊ နိဗ္ဗာန်၊ ပေါက္ကူ၊ မိုးခိုင်လေး၊ သံဘခါး၊ သံဒင်းစသော တောရွာနီးချုပ်စပ်မှ ရောက်ရှိလာကြသော အမျိုးသား၊ အမျိုးသမီးနှင့် ရွာခံမိုးခိုင်ကြီးရွာမှ အမျိုးသား၊ အမျိုးသမီးယောဂီများပင် ဖြစ်သည်။ ၁၀-ရက်တရား ကျင့်သုံးကြမည့် ယောဂီများသည်၊ ဓမ္မာရုံနှင့် ကျောင်းတွင်းရှိ ဇရပ်တို့၌ အသီးသီး တည်းခိုကြရသည်။ ဆယ်ရက်တရားထိုင်စဉ်အတွင်း ထိုထို ဤဤ သွားလာခြင်းမပြုရပေ။ မိမိတို့အိပ်စက်မည့်အိပ်ရာလိပ်များသာ ယူဆောင်လာကြရသည်။ စိန်ရွှေရတနာစသော အဖိုးတန် အသုံးအဆောင်များ ယူဆောင်မလာကြရပေ။ သူတို့သည် ဆယ်ရက်လုံး နဝင်္ဂကိုးပါး ဥပုသ်သီလကို စောင့်သုံးကြရသည်။ နံနက်အာရုံနှင့် နေ့လည်စာကို တရားပွဲတာဝန်ခံ ကျင်းပသူ ကိုအောင်စိတ်တို့အဖွဲ့က တာဝန်ခံကျွေးမွေးရသည်။တနေ့ကို ၃၀၀ိ/-ခန့် ကုန်သည်။ ဆယ်ရက်ခန့်တွင် စားရေးနှင့် စရိတ်စကအားလုံး ၄၀၀၀ိ/-ခန့် ကုန်ပေမည်။ စားရေးနှင့် ပတ်သက်၍ တရက်ဖြစ်စေ၊ နှစ်ရက်ဖြစ်စေ၊ စေတနာအလျောက် လှူဒါန်းကျွေးမွေးလိုသူရှိက မည်သူမဆို လှူဒါန်းကျွေးမွေးနိုင်သည်။ ကျွေးမွေးလှူဒါန်းရှင် မပါလျှင် တာဝန်ခံ ကိုအောင်စိတာဝန်သာ ဖြစ်ချေသည်။ ယောဂီတို့ တနေ့စာအတွက် ကျွန်ုပ်

တို့အဖွဲ့ တရားပြ ဆရာ ဆရာမ၊ အမျိုးသား အမျိုးသမီးများက တနေ့စာ လှူဒါန်းမှုပြုပေသည်။

လေးရက်နေ့မနက်ပိုင်း နံနက်တွင် တရားဖွင့်ပွဲ ကျင်းပသည်။ ဗိုလ်ကုန်းဆရာတော်၊ မြင်းခြံဆရာတော်တို့က ဩဝါဒမိန့်ကြား ကြသည်။ အစီအစဉ်တွေ ညွှန်ကြားသည်။ စကားနည်းနည်းပြော တရားများများထုတ်ရန် တိုက်တွန်း နှိုးဆော်သည်။ ရပ်ကိစ္စ ရွာကိစ္စ၊ သားရေး သမီးရေး၊ အိမ်ထောင်ရေးကိစ္စတို့ကို စိတ် မရောက်ကြရန်၊ ဆယ်ရက်အတွင်း ခေတ္တခဏ ဘေးဖယ်ထားကြ ရန် သတိပေးသည်။ ပြီးလျှင် တရားအားထုတ်ကြမည့် ယောဂီ တို့နှင့် တရားပြဆရာတို့ အစီအစဉ်ပြုလုပ်ကြရသည်။ ခွဲဝေမှုပြု ကြရသည်။ စာသင်ကျောင်းတွင် အတန်းပိုင်ဆရာနှင့် ကျောင်း သားကဲ့သို့ ဖြစ်သည်။ အမျိုးသားယောဂီများက အသီးသီး တင်ပလ္လင်ခွေ၍ရင်း၊ အမျိုးသမီးယောဂီများက မယ်ကြိုးထိုင် ၍ရင်း၊ အသီးသီးတန်းစီထိုင်နေကြရသည်။ အမျိုးသမီးယောဂီ တို့ကို အမျိုးသမီးတရားပြဆရာမများက အသီးသီးခွဲဝေပြကြ သည်။ အမျိုးသားယောဂီတို့ကို အမျိုးသားတရားပြဆရာနှင့် ဘုန်းကြီးတရားပြဆရာများက အသီးသီးခွဲဝေပြကြသည်။ ဘုန်း ကြီးယောဂီကို ဘုန်းကြီးတရားပြ ဆရာများက ပြကြရသည်။

ကျွန်ုပ်ပြရသော အတန်းတွင် အမျိုးသားကိုးယောက်ရှိသည်။ သူတို့အားလုံး အသက် ၅၀ ကျော်နှင့် ၇၀ ကျော် အတွင်း ရှိ ကြသည်။ ဦးထွန်းမြတ်တယောက်ကလွဲ၍ ကျန် ပုဂ္ဂိုလ်အပေါင်း တို့သည် တောင်သူ လယ်သမား ဦးကြီးများပင် ဖြစ်သည်။ ဦးထွန်းမြတ်က ရန်ကုန်သာကေတ တံတားသစ်ကြီး အနီး ဒေါပုံ

ရပ်ကွက်က ဖြစ်သည်။ သူလည်း မိုးခိုင်သား ဇာတိပင်ဖြစ်သည်။ ဆရာတော်နှင့် ငယ်စဉ်က ကျောင်းနေဘက် သူငယ်ချင်းဟု ဆိုသည်။ ကျွန်ုပ်တို့၏ အသက်သခင် ကျေးဇူးရှင် ဖြစ်သော တောင်သူ လယ်သမား ဦးကြီးများအား ဗုဒ္ဓ၏ အမြင့်မြတ်ဆုံး လုပ်ငန်းဖြစ်သော ဝိပဿနာ တရားဓမ္မကို ပြသခွင့်ရ၍ များစွာ နှစ်ခြိုက်အားရ ကြေနပ်မိပေသည်။ ကျွန်ုပ်က ယောဂီတို့အား တဦးစီ တရားဓမ္မ လုပ်ထုံးလုပ်ကွက် လုပ်နည်းများကို သင်ကြား ပြသပေးသည်။ ရှေ့က တရားအားထုတ်ဘူး၊ အားမထုတ်ဘူး စစ် မေးရသည်။ ဦးထွန်းမြတ်ဘယောက်ကလွဲ၍ ကျန်သော ပုဂ္ဂိုလ် အားလုံး တရား အားမထုတ်ဘူးသေးဟု ဆိုသည်။ ယင်းအတွက် သူတို့အား နှာခေါင်းက သုံးချက်တွန်းကို ပေးသည်။ အချို့ နှာပိတ်သော ယောဂီများ ရှိသည်။ ထိုယောဂီများကို လက် ကနေ တွန်းမှုသဘော ပေးရသည်။ လက်ညှိုးတဆစ်ခန့် နေရာ တွင် ဆံခြည်မျှင် တမျှင်စီချသော် ၄-၅ ရာခန့် ရှိပေမည်။ ယင်း ဆံခြည်တမျှင်စာ လက်ညှိုးတဆစ်စာပေါ်မှာ လက်မနှင့် တွန်း သွားရမည် ဖြစ်သည်။ ပထမတွင် သမာဓိ ပိုမိအောင်၊ ဆံခြည် တမျှင်စာစီ တွန်းမှုပြုတိုင်း တစ်၊ နှစ်၊ သုံး- စသည် လက်တဆစ် အဆုံး၌ မည်မျှရသည်ကို အရေအတွက်နှင့် လုပ်ခိုင်းရသည်။ ထို တဆစ်စာအတွင်း အနည်းဆုံး ၅၀-မှ ၁၀၀၀ ခန့် အထိ ရရှိ တတ်ပေသည်။ အရေအတွက် ကြဲသော ပုဂ္ဂိုလ်သည် သမာဓိ အားနည်းသူ ဖြစ်သည်။ သမာဓိ အားကောင်းလာလျှင် အရေ အတွက်လည်း စိတ်စိတ်လာသည်ဟုဆိုလျှင် ရာမှသည် ထောင်သို့ ရောက်ရှိ လာတတ်ပေသည်။

ဦးထွန်းမြတ်မှာ ဝဝတုတ်တုတ် အသားညိုညို ဖြစ်သည်။ အသက် ၆၀ ကျော် ရှိသည်။ အာနပါနကို နှစ်နှစ်ကျော် လုပ်လာဖူးသူတဦး ဖြစ်သည်။ ယင်းအတွက် သူ့အား နှာခေါင်းတွန်း မပေးပဲ၊ လက်တွန်းကိုသာ ပေးပေသည်။ နှာခေါင်းတွန်းပေးလျှင် အာနာပါနနှင့် ရောသွားမည်စိုး၍ ဖြစ်သည်။ ယောဂီများ အသီးသီး တရား အားထုတ်လျက် ရှိကြသည်။ ယောဂီများ အနီးတွင်ဆရာများကကိုယ့်ယောဂီများကို အထူးဂရုဘစိုက်အခြေအနေကို စောင့်ကြည့်လျက် ရှိနေသည်။ နှာခေါင်းကတွန်းမှု မှန်မမှန်၊ လက်တွန်းလျှင်လည်း တွန်းမှု မှန်မမှန် အရှုခံအာရုံ တည့်မတည့် သေချာစွာ စောင့်ကြပ်ပေးရသည်။ ဒီလို ရှုရတယ်၊ဒီလို တွန်းရတယ်၊ စိတ်ကို ဤနှယ် ထားရတယ်။ ခန္ဓာကိုယ် အလျော့ အတင်းကို ဤသို့ ပြုပြင်ပေးရတယ် စသည်ဖြင့် နှစ်ကိုယ်ကြား တီးတိုးစကားပြောကြားနေရသည်။မိနစ် ၂၀ ခန့်ကျွန်ုပ်ယောဂီများအား သင်ကြား ပြသ ပေးပြီးနောက် အခြေအနေကို လေ့လာအကဲခတ်ကြည့်သည်။ကျွန်ုပ်ယောဂီများသည်အသီးသီး ကိုယ့်ရှုကွက် အာရုံများ၌ စိတ်ကို ကပ်ခါ ငြိမ်သက်စွာ တရား ရှုပွားနေကြသကဲ့သို့ ထိုထိုဆရာဆရာမတို့၏ယောဂီတို့သည်လည်း အသီးသီး ငြိမ်သက်စွာ ရှုပွားနေကြပြီ ဖြစ်သည်။ သူတို့တတွေအား ကြည့်ပြီး၊ ကျွန်ုပ် တစိမ့်စိမ့် ကြည်နူးလာသည်။ တသိမ့်သိမ့် ဝမ်းမြောက်လာသည်။ သောက၊ ဒေါမနဿ မြောက်များစွာတို့ဖြင့် နေ့မအား ညမအား၊ ကျွဲတွေ၊ နွားတွေနှင့်အတူ တကုန်းကုန်း တရုန်းရုန်း လုပ်လာခဲ့ကြသော တောင်သူ လယ်သမား ဦးကြီးများသည်၊ ယခု အေးငြိမ်းချမ်းသာသော တရား ဓမ္မရိပ်ကို

ကောင်းစွာ ခိုလှုံခွင့် ရနေကြပြီ ဖြစ်သည်။ ဝိပဿနာ ဓမ္မကို ကောင်းစွာ ကျင့်သုံးခွင့် ရနေကြပြီ ဖြစ်သည်။ ဆယ်ရက်အတွင်း သူတို့တတွေသည် မပူမပင် မကြောင့်မကြရ၊ ကောင်းစွာလည်း နေထိုင်ခွင့် ရနေကြပြီး ခဲဘွယ်ဘောဇဉ်၊ ချိုချဉ် ရသာများကို အခမဲ့သည်း သုံးဆောင်ခွင့် ရနေကြပြီ ဖြစ်သည်၊ အအေးမြ ဆုံးပင် မဟုတ်ပါလား။ ကျွန်ုပ် အလွန်တရာ ကြည်ညိုနှစ်ခြိုက်မိ တော့သည်။

အချိန် စေ့ပါပြီ။ ယောဂီများ ရပ်နားနိုင်ကြပါပြီ။ ယောဂီများ တရားစထိုင်၍နာရီဝက်ခန့်အကြာတွင် ဗိုလ်ကုန်းဆရာတော်၏ အချက်ပေးသံနှင့်အတူ နံနက်ပိုင်း၏ တရားစစ်သင်တန်း ရပ်နားသော အထိမ်းအမှတ်အနေဖြင့် ဓမ္မာရုံတခုလုံးဖုံးလွှမ်းလိုက်သော ကြေးစည်သံ တနောင်နောင် ကြားရလိုက်သည်။ ယောဂီများ လှုပ်ရှားလာကြသည်။ ကျွန်ုပ်တို့ မိမိတို့၏ ယောဂီများအား ကိုယ့်နေရာကိုယ်ရောက်ရင် ပေးထားသော နည်းအတိုင်း မပျက်မကွက် ထိုင်ကြရန် သတိပေးရသည်။ ပြီးလျှင် ဗိုလ်ကုန်းဆရာတော်ကတနေ့တာ နံနက်ပိုင်း၏တရားကျင့်သုံးပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အနေဖြင့် ယောဂီတို့ သိသင့်သိထိုက်သော အချက်များ၊ တရားဓမ္မနှင့် ပတ်သက်၍ သိသင့် သိထိုက်သော အချက်များကို အနည်းငယ် ဩဝါဒ မိန့်ကြားသည်။ ထိုနောက် ရေစက်ချ အမျှအတန်းဝေပြီး နံနက်ချိန်ကို ရပ်သိမ်းမှု ပြုလိုက်ပေသည်။ ဤကဲ့သို့ပင် နေ့လည်တနာရီမှ နှစ်နာရီအထိ၊ ညနေ လေးနာရီမှ ငါးနာရီအထိ တကြိမ်၊ နံနက် ခြောက်နာရီခွဲမှ ခုနစ်နာရီခွဲတကြိမ်၊ တနေ့သုံးကြိမ် ဆရာနှင့်ဘုပည်းစုဝေးပေါင်း

ဆိုကာ တရားသင်တန်းပွဲ ပြုလုပ်ကြရမည် ဖြစ်သည်။ ညခုနစ်နာရီမှ ကိုးနာရီအထိမူကား တရားတော်များ ကြားနာကြရမည် ဖြစ်သည်။ ယင်းမှာ နေ့စဉ်အလုပ်ပင် ဖြစ်တော့သည်။

နေ့လည် တနာရီတွင် ယောဂီများ နံနက်ချိန်ခါက မိမိတို့ သတ်မှတ်ပေးထားသော နေရာများတွင် အသီးသီး ထိုင်လျက် ရှိနေကြပေပြီ။ ကျွန်ုပ်တို့က သူတို့အား တရားဓမ္မ အခြေအနေများကို စစ်မေးပြီးလျှင် ပြင်သင့်တန် ပြင်ပေးရသည်။ အားပေးတန် အားပေးရသည်။ သတိပေးတန် ပေးရသည်။ ငါးမိနစ်ခန့် ထိုသို့ တရားစစ်ဆေးပြီးနောက် နံနက်ကအတိုင်းပင် သူတို့ ငြိမ်သက်စွာ တရားကျင့်သုံးမှု ပြုနေကြတော့သည်။

နာရီဝက်ခန့်အကြာတွင် ကျွန်ုပ်ပြသနေသော ယောဂီ-၉-ယောက်အနက် ကျန်ယောဂီများသည် တစုံတရာ ထူးခြားချက်မရှိသော်လည်း ဦးထွန်းမြတ်မှာမူကား ထူးခြားချက် ရှိလာသည်။ သူ့တကိုယ်လုံးသည်၊ စုန်းပူးသကဲ့သို့ တုန်တုန်ခိုက်ခိုက် ဖြစ်လာသည်။ တွန်းနေသောလက်သည် လှုပ်လှုပ်ရမ်းရမ်းဖြစ်နေသည်၊ ကျွန်ုပ် မျက်လုံးပြူးသွားသည်၊ သူ၏ အနီးသို့ ကဗျာကရာ ပြေးကပ်သွားရသည်၊ သူ့ပခုံးကို အသာအယာ ကိုင်တွယ်လိုက်ရသည်။ ကျွန်ုပ်ပါးစပ်က သူ့နားပေါက်သို့ ထိလုနီးပါး တိုးကပ်လိုက်ပြီး—။

'ဒကာကြီး ဒကာကြီး'

အသံအုပ်အုပ်နှင့် ခေါ်လိုက်သည်။

'တရားအာရုံထဲမှာ စိတ်မိရဲ့လား။ ဒကာကြီး'

ကျွန်ုပ်က တစုံတရာ သံသယဖြစ်မိ၍ မေးလိုက်သည်။

'မိပါတယ်ဘုရား၊ စိတ်က အရှင်ဘုရားပေးထားတဲ့ တွန်းမှု သဘောထဲမှာပဲရှိနေတယ်။ ဘယ်မှမရောက်ဘူး'

ဦးထွန်းမြတ်က ပြန်လည်ဖြေကြားသည်။

'ဒကာကြီး တခေါက်ကို အရည်အတွက် ဘယ်လောက်ရသလဲ၊ ခန္ဓာကိုယ်မှာ ထူးထူးခြားခြားကော ဘာတွေသေးလဲ'

'တပည့်တော်တခေါက်တခေါက် ၂၀၀ကျော်။ သုံးရာကျော် ဒီလိုရပါတယ်ဘုရား၊ လက်မနဲ့စတွန်းလိုက်လို့ ၅၀ ကျော်ကျော် လောက်ဆိုရင် တပည့်တော် လက်တွေဟာ တစုံတဦးကလာလာ လှုပ်ရမ်းသလို ဖြစ်နေတယ်၊ အဲဒီလို လက်ကနေ တစတစနဲ့ တကိုယ်လုံး တယောက်ယောက်များ ကိုင်လှုပ် နေသလားလို့ ထင်နေရပါတော့တယ် ဘုရား'

ဦးထွန်းမြတ်ကသူ၏ဖြစ်ပေါ်ချက်ကို ထုတ်ဖေါ်ပြောဆိုလာ လာသည်။

'အရင် ဒကာကြီး အာနာပါန အားထုတ်တုံးက ဒီလိုဖြစ်ဘူး သလား'

တခါမှ မဖြစ်ဖူးဘူး၊ သည်တခါသာ ဖြစ်ဘူးတာဘုရား

ဤဒကာကြီးသည် ဝါယောဓာတ်လွန်ကဲနေသူဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။ ကျွန်ုပ်မှာ ယခုမှ စဘင်တရားပြဘူးခြင်း ဖြစ်သော်လည်း၊ ဒီသဘောတွေ ဖြစ်တတ်ကြောင်းကို ကျောင်း တုံးကပင် လေ့လာခဲ့ပြီးဖြစ်သည်။ သူ၏ ခန္ဓာကိုယ်သည်၊ ယခု တိုင် တုန်ရီနေဆဲပင် ရှိသေးသည်။ သူ၏ဦးခေါင်း၌ မျက်နှာ သုတ်ပုဝါ ပတ်ထားလျက် ရှိသည်။ ကျွန်ုပ်က အတွန်းကို ရပ် ခိုင်းပြီး သူ့အား ဦးခေါင်းကို စိတ်ပြောင်း ပေးလိုက်သည်။

'ဒကာကြီး၊ ဒကာကြီးခေါင်းမှာ မျက်နှာသုတ်ပုဝါ ပတ်ထားတာရှိတယ်မဟုတ်လား၊ အဲဒီအာရုံကိုပြုစမ်း၊ ပတ်ထားတဲ့နေရာမှာ လေးနေလေ့မယ်။ အဲဒါကို လေးတယ်၊ လေးတယ်၊ လေးတယ်လို့ အသိစာပ်စမ်း'

ဒကာကြီးက ကျွန်ုပ်ပြောသည့်အတိုင်း အသိကပ်နေသည်။ ထိုအခါ မျှားမကြာမီ သူ၏ တုန်ရီနေမှုသည်၊ တန့်သွားလေသည်။ ဝါယောဓာတ် လှုန်ကဲသူအား ပထဝီ အလေးဓာတ်နှင့် ဖိချလျှင် ထိုလှုန်ကဲမှု ငြိမ်သွားသည်ကို ကျွန်ုပ် သိရှိထားသောကြောင့်ဖြစ်သည်၊ ဥပမာအားဖြင့် ခုန်ဆွခုန်ဆွ ဖြစ်နေသော ဘောလုံးကို ကျောက်ခဲနှင့် ဖိချလျှင်ငြိမ်သွား သကဲ့သို့ ဖြစ်သည်။

သူ့အား လက်ကအတွန်းကို ရပ်ခိုင်းလိုက်ခါ နှာခေါင်းက သုံးချက်တွန်းကို ပြောင်းပေးကြည့်လိုက်သည်၊ သူရှုပွားနေကျဖြစ်သော အာနာပါနနှင့် မရောအောင် သေသေချာချာ ရှင်းလင်းပြောပြရသည်။ သူက သဘောပေါက်ပါပြီဆိုတော့မှ ယင်းကို ရှုပွားခိုင်းထားပြီး အခြားယောဂီများအား တဦးစီ နားနားကပ်ခါ စစ်မေးရသည်။ မထူးသေးဘူး ဆိုလျှင် ဆက်လက်ရှုပွားခိုင်းပြီး အခြားတဦးကို ပေးရသည်။ ယင်းသို့ဖြင့် သုံးရက်မြောက်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ထိုသုံးရက်အတွင်း ဦးထွန်းမြတ်မှတပါး ကျန်သောယောဂီရှစ်ဦးတို့သည် ဝါယောသဘောကို ပိုင်းပိုင်းခြားခြား တွေ့မြင်နေကြပြီဖြစ်သည်။ အချို့မှာ တွေ့မြင်စဖြစ်ပြီး၊ အချို့မှာ တွေ့မြင်မှုအရှိန်အဟုန် အတော်လေး အားကောင်း နေသည်။အနိစ္စ

အစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို သဲသဲကွဲကွဲ သိမြင်နေကြပြီ ဖြစ်သည်။ ယင်းအတွက် တောင်သူဦးကြီးတို့သည်၊ တသက်တွင် တခါမဖြစ်ဘူးမြဲ ဖြစ်လာရသော အဖြစ်ကို အံ့သြတကြီး ဖြစ်ကာ တရားအပေါ်၌ ပိုမိုယုံကြည် ထက်သန် လာကြသည်။ အတိုင်းမသိသော ဝမ်းမြောက်မှုတွေ ဖြစ်နေကြသည်။ မပြောပြ နိုင်အောင်သော နှစ်သိမ့်မှု ပီတိတွေဖြစ်နေကြသည်။

'ဟော့ ဖိုးထွန်း မင်းတရားပေါ်လာပြီလား၊ ငါတော့ပေါ် ပြီဟေ့၊ ဖိုးချက်ရာ၊ မင်းမှပေါ်တာမဟုတ်၊ ငါလဲ ပေါ်နေပါ ပြီကွ' စသည်ဖြင့် သူတို့အချင်းချင်း အားရဝမ်းသာစွာ ဂုဏ် ယူပြောဆိုနေကြသည်။ ယင်းကဲ့သို့ ကျွန်ုပ်တို့၏ ကျေးဇူးရှင် များဖြစ်ကြသော တောင်သူဦးကြီးများ ပျော်မဆုံး တပြုံးပြုံး ဖြစ်နေသော မျက်နှာများကို မြင်တွေ့ရသောအခါ ကျွန်ုပ် လွန်စွာပင် နှစ်ထောင်းအားရ ဖြစ်မိတော့သည်။ သြဝါဒစရိယ ဗိုလ်ကုန်းဆရာတော်၊ မြင်းခြံဆရာတော်တို့ကလည်း ယောဂီ များ တရားအပေါ်၌ ထက်သန်သထက် ထက်သန်လာအောင် တရားပွဲအသိမ်းနှင့် ညတရားဟောရာတွင် မကြာခဏ အားပေး နှစ်သိမ့်လေ့ရှိပေသည်။

"ယောစဝဿ သတံ ဇီဝေ အပဿံ ဥဒယဗ္ဗယံ
ဧကာဟံ ဇီဝိတံသေယျော ပဿတော ဥဒယဗ္ဗယံ"

ယော-စ-အကြင်ပုဂ္ဂိုလ်တို့သည်၊ ဥဒယဗ္ဗယံ- ရုပ်သဘော၊ နာမ်သဘောတို့၏ အထပ်ထပ် ဖြစ်ပျက်နေမှု သဘောတွေကို၊ အပဿံ၊ အပဿန္တော- မတွေ့မမြင် မသိကြပဲ၊ သတံ-အနှစ် တရာပတ်လုံး ဇီဝေ-အသက်ရှင်နေထိုင်ရာ၏။

ယောဂီ အကြွင် ပုဂ္ဂိုလ်သည်ကား ဥဒယဗ္ဗယ်၊ ရုပ်သဘော နာမ်သဘောတို့၏ အဆက်ထပ်ဖြစ်ပျက်နေမှုသဘောတွေကို ပဿ တော ပိုင်းခြားထင်ထင် တွေ့မြင်လျက် ကောတံ တနေ့တရက် တမနက်မျှ ဇီဝိတံ အသက်ရှင် နေထိုင်ရာ၏။ သေယျော ရုပ်သဘောနာမ်သဘောတို့၏ဖြစ်ပျက်မှုသဘောကို မမြင်ပဲ တရာ အသက်ရှင်နေကြသော သူတွေထက် ရုပ်သဘော၊ နာမ်သဘော တို့၏ ဖြစ်ပျက်မှုသဘောကို တနေ့တရက် တမနက်မျှ တွေ့မြင် သိရှိသော သူတို့၏ အသက်ရှင်မှုသည် မြတ်လှပေ၏။

ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို မမြင်ပဲ အနှစ်တရာ အသက်ရှည် နေသူထက်၊ ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှုကို တရက်မျှ မြင်သူက သာလွန်မြင့်မြတ်တယ်၊ ယောဂီများ၊ အားထုတ်ကြ၊ ကြိုးစား ကြ စသည်ဖြင့် အားပေးနှစ်သိမ့်လေသည်။ များသောအားဖြင့် ထိုဆိုတရားပြဆရာတို့၏ ယောဂီအသီးသီးတို့လည်း တရားပေါ် လျက်ရှိပေပြီ၊ မပေါ်သူများလည်း အနည်းအကျဉ်း ရှိနေပေ သေးသည်။ ထိုအထဲ၌ ကျွန်ုပ်၏ယောဂီ ဦးထွန်းမြတ်ကြီး တယောက်လည်း အပါအဝင်ဖြစ်ပေသည်။

ဦးထွန်းမြတ်ကြီး ဖြစ်နေပုံမှာ လက်ကတွန်းမှုပေးလျှင်လည်း တုန်တုန်ရီရီဖြစ်နေသည်။ နှာခေါင်းကပေးလျှင်လည်း အာနာ ပါနနှင့် ရောနေသည်။ အာနာပါနကို အပေါင်းများစွာ အကြိမ် ကြိမ် အထပ်ထပ် ပွားများလာသူပီပီ။

'ဒကာကြီးခန္ဓာကိုယ်မှာ ဘယ်လိုသိသလဲ'

'အရှင်ဘုရား၊ တပည့်တော် ငြိမ်းအေးနေတာကိုပဲ သိတယ်၊ တခြားဘာမှ မသိဘူး'

ကျွန်ုပ်က မေးလိုက်တိုင်း သူက ထိုအတိုင်းပင် ဖြေသည်။ သူကား ထိုအပေါ်၌ အစွဲအလန်းကြီး စွဲလန်းနေသူဖြစ်သည်။ အနှစ်ခြိုက်ကြီး နှစ်ခြိုက်နေသူ ဖြစ်သည်။ အကျေနပ်ကြီး ကျေနပ်နေသူဖြစ်သည်။ မှန်ပါသည်၊ သူ့အား နှာခေါင်းက တွန်းမှုကို ပေးလိုက်တိုင်း နှာရိဝက်အတွင်း သူ၏ခန္ဓာကိုယ်သည် ကျောက်ရုပ်အလား ငြိမ်သက်တည်မြဲနေပေသည်။

'ဒကာကြီး၊ ထွက်လေ ဝင်လေကို မရှုပွားနဲ့၊ အဲဒီလေထွက်သွားအောင် နောက်ကနေ တွန်းတွန်းပေးနေတဲ့ ဝါယောဓာတ်ရဲ့ ပရမတ်သဘောလေးကိုရှု၊ ဒကာကြီး တွန်းမှုနဲ့ အာနာပါနနဲ့ ရောနေပြီထင်တယ်' ကျွန်ုပ်က ထိုသို့ သတိပေးပြောကြားတိုင်း၊ 'တပည့်တော်လဲ အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်း ကြိုးစားတာပဲ ဘုရား၊ တပည့်တော် ညဆိုလဲ တော်တော်နဲ့ မအိပ်ဘူး။ သူများ တကာတွေထက် ပိုပြီးကြိုးစားတာပဲ၊ ဒါလဲ မရဘူး။ တပည့်တော် ဒီအတိုင်းပဲတွေ့ရတယ်၊ တပည့်တော် နဂိုသိနေတဲ့အတိုင်း က နဲနဲလေးမှ ထူးခြားမသွားဘူး၊ တပည့်တော် အရှင်ဘုရားရဲ့ တရားကိုထိုင်ရတာ စိတ်တောင်ပျက်လာပြီ၊ တပည့်တော် နဂိုရှုပွားနေတာမှ ဟုတ်တုတ်တုတ်ရှိသေးတယ်'

သူက ကျွန်ုပ်အား ထိုသို့ပင် ပြောဆိုလာလေတော့သည်။ ကျွန်ုပ်စိုးရိမ်မိသွားသည်။ 'ခက်တော့တာပဲ ဘယ်လိုလုပ်ရပါ့' ကျွန်ုပ်ညဉ်းတွားမိသည်။ အမှန်တော့ သူလည်း အတော်ပင်ကြိုးစားရှာသော ပုဂ္ဂိုလ်တဦးဖြစ်သည်။ လူများတကာ တရားပေါ်မှုနှင့် သူ၏တရားအခြေအနေ ဖြစ်နေပုံမှာ လုံးဝမတူပေ။ သူ တပါးတွေက သဘောတူသူတွေ အချင်းချင်း အားရပါးရ ဝမ်း

ပမ်းတသာ ပြောသံဆိုသံတွေကို သူ့နားထဲတွင် အထပ်ထပ်ကြားနေရသည်။ သူတို့အား ကျွန်ုပ်က လုပ်ကွက်တွေ တမျိုးပြီး တမျိုးပြောင်းပေးသည်။ ဝမ်းမြောက် ဝမ်းသာ အားပေးသည်။ သူ့အား ပြောင်းလည်းမပေး၊ အားလည်းမပေး၊ သူဖြစ်နေသော အခြေအနေကို ကျွန်ုပ်က ထောက်လည်းမထောက်ခံပေ။ ယင်းအတွက် ဦးထွန်းမြတ်မှာ ပို၍ စိတ်ဆင်းရဲ စိတ်ဓာတ်ကျလာလေ ဖြစ်နေသည်။ ဟုတ်ပါသည်၊ သူလည်း ဆရာသမား၏ အားပေးထောက်ခံမှုကို လိုချင်သေးသည်ပေါ့။

'ဒကာကြီး ဘာမှ စိတ်မပျက်နဲ့။ နောက် ၇-ရက်တောင် ကျန်သေးတယ်။ ဒကာကြီး လပေါင်းများစွာ တရားအားထုတ်လာသူ ဖြစ်တယ်။ သမာဓိတရား ခိုင်မြဲ အားကောင်းသူတဦး ဖြစ်တယ်။ ဒကာကြီးအခြေအနေကို ဦးပဥ္စင်းသိတယ်။ ဘယ်နည်းနဲ့မျှ အကျိုးမယုတ်နိုင်ဘူး။ အကျိုးပေးရမှာပေါ့'

ကျွန်ုပ်က ထိုသို့ အားပေးပြီး သူ့အား နှာခေါင်းတွန်းကို အရပ်ခိုင်းလိုက်ခါ ပထဝီဓာတ်၏ မာမှုသဘောလေးကို ပြောင်းလွဲ အရှုခိုင်းလိုက်သည်။

'ဒကာကြီး၊ သွားတွေ ကောင်းကောင်း ရှိသေးတယ်မဟုတ်လား'

'မှန်ပါ၊ရှိပါသေးတယ်'

'သွားကောင်းသေးရင် ညာဘက်အထက်အံသွားနဲ့ အောက်အံသွားကို ထိကြည့်စမ်း။ မာတဲ့သဘောလေး တွေ့လေ့မယ်'

'မှန်ပါ တွေ့ပါတယ်ဘုရား'

'အဲ၊ တွေ့ရင် အဲဒီမာတဲ့သဘောလေးကို ရှုရမှာပဲ။ သွားကို အာရုံမပြုနဲ့။ သွားနှစ်ခုကို ထိလိုက်လို့ မာလာတဲ့ သဘောလေး ကိုသာ မာတယ်၊ မာတယ်၊ မာတယ်လို့ အသိကပ်'

ကျွန်ုပ်ပြောသည့်အတိုင်းပင် ဒကာကြီး လုပ်ပြန်သည်။ ကျွန်ုပ် က သူ့အားဂရုတစိုက် ကြပ်ကြပ်မတ်မတ်ကြည့်ရှု အားပေးနေရ သည်။ 'ဒကာကြီး တခြားဘာမှ စိတ်မရောက်နဲ့နော်။ မာတယ်၊ မာတယ်၊ မာတယ်လို့ မလွတ်တမ်း လိုက်သိ။ မလွတ်တမ်း ရှုပွား နေပါ' တဆယ့်ငါးမိနစ်ခန့် ကြာလေသောအခါ သူ့ဆီမှ ဝမ်း ပမ်းတသာ အသံမျိုးနှင့် ပြောကြားလိုက်သော စကားကို ကြား ရမိသည်။

'အရှင်ဘုရား၊ တပည့်တော်ခန္ဓာကိုယ် ထူးခြားလာပြီဘုရား၊ တကိုယ်လုံး အဝတ်နဲ့ ဆွဲစည်းလိုက်သလို ကြပ်လာတယ်။ ဒါ ဘာသဘောလဲဘုရား'

'အဲ ဟုတ်လာပြီ တကာကြီး၊ ဟုတ်လာပြီ။ ဒါ မာမှု သဘောလေးတွေ တွေ့လာတာပဲ၊ ကြိုးစား၊ ကြိုးစား။ ထင်ရှား သထက် ထင်ရှားလာပါလေ့မယ်' ကျွန်ုပ်က ဝမ်းမြောက် ဝမ်း သာ အားပေးသည်။ ထိုနောက် ခဏအကြာတွင် ဦးထွန်းမြတ်ဆီ မှ စကားသံ ထွက်ပေါ်လာပြန်သည်။

'အရှင်ဘုရား တပည့်တော် တကိုယ်လုံး မာတောင့်နေပြီ။ တပည့်တော် မာတာကိုပဲ သိနေဘော့တယ် ဘုရား'

'ဒါဖြင့် ဒကာကြီးသွားက ရှုနေတဲ့ မာတာလေးကို လွှတ်ပြီး ခန္ဓာကိုယ် စိုက်ကြည့်စမ်း။ ဘယ်လို ဖြစ်သလဲလို့' ဒကာကြီးက

စိုက်ကြည့်နေဟန်တူသည်။ ငြိမ်သက်နေသည်။ ခဏအကြာတွင် သူ့ထံမှ အသံကြားရပြန်သည်။

'မာတာတွေ ခေါင်းကနေ အောက်ကို ပြုတ်ပြုတ်ကျလာတယ် ဘုရား'

'ဒကာကြီး ပရမတ်ရဲ့ မမြဲတဲ့သဘော၊ အနိစ္စဆိုတာ အဲဒါပဲ။ ဥဒယဗ္ဗယဉာဏ်ဆိုတာ အဲဒါပဲ။ သေသေချာချာကြည့်နေ။ ကုန်သွားရင် ပြော'

'ကုန်ပြီဘုရား။ မတွေ့ရတော့ဘူး'

'ဘယ်နေရာမှာ ကုန်သွားလဲ'

'ဒူးနားလောက်မှာ ကုန်သွားတယ်ဘုရား'

'ဒကာကြီး၊ အဲဒါ သမာဓိအားကောင်းတဲ့ လူမို့လို့ဒီလောက်မြန်မြန်ဆန်ဆန်တွေ့တာ။ အဲဒါပဲ ပြန်အားထားအုံး။ တကိုယ်လုံး မာလာတော့ ခုနကလိုပဲ လိုက်ကြည့်' ကျွန်ုပ်က ညွှန်ကြားခဲ့ပြီး တခြားယောဂီများဘက်သို့ ဦးလှည့်လိုက်ရသည်။

ငါးရက်မြောက်သော နေ့သို့တိုင် ရောက်ရှိလာခဲ့ပေပြီ။ ဦးထွန်းမြတ်သည် ပထဝီဓာတ်၏ မာမှုသဘောတွေကို ပိုင်ပိုင်ရှုပွားနိုင်ပြီးနောက် ပထဝီဓာတ်၏ လေးမှုသဘော၊ ကြမ်းမှုသဘောတွေကို ကောင်းစွာ ရှုပွားလာနိုင်ခဲ့သည်။ ယင်းအတွက် ကျွန်ုပ်သည် နှာခေါင်းမှ သုံးချက်တွန်း ဝါယောဓာတ် ပရမတ်ကို ပြန်လုပ်ခိုင်းကြည့်ပြန်သည်။ ယင်းကဲ့သို့ လုပ်ခိုင်း၍ ၁၅ မိနစ်ခန့်ရှိလာသောအခါ၌ဦးထွန်းမြတ်ထံမှအူလိုက်သဲလိုက် ဝမ်းပမ်းတသာပြောလိုက်သော အသံကို ကြားလိုက်ရသည်။

'ဦးပဥ္ဇင်းဘုရား၊ တွေ့ပြီဘုရား။ တွေ့ပြီ၊ တွေ့ပြီ။ ယခုမှ သေသေ ချာချာကြီးကို တွေ့ရတော့တယ်ဘုရား'

'ဘာတွေ့တာလဲဒကာကြီး၊ ဘာတွေ့တာလဲ'

ဦးထွန်းမြတ် ဘာတွေ့သည်ကို ကျွန်ုပ် ရိပ်စားမိသည်။ သူ့ထံမှ ဓာတ်သည် ကျွန်ုပ်ထံသို့ ကူးစက်လာသည်။ ကျွန်ုပ်ဝမ်းသာလိုက်လှဲ့ ပြာပြာသလဲ မေးမိသည်။

'ဝါယောဓာတ်သဘောကို တွေ့တာဘုရား။ ဝါယောဓာတ်သဘောကို တွေ့တာ။ တခါထဲ တကိုယ်လုံး တရွရွတမွမွ ပုရွက်ဆိုပ် တက်နေသလားပဲ အောင့်မေ့ရတယ်'

ဦးထွန်းမြတ် ဝါယောဓာတ်သဘောကို ကောင်းစွာ တွေ့မြင်နေပေပြီ။ ကျွန်ုပ် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိသည်။

'အတွန်းရပ်ပြီး ခန္ဓာကိုယ်စိုက်တော့ ဒကာကြီး။ ခန္ဓာကိုယ်စိုက်တော့'

ကျွန်ုပ်၏ အသံသည် အောင်မြင်သော စစ်သူကြီးအသံကဲ့သို့ ဝင့်ကြွားနေသည်။

ခန္ဓာကိုယ်စိုက်၍ ပြိုပြိုကျ၊ ပျက်ပျက်ကျမှု ကုန်ဆုံးသွားသည်ဟု ဆိုလျှင် ဦးထွန်းမြတ်ထံမှ ဥဒါန်း ကျူးရင့်လိုက်သော အသံကို ကြားလိုက်ရသည်။

'အရှင်ဘုရား၊ တပည့်တော် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်နဲ့ တွေ့ပြီဘုရား။ တပည့်တော် လူဖြစ်ရကျိုးနပ်ပြီ။ တပည့်တော် သေပျော်ပြီ ဘုရား။ အဟုတ် တကယ် သေပျော်ပြီ။ အရှင်ဘုရားကိုတပည့်တော် ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်တယ်ဘုရား။

အရှင်ဘုရားကျေးဇူး တပည့်တော်အပေါ် ကြီးမားလွန်းလှပါ တယ် ဘုရား။ တပည့်တော် လမ်းမှန်ကို ရောက်ပါပြီ'

ဦးထွန်းမြတ်က ပြောပြောဆိုဆို ကျွန်ုပ်အား ရှိခိုးဦးညွတ်မှုအထပ်ထပ် ပြုနေတော့သည်။ သူ၏မျက်လုံးအိမ်၌ ဝမ်းသာလွန်း၍ထင်သည်။ မျက်ရည်စပင် ဝဲလျက်နေတော့သည်။

'ဦးပဥ္စင်းကို ကျေးဇူးမတင်နဲ့ဒကာကြီး၊ ဦးဇင်းကို ကျေးဇူးမတင်နဲ့။ သံလျင်တောရ ဆရာတော်ကိုသာ ကျေးဇူးတင်။ ဗုဒ္ဓကို ကျေးဇူးတင်။ ဗုဒ္ဓရဲ့ တရားတော်ကို ကျေးဇူးတင်။ ဗုဒ္ဓရဲ့ တပည့်သား သံဃာတွေကို ကျေးဇူးတင်။ သူတို့ရဲ့ ကျေးဇူးကြောင့် ဒကာကြီးရော ဦးပဥ္စင်းရော မှန်ကန် မြင့်မြတ်သော ဝိပဿနာဓမ္မကို ကောင်းစွာ ကျင့်သုံး တွေ့မြင်နိုင်ခြင်းဖြစ်တယ်'

ထိုသို့ပြောလိုက်ပြီးလျှင် ဦးထွန်းမြတ်က ဝါယောဓာတ်သဘောတွေကိုပဲလုပ်ကွက်တွေတမျိုးပြီးတမျိုးပြောင်းပေးကြည့်သည်။ ပေးတိုင်းပေးတိုင်း ချောမောစွာ ရရှိနေပေသည်။ ယင်းအတွက် သူ၏ ဝမ်းသာမှုထက် ကျွန်ုပ်၏ ဝမ်းသာမှုက ပိုပေလိမ့်မည်ဆိုသော် လွန်အံ့ထင်သလော။ ယင်းသို့ဖြင့် ငါးရက်နေ့နောက်ပိုင်း ပစ္ဆိမယာမ်၆-ရက်နေ့၏ အရှေ့ဦး နံနက်လေးနာရီအချိန်သို့ ရောက်လာခဲ့သည်။ ထိုအချိန်သို့ ရောက်တိုင်း အသံချဲ့စက်မှ အလွန်ချိုသာမြေသော ယောဂီအမျိုးသမီးတဦး၏ နိုးဆော်သံသည် ထွက်ပေါ်စမြဲ ဖြစ်သည့်အတိုင်း ယခုလည်း ထိုအသံသည် ထွက်ပေါ်လာခဲ့ပေသည်။

'ယောဂီနွယ်ဝင် အိုသူတော်စင်အပေါင်းတို့။ မောဟဖိစီး၊ အအိပ်ကြီးအိပ်ခဲ့ကြ၍၊ ခရီးရှည်ကြာ၊ သံသရာမှာ ဖန်ခါခါ

နှစ်မြုပ်မျှော်ခဲ့လို့၊ အမောကြီး မောခဲ့ကြလေပြီ။ ယခုအခါ ဇမ္ဗူကျွန်းမြတ် တောင်လက်ျာမှာ တရားရှိန်နေမင်း၊ ထွန်းလင်း ထွက်လာပြီးဖြစ်ပါ၍ ဝတ်ကျင်း-ကာထ၊ ပျင်းရိ ငိုက်မြည်း မှုတွေပယ်ခွာချလျက်၊ တရားမမှတွေ ကျင့်ယူသုံးကြရအောင် သတိဆောင်ကာ၊ ထတော်မူကြပါကုန်လော’

တိတ်ဆိတ်သော အကာလညအခါကို ''ထိုးဖောက်၍ ထိုအသံ သည် သုံးကြိမ်တိတိ ထွက်ပေါ်လာသည်။ ထိုအသံကို ကြား သော် ကြားရသူအပေါင်းတို့သည် ရင်ဝယ်တသိမ့်သိမ့် ခံစားရ သည်။ ကြည်နူးနှစ်ခြိုက်မှု တစိမ့်စိမ့် ဖြစ်ကြရသည်။ စိတ်ဆန္ဒ တို့ဝယ် အမျိုးအမည်မသိသော ဝေဒနာတို့ပါ ရောပြွမ်းခံစား ကြရသည်။ မေ့ပီတိ၊ မေ့သံဝေဂ ဖြစ်ကြရသည်။ သတိတရား သည် ဓမ္မဖက်သို့ ရွေ့ရှုလာသည်။ တရားဓမ္မဖက်သို့ ရွေ့ရှုသော စိတ်ဆန္ဒတို့သည် ခန္ဓာကိုယ် တကိုယ်လုံး ရိန်းကနဲ ဖိန်းကနဲ တကြွကြွတရွရွ အားမာန်တို့ ပြည့်တင်း ဖြစ်ပေါ်လာသည်။ အတော်အတန် တရားထိုင်ရေး၌ ထိနမိဒ္ဓ- ဖိနှိပ်နေသူတို့ပင်၊ ထိနမိဒ္ဓ-တို့ပျင်းရိငိုက်မြည်းမှုတို့၊ ဖင့်နွှေး လေးကန်မှုတို့ ကင်း စင် လွင့်ပျောက်ကုန်ကြသည်။ အားလုံး မျက်နှာများ ကပျာ ကဆာသစ်ပြီး မိမိတို့၏ တရားရှုကွက်တို့ကို ငြိမ်သက်စွာ ရှုပွားမှု ပြုကြတော့သည်။ တရားထိုင်ရန် ဘယ်သို့မှ ဝါသနာမပါသော ဘောင်ကျောင်းက အခန်းနေ ဘုန်းကြီးတပါးကပင် ဤသို့ ဆို လာသည်။

‘ဒီအသံကို ကြားပြီဆိုရင် တပည့်တော်စိတ်ထဲ ဘယ်လိုဖြစ် သွားမှန်းမသိဘူး။ ဝမ်းနည်းသလို ဝမ်းသာသလို ဖြစ်မိတယ်။

တပည့်တော် ဘယ်လိုမှ တရားမထိုင်ချင်တဲ့ လူဒတောင်၊ တရားထိုင်ချင်တဲ့စိတ်ပေါက်လာတယ်။ တမျိုးကြီးပဲ ၊ဘယ်လို ဖြစ်တာမှန်းလည်း မသိဘူး ဦးပဥ္စင်း'

သူက ကျွန်ုပ်အား ထိုသို့ပင် ဖွင့်ဟဆိုပေသည်။ မှန်ပါသည်။ ကျွန်ုပ်တို့တတွေ မောဟမိုက်စီး အအိပ်ကြီးအိပ်ခဲ့ကြ၊ အမေ့ကြီးမေ့ခဲ့ကြ၊ ထိုထိုအာရုံ ဿာမဂုဏ်တို့၌ အပျော်ကြီး ပျော်ခဲ့ကြ၍ အတိုင်းအဆမရှိသော သံသရာ ခရီးရှည်ကြီးထဲ၌ "လူ့ပြည် တချက်၊ ခွေးဝက်တဖုံ၊ နတ်ဘုံတနဲ၊ ငရဲခါခါ၊ ပြိတ္တာတန်တန်၊ ဒုက္ခဒဏ်အမျိုးမျိုး ဆင်းရဲအောက်မှာ၊ ဒူးထောက်ခါသာ၊ အဖြာဖြာသား ခံရများ၏။" ဆိုသကဲ့သို့ စုန်ချီဆန်ချီ မြုပ်တခါပေါ်တလှည့်နှင့် အမေ့ကြီးမော့ခဲ့ကြသည်ပင် မဟုတ်ပါလော။ ယခုအခါ ဇမ္ဗူကျွန်းမြတ်— တောင်လကျ်ာ၌ ဗုဒ္ဓ၏ ဝိပဿနာတရားဓမ္မတို့ ကောင်းစွာ ပေါ်ထွက်နေပြီဖြစ်၍ ထိုသည့်အခွင့်အရေးကောင်းကို ကျွန်ုပ်တို့တတွေ အဘယ်ကြောင့် အရမယူဘဲ သတိမေ့လျော့ ပေါ့ဆစွာ နေသင့်ရာအံ့နည်း။

တနေ့တရားသုံးကြိမ်ထိုင်ပြီးတိုင်း ည (၇) နာရီမှ (၉) နာရီအတွင်း တရားပြဆရာတော်တို့သည် အလှည့်ကျတရားဟောမှု ပြုရပေသည်။ ကျွန်ုပ်လည်း တနေ့ဒဟောခဲ့ပြီးဖြစ်ပေသည်။ (၇) ရက်မြောက် ဤကနေ့တွင် လူကိုယ်တိုင် တစုံတရာ ဟောကြားရမှုမရှိပဲ၊ သံလျင်တောရဆရာတော်၏ တိတ်ခွေတရားကို ကြားနာကြရမည်ဖြစ်ပေသည်။ ထိုတရားကား "သီလ" တရားပင်ဖြစ်ချေသည်။

ဆရာတော်ဟောသောတရားမှာ ငါးပါးသီလ အကြောင်းပင်ဖြစ်သည်။ ကမ္ဘာလောကကြီးတခုလုံး၌ ငါးပါးသီလသည် အဓိကအရေးကြီးဆုံးဖြစ်သည်။ "လူ" ဟူ၍ သတ်မှတ်ပေးသည်မှာ ငါးပါးသီလဖြစ်သည်။ ငါးပါးသီလသည် လူ့သိက္ခာဖြစ်သည်။လူဟူ၍ ဖြစ်လာသည်နှင့် ငါးပါးသီလသည် လူ့ခန္ဓာကိုယ်ကဲ့သို့ အလိုလိုရောက်ရှိပြီးသား ဖြစ်လာသည်။ ဘုရားရှင်ကိုအာရုံပြု၍ရှင်း၊ ဘုန်းကြီးတွေ့ထံ၌ရှင်း၊တစုံတဦးသော ပုဂ္ဂိုလ်တို့ထံ၌ရှင်း၊ "အဟံဘန္တေ တိရသရဏေနသဟ-ပဥ္စသီလံ-သမာဒိယာမိ" စသည်ဖြင့် နှုတ်ကရင်း၊ စိတ်ကရင်း၊ ရွတ်ဆိုမှုပြုပြီး ခံယူဆောက်တည်မှ လူသည် ကိုယ်ခန္ဓာ၌ ငါးပါးသီလ ဝင်ရောက် တည်ရှိလာသည်မဟုတ်ပေ။ ထိုသို့ ပုဂ္ဂိုလ်တဦးဦးထံ၌ ခံယူဆောက်တည်သည်ပဲဖြစ်စေ၊ မခံမယူ မဆောက်တည်သည်ပဲဖြစ်စေ၊ ငါးပါးသီလကား လူ့ခန္ဓာကိုယ်ထဲသို့ အလိုလို ဝင်ရောက်ပြီး ဖြစ်သွားသကဲ့သို့ လူဖြစ်လာသည်နှင့် ငါးပါးသီလသည်လည်း လူ့ခန္ဓာကိုယ်ထဲ၌ အလိုလို ဝင်ရောက် နေသည်ချည်းဖြစ်သည်။ အသက်(၂၀) ပြည့်ဖိုးပြီးဖြစ်သောယောကျ်ားပုဂ္ဂိုလ်တဦးကို ရဟန်းခံပေးရာ၌ ရဟန်းဖြစ်သည်နှင့်တပြိုင်နက် ၂၂၇-သွယ်သော ရဟန်းသိက္ခာများသည် ထိုရဟန်းဖြစ်သူ၏ ခန္ဓာကိုယ်ထဲသို့ အလိုလို ဝင်ရောက်ပြီး ဖြစ်သကဲ့သို့ လူဖြစ်လာသည်နှင့် ငါးပါးသီလသည်လည်း လူခန္ဓာကိုယ်ထဲသို့အလိုလိုဝင်ရောက်ပြီးဖြစ်လာတော့သည်။ ရဟန်းဖြစ်လာသူသည် ရဟန်းသိက္ခာများကို သိသည်ပဲဖြစ်စေ၊ မသိ၍ပဲဖြစ်စေ၊ ရဟန်းသိက္ခာတပါးတပါးကို ကျူးလွန် ဖောက်ဖျက်မိလျှင် ထိုကျူးလွန်

ဖောက်ဖျက်မိသော သိက္ခာပုဒ်အတွက် ရဟန်းသိက္ခာ ပြုတ်ကျသွားလေသကဲ့သို့၊ ထို့အတူ လူဖြစ်လာသူမှန်သမျှတို့သည် ငါးပါးသီလကို သိ၍ပဲဖြစ်စေ၊ မသိ၍ပဲဖြစ်စေ၊ ငါးပါးသီလထဲက ငါးပါးစလုံးကိုရင်း၊ လေးပါးကိုရင်း၊ ၃ ပါးကိုရင်း၊ ၂ပါးကိုရင်း၊ တပါးကိုရင်း၊ ကျူးလွန်ဖောက်ဖျက်မိက၊ လူသိက္ခာပြုတ်ကျသွားတော့သည်။

လူသည် ဒါနကို အခွင့်မသာသဖြင့် တနှစ်မလုပ်မိ၍လည်း လူသိက္ခာ ပြုတ်ကျမသွားပေ။ ထို့အတူ ရှစ်ပါး၊ ကိုးပါး၊ဆယ်ပါး စသော ဥပုသ်သီလနှင့် သမထဘာဝနာ၊ဝိပဿနာဘာဝနာတို့ကို တနှစ်မလုပ်မိ၍လည်း လူသိက္ခာ ပြုတ်မကျသွားပေ၊ ဆယ်နှစ် မလုပ်မိ၍လည်း လူသိက္ခာ ပြုတ်ကျမသွားပေ။

ငါးပါးသီလကို ဆယ်နှစ်ကို မဆိုထားနှင့်၊ တနှစ်ကို မဆိုထားနှင့်၊ တလ မလုံခြုံလျှင် တလ လူသိက္ခာ ပြုတ်ကျတော့သည်။ အယုတ်ဆုံး တစက္ကန့်မလုံခြုံလျှင် တစက္ကန့် လူသိက္ခာပြုတ်ကျတော့သည်။ ဥပမာအားဖြင့် တနေ့ (၂၄)နာရီ ရှိသည် အနက်က (၂၄)နာရီ အရက်သေစာမူးယစ်သောက်စားနေလျှင် ၂၄နာရီ လူသိက္ခာ ပြုတ်ကျတော့သည်။ ၆နာရီ အရက်သေစာမူးယစ်သောက်စားနေလျှင် ၆နာရီ လူသိက္ခာ ပြုတ်ကျတော့သည်။ အယုတ်ဆုံးတစက္ကန့် မူးယစ်သောက်စားနေလျှင် တစက္ကန့် လူသိက္ခာ ပြုတ်ကျသွားတော့သည်။ ထိုထက် တလ၊ တနှစ်၊ မူးယစ် သောက်စားနေပါမူ တလတနှစ်ပင် လူသိက္ခာ ပြုတ်ကျနေမည် ဖြစ်သည်။

ငါးပါးသီလကို ဖြုတ်ထားလိုက်လျှင် ဥပုသ်စောင့်သုံး၍လည်း မဖြစ်ပေ၊ ၂၂၇သွယ် စသော ရဟန်းသိက္ခာပုဒ်ကို စောင့်သုံး၍လည်း မဖြစ်ပေ။ သီလမှန်သမျှတွင် ငါးပါးသီလသည် အခြေခံ အုပ်မြစ်ကြီးသဖွယ် တည်ရှိနေပေသည်။ ပုထုဇဉ်သာ ငါးပါးသီလ လွန်ကျူးမိ၍ လူသိက္ခာပြုတ်ကျသည် မဟုတ်ပေ။ သောတာပန်ပုဂ္ဂိုလ်သည်လည်း ငါးပါးသီလကို မလွန်ကျူးပေ။ လွန်ကျူးလျှင်လည်း သောတာပန် မဖြစ်ပေ။ ထို့အတူ ဘုရားရဟန္တာ ပုဂ္ဂိုလ်တို့သည်လည်း ငါးပါးသီလကို ကျူးလွန်လျှင် လူသိက္ခာ ပြုတ်ကျသွားတော့သည်။ ဘုရားရဟန္တာပုဂ္ဂိုလ် ဖြစ်ခဲ့လျှင်လည်း ငါးပါးသီလကို မလွန်ကျူးပေ။ လွန်ကျူးလျှင်လည်း ဘုရားရဟန္တာမဟုတ်ပေ။

ငါးပါးသီလသည် ခါးဝတ်ပုဆိုးနှင့် တူပေသည်။ ခါးဝတ်ပုဆိုး အမြဲတန်း ဖုံးလွှမ်းထားမှသာလျှင် အမြဲတန်း တင့်တယ်မှုရှိသည်။ အဝတ်ဗလာကျင်းနေလျှင် ကျင်းနေသမျှ တင့်တယ်ခြင်း မရှိတော့ပါပေ။ ထို့အတူ ငါးပါးသီလသည် လူ့ဘဲ အမြဲတန်း တည်ရှိနေမှသာလျှင် အမြဲတန်း တင့်တယ်နေပေသည်။ လွန်ကျူးဖောက်ဖျက်မိလျှင် ဖောက်ဖျက်မိသမျှ အချိန်သည် တင့်တယ်ခြင်း ကင်းမဲ့နေမည်သာ ဖြစ်သည်။

ငါးပါးသီလသည် ဦးခေါင်းနှင့်လည်း တူပေသည်။ လူ့ဘဲ လက်၊ ခြေ၊ စသော အင်္ဂါစိတ်အပိုင်းတခုခု ချွတ်ယွင်းပြတ်ပိုင်းသွားလျှင် အသက်မသေနိုင်ပေ၊ ဦးခေါင်းချွတ်ယွင်း ပြတ်ပိုင်းသွားလျှင်ကား အသက်ဆုံးရှုံးခြင်းသို့ မလွဲမသွေ ရောက်သွားသည်သာ ဖြစ်သည်။ ထို့အတူ လူ့ဘဲ ဒါနကို မလှူဒါန်းမိ

ရင်သော်ငြင်း၊ ဥပုသ်ကို မစောင့်သုံးမိရင်ငြင်း၊ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာတို့ကို မပွားများမိရင်ငြင်း၊ လူ့သိက္ခာ ပြုတ်မကျသွားပေ။ ငါးပါးသီလကို လွန်ကြူး ဖောက်ဖျက်မိလျှင်ကား ဦးခေါင်းပြတ်လေသူကဲ့သို့ လူအဖြစ် လူသိက္ခာက ပြုတ်ကျသွားရပေတော့သည်။ ကမ္ဘာလောကကြီးတခုလုံး၌ ငါးပါးသီလသည် ထိုမျှအရေးကြီးကြောင်း ထင်ရှားလှပေသည်။

ထိုသည့် ငါးပါးသီလသည် လူဖြစ်ကြသူ မှန်သမျှတို့၏ ခန္ဓာတို့၌ အသီးသီး တည်ရှိနေကြသည် ဖြစ်ရာ အန္ဓပုထုဇဉ်တို့၏ ခန္ဓာကိုယ်၌ တည်ရှိသော ငါးပါးသီလထက် ကလျာဏပုထုဇဉ်တို့၏ ခန္ဓာကိုယ်၌တည်ရှိသော ငါးပါးသီလက သာလွန်၍ မြင့်မြတ်ပေသည်။ ထိုထက် သမထဘာဝနာကို ပွားများနေသော လူပုဂ္ဂိုလ်၌ တည်ရှိသော ငါးပါးသီလ၊ ထိုထက် ဝိပဿနာဘာဝနာ ပွားများနေစဉ်၌ တည်ရှိနေသော ငါးပါးသီလတို့ထက် ဝိပဿနာဉာဏ်စဉ်တွေ ပေါ်နေသော ပုဂ္ဂိုလ်၌ တည်ရှိနေသော ငါးပါးသီလ၊ ထို့ထက် မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်နေသော ပုဂ္ဂိုလ်တို့၌ တည်ရှိနေသော ငါးပါးသီလ။ ထို့ထက် ဖလသမာပတ်ဝင်စားနေသောပုဂ္ဂိုလ်တို့၌တည်ရှိနေသောငါးပါးသီလ၊ ထိုထက် နိရောဓသမာပတ် ဝင်စားနေသော ပုဂ္ဂိုလ်တို့၌ တည်ရှိနေသော ငါးပါးသီလတို့က အဆင့်ဆင့် သာလွန်၍ မြင့်မြတ်ကြပေသည်။

ယင်းကဲ့သို့ သံလျင်တောရဆရာတော်၏ ငါးပါးသီလ တရားတော်မျိုးကို တသက်တွင် ယခုတခါသာ မကြားဘူးမြဲ ကြားရဘူးခြင်း ဖြစ်တော့၍ များစွာပင် နှစ်တောင်းအားရ ဖြစ်မိပေ

တော့သည်။ ယင်းသို့ဖြင့် ကျွန်ုပ်တို့သည် ဆယ်ရက်အထိ တရား ပြလာရာ အချို့မှာ ခေါက်ကြီးလေးပါး၊ အချို့မှာ သုံးပါး၊ အချို့မှာ ၂ပါး၊ အချို့မှာ တပါး စသည်ဖြင့် တရားမပေါက်သူ မရှိသလောက် ယောဂီ ၂၀၀ခန့်တို့သည် အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်တို့ကို ပိုင်းခြားထင်ထင် ကောင်းစွာ တွေ့မြင်သွားခဲ့ကြပြီ ဖြစ်သည်။ ဗုဒ္ဓဝါဒတွင် အမြင့်မြတ်ဆုံး ဖြစ်သော ဝိပဿနာဓမ္မအလံတော်ကို ကျွန်ုပ်တို့သည် အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ကြပြီး ဖြစ်သည်။ ဆရာတော် ဓာတိရှာဖြစ်သော မိုးခိုင်ကြီးရှာ နယ်တဝိုက်၌ သူတော်ကောင်းတရား မျိုးစေ့တွေကို ကောင်းစွာ စိုက်ပျိုးနိုင်ခဲ့ကြပြီ ဖြစ်သည်။

'ဤကဲ့သို့ သူတပါးတို့အား အလွန်သန့်ရှင်းသော စေတနာ သဒ္ဓါထက်သန်စွာဖြင့် တရားပြသပေးရသော ဤဓမ္မဒါနကုသိုလ်တို့ကြောင့် တကမ္ဘာလုံး စကြာဝဠာအနန္တလုံး သူတော်ကောင်းတရား လွှမ်းမိုးနိုင်သောအကြောင်း အထောက်အပံ့သည် ဖြစ်ပါစေသော်' ကျွန်ုပ် လိုက်လှဲစွာ ဆုတောင်းမိပေတော့သည်။

[ ၁၄ ]

# သံလျင်တောရ၌ သီတင်းကျွတ်သည်အထိ ဆက်၍ နေစဉ်တွင်

ဗုဒ္ဓဝါဒကို ဇောက်ချ လေ့လာရေးအတွက် ၁၃၃၂ ခု သီတင်းကျွတ်လဆန်း (၉) ရက်နေ့ စတင် ခရီးထွက်ခဲ့သော ကျွန်ုပ်သည် တပေါင်းလကို နောက်ဆုံးထား၍ ထွက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော် ထိုတပေါင်းလ၌ ရန်ကုန်တွင်ပြန်၍ မနေ ဖြစ်ခဲ့ပေ။ သံလျင်တောရတွင်ပင် ဆက်လက်၍ နေထိုင်ခဲ့ပေသည်။ ယခု ၁၃၃၃ ခု သီတင်းကျွတ်လဆန်း (၉) ရက်နေ့သို့ ရောက်လာခဲ့ပြီဖြစ်သည်။ ကျွန်ုပ်၏ ခရီးစဉ်သည် တနှစ် တင်းတင်းပြည့်ခဲ့ပေပြီ။ ထိုအတောအတွင်း သံလျင်တောရဆရာတော်၏ ဒါနနှင့်ပတ်သက်သောတရား၊ သီလနှင့်ပတ်သက်သောတရား၊ ဝိပဿနာနှင့် ပတ်သက်သောတရား၊ သုစရိုက်ဆယ်ပါးနှင့်ပတ်သက်သောတရား၊ ပုညကြိယာဆယ်ပါးနှင့် ပတ်သက်သော

တရား၊ ပါရမီဆယ်ပါးနှင့် ပတ်သက်သောတရား၊ သာသနာ ရေးနှင့်ပတ်သက်သောတရား၊ ဘာသာရေးနှင့် ပတ်သက်သော တရား၊ ထိုထိုသော လောကီ လောကုတ္တရာ တရားအကျိုး ဖြစ် ထွန်းစေသော တရားတို့ကို အကြိမ်များစွာ ကျင့်သုံးခဲ့ရ၊ ကြား နာခဲ့ရ၍၊ ဗုဒ္ဓဝါဒနှင့် ပတ်သက်ပြီး၊ နဂိုက ကျဉ်းမြောင်းနေ သော ကျွန်ုပ်၏ အသိဉာဏ်သည် ကုတ်နဲ့ ချဲ့ထွင်လိုက်သကဲ့သို့ အလွန် ကျယ်ပြန့် နက်ရှိုင်း သွားခဲ့ပေသည်။ သံလျင်တောရ ဆရာတော်ကား အင်မတန် ထူးခြား ကြီးကျယ်သော ပုဂ္ဂိုလ် တပါးပင် ဖြစ်ချေသည်ဟူ၍ ကျွန်ုပ် ယုံကြည်မိပေတော့သည်။

ဤကမ္ဘာ လော က၌ ကျွန်ုပ် သည် မိမိ ကိုယ် ကို မိမိ ကံ အကောင်းဆုံး လူတယောက်အဖြစ် ဝင့်ကြွားစွာ ဂုဏ်ယူမိပေ သည်။ ယင်းမှာ ကျွန်ုပ်၌ ပစ္စည်းဥစ္စာပေါများကြွယ်ဝ၍လည်း မဟုတ်ပေ။ လာဘ်သပ်ပကာ ပေါကြွယ်ဝ၍လည်းမဟုတ်ပေ။ ဒကာဒကာမ တောင့်တင်း၍လည်း မဟုတ်ပေ။ ဘုန်းတံခိုးကြီး မား၍လည်း မဟုတ်ပေ။ ဘုန်းကြီးလောက၌ လာဘ်လာဘ နည်းပါးခြင်း၊ ဘုန်းကံနည်းခြင်းတို့၌ ပုဂ္ဂိုလ် အများအပြား ရှိကြသည့်အနက် ကျွန်ုပ်သည်လည်း ရှေ့တန်းက ပါဝင်သူတဦး ပင် ဖြစ်ချေသည်။ သို့ဖြစ်လျှင် အဘယ်ကြောင့် ကံအကောင်း ဆုံးဖြစ်သူအဖြစ် ဂုဏ်ယူ ဝင့်ကြွားဘိသနည်း။ ကြီးကျယ်မြင့် မြတ်သော မဟာလူသား စာရင်းတွင် ပါဝင်သော သံလျင် တောရဆရာတော်ကို အမှတ်မထင် မှီဝဲ ဆည်းကပ်ခွင့်ရရှိသော ကြောင့်ပင်ဖြစ်ပေသည်။ လူနတ်ဗြဟ္မာ သုံးလောက၌ကြီးကျယ် မြင့်မြတ်သောအရာတွင် ဘုရားရှင်နှင့်တူသောသူ၊ သာလွန်သော

သူ၊ တစုံတဦးမျှမရှိပေဟူ၍ ဘုရားရှင်က မိန့်ကြားလိုက်သော အခါ၌ အရှင်အာနန္ဒာသည်၊ "ငါသည် ဤလောက၌ အကြီး ကျယ်ဆုံး၊ အမြင့်မြတ်ဆုံးသော ဘုရားရှင်ကို အလုပ်အကျွေး ပြု ဆည်းကပ်ခွင့် ရရှိနေပေပြီ။ ငါသည် ကံအကောင်းဆုံး ဖြစ်သည်ဟူ၍ ရဟန်းပရိသတ်အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ဟစ်ကြွေးဘူးပေသည်။ ကျွန်ုပ်လည်း ထိုကဲ့သို့ပင် သံလျင်တောရ ဆရာတော်ကို မှီဝဲဆည်းကပ်ခွင့်ရခြင်း၌၊ ကံ-အကောင်းဆုံး ဖြစ်သူအဖြစ် ဝမ်းထဲ၌ အကြိမ်များစွာ ဖြစ်ပေါ်ခဲ့ပေသည်။

ကျွန်ုပ်ဘဝတသက်၌ ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးကို ဆည်းကပ်ခွင့် ရရန် အိပ်မက်မျှပင် ယောင်ယမ်း မမက်ဘူးပေ။ နားလည်း မလည်ခဲ့ပေ။ သိလည်းမသိခဲ့ပေ။ ကျွန်ုပ်ပတ်ဝန်းကျင်၌ သံလျင် တောရ ဟူသောအမည်နာမမျိုးကိုပင် တစွန်းတစပြောကြားသံ မကြားဘူးခဲ့ချေ။ အဆက်အစပ် ဘယ်လိုမှ မရှိခဲ့ပေ။သို့ပါလျက် ဤ သံလျင်တောရသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ခြင်း ဖြစ် သည် ကျွန်ုပ်တွင် အင်မတန် ထူးခြားဆန်းကျယ်နေသည်။ နတ် ဒေဝတာများပင် မရောက်အရောက် ပို့ဆောင်ဖန်တီး ပေးလေ သလားပင် တွေးတောမြင်မိပေသည်။ ထိုကဲ့သို့ ကျွန်ုပ်စိတ်ထဲမှာ တဖွားဖွား ဖြစ်ပေါ်လာရအောင် သံလျင်တောရ ဆရာတော်၏ အရည်အချင်း၊ သံလျင်တောရဆရာတော်၏လုပ်ဆောင်နေချက်၊ သံလျင်တောရဆရာတော် သဘောထားတို့ကို 'ကျွန်ုပ်တနှစ်ခန့် နေထိုင်စဉ်အတွင်း လေ့လာ မှတ်သားမိသည်မှာကား—

"ကတညုတ ကတဝေဒိ ပုဂ္ဂလော ဒုလ္လဘော လောကသ္မိံ" ဤလောက၌ 'သူတပါးကျေးဇူးကို သိတတ်တယ်။ ထိုကျေးဇူး

သိတတ်တဲ့ အတိုင်း ကျေးဇူးအား လျော်စွာ ထိုက်ထိုက် တန်တန် ကျေးဇူးဆပ်ခြင်းဆိုတဲ့ သူတပါးကျေးဇူးကို ထင်စွာ ပြုနိုင်ခြင်းကို ရခဲဘယ်" ပဥ္စင်္ဂုတ္တရ ပါဠိတော်တွင် ဗုဒ္ဓ ကိုယ်တိုင် ဟောကြားထားသော ဒုလ္လဘတရား ငါးပါးအနက်၊ ဤဒုလ္လဘသည် ငါးခုမြောက် ဒုလ္လဘပင် ဖြစ်ပေသည်။ သံလျင်တောရ ဆရာတော်သည် ဗုဒ္ဓမြတ်စွာ အပေါ်၌ ဤငါးခုမြောက် ဒုလ္လဘနှင့် ကောင်းစွာပြည့်စုံသူ တဦးဖြစ်သည်။ ကျွန်ုပ်တို့ ရဟန်းတော်များသည် ဗုဒ္ဓဝါဒကိုခံယူသော ဗုဒ္ဓ၏သားတပည့်များ ဖြစ်ကြသည်။ ယင်းအတွက်ဖခင်ဗုဒ္ဓ၏ ကျေးဇူးတော် သည် ကျွန်ုပ် တို့အား အနန္တပင် တင်ရှိ နေပေသည်။ ထိုသည့် ဖခင်ဗုဒ္ဓ၏ ကျေးဇူးတော်ကို ပြန် လည် ကျေ ဇူး ဆပ်ရာ၌ ဗုဒ္ဓ ဟောညွှန် ထားသော တရား ဓမ္မ များ ကို ကောင်းစွာ လိုက်နာ ကျင့်သုံးခြင်းဖြင့်၎င်း၊ တပါးသူတို့အား ကောင်းစွာ ဖြန့်ဝေပေးခြင်းဖြင့်၎င်း၊ ကောင်းစွာ ကျေးဇူးဆပ်သည် မည်နိုင်ပေသည်။ သံလျင်တောရ ဆရာတော်သည် ထိုသည့်အချက်နှင့် ကောင်းစွာ ပြည့်စုံသူသဦးပင်ဖြစ်ချေသည်။

မှန်ပါသည်။ သံလျင်တောရဆရာတော်၌ ဘုန်းကြီးလောကတွင် မြင်နိုင်ခဲသော အရာကိုမြင်မှု၊ သိနိုင်ခဲသော အရာကိုသိမှု၊ လုပ်နိုင်ခဲသော အရာကိုလုပ်မှု၊ ကြံစည်နိုင်ခဲသော အရာကို ကြံစည်မှုများကို သတ်ပြု လေ့လာမိပေသည်။ ယင်းမှာ သူ၏ ဘယ်-ညာနှလုံးသား ၂ ခုအနက် ညာဘက် နှလုံးသားသည် ဗုဒ္ဓ၏ သာသနာသုံးရပ် အဒွန့်ရှည်ကြာ တည်ငြိမ် လေးနက် ခိုင်မြဲ စေရေးအတွက်သာဖြစ်ပြီး၊ ဘယ်ဘက် နှလုံးသားသည်

ကမ္ဘာလောကသားတို့အား ကယ်တင်ရေးအတွက်ပင် ဖြစ်ချေသည်။ သူ၏အရည်အချင်းနှင့် လုပ်ဆောင်ချက်မှန်သမျှတို့သည် ယင်းနှစ်ခုကိုအခြေခံ၍ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြစ်သည်။ ဗုဒ္ဓ၏သာသနာသုံးရပ် ခိုင်မြဲပြန့်ပွားလိုမှုနှင့် သတ္တဝါတို့အား ကယ်တင်လိုမှုတို့သည် သံလျှင်တောရဆရာတော်အား မည်မျှအထိ ဆန္ဒပြင်းပြသနည်းဟူမူ၊ "အသင်ချို့အနန္တသော လောကီစည်းစိမ်၊ တံခိုး၊ အာဏာတွေကို ခံစားပါ။ ထိုအလုပ်ကိုစွန့်ပါ" ဆိုလျှင် ထိုလောကီစည်းစိမ်၊ တံခိုး၊ အာဏာတွေကိုသာ စွန့်မည်ဖြစ်ပြီး ထိုအလုပ်ကို စွန့်မည် မဟုတ်ပေ။

ထို အလုပ်ကို လုပ်လျှင် အမျိုးမျိုးသော အန္တရာယ်တို့ဖြင့် သေဆုံးခြင်းသို့ ရောက်မည်။ ထိုအလုပ်ကို မလုပ်လျှင် အမျိုးမျိုးသော ချမ်းသာတွေကို ခံစားရမည်ဆိုလျှင် အလုပ်ကိုစွန့်မည် မဟုတ်ပဲ အသေခံမည်သာ ဖြစ်သည်။ ယခု ဘဝ၌ပင် သံလျှင်တောရ ဆရာတော်သည် ပရိနိဗ္ဗာန် ပြုနိုင်သော ရဟန္တာအဆင့်အထိ အရယူက ယူနိုင်သော အခြေအနေ ရှိသည်။ သို့သော် ဤဘဝတည်းနှင့် သူ၏ အလုပ်ကို လုပ်ရာ၌ အားမရနိုင်သဖြင့် ထိုအလုပ်ကို ဆက်လုပ်နိုင်ရေးအတွက် နောက်ဘဝ တဘဝစာ၊ ချန်ထားသေးပေသည်။ ယင်းမှာ သံလျှင်တောရဆရာတော် မကြာခဏ မိန့်ကြားသော စကား ဖြစ်ချေသည်။

ယင်းကဲ့သို့ သာသနာ သုံးရပ်လုံးကို ကြီးမားသော ဆန္ဒမှန်ဖြင့် ပြန့်ကျယ် ခိုင်မြဲလိုသည့် အားလျော်စွာ သူ့ထံ၌လည်း သာသနာ သုံးရပ်လုံး ကောင်းစွာတည်ရှိနေသည်သာ ဖြစ်သည်း မှန်ပါသည်။ သံလျှင် တောရ ဆရာတော်သည် "ဂန္ထဓုရ

ဝိပဿနာဓူရခေါ် ပရိယတ်၊ ပဋိပတ် ၂ပါးလုံးကို ထိုက်ထိုက်တန်တန် ကျွမ်းကျင်လိမ္မာစွာနှင့် သိရှိထားသူ၊ စွယ်စုံပညာရှင် ပုဂ္ဂိုလ်တဦးပင်ဖြစ်သည်။ ဂန္ထဓူရ အနေဖြင့် သာသနာပိုင်ဆရာတော်တို့ တတ်ထားသင့်သော ပညာရပ် မှန်သမျှကို တတ်ကျွမ်း ထားပြီးဖြစ်သည်။ ယင်းသို့ တတ်ကျွမ်း ထားသဖြင့် သာသနာပိုင်ဆရာတော်လုပ်ရန် ရည်စူးပြီး သင်ကြားတတ်မြောက်ထားခြင်းဖြစ်သည်။ ရှေးခေတ်က မြန်မာမင်းများသည် သာသနာကို ကြည်ညိုကြသည့် အားလျော်စွာ ထိုထိုပန္တဓူရတို့၌ ထိုက်တန်စွာ တတ်ကျွမ်း ကြသော ဆရာတော်တို့အား သာသနာပိုင် ခန့်အပ်လေ့ရှိပေသည်။ ဆရာတော် တပါးသည် ဗုဒ္ဓပုဒ်ကို ဝိဂြိုလ်ဘထောင် ပြုလုပ်နိုင်သည်နှင့် ဘုရင်၏ရာဇဂုရုဘွဲ့ ခန့်အပ်ခြင်းခံရသည်။ သံလျင်တောရ ဆရာတော်သည် ထိုနည်းကို ရဟန်းသုံးဝါကပင် ရရှိလာခဲ့ပြီး၊ ဗုဒ္ဓပုဒ်ကို ဝိဂြိုလ်ပြုလာရာ၊ ရဟန်း (၇) ဝါအထိ၊ ၄-နှစ် အတွင်း ဝိဂြိုလ် တထောင်တွင်မက ဝိဂြိုလ်ခြောက်သောင်း ကျော်မျှပင် ပြုလုပ်နိုင်ခဲ့ပေသည်။ ယင်းမှာ ဂန္ထဓူရကို ထိုက်တန်စွာ တတ်ကျွမ်းကြောင်း ခိုင်လုံသောပုံစံတခု ဖြစ်သည်။ ဝိပဿနာဓူရ အနေဖြင့် အမှန် တကယ်သဘာဝလည်းကျ၊ အစစ်အမှန်လည်းဖြစ်၊ ဗုဒ္ဓဝါဒနှင့်လည်းတိတိကျကျ ကိုက်ညီ၍ ယောဂီတိုင်း မဇ္ဈိမပဋိပဒါနည်းဖြင့်အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ်ကို တွေ့မြင်အောင် ရှုပွားယူရာ၌ ကမ္မဋ္ဌာန်းနည်း အစုံဆုံးသည် မြန်မာပြည်၌ ဤ ဌာနဘဌာန တည်းသာ ရှိသည်ဟု ဆိုလျှင် 'ပြောမယုံ၊ ကြုံဘူးမှသိ'လွန်အံ့မထင်၊ အတ္တုက္ကံသနပရဝမ္ဘန

အစွမ်း ၂၃ ပြိမ်းစွမ်းနိုင်အံ့မထင်၊ ပကာသန လွှမ်းလိုမှုသဘော ဖြစ်အံ့မထင်။

သံလျှင်ဘောရဆရာတော်၏ သာသနာပြု လုပ်ငန်းစဉ်သည် ဖြူစင်သန့်ရှင်းသော သုဒ္ဓသာသနာပြုသက်သက် ဖြစ်သည်။ ထိုထိုသော ပစ္စည်း လာဘ်သာဘ ဂုဏ်ပကာသနတို့ဖြင့် အနည်းငယ်မျှ တိုက်ရိုက်သော် ၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ရောပြွန်းယှက်ထွေးခြင်းမရှိပေ၊ ကင်းစင်မှန်မြတ် သန့်ရှင်းလှပါပေသည်။ လာဘ်လာဘ ပေါများ ကြွယ်ဝရေးမရှိပါပေ။ ကျောင်းတိုက်အဆောက်အဦတိုးပွား ဖြင့်ထွန်းရေးမပါရှိပေ။ ကိုယ့်ဂိုဏ်းကိုသာ တိုးတက်ကြီးပွားခိုင်မြဲရေး မပါရှိပေ။ တသာသနာလုံး သတ္တဝါအားလုံး ကြီးပွားချမ်းသာရေးကိုသာ ရည်စူးလုပ်ကိုင်သာသနာပြုခြင်း ဖြစ်သည်။ သူတပါးတို့၏ ခန္ဓာအစဉ် စိတ်အစဉ်၊ ဉာဏ်အစဉ်တို့၌ ဗုဒ္ဓဝါဒခေါ် သူတော်ကောင်းတရားတွေ၊ အသိ၊ အလိမ္မာ ဉာဏ်ပညာတွေ တည်နိုင်သမျှ တည်သွားအောင် မြဲနိုင်သမျှမြဲသွားအောင် ခံယူနိုင်သမျှ ခံယူသွားအောင် အဆင်းရဲ၊ အပင်ပန်းခံပြီး ပြုလုပ်ပေးသော ဗုဒ္ဓသာသနာပြုသက်သက် ဖြစ်သည်။

မိမိပြုလုပ်ပေး၍ ပုဂ္ဂိုလ်တဦး သူတော်ကောင်းတရားကို လက်ခံသွားနိုင်လျှင် ထိုတဦးအား သာသနာပြုခြင်း ဖြစ်သည်။ ပုဂ္ဂိုလ်နှစ်ဦးဆိုလျှင်လည်း နှစ်ဦးသာသနာပြုနိုင်ခြင်း ဖြစ်သည်။ ၃ဦး ဆိုလျှင်လည်း ၃ဦး သာသနာပြုနိုင်ခြင်း ဖြစ်သည်။ အရှင်းဆုံး ဆိုသော် ဗုဒ္ဓဝါဒခေါ် သူတော်ကောင်း တရားကို လက်ခံကျင့်သုံး ထားနိုင်မှုသည်သာ သာသနာပြုသက်သက် ဖြစ်

သည်။ အဆောက်အဦ ချဲ့ထွင် များပြားစေခြင်း၊ စေတီပုထိုး တည်ဆောက်ခြင်း စသည်တို့ကား သာသနာရေးနှင့် မပတ်သက်ပေ။ ဘာသာရေးနှင့်သာ ပတ်သက်ပေသည်။

ယင်းအတွက် သံလျင်တောရ သာသနာပြုလုပ်ငန်းနှင့်ပတ်သက်၍ ထိုထိုဤဤ အလီလီသော မြို့ရွာဇနပုဒ် ရင်ကွက်တို့၌ လုံးဝ အလှူခံခြင်းမျိုး မရှိပါပေ။ သံဃာတော်များမှစ၍ ကျောင်းတွင်းနေခိုက်သာရေး၊ နာရေး၊ ဒုမင်္ဂလာ၊ သုမင်္ဂလာစသည်တို့ကိုလည်း လုံးဝ အလှူခံခြင်းမျိုး မရှိရပါပေ။ အိမ်ရှေ့တွင်ပင် မတ်ဘတ်ရပ်ဆွမ်းခံစားပြီးတရားဓမ္မအားထုတ်ရုံမှအပ ါးဘာလုပ်ငန်းမျှ အခြားပစ္စည်းလာဘ်လာဘနှင့် ဆက်စပ်သောလုပ်ငန်းမှန်သမျှလုပ်ရခြင်းမရှိရပါပေ။ သံလျင် တောရဆရာတော်သည် သံလျင်တောရသို့ရောက်သည်မှစ၍ယနေ့အထိ (၁၅) နှစ် အတွင်း ကျောင်းတွင်းမှ ကျောင်းပြင်သို့ လုံးဝ မထွက်ဖူးပါပေ၊ ယင်းသို့ မထွက်ခြင်းမှာ သူ၏ သန့်စင်မှန်မြတ်သော ဗုဒ္ဓသာသနာ လုပ်ငန်းစဉ်ကို အလေးဂရုပြု၍ ဖြစ်သည်။ ပစ္စည်းလာဘ်လာဘ ပေါများမှု၊ ဂုဏ်ပကာသန ကျော်ကြားမှု စသည်တို့နှင့် အုတ် ရော ရော၊ ကျောက်အရောရောဆိုသကဲ့သို့ ရောပြွမ်းယှက်ထွေးမှုကို ရှောင်ကြဉ်လို၍ ဖြစ်သည်၊ ဗုဒ္ဓ၏ သာသနာသုံးရပ်သည် အပြစ်ကင်းကင်း၊ သန့်သန့်ရှင်းရှင်း၊ ထိုက်ထိုက်တန်တန် မြန်မာနိုင်ငံ၌ ဖြစ်လာသော အခြေအနေမျိုး ရှိမှသာလျှင် သူကိုယ်တိုင် အပြင်ထွက်မည်ဟု ခိုင်မြဲသော ဆုံးဖြတ်ချက်ကို ချထားသူဖြစ်သည်။ ထိုသို့ မဟုတ်ပါမူ ပစ္စည်းဥစ္စာ ကုဋေပေါင်း မြောက်မြားစွာ ပေးလှူပါမည်။ အလှူခံရန် အပြင်ထွက်ကြွပါဘုရားဆိုလျှင်

ထိုအလှူကို တွေးပြီးသာ တီးတူးပြန်၍ မမျိုသကဲ့သို့ လုံးဝ လက်ခံလိမ့်မည် မဟုတ်ပေ။ ယင်းသို့ဖြင့် သံလျင်တောရဆရာတော်၏ ဗုဒ္ဓ ကြည်ညိုမှု၊ ဗုဒ္ဓဝါဒ ကြည်ညိုမှုတို့ မည်မျှ အခြေအနေ ရှိကြောင်း ခန့်မှန်း သိနိုင်ကြပေသည်။

သံလျင်တောရဆရာတော်သည် ဘုရားကို အလွန် လေးစား ကြည်ညိုသူ ဖြစ်သည်။ သူ့အား ထိုထို ဒကာ ဒကာမတွေက စား ကောင်းသောက်ဖွယ်လှူသော် ရှေးဦးစွာ ဘုရားကို အရင် လှူ ဒါန်းမှုပြုသည်။ ဘုရားလှူ၍ကျန်မှ သူသုံးဆောင်သည်။ ကျွန်ုပ် မျက်မြင်တကြိမ် တွေ့ဘူးသော ဖြစ်ရပ်ရှိသည်။ မော်လမြိုင်မှ ဒကာတဦးသည် ပန်းသီးတလုံး ယူလာသည်။ သူ့သမီး ဆိုဗီယက်က ပြန်လာ၍ သူ့အား လက်ဆောင်ပေးသည်ဟု ဆိုသည်။ ယင်းပန်းသီးကို သူမစားရက်ပဲ ဆရာတော်အား လှူဒါန်းပါ သည်ဟု ဆိုလေသည်။ ထိုအခါ ဆရာတော်သည် 'ငါဗျားတောင် မှ မစားရက်၍ လှူလာသောပန်းသီးကို ကျုပ်လဲ မစားရက်ပါ ဘူးဗျာ။ ဘုရားလှူလိုက်ပါမယ်' ဆိုကာ သူကိုယ်တိုင်ပင် ဘုရား လှူလေသည်။ ဘုရားရှပ်ပွားတော်ရှေ့၌ သစ်သီးမျိုးစုံ၊ ပန်းမျိုး စုံ၊ စားဖွယ်သောက်ဖွယ် မျိုးစုံတို့ စာပွဲခုံ ၂လုံးတွင် အမြဲတန်း လို ပြည့်လျက်ရှိသည်။ တခါတခါ သူက ပြောဆိုဘူးပေသည်။ 'အခြေအနေ မပေးသေးလို့။ အခြေအနေပေးရင် ကမ္ဘာ့သစ်သီး မျိုးစုံတို့ကို ဘုရားလှူဒါန်းချင်လှဘိတယ်' ဟူ၍ မကြာခဏအမိန့် ရှိဘူးသည်။ ဒကာဒကာမတို့က ဆရာတော် ဝတ်စေလို၍ အဖိုး တန် တက်ထရွန်သင်္ကန်းတို့ကို လှူဒါန်းပါမူ သူမဝတ်ပဲ ဘုရား အားသာ လှူဒါန်းမှု ပြုပေသည်။

ဗုဒ္ဓ၏ သာသနာကို ကျယ်ပြန့်အောင် လုပ်ရာ၌လည်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ၊ ဟူ၍ သရဏဂုံသုံးပါးရှိသည့်တွင်လိုရင်း ဖြစ်သော သရဏဂုံသည် 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဟူသော အလယ် သရဏဂုံ ဖြစ်သည်။ အလယ်သရဏဂုံကိုကိုးကွယ်ဆည်းကပ်လျှင် တနည်းအားဖြင့် ဗုဒ္ဓဝါဒဖြစ်သော သူတော်ကောင်းတရားကို ကောင်းစွာ လက်ခံကျင့်သုံးလျှင် တချက်ခုတ် သုံးချက်ပြတ်အနေ ဖြင့် သရဏဂုံ သုံးပါးလုံး ကိုးကွယ်ဆည်းကပ်ပြီး ဖြစ်တော့သည်။ တရားကြောင့် ဘုရားဖြစ်သည်။ တရားကြောင့် သံဃာဖြစ် သည်။ တရားပျောက်လျှင် ဘုရားနှင့် သံဃာပါ ပျောက်တော့ သည်။ လူ့လောကကြီး၌ ငြိမ်းချမ်းသာမှုလည်းကွယ်ပေသည်။ ယင်းအတွက် အလယ်သရဏဂုံဖြစ်သော 'ဓမ္မံ သရဏံ ဂစ္ဆာမိ'ကို မိမိရရ ဆွဲကိုင်ပြီး သရဏဂုံ သုံးပါးလုံး တည်တန့်ခိုင်မြဲဆည်းကပ် ရေးကိစ္စကို အကောင်အထည်ဖော် လုပ်ကိုင်ခြင်းဖြစ်သည်။

သာသနာတော်အနေဖြင့် စာမေးပွဲ ကျင်းပရာ၌လည်း

ပရိယတ္တိသာသနာ

ပဋိပတ္တိသာသနာ

ပဋိဝေဓသာသနာဟူ၍ သာသနာသုံးရပ် ရှိသည်။ ထိုအနက် က အလယ်သာသနာဖြစ်သော ပဋိပတ္တိသာသနာကို မိမိရရဆွဲ ကိုင်ပြီး သာသနာသုံးရပ်လုံးကို ချီးမြှောက်သော အနေဖြင့် စာမေးပွဲကို ကျင်းပပေသည်။

နေ့ထူးနေ့မြတ်အနေအားဖြင့် ကျင်းပရာ၌လည်း
ကဆုန်လပြည့် ဗုဒ္ဓနေ့
ဝါဆိုလပြည့် ဓမ္မနေ့
ဝါခေါင်လပြည့် သံဃာ့နေ့အဖြစ် သတ်မှတ်ကာ ထိုနေ့သို့ ရောက်တိုင်း ဗုဒ္ဓ၏ ဂုဏ်ကျေးဇူး။ ဓမ္မ၏ ဂုဏ်ကျေးဇူး၊ သံဃာတို့၏ ဂုဏ်ကျေးဇူးတို့ကို ပီပီပြင်ပြင် အများတကာ သဘောပေါက်နားလည်အောင် ဖော်ထုတ် ကျင်းပမှု ပြုပေသည်။ ဝါခေါင်လပြည့် သံဃာနေ့ ကျင်းပရာ၌ ပဌမသင်္ဂါယနာတင် ရှင်မဟာကဿပ စသော ရဟန္တာ အရှင်သူမြတ်ပုဂ္ဂိုလ်အပေါင်းတို့သည် ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့မှစ၍ ပဌမသင်္ဂါယနာ တင်ခဲ့ကြသည်။ ယင်းမှအစပြု၍ ယနေ့တိုင် ဗုဒ္ဓ၏ ဝါဒခေါ် သူတော်ကောင်းတရားတို့ တည်ရှိ မြဲမြံ ခိုင်ခန့်လာသည်မှာ ယင်း သံဃာအဆင့်ဆင့်တို့၏ ထိန်းသိမ်း စောင့်ရှောက်လာမှုကြောင့် ဖြစ်သည်။ ဗုဒ္ဓဝါဒကို နောင်လာနောက်သား အများသူသူငါငါ ခေတ်အဆက်ဆက်တည်ရှိပြီးလိုက်နာကျင့်သုံးရေးအတွက် လုပ်ဆောင်နိုင်ခြင်းမှာ အရိယာသံဃာ အရှင်မြတ်များနှင့်သမုတိသံဃာ အရှင်မြတ်များသာ လုပ်ဆောင်နိုင်ကြပေသည်။ လူဝတ်ကြောင် ပုဂ္ဂိုလ်တို့ မလုပ်နိုင်ပေ။ နတ်လည်း မလုပ်နိုင်ပေ။ ဗြဟ္မာလည်း မလုပ်နိုင်ပေ။ ဝိုင်းဝန်း ကူညီ အထောက်အပံ့ ပေးရုံသာ တတ်နိုင်ကြသည်။ ယင်းအတွက်သံဃာ့ဂုဏ်ကို ဖော်ထုတ်ချီးကျူးရခြင်း ဖြစ်သည်။ သာသနာသုံးရပ်၊ သရဏဂုံသုံးပါးရှိသလို နေ့လည်းသုံးနေ့ပင် ရှိသင့်ပေသည်။ ဗုဒ္ဓနေ့၊ ဓမ္မနေ့ ၂မျိုးသာ ရှိပြီးသံဃာ့နေ့အဖြစ် မရှိခြင်းမှာသဘာဝမကျလှပေ။ သို့ဖြစ်၍

သံဃာ့နေ့ကို ကျင်းပရခြင်း ဖြစ်သည်။ အကယ်၍ တကမ္ဘာလုံး၌ ရဟန်းသုံးပါးသာ ထားပြီး ကျန်ရှိသော သံဃာတွေကို ဖျောက်ပစ်ထားပါမူ နောက်ထပ်ရဟန်းတပါး ဘယ်နည်းနှင့်မှ တိုးအောင် လုပ်၍ မရတော့ပေ။ ထိုအခါ သံဃာလည်း လုံးဝ ကွယ်တော့မည်ဖြစ်၍ ဗုဒ္ဓသာသနာ့ ဝန်ကို ဆောင်နေသော သံဃာမရှိလျှင် ဗုဒ္ဓ၏ သာသနာလည်း သံဃာကွယ်သည့်နည်းတူ ကွယ်သွားမည် ဖြစ်ပေသည်။ ယင်းနှင့်တဆက်တည်း သာသနာသုံးရပ်သရဏဂုံ သုံးပါးတို့ပါ ကွယ်တော့မည်ဖြစ်သည်။ ယင်းအတွက် သံဃာသည် သာသနာ့အတွက် မည်မျှ အရေးပါ အရာရောက်ကြောင်းထင်ရှားလှပေသည်။ ဝါခေါင်လပြည့် သံဃာ့နေ့အဖြစ် သတ်မှတ်ကျင်းပရာ၌ နှောင်းခေတ်လူသားတို့အား အကျိုး ဖြစ်ထွန်းစေခဲ့သော ဗုဒ္ဓပရိနိဗ္ဗာန်ပြုအပြီး သုံးလကျော် ဝါခေါင်လပြည့်ကျော် ငါးရက်တွင် အရှင်မဟာကဿပ စသော ရဟန္တာပုဂ္ဂိုလ်တို့ ပဌမသင်္ဂါယနာတင်ခြင်းကို စွဲ၍ ဝါခေါင်လပြည့် သံဃာ့နေ့အဖြစ် သတ်မှတ်ပေးခြင်းဖြစ်သည်။ ယင်းသို့သံဃာ့နေ့ကို ကျင်းပပေးသဖြင့် ဒကာဒကာမတို့ များစွာပင် အသိဉာဏ်မြင့်ကျယ် သဘောပေါက်မှု ရသွားသည်။ တခါကတောင်ဥက္ကလာပ ဒကာတဦးက ဆရာတော်အား လျှောက်ထားလေသည်။

'ဆရာတော်ဘုရား၊ တပည့်တော် အရင်တုံးက ရန်ကုန်ဘုန်းကြီးတွေဆိုလျှင် စိတ်ထဲက ကြည်ညိုလို့ မရဘူးဘုရား။ ဆရာတော်ရဲ့ သံဃာ့နေ့မှာသံဃာရဲ့ ဂုဏ်ကျေးဇူးတွေ ထုတ်ဖော်ပြောကြားချက်ကို နာကြားရတော့မှ တပည့်တော် သံဃာတွေကို ကြည်ညိုလာတတ်တော့တယ်'

ယင်းကဲ့သို့ သံဃာတို့ ကြည်ညိုလာမှု၌ သဘောပေါက်မှု ကျယ်ပြန့်လာစေတော့သည်။

ထိုနောက် အလယ်သရဏဂုံဖြစ်သော ဓမ္မသရဏံဂစ္ဆာမိကို ဆွဲကိုင်ပြီး သရဏဂုံသုံးပါး ခိုင်မြဲဘည့်တန့်ရေးကို အကောင်အထည်ဖော် ပြုလုပ်ရာ၌ ဝိမဿနာတရားကို ကျင့်သုံးစေရရှိသာ မကာဒါနကို စနစ်တကျ ပြုလုပ်တတ်မှု၊ သီလကို စနစ်တကျ ပြုလုပ်တတ်မှု၊ စနစ်တကျ သင်ကြားပြသ ပြုလုပ်စေသည်။ အထူးသဖြင့် ဝါတွင်းသုံးလ၌ ရဟန်းရှင် လူယောဂီများသည် (၈)ရက်နှင့် လပြည့်လကွယ် ဥပုသ်နေ့များ၌ ည(၇)နာရီတွင်ဆရာတော်ထံ စုရုံးကြရသည်။ ဆရာတော် ဩဝါဒများ တရားပဒေသများနာကြားရန် ဖြစ်သည်။ ပြီးလျှင်မိမိတို့ ၇–ရက်အတွင်း တနေ့တနေ့ပြုလုပ်ခဲ့သောကုသိုလ်စာရင်တွေကိုတင်ပြကြရသည်။ ယင်းသို့ တင်ပြခိုင်းခြင်းသည် အများတကာ တုယူနည်းမှီ အားကျစေလိုသော သဘောပင်ဖြစ်သည်။ ယောဂီများ ပြုလုပ်ကြသည့်အနက် မှန်တမ်းလုပ်သော ယောဂီတို့၏ တနေ့ပြုလုပ်သော စာရင်းဖတ်ကြားသံကို ပုံစံတခုအနေဖြင့် ပြရသော်

'တပည့်တော် တနေ့ကို ရေလှူတာက သုံးထောင်ပါဘုရား။ ပန်းလှူတာက တထောင်ပါဘုရား'။ ပြဟ္မစိုရ်ပွားများတာက အကြိမ်(၃၀)ပါဘုရား။ ဘုရားကို ဆီမီးလှူတာက ၂ကြိမ်ပါဘုရား။ ပရွက်ဆိတ်စသော သတ္တဝါလေးတွေ ကျွေးတာက သုံးကြိမ်ပါဘုရား။ တရားဘာဝနာ ပွားများတာက သုံးကြိမ်ပါဘုရား။ ဆွမ်းတော်တင်တာက တကြိမ်ပါဘုရား။ ဝေယျာဝစ္စ ပြုလုပ်တာက သုံးကြိမ်ပါဘုရား' စသည်ဖြင့် မိမိတို့ တနေ့တာ

အတွက် ပြုလုပ်ခဲ့သမျှသောကုသိုလ်တို့ကို လျှောက်ကြားရသည်။ ပြီးလျှင် သတ္တဝါအနန္တတို့အား အမျှဖြန့်ဝေ၊ မေတ္တာပို့ပြီး ဝိုင်းဝန်းကာ သာဓုသံ မြိုင်မြိုင် ခေါ်ကြရပေသည်။

တနေ့ ၂၄နာရီရှိသည့်အနက် အိပ်ချိန် (၈)နာရီကို နှုတ်လိုက်လျှင် (၁၆)နာရီ ကျန်ပေသေးသည်။ ထိုအနက် စားရေးသောက်ရေး၊ ထိုထိုကိစ္စအရေးတွေကို (၆)နာရီထားလျှင် ကျန်နာရီတွေမှာ (၁၀)နာရီလုံးလုံး ကျန်ပေသေးသည်။ ထို (၁၀)နာရီအတွင်း၌ အချိန်လစ်ဟင်းမှု မရှိရအောင် ကုသိုလ်ကောင်းမှုခေါ် သုစရိုက်ဆယ်ပါးတရား၊ ပုညကြိယာဆယ်ပါးတရား၊ ပါရမီဆယ်ပါးတရားတို့နှင့် နေပျော်နိုင်အောင်စနစ်တကျပြုလုပ်ကြရခြင်းဖြစ်သည်။ ၁၀နာရီလုံးလုံး ဝိပဿနာဓမ္မကို မပွားများနိုင်ပေ။ ယင်းအတွက် ကျန်အချိန်တွေကို မငြီးမငွေ့ရအောင် အချိန်အလဟဿလဲ ကုန်မသွားအောင် ဒါနနှင့်ဖြည့်၊ သီလနှင့်ဖြည့်၊ ဗြဟ္မာစိုရ်နှင့်ဖြည့်၊ ဝေယျာဝစ္စနှင့်ဖြည့်၊ သစ္စာနှင့်ဖြည့်၊ အဓိဋ္ဌာန်နှင့်ဖြည့် စသည်ဖြင့် ဖြည့်တင်းမှုပြုရခြင်းဖြစ်သည်။

ဝိပဿနာတရားတိုက်၌ ဝိပဿနာတရားထိုင်လျှင် ပြီးနိုင်သည်။ ရေလှူပန်းလှူမှုတွေ လုပ်စရာ လိုသေးသလော။ စစ်ဆေးကြည့်လျှင် လိုအပ်၍ လုပ်ခြင်းလည်း ဖြစ်သည်။ အချိန်ကို စနစ်တကျ အသုံးချခြင်းလည်း ဖြစ်သည်။ မိမိခန္ဓာကိုယ်ကို ကုသိုလ်တုံးကြီး၊ ကုသိုလ်သူဌေးကြီးအဖြစ် တည်ရှိသွားအောင် ပြုလုပ်ပေးခြင်းလည်းဖြစ်သည်။မိမိတို့သည်ဘဝကုန်သွားသူတွေ မဟုတ်ပေ။ ဘဝကျန်နေသေးသူတွေ ဖြစ်သည်။ ယင်းသို့ ကျန်သေးသည့်အတွက် ထိုထိုဘဝတို့၌ အဖက်ဖက်က ပြည့်တင်းမှု

ရှိနေအောင်၊ ချွတ်ယွင်းချက် နည်းနိုင်သမျှ နည်းအောင် ပြုလုပ်ရခြင်း ဖြစ်သည်။ အပေါက်ပေါက်က ပြည့်စုံမှုရှိမှ ဗုဒ္ဓ၏သာသနာတော်ကို အရောင်တင်ရာ၌ ပိုမိုတောက်ပြောင်အောင် အရောင်တင်နိုင်မည် ဖြစ်သည်။ ပြီးလျှင် ဗုဒ္ဓက ဝိပဿနာခံမှုတခုတည်းကိုဟောကြားသည်မဟုတ်ပေ။ ဒါနနှင့် သီလကိုလည်း ဟောကြားထားခြင်း ဖြစ်သည်။ သုစရိုက်ဆယ်ပါးနှင့် ပုညကြိယာဆယ်ပါး ပါရမီဆယ်ပါးတို့ကိုလည်း ဟောကြားထားခဲ့ခြင်းဖြစ်သည်။ ယင်းဗုဒ္ဓဟောကြားထားချက်သည် ကျန်သည်၊ ပေါက်ကြားသည်၊ လိုသည်၊ ဟာသည်မရှိရအောင် အနေဖြင့်လည်း သာသနာကို အလေးပြုလုပ်ခြင်း ဖြစ်သည်။

ရေလှူ၊ ပန်းလှူရာ၌၊ အလှူခံတို့သည် ဂင်္ဂါဝါဠုသဲစုမကပွင့်ပေါ်တော်မူကြသော ဘုရားရှင် အနန္တတို့ပင် ဖြစ်သည်။ ထိုဘုရားရှင်အနန္တတို့၏ အနန္တသီလ၊ အနန္တသမာဓိ၊အနန္တပညာတို့ကို အလှူခံ အရာထား၍ လှူဒါန်းရခြင်း ဖြစ်သည်။

လှူဒါန်းရာ၌ သတိသမာဓိ ဖြစ်မှုနှင့် ကုသိုလ်ကံအကျိုးပေးမှုများပြား အားကောင်းစေရန် 'ကံ' ဒုဒယ်ကြီးအဖြစ် တည်ရှိသွားအောင်နှင့် ဗုဒ္ဓ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုရမှု တာရှည်အောင် ပန်းဆိုလျှင်လည်း တပွင့်၊ နှစ်ပွင့်စသည်ဖြင့်အရေအတွက်နှင့်လှူဒါန်းရခြင်းဖြစ်သည်၊ရေလှူဒါန်းရာ၌ ရေခွက်တခွက်ကိုတခွက်အတိုင်း လှူဒါန်းမည်ဆိုလျှင် တခါသာ ကုသိုလ်ကံ အကျိုးပေးခွင့် ရပေမည်။ ယင်းကို ၂ ခါလှူလျှင် ၂ ခါ အကျိုးပေးသောကံအဖြစ် တည်ရှိခွင့်ရသွားပေမည်။ ထိုရေခွက် တခွက်ထဲသို့ ကာဖီဖျော်သော ဇွန်းနှင့် ထည့်မည်ဆို

လျှင် ဇွန်းပေါင်းသုံးရာ ရရှိပေမည်။ ယင်းအတွက် အကျိုးပေးမည့်ကံလည်း သုံးဆုပင် တည်ရှိသွားပေမည်။ သဘောလည်းပေါက်၍ ဝမ်းလည်း မြောက်ကာ လှူဒါန်းသော ပညာကိုကောင်းစွာ ရရှိပါမူ ငွေကုန်ကျေးကြ တပြားမှ မရှိပဲနှင့်ဇ လွန်အကျိုးများသော လုပ်ငန်း ဖြစ်ပေသည်။

အလှူခံထဲ၌ ဘုရားရှင်သည်အမြင့်မြတ်ဆုံးသော အလှူခံဖြစ်ပေသည်။ ဘုရားရှင် တဆူကို လှူဒါန်းတတ်လျှင် အကျိုးအနန္တပေးသည်။ ဘုရားရှင်တို့မှာလည်း အနန္တပင် ပွင့်ပေါ်ခဲ့ကြ၍ ထိုအနန္တတို့အား စနစ်တကျ လှူဒါန်းမှု ပြုတတ်လျှင် အဘယ်မျှအကျိုးရှိမည်နည်း။ ယင်းအတွက် ဆရာတော်သည် ဒါနကို စနစ်တကျ ပြုလုပ်တတ်အောင်စနစ်တကျ သင်တန်းပေးမှု ပြုပေသည်။

တိဋ္ဌန္တေ၊ နိဗ္ဗုတေစာ ပိဘမေစိတ္တ သမံဖလံ။

စိတ်သာရှင်စေ ဘုရားဟောဆိုသကဲ့သို့ ထင်ရှား ပွင့်ပေါ်သော ဘုရားရှင်အား ဖြစ်စေ၊ ထို ဘုရားရှင်မျိုး ယခုအခါ ထင်ရှားမရှိ ပရိနိဗ္ဗာန် ပြုကုန်ကြပြီ ဖြစ်၍ ပရိနိဗ္ဗာန် ပြုကုန်ကြကုန်သော ဘုရားရှင်အား ဖြစ်စေ၊ မိမိစိတ်ကို အတူတူ ထားပြီးအာရုံပြုကုသိုလ်မှုတို့ကို ပြုလုပ်နိုင်လျှင် အကျိုးလည်းအတူတူပေသည်ဟူ၍ ဝိမာန ဝတ္ထုပါဠိတော်က ဆိုသားချက် ရှိပေသည်။

ယင်း အချက်ကို မှတည်ထားပြီး သံလျင်တောရ ဆရာတော်သည် ဘုရားအား ဆွမ်းတော် တင်ကြရေး၊ ဆွမ်းကပ်ကြရေးနှင့်ပတ်သက်၍ မကြာမကြာ မိန့်ကြားလေ့ ရှိသည်။ တခါသော်ရန်ကုန်ကလာသော အသက် (၃၀) ခန့်ရှိ ဇနီးမောင်နှံနှစ်ဦး

ဆရာတော့် လာကန်တော့ရာ၌ သူတို့ကို မိန့်ကြားနေချက်ကို ကျွန်ုပ်ကိုယ်တိုင် ကြားသိလိုက်ရပေသည်။

'အလှူခံထဲမှာ ဘုရားရှင်ဟာ အမြတ်ဆုံးဖြစ်တယ်။ အဲဒီ အမြတ်ဆုံးဖြစ်တဲ့ဘုရားရှင်ကို ဆွမ်းတော်တင်ခေါ်တဲ့ ဆွမ်းကပ်တဲ့အခါကျတော့ စေတနာအနေနဲ့ နဲနဲလေး ကပ်ကြတယ်။ ဘုရားရှင်ကို မှဝရေစာကျွေးတဲ့ သဘောမျိုး ဖြစ်နေတယ်။ကဲ– ဒကာမလေးတို့၊ဒကာလေးတို့ကို မေးရအုံးမယ်။လူတယောက်ကို ထမင်းကျွေးတဲ့အခါ သူတောင်းစားတယောက်ကိုပဲ ကျွေးအုံး တော့ နဲနဲလေးကျွေးသလား၊ အဝကျွေးသလား'

'အဝကျွေးပါတယ်ဘုရား'

'အိမ်မှာ ဘုန်းကြီးတွေ ပင့်ပြီး ဆွမ်းကပ်တဲ့ အခါကျတော့ ကော– မဝတဝ ဆွမ်းကပ်သလား၊ အဝကပ်ကြသလား'

'အဝဲ့ကပ်ပါတယ်ဘုရား'

သူတောင်းစားထမင်းကျွေးရင်လဲ အဝကျွေးတယ်။ဘုန်းကြီး တွေ ဆွမ်းကပ်တော့လဲ အဝကပ်ကြတယ်။ မိမိတို့ရဲ့ အထွဋ် အထိတ်ဆုံး အနေနဲ့ ကိုးကွယ်ထားတဲ့ ဘုရားရှင်လဲဖြစ်၊ အလှူခံ ထဲမှာ အမြင့်မြတ်ဆုံးလဲဖြစ်တဲ့ ဘုရားရှင်ကျတော့ နဲနဲလေး မဝရေစာ ကပ်ကြတယ်။ဒါက မှတ်မိသားမိအောင်လို့ ပြောတာ နော်။ အဲဒီတော့ ဒကာမလေးတို့ ဒကာလေးတို့ ဘုရားရှင်ကို အဝဆွမ်းကပ်စမ်းပါ။ နေ့တိုင်းကပ်ရမယ်လို့ မဆိုလိုဘူး။ တလ တခါဖြစ်စေ၊ ၂လတခါဖြစ်စေ၊ ကိုယ်စွမ်းနိုင်တဲ့အခါ၊ ဆရာ တော်ကြီးတွေကို ဆွမ်းကပ်တဲ့အခါ ကပ်သလို ခုံနဲ့ကျကျနန ပြင်ပြီးစားကောင်းသောက်ဖွယ်တွေနဲ့ အဝကပ်စမ်းပါ။ ဘုရား

ဟာ စိတ်နဲ့ ပင့်လိုက်ရင် အချိန်မရွေး ရတာပဲ။ ဆွမ်းဟင်း ပုဂံ အသင့်ပြင်ဆင်ပြီးတဲ့အခါကျတော့ ဘုရားရှင်ငါးပါး၊ ဆွမ်းကပ်မယ်ဆိုရင် ပါးပါးပေါ့။ ဆယ်ပါး ကပ်မယ်ဆိုရင် ဆယ်ပါးပေါ့။ ဒါမှမဟုတ် ဘုရားရှင်တဆူကို လှူဒါန်း ဆက်ကပ်ခြင်းသည်ပင်လျှင် အကျိုးအနန္တပေးတာဖြစ်တော့ ဘုရားရှင်တွေက ဂင်္ဂါဝါဠု-သဲစုမက ပွင့်ပေါ်ထားတော့ ဘုရားရှင်တွေ ထိုင်ဘို့ရာအတွက် မွန်မြတ်တဲ့ နေရာထိုင်ခင်းများ ခင်းကျင်းပြီးတော့ 'ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရှင်ကောင်းအရှင်မြတ်တို့ဘုရား၊ အရှင်ဘုရားတို့၏ အနန္တသီလ၊ အနန္တသမာဓိ၊အနန္တပညာတို့ကို အလှူခံအရာထားပြီး တပည့်တော် ဆွမ်းကပ် လိုပါသဖြင့် တပည့်တော်တို့အား၊ သနားသောအားဖြင့် တပည့်တော်တို့လှူသော ဆွမ်းကို အလှူခံရန်အတွက်၊ ဘုရားရှင်တို့ နေရာတွင် ကြွရောက်ပါရန် ငိုသေစွာ ပင့်လျှောက် ထားပါတယ် ဘုရား" အဲဒီလို ပင့်ပြီး ကိုယ့်မျက်စိထဲမှာ၊ ဘုရားရှင်တွေ ကြွလာတဲ့ပုံ၊ ကိုယ်ခင်းကျင်းထားတဲ့ နေရာမှာ သီတင်းသုံးနေတဲ့ပုံ၊ ဆွမ်းဖုန်းပေးတဲ့ပုံကို ထင်မြင်အောင် အာရုံ ပြုပြီး ဆွမ်း ကပ်ရင် မကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'ကောင်းရင်ကပ်ကြပေါ့၊ ဘုရားရှင်တွေ ဖုန်းပေးပြီးလို့ပိုရင် ကိုယ်လဲသုံးဆောင်နိုင်တာပဲ၊ အရှုံးမရှိပါဘူး။ သဘောပေါက်တယ်နော်၊ ကပ်ကြမယ် မဟုတ်လား'

'မှန်ပါ၊ တပည့်တော်တို့ သဘော ပေါက်ပါတယ် ဘုရား။ တလအခါ မှန်မှန်ကပ်ပါ့မယ်ဘုရား'

ဤကနေ့ ၁၃၃၃ ခု သီတင်းကျွတ်လဆန်း (၉) ရက်နေ့သည် ကျွန်ုပ်၏ ဗုဒ္ဓဝါဒကို ဧောက်ချလေ့လာရေး ခရီးစဉ် တနှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ အတွေးအခေါ် တို့သည် ကျွန်ုပ်၏ ဦးနှောက်ထဲသို့ တရစ်စီတရစ်စီ အလျှိုလျှိုဝင်ရောက်၍ လာနေသည်။ ထိုအတွေးတို့ကား နှစ်သိမ့်ခြင်း၊ ကျေနပ်ခြင်း ဝမ်းမြောက်ခြင်းတို့နှင့် စပ်လျဉ်းသော အတွေးတို့သာဖြစ်ချေသည်။ မိမိအကျိုးအတွက် အနည်းငယ်မျှ ပါဝင်ခြင်း မရှိပဲ၊ ဗုဒ္ဓသာသနာအကျိုးအတွက် လူသားတို့ အကျိုးအတွက်ကိုသာ ဦးတည် လုပ်ကိုင်နေသော ပုဂ္ဂိုလ်သည် အထင်အရှား ရှိနေပါသေးသည်ကလား။

"ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတို့နှင့်တကွ ကမ္ဘာသူ ကမ္ဘာသား အားလုံး၊ စကြဝဠာ အနန္တသူ အနန္တသား အားလုံး၊ ကိုယ်ကျင့်တရားတွေ ကောင်းမွန်ကြကာ ကိုယ်စိတ် နှစ်ဖြာ ကြည်သာအေးမြ ရှင်လန်းကျွမ်းမာ ချမ်းသာကြပါစေကုန်သော်'

ဟိ တေ သိ—နေ လ
(၇–၁၂–၇၄)

# အမှားအမှန် ပြင်ဆင်ချက်

| ကြောင်းရေ | စာမျက်နှာ | အမှား | အမှန် |
|---|---|---|---|
| ၂၀ | ၈၂ | ကိုသိထား | ထိုသိထား |
| ၁၅ | ၂၄ | ဆရာရှိရပေမည် | ဆရာရှာရပေမည် |
| ၃ | ၂၅ | ပရိဝေဓ | ပဋိဝေဓ |
| ၁၁ | ၃၁ | ဤပုဂ္ဂိုလ်အား | ဤပုဂ္ဂိုလ်ကား |
| ၁၆ | ၃၂ | ဆဋ္ဌမမူ | ဆဋ္ဌမူ |
| ၆ | ၄၂ | ဆိုသောအဆို | ဆိုသောအခါ |
| ၈ | ၆၄ | သူမို့လို့ | တောသူမို့လို့ |
| ၁၂ | ၁၀၄ | အယောက်က | တယောက်က |
| ၁၀ | ၁၀၆ | လေးဝေါင်သံ | လေးပေါက်သံ |
| ၃ | ၁၃၃ | မိုးကုတ်ဦးဝိမသ၏ | မိုးကုတ်ဆရာတော်ဦးဝိမလ၏ |
| ၆ | ၁၃၅ | ဦးဝိစိတ္တသရ | ဦးဝိစိတ္တသာရ |
| ၁၁ | ၁၃၆ | ဤကနေ | ဤကနေ့ |
| ၇ | ၁၃၇ | ပရမတ္တဓမ္မ၏ | ပရမတ္ထဓမ္မ၏ |

| ကြောင်းရေ | စာမျက်နှာ | အမှား | အမှန် |
|---|---|---|---|
| ၈ | ၁၃၈ | ဒွတ္တိသကာယကို | ဒွတ္တိံသကာယကို |
| ၈ | ၁၃၈ | ခေတုမနုသိကာယ | ခေတုမနုသိကာယ |
| ၁၂ | ၁၃၈ | နဝသိဝထိကကယာ | နဝသိဝထိကကာယ |
| ၂၀ | ၁၃၉ | ဦးဥာဏ်ဆိသို့ | ဦးဥာဏဆိသို့ |
| ၂၁ | ၁၅၀ | ဣဋ္ဌာနရုံ | ဣဋ္ဌာရုံ |
| ၅ | ။ | အနိဋ္ဌာနရုံ | အနိဋ္ဌာရုံ |
| ။ | ။ | ဣဋ္ဌာနရုံ | ဣဋ္ဌာရုံ |
| ၁၁ | ။ | ။ | ။ |
| ၁၅ | ။ | ဣနိဋ္ဌာနရုံ | အနိဋ္ဌာရုံ |
| ၁၈ | ။ | ။ | ။ |
| ၁၉ | ။ | ဣဋ္ဌာနရုံ | ဣဋ္ဌာရုံ |
| ၁၅ | ။ | အနိဋ္ဌာနရုံ | အနိဋ္ဌာရုံ |
| ၁၆ | ။ | ဣဋ္ဌာနရုံ | ဣဋ္ဌာရုံ |
| ၁၂ | ၁၇၉ | ထိုထိုလောက် | ထိုထိုလောကီ |

| ကြောင်းရေ | စာမျက်နှာ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၁၉၄ | ဟာ-ဟူသော | ဟင်-ဟူသော |
| ၁၉ | ၂၀၁ | ယတ္တကာမ | ယတ္ထကာမ |
| ၂၀ | ။ | စိတ္တဒန္တ | စိတ္တံဒန္တ |
| ၂ | ၂၀၂ | ကျက်စားဘတ်မှု | ကျက်စားတတ်မှု |
| ၅ | ၂၀၇ | နေသသိဘပါး | နေသက်တပါး |
| ၁၃ | ၂၁၀ | ကျွန်မှုတပါး | ကျွန်ုပ်မှတပါး |
| ၃ | ၂၁၆ | တယ်ထူးစမ်းတဲ့ | တယ်ထူးဆန်းတဲ့ |
| ၁၈ | ၂၃၅ | အတ္တညော | နတ္ထညော |
| ၁၉ | ။ | ဆောန္နီခမ | တော တုမေ |
| ၁၃ | ၂၃၆ | ဝိတ္တာနုပဿနာ | စိတ္တာနုပဿနာ |
| ၁၈ | ၂၃၇ | ဒွတ္တိံသမနသိကာရံ | ဒွတ္တိံသမနသိကာရ |
| ၂၀ | ၂၄၈ | တသိုယ်လုံး | တကိုယ်လုံး |
| ၉ | ၂၆၀ | ကျွန်ခတော်လုပ်ကွက်ပေါင်း | ကျွန်သောလုပ်ကွက်ပေါင်း |
| ၂၄ ၁၄ | ၂၆၁ | ဒုက္ခခန္တိ | ဒုက္ခန္တိ |

| ကြောင်းရေ | စာမျက်နှာ | အမှား | အမှန် |
|---|---|---|---|
| ၁၅ | ။ | ကာယကံဒုက္ခ | ကာယိကံဒုက္ခံ |
| ။ | ။ | စေတသိကံဒုက္ခ | စေတသိကံဒုက္ခံ |
| ၂၂ | ။ | ဒုက္ကသစ္စာ | ဒုက္ခသစ္စာ |
| ၁၅ | ၂၆၄ | မင်းတို့ဟာ ဝေနေယျ | မင်းတို့ဟာ နေယျ |
| ၁၀ | ၂၆၅ | နာမ်ပရမတ်တွေသာ | နာမ်ပရမတ်တွေဟာ |
| ၁၈ | ၂၆၅ | သမ္မေသန်္ဒါရ | သမ္ဗေသန်္ဒါရ |
| ၂၀ | ၂၆၆ | ဥဓစ္စ | ဥဒ္ဓစ္စ |
| ၁၇ | ၂၇၂ | ဂစ္ဆန္တောဂါ | ဂစ္ဆန္တောဝါ |
| ၇ | ၂၇၃ | အရိယာပုတ် | ဣရိယာပုတ် |

ညောင်လေးပင်တောရ ကျောင်းတိုက်နာယက ဆရာတော်

**ဦးအရိယ မထေရ်မြတ်** (အဂ္ဂမဟာ ပဏ္ဍိတ)၏

# ဘာဝနာ-အရသာနှင့်

နှင့်

ပဌမ ရွှေကျင်ဆရာတော် ဘုရားကြီး

၏

# သိဿကောဝါဒ [စကားပုံများ]

**ဆက်လက် ထွက်လာပါမယ်။**

**ဝင်းမော်ဦးစာပေ** (၅၀၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့။

မထွက်ဘူးသေး - မပေါ်ဘူးသေးတဲ့

ဒဂုန်–ဦးစန်းငွေရဲ့

# လယ်တီ ဒီပနီများသမိုင်း

နှင့်

# လယ်တီဒီပနီအဘိဓာန်ပေါင်းချုပ်

ခန့်ခန့် ညားညား ထွက်လာပါတော့မယ်

ဝင်းမော်ဦးစ … န်မြို့။

294.364/4-8
A1MMGB010628

# ဝိပဿနာ
# ရှုပုံတော်

ဟိတေသီဆရာလ

ဝင်းမော်ဦးစာပေ၊ရန်ကုန်မြို့

ဝင်းမော်ဦး
စာပေဖြန့်ချိရေး
အမှတ်(၁၀၁)ကုန်သည်လမ်း ရန်ကုန်မြို့